ဘာဝနာနည်းပြ, အရှင်ဦးပဏ္ဍာဝ, မထေရ်မြတ်၏

ကမ္မဋ္ဌာနန္တေဝါသိက

အရှင် 'ဦးဣန္ဒာသဘ' သည်

ရေးသားပြုပြင် စီစဉ်အပ်သော

ဘာဝနာနယပကာသနီ

ခေါ်

# ဘာဝနာနည်းပြကျမ်း။


ပါဠိဆရာ-ဆရာဉာဏ်၊ ပဋ္ဌမကျော်-ဦးကြီးဖေ၊ ဦးတင်ဦး တို့
ကြပ်မ ကြည့်ရှု ပြင်ဆင်ကြပါသည်။

ပဋ္ဌမအကြိမ်, စာအုပ်ရေ (၃၀၀၀) ရိုက်နှိပ်သည်။

*(All Rights Reserved)*

ရန်ကုန်မြို့။ သုဓမ္မဝတီစာပုံနှိပ်တိုက်။


၂၄၈၂။ ၁၉၃၈-ခု။ ၁၃၀၀။



ကျေးဇူးတော်ရှင်,

ဘဒ္ဒန္တနန္ဒညီးပြ, ဆရာတော် (ဦးပညာဝ) ၏ ထေရ်ဖြဲဘ်အဲပုံတော်။

၁၂၅၈-ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၈) ရက် ကြာသပတေး နေ့၊ ဘွား၊ဖြင်တော်မူသည်။



ဘာဝနာနည်းပြ - ကျမ်းပြု ဆရာရှင် ( ဦးဇနကာဘိဝံသ ) ၏ ပုံတော်။

၁၂၆၂-ခုနှစ်၊ ပြာသိုလဆန်း ( ၁၁ ) ရက် တနင်္ဂနွေနေ့၊ ဖွားမြင်သည်။

၁၂၈၁-ခု နှောင်းတန်ခူးလပြည့် သောကြာနေ့ ပဉ္စင်းဖြစ်သည်။

# အထူးဝမ်းမြောက်ဘွယ်။

ဤဘာဝနာနည်းပြကျမ်း၌လာသောကမ္မဋ္ဌာန်းနည်းတို့မှာ ပါဠိ အဋ္ဌကထာ ဋီကာနှင့် ညီညွတ်သည့်ပြင်၊ ပရိယတ် ပဋိပတ်အရာ လိမ္မာတော်မူလှ၍ ကိုယ်တိုင် အားထုတ် ပွါးများလျက် ရှိသော အရဟန္တဝိပဿက ဖြစ်တော်မူကြသော ဆရာတော်ကြီးများထံမှ လက်ဆင့်ရအပ်သော ကမ္မဋ္ဌာန်းစစ်,ကမ္မဋ္ဌာန်းမှန် နည်းလမ်းမှန်များ ဖြစ်ပါသည်။

၎င်းစာအုပ်၌ ရေးသားသည့်အတိုင်း ပွါးများ အားထုတ်ပါလျှင် မုချအကျိုးရှိပါလိမ့်မည်။ အကယ်၍ အလုပ်စခန်းတွင် သဘောမကျ၍ စမ်းတဝါးဝါးဖြစ်နေသူတို့အား ကျမ်းပြု ဆရာတော်သည် ကိုယ်တိုင် လာ၍သော်၎င်း စာဖြင့် လျှောက်ထားသော်၎င်း အသေအချာ ဖြေကြား၍ လက်ထပ်သင်ပြပါလိမ့်မည်ဖြစ်ပါသည်။

၎င်းဘာဝနာနည်းပြကျမ်းကိုကျမ်းပြုဆရာတော်၏(ခွင့် ပြုချက်အမိန့်အရ) မိမိ၏ ကိုယ်ကျိုးကိုမငဲ့ဘဲ ကမ္မဋ္ဌာန်းကို ပွါးများလိုသူတို့အတွက် သာသနာတော်ကြီးကို အမှီပြု ကိုးကွယ်ကျိုးနပ်ကြရန် ရည်သန်၍ စရိတ်ကုန် လူပန်း ခံကာ ရိုက်နှိပ်ဝေငှခြင်းဖြစ်ပါသည်။ ။ဤကျမ်းကို နောက်ထပ် ရိုက်နှိပ် ပူဇော်လိုသူ ဒါယကာ, ဒါယိကာမ များလည်း အောက်ပါ ဌာနသို့ အကြောင်းကြားတော်မူပါ။

ကြည့်ရှုပွါးများ၍ ပဋိဝေဓတရားကို ခံစားလိုသူ ပူဇော် လိုသူတို့ အောက်ပါ ဌာနသို့ အကြောင်းကြားပါရန် အသိ ရင်ခံပါသည်။

တဘုဝ် ၂ - ၁။


MG AUNG THU,
MESSRS. THE BOMBAY BURMAH TRADING CORPORATION LTD.
104, STRAND ROAD,
RANGOON.

ဘာဝနာနည်းပြကျမ်းနှင့် ကျမ်းပြုဆရာတော်အတွက်
ပါဠိဆရာကြီး–ဆရာဉာဏ်၏

# ပဏ္ဏနာ ဂါထာများ။

(၁) ရုန္နသက္ကာဘိခါနေန၊ ထေရေန ထိရဗုဒ္ဓိနာ။
ယွာယံ ဝိရစိတော ဂန္ထော၊ ဘာဝနာနယ ဒီပကော။ ။

(၂) ကမ္မဋ္ဌာနာနုယောဂီနံ၊ ကမ္မဋ္ဌာနဿ ဒီပကာ။
ဧဒိသာ ဒုလ္လဘာ တသ္မာ၊ ကရောန္တု ဧတ္ထ အာဒရံ။ ။

(၃) ပါဠိအဋ္ဌကထာဒီကာ၊ နယေဟိ ဝိမလေဟိ စ။
အာစေရမုဋ္ဌိ အာဒီဟိ၊ သမ္ဘူသော သမလင်္ကတံ။ ။

(၄) ဂန္ထံ တံ သာရသမ္ပုဏ္ဏံ၊ သမောလောကိယ ယောဂိနော။ ။
ဘာဝနံ ဘာဝယိတွာန၊ ဖုသန္တု အမတံ ပဒံ။ ။

(၅) ရုန္နသက္ကာဘိခါနော သော၊ ထေရော စ ဂန္ထကာရကော။
သာသနံ ဇောတယန္တော၀၊ စိရံ ကာလံ ဝိရောစတု။ ။

(၁) ရုန္နသက္ကာဘိခါနေန၊ ရုန္နသက္ကာ၊ နာမခတ်နှိပ်၊ ဘွဲ့တံဆိပ်ရှိထသော၊ ထိရဗုဒ္ဓိနာ၊ မြဲမြံတည်တံ့၊ ခိုင်ခံ့သော ဉာဏ်ပညာ ရှိထသော။ ထေရေန၊ မထေရ်မြတ်သည်။ ဘာဝနာနယ ဒီပကော၊ ဘာဝနာ နည်းနာ၊ အပြာပြာကို၊ သေချာစွာ ဖော်ပြတတ်သော၊ ယွာယံဂန္ထော၊ အကြင် ဘာဝနာနည်းပြ၊ ကျမ်းဂန်လှကို။ ဝိရစိတော၊ ရေးသားပြုပြင်၊ နည်းသစ် ထွင်၍၊ စီရင်တော်မူအပ်ပြီ။ ။

(၂) ကမ္မဋ္ဌာနာ နုယောဂီနံ၊ ကမ္မဋ္ဌာန်းဘာဝနာကို၊ လေ့လာကြကုန်သော၊ ယောဂီပုဂ္ဂိုလ်တို့အား။ ကမ္မဋ္ဌာနဿ၊ နိဗ္ဗာန်တက်လမ်း၊ ကမ္မဋ္ဌာန်းကို၊ ဒီပကာ၊ ကျကျ နန၊ ဖော်ပြတတ်သော။ ဧဒိသာ၊ ဤသို့သဘောရှိသောကျမ်းဂန်တို့ကို၊ ယသ္မာ၊ အကြင့်ကြောင့်၊ ဒုလ္လဘာ၊ အလွန်တရာ ရခဲဖွယ်ပါကုန်၏၊ တသ္မာ၊ ထို့ကြောင့်၊ ဧတ္ထ၊ ဤဘာဝနာနည်းပြ၊ အမည်ရသောကျမ်း၌၊ အာဒရံ၊ အမြဲမပြတ်၊ လေးမြတ် ရိုသေခြင်းကို၊ သာဓဝေါ၊ သူတော်ကောင်းတို့သည်၊ ကရောန္တု၊ ချမသွေ၊ ပြုကြပါစေကုန်သတည်း။ ။

(၃-၄) ဝိမလေဟိ၊ညစ်ကြေးမတင်၊ဖြူစင်လှစွာကုန်သော၊ပါဠိအဋ္ဌကထာဋီကာနယေဟိစ၊ ပါဠိအဋ္ဌကထာ ဋီကာ၊ နည်း အဖြာဖြာတို့ဖြင့်ငင်း၊ အာစရိယမုဋ္ဌိအာဒိဟိစ၊ ဆရာအများ၊ လက်ကိုင်ထားသည့်၊မှတ်သားတည်မှီ၊နည်းစသည့်တို့ဖြင့်ငင်း။ သဗ္ဗသော၊အချင်းခပ်သိမ်း။ သမလက်တံ၊ကောင်းစွာ တန်ဆာ ဆင်ယင်အပ်သော။ သာရသမ္ဘူတံ၊အနှစ်သာရ၊အဝဝ တို့ဖြင့်၊ အတိပြည့်ထသော။ တံဂန္ထံ၊ ထိုဘာဝနာနည်းပြကျမ်းကို။ ယောဂိနော၊ယောဂီပုဂ္ဂိုလ်၊ များထိုထို တို့သည်။ သမောလောကိယ–သမောလောကေတွာ၊ကောင်းစွာသိမှု၊သတိပြုကာ၊ကြည့်ရှုကြပါကုန်၍။ဘာဝနံ၊သမထ,ဝိပဿ၊ ၂-ရပ် ၂-ဖုံ၊အစုံအစုံသောဘာဝနာကို။ ဘာဝယိတွာန၊ပွါးများကြကုန်ပြီးလျှင်၊ အမတံ၊မအို,မနာ၊မသေရာ ဖြစ်သော။ ပဒံ၊ဘုရား ရဟန္တာ၊ အရိယာတို့၊စံရာအမှန်၊ပြည်နိဗ္ဗာန်သို့။ဖုသန္တု၊အမှန်ထုတ်ချောက်၊ရောက်ကြပါစေကုန်သတည်း။ ။

(၅) ဂန္ထကာရကော၊ ဘာဝနာ နည်းပြ ကျမ်းကို ရေးသား ပြုရတော်မူသော။ ဣန္ဒသဏ္ဍာဘိဓာနော၊ အရှင်ဣန္ဒာသဏ္ဍ၊ဘွဲ့မည်ရသော။ သောထေရောစ၊ ထိုမထေရ်မြတ် သည်လည်း။ သာသနံ၊ ဘုရားမြတ်စွာ၊သာသနာတော်ကြီးကို။ ဇောတယန္တော၊တကမ္ဘာလုံးချဉ်းအောင်ထွန်းလင်း တောက်ပြောင်စေတော်မူလျှက်သာလျှင်။ ဝိရံကာလံ၊ အနှစ်ရာကျော်မက၊ကာလပတ်လုံး။ ဝိရာဇတု၊ တင့်တင့်တယ်တယ်၊ စမွှယ်တော်မူပါစေသတည်း။ ။

(၁) ကျမ်းမာ,ချမ်းသာကြပါစေ။ ။

(၂) သာသနာရေးတွေကိုအားပေးနိုင်ကြပါစေ။ ။

(၃) နည်းမှန်ရကာရှုပွါးနိုင်ကြပါစေ။ ။

## ဘာဝနာနည်းပြကျမ်းကို ချီးကျူးအပ်သော။

# ထောမနာအနုဂီတိများ ။

ချီးကျူးသူ-ပါဠိဆရာ-ပဌမကျော် ဦးကြီးဖေ။

(၁) ထေရေန ဉာဏသဏ္ဍေန၊ ဘာဝနာနယ ဒသိနာ။
ကတာ ဝိဝဋ္ဋသန္ဓာယိ၊ ဘာဝနာနယဒီပနီ။ ။

(၂) ဂဏှိယေတာယ သာရုနံ၊ သေဝိတံ ဘာဝနာနယံ။
အတန္ဒိကာ ဝိပဿန္တု၊ သိဝံ ဂမေန္တု သာဓဝေါ။ ။

(၃) ဝဍ္ဎတု ယောဂိနော သဒ္ဓေ၊ ဝဍ္ဎန္တု ဂန္ထကာရကာ။ ။
ဝဍ္ဎတု ဂန္ထသာရောယံ၊ ဝဍ္ဎတု ဇိနသာသနံ။ ။

(၁) ဘာဝနာနယဒသိနာ၊ ဘာဝနာနည်းရ၊ လက်ထပ်ကျအောင်၊ ဟောဒေပ်ပြသတတ်သော။ ဉာဏသဏ္ဍေန၊ အရှင်ဉာဏသဏ္ဍ၊ အမည်တော်ရသော။ ထေရေန၊ သီလ,သမာ၊ ပညာကြွခိုင်၊ ကျောက်စာတိုင်သို့၊ မယိုင်မတ်မတ်၊ မထေရ်မြတ်သည်။ ဝိဝဋ္ဋသန္ဓာယိ၊ အမြစ်မကြွင်း၊ ဝင်္ကင်းရာမှန်၊ မြိုက်နိဗ္ဗာန်ကို။ ဧကန် ရောက်ရေး၊ ကောင်းစွာ ပေးတတ်သော။ ဘာဝနာနယဒီပနီ၊ ရှုပုံ,ပွါးပုံ၊ အလုံးစုံကို၊ ကုန်းခြိုကာပြတတ်သည့်၊ ဘာဝနာနည်းပြ၊ အမည်ရသောကျမ်းကို။ ကတာ၊ အတွေ့ကြုံသန၊ ပရဝန္တန၊ စသည်မနှော၊ သဘောပြုစင်၊ စီရင် ရေးသားအပ်ပေပြီ။ ။

(၂) တာယ-ဘာဝနာနယ ဒီပနိယာ၊ ထိုဘာဝနာ နည်းပြကျမ်း၌။ အာဂတံ၊ လာရှိသော။ သာရုနံ၊ ဝင့်မြစ်ပြတ်ရန်၊ ရည်သန်ဆုတောင်း၊ သူတော်ကောင်းတို့သည်။ သေဝိတံ၊ အမြဲမပြတ်၊ မှီဝဲအပ်သော။ ဘာဝနာနယံ၊ တိတ်, မန်, မဆွံ့။ များဗိုလ်ပုံတို့၊ လုံးစုံနားလည်၊ ထားတည်သိဝ်သည်း၊ ဘာဝနာ ရှုပွါးနည်းကို။ ဂဏှိယ၊ ကြည့်ရှုမှာယူကြ၍။ အတန္ဒိကာ၊ မိန္ဒာဝိဘက်၊ မဘက်လွတ်ကင်း၊ ကိုယ်ဖြင့်ရင်းချက်၊ မ

ပျင်းကြကုန်သော သူတို့သည်။ ဥပဿန္တု၊ မနေမနား၊ မီးပွတ်သော ယောက်ျားကဲ့သို့။ အထူးသဖြင့်ပွါးများကြစေကုန်သတည်း။ သာဓဝေါ၊ ပွါးများရှုမြင်၊ သူတော်စင်တို့သည်။ သိဝံ၊ချမ်းမြေ့ရာမှန်၊ ပြည်နိဗ္ဗာန်သို့။ ဂမေန္တု၊ပစ္စက္ခသိဒ္ဓိဖြင့်။ မြင်သိပိုင်ပိုင်၊ ရောက်နိုင်ရနိုင်ကြပါစေကုန်သတည်း။ ။

(၃) သဗ္ဗေ၊ခပ်သိမ်းကုန်သော။ယောဂီနော၊ ပညာရင့်ချွန်၊ ယောဂီမွန်တို့သည်။ဝဍ္ဎန္တု၊တနေ့ထက်ခြား၊ ဒီရေလားသို့၊ တိုးပွါးကြပါစေကုန်သတည်း။ ဂန္ထကာရကာ၊ ဘာဝနာနည်းပြကျမ်းကို၊ ကြိုးပန်းတည်ထွင်၊စီရင်ပေတတ်၊ မထေရ်မြတ်တို့သည်။ ဝဍ္ဎန္တု၊သီလ,သမာ၊ ပညာအားအင်၊ စောင့်, တည်, မြင်လျက်၊ စည်ပင် တိုးပွါးကြ ပါစေကုန်သတည်း။ အယံဂန္ထ သာရော၊နှစ်ဆီမြတ်မွန်၊ပညာဝန်တို့၊ အလွန်ချီးမွမ်း၊ ဤဘာဝနာ နည်းပြကျမ်းသည်။ ဝဍ္ဎတု၊ ယောဂီတိုင်းသုံး၊ သာသနာဆုံးအောင်၊ လုပ်ထုံးခိုင်ခံ့လျက်၊ ပျံ့နှံ့တိုးပွါးပါစေသတည်း။ ဇိနသာသနံ၊ ဘုရားမြတ်စွာ၊ သာသနာသည်။ ဝဍ္ဎတု၊ ပဋိဝေဓ၊ ရသစားသုံး၊ ငါးထောင်ဆုံးအောင်၊ တိုက်လုံးကျော်ကြား၊ ငွန့်ရှည်လျားကာ၊ တိုးပွါးတည်တန့်ပါစေသတည်း။ ။

(၁) သာသနာနေဝန်း-ထွန်းလင်းပါစေ။ ။

(၂) မေတ္တာရွှေမိုး-ရွာဖြိုးကြပါစေ။ ။

(၃) မမေ့မလျော့-မပေါ့မဆ-သတိရှိကြပါစေ။ ။

### ဘာဝနာနည်းပြကျမ်းကို။

## ဆုတောင်းပတ္ထနာ၊ဂါထာများ။

ပတ္ထနာပြုသူ-ပါဠိဆရာ-ဦးတင်ဦး။

(၁) ဇုန္နသက္ကသမညာတော၊သွာယံ ထေရော ဂုဏာကရော။
ဂန္ထံ ယံ ရစယိ သမ္မာ၊ဘာဝနာနယဒီပနိံ။ ။

(၂) ဒီပယန္တောဝ ယောဂိနံ၊ဂန္ထော သော ဘာဝနာနယံ။
စိရံ ပဝတ္တတု လောကေ၊သော မေ အဘိပတ္ထနာ။ ။

(၁) ဂုဏာကရော၊ သီလ,သမာ၊ အစဖြာသည့်၊ များစွာ ဂုဏ်အောင်း၊ကျေးဇူးအပေါင်းနှင့်ပြည့်ဖုံတော်မူထသော။ ဇုန္နသက္ကသမညာတော၊ အရှင်ဇုန္နာသက္က ဘွဲ့မည်သ၍၊ ခေါ်ကြသောင်းသောင်း၊အမည်ကောင်း ရှိတော်မူထသော။ သွာယံထေရော၊ သာကီနွယ်ဖွားတော်၊ ထိုမထေရ်မြတ်သည်။ ဘာဝနာနယဒီပနိံ၊ သမထ-ဝိပဿနာ၊ ဘာဝနာကို၊ သေချာကျန၊ နည်းမှန်ရအောင်၊ ဉာဏ်ထုတ် ဆောင်ကာ၊ ဖော်ပြရှာသော။ ယံဂန္ထံ၊ အကြင် ဘာဝနာ နည်းပြ၊ ကျမ်းပဋ္ဌမကို။ သမ္မာ၊မဆုတ်မဆိုင်း၊ဟုတ်တိုင်းမှန်စွာ။ ရစယိ၊ ရေးသားပြုပြင်၊ စီရင်တော်မူအပ်လေပြီ။ ။

(၂) သောဂန္ထော၊ ထိုဘာဝနာနည်းပြ၊ကျမ်းပဋ္ဌမသည်။ ယောဂိနံ၊ ဝီရိယချွန်၊ယောဂီမွန်တို့အား။ ဘာဝနာနယံ၊လုံးလကြိုးကုတ်၊အားထုတ်သင့်ရာ၊ဘာဝနာမှီး၊အဖြာဖြာသောနည်းကို။ ဒီပယန္တောဝ၊ မပိုမယုတ်၊ အတိုချုပ်၍၊ ဟုတ်တိုင်းမှန်စွာ၊ ပြလျက် သာလျှင်။ လောကေ၊ ကမ္ဘာလောကဓာတ်၊ အရပ်ရပ်၌။ စိရံ၊ ငါးထောင်သာသနာ၊ မြင့်ရှည်ကြာအောင်။ ပဝတ္တတု၊ မယိမ်းမယိုင်၊ ကျောက်စာတိုင်ကဲ့သို့၊ ခိုင်ခိုင်မတ်မတ်၊ဖြစ်တည်လတ်ပါစေသတည်း။ သော၊ဤသည်ကား။ မေ၊အကျွန်ုပ်၏၊အဘိပတ္ထနာ၊ဆုတောင်းပန်ထွာ၊ပတ္ထနာပြုလိုက်ခြင်းပေတည်း။ ။

နောက်ယပ်ယုတ်စေမည့်စာအုပ်များ။

## (အသူးတောင်းပန်ချက်)

ထိုထိုမြို့များက ပေးတော်မူကြသော ကဝိပညာရှိအပေါင်းသူတော်ကောင်းတို့၏ အသီးသီးသော ထောက်ခံချက်-တောင်းပန်ချက် များကို ဤကျမ်း၌ ပြည့်နှက် များပြားနေပါ၍ ဝမ်းနည်းစွာဖြင့်ချန်လှပ်ထားရပါကြောင်းကို အသူးပင် တောင်းပန်ရပါတော့သည်။ ။

ဘာဝနာနည်းပြ အစျှင်ရှုနည်းသတ္တကျမ်းပြုဆရာ။

---

နောက်ယပ်ယုတ်စေမည့်စာအုပ်များ။

ဤဘာဝနာနည်းပြ ကျမ်းကြီးကို ရေးသားပြုပြင် စီရင် အပ်သော အစျှင်ရှုနည်းသတ္တ မထေရ်သည်ပင် ရေးသားအပ်ပြီးသော

(၁) ယမိုက်အဆီ-ကျမ်း။
(၂) ပဌာန်းအဆီ-ကျမ်း။
(၃) ဓမ္မသင်္ဂဏီအဆီ-ကျမ်း။
(၄) ဝိဘင်းအဆီ-ကျမ်း။
(၅) ဓာတုကထာအဆီ-ကျမ်း။
(၆) ပုဂ္ဂလပညတ်အဆီ-ကျမ်း။
(၇) ကထာဝတ္ထုအဆီ-ကျမ်း။
(၈) ဘာဝနာသံခိပ်-ကျမ်း အစရှိသော ကျမ်းပေါင်း များစွာတို့ကို ဆက်ကာဆက်ကာ ပုံနှိပ် သွားမည် ဖြစ်ပါ၍ ဓမ္မဒါန မဟာကုသိုလ်တော်မြတ်ကြီးကို ပြုလုပ်လှူဒါန်းတော်မူကြသော ပုဂ္ဂိုလ်များမှာ။ ဈေးမများသောနှုန်းထားဖြင့်ကုသိုလ်ပါဝင်နိုင်ပါသည်သူတော်ကောင်းအပေါင်းတို့။ ။

မောင်အောင်သူ။
အကျိုးတော်ဆောင်။

# နိဒါန်း။

(၁) အာစရိယာနံ့ အဟံ ဝန္ဒာမိ သဗ္ဗဒါ။ ။

(၁) (အာစရိယာနံ)ပရိယတ်ကျမ်းဂန်ကို၊လမ်းမှန်စွာ သင်ပြဆုံးမ ဩဝါဒ ပေးတော်မူတတ်သော၊ ကျေးဇူးတော်ရှင်၊ မင်းဘူးမြို့ချမ်းသာကြီး-ဆရာတော် အရှင်ဦးပညာဇောတ မဟာထေရ်မြတ်ကြီးနှင့်။ပဋိပတ်အကျင့်ဉာဏ်ကို၊ လမ်းမှန်ကျနစွာ၊ သင်ပြဆုံးမ၊ဩဝါဒပေးတော်မူတတ်သော၊ ကျေးဇူးတော်ရှင်၊ မြင်းခြံမြို့၊ ဘာဝနာနည်းပြ၊ အရှင်ဦးပဏ္ဍိစ မဟာထေရ်မြတ်တို့ကို။(ဝါ)တလုံးတပါဒမျှ၊သင်ပြပေးတတ်၊ ဆရာတော်အရှင်မြတ်တို့ကို။ (အဟံ)ရှုနည်းသင်ကြားနာမတင်ချိ၊ငါမထေရ်သည်၊ (သဗ္ဗဒါ) နေ့ရောညပါ၊ ဘယ်ခါမပြတ်၊ အထပ်ထပ် သာလျှင်၊ (ဝန္ဒာမိ) ကာယ,ဝစီ၊မနောမှီ၍၊ သုံးမည်ဒွါရ၊ပဏာမဖြင့်၊ဂါရဝညွတ်နူး၊ အထူးကြည်သာ၊ မှီရာအားကိုး၊ တုပ်ဝပ်လျှိုးလျှက်၊ အလွန်ရိုသေစွာ ရှိခိုးကန်တော့လိုက်ရပါသတည်း။ ။

(ရှိခိုးပါရ၊မြတ်ပုည၊ဒုက္ခကင်းရလို)။

(၂) ဤ ဘာဝနာနယ ပကာသနီ ခေါ် ဘာဝနာနည်းပြကျမ်း ကိုကြိုးပန်းတည်ထွင် ရေးပြုစီစဉ်ရခြင်း၏ အကြောင်းရင်းအကျဉ်းချုပ်သော်ကား။ ။မုံရွာဒိစတြိတ် ကန်နီမြို့ ရွှေကျောင်း ဆရာတော်ဘုရားကြီး ထံမှရင်း၊ ညောင်လွန့်တောရ ဆရာတော်ဘုရားကြီး ထံမှရင်း၊ သထုံ မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ တပည့် လယ်ဝေးမြို့ ယောဂီကျင့်တတ် ဘုန်းတော်ကြီး ဦးမေဓာဝီ အရှင်မြတ်ထံမှရင်းကောင်းစွာဖွာဖွာ ရရှိတော်မူပေသည့် မိမိ၏ ကျေးဇူးတော်ရင် ဘာဝနာ နည်းပြ အရှင် ဦးပဏ္ဍိစ မဟာထေရုတ္တမ၏ ထံတော်ပါး၌ သင်ပွါးနာမှတ် ဟဏ္ဍမှ လက်ဆုပ်မိမိ ရရှိအပ်သော ဘာဝနာ နည်းများအတိုင်းကို မြိတ်မြို့, တောင်ကြီးမြို့, မိုးကုပ်မြို့ အစရှိသော တပည့် ဒါယကာ,ဒါယိကာမအပေါင်း သူတော်ကောင်း ပညာရှိများကို အစထား၍

ဆိုင်ရာ ပုဂ္ဂိုလ်များက ရေးသားပုံနှိပ်ရန် အဖန်ဖန်အထပ်ထပ် တောင်းပန်အပ် သောကြောင့် ထိုပဟောပြစဉ် တရားများကို အကျဉ်းချုပ်အားဖြင့် ရှင်းလင်း ထင်ရှားစွာ အထူးရေးသားရပါသည်။ ။

(၃) ဤသို့ တောင်းပန်သူများနှင့် မဟာဓမ္မဒါန ကုသိုလ်ရှင် များကြောင့် ရေးသားရာတွင် ဆောင်ရွက် အားထုတ် ပြုလုပ်ကြီးကြပ်သူ တိုက်ရှင်များနှင့်လည်း အကြောင်းညီညွတ်မှုများ ရှိပါမှသာ ဤကျမ်းကိစ္စကြီးမှာ ပြီးစီးအောင်မြင်နိုင်ရကား မိုးကုတ်မြို့အကျိုးတော်ဆောင် ကျောက်ကုန်သည်ကြီး ဘုရားတကာ **ဦးချိုင်**, တောင်ကြီးမြို့ အကျိုးတော်ဆောင် မင်းကြီးရုံးစာရေးကြီး **ဦးထွန်းသျှ**,မြိတ်မြို့ အကျိုးတော်ဆောင်ပညာအုပ် ကျောင်းဆရာကြီးပင်ရှင်အငြိမ်းစားဆရာ**ဦးခံလှိုင်**, ဘုရားအမကြီး **ဒေါ် စိန်မြူး**, ရန်ကုန်မြို့အကျိုးတော်ဆောင်ချုပ်ဘုံဘောဘားမား သစ်ကုမ္ပဏီ ရုံးစာရေးကြီး **မောင်အောင်သူ**, ပုံနှိပ်တိုက်ရှင်သူဌေး **ဦးဘာဘာ**, စာရေးကြီး **ဦးပန်းမောင်** ပါဠိဆရာ-**ဆရာဉာဏ်**, ပါဠိဆရာ ပဉ္စမကျော်-**ဦးကြီးဖေ**, ပါဠိဆရာ **ဦးတင်ဦး** အစရှိသော ပုဂ္ဂလဝိသေသတို့ကြောင့်လည်း ပြီးစီးအောင်မြင်ရပါသည်။ ။

## အထူးမေတ္တာသတိပြုကြဘို့ရာ။

(က) ဤကျမ်း၌ ရေးသားပြဆိုထားသော ဘာဝနာနည်းများ အတိုင်း မထင်မမြင် သဘော မကျကြပါသေးလျှင် မဆိုင်းမတွ အချိန်ကာလမရွေးကြဘဲ ဘာဝနာနည်းပြ **အရှင်ဦးပဏ္ဍိတ** မထေရ်မြတ် ထံသို့ဂင်း ဤကျမ်းပြုဆရာ **အရှင်ရာမညသဏ္ဍ**၏ ထံသို့ဂင်း လျှောက်ထားမေးမြန်း ရုံစမ်း နိုင်ပါသည်။ ။ကိုယ်တိုင် လာရောက်၍ မေးကြကအားထုတ်နည်း ကိုယ်ပိုင်ဉာဏ်ရအောင် ပြောပြဘို့ရာ တာဝန် ခံပါသည်။ ။

(ခ) ထိုမှတပါးအပို,အလိုများကို တွေ့ရှိခဲ့သော်ဂင်း လွဲမှားခဲ့သော်ဂင်း အကြောင်းကြားပါက အထူးကျေးဇူးတင်ကာ ကြည်နူး ဝမ်းသာစွာဖြင့် စွမ်းနိုင်သမျှသင့်သလိုပြင်ဆင်ဖြေကြားပါမည်။ ။

(ဂ) သို့ရာတွင် သက်သက် ဆိုလို အပေါက်ရှာကာ အပြစ်တင် ကဲ့ရဲ့ရှုံ့ချဒေါမာန်ပွသူများအတွက်ကား တာဝန်မခံနိုင်ပါ။ ။

| | | |
|---|---|---|
| ဦးဇာနန္ဒာသတ္တ | ပဌမကျော် | ၁၃၀၀-ပြည့်နှစ် |
| ဘာဝနာနည်းပြ | ဓမ္မကထိက | ပါဆိုလ။ |
| နယ်လှည့် | ဂန္ထကာရက | |

### ကျမ်းပြုဆရာ၏ အနုသာသနီ။

(၁) န ဝိနာ ပရဝါဒေန၊ ရမန္တိ ဒုဇ္ဇနာ ခလု။
န သာ သဗ္ဗရသေ ဘုတွာ၊ဝိနာ မဇ္ဈေန တုဿတိ။ ။

(၂) ပဏ္ဍိတာနံ မလံ မာနော၊သောတ္တုကာမ်သေန ပါကဋော။
မာ ခေါ် အတ္တာနမုက္ကံသေ၊ မာဝိဘာဝေ သကံ မလံ။ ။

(၃) သမ္မာဒေထပ္ပမာဒေန၊ နိဗ္ဗိဋ္ဌာဘာဝနာနယံ။
နိဗ္ဗာနိဿိတယောဂိပိ၊ဧသာ မေ အနုသာသနီ။ ။

(၁) သာ၊ခွေးသည်။ သဗ္ဗရသေ၊ကောင်းစွာပြုထား၊အလုံးစုံသော အရသာများတို့ကို။ ဘုတွာ၊ စားသောက်ပြီး၍။ ဝါ၊ စားသောက်ရပါ သော်သည်း။ မဇ္ဈေန၊ မစင်ဘင်ပုပ်နှင့်။ ဝိနာ၊ကြဉ်ကင်း၍။ နတုဿတိ၊ မနှစ်သက်နိုင်ပေ။ဒုဇ္ဇနာ၊လူရိုက်, လူကာန်း လူသရမ်းတို့သည်။ ပရဝါ ဒေန၊သူတပါးတို့အား၊ထိပါးပြစ်ချ၊ စွပ်စွဲကဲ့ရဲ့ခြင်းနှင့်။ ဝိနာ၊ ကြဉ်ကင်း ၍၊နရမန္တိ၊မမွေ့မလျော်၊မပျော်နိုင်ကြပေကုန်။ ။

(သတ္တဝါများ၊ ပါးစပ်ဒါး၊ ထက်ငြားပါယ်လေးဖြာ)။

(၂) ပဏ္ဍိတာနံ၊ ပညာရှိ ကဝိပုဂ္ဂိုလ် များထိုထိုတို့၏၊မလံ၊ ပညာ ရှိသကျဘာ ပျက်ကွာနှောင့်နှေး အညစ်အကြေးသည်ကား၊ မာနော၊ ငါသိ,ငါတတ် ငါအမြတ်ဆုံး အချွန်ဆုံးဟု ကြုံးဝါး အားသွန် အများရှုံ့ လောက်အောင် မာန်တံခွန် ထောင်လွှားလျက် မောက်ကြွားမှုကြီးသာ တည်း၊ သောမာနော၊ ထိုသို့ထောင်လွှား မာန်မာန တရားဆိုးကြီး သည်၊ အတ္တုက္ကံသေန၊ မိမိကိုယ်ကို အသိဆုံး, အဘတ်ဆုံး,အချွန်ဆုံး

ဟု ထိပ်ဆုံးကထားလျက် သုတပါးတို့အား အောက်တန်းစားတွင် ချထားမှုဖြင့်။ ပါကဋော၊ ဆင်သေကို သားရေဖုံးလို့မရသလို ပေါ်လွင်ထင်ရှားလေတော့၏။ တသ္မာ၊ ထို့ကြောင့်။ ပဏ္ဍိတော၊ တိုင်းသိပြည်ကျော် ပညာရှိကဝိအခေါ်ခံလိုသော သုခမိန်ဟူသမျှသည်။ အတ္တာနံ၊မိမိကိုယ်ကို။ မာခေါ ဥက္ကံသေ၊ သုတပါးတို့၏ထိပ်ပေါ်မှာ ခြေရုံနင်းလျက် စကားအရာဖြင့်သာ ကြွားဝါပင့်မြှောက်ခြင်းကို မပြုကြပေရာ။ သကံမလံ၊ မိမိ၏ မစင်ဘင် ပုပ်သဖွယ်ဖြစ်သော အညစ်အကြေး မာန်မာနထုတ်ကြီးတွေကို။ မာဝိဘာဝေ၊ လူသိနတ်ကြား ပေါ်လွင်သွားအောင် ထင်ရှား ထုတ်ဖော်ကာ မပြလိုက်ပါလေနှင့်။ ဝါ၊ ပေါ်လွင် ထင်ရှားအောင် မပြောကြားသင့်ပေရာသတည်း။ ။

(၃) နိဗ္ဗာနိဿုတယောဂိပိ၊ နိဗ္ဗာန်လိုလား ယောဂီများလည်း ဖြစ်ကုန်သော။ တုမှေ၊သင်တို့သည်။ နိဗ္ဗုဒ္ဓဘာဝနာနယံ၊ ညွှန်ပြထား သော ဘာဝနာပွါးနည်းများကို။ အပ္ပမာဒေန၊မမေ့မလျော့သော သတိတရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံ ကြပါကုန်လော့။ ဧသော၊ ဤသည်ကား။ မေ၊ ကျမ်းပြုဆရာ မထေရ်ငါ၏။ အနုသာသနီ၊ သွန်သင်နည်းပြ အဆုံးအမ ပေတည်း။ ။

# မာတိကာ။


| အကြောင်းအရာ | မျက်နှာနံပါတ်။ |
|---|---|
| ပညာရှိများထောက်ခံချက်။ .... .... .... | (ဂ) |
| နိဒါန်း .... .... .... | (ဈ) |
| ကျမ်းပြုဆရာ၏အနုသာသနီ .... .... .... | (ဍ) |
| ပဏ္ဏာမစသည်ကိုပြဆိုခဏ်း .... .... .... | ၁ |
| သဗ္ဗတ္ထကကမ္မဋ္ဌာန်းကိုပြခဏ်း .... .... .... | ၁၄ |
| အာနာပါနဿတိကမ္မဋ္ဌာန်းစီးဖြန်းခဏ်း .... .... | ၂၅ |
| သဒ္ဒါရုံအဖြစ်သက်သက်ပြခဏ်း .... .... .... | ၂၉ |
| သဒ္ဒဓာတ်ပရမတ်ပညတ်ခွဲပြခဏ်း .... .... .... | ၃၅ |
| သဒ္ဒါရုံဆောင်ပုဒ်အကျဉ်းချုပ်ကဗျာ .... .... | ၄၇ |
| ဂန္ဓာရုံအဖြစ်သက်သက်ပြခဏ်း .... .... ... | ၄၈ |
| ဂန္ဓဓာတ်ပရမတ်ပညတ်ခွဲမှတ်ခဏ်း .... .... | ၅၁ |
| ဂန္ဓာရုံဆောင်ပုဒ်အကျဉ်းချုပ်ကဗျာ .... .... | ၅၄ |
| ရသာရုံအဖြစ်သက်သက်ပြခဏ်း .... .... .... | ၅၅ |
| ရသဓာတ်ပရမတ်ပညတ်ခွဲမှတ်ခဏ်း .... .... | ၅၈ |
| ရသာရုံဆောင်ပုဒ်အကျဉ်းချုပ်ကဗျာ .... .... | ၆၁ |
| ဖောဋ္ဌဗ္ဗာရုံအဖြစ်သက်သက်ပြခဏ်း .... .... | ၆၂ |
| အငေးဓာတ်ပရမတ်ပညတ်ခွဲပြခဏ်း .... .... | ၆၃ |
| အပူအမာစသည်၌ပရမတ်ပညတ်ခွဲမှတ်ခဏ်း .... .... | ၆၆ |
| ဖောဋ္ဌဗ္ဗာရုံဆောင်ပုဒ်အကျဉ်းချုပ်ကဗျာ .... .... | ၇၂ |
| ရူပါရုံအဖြစ်သက်သက်ပြခဏ်း .... .... .... | ၇၃ |
| ရူပဓာတ်ပရမတ်ပညတ်ခွဲမှတ်ခဏ်း .... .... | ၇၇ |
| ရူပါရုံဆောင်ပုဒ်အကျဉ်းချုပ်ကဗျာ .... .... | ၈၇ |
| သောတဝိညာဉ်အဖြစ်သက်သက်ပြခဏ်း .... .... | ၈၈ |
| သောတဝိညာဉ်ဓာတ်ပရမတ်ပညတ်ခွဲမှတ်ခဏ်း .... | ၉၀ |
| ဃာနဝိညာဉ်အဖြစ်သက်သက်ပြခဏ်း .... .... | ၁၀၀ |

# မာတိကာ။


| အကြောင်းအရာ | မျက်နှာနံပါတ်။ |
|---|---|
| ဃာနဝိညာဉ်ဓာတ်ပရမတ်ပညတ်ခွဲမှတ်ခဏ်း .... .... | ၁၀၂ |
| ဇိဝှါဝိညာဉ်အဖြစ်သက်သက်ပြခဏ်း .... .... | ၁၀၇ |
| ဇိဝှါဝိညာဉ်ဓာတ်ပရမတ်ပညတ်ခွဲမှတ်ခဏ်း .... .... | ၁၁၀ |
| ကာယဝိညာဉ်အဖြစ်သက်သက်ပြခဏ်း .... .... | ၁၁၃ |
| ကာယဝိညာဉ်ဓာတ်ပရမတ်ပညတ်ခွဲမှတ်ခဏ်း .... | ၁၁၅ |
| စက္ခုဝိညာဉ်အဖြစ်သက်သက်ပြခဏ်း .... .... | ၁၁၈ |
| စက္ခုဝိညာဉ်ဓာတ်ပရမတ်ပညတ်ခွဲပြခဏ်း .... .... | ၁၂၂ |
| သောတပသာဒ၌အဖြစ်သက်သက်ပြခဏ်း .... .... | ၁၃၀ |
| သောတပသာဒ၌ပရမတ်ပညတ်ခွဲမှတ်ခဏ်း .... .... | ၁၃၂ |
| ရုပ်နာမ်ဉာဏ်ဝိသုဒ္ဓိပရိညာခွဲပြဟန် .... .... | ၁၃၇ |
| ဃာနပသာဒအဖြစ်သက်သက်ပြခဏ်း .... .... | ၁၃၉ |
| ဃာနပသာဒ၌ပရမတ်ပညတ်ခွဲမှတ်ခဏ်း .... .... | ၁၄၀ |
| ရုပ်နာမ်ဉာဏ်ဝိသုဒ္ဓိပရိညာခွဲပြခဏ်း ... .... | ၁၄၃ |
| ဇိဝှါပသာဒအဖြစ်သက်သက်ပြခဏ်း .... .... | ၁၄၄ |
| ဇိဝှါပသာဒ၌ပရမတ်ပညတ်ခွဲမှတ်ခဏ်း .... .... | ၁၄၆ |
| ရုပ်နာမ်ဉာဏ်ဝိသုဒ္ဓိပရိညာခွဲပြခဏ်း .... .... | ၁၄၈ |
| ကာယပသာဒ၌အဖြစ်သက်သက်ပြခဏ်း .... .... | ၁၅၀ |
| ကာယဓာတ်၌ပရမတ်ပညတ်ခွဲမှတ်ခဏ်း .... .... | ၁၅၂ |
| ရုပ်,နာမ်,ဉာဏ်, ဝိသုဒ္ဓိ,ပရိညာခွဲပြခဏ်း .... .... | ၁၅၆ |
| စက္ခုပသာဒအဖြစ်သက်သက်ပြခဏ်း .... .... | ၁၅၈ |
| စက္ခုဓာတ်၌ ပရမတ်ပညတ် ခွဲမှတ်ခဏ်း .... .... | ၁၆၀ |
| ရုပ်,နာမ်,ဉာဏ်,ဝိသုဒ္ဓိပရိညာခွဲပြခဏ်း .... .... | ၁၆၉ |
| အာနာပါန၌ ဝိပဿနာကိုပြခဏ်း .... .... .... | ၁၇၀ |
| အာနာပါန၌ ပရမတ်ပညတ်ခွဲမှတ်ခဏ်း .... .... | ၁၇၄ |
| ရုပ်နာမ်ဉာဏ်ဝိသုဒ္ဓိပရိညာခွဲပြခဏ်း .... .... | ၁၈၀ |
| တက်ဆုတ်မှုတို့၌ဝိပဿနာပြခဏ်း.... .... .... | ၁၈၂ |
| ရုပ်နာမ်ဉာဏ်ဝိသုဒ္ဓိပရိညာခွဲပြခဏ်း .... .... | ၁၈၅ |
| တူရူတစောင်းကြည့်ရာတို့၌ဝိပဿနာပြခဏ်း .... .... | ၁၈၆ |
| ကွေးဆဲဆန့်ဆဲခဏတို့၌ဝိပဿနာပြခဏ်း .... .... | ၁၈၈ |

| အကြောင်းအရာ | မျက်နှာနံပါတ်။ |
|---|---|
| ထိုထိုဥစ္စာတို့ကိုကိုင်တွယ်ဝတ်ဆင်ရာတို့၌ဝိပဿနာပြခဏ်း | ၁၉၀ |
| စားသောက်ခဲလျှက်ဆဲခဏာတို့၌ဝိပဿနာပြခဏ်း .... | ၁၉၂ |
| သွားရပ်ထိုင်မှုစသည့်တို့၌ဝိပဿနာပြခဏ်း .... .... | ၁၉၄ |
| ဓမ္မာရုံ၌ဝိပဿနာရှုပွါးပုံကိုပြခဏ်း .... .... | ၂၀၀ |
| စေတသိက်နာမ်ဓမ္မာရုံကိုပြခဏ်း .... .... | ၂၀၁ |
| သုခုမရုပ်ဓမ္မာရုံကိုပြခဏ်း .... .... .... | ၂၀၅ |
| ဒွိဗ္ဗိဝိသုဒ္ဓိကိုပြခဏ်း .... .... .... | ၂၀၇ |
| ပစ္စယပရိဂ္ဂဟာဉာဏ်ကိုပြခဏ်း .... .... .... | ၂၁၀ |
| ပစ္စယပရိဂ္ဂဟာဉာဏ်အကျိုးကြီးဟန် .... .... | ၂၁၉ |
| ဉာဏ်ဝိသုဒ္ဓိပရိညာကိုပြပုံ .... .... .... | ၂၃၀ |
| ယုံမှားခြင်းအပြား ၁၆-ပါး .... .... .... | ၂၃၂ |
| ဝိစိကိစ္ဆာ ၈-ပါးပြားပုံ .... .... .... | ၂၃၄ |
| သက္ကာယဒိဋ္ဌိ_၂၀-ကိုပြခဏ်း .... .... .... | ၂၃၄ |
| သမ္မသနဉာဏ်ကိုပြခဏ်း .... .... .... | ၂၃၈ |
| မြင်ဆဲခဏာစသည့်တို့၌ရှုပွါးနည်း .... .... .... | ၂၃၉ |
| ဉဒယဗ္ဗယဉာဏ်ကိုပြခဏ်း .... .... .... | ၂၄၄ |
| အနတ္တရာယ်ဖြစ်မဖြစ်ဉပမာဖြင့်စစ်နည်း .... .... | ၂၅၀ |
| ဘင်္ဂဉာဏ်ကို ပြခဏ်း .... .... .... | ၂၅၄ |
| ဘင်္ဂဉာဏ်မြင်ကအကျိုးရှစ်ဝရပုံ .... .... .... | ၂၅၇ |
| ဘယဉာဏ်ကိုပြခဏ်း .... .... .... | ၂၅၈ |
| အာဒီနဝဉာဏ်ကိုပြခဏ်း .... .... .... | ၂၆၂ |
| နိဗ္ဗိဒါဉာဏ်ကိုပြခဏ်း .... .... .... | ၂၆၆ |
| မုစ္စိတုကမျတာဉာဏ်ကိုပြခဏ်း .... .... .... | ၂၆၈ |
| ပဋိသင်္ခါဉာဏ်ကိုပြခဏ်း .... .... .... | ၂၆၉ |
| သင်္ခါရုပေက္ခာဉာဏ်ကိုပြခဏ်း .... .... .... | ၂၇၂ |
| အနုလောမဉာဏ်စသည်ကိုပြခဏ်း ... .... | ၂၇၅ |
| သစ္စာတို့ကိုပြဆိုခဏ်း ... .... .... | ၂၇၇ |
| ရုပ်,နာမ်ဓမ္မ၌ အဖြစ်သက်သက်ရှုပွါးရကျိုး .... .... | ၂၈၂ |
| ပဋိစ္စသမုပ္ပါဒ်လည်ပုံပြတ်ပုံ .... .... .... | ၂၈၄ |

| အကြောင်းအရာ | မျက်နှာနံပါတ်။ |
|---|---|
| ခန္ဓာစသည့်ဖွဲ့နည်းကိုပြခဏ်း .... .... .... | ၂၀၀ |
| သတိပဋ္ဌာန်လေးပါးအကျဉ်းရှုပွါးနည်း .... .... | ၂၉၀ |
| ဝိပဿနာရှုပွါးခိုက်ဗောဓိပက္ခိယတရား ၃၇-ပါးပြီးစီးနည်း | ၂၉၃ |
| ရှုပွါးဆဲခဏအာသဝစသည်တို့ကင်းကွာပုံ .... .... | ၂၉၆ |
| နိဂုံးဒုပ်ဒေသနာသြဝါဒကထာ .... .... .... | ၃၀၀ |
| ကျမ်းပြီးနိဂုံး .... .... .... | ၃၀၃ |



# ဘာဝနာနည်းပြကျမ်း။

ပဏာမ စသည်ကို ပြဆိုခန်း။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

(၁) နာနာနိပုဏဂမ္ဘီရ၊ ဘာဝနာနယဒေသကော။
ဒေဝါတိဒေဝဒေဝိန္ဒော၊ မန္ဒံ ပူဇေရတု မေ ဇိနော။ ။

(၁) (ဒေဝါတိဒေဝဒေဝိန္ဒော) နတ်တကာတို့ကို အစိုးရသောနတ်တို့ထက်မြတ်သော ဝိသုဒ္ဓိနတ်မြတ်ကြီးတဆူ ဖြစ်တော်မူပေထသော၊ (နာနာနိပုဏဂမ္ဘီရ ဘာဝနာနယ ဒေသကော) ထူးဆန်းခက်ခဲ သိမ်မွေ့နက်နဲသော ဘာဝနာ နည်းအများကို၊ ဟောကြား ညွှန်ပြတော်မူ တတ်ပေ ထသော၊ (ဇိနော)ငါးမာရ်အောင်မြင် ဘုရားရှင်သည်၊(မေ) ရုပ်,နာမ် နှစ်ပါ၊သရီရကို၊ကာယမှည့်ခေါ်၊တပည့်တော်၏၊(မန္ဒံ)ကြည်သာရွှင်ပြုံး၊ စိတ်နှလုံးကို၊ (ပူဇေရတု) ကင်းကွာ ဝန်ဘေး၊ အပြစ်ဝေး အောင်၊ဖြည့်ပေးတော်မူပါစေသတည်း။ ။(ဤကား အာသီသပုဗ္ဗက ဂန္ထာရမ္ဘ ပဏာမဂါထာ ပါဌ်အနက်တည်း)။ ။

(တနည်း)

(၂) အနန္တဉာဏသမ္ဗုဒ္ဓံ၊ ဓမ္မံ မောဟာပဝိဓံသကံ။
ဝရံ ဂဏဉ္စ ဝန္ဒိတွာ၊ အာစရိယဉ္စ မေ ဂုရုံ။ ။
(၃) ဣတိ မေ ဘာသမာနဿ၊ ဘာဝနာနယပကာသနိံ၊
အဝိက္ခိတ္တာ နိသာမေထ၊ ဒုလ္လဘာ ဟိ ဣမံ ကထာ။ ။

(၂) (အဟံ)ငါသည်။(အနန္တဉာဏံ)အဆုံးမရှိအောင်သိမြင်တော်မူတတ်သော ဉာဏ်ပညာကြီးရှိတော် မူပေထသော။ (သမ္ဗုဒ္ဓံ) သစ္စာလေးပါး။ မြတ်တရားကို။ ပိုင်းခြားထင်ထင်။ သိမြင်တော်မူတတ်သော မြတ်စွာဘုရားကြီးကို။ (ဝန္ဒိတွာ-ဝန္ဒာမိ)ရှိသေမြတ်နိုး။ ယုံကြည်ကိုးကာ။ရှိခိုးပါ၏။ ။(ဝန္ဒိတွာ)ရှိခိုးပြီး၍။ (မောဟာပဝိဓံသကံ) မိုက်မှောင်မောဟကို။ ခုတ်ဖျက် ပယ်သတ်တော်မူတတ်ပေထသော။ (ဓမ္မဉ္စ) မဂ် ၄-တန်၊ဖိုလ် ၄-တန်။နိဗ္ဗာန်၊ပရိယတ်။ဆယ်ပါးသောတရားတော်မြတ်ကိုလည်း။ (ဝန္ဒိတွာ-ဝန္ဒာမိ) သဒ္ဒါရိုကျိုး။ လက်စုံမိုးကာ။ရှိခိုးပါ၏။ ။(ဝန္ဒိတွာ)ရှိခိုးပြီး၍။(ဝရံ)မြင့်မြတ်တော်မူပေထသော။(ဂဏဉ္စ)မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန်။ရှစ်တန်အရိယာ၊မြတ်သံဃာနှင့်။ အရိယာနွယ်ဝင်။ ပုထုဇ္ဇဉ်ကောင်း။သံဃာတော်မြတ်အပေါင်းကိုလည်း။ (ဝန္ဒိတွာ-ဝန္ဒာမိ) ဦးသုံးကြိမ် မာန်ခွါလျှော့၍။ ဖန်ခါခါ ရှိခိုး ကန်တော့ပါ၏။ ။(ဝန္ဒိတွာ)ရှိခိုးပြီး၍။ (မေ) ငါ၏။ (ဂုရုံစ)ကြည်ညိုလေးမြတ်။ရိုတုပ်ဝပ်၍။ဆည်းကပ်အပ်သော ဆရာတော်မြတ်ကို၎င်း။ (အာစရိယဉ္စ) မကောင်းမြစ်တား။ ကောင်းညွှန်ကြားသည့်။ ဆရာတော်အရှင်မြတ်များကို၎င်း။ (ဝန္ဒိတွာ-ဝန္ဒာမိ) ဘယ်ညာရောယှက်။ လက်နှစ်ဘက် တို့ဖြင့်။ နှစ်သက် ကြည်သာ။ ဖန်ခါခါ မြတ်နိုးလျက်။ ရိုသေစွာ ရှိခိုး ကန်တော့လိုက်ပါ သတည်း။ ။

(၃) (ဝန္ဒိတွာ) ရှိခိုးပြီး၍။ (ဘာသမာနဿ) ငါတွေ့၊ ကိုယ်တွေ့၊ လက်တွေ့၊ဒိဋ္ဌ။ နည်းအရ တို့ဖြင့်။ မှီးပြညွှန်ကြား။ ပြောဆို ရေးသား လတ္တံ့သော။ (မေ)ကျင့်စဉ်စခန်း။ နည်းမှန်လမ်းကို။ ဖုံစမ်းဖွေရှာ။ ရရှိ ပါသော မထေရ်ငါ၏။ (သန္တိကာ) စာကြည့်ဘတ်ကြား။ အထံပါး၌။ (ဣမံဤဒိသံ)ရှုတ်ခက် မနှော။ ရှုမမောသဖြင့်။ ဤသို့သဘော ရှိသော။ (ဘာဝနာနယပကာသနိံ) ဘာဝနာနယပကာသနီ ခေါ်မှန်း။ဘာဝနာ

နည်းပြကျမ်းကို၊ (ဝါ)သမထ,ဝိပဿ၊နှစ်ရပ်နှစ်ဖုံ၊ ရှုပွါးပုံနည်းအဖုံကို၊ ပြီးကုန်အောင် ဟောပြ တတ်သော၊ ဘာဝနာ နည်းပြ–ကျမ်းကို၊ (အဝိက္ခိတ္တာ)အာရုံတခြား၊အမြင်မှား၍၊စိတ်မပြားကြကုန်ဘဲ၊ (သာဓဝေါ) နိဗ္ဗာန်,မဂ်,ဖိုလ်၊ ရက်တိုတိုနှင့်၊ ရလိုဆုတောင်း၊ သူတော်ကောင်းဖြစ်ကြကုန်သော၊ (တုမှေ) သင်တို့သည်၊ (နိသာမေထ) ရှင်ပြီး နှစ်ခြိုက်၊ အာရုံစိုက်က၊ သိမ်းပိုက်နာယူကြပါကုန်လော။ ။(ဟိ–ကသ္မာ) အဘယ့်ကြောင့်နည်း ဟူမူကား၊ (ဣမံ ဤဒိသံ)ပရမတ်သဘော၊နစ်နောမိမိ၊ ဤသို့ သဘောရှိသော၊ (ကထာ) ပါဠိ–မာဂဓ၊ နည်းပါးလှအောင်၊ ကြိဆောင်ကြိုးပန်း၊ ဘာငနာ ကမ္မဋ္ဌာန်း၌၊ အားထုတ်အပ်သောနည်းမှန်, လမ်းမှန်၊ တရားမှန်ဖြစ်သော စကားအစီအစဉ်မျိုးသည်၊ (ဟိယသ္မာ) အကြင်ကြောင့်၊(ဒုလ္လဘာ)ရခဲသ်ပေ၏။ (ဝါ)ဖြဟ္မာ,လူ့ဘုံ၊အပ်သွားဆုံ လည်း၊မကြုံလွဲကင်း၊ အလွန်အလွန်ပင် ခဲယဉ်းလှသည်၊ (ဟောတိ)ဖြစ်ပေ၏၊(တသ္မာ)ထို့ကြောင့်။ (အဝိက္ခိတ္တာ) အာရုံတပါးသို့၊ စိတ်မသွားကြစေကုန်ဘဲ၊(နိသာမေထ)ရှိသေနာကြား၊မှတ်သားရှုးပိုက်က၊သိမ်းပိုက်သိမ်းထားကြပါကုန်လော။ (ဣတိ)ဤသည်လျှင်ရတနတ္တယပဏာမ၊ စသည်ကိုဆိုရာ စကားတရပ်၊ ပြီးဆုံးလတ်၍၊ လက်စသတ်လိုက်သတည်း။ ။(ဤတွင်ပဏာမ စသည်ကို ဆိုရာ ပြီးပြီ))။ ။

---

(မဒိုညာဉ်)၊ ဤကျမ်း၌ မှာ်ယူ လွယ်ကူစေရန် အမေးအဖြေပြု၍ ရေးပြပါမည်။

### ဘုရားရှင်၏ မှာတမ်းအမိန့်တော်။

(က) ဤသို့ ရတနာ ၃–ပါး ဆရာသမားတို့အား ရှိခိုးခြင်းစသည် တို့ကို ပြဆိုပြီး၍ ဝန်ခံအပ်သော ပဋိညာဉ်အားလျော်စွာ ဘုရားရှင်၏ မှာတမ်းအမိန့်တော်ကို ဟောပြပါ။ ။ (မေး)

(ခ) တသ္မာတိဟာနန္ဒ အတ္တဒီပါ ဝိဟရထ၊ အတ္တသရဏာ အနညထာ သရဏာ၊ ဓမ္မဒီပါ ဝိဟရထ ဓမ္မသရဏာ အနညထာ သရဏာ၊ ။ဟူ၍ ပရိနိဗ္ဗာန်စံဝင်ခါနီးတွင်မိန့်မှာတော်မူခဲ့ပါသည်၊ ။(ဖြေ)

(အနက်ဖြန့်မှကား)။

(ခ) (အာနန္ဒ) ချစ်သား အာနန္ဒာ၊ (ဣဟ) ဤလောက၌၊ (တသ္မာ) ထိုသို့နိဗ္ဗာန်အားလျော်သော အကျင့်မြတ်ကိုသာ ကျင့်အပ်သည်၏အ

ဖြစ်ကြောင်း။ (အဇ္ဈတ္တဗဟိဒ္ဓါ) မိမိကိုယ်ကိုသာလျှင် အားထားမှီခိုရာ ကိုင်းကျွန်းသဘွယ် ရှိသည်ဖြစ်၍။ (တုမှေ) သင်ချစ်သား,ချစ်သမီး တို့သည်။ (ဝိဟရထ) နေရစ်ကြပါ ကုန်လော။ (အတ္တသရဏာ) မိမိတို့ ကိုယ်ကိုသာ ကိုးကွယ်ရာ ရှိကြကုန်သည်ဖြစ်၍။ (တုမှေ)သင်ချစ်သား, ချစ်သမီးတို့သည်။(ဝိဟရထ)နေရစ်ကြပါကုန်လော။(အနညထာသရဏာ)မိမိတို့ကိုယ်မှတပါး အားထားရာ မရှိကြကုန်သည် ဖြစ်၍။ (ဝိဟရထ)သင်ချစ်သား,ချစ်သမီးတို့ နေရစ်ကြပါကုန်လော။(ဓမ္မဒိပါ)မဂ္ဂင် ဂ--ပါးမြတ်ရထားကြီးကိုသာလျှင် အားထားမှီခိုရာကိုင်းကျွန်း သိမ်းကြီးသဘွယ် ရှိကြကုန်သည်ဖြစ်၍။ (ဝိဟရထ)သင်ချစ်သား,ချစ်သမီးတို့ နေရစ်ကြပါကုန်လော။ (ဓမ္မသရဏာ) မဂ္ဂင် ဂ–ပါး မြတ်ရထားကြီးကိုသာလျှင်။ ကိုးကွယ်ရာရှိကြကုန်သည်ဖြစ်၍။ (ဝိဟရထ)သင်ချစ်သား,ချစ်သမီးတို့ နေရစ်ကြပါ ကုန်လော။(အနညထာသရဏာ)မဂ္ဂင် ဂ–ပါးမြတ်ရထားကြီးမှတပါး ကိုးကွယ် အားထားရာ မရှိကြကုန်သည်ဖြစ်၍။ (တုမှေ) သင်ချစ်သား,ချစ်သမီးတို့သည်။(ဝိဟရထ)နေရစ်ကြပါကုန်လော။ ။

## ယုံကြည်စွာဆည်းကပ်ရပုံအကျိုး။

(က) ထိုသို့သော တရားများကို ယုံကြည်လေးမြတ်စွာဆည်းကပ်ကြကုန်သော သူတော်ကောင်းတို့မှာ ရအပ်, သိအပ်, ခံစားအပ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကို ရကြောင်းတရား အကျိုးများကို ဖော်ပြပါ။ ။ (မေး)

(ခ) သပ္ပုရိသ သံသေဝန။ ။သူတော်ကောင်းတို့နှင့် ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်မှုတပါး။ ။

(ဂ) သဒ္ဓမ္မသဝန။ ။ရုပ်,နာမ် ၂–ပါးကိုပိုင်းခြားထင်တင်ဉာဏ်စည်သိမြင်နိုင်သော သူတော်ကောင်းတို့၏ တရားများကို ကြားနာမှတ်သားမှုတပါး။ ။

(ဃ) ယောနိသော မနသိကာရ။ ။ထိုထို ရုပ်,နာမ်တို့၏ မြဲ၏ဟုမှတ်ယူသော။(နိစ္စ)မှားကိုမမြဲဟုမှတ်ယူသော။ (အနိစ္စ)တရားဖြင့်ပယ်နိုင်ရခြင်း။ ။ချမ်းသာ၏ဟုမှတ်ယူသော။ (သုခ) မှားကို ဆင်းရဲ၏ဟုမှတ်ယူသော။(ဒုက္ခ)တရားဖြင့် ပယ်နိုင်ရခြင်း။ ။အစိုးရ၏ အလိုသို့

လိုက်၏ ငါ, သူတပါး, ယောက်ျား, မိန်းမဟုတ်၏ အနှစ်သာရ ရှိ၏ဟု မှတ်ယူသော။ (အတ္တ)များကို အစိုးမရ အလိုသို့မလိုက် ငါ, သူတပါး, ယောက်ျား, မိန်းမ မဟုတ် အနှစ်သာရ ဘာတခုမျှ မရမရှိဟု မှတ်ယူသော။(အနတ္တ) တရားဖြင့်ပယ်နိုင်ရခြင်း။ ။တင့်တယ်၏ဟု မှတ်ယူသော။(သုဘ)များကို မတင့်တယ်ဟု မှတ်ယူသော။ (အသုဘ) တရားဖြင့် ပယ်နိုင်ရခြင်းတပါး။ ။

(င) ဓမ္မာနုဓမ္မပဋိပတ္တိ။ ။မဂ် ၄-ပါး,ဖိုလ် ၄-ပါး,နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ၉-ပါးအား လျော်သော မဂ္ဂင် ၈-ပါးမြတ်တရားကို ကျင့်ကြံမယုတ်အောင် အားထုတ် ကြိုးစားရမှုတပါး။ ။အားဖြင့် ဤသို့သဘောရှိသော။ (သောတာပတ္တိ ဖလသစ္ဆိကိရိယာယ) ခေါ်ယခု ပစ္စုပ္ပန် မျက်မှောက်ဘဝ၌ပင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရရှိနိုင်ကြောင်းအကျိုးကောင်းကို ကျမ်းပေါင်း များစွာတို့မှာ လာရှိပါသည်။ ။ (ဖြေ)

(က) သောတာပန်ဖြစ်ပြီးလျှင်အင်္ဂါဘယ်နှစ်ပါးရှိပါသနည်း။(မေး)

(ခ) ဘုရား၌ ကြည်ညိုမြဲခြင်း တရား၌ ကြည်ညိုမြဲခြင်း သံဃာ၌ ကြည်ညိုမြဲခြင်း အရိယာတို့၏ သီလ၌ မြဲခြင်းအားဖြင့် အင်္ဂါ ၄-ပါးရှိပါသည်။ ။ (ဖြေ)

## မဂ်ဉာဏ်ကို မရနိုင်ပုံ အကြောင်း။

(က) ဤသို့ ပြအပ်ပြီးသော သောတာပန်ဖြစ်ကြောင်းအင်္ဂါ ၄-ပါးကိုပင် မရနိုင်ကြမှုတို့ကား ဘယ် ရောဂါ ဘယ် အနာတို့ ဖြစ်ပါ သနည်း။ ။ (မေး)

(ခ)(၁) လောဘ။ ။အာရုံကို လိုချင်တပ်မက် နှစ်သက်မှု။ ။

(၂) ဒေါသ။ ။မိမိ မနှစ်သက်သောအာရုံ၌ အမျက်ထွက်ပြစ်မှားကြမ်းထမ်းမှု။ ။

(၃) မောဟ။ ။သစ္စာ ၄-ပါးကို ဟုတ်မှန်စွာ မသိမမြင်မှု။ ။

(၄) မာန။ ။ငါတတ်,ငါမြတ်,ငါ့ဇာတသဖြင့် မာန်ထောင်မှု။ ။

(၅) ဒိဋ္ဌိ၊ ။အယူမမှန် ဖောက်ပြန်မှားယွင်းမှု။ ။
(၆) မုသာဝါဒ။ ။မဟုတ်မမှန် လုပ်ကြံလိမ်ပြောမှု။ ။
(၇) ဣဿာ။ ။သူတပါးတို့ ကောင်းစွာ ကြီးပွါး တိုးတက်သည်များကို မနှစ်မြို့နိုင် မကြိုက်နိုင်၍ ငြူစူစောင်းမြောင်းမှု။ ။
(၈) မစ္ဆရိယ။ ။မိမိ၏ ပစ္စည်း ဥစ္စာများကို လျှို့ဝှက်ဖုံးလွှမ်း၍ နှမြောဝန်တို မပေးလိုမှု။ ။
(၉) မာယာ၊ ။သူတပါးတို့အား အထင် အမြင် ကြီးအောင် လှည့်ပတ် ဝါကြွား၍ မိမိ၌ ထင်ရှားရှိသော အပြစ်များကို ဖုံးလွှမ်းကာ ကွယ်မှု။ ။
(၁၀) သာဌေယျ။ ။မိမိ၌ သူတပါးတို့က မှီဝဲဆည်းကပ်လောက်သော အတတ်ပညာ အကျင့် ဂုဏ်သိက္ခာ မရှိပါဘဲ ရှိယောင်ဆောင်မှု၊ ။အားဖြင့် ဤ ၁၀-ပါးသော။ (ကိလေသာ) စိတ်ရူး စိတ်နာစိတ်ရောဂါများဖြစ်ရှိပွါးများနေကြသူတို့မှာသောတာပန်စော်မနံ အနားကိုမျှ မသိမကပ် ပါယ် ၄-ရပ်သွား သူမိုက်, သူကာန်းကြီးများတို့သာဖြစ်ကြပါသည်။ ။ (ဖြေ)

---

## စိတ်ရူး စိတ်နာ စိတ်ရောဂါတို့မှ လွတ်နည်း။

(က) ဤသို့ မင်္ဂဉာဏ် မျက်လုံးကို ပိတ်ဖုံး ကာကွယ် တတ်သော စိတ်ရူး စိတ်နာစိတ်ရောဂါတို့မှ ကင်းလွတ်အောင် အဘယ်တရားများကို အားထုတ်ကြိုးစား ပွါးများရပါသနည်း။ ။ (မေး)

(ခ) ထိုထို။(လောဘ) စသော။ (ကိလေသာ) အညစ်အကြေးများကို ပယ်ခွါပစ်ဝေး ဖြတ်တောက်ပေးခြင်းငှါ စွမ်းနိုင်သော သမထ, ဝိပဿနာ၊ (ဘာဝနာ) ကမ္မဋ္ဌာန်း အလုပ်များကိုသာ အားထုတ်ကြိုးစား ပွါးများရပါသည်။ ။ (ဖြေ)

### (အထူးမှာထားချက်)။

(၁) ဤသမထဘာဝနာ, ဝိပဿနာဘာဝနာ ပဓာနအလုပ် ၂-ပါးတို့တွင်။(ဗုဒ္ဓါနုဿတိ) စသောသမထ ၄၀-တို့တွင် မိမိတို့ နှစ်သက်ရာ

ကို ပွါးများ၍ထကြွနေသော ကိလေသာစိတ်တို့ကို တည်ကြည်အောင် ထိန်းချုပ်အားထုတ်မှုတမျိုး။ ။

(၂) ထိုထိုရုပ်, နာမ်ဓမ္မ။ (သင်္ခါရ) ပရမတ္ထ သဘာဝတို့ကို ဟုတ်မှန်စွာ ရှုဆင်ခြင်၍ မြဲမှုမရှိ ချမ်းသာမှုမရှိ တင့်တယ်မှုမရှိ ပုဂ္ဂိုလ်, သတ္တဝါ, ငါ,သူတပါး, ယောက်ျား,မိန်းမ, အစိုးတရ အနှစ်သာရ ဘာတခုမျှမရှိဟု ဝိပဿနာ ဉာဏ်မျက်စိဖြင့်သာ အမှန်မြင်အောင် ရှုဆင်ခြင်ပွါးများ အားထုတ်မှုတမျိုး။ ။ဤ ၂-မျိုးတို့ကို ပွါးများရာ၏ဟု မှတ်ကြပါလေ သူတော်ကောင်းတွေတို့။ ။

## အန္ဓ ဗာလနှင့် ကလျာဏ ပုထုဇ္ဇဉ်တို့ ကွာခြားပုံ။

(က) ထိုထို စိတ်ရူး စိတ်ရိုက် စိတ်နာ စိတ်ရောဂါများကို နေ့,ည မရွေး မွေးမြူထားကြသော။(အန္ဓ-ဗာလ) ခေါ်ပုထုဇဉ်ကာန်း ပုထုဇဉ်ရိုက်တို့နှင့် ၎င်းတို့မှ ကင်းကြ၍ ဉာဏ်အမြင် ရှိကြသော ကလျာဏ ပုထုဇ္ဇဉ်ကောင်းတို့သည် ဘယ်လိုကွာခြားကြပါသနည်း။ ။ (မေး)

(ခ) ထိုပုထုဇ္ဇဉ် ၂-မျိုးတို့တွင်၊ (အန္ဓ-ဗာလ)ပုထုဇ္ဇဉ်တို့၏လက်ကိုင်အားကိုး တရားဆိုးကား ဟုတ်မှန်သောရုပ်,နာမ် သဘောတရားတို့ကိုဖုံးလွှမ်းတတ်သောမောဟခေါ် (အဝိဇ္ဇာ)ပင်ဖြစ်ပါသည်။ (ဖြေ)

(ဂ) ဉာဏ် အမြင် ရှိကြသော ကလျာဏ ပုထုဇ္ဇဉ်တို့၏ လက်ကိုင် အားကိုး တရားရှိ တရားမှန်ကား ဟုတ်မှန်သော ရုပ်,နာမ် သဘော တရားတို့ကို မြင်သိတတ်သော အမောဟ ခေါ် (ပညာ) ပင် ဖြစ်ပါသည်။ ။ (ဖြေ)

## အဝိဇ္ဇာနှင့် ပညာတို့ ခြားနားပုံ။

(က) ထိုအဝိဇ္ဇာနှင့် ပညာတို့၏အကြောင်းရင်းတို့ကြောင့် အဘယ်သို့ ထူးပြားခြားနားစွာ ဖြစ်ပေါ်လာကြပါသနည်း။ ။ (မေး)

(ခ) ထိုအဝိဇ္ဇာ ခေါ်မောဟ တုံးကြီး ပိတ်ဖုံး နေကြသော အန္ဓ-ဗာလ ပုထုဇ္ဇဉ်ကာန်း ပုထုဇ္ဇဉ်ရိုက်တို့မှာ အဆင်း ရုပါရုံစသောဝတ္ထု

အာရုံ ကာမဂုဏ်များတို့ တပ်မက် နှစ်သက်ဖွယ်သမီးသောတဏှာလော ဘဆိုးကြီးများ ဖြစ်ပွါးလာကြ၍ လွန်စွာသက်ပြင်း သံလျက် သင်ဒိုး သွား၍ လိမ်းကျံပြီကပ်အပ်သော ပျားရေစက်ကို လျှာဖြင့် လျက်မိမှား ၍ လျှာပြတ်ခံရသော သူမိုက်ကြီးကဲ့သို့ ဘုံ ၃-ပါး၌တွေ့ကြုံခံစားရမြဲ ဖြစ်သော ဆင်းရဲများစွာတို့ကို တဖွာဖွား ခံစားကြရခြင်းသည်။ (ဝေဒ ယိဘာသုခ-အဝိဇ္ဇာ)ပင်ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ထိုထိုအာရုံ ၆-ပါးများကို လိုက်စား မိုက်မှားမိ၍ ခံစားခဲ့ရ ဘူးသောဝဋ်ဒုက္ခများ၏ အပြစ်တွေကို သိမြင်ကြသောကလျာဏပုထု ဇ္ဇဉ်ကောင်း တို့မှာ ၎င်းကာမဂုဏ် အာရုံတို့၏ ကင်းလွတ်ရာ နိဗ္ဗာန် ရောက်ကြောင်း။(ဝိပဿနာ)သမ်းကောင်းများကိုမနေမနား အားထုတ် ကြိုးစားကြကုန်၍ ဘုံဘဝ ဝဋ်ဒုက္ခတို့မှ လွတ်ကြပြီး ကြီးကျယ် မြင့် မြတ်သောနိဗ္ဗာန်ချမ်းသာကို ခံစားကြရခြင်းသည်။ (သန္တိသုခ-ပညာ) ပင်ဖြစ်ပါသည်။ ။ (ဖြေ)

## နာမ်,ရုပ် ဖြစ်,ပျက်မှုကို မြင်,မမြင် ကွာခြားပုံ။

(က) ဤသို့ ပျက်ပဲ အကြည်သဘော အဆင်းသဘော အဆင်းသိ သောစိတ်သဘောစသော ရုပ်,နာမ်ဓမ္မ။(ပရမတ္ထသဘာဝ)တို့၏ ဖြစ်မှု ဟူသော။(ဥဒယ) ခွန်း ပျက်မှုဟူသော။(ဝယ)ခွန်းတို့ကို မြင်သူ,မမြင် သူတို့မှာ ကွာခြားကြပုံကို ဘုရားရှင်ဘယ်လို ဟောပြတော်မူပါသ နည်း။ ။ (မေး)

(ခ) ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။ ။

ဟူ၍ပဋ္ဌာစာရီ ထေရီမကိုအကြောင်းပြုကာဟောပြအပ်သော။(ဒေ သနာ)တော်မြတ်ကို ထောက်ဆ၍ ကွာခြားပုံကို သိရပါသည်။ ။(ဖြေ)

(ခ) (ယောစ) ရဟန်း,ရှင်လူ။ မည်သူမဆို၊ အကြင် ပုဂ္ဂိုလ်သည် ကား။ (ဥဒယဗ္ဗယံ) ရုပ်,နာမ်ဓမ္မ။ သင်္ခါရတို့၏။ဖြစ်မှု,ပျက်မှု။ သဘာဝ ကို။(အပဿံ-အပဿန္တော) တကြိမ်တခါ။တခဏမျှ၊ မသိမမြင်ရဘူး သောသူသည်။ (ဝဿသတံ) အနှစ်တရာ ကာလပတ်လုံး။ (ဇီဝေ) အ သက်ရှည်ကြာ။တည်နေရာ၏။ (တဿ)ထိုသူ၏။ (ဝဿသတံ) အနှစ်

တရာကာလပတ်လုံး။(ဇီဝေ)အသက်ရှည်ကြာ။ တည်နေရတာထက်၊ (ဥဒယဗ္ဗယံ)ရုပ်,နာမ်ဓမ္မ။သင်္ခါရတို့၏။ဖြစ်မှု,ပျက်မှုသဘာဝကို။(ပဿတော)တကြိမ်တခါ။တခဏမျှ။သိမြင်ရဘူးသောသူ၏၊ (ဧကာဟံ)တနေ့ တရက်၊ တမနက်,တခဏမျှ။ (ဇီဝိတံ) အသက်ရှည်ရခြင်းသည်။ (သေယျော) မြတ်လှသေး၏တကား။ ။(ဤအနက်ကို အကျယ်ချဲ၍ ဆိုကြပါလေ)။ ။

## လောကီကိစ္စဖြင့် အချိန်မဖြုန်းကြဘို့ရာ ဘုရားရှင်တိုက်တွန်းပုံ။

(က) ဤသို့ နာမ်,ရုပ် ၂-ပါး သင်္ခါရတရားတို့၏ ဖြစ်မှု,ပျက်မှု များကို ဉာဏ်စက္ခုဖြင့် ထင်မြင်အောင် ရှုဆင်ခြင်ပွါးများနိုင်မှသာ သံသရာဝဋ်တွင်း ရှုံ့ညှိုံ့ဘွက်ကျင်းကြီးမှ လွတ်ကင်း လိုသော ဆန္ဒ (နိဗ္ဗိန္ဒ) ဉာဏ်ကြီး အပြီးတိုင် ပေါ်ပေါက် နိုင်ကြောင်းကို ဘုရားရှင် ဘယ်လို ဟောပြတော်မူပါသနည်း။ ။ (မေး)

(ခ) ဥဒယဗ္ဗယ သင်္ခါရေ၊နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော။

သ-ကိစ္စံ အနုယုဉ္ဇေယျ၊မောဃကာလံ န ခေပယေ။ ။

ဟူသော ဘုရားဟောဒေသနာ လာရှိပါသည်။ ။ (ဖြေ)

(ခ) (ပဏ္ဍိတော)ကြောင်း,ကျိုးမြင်သိ။ပညာရှိသည်၊ (ဥဒယဗ္ဗယ သင်္ခါရေ) ရုပ်,နာမ် ဓမ္မ၊ ဖြစ်,ချုပ်ရသည့်၊ သင်္ခါရအစုခွဲ။ (နိဗ္ဗိန္ဒိတွာန) ဆင်းရဲကြီးတွေ့၊ပျင်းမုန်းငြီးငွေ့၊မပျော်မွေ့ကြကုန်၍၊ (သ-ကိစ္စံ)ကိုယ့်အမှု ကိုယ့်ကိစ္စဖြစ်သော၊ သမထဝိပဿနာ။ ဘာဝနာအလုပ်တွေကို သာလျှင်၊ (အနုယုဉ္ဇေယျ) အရိုး ကြေကြေ၊ အရေ ရုတ်ရုတ်၊ နောက်မဆုတ်ဘဲ၊စွဲမြဲစွာအားထုတ်ပေရာ၏၊(မောဃကာလံ)စားကာ,အိပ်ကာ၊ပျော်ရွှင်ကာနှင့်၊လိုရာမပြီး၊ ခရီးမလှ၊ အချိုးနှိုးသော အချိန်ကာလတွေကို၊ (နခေပယေ)မဖြုန်း မသုံး၊မကုန်မခမ်း၊ မလောင်မကျွမ်းကြ ပေရာသတည်း။ ။

### ဆောင်ပုဒ်သင်္ကော။

(၁) ရုပ်,နာမ်ဖြစ်,ပျက်၊ဉာဏ်ကုန်သက်၊ဖိုလ်,မဂ် ရမည်သာ၊ ။

(၂) ဖြစ်,ပျက်သင်္ခါရ၊မုန်းရှုကြ၊ကာလမဖြုန်းရာ၊ ။

(၃) တရက်,ခဏ၊ထင်မြင်က၊မြတ်လှ နိဗ္ဗုတာ၊ ။

## သက္ကာယဒိဋ္ဌိ လှံမိးကြီးကို ဖျက်ဆီးဘို့ရာ။

(က) ဤသို့ ဖော်ပြခဲ့ပြီးသော ဒေသနာစကား မြတ်တရားများကိုအထပ်ထပ် ဆင်ခြင်စဉ်းစားပြီးလျှင် ယခုဖြစ်ပေါ်လာတိုင်းသော ရုပ်,နာမ်တရားများကို နိစ္စ,သုခ,သုဘ, အတ္တ, ငါ, သူတပါး,ယောက်ျား, မိန်းမစသည်ဖြင့် စွဲယူမှတ်မှားခြင်းဟူသော (သက္ကာယဒိဋ္ဌိ) လှံ,မီးကြီးများကို ပယ်နှုတ်ဖျက်ဆီးကြဘို့ရာ လွန်စွာ အရေးကြီးကြောင်းကို ဘုရားရှင် အလိုမှာ ဘယ်လိုမိန့်ဆိုတော်မူပါသနည်း။ ။ (မေး)

(ခ) သတ္တိယာဝိယ ဩမဋ္ဌော၊ဒယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊သတောဘိက္ခု ပရိဗ္ဗဇေ။ ။
ဟု မိန့်ဆိုဟောပြ တိုက်တွန်းဆုံးမတော်မူခဲ့ပါသည်။ ။ (ဖြေ)

(ခ) (သတ္တိယာ)အသွား ၂-ဘက်။မြမြထက်သော လှံဒါးကြီးဖြင့်။ (ဩမဋ္ဌော ဝိယ) ရင်ညွန့် ရင်ဝ၌။ ရှူးဝင် ခံနေရသောသူ ကဲ့သို့ရင်း။ (မတ္ထကေ) ဦးခေါင်းထိပ်၌။ (ဒယှမာနောဝ) မီးကြီး ပြောင်ပြောင်။ စွဲတောက်လောင်နေရသောသူကဲ့သို့ရင်း။ (သက္ကာယဒိဋ္ဌိ) ငါ,သူတပါး။ ယောက်ျား,မိန်းမစသဖြင့် စွဲယူမှတ်မှား သက္ကာယဒိဋ္ဌိ တည်းဟူသော လှံ,ဒါး,မီးတောက်ကြီးတွေကို။ (ပဟာနာယ) နှုတ်ပယ်ငြိမ်းဧးစေခြင်း အကျိုးငှါ။ (သတော) သတိသမ္ပဇဉ်။ ဉာဏ်နှင့် ယှဉ်သော။ (ဘိက္ခု) သံသရာ ဘေးကြမ်း။ ထွက်ပြေးလမ်းကို။ ဧးမှန်းရှုတောင်း။ သူတော်ကောင်းသည်။(ပရိဗ္ဗဇေ)ထန်ပြင်းမြန်စွာ။ကျင့်အားထုတ်ရာ၏။ ။

---

## ကုသိုလ်ပွါးကြောင်း မဂ်လမ်းကောင်း။

(က) ဤသို့ ဟောပြခဲ့ ပြီးသော တရားဒေသနာ အဖြာဖြာ တို့ကို သေချာစွာ လိုက်နာကြပြီးလျှင် ကုသိုလ်ပွါးကြောင်း မဂ် လမ်းကောင်းများနှင့် ပြည့်စုံဘို့ရာဘယ်တရားများကိုရှိထားသင့်ပါသနည်း။ ။(မေး)

(ခ)(၁) သဒ္ဓါ။ ။ရတနာ ၃-ပါးကို ယုံကြည်မှု။
(၂) သတိ။ ။ဘုရား,တရားစသည်၌ အထပ်ထပ်အောက်မေ့မှု။
(၃) ဆန္ဒ။ ။မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရလိုမှု။
(၄) ဝိရိယ။ ။မဂ်,ဖိုလ်,နိဗ္ဗာန်ကို မရရအောင်အားထုတ်မှု။
(၅) ပညာ။ ။မဂ်,ဖိုလ်,နိဗ္ဗာန်ကိုရအောင်ရှုပွါးမှု။ ဉာဏ်ပညာ။

(တနည်း။)

(၁) ပုဗ္ဗေစ ကတပုညတာ စက်။ (၂) ပဋိရူပ ဒေသဝါသာစက်။ (၃) သပ္ပုရိသုပနိဿျ(ကလျာဏမိတ္တတာ)စက်။ (၄) အတ္တသမာပဏိဓိစက်။ ။ဤအကြောင်းအင်္ဂါတို့နှင့် ပြည့်စုံကြပါလျှင် မကြာခင် မဂ်, ဖိုလ်, နိဗ္ဗာန် သို့ ဝင်စံ ရကြောင်း ကုသိုလ် ပွါးကြောင်းများ ဖြစ်ပါသည်။ ။ (ဖြေ)

## ယောဂီမှန်သမျှ လိုက်နာကြဘို့ရာ ဉပဒေတော်။

(က) ဤသို့လျှင် သီလ,သမာဓိ, ပညာ သိက္ခာ ၃–ဖြာကို လိုလားတောင်းတကြသော ယောဂီရှင် မှန်သမျှတို့မှာ ရုပ်,နာမ် ခန္ဓာ (သံသရာ) ဘေးဆိုးကြီးတို့မှ ကင်းလွတ်အောင် အဘယ်သို့ လိုက်နာကြရပါသနည်း။ ။ (မေး)

(ခ) ဤလောကဌ် နိဗ္ဗာန်တက်လမ်း ကမ္မဋ္ဌာန်းတရားများကို သင်ပြဟောပေးနိုင်သော သပ္ပုရိသုပနိဿယ, ကလျာဏမိတ္တ, သဗ္ဗညုပဏ္ဍိတ, ခေါ်ပညာရှိအပေါင်း သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ကြ၍၊ ကမ္မဋ္ဌာန်း၏ ဘေးရန် အန္တရာယ် အသွယ်သွယ် တို့ကို ဖြစ်စေ တတ်သော (ပလိဗောဓ)ခေါ် ကြောင့်ကြကြီး.ငယ် အသွယ်သွယ်တို့ကို ပယ်ဖြတ်ပြီးလျှင် ဓမ္မာနုဓမ္မ ပဋိပတ် ဖြစ်သော (စတုရာရက္ခ သဗ္ဗတ္ထက) ကမ္မဋ္ဌာန်းများကို ရှေးဦးစွာ ရှုပွါးပြီးလျှင် ထိုက်သင့်သောကမ္မဋ္ဌာန်းတရားများကို ရှုပွါးဆင်ခြင်ကြပါသော ယောဂီရှင်တို့မှာ ထိုထိုဘေးရန်ဆိုးကြီးတို့မှ လွတ်ကင်းနိုင်ပါသည်။ ။ (ဖြေ)

## ကြောင့်ကြကြီး ၁၀–ပါး။

(က) ထိုစကားရပ် တို့တွင် (ပလိဗောဓ) ခေါ် ကြောင့်ကြကြီး ၁၀–ပါး ဟူသည် အဘယ်ပါနည်း။ ။ (မေး)

(ခ) အာဝါသောစ ကုလံ လာဘော၊ ဂဏော ကမ္မဥ္စ ပဉ္စမံ၊
အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓီတိ တေ ဒသ၊ ။
ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မိန့်မှာသည့်နှင့်အညီ၊

(ခ) (အာဝါသောစ)ကျောင်း,အိမ်,ဥယျာဉ်,ခြံ,အိပ်ရာ,နေရာဟုဒ်။ (၁) (ကုလဉ္စ) မျိုးဆွေ စသား။ ပြုဖူးလုပ်ကျွေးတတ်သော သူများဟုဒ်။ (၂) (လာဘောစ) ပစ္စည်းဥစ္စာ။ လာဘ်သပ္ပကာဟုဒ်။ (၃) (ဂဏောစ) ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက် စသား။ ကြီးမှူးဥက္ကဋ္ဌ နာယက ပုဂ္ဂိုလ်များဟုဒ်။ (၄) (ပဉ္စမံ) ငါးခုမြောက်သော။(ကမ္မဉ္စ)ပြုဘွယ်ကိစ္စ။ အမှုသစ်စ။ နဝကမ္မဟုဒ်။ (၅) (အဒ္ဓါနဉ္စ) လမ်းခရီးသွားမှု။ ကိစ္စဟုဒ်။ (၆) (ဉာတိစ) မိ,ဘ စသား။ ဆွေမျိုး ကိစ္စများဟုဒ်။ (၇) (အာဗာဓော စ)ကိုးဆဲ့ခြောက်ဖြာ။အနာရောဂါဟုဒ်။(၈)(ဂန္ထောစ)စာပေသင်ကြား။ ပို့ချ ရေးသားမှု ကိစ္စဟုဒ်။ (၉) (ဣဒ္ဓိစ) ပုထုဇ္ဇဉ်တန်ခိုး။ အမျိုးမျိုးဘန် ဆင်းမှုကိစ္စဟုဒ်။(၁၀)(ဣတိ)ဤသို့။(ဧတ)ထိုကမ္မဋ္ဌာန်းဘာဝနာဘာရား။ ရှုပွါး အားထုတ်ဘို့ရာ များကို။ ပိတ်ပင်မြစ်တား ဖျက်ဆီး ကန့်ကွက် နှောင့်ယှက်ရန် များတို့သည်။ (ဒသ) သရုပ် ပိုင်းခြား။ ကြောင့်ကြမှု ဆယ်ပါးတို့ပေဘည်း၊ ။ဤသည်ကား ကြောင့်ကြကြီးအပြား ၁၀- ပါးတို့ ဖြစ်ပါသည်။ ။ (ဖြေ)

## ကြောင့်ကြမှုအတွက်ရှင်းပြချက်။

(က) ဤသို့ ကမ္မဋ္ဌာန်း ရှု စီးဖြန်း အားထုတ်ကြသော ယောဂီရှင် များအတွက် ကြောင့်ကြမှု အနှောင့်အယှက် ဘေးရန်ကြီး ၁၀-ချက် များမှ ကင်းလွတ်နည်းများကို ရှင်းလင်းစွာ ဖော်ပြပါ။ ။ (မေး)

(ခ)(၁) (အာဝါသပလိဗောဓ) အတွက်ကား-သင့်ရာ ပုဂ္ဂိုလ်များ ရှိခဲ့လျှင် လွှဲအပ်ခဲ့၍။မရှိခဲ့မူ ဘာမျှမငဲ့ကွက်ဘဲ ရက်စက်စွာစွန့်ခွါထွက် ၍ ကမ္မဋ္ဌာန်းဘာဝနာ အလုပ်ကိုသာ အားထုတ်ရပါသည်။ ။ (ဖြေ)

(၂) (ကုလပလိဗောဓ) အတွက်ကား-မိ,ဘ စသော အလုပ် အ ကျွေးဖြစ်သူတွေကိုပင် မငဲ့ကွက်ဘဲ။ရက်စက်စွာ ထွက်ခွါ၍ကမ္မဋ္ဌာန်း အလုပ်ကိုသာ အားထုတ်ရပါသည်။ ။ (ဖြေ)

(၃) (လာဘပလိဗောဓ) အတွက်ကား-ဘုန်းတန်ခိုး ကြီးမား၍ ပစ္စည်းဥစ္စာများကို ဘာမျှတွယ်တာငဲ့ကွက် တပ်မက် နှစ်သက်ခြင်းမရှိ ဘဲ။ရက်စက်စွာ စွန့်ပေးလှူခဲ့၍ ကမ္မဋ္ဌာန်း အလုပ်ကိုသာ အားထုတ်ရ ပါသည်၊ ။ (ဖြေ)

(၄) (ဂဏပလိဗောဓ) အတွက်ကား-ဂိုဏ်းဆရာနာယက ဥက္ကဋ္ဌ ပုဂ္ဂိုလ် များမှာ တဦးဦးကို ရှာဖွေ၍ လွှဲအပ်ခဲ့ရမည်။ ရှာဖွေ၍ မရခဲ့သော် အသင်တို့လည်းချမ်းသာသလိုနေကြသွားကြဟုဆို၍ ရက်စက်စွာ ထွက်ခွါပြီး လွတ်လွတ်ကြီး ကမ္မဋ္ဌာန်း ကိုသာ အားထုတ်ရ ပါသည်။ ။ (ဖြေ)

(၅) (ကမ္မပလိဗောဓ) အတွက်ကား-ထိုထို နဝကမ္မခေါ် အမှုသစ်ကြီး,ငယ် ကိစ္စအသွယ်သွယ်တို့ကို ရွက်ဆောင်မည့် ပုဂ္ဂိုလ်အား လွှဲအပ်ခဲ့ရမည်၊ မရခဲ့သော် ဆိုင်ရာတို့အား စွန့်ထားခဲ့၍ ထွက်ခွါပြီးလျှင် ကမ္မဋ္ဌာန်းကိုသာ အားထုတ်ရပါသည်။ ။ (ဖြေ)

(၆) (အဒ္ဓါနပလိဗောဓ) အတွက်ကား-လမ်းခရီး သွားလိုမှု ကိစ္စပြီးလျှင် ကမ္မဋ္ဌာန်းကိုသာ အားထုတ်ရပါသည်။ ။ (ဖြေ)

(၇) (ဉာတိပလိဗောဓ) အတွက်ကား-ဥပဇ္ဈာယ်,ဆရာ,မိ,ဘများမှာ မိမိမှတပါး အခြား လုပ်ကျွေးပြုရသူ မရှိပါမူကား ကျန်းမာအောင် လုပ်ကျွေး ပြုရ ပြီးလျှင် ထွက်ခွါပြီး ကမ္မဋ္ဌာန်း ကိုသာ အားထုတ်ရပါ သည်။ ။ (ဖြေ)

(မှတ်ချက်) ရဟန်းများမှာကား နိဿရည်းလွတ်သောအင်္ဂါနှင့် ပြည့်စုံမှ ခွါထွက်ကျင့်ရ၏ဟုမှတ်။ ။

(၈) (အာဗာဓပလိဗောဓ) အတွက်ကား-မိမိအား အနာရောဂါ ပြင်းထန်စွာ နှိပ်စက်နေပါမူ ၂-ရက် ၃-ရက်အတွင်း ကုသပယ်ရှင်း၍မှ မရခဲ့သော်။ ဟဲ့ ခန္ဓာအိမ် ငါသည် အသင်ခန္ဓာ အိမ်၏ ကျေးကျွန်လည်း မဟုတ် ခဲ့ချေ၊ သူရင်းငှါး အစေခံလည်း မဟုတ်ခဲ့ပေ။ အသင်ခန္ဓာ အိမ်ကြီးကိုသာ သား,သ္မီး,မယားများကို လုပ်ကျွေးမွေးမြူရသကဲ့သို့ ပြုရကျွေးမွေး လုပ်ကျွေးလာခဲ့သည်မှာ အစမထင် ဘဝသံသရာ ဝဋ်ဆင်းရဲကြီးသို့ ရောက်ခဲ့ရ၍ မဆုံးနိုင်အောင်ပင် များလှပေပြီ စသဖြင့် ကဲ့ရဲ့ရှုတ်ချအပြစ်ပြ၍ ရက်စက်စွာ ထွက်ခွါပြီးကမ္မဋ္ဌာန်း ကိုသာ အားထုတ်ရပါသည်။ ။ (ဖြေ)

(၉) (ဂန္ထပလိဗောဓ) အတွက်ကား-ထိုထိုကျမ်းဂန်များကို သင်ယူ,လေ့ကျက် ဆောင်ရွက် ပို့ချမှုများကို မပြုဘဲ ရပ်စဲ၍ ကမ္မဋ္ဌာန်းကိုသာ အားထုတ်ရပါသည်။ ။ (ဖြေ)

(၁၀) (ဣဒ္ဓိပလိဗောဓ) အတွက်ကား-ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်

ကိုသာ အားထုတ်သော ယောဂီပုဂ္ဂိုလ်၏တန်ခိုးဣဒ္ဓိပါဒ်ကိုသာ ဆိုလို ပါသည်။ ။ (ဖြေ)

(က) ဤသို့ ပြပြီးသော ၁၀-ပါးတို့မှာ ကမ္မဋ္ဌာန်း ဘာဝနာ တရားများကို အဟုတ်အား ထုတ်သော (ယောဂီ) ရှင်တို့၏ အနှောင့်အယှက် ကြောင့်ကြမှု အချက်များဖြစ်ပါသည်။ ။ (ဖြေ)

ဤတွင်၍ ကြောင့်ကြကြီး ၁၀-ပါးအမြွက်ပြီးပြီ။

## သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကို ပြခန်း။

(က) ဤသို့ပြဆိုပြီးသော ကြောင့်ကြကြီး ၁၀-ပါးတို့နှင့်လက်သဲ, ခြေသဲ, လှီးဖြတ်မှု ခေါင်းရိပ်ဆံချမှု သပိတ်ဖုတ်မှု အဝတ် သင်္ကန်းများကို ချုပ်မှု ဆိုးမှု ဖွတ်လျှော်မှု သုတ်သင်မှု စသောကြောင့်ကြ ငယ်များကိုလည်း ပယ်ရှင်းဖြတ်တောင်း လွတ်သပ်စေပြီးသော (ယောဂီ) ရှင်တို့မှာ အဘယ် ကမ္မဋ္ဌာန်း တရားများကို ရှေးဦးစွာ အားထုတ် ရပါသနည်း။ ။ (မေး)

(ခ) အလုံးစုံသော ယောဂီ ရှင်တို့ အလိုရှိအပ်သော။ (သဗ္ဗတ္ထက) ကမ္မဋ္ဌာန်းတမျိုး။ ။ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်, သဒ္ဓါစရိုက်, ပညာစရိုက်, ဝိတက်စရိုက် ပုဂ္ဂိုလ်အလိုက် ထိုက်သည့်အားလျော်စွာအသီးသီးကျင့်အပ်ဆောင်အပ်သော(ပါရိဟာရိယ)ကမ္မဋ္ဌာန်း တမျိုး။ ။အားဖြင့် ၂-ပါးအပြားရှိပါသည်။ ။ (ဖြေ)

(ဂ) တနည်းကား (ဗုဒ္ဓါနုဿတိ) ကမ္မဋ္ဌာန်း (မေတ္တာ) ကမ္မဋ္ဌာန်း (အသုဘ) ကမ္မဋ္ဌာန်း (မရဏာနုဿတိ) ကမ္မဋ္ဌာန်းဟူ၍ (စတုရာရက္ခ) ခေါ်သော အစောင့်တရားကြီး ၄-ပါးအားဖြင့်လည်းအချို့သော ဆရာမြတ်တို့က မိန့်ဆိုတော်မူကြပါသေးသည်။ ။ (ဖြေ)

## ဗုဒ္ဓါနုဿတိ ဘာဝနာပွါးနည်း။

(က) ထို (စတုရာရက္ခ)တရားကြီး ၄-ပါးတို့တွင် ခပ်သိမ်းသော ယောဂီ ရှင်တို့အား ပွါးများထိုက်သော (ဗုဒ္ဓါနုဿတိ) ကမ္မဋ္ဌာန်း ဘာဝနာများကို ဘယ်လိုပွါးများရပါသနည်း။ ။ (မေး)

(ခ) (အ-ရဟံ)-(အရ-ဟံ)-(အရဟံ)။-လိုရာတိုင်းမှာသုံးပါ။ ။

(၁) (အ-ရဟံ) ဆိပ်ကွယ်ရာအရပ်၌ မကောင်းမှုကို မပြုတော်မူတတ်သော မြတ်စွာဘုရား။ ။

(၂) (အရ-ဟံ) ကိလေသာစက် ရဲရန်မက်ကို ပယ်ဖျက်ခုတ်ထွင် သုတ်သင်ရှင်းလင်းတော်မူတတ်သော မြတ်စွာဘုရား။ ။

(၃) (အရဟံ) လူမင်း,နတ်မင်း, ဗြဟ္မာမင်းတို့၏ဝတ်စင်းကော်ရော်ပူဇော် အထူးကို ခံယူတော် မူထိုက်သော မြတ်စွာဘုရား။ ။ဤသို့စသည်ဖြင့် ပွါးများရပါသည်။ ။ (ဖြေ)

---

## ဘုရားဂုဏ်တော် ပွါးကျိုးလင်္ကာ။

(၁) ဗုဒ္ဓ ဖိနှော်၊ ကျေးဇူးတော်ကို၊ ပူဇော် နိစ္စ၊ ပွါးကုန်ကြသူ၊ များ
ဗိုလ်လူတို့၊ကြည်ဖြူကျိုးများ၊မိန့်ဖော်ကြားအံ့၊ ။တိုးပွါးရာဂ၊
စိတ်ကင်းပ၍၊ ဒေါသမရှု၊ မောဟပြုလျက်၊ ဖြောင့်ယူ စိတ်
ထား၊ ဂုဏ်တော်များ၌၊ ညွတ်တွားကြံမြင်၊ပီတိရွှင်၍၊ ကြည်
လင်စိတ်ဖွေး၊ ကိုယ်၌ မွေးလျက်၊ ချမ်းအေးသုခ၊ ပြည့်ပုံရ၏၊
ဗုဒ္ဓ အာရုံ၊ ကိုယ်လုံးထုံလျက်၊ တည်ပုံစိတ်ကောင်း၊ ဈာနင်
ပေါင်း၍၊ ညွတ်ပျောင်းဗုဒ္ဓ၊ ယင်းဂုဏာ၏၊ နက်သာ ဂုဏ်တော်၊
စိတ်ညွတ်ပျော်၍၊ ထင်ပေါ်ဈာန်ရ၊ထိုလုံ့လကြောင့်၊ဗုဒ္ဓရှိသေ၊
တုပ်ကွပေရှင့်၊ ထက်ဝေသဒ္ဓါ၊ သတိပါ၍၊ ပညာ ပြန့်ပြော၊
ကောင်းမှုပေါလျက်၊ ရွှင်သောမနသ်၊လွန်ဖော့မြတ်၍၊ကြောက်
တတ်ဘယာ၊ ဆင်းရဲတာကို၊ ကောင်းစွာသည်းခံ၊ ကျင့်နည်း
မှန်လျှက်၊ ဖန်ဖန်ရှုမြှော်၊ မြတ်ဖိနှော်နှင့်၊ ပေါင်းဖော် ယှဉ်တွဲ၊
ကျင့်မှီဝဲသို့၊ ထင်စွဲစိတ်ကြည်၊ ကိုယ်လုံးမှီ၍၊ စေတီအလား၊
ဓာတ်တော်ထားသို့၊ ဝပ်တွားကော်ရော်၊ ရှိပူဇော်အပ်၊ ဖိနှော်
မြတ်၌၊ ညွတ်တတ်စိတ်ကောင်း၊ အကုပေါင်းကို၊ မကောင်းမ
ယှဉ်၊ဘုရားမြင်သို့၊ရှောင်ကြဉ်ရှက်ကြောက်၊ အကုပျောက်၍၊
မျက်မှောက်ဈာန်ရှင်၊ မရလျှင်မူ၊ ကောင်းအင် သုဂတိ၊ရောက်
ရ၏ဟု၊ကျမ်းရှိပိသုန်၊ ကျိုးမြွက်ထုတ်သည်၊ ။အဟုတ်ဒုဒ္ဓ
ပွါးသုဘည်း။ ။

## (အထူးတိုက်တွန်းချက်)။

(က) ဤသို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာ ညွှန်ပြအပ်သော အကျိုးထူး များကို ထောက်ဆ၍ မမေ့မလျော့ ပွါးကြပါလေ။ ။

ဤတွင်၍ ဗုဒ္ဓါနုဿတိ ဘာဝနာ အကျဉ်းနည်း ပြီးပြီ။

## မေတ္တာဘာဝနာပွါးနည်း။

(က) မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းတရားများကို အဘယ်သို့ပွါးများ ရပါသနည်း။ ။ (မေး)

(ခ) အမိ ချမ်းသာပါစေ။ ။အဘချမ်းသာပါစေ။ ။ဆရာချမ်း သာပါစေ။ ။သံဃာတော်တွေ ချမ်းသာပါစေ။ ။တကျောင်းလုံးချမ်း သာပါစေ။ ။တတိုက်လုံး ချမ်းသာပါစေ။ ။ကျေးဇူးရှင်တွေ ချမ်း သာပါစေ၊ ။တအိမ်လုံး ချမ်းသာပါစေ။ ။တဆွေလုံး ချမ်းသာပါ စေ။ ။တရပ်လုံး ချမ်းသာပါစေ။ ။တမြို့လုံး ချမ်းသာပါစေ။ ။တ နယ်လုံး ချမ်းသာပါစေ။ ။တပြည်လုံး ချမ်းသာပါစေ။ ။တကမ္ဘာ လုံး ချမ်းသာပါစေ။ ။အားလုံး ချမ်းသာပါစေ။ ။ဤသို့စသည်ဖြင့် အဟုတ် ချမ်းသာ စေလိုသော စိတ်ကို ထားကာမျှသ ပွါးများ ရပါ သည်။ ။ (ဖြေ)

## မေတ္တာပွါးကျိုးလင်္ကာ။

(၁) မေတ္တာအကျိုး။အိပ်နိုးချမ်းသာ၊ ယုတ်မာမမက်၊ နှစ်သက်နတ် လူ။ နတ်များကူ၍။ ဆိပ်ပူမနှံ့။ စိတ်ပြန့်တည်ကြည်။ ဗှာသည့် မျက်နှာ။ သေခါမတွေ။ ဖြစ်စေဗြဟ္မာ။ ဆဲ့တဖြာသည်။ ။ပွါး ပါမေတ္တာချစ်ကျိုးတည်း။ ။

## (အထူးတိုက်တွန်းချက်)။

(က) ဤမေတ္တာပို့များကိုလည်း မမေ့မလျော့ ပွါးကြပါလေ။ ။

ဤတွင်၍ မေတ္တာဘာဝနာ အကျဉ်းနည်း ပြီးပြီ။

## အသုဘဘာဝနာပွါးနည်း။

(က) အသုဘ ဘာဝနာ ကမ္မဋ္ဌာန်း တရားများကို အဘယ်သို့ပွါးများရပါသနည်း။ ။ (မေး)

(ခ) ဆံပင်,အမွေး,ခြေသည်း လက်သည်း,သွား,အရေ။ (၅)

(ဂ) အသား,အကြော, အရိုး,ရိုးတွင်းချင်ဆီ,အညှို။ (၅)

(ဃ) နှလုံး,အသည်း,အမြှေး,အပြင်,အဆုပ်။ (၅)

(င) အူမ,အူသိမ်,အစာသစ်,အစာဟောင်း,ဦးနှောက်။ (၅)

(စ) သည်းခြေ,သလိပ်,ပြည်,သွေး,ချွေး,အဆီခဲ။ (၆)

(ဆ) မျက်ရည်,ဆီကြည်,တံထွေး,နှပ်,အစေး,ကျင်ငယ်။ (၆)

ဤ ၃၂-ပါးသော အစုအဝေးတို့သည် စက်ဆုပ်ဘွယ် ရွံရှာဘွယ် အော့ချင်ဘွယ် အန်ချင်ဘွယ် မတင့်တယ် ပါတကား။ ။ဤသို့စသည်ဖြင့် အဟုတ် မတင့်တယ်မှုတွေကို စက်ဆုပ် ရွံလာအောင် ပွါးများရပါသည်။ ။ (ဖြေ)

### အသုဘပွါးကျိုးလင်္ကာ။

(ခ) ကာယဂတာ။ သတိဖြာ၍၊ ကေသာအစ(အသုဘ)ကို၊ ပွါးကြထင်ထင်၊ အပုပ်မြင်မူ၊ ကျိုးအင် ဟုတ်ရ။ ပေ်ထုတ်ပြအံ့၊ ။ များလှသံဝေ၊ထိဝ်လန့်နေရှင့်၊ကုန်စေယောဂ၊သတိရ၍၊ပွါးထပညာ၊ဉာဏ်ယှဉ်ပါ၍၊ထင်လာဉာဏ်လင်း,၊ မျက်မှောက်တွင်းဝယ်၊ ဧးခြင်း မြဲမြဲ၊ ပိဋ္ဌကရသို့၊ ဖိုလ်မှ ချမ်းသာ၊ ရာဂကွာ၍၊ ကောင်းစွာ နွေလျော်၊ တရားပျော်လျက်၊ ဈာန်ပေါ်, မဂ်ရ၊ နှစ်သက်ပ၍၊ ဘယကင်းကွာ၊ အရာရာကို၊ ကောင်းစွာ သည်းခံ၊ ကိုယ်ကျင့်မှန်သည်၊ ။ပွါးပြန်အသုဘကောင်းကျိုးတည်း။ ။

### (အထူးတိုက်တွန်းချက်)။

(က) ဤ အသုဘ ကို ပွါးများသော ယောဂီ ရှင်တို့မှာ အမြိုက်နိဗ္ဗာန်ကြီးကို သောက်ရသည်နှင့် တူသောကြောင့် မမေ့မလျော့ ပွါးများကြပါလေ။ ။

ဤတွင်၍ အသုဘ ဘာဝနာအကျဉ်းနည်းပြီးပြီ၊

## မရဏာဿတိဘာဝနာပွါးနည်း။

(က) မရဏာဿတိဘာဝနာကိုဘယ်လိုပွါးများရပါသနည်း။(မေး)
(ခ) ငါသေရမည်။ ။ဤသူသေသလို ငါသေရမည်။ ။တနေ့နေ့တော့ စေ့စေ့သေမည်။ ။ငါမကြာမီ သေရတော့မည်။ ။ဤသို့စသည်ဖြင့် သေဘေးကြီးကိုအဟုတ်ထင်မြင် ကြောက်လန့် သံဝေဂရလာအောင် ပွါးများရပါသည်။ ။ (ဖြေ)

## မရဏာဿတိပွါးကျိုးလင်္ကာ။

(ခ) မရဏာဿတိ။ ပွါးနည်းသိ၍၊ ပွါးဘိသောသူ၊ များဗိုလ်လူတို့၊ မှတ်ယူ အကျိုး။ မေ်ကွန်း ထိုးအံ့။ ။သေမျိုး သေမြဲ၊ ရှုရနဲကြောင့်၊ သေကွဲမပူ၊ ပွဲမပူရှင့်၊ စွဲယူမရဏာ၊ သတိရ၍၊ နိဝရဏကင်းကွာ။ ဈာန်အင်္ဂါနှင့်၊ ထင်စွာ သံဝေ၊ ထိပ်လန့်နေ၍၊ ရောက်စေမင်္ဂပြ၊ ဈာန်တက်ရလျက်၊ပေါ့ဆမေ့ကင်း၊ဘာဝရင်းကို၊ မုန်းပျင်း မှတ်ထင်၊ သက်မခင်ခဲ့၊ ဆိုးမြင်ပါပ၊ ကဲ့ရဲ့ချ၍၊ ကင်းပ သိမ္မီး၊ တကိုယ်တည်းဖြင့်၊ ပစ္စည်း လေးသွယ်၊ မခင်တွယ်၍၊စင်ကြယ်မနွှေ၊ဖြစ်,ပျက် သေကို၊ရှုနေ(အနိစ္စ)၊ (ဘိဇ္ဈန)ဟု၊ စိတ်ကထင်မြင်၊ဒုက္ခစဉ်တွေး၊ လွယ်ထင်သေးရှင့်၊ မြင်တွေးအနတ္တ၊ သိလွယ်လှ၍၊ ဘေးမှုမကြောက်၊ စိတ်မနောက်ဘဲ၊ သေပျောက်ရလျက်၊ ရောက်မြဲ နိဗ္ဗာန်၊ မရောက်ပြန်သေး၊ ထောက်ခံဒေးလှ၊မဆွေးရသည့်၊ ပေးချနတ်ရွာ၊ ရောက်ကြောင်းဖြာသည်။ ။ပွါးပါ မရဏာဿတိ ကောင်းကျိုးတည်း။ ။

## (အထူးတိုက်တွန်းချက်)။

(က) ဤမရဏာနုဿတိ ဘာဝနာလည်း အမြိုက်နိဗ္ဗာန်သို့ ရောက်ရသည်နှင့် တူသောကြောင့် မမေ့မလျော့ ပွါးများကြပါလေ သူတော်ကောင်းတွေတို့။ ။

ဤတွင်၍ မရဏာဿတိ ဘာဝနာအကျဉ်းနည်းပြီးပြီ။

ဤတွင်၍သဗ္ဗတ္ထက ခေါ် စတုရာရက္ခ ကမ္မဋ္ဌာန်း ဘာဝနာ
ပွါးနည်း အကျဉ်းအဖြွက်ပြီးပြီ။

## ကမ္မဋ္ဌာန်းတောင်းယူနည်း။

(က) ဤသို့ အဟုတ် ကျင့်လိုသောသူသည် ကမ္မဋ္ဌာန်း တရားများ ကို ဘယ်လို တောင်းယူရပါသနည်း။ ။ (မေး)

(ခ) ဤသို့ ၂-မျိုးသော ကမ္မဋ္ဌာန်းတို့ကို ပေးတတ်သော ဆရာ သမားတို့၏အထံသို့ ဆည်းကပ်ခစား တုပ်ဝပ်တွား၍ (ကမ္မဋ္ဌာနံဒေထ မေဘန္တေ)ဆို၍ငင်း။ (တပည့်တော်အား ကမ္မဋ္ဌာန်း တရားများကို ပေး သနားတော်မူပါဘုရား)ဟူ၍ငင်း ပြောဆို လျှောက်ထားကာ တောင်း ယူရပါသည်။ ။ (ဖြေ)

---

## ကမ္မဋ္ဌာန်းဆရာမြတ်၏ဂုဏ်အင်္ဂါ။

(က) ထိုထို ကမ္မဋ္ဌာန်းများကို ပေးတတ်သော ကမ္မဋ္ဌာန်းဆရာမြတ် ၏ ဂုဏ်အင်္ဂါတို့ကို ဖော်ပြပါ။ ။ (မေး)

(ခ)(၁) သိတင်းပြုစင် ချစ်ခင်လောက်သော ဂုဏ်ရှိရခြင်း။ ။

(၂) ကျောက်ထီး သို့ခိုင် အလေးအမြတ် ပြုနိုင် လောက်သော ဂုဏ်ရှိရခြင်း။ ။

**တနည်း။** သူတပါးတို့နှင့် မတူအောင် ထူးကဲ မြင့်မြတ်သော သီလ,သမာဓိ ရောင့်ရဲမှု ခေါင်းပါးမှုစသော ဂုဏ်များရှိရခြင်း။ ။

(၃) အတူနေချင်း မေတ္တာ ပြင်း၍ ချစ်ခြင်း သနားတတ် ချီးမွမ်း အပ်သော ဂုဏ်ရှိရခြင်း။ ။

(၄) သူတပါးတို့အား ကောင်းမြတ်အောင်ဆုံးမပြောကြားတတ် သော ဂုဏ်ရှိရခြင်း။ ။

(၅) သူတပါးတို့က ပြောဆို ကဲ့ရဲ့မှု တို့ကို ခံနိုင်သော ဂုဏ်ရှိ ရခြင်း။ ။

(၆) ရုပ်, နာမ် ပရမတ် ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်, သစ္စာ ၄-ရပ် စသော ခက်ခဲ နက်နဲသည့် တရားတော်များကို လွယ် လွယ် ကူကူ သိမှတ်ယူ နိုင်အောင် ဟောပြော ပြတတ်သော ဂုဏ်ရှိ ရခြင်း။ ။

(၇) မသင့်မတော် မလျော်မလျောက်ပတ်သော အရာဌာန ဟူ

သမျှတို့၌ မတိုက်တွန်းတတ်ဘဲ သင့်တော်ရာဌာနတို့၌သာ တိုက်တွန်းတတ်သော ဂုဏ်ရှိရခြင်း။ ။အားဖြင့် (အာစရိယ, ကလျာဏမိတ္တ) ဂုဏ်အင်္ဂါ ခုနစ်ပါးဟု ကျမ်းဂန်များ၌ လာရှိပါသည်။ ။ (ဖြေ)

ဤကား ဆရာမြတ်၏ ဂုဏ်အင်္ဂါ အကျဉ်းပြီးပြီ။

## တပည့်မြတ်တို့၏ဂုဏ်အင်္ဂါ။

(က) ထိုထို ကမ္မဋ္ဌာန်း တရားများကို အဟုတ် အားထုတ်လိုသော တပည့်မြတ်တို့၏ ဂုဏ်အင်္ဂါတို့ကို ဖော်ပြပါ။ ။ (မေး)

(ခ) မိမိဆည်းကပ် ခစားအပ်သော။ဆရာသမားများ၏ ဝတ်ကြီး, ဝတ်ငယ် အသွယ်သွယ်တို့ကို ပြုရခြင်း။ ။ရိုသေစွာ လိုက်နာကျင့်ကြံရခြင်း။ ။(ဣမာဟံ ဘန္တေ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိ)။ ။အရှင်မြတ်ဘုရား။ တပည့်တော်သည် ဤခန္ဓာအတ္တဘောကို အရှင်ဘုရားတို့အား စွန့်လှူဆောင်နှင်း အပ်နှံခြင်းအမှုကို ပြုပါ၏ဘုရား။ ။ဟူ၍ ၎င်း။ ။

(၁) ဣမာဟံ အတ္တဘာဝံ ဗုဒ္ဓဿ ပရိစ္စဇာမိ။ ။
(၂) ဣမာဟံ အတ္တဘာဝံ ဓမ္မဿ ပရိစ္စဇာမိ။ ။
(၃) ဣမာဟံ အတ္တဘာဝံ သံဃဿ ပရိစ္စဇာမိ။ ။
(၄) ဣမာဟံ အတ္တဘာဝံ အာစရိယဿ ပရိစ္စဇာမိ။ ။

တပည့်တော်သည် ဤခန္ဓာ အတ္တဘောကို မြတ်စွာဘုရားအား တရားတော်မြတ်အား သံဃာတော်မြတ်အား ဆရာတော်မြတ်အား စွန့်လှူပါ၏ အရှင်ဘုရားဟူ၍၎င်း။ အပ်နှံဆောင်နှင်းမှုတို့ကို ပြုရခြင်း။ ။ စသော တပည့်မြတ်တို့၏ ဂုဏ်အင်္ဂါတို့ကို ကျမ်းဂန်တို့၌ မိန့်ဆိုတော်မူကြပါသည်။ ။ (ဖြေ)

## တပည့်များအတွက် သက်သေသာဓက ထုတ်ပြချက်။

(က) ထိုမှတပါး တပည့်များအတွက် သက်သေ သာဓကကို အဘယ်သို့ထုတ်ပြချက်များ ရှိပါသနည်း။ ။ (မေး)

(ခ) ရှေးအခါ သိပ်ဟိုင်ကျွန်း၌(ဗုဒ္ဓပိဋကပါတိကတိဿ)မထေရ်မြတ်၏တပည့် ၃–ယောက်တို့တွင် တပည့်တပါးက အရှင်ဘုရားတို့၏ အကျိုး၄ါ ဆိုလျှင် အလံတရာ နက်သော တောင်ချောက် ကမ်းပါးပြတ်ကြီးထဲ၌ ခုန်ဆင်းချဘိုရာ ချဝံ့ ချရဲပါ၏ဘုရားဟုလျှောက်လေ၏။ ။ တပည့်တပါးကလည်း အရှင်ဘုရားတို့၏ အကျိုး၄ါဆိုလျှင် ဤတပည့်တော်၏ ခန္ဓာအတ္တဘောကို ခြေဖျားကျောင့်မှစ၍ ကျောက်ဖျာပြင်ပေါ်မှာ သွေး၍သွေး၍ အကြွင်းအကျန်မရှိ ကုန်ခမ်းအောင် ပြုဝံ့ပြုရဲပါ၏ဘုရားဟု လျှောက်လေ၏။ ။တပည့်တပါးကလည်းအရှင်ဘုရားတို့၏အကျိုး၄ါ ဆိုခဲ့သော် တပည့်တော်၏ ထွက်လေဝင်လေတို့ကို ပိတ်ဆို့အောင် ထား၍ သေဘိုရာ ပြုဝံ့ပြုရဲပါသည် ဘုရားဟု လျှောက်ထားလေ၏။ ။ ဤသို့ လျှောက်ထား ကြပြီးသော် ဆရာဖြစ်သော မထေရ်မြတ်က ဤရဟန်း ၃–ဦးလုံးတို့မှာ ကျွတ်ထိုက်သော ရဟန်းတို့သာဟု သိတော်မူ၍ ကမ္မဋ္ဌာန်း တရားများကို ဟောပြတော်မူ၏။ ။ထိုတပည့်ရဟန်း ၃-ဦးတို့လည်း ထိုဆရာမြတ်၏ အဆုံးအမ၌ တည်၍ များမကြာမီပင် (ရဟန္တာ) အဖြစ်သို့ချည်းရောက်ကြလေကုန်၏။ ။ဤသို့လျှင် တပည့်မြတ်များအတွက် သက်သေသာဓကများကို အဋ္ဌကထာဆရာထုတ်ပြချက်များ ရှိပါသည်။ ။ (ဖြေ)

ဤကားတပည့်များ၏ ဂုဏ်အင်္ဂါနှင့်အပ်နှံ့ကျိုး
သာဓက အကျဉ်းပြီးပြီ။

တနည်းကိုးကွယ်ရာကိုပြပုံ။

(က) ဤသို့ ကမ္မဋ္ဌာန်း အားထုတ်ရာ၌ ဆရာသမားကို ချည်းသာ မှီခိုကိုးကွယ် ထားသင့်ပါသလော။ ။ (မေး)

(ခ) အတ္တာဟိအတ္တနော နာထော၊ ကောဟိနာထောပရောသိယာ၊
အတ္တနာဟိ သုဒန္တေန၊နာထံ လဘတိ ဒုလ္လဘံ။ ။

ဟု ကျမ်းဂန်ဓမ္မပဒ ပိဋကပြတော်မူသည်ကို ထောက်ဆ၍ ဆရာသမားမှတပါး မိမိကိုယ်ကိုသာလျှင် ကိုးကွယ်ရာ မှီခိုရာ အားထားရာ အစစ် ဖြစ်လှပါသည်။ ။ (ဖြေ)

(အနက်ကား)။

(ခ) (အတ္တာပဟိ-အတ္တာဓိပေ) မိမိကိုယ်သည်သာလျှင် (အတ္တနော) မိမိ၏ (နာထော) ကိုးကွယ် မှီခိုအားထားရာတည်း။ (ဟိသစ္စံ)-မှန်၏။ (ပရော)မိမိမှတပါးတခြားသော(နာထော) ကိုးကွယ်မှီခို အားထားရာသည်။(ကောသိယာ)အဘယ်မှာလျှင်ဖြစ်နိုင်ပါမည်နည်း။(အတ္တနာဟိ-အတ္တနာဓိပေ)မိမိကိုယ်သည်ပင်လျှင် (သုဒန္တေန) ကောင်းစွာယဉ်ကျေးလိမ်မာစေသဖြင့် (ဒုလ္လဘံ) အလွန်တရာ ရခဲလှစွာသော (နာထံ) မဂ်, ဖိုလ်,နိဗ္ဗာန်။ကိုးကွယ်ရာမှန်ကို။(လဘတိ) မုချပိုင်ပိုင်။ရရှိနိုင်ပေ၏။ ။

ဤကား ကိုးကွယ်ရာ တနည်းပြပုံပြီးပြီ။

## တရားကို ဆောင်ရွက် မဆောင်ရွက်နှိုင်းယှဉ်ချက်။

(က) မြတ်စွာဘုရားရှင် ဟောတော်မူခဲ့သော ပိဋကတ် ၃-ပုံ၌ သင်,အံ,ဆောင်ရွက်မှုကိုပြုခြင်း သူတပါးတို့အား သင်ကြားပို့ချ ဟောပြော ပြသ သွန်သင် ဆုံးမမှုတို့ကို ပြုကာမျှဖြင့်လည်း တရားတော်ကို ဆောင်ယူသောသူဟု ခေါ်ဆိုရပါမည်လော။ ။ (မေး)

(ခ) ဤသို့ ပရိယတ်ကို သင်အံ ဆောင်ရွက်ခြင်း ပရိသတ်တို့အား သင်ကြား, ပို့ချ, ဟောပြောပြသ သွန်သင်ဆုံးမခြင်း စသည်တို့ကို ပြုလုပ် နေကာမျှဖြစ်သော ပုဂ္ဂိုလ်သည်ကား ဆရာသမားများ၏ အစဉ်အဆက် မပျက်ရအောင် အနွယ်မျှကို စောင့်ရှောက်သော ပုဂ္ဂိုလ်သာမည်ပါ၍၊မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကို ပြုလုပ်အားထုတ်နေသည်ဟု မဆိုထိုက်ပါ။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) ယဿ ယေန ဥဂ္ဂဟာဏာ ဓာရဏာ ဝါစနာဒိနာ ကာရဏေန ဗ ဟုံ ဘာသတိ တာဝတ္တကေန ဓမ္မဓရော နဟောတိ။ ။

(ဃ) န တာဝတာ ဓမ္မဓရော၊ယာဝတာ ဗဟုံ ဘာသတိ။
ယောစ အပ္ပံပိ သုတွာန၊ဓမ္မံကာယေန ပဿတိ။
သဝေ ဓမ္မဓရော ဟောတိ၊ယော ဓမ္မံ နပ္ပမဇ္ဇတိ။ ။

ဟူသောအဋ္ဌကထာပါဠိလာရှိတော်မူသည်ကို ထောက်ဆကာ သိရပါသည်။ ။ (ဖြေ)

(ဂ) (ယတ္ထ) ဘုရား၊ရှင် ဟောထားတော်မူသော အကြွင် တရားတော်၌ (ယေနဥဂ္ဃဋိတညုစရိတ ဝါစနာဒိနာ) အကြွင်သင်ခြင်း,ဆောင်ခြင်း, စာပေပို့ချခြင်းစသည့်တို့ကိုပြုခြင်းဟုဆိုအပ်သော (ယေနကာရဏေန) အကြွင်အကြောင်းဖြင့်။ (ဗဟုံ) များးစွာ။(ဘာသတိ) ဟောပြောပြသ၊ဆုံးမပေ၏။(တာဝတ္တကေန)ထိုမျှလောက်ဖြင့်။ (ဓမ္မဓရော)တရားတော်ကို ဆောင်ယူသောသူဟူသော အမည်ကိုရသည်။ (နဟောတိ) မဖြစ်နိုင်ပေ။ ။

(ဃ) (ယော) ရဟန်း,ရှင်,လူ၊ မည်သူမဆို၊ အကြွင်ပုဂ္ဂိုလ်သည်။ (ယာဝတာ) အကြွင်မျှလောက်၊(ဓမ္မံ)တရားတော်ကို၊(ဘာသတိ)ဟောပြောပြသ၊ဆုံးမပေ၏။ (တာဝတာ) ထိုမျှလောက်။ (ဓမ္မဓရော) တရားတော်ကို ဆောင်ယူသော သူမည်သည်၊ (နဟောတိ) မဖြစ်နိုင်သေး။ (ယောစ)ရဟန်း,ရှင်လူ၊မည်သူမဆို၊အကြွင်ပုဂ္ဂိုလ်သည်လည်း။(အပ္ပံ) အနည်းငယ်မျှသော၊(ဓမ္မမ္ပိ)တရားတော်မြတ်ကိုလည်း။(သုတွာန)ကြားနာရ၍ (ဗဟုံ)များပြားလှစွာ၊(ဘာသတိ)ဟောပြောပြသ၊ ဆိုဆုံးမပေ၏၊(သောပိ)ထိုပုဂ္ဂိုလ်သည်လည်း။(ဓမ္မဓရော) တရားတော်ကိုဆောင်ယူသူမည်သည်၊(နဟောတိ)မဟုတ်နိုင်သေး။ (ယော) ရဟန်း,ရှင်,လူ၊ မည်သူမဆို၊ အကြွင်ပုဂ္ဂိုလ်သည်၊ (ဓမ္မံ) တရားတော်ကို၊ (နပ္ပမဇ္ဇတိ) မမေ့မလျော့ဘဲ၊(ကာယေန) နာမကာယဖြင့်၊ (ဝါ) ဉာဏ်ပညာစိတ်အပေါင်းဖြင့် (ပဿတိ) နှေ့ညမပြတ် အထပ်ထပ် ရှုပွါးခါ နေရှာပေ၏၊ (သော)ထိုသူသည်၊ (ဓမ္မဓရော) တရားတော်မြတ်ကို ဆောင်ယူသောသူမည်သည်၊(ဟောတိ)ဖြစ်ရပေ၏။ ။

ဆောင်ပုဒ်ကဗျာ။

(၁) ကျမ်းဂန်များးလှ၊သင်ပို့ပြ၊ဆောင်ရ သူမမည်။ ။

(၂) ဓမ္မဓရ၊ဂုဏ်ထူးရ၊ကျင့်ကြ မြဲရှုတည်။ ။

---

တရားကို ကျင့်သူမည် မမည်။

(က) ထိုမှတပါး တရားကို ကျင့်နေသော ပုဂ္ဂိုလ်မည် မမည်ကို ခွဲပြပါ။ ။ (မေး)

(ခ) ပိဋကတ်တော်တွေကို သင်ကြားပို့ချသာနေ၍မဂ်,ဖိုလ်,ပညာ မရှိသော ပုဂ္ဂိုလ်ကို။ (ပရိယတ္တိဗဟုလ) ဟူ၍သာ ခေါ်ဆိုအပ်၏။ (ဓမ္မဝိဟာရီ) ပုဂ္ဂိုလ်ဟူ၍ မဆိုအပ်ပေ။ ။ထိုမှတပါး သင်ကြားအပ်ပြီးသော ပရိယတ်တရားများကိုသာ အကျယ်အားဖြင့် သူတပါးတို့အား ဟောကြားပြသနေသော ပုဂ္ဂိုလ်ကိုလည်း။ (ပညတ္တိဗဟုလ) ဟူ၍သာ ဆိုအပ်၏။(ဓမ္မဝိဟာရီ) ပုဂ္ဂိုလ်ဟူ၍မဆိုအပ်ပေ။ ။ထိုမှတပါး သင်ကြားအပ်ပြီးသော ပရိယတ်တရားများကိုသာ အကျယ်အားဖြင့် ရွတ်ဘတ် သရဇ္ဈာယ်နေသော ပုဂ္ဂိုလ်ကိုလည်း။ (သဇ္ဈာယဗဟုလ) ဟူ၍သာဆိုအပ်ပေ၏။(ဓမ္မဝိဟာရီ)ပုဂ္ဂိုလ်ဟူ၍ မဆိုအပ်ပေ။ ။ထိုမှတပါး သင်ကြားအပ်ပြီးသော ပရိယတ်တရားများကိုသာစိတ်ဖြင့် အဖန်ဖန်အထပ်ထပ်ကြံစည်မှတ်သားရှုစဉ်းစားနေသောပုဂ္ဂိုလ်ကိုလည်း။(ဝိတက္ကဗဟုလ) ဟူ၍သာ ဆိုအပ်ပေ၏။ (ဓမ္မဝိဟာရီ) ပုဂ္ဂိုလ်ဟူ၍ မဆိုအပ်ပေ။ ။ထိုမှတပါး ပရိယတ် ကျမ်းဂန်တရားများကို သင်ကြား၍ မဂ်,ဖိုလ်,ပညာကိုလည်းအပြားအားဖြင့် သိသော ပုဂ္ဂိုလ်ကိုသာလျှင်။(ဓမ္မဝိဟာရီ)ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်ပေ၏ဟု အင်္ဂုတ္တိုရ်ပါဠိတော်၌ဘုရားရှင် ဟောပြတော်မူပါသည်။ ။ (ဖြေ)

## အသပ္ပါယ ၇-ပါးတို့မှ ရှောင်ရှားရပုံ။

(က) ဤသမာဓိ အလုပ်စခန်း၌ ဖြောင့်တန်းလျောက်ပတ် အဘာယ်သို့ ရှောင်ကြဉ်အပ်ပါသေးသနည်း။ ။ (မေး)

(ခ) အာဝါသော ဂေါစရော ဘဿံ၊ပုဂ္ဂလော ဘောဇနံ ဥတု။
ဣရိယာပထောတိ သတ္တေတေ၊အသပ္ပါယေ ဝိဝဇ္ဇယေ။ ။

ဟူသည်နှင့်အညီ။ ။(၁) မထင်သတိ သမာဓိမရရှိသောကျောင်း ဇရပ်ရာနေရာ အရိပ် အာဝါသတို့ကို ရှောင်ကြဉ်ခြင်း။ ။(၂) ဝေး,နီး လွန်းရာမြို့ရွာ အရပ်တို့ကို ရှောင်ကြဉ်ခြင်း။ ။(၃) ဈာန်, မဂ် ဗိလာ တိရစ္ဆာနကထာ ၃၂-ဖြာစကားများကို ရှောင်ကြဉ်ခြင်း။ ။(၄) သီလ, သမာဓိ, ပညာမရှိဘဲ တိရစ္ဆာနကထာ များကိုသာ ပြောဆိုတတ်သော ပုဂ္ဂိုလ်များကို ရှောင်ကြဉ်ခြင်း (၅) မိမိနှင့် မသင့် မတင့်သော

ခဲဘွယ်,ဘောဇဉ်တို့ကိုရှောင်ကြဉ်ခြင်း။ (၆) မိမိနှင့်မသင့်မတင့်သော ပုဂ္ဂိုလ်မှ ဥတုတို့ကို ရှောင်ကြဉ်ခြင်း။ (၇) ရပ်,ထိုင်, လျောင်း, သွား မသင့်သောအဣရိယာပုထ်တို့ကို ရှောင်ကြဉ်ခြင်း။အားဖြင့် (အသပ္ပါယ) ၇-ပါးတို့ကို ရှောင်ကြဉ်အပ်ပါသေးသည်။ ॥ (ဖြေ)

(ဤမှပြန်၍ သပ္ပါယတို့ကိုသိကြပါလေ)။
ဤတွင် ပြိုးပြွမ်းမှတ်ဖွယ်တရပ် အပြီးသတ်လိုက်ပြီ။

## အာနာပါနဿတိ ကမ္မဋ္ဌာန်းစီးဖြန်းခဏ်း။

(က) ဤသို့ သဗ္ဗတ္ထက စတုရာရက္ခ ကမ္မဋ္ဌာန်းတရားများကို အားထုတ်ပြီးသော ယောဂီ ရှင်သည် ရှေးဦးစွာ စီးဖြန်းသင့်သော (အာနာပါန) ၏ ပါရိဟာရိယ ကမ္မဋ္ဌာန်းဘာဝနာကို နည်းလမ်းကျနသဲလွန်စ ရအောင် ရှင်းလင်းဖော်ပြပါ။ ॥ (မေး)

(ခ) ထို အာနာပါန ကမ္မဋ္ဌာန်းဘာဝနာဟု ခေါ်ဆိုရာတွင် (အာန) ဆိုသည်မှာ ထွက်သက်။ (ဝါ) ထွက်လေ။ (ဝါ) ရှူလေကို ဆိုလိုပါသည်။ ॥(ပါန) ဆိုသည်မှာ ဝင်သက်။(ဝါ)ဝင်လေ။ (ဝါ)ရှိုက်လေ။ ကိုဆိုလိုပါသည်။ ॥ (ဖြေ)

(ဂ) ကမ္မဿ ဌာနံ ကမ္မဋ္ဌာနံ ဟူသော ဝိဂ္ဂြိုဟ်နှင့် အညီ ပညာရှိအပေါင်း ယောဂီရှင် သူတော်ကောင်းတို့ ပြုကျင့် အပ်သော ကောင်းမှုကုသိုလ်ကံ ကိုဆိုလိုပါသည်။ ॥ (ဖြေ)

(ဃ) တနည်း ကမ္မဿ ပဋ္ဌာနံ ကမ္မဋ္ဌာနံ။ ဟူသည်နှင့် အညီ မိမိ ယောဂီရှင် ပြုသော အမှုကို ထင်ခြင်း, သိခြင်း ဉာဏ်ပညာကို ဆိုလိုပါသည်။ ॥ (ဖြေ)

(င) ဘာဝေတဗ္ဗာတိ ဘာဝနာ။ ဟူသည်နှင့်အညီ ယောဂီ ရှင်တို့ ပွါးများအပ်သောသမထဝိပဿနာပညာကိုဆိုလိုပါသည်။ ॥ (ဖြေ)

## သမထ ဝိပဿနာ ဘာဝနာ နည်းပုံ။

(က) ထိုတွင် သမထ,ဝိပဿနာ ဘာဝနာဟူသည် အဘယ်သို့ထူးခြားခြားနားပါသနည်း။ ॥ (မေး)

(ခ) သမေတီတိ သမထော။ ဟူသည်နှင့် အညီ လောဘ, ဒေါသ, စသော နီဝရဏတရားတို့ကို ငြိမ်းဧစေတတ်သော (သမာဓိ)ကို (သမထ–ဘာဝနာ)ဟု ဆိုလိုပါသည်။ ॥ (ဖြေ)

(ဂ) အနိစ္စာဒိ ဝိဝိဓေကာရေန ပဿတီတိဝိပဿနာ။ဘာဝေတဗ္ဗာတိဘာဝနာ။ဟူသည်နှင့်အညီ ရုပ်,နာမ်ဓမ္မသင်္ခါရတို့၌မမြဲမှုသဘောအစရှိသော အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့် ရှုမြင်တတ်သောဉာဏ်ပညာကို(ဝိပဿနာဘာဝနာ)ဟုဆိုလိုပါသည်။ ॥ (ဖြေ)

(က) ထို သမထ ဘာဝနာဝိပဿနာဘာဝနာ ၂–ဖြာကို ဘယ်လို ရှုမှတ်ရပါသနည်း။ ॥ (မေး)

(ခ) စိတ်၏တည်ကြည် ငြိမ်သက်မှု သမထဘာဝနာကို ရှုမှတ်ရပုံကား ရှုဆဲ,ရှိုက်ဆဲ ခဏတိုင်းတို့မှာ စိတ်ကိုဘယ်မှ မရောက်မသွားမပြန့်လွင့်စေဘဲ တည်ကြည် ငြိမ်သက်မှုသည်(သမထ ဘာဝနာ)မည်ပါသည်။ ॥ (ဖြေ)

(ဂ) ထိုရှုဆဲ,ရှိုက်ဆဲ ခဏတိုင်းမှာ ရှုသည်,ရှိုက်သည်ဟု မရှုမှတ်ဘဲ ယခု စိတ်သဘောနှင့် ယခုလေသဘော တို့အား ယခုမှအသစ် အသစ် ဖြစ်,ပျက် ဖြစ်,ပျက် နေခြင်း မျှသာပါတကားဟု ဟုတ်မှန်သောသဘောအားဖြင့် ထင်မြင်ခြင်း သည်ပင် (ဝိပဿနာ ဘာဝနာ) မည်ပါသည်။ ॥ (ဖြေ)

## အာနာပါန သမထကမ္မဋ္ဌာန်း အားထုတ်နည်း။

(က) ထိုတွင် အာနာပါန သမထ ကမ္မဋ္ဌာန်း၏ အားထုတ် စီးဖြန်းနည်း အမြွက်မျှဖော်ပြပါ။ ॥ (မေး)

(ခ) ထိုထိုလောဘ,ဒေါသ, နီဝရဏတို့မှ ကင်းကွာစေတတ်သော အာနာပါန ၏ ပါရိဟာရိယ ကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ် လိုသော ယောဂါဝစရ ပုဂ္ဂိုလ်သည် ခန္ဓာကိုယ် ဖြောင့်မတ်စွာထား၍ ... ခန့်ငြားတည်ငြိမ်သော ဣန္ဒြေများဖြင့် တင်ပလ္လင်ခွေ၍ ကျနအောင် ထိုင်လျက် မျက်စိကိုမှိတ်ပြီးလျှင် နှာခေါင်းဝအတွင်းထဲမှာပေါက်ရှိသော မွေးညှင်းပင်ဖျားတို့၌ အာရုံစိုက်ကာ မိမိ၏စိတ်ရှူး,စိတ်ရိုက်, စိတ်ကြမ်း စိတ်သရမ်းကြီးများကို ဘယ်အာရုံကိုမှ မသွားမရောက်စေဘဲ တည်ကြည်စွာထားရပါသည်။ ॥ (ဖြေ)

(ဂ) ထိုသို့ စိတ်တည်ကြည်ပြီးနောက် မိမိ၏ ထွက်လေတို့ကို အပြင်ဘက်သို့ ရှုထုတ်လိုက်သောအခါ ထိုလေတို့ကြောင့် ၎င်းနှာခေါင်းဝ အတွင်းရှိ မွေးညှင်းပင် အဖျားတို့သည် အပြင်ဘက်သို့ ယိမ်းယိုင်ကော့ညွတ်သွားကြကုန်၏ဟု ၎င်းမွေးညှင်းပင် ဖျားတို့၌ စိတ်ကိုတည်ထားစေ၍ ထွက်လာဆဲလေတို့ကို ထွက်သည်, ထွက်သည်ဟု ရှုမှတ်ရပါသည်။ ။ (မြေ)

(ဃ) ထို့အတူ ဝင်လာဆဲလေတို့ကိုလည်း ဝင်သည်, ဝင်သည်ဟု ရှုမှတ်ရပါသည်။ ။ (မြေ)

(င) ဤကဲ့သို့ မွေးညှင်းပင်ဖျားတို့၌ စိတ်တို့ကိုတည်ကြည်စွာထားကြ၍ ရှုထုတ်ဆဲခဏ ရှိက်သွင်းဆဲ ခဏတိုင်းတို့မှာ လေသွားရာသို့ စိတ်များကို မလိုက်မပါ မသွားကြစေဘဲ အလုပ်ပေးထားရပုံ ဥပမာသော်ကား။ ။

(၁) ဤလောက၌ မိဘတို့က ကလေးသူငယ် များကို ကစားဘို့ရာ မပေးထားပါလျှင် ပြင်လွင်တပါး နေပူမိုးရွာ များသို့ မသွားနှင့်ဟု ရိုက်ပုတ်ဆိုငြား မြစ်တားပါ သော်လည်း မရမနေမည်သာတည်း။ ထိုကလေးအား ကစားဘို့ရာဝတ္ထုတခုခုကိုပေးရှိထားပါက သွားပါဆိုသော်လည်း မသွားရာသကဲ့သို့။ ထို့အတူ ကလေးသူငယ်နှင့် တူသောစိတ်ကို နေပူမိုးရွာ နှင့်တူသော အာရုံတပါးသို့ မသွားစေရအောင် ကစားစရာနှင့် တူသော မွေးညှင်းပင် နှာသီးဖျားတို့၌ စိတ်ကို တည်ထားစေပြီးလျှင် တိုးခပ်တိုက်လာသော ရှုလေ ရှိုက်လေတို့ကို ဝင်သည်,ထွက်သည် ဟုရှုမှတ်ရပါသည်။ ။ (မြေ)

(၂) ဥပမာ တနည်းသော်ကား။ ဖြောင့်မတ်စွာ ရပ်လျက် လက်ကို အထက်သို့ကြာရှည်စွာ ဆန့်တန်းလိုသောသူသည် ကိုင်တွယ်စရာကြိုးတန်း ကြမ်တန်းများ ထားရှိ ပါလျှင် တနေကုန် ဖြစ်သော်လည်း တည်ထားနိုင် သကဲ့သို့ ထိုလက်နှင့် တူသော စိတ်ကို ကြိုးတန်း ကြမ်တန်းသဖွယ်ဖြစ်သော မွေးညှင်းပင်ဖျား, နှာသီးဖျားတို့၌ တည်ထားစေရပါသည်။ ။ (မြေ)

(၃) ဥပမာ တနည်း သော်ကား။ တောင်ဘက် အလည်ပဲ့တဲ့က နေ၍ ပခက်လွှဲသော သား၏ အမိသည် ထိုပခက် သွားရာသို့ မလိုက်

မပါရဘဲ ပခက်မှာ မြောက်သွားသည့်, တောင်သွားသည်ဟု ထိုင်ရာ ကနေ၍ပင်မှတ်သား သိမြင်ရသကဲ့သို့။ ထို့အတူ မွှေးညှင်းပင်ဖျား,နှာသီးဖျားတို့၌ စိတ်ကို တည်ထား စေ၍။ ထွက်ဆဲခဏ ၎င်းမွှေးညှင်းဖျား၌ တိုက်ခပ် လာသော လေကို ထွက်သည်။ ဝင်ဆဲခဏ၌လည်း ၎င်းမွှေးညှင်းဖျား၌ တိုက်ခပ်လာသောလေကို ဝင်သည်ဟု သညာဖြင့် မှတ်၍ တည်နေသော စိတ်ကို (သမထ)ဟူ၍၎င်း။ (သမာဓိ)ဟူ ၍၎င်း ခေါ် ဆိုရပါသည်။ ။ (ဖြေ)

(၄) တနည်းကား။ မြစ်ရေ,ချောင်းရေများတက်လာ,ကျလာသော အခါကိုင်းပင်မြက်ပင်များ ယိမ်းယိုင်နေမှုကိုကြည့်ရှု၍ ရေတက်သည်, ရေ ကျသည် တို့ကို ရှုကြည့် မှတ်ရသကဲ့သို့ (လေ)ကို သိမှတ်ရပါသည်။ ။ (ဖြေ)

## သမာဓိ၌ သညာသတိ မြဲအောင်ရှုကြရာ။

(က) ထိုသမထကို အားထုတ်ရာ၌ အဘယ်ကဲ့သို့ ထင်မြင်အောင် မှတ်သားရပါသနည်း။ ။ (မေး)

(ခ) ထိုသမထအရာမှာ အမှတ်သညာ ကောင်းမှသာ သမာဓိ ရနိုင်ပါ၍ ဥပမာအားဖြင့် သစ်ကိုင်းများ လှုပ်ရှားနေသည်ကို မြင်သဖြင့် လေကို မမြင်သော်လည်း လေတိုက် နေသည်ဟု သိမှတ်ရ သကဲ့သို့၎င်း။ ။

(ဂ) လူသေကောင် ပုပ်ပွကြီး အရိုးစုကြီးများကို ပကတိ မျက်စိဖြင့် မြင်ရဘူးသော ယောဂီရှင်သည် ထို (အသုဘ,အဋ္ဌိက) ကမ္မဋ္ဌာန်းများကို ပွါးများလိုသောအခါ ၎င်းမြင်ဘူးသော ပရိကံသညာဖြင့် မှတ်သား၍ အသေကောင်,အပုပ်ကောင်, အရိုးစုကောင်ကြီးဟု စိတ်တည်နေအောင် နိမိတ်ဆောင်ကာ အဖန်ဖန်အထပ်ထပ် ရှုမှတ် ပွါးများသကဲ့သို့၎င်း။ ။

(ဃ) ထို့အတူ ဤ (အာနာပါန) သမထ ကမ္မဋ္ဌာန်း မှာလည်း မွှေးညှင်းပင်ဖျား နှာသီးဖျား တို့ကို ပကတိ မျက်စိဖြင့် မမြင်ရ သော်လည်း အာရုံတပါး စိတ်မသွား စေအောင် (သတိ) ဆောင်ကာ ထွက်

လေ,ဝင်လေ တိုးခပ်နေပါတကားဟု သညာဖြင့် မှတ်သား၍ ထင်မြင်အောင် ပွါးများရပါသည်။ ။ (ဖြေ)

(အမှာ) ဝိပဿနာ နည်းမဟာကို နောက်မှာပြလတ္တံ့။

ဤတွင်၍ အာနာပါန သမထသက်သက် အကျဉ်းအဖွင့်ပြီးပြီ။

## ပဋိညာဉ်။

(၁) ဤသို့သော တရားအစီအစဉ်ဖြင့် (စတုရာရက္ခ) တရားကြီး ၄-ပါးစသည် များကို ရေးသား ပြဆိုပြီး၍ ယခုအခါ၌ ဘုရားဟော (ဒေသနက္ကမ)နည်းအားဖြင့် မပြမူ၍ ယောဂါဝစရပုဂ္ဂိုလ်တို့ရှုပွါးအား ထုတ်လွယ်သော (အာရုဋ္ဌက္ကမ) နည်းအစဉ် အားဖြင့် သဒ္ဒါရုံ ဟူသော အသံသဘော တရားတို့၏ အဖြစ်သက်သက်ကိုသာ ထင်ရှားစွာပြဆို ရေးသားပေအံ့သတည်း။ ။

(၂) ယင်းသို့ ပြဆိုရေးသားရာ၌လည်း လူပြိန်း ဉာဏ်လေးသူတို့ပါ ထင်ရှားလွယ်ကူ မှတ်ယူ ရှုပွါးကြ စေခြင်း အကျိုးငှါ (အမေး)-(အဖြေ)အားဖြင့်ပင် ပေါ်လွင်စွာ ပြဆိုရေးသားရပါမည်။ ။

### အထူးမေတ္တာရပ်ခံတောင်းပန်ချက်။

(၃) သို့ဖြစ်၍လွယ်သည့်,ခက်သည့်,ကလက်သည့်, ကျဉ်းသည့်, ကျယ်သည့်, စသဖြင့် အပြစ်မရှုကြဘဲ အဆိ အနှစ် ရတို့ကိုသာ မှတ်ယူရှုပွါးကြရန် အထူး မေတ္တာရပ်ခံ တောင်းပန် အပ်ပါသည် သူတော်ကောင်း ပဏ္ဍိတ်အပေါင်းတို့။ ။

## သဒ္ဒါရုံအဖြစ်သက်သက်ပြခဏ်း။

### သဒ္ဒါရုံ အမေး အဖြေ။

(က) ယခုလို ခေါက်နေသောအခါ အသင်၏ နားပေါက်က ဘယ်လိုများ ကြားပါသနည်း။ ။ (မေး)

(ခ) ယခုလို ခေါက်နေသောအခါ ဒေါက်ဒေါက်ဟူသော အသံကို ကြားပါသည်။ ။ (ဖြေ)

### (အထူးမှာထား တိုက်တွန်းချက်)

(၁) ကမ္မဋ္ဌာန်း ဘာဝနာ ဥာဏ်၌ လက်တွေ့ဗိုဇ္ဈ ဟုတ်မှန်စွာ မှတ်သား ရှုပွါး နည်းရလွယ်ကြရအောင် ကြာရှည်စွာ ထင်ရှား ပေါ်လွင်နေသော အသံများကို မကြားရှိပါလျှင် လက်စသည်ဖြင့်ပင် တခုခုကို ခေါက်၍,ခေါက်၍ ရှုကြ,ပြကြ,စမ်းပါ။ ။

---

(က) ယခုလို ဒေါက်, ဒေါက်အသံကို ကြားနေခဲအခိုက်မှာ စိတ်များ ပြန့်လွင့်သွားနေပါသေးသလော။ ။ (မေး)

(ခ) ယခု အခါ ဘယ်ကိုမှ စိတ်မပြန့် လွင့်တော့ဘဲ ဤဒေါက်, ဒေါက်အသံ၌သာ အာရုံရှုးစိုက်စွာ စိတ်တည်နေပါတော့သည်။ (ဖြေ)

### (အထူးသတိပေးချက်)

(၁) ဤစာဘတ်ရင်းပင် တည်ကြည်စွာ နားထောင်ကြည့်ကြစမ်းပါ။အာရုံတပါး စိတ်မသွားကြပါစေနှင့်။ ။

---

### စိတ်တည်က သမထဖြစ်ပုံ။

(က) ဤလိုစိတ်တည်နေမှုကို အဘယ် ဘာဝနာ ကမ္မဋ္ဌာန်း တရားများကိုပွါးများအားထုတ်၍နေသောသူဟုခေါ်ဆိုရပါသနည်း။ ။(မေး)

(ခ) ဤလို စိတ်တည်နေမှုကို သမထ ဘာဝနာကမ္မဋ္ဌာန်း တရားများကို ပွါးများအားထုတ်၍နေသောသူဟု ခေါ်ဆိုရပါသည်။ ။(ဖြေ)

(က) အဘယ်သို့သော (ဝစနတ္ထ)ဝိဂြိုဟ်ကြောင့် သမထ ဘာဝနာ ကမ္မဋ္ဌာန်းတရားဟု ခေါ်ဆိုရပါသနည်း။ ။ (မေး)

(ခ) နီဝရဏေ သမေတီတိသမထော။ ။(ယောသဘာဝေါ) အကြင်သဘော တရားသည်။(နီဝရဏေ) လောဘ,ဒေါသ, ကာမစ္ဆန္ဒစသော နီဝရဏတရားတို့ကို။(သမေတိ) တဒင်,ဝိက္ခမ္ဘနအားဖြင့် ငြိမ်းစေတတ်၏။ (ဣတိတသ္မာ) ထို့ကြောင့်။ (သောသဘာဝေါ) ထိုသဘောတရားသည် (သမထော) သမထမည်၏။ ။ဤဝစနတ္ထ ဝိဂြိုဟ်အရ အဝိဇ္ဇာနီဝရဏမှတပါးကာမစ္ဆန္ဒ စသောနီဝရဏတို့ကို တဒင်, ဝိက္ခမ္ဘန အားဖြင့် ငြိမ်းစေတတ်သောကြောင့် သမထခေါ် (သမာဓိ) စေတသိက်ကို ဆိုလိုပါသည်။ ။ (ဖြေ)

(ဂ) ဘာဝေတဗ္ဗာတိ ဘာဝနာ။ ။(ယာဓမ္မဇာတိ)အကြင်ဉာဏ် ပညာတရားကို။(ဘာဝေတဗ္ဗာ)ယောဂီမြတ်တို့ပွါးများစေအပ်၏။(ဣတိ တသ္မာ) ထို့ကြောင့်။ (သာဓမ္မဇာတိ) ထိုဉာဏ်ပညာ တရားသည်။ (ဘာဝနာ)ဘာဝနာမည်၏။ ။ဤ ဝစနတ္ထဝိဂြိုဟ်အရမှာ သမထ, ဝိပဿနာ ယင်း ၂-ဖြာကို ပွါးများတတ်သော (ပညိန္ဒြေ) စေတသိက်ကို ဘာဝနာဟု ဆိုလိုပါသည်။ ။ (ဖြေ)

(ဃ) ကမ္မဿ ဌာနံ ကမ္မဋ္ဌာနံ။ ။(ကမ္မဿ) သမထဘာဝနာ, ဝိပဿနာ ဘာဝနာ။ကံ ၂-ဖြာ၏။(ဌာနံ)ဖြစ်ကြောင်းဖြစ်ရာတည်း။(ကမ္မဋ္ဌာနံ) ဘာဝနာ ၂-တန်။ကောင်းမှုကံ၏ ဖြစ်ကြောင်းဖြစ်ရာ။ (ဝါ) ကမ္မဋ္ဌာန်းဟု ဆိုလိုပါသည်။ ။ (ဖြေ)

(င) တနည်း။ကမ္မဿ ပဋ္ဌာနံ ကမ္မဋ္ဌာနံ။ ။(ကမ္မဿ) မိမိပြုလုပ်အားထုတ်အပ်သော ကောင်းမှုမြတ်၏ (ပဋ္ဌာနံ) သညာ, ဉာဏ်ပညာ၌ ထင်ခြင်းတည်း။ (ကမ္မဋ္ဌာနံ) မိမိပြုလုပ်အားထုတ်အပ်သော ကောင်းမှုမြတ်၏သညာ, ဉာဏ်ပညာ၌ ထင်ခြင်း။ ။ဤဝစနတ္ထ ဝိဂြိုဟ်အရမှာ မိမိပြုလုပ်အားထုတ်အပ်သော ကောင်းမှုမြတ်ကို မိမိ၏သညာ, ဉာဏ်ပညာ၌ ထင်မြင်မှုကိုကမ္မဋ္ဌာန်းဟု ဆိုလိုပါသည်။ ။ (ဖြေ)

(စ) သမထောဝေ ဘာဝနာ သမထဘာဝနာ။ ။(သမထောဝေ) စိတ်တည်ကြည်သော သမထကမ္မဋ္ဌာန်းသည်ပင်လျှင် (ဘာဝနာ) ဘာဝနာမည်၏။(ဝါ) ပွါးများခြင်းဖြစ်၏။ ။

(ဆ) ကမ္မမေဝ ဌာနံ ကမ္မဋ္ဌာနံ။ ။(ကမ္မမေဝ)ဘာဝနာကံ ၂-တန် သည်ပင်လျှင်။ (ဌာနံ) ဈာန်, မဂ်, ဖိုလ်ကို ရခြင်း၏ ဖြစ်ကြောင်း တည်ကြောင်းတည်း။(ကမ္မဋ္ဌာနံ)ဘာဝနာကံ ၂-တန်သည်ပင်လျှင်ဈာန်,မဂ်, ဖိုလ်ကို ရခြင်း၏ ဖြစ်ကြောင်း တည်ကြောင်း။ ။ဤသို့ ပြအပ်သော (ဝစနတ္ထ) ဝိဂြိုဟ် ဖွင့်ဆိုအပ်သည်တို့နှင့်အညီ သမထ ဘာဝနာ ကမ္မဋ္ဌာန်းမည်ပါသည်။ ။ (ဖြေ)

---

## စိတ်တည်က လောဘဒေါသတို့ မဖြစ်ပုံ။

(က) ဤအသိ၌ စိတ်တည်နေသောအခါ ငါသည့်မည်သည့်ပစ္စည်း ဥစ္စာများကို လိုချင်သည် ဟူသော။ (လောဘ) စိတ် မည်သူက ငါ့ကို

ဘယ်လိုဆဲဆိုရှိ ဒွင်းသူကို ဘယ်လို ငါပြန်ပြောဦးမည် ဟူသော(ဒေါသ)စိတ်များဖြစ်နေပါသေးသလား။ ။ (မေး)

(ခ) ဤလိုစိတ်တည်နေသောအခါ ထိုထို (လောဘ,ဒေါသ) စိတ်များ မဖြစ်ပွါးတော့ပါ။ ။ (ဖြေ)

**(အထူးသတိပေးချက်)။**

(၁) စိတ်ရူး စိတ်နှမ်း စိတ်သရမ်းတွေကို (သတိ) ကြိုးဖြင့် ချည်ထားပါ။ ။

---

## စိတ်တည်အောင်လုပ်နည်း။

(က) စိတ်တည်အောင်အဘယ်ကဲ့သို့ပြုလုပ်ပေးရပါသနည်း။(မေး)

(ခ) ဤလောက၌ အရပ်တပါးသို့ လှည့်ပတ် သွားလာတတ်သော (အဂ္ဂိယ) သမားကိုမိမိနှစ်သက်ရာ ခတ်သတ္တု,နှင့် ဖားဖိုတခုခုကို ပေးထားသည့်အခါ ဘယ်ကိုမှ မသွားတော့ဘဲ မိမိဖိုထဲ၌သာစွဲမြဲစွာ ကပ်၍ တည်နေရာသကဲ့သို့ရင်း။ ။

(ဂ) အလွန်ရိုင်းစိုင်းသော နွားစသော တိရစ္ဆာန်များကို မိမိတို့နှစ်သက်ရာ အစာအာဟာရများကို ပေးကျွေးထားသည်ရှိသော် ထိုအစာအာဟာရတို့ကို စား၍သာ တည်နေရာသကဲ့သို့ရင်း။ ။

(ဃ) ထို့အတူ အဂ္ဂိယတ်သမားများနှင့် တူသော စိတ် တိရစ္ဆာန်ရိုင်းများနှင့် တူသောစိတ်ရူး စိတ်ရိုက်ကို အာရုံတပါးသို့ မပြေးသွားနိုင်အောင် ခတ်သတ္တု,ဖားဖို, အစာအာဟာရတို့နှင့် တူသော အသံတခုခုကို ပေးထား၍တည်ကြည်အောင် ရှုမှတ်ပွါးများရပါသည်။ ။(ဖြေ)

**ဆောင်ပုဒ်လင်္ကာ။**

(၁) စိတ်ရူးစိတ်နှမ်း။စိတ်ရိုက်ကာန်း။ သရမ်းငြိမ်ပါစေ။ ။

(၂) စိတ်တည်ငြိမ်က။သမထ။ဖြစ်ရကျိုးများထွေ။ ။

---

## ကမ္မဋ္ဌာန်းကို ပွါးများ အားထုတ်သည်မည်ပုံ။

(က) ဤလိုအသံတခုခု၌ စိတ်တည်အောင် ရှုမှတ်ပွါးများ နေရုံမျှနှင့် အဘယ့်ကြောင့် ကမ္မဋ္ဌာန်းတရားများကို ပွါးများအားထုတ် နေသည်ဟု ခေါ်ဆိုရပါသနည်း။ ။ (မေး)

(ခ) ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။ ။ဟူသောပါဠိနှင့် အညီ၊ ကမ္မဋ္ဌာန်းတရားတို့မှလွတ်သော တရားမည့်သည်မရှိဟုဆိုသောကြောင့် မိမိပြုလုပ်နေသော ကောင်းမှုတခုခုကိုမိမိသတိထင်လျှင် ကမ္မဋ္ဌာန်း မည်ပုံမှာ (အာနာပါန) ခေါ် အသက်ရှုမှု, ရှိုက်မှု တို့ကို သဗ္ဗဝါတိုင်းလိုပင် အမြဲတန်းရှူ,ရှိုက်နေကြသော်လည်း။ ။

(ဂ) ထို ရှူသည် ကိုပင် ရှူသည်ဟု မသိ။ ရှိုက်သည်ကိုပင် ရှိုက်သည်ဟု မသိက ကမ္မဋ္ဌာန်းမမည်နိုင် မဖြင်နိုင်ပေ။ ။

(ဃ) ထိုသို့ ရှူမှု, ရှိုက်မှုတိုင်းမှာ ရှူလျှင် ရှူမှန်းသိ, ရှိုက်လျှင် ရှိုက်မှန်း သိနေကြပါက (ဗုဒ္ဓဘာသာ) တိုင်းပင် ကမ္မဋ္ဌာန်းကို အားထုတ်နေသည်ဟု သိနိုင်ကြပါသည်။ ။

(င) ထို့ကြောင့် (ဒိဃံဝါ အဿသန္တော ဒိဃံ အဿသာမိတိ ပဇာနာတိ)စသည်ဖြင့်ပင် ဘုရားဟောရှိသောကြောင့်ထင်ရှားလှ၏။ ။

(စ) ထို (အာနာပါန) ကမ္မဋ္ဌာန်း တရား၌လည်း ရှူပြီးမှ ရှူသည်ဟု မမှတ်ရ။ ရှိုက်ပြီးမှ ရှိုက်သည်ဟု မမှတ်ရဘဲ ရှူဆဲခဏ၌သာ ရှူသည် ရှိုက်ဆဲခဏ၌သာ ရှိုက်သည်ဟု ရှုမှတ် ပွါးများရဘိသကဲ့သို့။ ။

(ဆ) ထို့အတူ ယခုကြားဆဲ ခဏ၌လည်း ရှိသောအသံကို လွတ်၍ ကြားပြီးသော အသံများကို ကြားသည်ဟု မမှတ်ရ။ မကြားသေးသော အသံများကိုလည်း ကြားသည်ဟုမမှတ်ရဘဲ။ ယခုကြားဆဲ အသံကိုသာလျှင် အာရုံပူးပိုက်စွာ နားထောင်နေ၍သာ ကြားသည့်,ကြားသည်ဟု အဖန်ဖန် အထပ်ထပ် မပြတ်မလပ်ရအောင် (သတိ) ဆောင်ကာ ရှုမှတ်ပွါးများ အားထုတ်၍နေခြင်းသည် (သမထဘာဝနာ) ကမ္မဋ္ဌာန်း တရားများကို ပွါးများ အားထုတ်၍ နေသောသူဟူ၍ ခေါ်ဆိုရပါသည်။ ။

(အထူးသတိပေးတိုက်တွန်းချက်)

(၁) ရှေးဦးစွာ အာရုံမရမတည်သေးမီ ခေါက်သောအသံကိုသာ အာရုံပြုကာ ရှုမှတ် ပွါးများကြပါ၊ ၎င်းကို သဘောကြလျှင် ပြောဆိုသောပုဂ္ဂိုလ်၏ တရားသံမှစ၍ နားဝသို့ ဆိုက်ရောက်သမျှသော အသံများကို အာရုံပြု၍ ရှုမှတ်ပွါးများစမ်းပါ၊ ။

## ပစ္စုပ္ပန် ရုပ်နာမ်ကိုသာ ရှုပွါးရပုံ။

(က) ဤသို့ ရှေးအတိတ်က ဖြစ်ပြီးသော အသံ သဘော နောင်အနာဂတ်၌ဖြစ်လတ္တံ့သော အသံသဘောတရားတို့ကို မရှုမှတ် မပွါးများရဘဲ။ ယခုပစ္စုပ္ပန် ဖြစ်ပေါ်ဆဲသော အသံသဘော တရားကိုသာ မချုပ်မပျက်မီ အစဉ်တစိုက် လိုက်ကာ, လိုက်ကာ ရှုမှတ်ပွါးရကြောင်းကို ဘုရားရှင်က အဘယ်သို့ ဟောပြတော်မူပါသနည်း။ ။ (မေး)

(ခ) အတီတံ နာန္ဝာဂမေယျ၊နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနံ တံ၊အပ္ပတ္တဉ္စ အနာဂတံ။ ။

(ဂ) ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊တတ္ထ တတ္ထ ဝိပဿတိ။
အသံဟိရံ အသံကုပ္ပံ၊တံ ဝိဒွါ မနုဗြူဟယေ။ ။

ဟု ဟောပြတော်မူပါသည်။ ။ (ဖြေ)

(ခ) (ယောဝိဒွါ)ဘာဝနာမြင်သိ။ အကြွင်ပညာရှိသည်။ (အတီတံ) ရှေးတိတ်ကာလ။ဖြစ်ပြီးသော ရုပ်,နာမ် ဓမ္မတွေကို။ (နာန္ဝာဂမေယျ)တဖန်အောက်မေ့။ ဆင်ခြင် တွေ့အောင်။ လိုက်၍ မရှုမမှတ်ရာ။ (အနာဂတဉ္စ) နောင်အနာဂတ် ကာလ၌ ဖြစ်လတ္တံ့သော ရုပ်,နာမ် ဓမ္မတွေကိုလည်း။(နပ္ပဋိကင်္ခေ) ကြံ့စည်တွေးတော၍ မရှုမမှတ်ရာ။ (ယံအတီတံ) ရှေးအတိတ်က။ ချုပ်,ပျက်ကြ လေပြီးသော အကြွင်ရုပ်,နာမ် တရားသည်။ (အတ္ထိ) ရှိ၏။ (တံ) ထိုရှေးအတိတ်က ချုပ်,ပျက်လေ. ပြီးသော ရုပ်,နာမ် တရားသည်။ (ပဟီနံ)ကွယ်ပျောက်လေပြီ။ (ယဉ္စ အနာဂတံ) နောင်အနာဂတ် ကာလ၌ ဖြစ်လတ္တံ့သော အကြွင် ရုပ်,နာမ် ဓမ္မသည်လည်း။ (အတ္ထိ)ရှိ၏။ (တဉ္စ)နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သောထိုရုပ်,နာမ်တရားသည်လည်း။ (အပ္ပတ္တံ)ယခုပစ္စုပ္ပန်အခိုက်၌ မပေါ်မဖြစ်မရောက်သေးသည်သာတည်း။ ။

(ဂ) (ယော)အကြွင်ယောဂီပုဂ္ဂိုလ်သည်။ (တတ္ထတတ္ထခဏေ)ထိုထို ဥပါဒ်,ဌီ,ဘင် ခဏာ၌။ (ပစ္စုပ္ပန္နံ) ပစ္စုပ္ပန် ဖြစ်ပေါ်ဆဲသော (ယဉ္စဓမ္မံ) အသံ စသော အကြွင် ရုပ်,နာမ် သဘောတရားကိုလည်း။ (ဝိပဿတိ) မထင်-ထင်အောင် ရှုမှတ်ပွါးများ နေ၏။ (တဉ္စ ဓမ္မံ) အသံစသော ထိုရုပ်,နာမ်သဘောတရားကိုလည်း။ (အသံဟိရံ)မပြောင်းမရွှေ့မီ။(အသံကုပ္ပံ) မချုပ် မပျက်မီ။ (သော) ပစ္စုပ္ပန် ဖြစ်သော အသံစသော ရုပ်,

နာမ် သဘောတရားတို့ကို၊ ဟုတ်မှန်စွာ မပြတ်၊ ရှုမှတ် ပွါးများတတ်သော ထိုယောဂီမြတ်သည်၊ (အနုပြုဟယေ)ဖြစ်,ပျက်,ဆင်းရဲ အစိုးမရပါတကားဟု အစဉ်မပြတ်စေဘဲ ရှုမှတ် ပွါးများရာ၏။ ။(ဖြစ်ဆဲ၌သာ ရှုပွါးရမည်ဟူလို)။ ။

(အဆူးမှာထားချက်) ။ဤမှနောက်၌လည်း ဤလိုပင်သိကြပါလေ။ ။

## ကြွားဆဲခဏာ ရှုပွါးရပုံ။

(က) ဤသို့ ယခုပစ္စုပ္ပန် ကြွားဆဲခဏာ၌ အဘယ်သို့ရှုမှတ် ပွါးများရမည်ဟု ဘုရားရှင်က ဟောပြတော်မူပါသနည်း။ ။ (မေး)

(ခ) သုတေ သုတမတ္တံ ဘဝိဿတိ။ ။ဟူသော ဘုရားဟောဖော်ပါဠိတော်အရ၊ယခုပစ္စုပ္ပန် ကြွားဆဲခဏာ၌ မိမိတို့နားဝ၌ ဆိုက်ရောက်တိုက်ဆိုင် သမျှသော အသံ သဘောများကို ကြွားတယ်, ကြွားတယ်ဟု ရှုမှတ်ပွါးများရပါသည်။ ။ (ဖြေ)

(ခ) (သုတေ) အသံကို ကြွားသည်ရှိသော်။ (သုတမတ္တံ) အသံသဘောကိုကြွားကာမျှသည်၊(ဘဝိဿတိ)ဖြစ်ရာ၏။ ။(ဤကားအနက်)။

## (အထူးသတိပေးချက်)။

(၁) ဤသို့သော အသံ သဘောကို ရှုမှတ် ပွါးများသော ယောဂီရှင်တို့အား အသံသဘောမှာဘယ်အခါမျှမကင်းမဆိတ်သောကြောင့် အပန်တလဲလဲ ရှုမှတ်ပွါးများနိုင်, တွေ့နိုင်,သိနိုင် ပါသည်၊ အထူးသတိပြုကြပါ၊ ။

## သဒ္ဒါဘတ် ပရမတ် ပညတ်ခွဲပြခဏ်း။

(က) ယခု ကြွားဆဲခဏာ ထင်ရှား ရှိနေသော အသံများကို အနိစ္စ, ဒုက္ခ,အနတ္တ,မုချအမှန် ထင်မြင်နိုင်စေခြင်းအကျိုးငှါ (ပရမတ်,ပညတ်) ခွဲပြပါ၊ ။ (မေး)

(ခ) ယခုကြွားဆဲခဏာ၌နားဝမှာ တွေ့ရှိနေဆဲသော ဒေါက်ဒေါက်, ဒင်ဒင်, စီစီ စသော သဘော သက်သက်မျှသည် (ပရမတ်) စစ်စစ် ဖြစ်ပါသည်၊ ။ (ဖြေ)

(ဂ) ထိုသဘောမျှကိုပင် လောကဉ္စပြောဆို ဟောပြ လွယ်ကူကြ စေခြင်းအကျိုးငှါ သဒ္ဒါရုံ ဟူ၍၎င်း,အသံခေတ်ဟူ၍၎င်း, ရုပ်ဟူ၍၎င်း, ပရမတ်ဟူ၍၎င်း,သဘာဝဟူ၍၎င်း ခေါ်ဝေါ်သမုတ်ကြသော အမည်နာ မများကား။ (ဝိဇ္ဇမာန)ပညတ်များဖြစ်ပါသည်။ ။(ကွဲခဲစွ)။ (ဖြေ)

(ဃ) ထိုအသံဟူသော (ဝိဇ္ဇမာန)ပညတ်ကိုပင် ခေါ်သည်,ရိုက် သည်,ပြောသည်,ဆိုသည်,ငိုသည်, ရယ်သည်,တီးသည်, မှုတ်သည်, မြည်သည်-စသည်ဖြင့် ခေါ်ဝေါ်သမုတ်ကြသော ပညတ်ပေါ်မှာ ပညတ် ဆင့် အမည်နာမများကား (အဝိဇ္ဇမာန) ပညတ်များဖြစ်ပါသည်။ ။ (လွန်စွာအရေးကြီးလှ၏)။ ။ (ဖြေ)

**(အထူးမှာထားတိုက်တွန်းချက်)။**

(၁) ဤသို့ ပရမတ်, ပညတ် များကို သိခဲ, ကွဲခဲလှပါ၍ ကြားဆဲ ခဏာ၌သာ လက်တွေ့ဒိဋ္ဌ သိမြင်ကြရအောင် ခွဲမှတ်ကြ၍ ထင်ရှားနိုက် ယူနိုင်က (ဝိဇ္ဇမာန)မယူနိုင်က (အဝိဇ္ဇမာန)ဟု သိအောင် အထပ်ထပ် ခွဲပြကြပါ။ ။

---

**အသံသဘောတရား ထင်ရှား တွေ့ပုံ။**

(က) ဤသို့ (ဝိဇ္ဇမာန) ပညတ်ထဲမှ အသီးအခြား ထုတ်နုတ်၍ ယူ အပ်သော မချွတ်ဆတ်ဆတ် အသံပရမတ် သဘောတရားများကို အာရုံ ပြုနေဆဲ အခိုက်အတန့်၌ ၎င်းသဘောကို တွေ့ရအောင် ကြံစည်တွေး တော၍ မှတ်ယူ နေပါသေးသလား။ ။ (မေး)

(ခ) ဤအသံသဘောတရားများကို မကြံမစည်မတွေးတောဘဲနှင့် ပင် တွေ့ရပါသည်။ ။ (ဖြေ)

(က) ဤလို တွေ့ရခြင်းသည် ထင်ရှားရှိလို့ တွေ့ရသလား,ထင်ရှား မရှိလို့ တွေ့ရပါသလား။ ။ (မေး)

(ခ) ထင်ရှားရှိလို့သာ တွေ့ရပါသည်။ ။ (ဖြေ)

(က) ဤလို ထင်ရှား ရှိသော အသံ သဘောကို ထင်ရှားရှိသည်, ထင်ရှားရှိသည်ဟု ရှုမှတ်ပွါးနေပါလျှင် မှန်ပါသလား။ ။ (မေး)

(ခ) ထင်ရှား ရှိသော သဘောကို ထင်ရှားရှိ၏ဟု ရှုမှတ်ပွါးများ ခြင်းကြောင့် မှန်ပါသည်။ ။ (ဖြေ)

(က) ဤသို့ မှန်ပါလျှင် ယောဂီ ရှင်များမှာ ဘာကိုလို၍ တရားကို အားထုတ်ကြရပါသနည်း။ ။

(ခ) အမှန် သဘောတရားများကိုသာ ထင်မြင်လို၍ အားထုတ်ကြရပါသည်။ ။

## အမှန်ရှိသော အသံပရမတ်သဘောမျှကိုသာ ရှုပွါးရပုံ။

(က) ဤသို့အမှားပယ်ရှား အမှန်လိုလားသော ယောဂီ ရှင်များမှာ အဘယ်သို့ ရှုမှတ်ပွါးများရပါသနည်း။ ။ (မေး)

(ခ) အမှန်ထင်ရှားရှိသော အသံသဘောတရား သက်သက်မျှကိုသာ အာရုံပြု၍ နားဝမှာ ကြားတိုင်း,ကြားတိုင်း ဤသဘောကား အမှန်ထင်ရှားရှိသော သဘောပါတကား,အမှန်ထင်ရှားရှိသော သဘောပါတကားဟု မထင်,ထင်အောင် ရှုမှတ်ပွါးများရပါသည်။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) ဘူတံ ဘူတတော ပဿတိ။ ။ဟု ဘုရားရှင် ဟောပြတော်မူပါသည်။ ။

(ဂ) (ဘူတံ) အမှန် ထင်ရှား ရှိသော အသံ သဘောကို။ (ဘူတတော) အမှန် ထင်ရှားရှိပါတကားဟု။(ပဿတိ)ရှုအပ်၏။ (ဝါ) ဉာဏ်စက္ခုဖြင့်၊အမှန်ထင်ရှားရှိသည်ကိုသာ ရှုပွါးရမည်။ ။(အမှန်ရှိသော သဘောမျှကိုသာ ရှုကြပါ)။ ။

## အသံသဘောတရား၌ အမှန်အမှား ဥပမာကား။

(က) ဤသို့ ထင်ရှားရှိသော သဘော၌ အမှားပယ်ရှား အမှန်ရှုပွါးသော ယောဂီ ရှင်မှာ ဥပမာ အားဖြင့် အဘယ်သို့ မှတ်သား ရပါသနည်း။ ။ (မေး)

(ခ) ဤလောက၌ လူအများသည် ထင်ရှားသော(နေ)ကိုမြင်သော် (လ) ဟုမမှတ်မှားကြဘဲ (နေ) ဘဲဟု မှတ်သား ကြသကဲ့သို့ရင်း, ထင်ရှားသော (လ) ကိုမြင်သော် (နေ)ဟု မမှတ်မှားကြဘဲ(လ) ဘဲဟု မှတ်သားကြသကဲ့သို့ရင်း။ ။

(ဂ) ထို့အတူ ယခုကြားဆဲ ပစ္စုပ္ပန် အခိုက် အတန့်၌ ဖြစ်ပေါ်လာသော အသံသဘောများကို ကြားတိုင်း,ကြားတိုင်း ခေါက်သည်, ရိုက်သည်,နှက်သည်, ပြောဆိုသည်,ငိုသည်, ရယ်သည်, တီးမှုတ်သည်, မြည်သည်စသဖြင့် အမှတ်မမှားအထင်မမှားကြစေဘဲ ထင်ရှားရှိသော အသံသဘော သက်သက်မျှသာ ပါတကားဟု အဖန်ဖန်အထပ်ထပ် ရှုမှတ်ပွါးများရပါသည်။ ။ (ဖြေ)

(က) ဤသို့ အမှန် ထင်ရှား ရှိသော အသံ သဘော၌ ဘယ်လို ဥပမာအားဖြင့် ထင်မှားတတ်ကြပါသနည်း။ ။ (မေး)

(ခ) ဤသို့သော အမှန်သဘောကို ဥာဏ်မစော နိုင်သူများမှာ အသံသဘော၌ စကားပြောဆိုသည်, တရားဟောသည်, ငိုသည်, ရယ်သည်, မြည်သည် စသဖြင့် ပညတ် အမှားတွေကို ရှုမှတ်သားခဲ့သော် (နေ) ကိုမြင်ပါလျက်(လ) ဟုမှတ်မှားသကဲ့သို့ရှင်း,(လ) ကိုမြင်ပါလျက် (နေ)ဟု မှတ်မှားသကဲ့သို့ရှင်း။ ။

(ဂ) ထို့အတူ (ဝိပဿနာဘာဝနာ) အရာ၌လွန်စွာ မှားယွင်းကြပါသည်။ ။ (ဖြေ)

## ကြားတိုင်း ကြားတိုင်း ယခုမှ အသစ်အသစ်ဖြစ်ပုံ။

(က) ဤသို့ ကြားတိုင်း,ကြားတိုင်း ထင်ရှားရှိသော အသံ သဘောသည် ဘယ်အခါ၌ ဖြစ်ပါသနည်း။ ။ (မေး)

(ခ) ယခုကြားဆဲ ခဏ၌ ထင်ရှား ရှိသော အခိုက်မှာပင် ဖြစ်ပေါ်,ဖြစ်ပေါ်လာပါသည်။ ။ (ဖြေ)

(က) ယခုကြားဆဲ ခဏ၌ ဖြစ်ပေါ်လာသော အသံ သဘောတို့မှာ ရှေးအတိတ်ကဖြစ်ဘူးပါသလား။ ။ (မေး)

(ခ) ယခု အသံသဘောနှင့် ဆင်တူ မျိုးမှား အလားတူစွာ ဖြစ်ပေါ်လာဘူးကြသော အသံ သဘောတို့မှာ ရှေးအတိတ်ကပင် ချုပ်ပျက်ခဲ့ကြပြီး၍။ ယခုကြားဆဲခဏ၌ ဖြစ်သော အသံသဘောတို့ကား ယခုမှ အသစ်,အသစ်ဖြစ်ပေါ်, ဖြစ်ပေါ်လာပါသည်။ ။ (ဖြေ)

(က) ဤသို့နားဖြင့် ကြားတိုင်း,ကြားတိုင်း ယခုပစ္စုပ္ပန်၌ ဖြစ်ပေါ်လာဆဲသော အသံသဘောများကို ယခုကြားဆဲခဏမှအသစ်,အသစ်ဖြစ်,

ဖြစ်နေပါတကားဟု ရှုပွါးဆင်ခြင် ထင်မြင်စေရန် ကျမ်းဂန်၌ အဘယ်သို့ လာပါသနည်း။ ။ (မေး)

(ခ) ဇာတံ ရူပံ ပစ္စုပ္ပန္နံ။ တဿ နိဗ္ဗတ္တိလက္ခဏံ ဉဒယော။ ။ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌လာပါသည်။ ။ (ဖြေ)

(ခ) (ဇာတံ) ဖြစ်ဆဲဖြစ်သော။(ရူပံ) ဒေါက်ဒေါက်,စီစီ စသော အသံသဘောသည်။(ပစ္စုပ္ပန္နံ) ပစ္စုပ္ပန် သာတည်း။ (တဿ) ထိုပစ္စုပ္ပန်ဖြစ်ဆဲသော အသံသဘော၏။(နိဗ္ဗတ္တိလက္ခဏံ) နားဖြင့် ကြားတိုင်း, ကြားတိုင်း ယခုမှစ၍,စ၍ အသစ်, အသစ် ဖြစ်ပေါ်, ဖြစ်ပေါ်နေပါ တကားဟု ရှုမှတ် ပွါးများကြောင်းဖြစ်သော သဘောလက္ခဏာသည်။(ဉဒယော) ဉဒယမည်၏။(ဝါ)အဖြစ်လက္ခဏာမည်၏။ ။

အဖြစ်ဉာဏ်မြင်ဒိဋ္ဌိစင်ပုံ။

(က) ဤသို့ ဒေါက်ဒေါက်, ဒင်ဒင် စသဖြင့် အစဉ် မပြတ် ဖြစ်နေသော သဘောတို့ကိုကြားတိုင်း, ကြားတိုင်း ယခုစ၍, စ၍ အသစ်, အသစ်ဖြစ်,ဖြစ်နေပါတကားဟု ရှုမှတ်ပွါးများ အားထုတ်နေသူ ယောဂီပုဂ္ဂိုလ်တို့အားဘယ်အမှားများမှကင်းပျောက်စင်ကြယ်နိုင်ပါသနည်း။ (မေး)

(ခ) ဤသို့ ကြားတိုင်း,ကြားတိုင်း မြစ်ရေ စီးသွားသကဲ့သို့ဂင်းဆီ ဝီးလျှံကဲ့သို့ဂင်း အစဉ်မပြတ် အသစ်, အသစ် ဖြစ်, ဖြစ်နေသော အသံသဘောများကို ဟုတ်မှန်သောအတိုင်း ဉာဏ်ထင်မြင်သူ ယောဂီပုဂ္ဂိုလ်တို့အား စကားပြောသည်, ဆိုသည်,ငိုသည်,ရယ်သည်, တီးသည်, မှုတ်သည်,ဆဲသည်, ချီးမွမ်းသည်,ကဲ့ရဲ့သည်, အတင်းပြောသည် စသဖြင့် အထင်များသော (ဒိဋ္ဌိ) များကင်းပျောက်စင်ကြယ်၍ အစဉ် (သန္တတိ) ဖုံးလွှမ်း ကာကွယ်မှုတို့မှလည်း လွတ်ကင်းခြင်းအကျိုးများကို ရနိုင်ပါသည်။ ။ (ဖြေ)

ဆို့ကြောင်း။

(ဂ) ယထာဘူတံ ဇာနံ ပဿံ အန္တကရော ဟောတိ။ ။အစရှိသဖြင့် ဘုရားရှင် ဟောပြတော်မူပါသည်။ ။ (ဖြေ)

(ဂ) (ယထာဘူတံ)ရုပ်,နာမ်တို့၏ပာတ်မှန်စွာ ဖြစ်ရှိသောအတိုင်း။ (ဇာနံ-ဇာနန္တော) သိသောသူသည်။ (ပဿံ-ပဿန္တော) မြင်သောသူသည်။ (အန္တကရော) လောကဆုံးရာ။ နိဗ္ဗူတာတိုင်အောင်ပင် ရနိုင်သည်။(ဟောတိ) ဖြစ်၏။ ။

(အထူးမှာထား တိုက်တွန်းချက်)။

(၁) ဤကျမ်းစာ ဘတ်ရှုရင်းပင် အကျွေးမထားကြဘဲ လက်တွေ့ ဒိဋ္ဌ သိမြင်ကြအောင် အစဉ်မပြတ် ဖြစ်နေသော အသံသဘောများကို နားထောင် ကြည့်ကြ ပါလျှင် (ယထာဘူတ) ဉာဏ်ကို ရကြပါလိမ့်မည်။ ။သို့ရာတွင် အဖြစ်ကို ထင်မြင်သူတို့မှာ အပျက်ကိုပါ ရှုပွါးကြပါလေသူတော်တွေတို့။ ။

အသံခေတ်ကို ဥပမာဖြင့်ရှုမှတ်ပွါးပုံ။

(က) ထိုအသံသဘောများ အသစ်,အသစ်ဖြစ်ပွါးနေဟန်ကို ထင်ရှားစေရန် ဥပမာပုံစံအားဖြင့် ပေါ်ပြပါ။ ။

(ခ) နဒီသောတောဝိယစ ပဝတ္တတိ။ ။ဟူသောပါဠိနှင့်ညီစွာ။ ။ ဤလောကမှာ ပကတိ မျက်စိအမြင်ရှိသော ယောကျ်ားသည် ရေတွေ အစဉ်မပြတ် စီးသွားနေသောမြစ်ကမ်းနား၌ ရပ်လျက် ကြည့်ရှုနေစဉ် မိမိရှေ့၌ ရောက်လာ ဆဲသော ရေကို ယခုမြင်သော ရေကား ယခုမှ ရောက်ဆဲရေ ယခုမြင်သော ရေကား ယခုမှရောက်ဆဲရေဟု သေချာစွာ ရှုဆင်ခြင်သော် လွန်ပြီးသော ရေ, လာလတ္တံ့သော ရေတို့ ဟူ၍လည်းမထင်။ရေရှည်ရေတန်းကြီးဟူ၍လည်း မထင်မှတ်တော့ဘဲ။ တရေပြီးတရေ၊ တရေပြီးတရေတို့သာ အစဉ် မပြတ် ဆက်ကာ ဆက်ကာ ယခုမှအသစ်, အသစ်ရောက်လာပါတကားဟု ပိုင်နိုင်စွာ သိမြင်သောအခါ ပညာရှိကြီးဟု ခေါ်ဆိုသမုတ် ခံရသောသူများက ယခုရေတို့ကား ယခုမှစီးလာသော ရေများမဟုတ်။ မြစ်ဖြစ်စကပင် ရောက်နေသော ရေတွေဟု ဘယ်လိုပင် အတင်း ငြင်းခုံပြောသော်လည်း ထိုသူများ၏ စကားတို့ကို မယုံမူ၍ ယခုမြင်,မြင် နေသော ရေတို့ကား ယခု

မြင်ဆဲခဏမှ ရောက်ဆဲရေတွေ့ ဟူ၍သာ ကောင်းစွာ ဆုံးဖြတ်နိုင်သကဲ့သို့။ ။

(ဂ) ထို့အတူ အစဉ်မပြတ် ဖြစ်,ဖြစ် နေသော အသံ သဘောတို့ကို ယခုပစ္စုပ္ပန် ကြားဆဲအခိုက်၌သာ ဆက်ကာ,ဆက်ကာအသစ်,အသစ် ဖြစ်၍,ဖြစ်၍ နေပါတကား-ဟု သေချာစွာ ရှုမှတ်ပွါးများ တတ်သော ယောဂီမြတ်အား ယခုကြားဆဲခဏ၌ဖြစ်ကြသောအသံသဘောတို့ကား ရှေးအတိတ်က ဖြစ်ကြသော အသံ သဘောတွေ့,နောင်အနာဂတ်၌ ဖြစ်လတ့ံသော အသံသဘောတွေ့,ပါတကားဟု မာရ်နတ်ကြီးက ဘုရားယောင်ဆောင်၍ ဖန်ဆင်းပြီး အနည်းနည်း ပြောလာပါသော်လည်း ဤသူကား ဘုရားစစ် ဘုရားမှန် မဟုတ်၍သာ အမှန်ထင်မြင်သော အသံသဘောကိုမဟုတ်ဘူးဟူ၍သာ ပြောလာသည်ဟု ၎င်း၏စကားမှားတို့ကို မယုံနိုင်ဘဲ ယခုလို ဟုတ်မှန်သော အသံသဘောကို မိမိကိုယ်ပိုင် ဉာဏ်ဖြင့် ပိုင်နိုင်စွာ သိမြင်ခဲ့ပါလျှင် ယခုလို ငါထင်မြင်သည်က ဟုတ်သလော သူများ ပြောဆိုသည်ကပင် ဟုတ်သလောဟူသော တွေးတောယုံမှားမှု (သံသယ,ဝိဟ,ဝိစိကိစ္ဆာ) များတို့ပါ ကင်းကွာနိုင်ပါသည်။ ။ (ဖြေ)

(ထင်မြင်ခဲစွဖြစ်၍ အထပ်ထပ်ပွါးကြပါ)။

---

## သဏ္ဌာယ နှင့် ဒိဋ္ဌိ ခွဲပြချက်။

(က) ထိုသို့ ပြအပ်သော (သဏ္ဌာယ) နှင့် (ဒိဋ္ဌိ) အထူး အပြားကို ဘယ်လိုခွဲခြား၍ မှတ်သား ရပါသနည်း။ ။ (မေး)

(ခ) ကြားဆဲခဏ၌ အမှန် ထင်ရှားရှိသော ဒေါက် ဒေါက်, စီစီ စသော အသံ ပရမတ် သဘော သက်သက်သည် (သဏ္ဌာယ) ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ကြားဆဲခဏ၌ဖြစ်သော ၎င်းသဘောကိုပင်ခေါက်သည်,ရိုက်သည်,ပြော,ဟောသည်, ဆဲဆိုသည် စသည်ဖြင့် အထင်မှတ်မှားခြင်းသည် (ဒိဋ္ဌိ)ဖြစ်ပါသည်။ ။ (ဖြေ)

(ဃ) ဤသို့ (သဏ္ဌာယ)နှင့်(ဒိဋ္ဌိ) ၂-ခု ပေါင်းစပ်လျှင် ကြားဆဲ အခိုက်အတန့်၌ ဖြစ်ပေါ်လာ၍ အမှန် ထင်ရှားရှိသော အသံ ပရမတ်သ

ဘောတို့ကိုပင် ရိုက်နှက်သည်, ခေါက်သည်, ဟောပြောသည်, ဆဲဆို
သည်,ငိုသည်,ရယ်သည်, မြည်သည် စသည်ဖြင့် အထင်မှတ်မှားမှုကို
ပင် (သဏ္ဍာယဒိဋ္ဌိ)ဟု ခေါ်ဆိုပါသည်။ ။ (ဖြေ)

## သဏ္ဍာယဒိဋ္ဌိ ပုဒ်ကို ဝိဂြိုဟ်ထုတ်ဆိုပုံ။

(က) ထို(သဏ္ဍာယဒိဋ္ဌိ) ပုဒ်ကို ဝစနတ္ထဝိဂြိုဟ် အဘယ်သို့ ထုတ်ဆိုအပ်ပါသနည်း။ ။ (မေး)

(ခ) သဏ္ဌော ကာယော သဏ္ဍာယော။ ။

(ဂ) သဏ္ဍာယေ ဒိဋ္ဌိ သဏ္ဍာယဒိဋ္ဌိ။ ။ဟု ဝိဂြိုဟ် ဆိုအပ် ပါသည်။ ။ (ဖြေ)

(ခ) (သဏ္ဌော)ထင်ရှားရှိသော။(ကာယော)ဒေါက်ဒေါက်,ဒင်ဒင်, စိစိ စသော အခိုက် အတန့်၌ ဖြစ်သော အသံသဘောတည်း။(သဏ္ဍာယော)ထင်ရှားရှိသော ဒေါက်ဒေါက်, ဒင်ဒင်, စိစိ စသော အခိုက်အတန့်၌ ဖြစ်ပေါ်လာသော အသံသဘော။ ။

(ဂ) (သဏ္ဍာယေ) ထင်ရှားရှိသော ဒေါက်ဒေါက်, ဒင်ဒင်,စိစိ စသည်ဖြင့် ဖြစ်ပေါ်လာသော အသံသဘော၌ (ဒိဋ္ဌိ) ခေါက်သည်, ရိုက်သည်,ပြောသည်,ဆိုသည်,စသည်ဟု မှားသောအားဖြင့် ထင်မှတ်ခြင်းတည်း။ (သဏ္ဍာယဒိဋ္ဌိ)ထင်ရှားစွာ ဖြစ်ပေါ်လာသော အသံသဘော၌ ခေါက်သည်,ရိုက်သည်,ပြောသည်,ဆိုသည်စသည်ဟု မှားသောအားဖြင့် ထင်မှတ်ခြင်း။ ။

### ဆောင်ပုဒ်ကဗျာ။

(၁) ထင်ရှားရှိက။သဘောမျှ။သဏ္ဍာယ ဟူ၍မှတ်။ ။
(၂) ထင်ရှားမရှိဘဲ။ခေါက်,ဆိုစွဲ။ထင်လွဲ ဒိဋ္ဌိမှတ်။ ။
(၃) သဏ္ဍာယဒိဋ္ဌိ။မှန်မှားသိ။ပေါင်းမိ ပရမတ်,ပညတ်။ ။

### (အထူး ညွှန်ကြားချက်)။

ဤမှ နောက်နောက် တို့၌လည်း ဤနည်းကို မှီ၍ ဝိဂြိုဟ် ဖွင့်ဆိုပုံ (သဏ္ဍာယဒိဋ္ဌိ)ဖြစ်ပုံတို့ကို သိကြပါလေ။ ။

## အမှန်မြင်လျှင် အမှားအလိုလိုစင်ပုံ။

(က) ဤသို့သော (သက္ကာယဒိဋ္ဌိ)တို့မှကင်းကွာအောင် အဘယ်သို့ ဥပမာဆောင်၍ ရှုမှတ် ပွါးများရပါသနည်း။ ။ (မေး)

(ခ) ဤလောကဝေါဟာရ၌ ယောက်ျားကို မိန်းမ၏ အဝတ်အစား တို့ဖြင့် ဝတ်ဆင်ပြုပြင်ထားရာ၌ သိတတ်သူမှာ ၎င်းအမူအရာ အသွား အလာ အပြောအဆို စသည်များကို သေချာစွာ ထောက်ထား ကြည့် ရှုပါလျှင် ယောက်ျားဟု အမှန်အားဖြင့် သိနိုင်သကဲ့သို့။ ။

(ဂ) ထို့အတူ ဤသို့ ပြဆိုအပ်ပြီးသော နည်းများအတိုင်း ဒေါက် ဒေါက်,ဒင်ဒင်,စိစိ စသော ထင်ရှားရှိသည့် ပရမတ် ဆတ်ဆတ် သ ဘောမျှကိုသာ မိမိဥာဏ်၌ ထင်မြင်သော ယောဂီ ၎င်အား ခေါက် သည့်,ရိုက်သည့်,ပြောဆို,ပို့,ရယ်,မြည်သည့် စသော စွဲယူမှတ်မှားမှု (ဒိဋ္ဌိ) ရသည့် အလိုလို ကင်းပျောက်ပါသည်။ ။ (ဖြေ)

(အထူးအားပေးတိုက်တွန်းချက်)။

(၁) ထို (သက္ကာယဒိဋ္ဌိ) တို့မှ ကင်းစင် လိုသော ယောဂီ၅င်သည် ယခုပစ္စုပ္ပန် ကြားဆဲအခိုက်၌ ဖြစ်သော သဘော သက်သက်မျှကိုသာ ရှုပွါးကြပါ။ (သတိ,ဝိရိယ,ဉာဏ် ရှိကြပါစေ)။ ။

(၂) ဤလို အမှန်သဘောမြင်လျှင် အမှားကင်းစင်ပါလိမ့်မည်။ ။

(၃) ထို့ကြောင့် စာတွေ့ ပြောရုံမျှ မပြီးကြဘဲ ငါတွေ့ (ဒိဋ္ဌ) ရှုပွါး ကြပါ။ ။

---

## နွားကျောင်းသေိမ္ဘာ ရှုပွါးဘို့ရာ ဥပမာ။

(က) ဤလိုကြားတိုင်း,ကြားတိုင်းသော အသံသဘောတို့ကို ဘယ် လို ဥပမာအားဖြင့် ရှုမှတ် ပွါးများရပါသနည်း။ ။ (မေး)

(ခ) ဤလောက၌ လိမ္မာသော နွားကျောင်းသားသည်တနေ့လုံး သွားလာကျက်စား နေကြသော နွားများကို ၎င်းတို့သွားရာသို့ မလိုက် တော့ဘဲ၊ရေဆိပ်ကသော်၎င်း၊ မြဝကသော်၎င်း စောင့်ပြီး ရောက်လာ တိုင်းသော နွားများကိုစောင့်၍ စောင့်၍ ဖမ်းသကဲ့သို့။ ။

(ဂ) ထို့နည်းတူစွာ လိမ်မာမြင်သိ ပညာရှိသောယောဂီရှင်သည် အသံသဘောများရှိရာသို့ အာရုံမလိုက်မသွားစေဘဲ။ မိမိနားဝကကြား ကြားသမျှသော အသံ သဘောမျှ ကိုသာ အာရုံပြုကာ ယခုကြားဆဲ ခဏမှ အသစ်,အသစ် ဖြစ်,ဖြစ်နေခြင်းမျှသာပါတကားဟု နွားကျောင်း လိမ်မာအတူ မှတ်ယူရှုပွါးရပါသည်။ ။ (ဖြေ)

## အဖြစ်ထင်က အနိစ္စ ဒုက္ခ အနတ္တာပေါ် မြင်လွယ်ပုံ။

(က) ဤသို့ ယခုပစ္စုပ္ပန် အခိုက် ကြားဆဲခဏ၌ ဖြစ်သော အသံ သဘောသက်သက်မျှကိုသာ ရှုမှတ်ပွါးများသော ယောဂီ ပုဂ္ဂိုလ်အား ဘယ်လို အကျိုးထူးများကို ရနိုင်ပါသနည်း။ ။ (မေး)

(ခ) ဤသို့ အသံသဘောတွေ ယခုကြားဆဲ ခဏတိုင်းမှာ အသစ်, အသစ် ဖြစ်၍,ဖြစ်၍ နေပါတကားဟု ရှုမှတ်ပွါးများနေပါလျှင် အတိတ် အနာဂတ်တို့နှင့် မရောစပ်ဘဲ ယခုပစ္စုပ္ပန်၌ ဖြစ်သော ပရမတ္ထ-သဘာ ဝဓမ္မတို့၏ အဖြစ်ဟူသော (ဥဒယ)ဉာဏ်ကို တွေ့ရသဖြင့် ဖြစ်ပြီးလျှင် ခဏခြင်း ပျက်မှု (အနိစ္စ)မှန်။ အထပ်ထပ် ဖြစ်ခြင်းဖြင့် ကပ်၍ နှိပ်စက် မှု (ဒုက္ခ) မှန်။ အစိုးမရ အနှစ်သာရမရှိ အလိုသို့ မလိုက်မပါခြင်း(အ နတ္တ) မှန် ဟူသော လက္ခဏာရေး ၃-တန်ကိုပါ ထင်မြင်လွယ်ခြင်းအ ကျိုးထူးများစွာ ရှိပါသည်။ (ဖြေ)

## အမှန်မမြင်က အပါယ်ဝင်ရပုံ။

(က) ဤသို့သော အသံသဘော၌ မှန်သောအတိုင်း မရှုမပွါးနိုင်သူ တို့အား ဘယ်လိုအပြစ်များကို ခံစားရပါသနည်း။ ။ (မေး)

(ခ) သဒ္ဒံ သာရဇ္ဇတိ။ ။အသံသဘော၌ သာယာနှစ်သက် တပ် မက်တတ်သော (လောဘ)ရ။ ။

(ဂ) သဒ္ဒံ အာဒိတ္တံ။ ။အသံသဘော၌ မသိမမြင်ခြင်းကြောင့် မီး များတောက်လောင်မှု (ဒုက္ခ) အရတို့ကို မလိမ်မာသော နွားကျောင်း

သား-အလား အပါယ် ၄-ပါးသို့ ကျရောက်မှု အဖြစ်ရများ ဖြစ်ပွါးရ ပါသည်။ ။ (ဖြေ)

(ကြောက်လန့်ဘွယ်ကြီးပါတကား)။

ထို့ကြောင့်။

(ဃ) ယထာဘူတံ အဇာနန္တာ၊သုခ္ခိကာမာပိ ယေ ဇနာ။
ဝိသုခ္ခိံနာဓိဂစ္ဆန္တိ၊ဝါယမန္တာပိ ယောဂိနော။ ။
ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စသည်တို့မှာ လာရှိပါသည်။ ။(ဖြေ)

(ဃ) (ဇနာ) ဤလောက၌ (ဝါ) ဤဘုရားသာသနာတော်၌ (ယထာဘူတံ)ဟုတ်တိုင်းမှန်စွာ (ဝါ) ဟုတ်မှန်သော ရုပ်,နာမ်သဘောတွေကို (အဇာနန္တာ) ဟုတ်မှန်စွာ မသိကြကုန်ဘဲ။ (သုခ္ခိကာမာပိ) လောဘ, ဒေါသ, မိုက်မောဟတို့မှ စင်ကြယ်လိုကြသည်လည်း ဖြစ်ကုန်သော။ (ယေယောဂိနော) အကြင်ယောဂီရှင်တို့သည်။ (သန္တိ) ရှိကုန်၏။ (တေ ယောဂိနော)ထိုယောဂီရှင်တို့သည်။ (ဝါယမန္တာပိ) လောဘ, ဒေါသ, မိုက်မောဟတို့မှ ကင်းစင်အောင် ဘယ်လိုပင် အားထုတ် ကြိုးစားကြကုန်သော်လည်း။(ဝိသုဒ္ဓိံ) လောဘ,ဒေါသ,မိုက်မောဟတို့မှ၊ ကင်းစင်ရာ မဂ်,ဖိုလ်,နိဗ္ဗာန်ဟူသော ချမ်းသာရာသို့။(နာဓိဂစ္ဆန္တိ)မရောက်နိုင် မရနိုင်ကြကုန်၊ ။(အထူးစဉ်းစားကြပါ)။ ။

ဆောင်ပုဒ်ကဗျာ။

(၁) နည်းလမ်းဟုတ်မှန်၊ရုပ်နှင့်နာမ်၊ကေန်မသိမိုက်၊ ။
(၂) လော,ဒေါ,မောဟ၊မာန်မာန၊ခံရအပါယ်ပိုက်၊ ။
(၃) မမှန်,မသင့်၊ ရမ်း၍ကျင့်၊ ပုဆင့်ဒုက္ခသိုက်။ ။

---

အသံရှည်ဟု မထင်မှားဘို့ရာ ဥပမာ။

(က) ထိုသို့ အစဉ်မပြတ် မရပ်မနား ဖြစ်ပွါးနေကြသော အသံ သဘောများကို အသံ ရှည်ကြီးဟု မထင် မှားဘို့ရာ ဥပမာ အားဖြင့် အဘယ်သို့ ရှုမှတ်ပွါးများရပါသနည်း၊ ။ (မေး)

(ခ) ထိုထိုအသံတွေဟု ခေါ်ဆိုကြသော ပညတ်တို့တွင် ကြာရှည်မပြတ် မှတ်မြဲနေသော စက်၏ ဥဩသံ,ကြာရှည်ထပ်ထပ်စီးကျနေသော ရေ၏အသံ သဘောများနှင့် ဒေါက်ဒေါက်, ဒင်ဒင်,စီစီ, ဂျစ်ဂျစ် စသော သဘောတို့၏ အစဉ်မပြတ် ဒလစပ်ဖြစ်, ဖြစ်နေမှုတို့ကို ထင်မြင်လွယ်ရန် ဥပမာကား။ ။

(ဂ) ဤလောက၌ ခြပုံး,ပိုးရွ, ပရွက်ဆိပ် စသည်တို့မှာ မိမိတို့၏ တွင်းကျင်းထဲမှ ထွက်ကြ၍ စီတန်းသွားလာကြသောအခါ (ပထမ) အကောင်၏ ဖင်စွန်းနှင့် (ဒုတိယ) အကောင်၏ဦးခေါင်းစွန်း (ဒုတိယ) အကောင်၏ ဖင်နောက်စွန်းနှင့်(တတိယ) အကောင်၏ ဦးခေါင်းရှေ့စွန်း ဤသို့စသဖြင့် အစဉ်မပြတ် ဆက်စပ်ထိကာ သွားလာကြရာသကဲ့သို့။ ။

(ဃ) ထို့အတူ ရှေး (ပထမ) အသံသဘော အပျက် ဘင်စွန်းနှင့် နောက်(ဒုတိယ) အသံသဘောအဖြစ်ဥပါဒ်စွန်း၊ နောက်(ဒုတိယ)အသံသဘောအပျက် ဘင်စွန်းနှင့်(တတိယ) အသံသဘော အဖြစ်ဥပါဒ်စွန်း၊ ဤသို့စသဖြင့် အပျက်စွန်းနှင့် အဖြစ်စွန်းတို့မှာ အခြင်းခြင်း ဆက်ကာ ဆက်ကာ ထိစပ်မကွာကြဘဲ(ဥဒယ)ခေါ်အသစ်,အသစ် ဖြစ်,ဖြစ်နေမှုတွေကြောင့် အသံရှည်ကြီးဟု ထင်မှားနေကြပါသော်လည်း စင်စစ်အမှန်ကား သဘောတွေဖြစ်,ပျက် ဖြစ်,ပျက် နေမှုတွေပါကကားဟု ခြပုံး, ပိုးရွ,ပရွက်ဆိပ်စသည်များ သွားသလိုပင် ဥပမာယှဉ်ကာ ရှုမှတ် ပွါးများရပါသည်။ ။ (ဓမ္မ)

(အထူးမှာထားတိုက်တွန်းချက်)။

(၁) ဤသို့ ပြခဲ့ပြီးသော နည်းများအတိုင်း ကြားတိုင်း, ကြားတိုင်းသော အသံသဘော အသစ်, အသစ် ဖြစ်, ဖြစ်နေမှုဟူသော (ဥဒယ) ဉာဏ်ခဏ်း၌ လမ်းမှန်စွာ ဉာဏ်တွင် ထင်မြင်အောင် ရှုပွါးအားထုတ်ပါက (အနိစ္စ) စသော လက္ခဏာရေး ၃–ပါးတို့ကိုပါ မှန်စွာ ထင်မြင်ဘို့ရာ တာဝန်ခံနိုင်ပါ၍ မနေမနား ရှုပွါးကြစမ်းပါ။ ။

(၂) ဤပြမှုတို့၌ အဖြစ်မရှုကြဘဲ အနှစ်ကိုသာ ရှုကြပါစေ။ ။

(၃) လက် တွေ့ဒိဋ္ဌ ဆွဲကိုင် ပြသလို သဘော မကြ ကြသေးပါ

လျှင် နားလည် သိပြီးသူများကို မေးမြန်း ကြပါလေ သူတော်တွေတို့။ ။

## သဒ္ဒါရုံ ဆောင်ပုဒ် အကျဉ်းချုပ်ကဗျာ။

(၁) အသံနှင့်နား။ဆုံခိုက်ပွါး။ခေတ်သားဖြစ်ပေါ်လာ။ ။
(၂) ပထဝီရုပ်ချင်း။ ပေါင်းဆုံသင်း။သံရင်းမြည်ထွက်လာ။ ။
(၃) အသံသဘော။ဉာဏ်မှာစော။သဘော ထင်ရှားလာ။ ။
(၄) သဘောထင်မြင်။ပညတ်စင်။မှားထင် ကင်းပျောက်ကွာ။ ။
(၅) အမှားမဟုတ်။ သဒ္ဒရုပ်။ယူထုတ်သဘောသာ။ ။
(၆) အမှားမကင်း။တရားယွင်း။အဖျင်း တို့သူငါ။ ။
(၇) တို့သူငါအား။စေ့ဘုရား။ ဟောထား သဘောသာ။ ။
(၈) နားဝမှာကြား။အသံများ။ ထင်မှား ပညတ်ခွါ။ ။
(၉) ပညတ်ခွါပြန်။လူငှက်သံ။ထင်ရန် မရှိကွာ။ ။
(၁၀) ကြက်,ငှက်,လူသံ။မရှိမှန်။ထင်ပြန် အမှားသာ။ ။
(၁၁) စီစီ, ဒေါက်ဒေါက်။ သဘော ကောက်။ ဟောထောက် ဒေသနာ။ ။
(၁၂) သုတေ သုတမတွဲ့။မြတ်ကျမ်းဂန်။လမ်းမှန် ဟောမိန့်ရှာ။ ။
(၁၃) ကြားမှတ်ရုံမျှ။သဘောရ။သောတသံရုပ်ဖြာ။ ။
(၁၄) ဘူတံ ဘူတတော။ရှိမြင်ဟော။သဘော ပရမတ်သာ။ ။
(၁၅) သဘော သက်သက်။သံ-ဖြစ်,ပျက်။စပ်ဆက် ၂-စွန်းသာ။ ။
(၁၆) အသံမရှိ။ကြားမရှိ။မှားသိ ကြားသံခွါ။ ။
(၁၇) ကြားဆဲအသံ။သဘောမှန်။သောတံ သဒ္ဒကွာ။ ။

(ဝိဇ္ဇမာနပညတ်မှ ကွာစေဟူလို)။

(၁၈) သဘောဖြစ်စ။ဥဒယ။ရှုကြလက္ခဏာ။ ။(အဖြစ်လက္ခဏာ)။
(၁၉) မႏတွေးမကြံ။သဘောမှန်။စေ့ဉာဏ် ဖြစ်,ဖြစ်လာ။ ။
(၂၀) အသံကြားမှတ်။ခေါ်ပညတ်။ထုတ်အပ် ပရမတ်ရှာ။ ။
(၂၁) (ဝိဇ္ဇမာန)ပညတ်မှ။သဒ္ဒသဘောရှာ။ ။

(ဝိဇ္ဇမာနမှထုတ်ယူ)။

(၂၂) လူ,တိရစ္ဆာန်၊ကြွားအာသံ။များပြန် (အဝိဇ္ဇမာန)။ ။
(ထင်ရှားမရှိ)။
(၂၃) အသံသဒ္ဒ။ခေါ်သမျှ။မှတ်ကြ ပညတ်မည်။ ။
(၂၄) ပရမတ္ထ။သဘာဝ။ခမ္မ နှစ်အဆီ။ ။
(၂၅) ဒေါက်ဒေါက်,ဒင်ဒင်။ပြောဆိုလျှင်။သိမြင် သဘောမှီ။ ။
(၂၆) သဘောသက်သက်။ဖြစ်,ပြီးပျက်။ဥဒယ်သက် နိဗ္ဗာန်မှီ။ ။
(၂၇) ဖြစ်စ,ဖြစ်စ၊ ဥဒယ။ရှုကြပစ္စုပ်မှီ။ ။
(၂၈) ဖြစ်ဆဲ,ဖြစ်ဆဲ။ ရှုမှတ်စွဲ။ ငါလဲ မရှိပြီ။ ။
(၂၉) ဆို,ခေါက်,မရှိ။သဘောကြည့်။ ဟောဓါတ်တရားညီ။ ။
(၃၀) ဆဲ,ဆို,ကဲ့ရဲ့။ချီးမွမ်းချဲ့။ထင်ခဲ့ မှားကြပြီ။ ။
(၃၁) သဘောသိမြင်။အမှားစင်။ကြွားစဉ် ခွဲရှုမှီ။ ။
(၃၂) ပစ္စုပ္ပန်။ယောခမ်း။ဟောမှန်ရှုရမည်။ ။
(၃၃) ဓာတ်ရုပ်။ပစ္စုပ္ပန်။ရုပ်,နာမ် ဖြစ်ရှုမှီ။ ။

**ဥပမာဆောင်ပုဒ်ကဗျာ။**

(က) (လ)ကို(လ)မှတ်။(နေ)(နေ)မှတ်။ပုံကပ် ပရမတ် ယူ။ ။
(ခ) နွားကျောင်း လိမ္မာ။ရေဆိပ်လာ။စောင့်ကာမောင်းသွင်းတူ။ ။
(ဂ) မပြတ်စီးသွား။မြစ်ရေများ။မှတ်သား ခရေတူ။ ။
(ဃ) ခြပုံး,ပရွက်။ရှေ့,နောက်ဆက်။ဖြစ်,ပျက် ၂-ခွန်းတူ။ ။
(င) ပရစ်မြည်သံ။ခေါက်ဆိုသံ။ စက်သံ ဖြစ်ပုံတူ။ ။
(စ) ကျောက်ဆောင်ပေါ်၌။ချောင်းရေတိုက်။ခုဆိုက် ခုသံတူ။ ။
(ဆ) ဤသို့ရေးပြ။မသိက။ မေးကြ ယောဂီပြု။ ။

**(အထူးမှာထားချက်)။**

(၁) ဤမှ ကြွင်းကျန်သောအာရုံ,ဒွါရ,ဝိညာဉ်တို့၌လည်း ဤလိုပင် ချဲ၍ သိကြပါ။ ။

ဤတွင် သဒ္ဒါရုံ အဖြစ်သက်သက် ပြခဏ်းပြီးပြီ။

# ဂန္ဓာရုံအဖြစ်သက်သက်ပြခဏ်း။

(က) ထိုပြဆိုခဲ့ပြီးသော အသံသဘော တရားများကို ကြွားတိုင်း, ကြွားတိုင်း ရှုပွါးတတ်ကြပြီးသော ယောဂီ ရှင်တို့အား နံတိုင်း, နံတိုင်း

ဟုတ်တိုင်းမှန်စွာ ရှုပွါးနိုင်ကြဘို့ရာ သဲလွန်စနည်းအဖြွက်မျှ ရကြစေခြင်းအကျိုးငှါ (လက်)စသောဝတ္ထုတခုခုကို နမ်းရှုစမ်းပါ။ဘာကိုတွေ့ရပါသနည်း။ ။ (မေး)

(ခ) အနံ့ကို တွေ့ရပါသည်။ ။ (ဖြေ)

(က) နံဆဲခဏ တွေ့ရသော အနံ့သဘောကို တွေ့ကာမျှသာ ရှုရမည်ဟု ဘုရားရှင် ဟောတော်မူပါသလား။ ။ (မေး)

(ခ) အနံ့သဘော၌ တွေ့ကာမျှသာ ရှုရမည့် အဖြစ်ကို (မုတေ မုတမတ္တံ ဘဝိဿတိ)ဟု ဟောတော်မူပါသည်။ (ဖြေ)

(မုတေ) အနံ့သဘောကို တွေ့သည်ရှိသော်။ (မုတမတ္တံ)တွေ့ကာမျှသည်။(ဘဝိဿတိ)ဖြစ်ရာ၏။(ဝါ)ရှုရမည်။ ။

(က) လက်စသော ထိုထိုဝတ္ထုတို့၌ တွေ့ရှိသောအနံ့တို့ကို ဘယ်လို ရှုမှတ်ပွါးများရပါသနည်း။ ။ (မေး)

(ခ) နံတိုင်း,နံတိုင်း အပုပ်နံ့, အမွှေးနံ့ တွေ့ဟု ရှုမှတ်နေပါလျှင် အမှန် ပရမတ်သဘောလည်းမထင်။ လက္ခဏာရေး ၃-ပါးတို့ကိုလည်း မမြင်နိုင်သောကြောင့် ၎င်းတို့ကို ထင်မြင်အောင် အနံ့ ရုပ် ပရမတ်သဘောမျှကိုသာ ရှုပွါးရပါသည်။ ။ (ဖြေ)

## အနံ့သဘောမျှဟု ရှုပွါးရခြင်း အကျိုး။

(က) ဤသို့ လက်မှာရှိသော အနံ့သဘော တကိုယ်လုံးမှာ ရှိသော အနံ့သဘော တို့နှင့်တကွ တလောကလုံးမှာ ရှိကြသော အနံ့သဘောဟူသမျှတို့ကို နံတိုင်း,နံတိုင်း အနံ့သဘော တခုသာတည်းဟု အာရုံပြုကာ ရှုပွါးပါက အဘယ်အကျိုးရပါသနည်း။ ။ (မေး)

(ခ) နံတိုင်း,နံတိုင်း အနံ့သဘောမျှသာ ပါတကားဟု ရှုပွါးသည်ရှိသော် လက်,ခြေ,ဦးခေါင်း, နား, နှာခေါင်း, နံ့သာပျောင်း စသော အနံ့တွေဟု အမှားများ ကင်းပျောက်ခြင်းအကျိုး ရရှိပါသည်။ ။ (ဖြေ)

## သမာဓိတည်လျှင် လောဘစသည် ကင်းစင်ပုံ။

(က) ဤသို့ နံတိုင်း,နံတိုင်း အနံ့သဘောမျှကိုသာ ရှုမှတ်ပွါးများနေဆဲအခိုက်၌(လောဘ)စသည်များ ဖြစ်ပွါးနေကြပါသေးသလား။(မေး)

(ခ) ဤလိုသာ ရှုမှတ်ပွါးများနေပါလျှင် တဒင်္ဂ, ဝိက္ခမ္ဘန အားဖြင့် (လောဘ,ဒေါသ,မောဟ)ဗိတ်များ ကင်းစင်နေပါသည်။ ။ (ဖြေ)

(အထူးမှာထားချက်)။

(၁) အာရုံတခု၌ စိတ်တည်လျှင် လောဘ, ဒေါသ, ကင်းစင်သော ကြောင့် (သမထ)ဟုမှတ်။ (၂) ထိုအာရုံ သဘောမှန်ကို သိမြင်လျှင် မောဟ ကင်းစင်သောကြောင့် (ဝိပဿနာ)ဟု မှတ်ပါလေ။ ။

---

## သမထဝိပဿနာ နည်းမှန်စွာသိက လွယ်လှပုံ။

(က) ဤသို့ဖြစ်လျှင် (သမထ ဝိပဿနာ ဘာဝနာ) နည်း ၂-ဖြာကို ရှုပွါးဘို့ရာ ခက်ခဲပါသလား။ ။ (မေး)
(ခ) ယခုထင်ရှားရှိသော အာရုံတခုခုကို အာရုံပြုကာ စိတ်တည်မှု အမှန်သဘော မြင်သိမှု ဟု ဆိုအပ်သော နည်းလမ်းမှန်ကိုသိက လွန် စွာလွယ်ကူလှပါသည်။ ။ (ဖြေ)

---

## အနန္တသဘော ထင်ရှားဖြစ်ရှိပုံ။

(က) နံ့ဆဲခဏ အနန္တသဘော များကို ထင်ရှားရှိလို့ တွေ့ရသလား။ ထင်ရှားမရှိဘဲနှင့်ပင် တွေ့ရသလား။ ။ (မေး)
(ခ) ယခုအနန္တ သဘောများကို တွေ့ရတာ ထင်ရှားရှိလို့သာ တွေ့ရ ပါသည်။ ။ (ဖြေ)
(က) အနန္တ သဘောများ အဘဲ့ကြောင့် ထင်ရှားရှိပါသနည်း။(မေး)
(ခ) အကြောင်းတရားအားလျော်စွာ အသစ်,အသစ် ဖြစ်,ဖြစ် ပေါ် လာ၍သာ ထင်ရှား ရှိရှိ နေပါသည်။ ။ (ဖြေ)
(က) အဘယ် သာဓကကြောင့် ထင်ရှား ရှိသည်ဟု ရှုရပါသ နည်း။ ။ (မေး)
(ခ) ဘူတံ ဘူတတော ပဿတိ။ ။ဟူသော ဘုရားဟောသာဓ ကကြောင့် ထင်ရှားရှိ၏ဟု ရှုရပါသည်။ ။ (ဖြေ)
(ခ) (ဘူတံ)ထင်ရှားရှိသော အနန္တသဘောကို (ဘူတတော) နံ့တိုင်း

နံ့တိုင်း ထင်ရှားရှိသော အားဖြင့်။ (ပဿတိ) ရှုရ၏။ (ဝါ) ထင်ရှားရှိသည့်,ထင်ရှားရှိသည်ဟု ရှုရမည် ရှုလေ။ ။

## ထင်ရှားရှိ မြင် ဒိဋ္ဌိစင်ပုံ။

(က) နံ့တိုင်း,နံ့တိုင်း အနံ့သဘောတို့ကို ထင်ရှားရှိသည့်, ထင်ရှားရှိသည်ဟု ရှုမှတ် ပွါးများပါလျှင် ဘယ်လိုအမှားများ ကင်းပျောက်သွားပါသနည်း။ ။ (မေး)

(ခ) ထိုထို ဖြစ်ကြောင်း တရား တို့ကြောင့် အသစ်,အသစ် ဖြစ်,ဖြစ်လာကြ၍ ထင်ရှား ရှိသော အနံ့ သဘော တရားတို့ကို ထင်ရှား ရှိသည့်, ထင်ရှားရှိသည်ဟု ရှုမှတ် ပွါးများဆဲခဏ၌ ထင်ရှား မရှိသော လက်,ခြေ,ဦးခေါင်း,နား,နှာခေါင်း စသော ကိုယ်အင်္ဂါကြီး,ငယ် တို့နှင့်တကွ စားသောက်ဘွယ်ရာ ထမင်း, ဟင်း,သား,ငါး, မုံ့,ပဲ, သရည်စာများနှင့် နစ္ဂါ,ထောက်ရှာ, မန်လကာ,သြဇာ,သရက်,ငှက်ပျော တို့ပါ မကျန် ခဲဘွယ်,ဘောဇဉ်, သစ်သီးဝလံ စသည်တို့၏ အနံ့တို့ပါတကားဟု မှတ်ထင်မှားသော (သက္ကာယဒိဋ္ဌိ) များတို့မှ ကင်းစင် ပျောက်ကွာနိုင်ပါသည်။ ။ (ဖြေ)

**(အထူး မေတ္တာ ကရုဏာ သက်၍ တိုက်တွန်းချက်)။**

(၁) အလကား အပျိန်ကုန်မဲ့အောင် အငြင်းချဲ၍ ကဲ့ရဲ့ကာ မနေကြပါဘဲ ဤစာလာတိုင်းသာ အကျွေး မထားကြမူ၍ ယခုစာဘတ် ရှုရင်းပင် နမ်းရှုလိုရာ တခုခုကို နမ်းရှုကြည့်ကာ လက်တွေ့ဒိဋ္ဌ ရှုပွါးကြစမ်းပါလေ သူတော်တွေတို့။ ။

### ဃနခေါက် ပညတ်ပရမတ် ခွဲမှတ်ချက်။

(က) နံ့ဆဲ ခဏ ထင်ရှားရှိသော အနံ့၌ ပညတ်, ပရမတ် ခွဲမှတ်ပုံကို ပြပါ ။ (မေး)

(ခ) နံ့ဆဲခဏနှာခေါင်း၌ တွေ့ရှိသော သဘော သက်သက်မျှသည် (ပရမတ်) စစ်စစ် ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) အနံ့ဟူ၍၎င်း ဂန္ဓာရုံဟူ၍၎င်း ရုပ်ဟူ၍၎င်း ပရမတ်ဟူ၍၎င်း

သညီါရဟူ၍ဂုဏ်း ခေါ်ဆိုရသော အမည်နာမသည် (ဝိဇ္ဇမာန) ပညတ်ဖြစ်ပါသည်။ ။ (ဖြေ)

(ဃ) ပန်း နံ့သာ စသည် ဟူ၍ဂုဏ်း မစင်စသည် ဟူ၍ဂုဏ်း အမွှေးစသည်ဟူ၍ဂုဏ်း အပုပ် စသည်ဟူ၍ဂုဏ်း ထင်မှတ် ခေါ်ဆို ခြင်းသည် (အဝိဇ္ဇမာန)ပညတ်များဖြစ်ပါသည်။ ။ (ဖြေ)

(င) ယခု ယနေ့ရှိသော နံ့သာ ဖြူ,နီ, ပန်း စသည်တို့၏ အနံ့သည် နက်ဖြန်, သံဘက် စသည်တိုင်အောင် ရှိနေသေးသည်ဟု အစဉ် ထင်မှတ် ပြောဆိုခြင်းသည် (သန္တတိ)ပညတ်များဖြစ်ပါသည်။ ။ (ဖြေ)

## ပရမတ်ဆတ်ဆတ် ရှုတတ်နည်း။

(က) ပညတ်မကပ် ပရမတ် ဆတ်ဆတ်ကို ဘယ်လိုရှုမှ တွေ့မြင်ရပါသနည်း။ ။ (မေး)

(ခ) နံ့ဆဲခဏ နှာခေါင်းနှင့် တွေ့သော သဘောမျှ ကိုသာ ရှုနေပါလျှင် မွှေး, ပုပ်, ညှော်သည် စသည်ဖြင့် ပညတ် မကပ်ဘဲ (ပရမတ်) ဆတ်ဆတ်ကိုသာ ထင်မြင်လာပါတော့သည်။ ။ (ဖြေ)

## အမှန်သဘောမြင်လျှင် မိစ္ဆာဒိဋ္ဌိ ကင်းစင်ပုံ။

(က) ဤသို့ အဟုတ်ရှိ, အမှန်ရှိသော ပရမတ် သဘော တရားကိုသာ တွေ့မြင်ပါလျှင် မွှေးသည် ပုပ်သည် စသော ပညတ်။ ထမင်း,ဟင်း စသော ပညတ် နံ့သာ ဖြူ, နီ, ပန်း စသော ပညတ် အမှားများမှ ကင်းပျောက်ကြောင်းကို ဘုရားရှင် အလိုမှာ ဘယ်လို မိန့်ဆိုတော်မူပါ သနည်း။ ။ (မေး)

(ခ) ဂန္ဓံဘိက္ခဝေ ဓာနတော ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတိ။ ။ ဟု မိန့်တော်မူပါသည်။ ။ (ဖြေ)

(ခ) (ဘိက္ခဝေ)ချစ်သား,ချစ်သွီးတို့။ (ဂန္ဓံ) အနံ့ပရမတ် သဘောကို။ (ဓာနတော-ပဿတော) ပညာ မျက်စိဖြင့် အမှန် သိမြင်သောသူအား။ (မိစ္ဆာဒိဋ္ဌိ) ထမင်း,ဟင်း,ပန်း,မစင်စသည်။ မွှေးသည်ပုပ်သည် ဟူသော အထင်မှား အမြင်မှား မိစ္ဆာဒိဋ္ဌိများကို။ (ပဟီယတိ) ပယ် ပျောက်ကင်းစင်နိုင်ပေ၏။ ။

## ယခုပစ္စုပ္ပန်သာ အဖြစ်ရှုဘို့ရာ။

(က) ယခု နံ့ဆဲခဏဖြစ်သော အနံ့သဘောသည် ရှေးအတိတ်က ဖြစ်ပေါ်ဘူးပါသလား။ ။ (မေး)

(ခ) ရှေးအတိတ်က ဖြစ်ဘူးသော အနံ့သဘောသည် ရှေးအတိတ် ကပင် ပျက်ခဲ့ပြီး၍၊ ယခုနံ့ဆဲခဏ ဖြစ်သော အနံ့သဘောသည် ယခုမှ အသစ်,အသစ် ဖြစ်ပေါ်,ဖြစ်ပေါ်လာပါသည်။ ။ (ဖြေ)

(အနံ့ရှိရာ တခုခုကို နမ်းရှုကြည့်စမ်းပါ)။

## ထို့ကြောင့်။

(ဂ) ဓာတ် ရုပ် ပစ္စုပ္ပန္နံ၊တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။ ။ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာရှိပါသည်။ ။(အနက်ပေးခဲ့ပြီ)။ ။

## အနံ့သဘောတရားကို ဥပမာအားဖြင့် ရှုပွါးပုံ။

(က) ဤအနံ့ ပရမတ်သဘော တရားများကို(ဥပမာ)အားဖြင့် ထင် ရှားအောင် ဘယ်လိုရှုပွါးရပါမည်နည်း။ ။ (မေး)

(ခ) ဤလောက၌ ဒူးရင်းသီး,ပိန္နဲသီး,ရှောက်သီး,လိမ္မော်သီး,ကြက် ရိုး,နှင်းပန်း,နံ့သာဖြူ,နီ, ရေမွှေး, မစင်,ခွေးပုပ်, ကြွက်ပုပ် စသော အနံ့ ပြင်းထန်ရာ ဝတ္ထုတခုခုတို့ကို တိုးခပ်လာသောလေတို့သည်တနေ့လုံး မပြတ် နှာဝ၌ ထိခိုက်၍ နံ့နေသောသူမှာ ပထမလေကြောင့် ပထမအနံ့ ဖြစ် ဒုတိယလေကြောင့် ဒုတိယ အနံ့ဖြစ် တတိယလေကြောင့် တတိယ အနံ့ ဖြစ်ဟု ရှုမှတ် ခဲ့သော် အစဉ် မပြတ် နံ့သော်လည်း အနံ့ တခု ထည်း တမျိုးတည်း တဆက်တည်း (နိစ္စ)ချည်းဟု မရှုမမှတ်တော့ဘဲ တနံ့ပြီး,တနံ့ဟု ရှုမှတ်တတ်သောသူကဲ့သို့၊ ။

(ဂ) ထို့အတူ ယောဂီ ရှင်သည် နံ့တိုင်း,နံ့တိုင်း နှာခေါင်းဘွင်းသို့ ထိခိုက်ဆဲအခိုက်၌ဖြစ်သော အနံ့သဘောတို့ကိုအာရုံပြုးဖိုက်ကာ ယခု နံ့ဆဲခဏမှ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟု ထင်မြင်အောင် ရှု ပွါးရပါသည်၊ ။ (ဖြေ)

## အနံ့သဘော ထင်မြင်ရသောအကျိုး။

(က) ဤသို့ နံ့တိုင်း,နံ့တိုင်း အနံ့သဘော အသစ်, အသစ် ဖြစ်၏ဟု ထင်မြင်သော ယောဂီ ၅င်အား အဘယ် အကျိုးများကို ရနိုင် ပါသနည်း။ ။ (မေး)

(ခ) ဤသို့ ထင်မြင်ခဲ့သော် ထိုထိုဒူးရင်း, သရက်,ပိန္နဲစသော အရာဝတ္ထုတို့၏ အနံ့တို့ဟူ၍ရင်း အနံ့တခုထဲ ဟူ၍ရင်း အနံ့မြဲ၏ ဟူ၍ရင်း ထင်မြင်မှားသော (သက္ကာယဒိဋ္ဌိ)နှင့် အစဉ် (သန္တတိ) ဖုံးလွှမ်းခြင်းတို့မှကင်းစင်လွင့်ပျောက်၍ဟုတ်မှန်စွာသိသော (ယထာဘူတဉာဏ)ဉာဏ်အမြင် ပေါက်ပြီးလျှင် အလိုရှိအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်သို့လျှင် မြန်စွာ ရောက်နိုင်ခြင်း အကျိုးများရှိပါသည်။ ။ (ဖြေ)

(အထူးညွှန်ကြား မှာထား သတိပေးချက်)။

(၁) ဤသို့ ပြအပ်ပြီးသော နည်းလမ်းဥပမာ အဖြာဖြာတို့ကို ဟုတ်မှန်စွာ ထင်မြင် လွယ်အောင် ပြ၍ ရှု၍မှ မထင်မြင်ကြသေးပါလျှင် အကျယ်ပြခဲ့ပြီးသော အသံအာရုံလိုပင် ချဲ့ထွင်ကာ ရှုပွါးနိုင်ကြပါစေသတည်း။ ။(နမ်းလိုရာ တခုခုကို နမ်းရှု၍ ရှုပွါးကြပါ)။ ။

## ဂန္ဓာရုံဆောင်ပုဒ် အကျဉ်းချုပ်ကဗျာ။

(၁) ဆိုကြောင်နံ့များ။ မပြတ်သွား။ဖြစ်ပွါးချနံ့တူ။ ။
(၂) အနံ့မြဲမှတ်။မရှိအပ်။ဖြစ်ပြတ်ဖြစ်ဆက်တူ။ ။
(၃) ပန်း,နံ့သာ,သီး။ လေအောက်မှီး။ နံ့နည်းသစ်သစ်တူ။ ။
(၄) အနံ့မရှိ။သဘောကြည့်။ဟောသိ(ပရမတ်) ယူ။ ။
(၅) သဘောမြင်မှီ။ဝိပဿီမည်။တည်ကြည် (သမထ) ဟူ။ ။
(၆) သမထ, ဝိပဿီ။ထို ၂-ရပ်။ခွဲတတ်ယောဂီဖြူ။ ။
(၇) ပရမတ္ထ။သဘာဝ။ရှုကြဉာဏ်ကြီးသူ။ ။
(၈) နှာဝ,ဃာန။ရှုနမ်းက။ဂန္ဓ အနံ့ဖြာ။ ။
(၉) ပန်း,ပုပ်မှတ်ထင်။မွှေးနံ့ထင်။မှားမြင်(ဒိဋ္ဌိ)သာ။ ။
(၁၀) ထိုထိုအမှား။ပယ်ခွါထား။ တရားစဉ်အလာ။ ။

(၁၁) ဘုရားဖြစ်ရှိ။သဘောမိ။မြင်သိ(အနိစ္စာ)။ ။
(၁၂) အနိစ္စမြင်။(ဒုက္ခ)ထင်။ဘုံခွင်လွတ်မြန်စွာ။ ။
(၁၃) ဘုံယောင်,လွတ်လို။များပျို့,အို။တင်ကြို့ကျင့်ကြပါ။ ။
(၁၄) တင်ကြိုကျင့်မှု။မဂ်လမ်းစ။တွေ့ရလူလိမ်မာ။ ။
(၁၅) လိမ်မာသူများ။ မြတ်တရား။ကြိုးစားအားထုတ်ပါ။ ။
(၁၆) အားထုတ်ပါမှ။ရဘာဝ။အရတော်မည်သာ။ ။
(၁၇) အရတော်ခိုက်။ကျင့်ရှုးစိုက်။အမြိုက်နိဗ္ဗာန်သာ။ ။
(၁၈) အမြိုက်နိဗ္ဗာန်။ရှောင်လွှဲပြန်။ဒုက္ခံလူ့ဗာလာ။ ။
(၁၉) အန္ဓ,ဗာလ။လွတ်လိုက။ရှုကြဘာဝနာ။ ။
(၂၀) ဘာဝနာအလုပ်။အားမထုတ်။နှစ်မြုပ်သံသရာ။ ။

ဤတွင် ဂန္ဓာရုံ အဖြစ်သက်သက် ပြခန်းပြီးပြီ။

## ရသာရုံအဖြစ်သက်သက်ပြခန်း။

(က) ဤသို့ ပြခဲ့ပြီးသော အနံ့ သဘော တို့ကို ဟုတ်မှန်စွာ ရှုပွါးနိုင်သော ယောဂီ ရှင်သည် အရသာ ပရမတ်သဘော တရားများကို ဟုတ်တိုင်းမှန်ရာလွယ်ကူစွာရှုပွါးနိုင်ဘို့ရာ(လက်)စသောဝတ္ထုတခုခုကို လျှာဖြင့်(လျက်) ကြည့်စမ်းပါ။ဘာကိုတွေ့ရပါသနည်း။ ။ (မေး)

(ခ) အရသာကို တွေ့ရပါသည်။ ။ (ဖြေ)

(က) ဤသို့လက်စသော ဝတ္ထုတခုခုတို့ကို လျှာဖြင့် လျက်ဆဲ, စားသောက်ဆဲ ခဏ တွေ့ရှိသော အရသာကို လက်စသည်ဟု မှတ်ရှုရပါသလား။ ။ (မေး)

(ခ) စား,သောက်, လျက်ဆဲခဏ ထိုထိုဝတ္ထုတို့ကို မမှတ်မရှုဘဲ အရသာ တခုတည်းကိုသာ မှတ်ရှုရပါသည်။ ။ (ဖြေ)

### သမာဓိရှိအောင် လုပ်နည်း။

(က) စား,သောက်ဆဲခဏ တွေ့ရှိရသော အရသာကို အရသာ, အရသာဟု ရှုမှတ်နေဆဲ အခိုက်၌ အာရုံတပါးသို့ စိတ်များ ပြန့်လွင့် ပြေးသွားပါသေသလား။ ။ (မေး)

(ခ) ဤသို့ ရှုမှတ်နေပါလျှင် တွေ့ရှိရသော အရသာအာရုံမှ တပါး အခြားသို့ မပြန့်လွင့်တော့ဘဲ စိတ်တည်နေပါသည်။ ။ (ဖြေ)

## သမထ ဝိပဿနာ ဘာဝနာ အလုပ်မည်ပုံ။

(က) စားဆဲခဏ သမထ,ဝိပဿနာ ဘာဝနာအလုပ်ကိုအားထုတ် သည်မည်ပုံကို ခွဲပြပါ။ ။ (မေး)

(ခ) စားဆဲခဏ တွေ့သော အရသာ၌ စိတ်တည်နေမှုကား (သမ ထ) အမှန်ရှိသော အရသာသဘောကို မြင်မှုကား (ဝိပဿနာ) ဘာဝ နာဖြစ်၍ စားတိုင်း,စားတိုင်း စိတ်တည်မှု အမှန်သဘောမြင်မှုတို့ကို အ ဖန်ဖန်ရှုပွါးသော ယောဂီ ရှင်အား(သမထ,ဝိပဿနာ) ဘာဝနာတရား များကို အားထုတ်သည်ဟု ခေါ်ဆိုရပါသည်။ ။ (ဖြေ)

(က) စားဆဲခဏ သမထ,ဝိပဿနာ ဘာဝနာ ၂-ဖြာတို့ကို တပြိုင် နက် ယှဉ်တွဲကာ ဖြစ်နိုင်ဘို့ရာ ဘုရားရှင် ဘယ်သို့ ဟောတော်မူပါသ နည်း။ ။ (မေး)

(ခ) မုတေမုတမတ္တံ ဘဝိဿတိ။ ။ဟုဟောတော်မူပါသည်။(ဖြေ)

(မုတေ) ပစ္စုပ္ပန်အခိုက်။ လျှာ၌တွေ့သည်ရှိသော် (မုတမတ္တံ) တွေ့ ကာမျှ သဘာဝသည်(ဘဝိဿတိ) ဖြစ်ရာ၏(ဝါ)ဖြစ်ရမည်။ ။

## ဘာဝနာအလုပ် အားထုတ်လွယ်ပုံ။

(က) ဤသို့ စားဆဲ ခဏမှာ တွေ့ရှိသော အရသာ သဘော သက် သက်မျှကို အာရုံပြု၍ ရှုကာမျှနှင့် သမထ, ဝိပဿနာ ဘာဝနာအလုပ် ကိုပွါးများအားထုတ်သည်မည်ပါလျှင် (ဘာဝနာ) အလုပ်များမှာခက် ခဲပါသလား။ ။ (မေး)

(ခ) ဤသို့ ဘာဝနာ အလုပ်ကို အဟုတ်အားထုတ်လိုသောယောဂီ ရှင်သည် (ကလျာဏမိတ္တပဏ္ဍိတ) ကိုပေါင်းသင်းဆက်ဆံ နည်းလမ်း မှန်များကို ရရှိပါက လွန်စွာမှ လွယ်ကူလှပါသည်။ ။ (ဖြေ)

(အထူးသတိပြုကာ ရှာကြပါ။

## ဆောင်ပုဒ် အကျဉ်းချုပ်ကဗျာ။

(၁) ဆရာမှားလွဲ၊တရားလွဲ။ငရဲဝင့်ထဲတည်း ။
(၂) ဆရာနည်းမှန်။တရားမှန်။နိဗ္ဗာန်မြန်ရောက်မည်။ ။

## ဆရာမှန်မှ နိဗ္ဗာန်အမြန်ရနိုင်ပုံ။

(က) သတ္တာ ပရိယေသိတဗ္ဗာ။ ။စသော ပါဠိအရ ကမ္မဋ္ဌာန်းဉာဏ် နည်းမှန်ကို ရအောင် အဟုတ်ပြတတ်သော ဆရာမြတ်တို့ကို မတွေ့ မချင်း သေခြင်းသို့ ရောက်သော်သည်း ရှာမှီးရမည်ဟု ကျမ်းဂန်တို့မှာ မိန့်လာသည့် အတိုင်း ထိုဆရာမြတ်များကို တွေ့က အဘယ်အကျိုးရှိ ပါသနည်း။ ။ (မေး)

(ခ) ဤသို့ ကမ္မဋ္ဌာန်းနည်းလမ်းမှန်ကိုပေးစွမ်းနိုင်သောဆရာမြတ် တို့အား မပြတ်မလပ် ဆည်းကပ် ခစားခဲ့ပါလျှင် (သမထ) ဘာဝနာမှု မကဘဲ၊ ရုပ်,နာမ်သဘာဝ ပညတ်, ပရမတ်တို့ပါ လွယ်ကူစွာ သိမြင် ပေါက်ရောက်ရ၍ အနိစ္စ စသော (ဝိပဿနာ) အဖြာဖြာ တို့ကိုလည်း အဟုတ် အားထုတ်လျက် မဂ်, ဖိုလ်, နိဗ္ဗာန်သို့ပင် လျှင်မြန်စွာ ပေါက် ရောက်နိုင်ပါသည်။ ။ (ဖြေ)

## သမာဓိရှိက အမှန်သိရပုံ။

(က) ဤသို့ဖြစ်လျှင် စားဆဲခဏ ယခုပစ္စုပ္ပန် တွေ့ရှိဆဲသော အရ သာ သဘောကို အာရုံ မပြုပါဘဲ ကြံစည်ရုံမျှနှင့်ပင် အမှန်သဘောကို တွေ့မြင်နိုင်ပါသလား။ ။ (မေး)

(ခ) သမာဟိတော ဘိက္ခုဝေ ယထာဘူတံ ပဇာနာတိ၊ ။ဟူ သော ဘုရားဟောပေ် ပါဠိတော်အရ စားဆဲခဏ တွေ့ရှိသော အရ သာသဘောကို အာရုံပြုကာ စိတ်တည်ပါလျှင် အမှန် ရှိသော (ပရ မတ်) သဘောကို တွေ့မြင်နိုင်ပါသည်၊ ။ (ဖြေ)

(ခ) (ဘိက္ခုဝေ)ချစ်သား,ချစ်သို့းတို့၊ (သမာဟိတော)တည်ကြည် သော သမာဓိရှိသောသူအား၊ (ယထာဘူတံ) ဟုတ်မှန်သော ပရမတ် သဘောအတိုင်း၊ (ပဇာနာတိ) အပြားအားဖြင့် မြင်သိနိုင်၏၊ ။(ဟူ အနက်ပေး)၊ ။

## ရသခေတ် ပရမတ် ပညတ် ခွဲမှတ်ဖော်။

(က) စားသောက်ဆဲခဏ လျှာပေါ်မှာတွေ့ရှိသော အရသာခေတ်ကို(ပရမတ်,ပညတ်)ခွဲပြပါ။ ။ (မေး)

(ခ) စားသောက်ဆဲခဏ လျှာပေါ်မှာ တွေ့ရှိဆဲ သဘောသတ္တိမျှကား(ပရမတ်)စစ်စစ် ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ဤသဘောမျှကို အရသာဟူ၍ရင်း။ ရသာရုံ ရသခေတ် ဟူ၍ရင်း ခေါ်ဆို အပ်သော အမည်နာမသည် (ဝိဇ္ဇမာန) ပညတ် ဖြစ်ပါသည်။ ။ (ဖြေ)

(ဃ) ထမင်း,ဟင်း,ခဲဘွယ်, ဘောဇဉ် စသည်ဟု ခေါ်ဝေါ်သမုတ်အပ်သော အမည်သည်(အဝိဇ္ဇမာန)ပညတ်များဖြစ်ပါသည်။ ။(ဖြေ)

---

## အရသာသဘာဝ စ၍ဖြစ်လာပုံ။

(က) ဤလျှာပေါ်၌ တွေ့ရှိဆဲပစ္စုပ္ပန်အရသာ (ပရမတ်) သဘောသည် ဘယ်အခါကစ၍ ဖြစ်ပေါ်လာပါသနည်း။ ။ (မေး)

(ခ) ယခု စားဆဲခဏ တွေ့ရှိဆဲ အရသာသဘောသည် ယခုလျှာနှင့်တွေ့ရှိဆဲ အခိုက်တိုင်းမှာ စ၍,စ၍ အသစ်,အသစ် ဖြစ်ပေါ်, ဖြစ်ပေါ်လာပါသည်။ ။ (ဖြေ)

### (အထူးတိုက်တွန်းချက်)။

(၁) စာတွေ့မျှမဟုတ် ငါတွေ့ လက်တွေ့ဒိဋ္ဌ သိကြအောင် ယခုစာဘတ်ရှုရင်းပင် စားလိုရာ တခုခုကို စားကြည့်ပြီး သဘောကိုသာ စ၍ ဖြစ်ပေါ်လာပုံကို အာရုံပြုကာ ရှုပွါးကြစမ်းပါ။ ။

---

## အရသာသဘောတူပုံ အသစ် အသစ်ဖြစ်၍ဟုရှုရပုံ။

(က) အရသာ သဘောချင်း မတူသော ထမင်း,ဟင်း စသော ခဲဘွယ်,ဘောဇဉ်တို့ကို စားသောက်ရာ ပထမ စားသောက်စက ဖြစ်ရှိသော အရသာသဘောများသည် ပြီးခါနီး၌ရှိသော အရသာသဘောများ ဟုတ်ပါသလား။ ။ (မေး)

(ခ) ဤသို့အရသာ သဘောချင်း မတူသော ထမင်း,ဟင်း စသည် တို့ကို မဆိုထားဘိ။အရသာချင်း တူမျှသော သကြား, တမာ, ပျား,သကာ တို့တွင် တခုခုကို ခံတွင်း၌ တနေ့လုံးပင် ငုံ၍ထားရာ ပထမ နေ ထွက်ကစ၍ နေဝင်သည့် တိုင်အောင် အရသာ သဘောဟောင်းတွေ ပျက်၍,ပျက်၍ ဆင်တူရိုးမှား အရသာသဘော အသစ်,အသစ် ဆက် ကာ,ဆက်ကာ ဖြစ်,ဖြစ်နေသည်ဟု ရှုပွါးရပါသည်။ ။ (ဖြေ)

(က) ထိုထို အရသာသဘောတို့ အသစ်, အသစ်ဖြစ်,ဖြစ် နေသည် များကို မရှုမမြင် တတ်သော သူတို့အား ဘယ်လိုများ ထင်မှားကြပါ သနည်း။ ။ (မေး)

(ခ) အရသာ သဘောချင်း မတူသော ပထမ စားကာစဖြစ်သော ထမင်း,ဟင်း များ၏ အရသာ သဘောသည် စားပြီးခါနီး ဖြစ်သော ထမင်း,ဟင်း တို့၏ အရသာ သဘော မဟုတ်နိုင်ကြောင်းကို သူငယ် များပင် သိနိုင်ပါ သော်လည်း။ ယခုပစ္စုပ္ပန်၌ အသစ်,အသစ် ဖြစ်သော အရသာသဘောကို အာရုံမပြု မရှုတတ်သောသူတို့အား မနေ့က,တ နေ့က, နံနက်က ချက်ပြုတ် ထားသော ထမင်း, ဟင်း တို့၏ အရသာ သည် ယခုထက်တိုင် မပျက်သေး ကောင်းသေး၏ဟု မနေ့က,တနေ့ က,နံနက်က အရသာများသည် ယခုပင်ရှိသေးသလို ပြောလည်းပြော ဆိုကြ၏၊ အထင်လည်း မှားကြ၍ လွန်စွာမှအံ့ဩဘွယ် ကောင်းလှပါ တော့သည်။ ။ (ဖြေ)

(က) ဤသို့သော အထင်မှားတို့မှ ကင်းပျောက်အောင် ဘုရားရှင် က ဘယ်လိုများ မိန့်တော်မူပါသနည်း။ ။ (မေး)

(ခ) ဘူတံ ဘူတတော ပဿတိ။ ။ဟု ဟောပြတော် မူပါ သည်။ ။ (ဖြေ)

(ခ) (ဘူတံ)ပစ္စုပ္ပန်အခိုက်၌ အသစ်,အသစ် ဖြစ်၍ထင်ရှားရှိသော အရသာသဘောကို၊ (ဘူတတော) အဟောင်းပျက်သဖြင့် အသစ်,အ သစ် ဖြစ်၍ ထင်ရှားရှိနေပါတကားဟု၊ (ပဿတိ)ရှုရ၏။ ။(ဤကား အနက်)။ ။(ထင်ရှားရှိသောသဘောကိုသာ ရှုပွါးကြပါလေ)။ ။

## အရသာသဘောကို ဥပမာအားဖြင့် ရှုပွါးရပုံ။

(က) စားဆဲခဏ အရသာတို့ အစဉ်မပြတ် အသစ်,အသစ် ဖြစ်ပွါးပုံတို့ကို ပစ္စုပ္ပန်အခိုက်၌ ရှုမှတ် ပွါးများနိုင်ဘို့ရာ (ဥပမာ)အားဖြင့် ထင်ရှားအောင်ပြပါ။ ။ (မေး)

(ခ) ဤလောကမှာ (ဆား) ချက်ကြသော နေရာများတွင် မြောင်းငယ်၌ ဆားငန်ရေများစီးသွားနေရာ နံနက်ကစ၍မွန်းတည့်တိုင် (လျှာ) ကိုထုတ်၍ ကုန်းလျက် နေသော ယောက်ျားသည် တွေ့ဆဲတိုင်းသော ဆားငန်ရေ အရသာများကို ယခုရေကြောင့် ယခုအရသာဟု ရှုမှတ်နေရာ။ ထိုမွန်းတည့်၌ တွေ့ရှိသော(ဆားငန်) အရသာတို့မှာ နံနက်က ဖြစ်သော အရသာနှင့် ဆင်တူရိုးမှား သဘောတူဟု ထင်မှတ်ရ ငြားသော်လည်း ထင်မှတ်သည့်အတိုင်း မဟုတ်ဘဲ။ ယခုလာဆဲရေကြောင့် ယခုအရသာဟု အပန်တလဲလဲ ရှုမှတ်ရာသကဲ့သို့ရင်း။ ။

(ဂ) ထိုမှတပြာ (ထန်းလျှက်) စသော အရသာပေါ်လွင် ထင်ရှားရာ တခုခုကို (လျှာ)ပေါ်၌ တင်လျက် ငုံထားသော ယောက်ျားသည် ငုံထားစက ဖြစ်သော အရသာမှာ ကုန်ခါနီးတိုင် အရသာ မပြတ်ဘဲ တခုပြီး,တခုဆက်ကာ,ဆက်ကာ အသစ်,အသစ် ဖြစ်,ဖြစ်နေသော အရသာတို့ကိုရင်း ငုံထားကာစက အရသာဘဲဟုထင်မှတ်ရသော်လည်း မဟုတ်မူ၍ ထိုအရသာကို အာရုံပြုကာ ယခုတွေ့ရှိဆဲ အရသာကား ယခုမှ အသစ်,အသစ် ဖြစ်ပေါ်,ဖြစ်ပေါ် လာပါတကားဟု ရှုမှတ်ရာ သကဲ့သို့ရင်း။ ။

(ဃ) ထို့အတူ ထမင်း,ဟင်းစသော ခဲဘွယ်, ဘောဇဉ် အစာအာဟာရတို့ကို သုံးဆောင်စားသောက်သော ယောဂီရှင်သည် (လျှာ)ပေါ်မှာ တွေ့တိုင်း,တွေ့တိုင်းဖြစ်ပေါ်လာဆဲသော အရသာပရမတ်သဘောတို့ကား အဟောင်းတွေ ပျက်၍,ပျက်၍ ယခုမှ အသစ်,အသစ် ဖြစ်ပေါ်ဖြစ်ပေါ်လာပါတကားဟူ၍ရင်း။ဖြစ်တိုင်း,ဖြစ်တိုင်း ယခုမှစ၍ဖြစ်သည်, စ၍ဖြစ်သည် ဟူ၍ရင်း အစဉ်တစိုက် ဉာဏ်ဖြင့် လိုက်ကာ ရှုမှတ်ပွါးများရပါသည်။ ။ (ဖြေ)

(လွယ်လွယ်နှင့် ထင်မြင်ခဲစွ ကြိုးစားပါ)။

## အရသာချပ်ပရမတ်၌ သာခကမှတ်ပုံ။

(က) စားဆဲခဏ အရသာ သဘော တရားကား ယခုမှ စ၍, စ၍ အသစ်, အသစ် ဖြစ်ပေါ်,ဖြစ်ပေါ် လာပါတကားဟု ဖြစ်ကြောင်း (လက္ခဏာ)အားဖြင့် ရှုပွါးရပုံကို ကျမ်းဂန်မှာဘယ်လိုလာပါသနည်း။(မေး)

(ခ) ဇာတံ့ ရှုပံ ပစ္စုပ္ပန္နံ၊ တဿနိဗ္ဗတ္တိလက္ခဏံ ဥဒယော။ ။ဟု မိန့်ဆိုတော်မူပါသည်။ ။ (ဖြေ)

(ခ) (ဇာတံ)ဖြစ်ပေါ်လာဆဲသော။(ရှုပ်)အရသာရုပ်သဘောတရားသည်၊ (ပစ္စုပ္ပန္နံ) ပစ္စုပ္ပန်သာတည်း။ (တဿ) ထိုဖြစ်ပေါ်လာဆဲသော အရသာသဘော၏၊(နိဗ္ဗတ္တိလက္ခဏံ) လျှာပေါ် ၌ တွေ့တိုင်း, တွေ့တိုင်း စ၍,စ၍ အသစ်အသစ် ဖြစ်သည်, ဖြစ်သည်ဟု ရှုမှတ် ပွါးများကြောင်း လက္ခဏာသည်။(ဥဒယော)ဥဒယမည်၏။ (ဝါ)ဖြစ်ခြင်းမည်၏။ ။

(ဖြစ်စဖြစ်စ၊ဥဒယ၊ပျက်ကဝယသာ)။

### (အထူးမှာထား တိုက်တွန်းချက်)။

ဤဒေသနာအရ စာဘတ်ရင်းပင် စားလိုရာကိုစား၍ ရှုပွါးကြစမ်းပါ။ ။(လွယ်လွယ်နှင့်ထင်ခဲ့ဖွ မလျော့ဘဲ ရှုပွါးကြပါ)။ ။

---

### ရသာရုံဆောင်ပုဒ် အကျဉ်းချုပ်ကဗျာ။

(၁) အစာနှင့်လျှာ။ထိခိုက်လာ၊တဏှာ(လောဘဇော)။ ။
(၂) ထိုထိုအခါ၊ပညတ်သာ။ တပ်ခါမီးတောက်မျော။ ။
(၃) မကောင်း(ဒေါသ)ကောင်း(လောဘ)(မောဟ) အမှားဟော။
(၄) ဘုရားဟောမှာ၊ပညတ်ခွါ၊ ရသာဤသဘော။ ။
(၅) သဘောရသာ၊ရှုမြင်ကာ၊ထင်လာဖြစ်,ပျက်စော၊ ။
(၆) သဘောဖြစ်ထင်၊ဒိဋ္ဌိစင်။ မဂ္ဂင်နည်းမှန်ဟော၊ ။
(၇) ကျင့်နည်းလမ်းမှန်၊ရှုဘို့ရန်၊ပုံစံပုံပြဟော၊ ။
(၈) မယုံသူများ၊ကိုယ်တိုင်ပွါး၊ ဉာဏ်သွားမှန်ထင်ဟော၊ ။
(၉) ဖြစ်ဆဲမြင်မှ၊ပျက်ထင်ရ၊ဦးစွာဖြစ်ရှုစော၊ ။
(၁၀) ဉာဏ်နုသူများ၊စိတ်တည်ထား၊ ရှုပွါးအဖြစ်စော၊ ။
(၁၁) အဖြစ်မထင်၊ပျက်မမြင်၊ကျင့်စဉ်(ဒုက္ခ)မျော၊ ။
(၁၂) ဆားငန်ချောင်းရေ၊မြစ်းနေ၊လျှက်လေ ခသိတု၊ ။

(၁၃) သရက်ကင်း၀။မှည့်ပုပ်ကျ။လျှက်က ဖြစ်မတ္တု။ ။
(၁၄) ထန်းလျှက်,သကြား။၀,ဆုံးစား။ဖြစ်ပွါးသစ်,သစ်တ္တု။ ။
(၁၅) ဤနည်းရသာ။ဥပမာ။ရှုပါဖြစ်,ဖြစ်တ္တု။ ။
(၁၆) အဖြစ်သဘော။ဥာဏ်ရှိစော။ပျက်သောမဂ်,ဖိုလ်ယူ။
(က) ဤသို့ကျဥ်းပြ။မသိက။ မေးကြသိပြီးသူ။ ။
(ခ) မသိပါဘဲ။ဖြစ်တင်ရဲ။ချော်လွဲနိဗ္ဗာန်ဟူ။ ။
(ဂ) နိဗ္ဗာန်ချော်လွဲ။ပါယ်ငရဲ။ကျမြဲ(ဒုက္ခ)ပူ။ ။

ဤတွင် ရသာရုံ အဖြစ်သက်သက် ပြခဏ်းပြီးပြီ။

## ဖောဋ္ဌဗ္ဗာရုံအဖြစ်သက်သက်ပြခဏ်း။

(က) ဤသို့ စားတိုင်း,စားတိုင်းအရသာ (ပရမတ်) သဘောတရားများကို ကမ္မဋ္ဌာန်းအလုပ်ဖြင့် ရှုပွါးတတ်ကြပါလျှင် ဖောဋ္ဌဗ္ဗာရုံခေါ် (အတွေ့) ပရမတ် သဘောတရားများကို တွေ့တိုင်း,တွေ့တိုင်း ကမ္မဋ္ဌာန်းအလုပ်ဖြင့် ရှုပွါးတတ်ကြရန် လွန်စွာ အရေး ကြီးသေး သောကြောင့် မိမိ၏ ရှေ့၌ ရှိသော ဖျာစသော ၀တ္ထုတခုခုကို လက်ဖြင့်အုပ်ကာ ငြိမ်သက်စွာ ဖိထားစမ်းပါ။ ဘာကို တွေ့ပါသနည်း။ ။ (မေး)

(ခ) (ဖျာ) ကိုတွေ့ပါသည်။ ။ (ဖြေ)

(က) (ဖျာ)ကိုဘယ်လိုတွေ့ပါသနည်း။ ။ (မေး)

(ခ) (ဇေးဇေး) ကို တွေ့ပါသည်။ ။ (ဖြေ)

(က) ဇေးဇေးကို ဖျာဟုဆိုပါလျှင် ၎င်းဖျာမှတပါးမြေ, ရေ, လေ, ရွှေ, ငွေ,ကျောက်,သံ,ပတ္တမြား စသော ထိုထို၀တ္ထုတို့၌ရှိသော အဇေးတို့ကိုလည်း ဖျာဟူ၍ပင် ရှုမှတ်ရမည်မဟုတ်ပါလော။ ။ (မေး)

(ခ) ဤလိုဆိုလျှင် ဖျာဟူ၍မရှုမှတ်သင့်ပါ။ ။ (ဖြေ)

(က) ယခုလက်ဖြင့် စမ်းသတ် တွေ့ရှိသော အဇေးသဘောကို ဖျာစသည်ဟူ၍ မရှုမှတ်ဘဲ အဇေး သဘောဟု ရှုမှတ် နေဆဲအခိုက်၌ စိတ်သည် အဇေးသဘောမှတပါး အခြားအာရုံများသို့ ပြန့်လွင့် နေပါသေးသလား။ ။ (မေး)

(ခ) ယခု အဇေး သဘောကိုသာ အာရုံရှုးစိုက်ကာ ရှုမှတ်နေဆဲ အခိုက်မှာ အာရုံတပါးသို့ စိတ်မသွားတော့ပါ။ ။ (ဖြေ)

## အဖေးဦစိတ်တည်၍ လောဘစသည် ငြိမ်းအေးပုံ။

(က) ယခု တွေ့သော အဖေး သဘောကို အဖေးသဘောဟု ရှုမှတ်နေဆဲ အခိုက်၌ (လောဘ, ဒေါသ) စိတ်များ ဖြစ်ပေါ် လာပါ သေးသလား။ ။ (မေး)

(ခ) ယခုလက်ဖြင့် တွေ့ဆဲသော အဖေးသဘောကို အာရုံ ပြုနေဆဲအခိုက်၌ (ဘောဘ,ဒေါသ) စိတ်များမဖြစ်ပေါ်လာပါ။ ။ (ဖြေ)

## သမထ ဝိပဿနာ ဘာဝနာအလုပ်မည်ပုံ။

(က) ယခု တွေ့ဆဲသော အဖေးသဘော၌ စိတ်တည်ခိုက်မှာ ဝိတိက္ကမ ကိလေသာ, ပရိယုဋ္ဌာန ကိလေသာတို့ကို (တဒင်္ဂ) စသဖြင့် ငြိမ်းပျောက်အောင်ပြုမှုသည် အဘယ်တရားကို အားထုတ်နေသည်ဟု ခေါ်ဆိုရပါသနည်း။ ။ (မေး)

(ခ) ယခုတွေ့ဆဲသော အဖေးသဘောကို အာရုံပြုနေခိုက်မှာဝိတိက္ကမ,ပရိယုဋ္ဌာန,ကိလေသာတို့(တဒင်္ဂ)စသဖြင့်ငြိမ်းစေသောကြောင့်(သမထ) ဘာဝနာ, အမှန်ရှိသော အဖေးသဘောကို သိမြင်ခြင်းကြောင့် (ဝိပဿနာ)ဘာဝနာ,အလုပ်အားထုတ်နေသည်ဟုခေါ်ဆိုရပါသည်။(ဖြေ)

## အဖေးဓာတ် ပရမတ် ပညတ်ခွဲခြားပြ၏။

(က) ယခု တွေ့ဆဲသော အဖေးဓာတ်ကို (ပရမတ်, ပညတ်) ခွဲ၍ပြပါ။ ။ (မေး)

(ခ) ယခု လက်နှင့် စမ်းသပ်၍ တွေ့ရှိသောသဘောသတ္တိမှုသည် (ဝိဇ္ဇမာန) ပညတ်ထဲမှ အသီးအခြား ထုတ်နုတ်၍ ယူရသောကြောင့် (ပရမတ်) စစ်စစ် ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ဤ (ပရမတ်) သဘောကိုပင် အဖေးဟု ခေါ်ဆိုရသောအမည်နာမသည် (ဝိဇ္ဇမာန) ပညတ်ဖြစ်ပါသည်။ ။ (ဖြေ)

## ယခုတွေ့ဆဲ အဖေးဓာတ် ယခုမှ ဖြစ်၏ဟု ရှုအင်ပုံ။

(က) ယခု ထင်ရှား ရှိသော အဖေးဓာတ် ပရမတ် သဘော တရားသည် ဘယ်အခါက ဖြစ်ပါသနည်း။ ။ (မေး)

(ခ) ယခုတွေ့ဆဲခဏမှ အသစ်,အသစ် ဖြစ်လာပါသည်။ ။ (ဖြေ)

(က) ယခု ထင်ရှား ဖြစ်ပေါ်လာသော အဇ္ဈေသဘောသည် ရှေးအတိတ်က ဖြစ်ဘူးပါသလား။ ။ (မေး)

(ခ) ယခု ရှိသော အဇ္ဈေ သဘောသည် ရှေး အတိတ်က မဖြစ်ဘူးပါ။ ။ (ဖြေ)

(က) ရှေးအတိတ်က အဇ္ဈေသဘောများ မဖြစ်ဘူး, မရှိဘူးဟုဆိုရပါသလား။ ။ (မေး)

(ခ) ရှေး အတိတ်က ဖြစ်, ရှိဘူးသော အဇ္ဈေ သဘောတို့မှာ ချုပ်ပျောက်ခဲ့ပြီး၍။ ယခုရှိသော အဇ္ဈေသဘောသည် ယခုမှ အသစ်,အသစ် ဖြစ်ပေါ်လာသော အဇ္ဈေ သဘောများ ဖြစ်ပါသည်။ ။ (ဖြေ)

(က) ယခု တွေ့တိုင်း, တွေ့တိုင်းသော အဇ္ဈေ သဘောကို တွေ့ဆဲခဏမှ ဖြစ်တယ်,ဖြစ်တယ်ဟု အဘယ့်ကြောင့် ရှုပွါးရပါသနည်း။(မေး)

(ခ) ဇာတံ ရူပံ ပစ္စုပ္ပန္နံ။ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။ ။ဟု ကျမ်းဂန်၌ လာသောကြောင့် ယခုတွေ့ဆဲ ခဏမှ အသစ်, အသစ် ဖြစ်တယ်,ဖြစ်တယ်ဟု ရှုပွါးရပါသည်။ ။(အနက်ပေးခဲ့ပြီ)။ ။ (ဖြေ)

## အဇ္ဈေသဘောတရားကို ဥပမာဖြင့်ရှုပွါးပုံ။

(က) လက်စသော ကိုယ်အင်္ဂါတို့ဖြင့် တွေ့ထိ ဆဲသော အဇ္ဈေ သဘောများကို ထင်မြင်လွယ်အောင် (ဥပမာ) အားဖြင့် ဘယ်လို ရှုမှတ်ပွါးများရပါသနည်း။ ။ (မေး)

(ခ) တွေ့ထိဆဲခဏ အသစ်, အသစ် ဖြစ်ပေါ်လာသော အတွေ့သဘောတရားများကို ထင်ရှားလွယ်ကူစွာ ရှုမှတ်ပွါးများဘို့ရာ(ဥပမာ) ကား-အစဉ်မပြတ် စီးဆင်းနေသော မြစ်ရေတို့ကိုလက်ဖြင့် စမ်းသပ်နေသောယောကျ်ားသည် ယခုလက်ဖြင့် တွေ့ထိသော ရေတို့ကားယခုမှလာဆဲရေ,ယခုမှလာဆဲရေဟု မှတ်သကဲ့သို့ရင်း။ ။

(ဂ) ထိုမှ တပါး အစဉ်မပြတ် တဟုန်းဟုန်း တိုက်ခတ်လာသော လေများကို လက်စသော ကိုယ်အင်္ဂါတို့ဖြင့် ခံထားသည်ရှိသော် ယခင်က တိုက်ခတ်၍ပင် နေသော်လည်း ယခုလက်ဖြင့် တွေ့ထိသော လေတို့ကား ယခုမှ လာဆဲလေ, ယခုမှလာဆဲလေဟု မှတ်သကဲ့သို့ရင်း။ ။

(ဃ) ထို့အတူ ယောဂီရှင်သည် ရှေးအတိတ်က အစဉ်မပြတ် အ ငေး သဘောတွေဖြစ်နေပါသော်လည်း ယခု လက်စသော ကိုယ်အင်္ဂါ တို့ဖြင့် တွေ့ထိဆဲသော အငေး သဘောများကို တွေ့ထိတိုင်း, တွေ့ထိ တိုင်းသော ဌာနတို့၌စိတ်ကိုတည်စေပြီး၍၊ ၎င်းအငေးသဘောများသည် ယခုမှ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟု ရှုပွါးအားထုတ်သည်ရှိ သော် ဖျာ,သင်ဖြူး, ကြမ်း,မြေ,ရေ,လေ,ကျောက်,သံ,ပတ္တမြား စသော (ပညတ်)အမှားများကို မထင်မှတ်တော့ဘဲ အငေးသဘော သက်သက် ဖြစ်,ဖြစ် နေသည်ကိုသာ မိမိဉာဏ်ဖြင့် ပိုင်နိုင်စွာ သိမြင် လာနိုင်ပါ သည်။ ။ (ဖြေ)

---

အငေးသဘော ဖြစ်မှုမြင်ရာ ဝိပဿနာဘာဝနာ မည်ပုံ။

(က) ဤလိုထိတိုင်း,ထိတိုင်း အငေးသဘော စသော အဖြစ်တွေကို ရှုပွါးနေသော ယောဂီရှင်မှာ အဘယ်တရားများကို အားထုတ်သည် မည်ပါသနည်း။ ။ (မေး)

(ခ) ဤလို အငေး သဘောစသော အဖြစ်မှုကိုရှုမြင်နေသော ယော ဂီရှင်မှာ (အနတ္တလက္ခဏာ)ကိုရှုပွါးသည် မည်သောကြောင့် (ဝိပဿ နာဘာဝနာ) ကမ္မဋ္ဌာန်းတရားကို ပွါးများ အားထုတ် နေသည်ဟု ခေါ် ဆိုရပါသည်။ ။ (ဖြေ)

(အသေးစိတ်ကိုကြွန်းချက်)

ဤနည်းများအတိုင်း မဆိုင်းမတွအကြွေးမထားကြဘဲ ယခုစာဘတ် ရင်းပင် အမှန်ဖြစ်၍ သိမြင်ရအောင် စမ်းသတ်ကာ ရှုပွါးကြစမ်းပါ။ ။

---

အပုသဘောများ၌ ရှုပွါးနည်းအကျဉ်း။

(က) ဤသို့ လက်စသော ကိုယ်အင်္ဂါတို့ဖြင့် ပစ္စုပ္ပန်အခိုက်၌ တွေ့ ထိတိုင်း,တွေ့ထိတိုင်း အငေး သဘောများ အသစ်,အသစ် ဖြစ်,ဖြစ်နေပါ တကားဟုရှုမှတ် ပွါးများရသည်နှင့် တူစွာ ဖြစ်ပေါ်လာသော ပူပူ,နွေး နွေး,ရှိန်ရှိန်စသောအတွေ့သဘောတို့ကိုလည်း ဘယ်လို ရှုမှတ်ပွါးများ ရပါသနည်း။ ။ (မေး)

(ခ) ပု,နွေး,ရှိန် သော ဝတ္ထုတခုခုကို ကိုင်ထိမိလျှင် တွေ့ရှိတိုင်း သော ပူ,နွေး,ရှိန်ဟု ရှုမှတ် ပွါးများရပါသည်။ ။ (ဖြေ)
(ဤစာ ဘတ်ရင်းပင် ရှုကြစမ်းပါ)။

## (အထူးမှာထား ညွှန်ကြားချက်)။

(၁) ဤမှ နောက်၌ အဇေးသဘောများလိုပင် (မေး,ဖြေ) ရေးရမည် ဖြစ်သော်လည်း ကျမ်းကြီးလေးမည် ကျယ်ဝန်းမည် စိုးသောကြောင့် အနည်းငယ်မတ္တ, ထူးရာတို့ကိုသာ ရေးသားတော့မည် ဖြစ်ပါ၍ အ ကျယ်ကို သိလိုကြပါလျှင် ရေးပြပြီးသော အဇေးသဘော စသည်တို့လို ပင် ရှုပွါးပါကုန်။ ။

## အပူအမာ စသည်၌ ပရမတ်ပညတ် ခွဲမှတ်ခဏ်း။

(က) ထိုထို လက်စသော အင်္ဂါကြီး,ငယ် တို့ဖြင့် တွေ့ရှိသော ပူ, နွေး,ရှိန်,မာ,အကြမ်း,အနူ,အချော စသည်တို့၌ (ပရမတ်,ပညတ်) များ ကို ခွဲ၍ပြပါ။ ။ (မေး)

(ခ) ယခု လက်စသော ကိုယ်, အင်္ဂါ တို့ဖြင့် တွေ့ရှိဆဲသော သ ဘောသတ္တိ မျှသည် (ပရမတ်) စစ်စစ်, ရုပ်စစ်စစ်, သင်္ခါရ စစ်စစ်များ ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ဤသဘောမျှကိုပင် အပူဟူသော 'အဇေးဟူသော သီတ–ဥဏှ ဟူသော အကြမ်း, အမာ, အနူ, အချော, ပထဝီဟူသော ရုပ်ဟူသော သင်္ခါရ ဟူသော ခေါ်ဆိုမှု အမည်တို့ကား (ဝိဇ္ဇမာန)ပညတ်များ ဖြစ် ပါသည်။ ။ (ဖြေ)

## ပရမတ်ရှုမြင် ပညတ်စင်ပုံ။

(က) ထိုထိုပညတ်တို့ အလိုလို ကင်းစင်ပျောက်ကွာအောင် ဘယ် လိုရှုမှတ် ပွါးများရပါသနည်း။ ။ (မေး)

(ခ) တွေ့ထိဆဲခဏ၌ ထင်ရှားရှိသော အပူ,အနွေး,အဇေး,အကြမ်း, အမာ,အနူ, အချောသဘော ပရမတ် စစ်စစ်မျှကိုသာ အာရုံပြုကာ ရှု မှတ်ခဲ့ပါလျှင် ထိုထိုလက်,ခြေ,ဦးခေါင်း, နား,နှာခေါင်း စသော ပညတ် တို့မှာ အလိုလို ကင်းစင် ပျောက်ကွာပါသည်။ ။ (ဖြေ)

(က) ယခု တွေ့ရှိသော အပူ, အနွေးစသော သဘောကို ကြံစည်တွေးတောမှတွေ့ရပါသလား။မကြံ မတွေးဘဲ တွေ့ရပါသလား။ (မေး)
(ခ) ပရမတ္ထ အားဖြင့် ထင်ရှား ရှိသောကြောင့် မကြံ မတွေးဘဲ အာရုံပြုက ခဏချက်ခြင်း ထင်လင်းစွာ တွေ့ရပါသည်။ ။ (ဖြေ)

## အပူသဘော၌ ဥပမာဖြင့် ရှုပွါးနည်း။

(က) ထိုလက်,ခြေ စသည်တို့ဖြင့် တွေ့တိုင်း, တွေ့တိုင်း ထင်ရှားရှိသော အပူစသော သဘောတို့၏ အသစ်,အသစ် ဖြစ်ပေါ်လာကြောင်းကို အဘယ်(ဥပမာ)ကဲ့သို့ ရှုမှတ်ပွါးများရပါသနည်း။ ။ (မေး)
(ခ) လွင်တီးပြင်၌ ရပ်နေသော ယောကျ်ားသည် နေ့ထွက်ကစ၍ နေဝင် တိုင်အောင် တွေ့တိုင်း,တွေ့တိုင်းသော နေပူရှိန်တို့ကို အာရုံပြု၍ ဤယခုတွေ့သော နေပူရှိန်တို့သည် ယခုမှ အသစ်,အသစ် ဖြစ်ပေါ်,ဖြစ်ပေါ်လာပါတကားဟု ရှုမှတ်သကဲ့သို့ငင်း။ ။
(ဂ) ထိုမှ တနည်း လွင်တီးခေါင်၌ ရှိသော ကျောက်ခဲ ပေါ်တွင် ထိုင်နေသော ယောကျ်ားသည် နေထွက်ကစ၍ နေဝင်တိုင်အောင် ပူမြိုက်နေသော ကျောက်ခဲကြီး၏ အပူရှိန်ဓာတ်တွေ ဆက်ကာ, ဆက်ကာ ဖြစ်နေသည်တို့ကို တွေ့ထိတိုင်း, တွေ့ထိတိုင်း ယခုမှ အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကားဟု ရှုမှတ်သကဲ့သို့ငင်း။ ။
(ဃ) ထို့အတူ အသစ်,အသစ် အထပ်ထပ်, အစဉ်မပြတ် ဖြစ်နေသော ပူနွေးနွေးသဘောတို့ကို လက်စသော ကိုယ်အင်္ဂါတို့ဖြင့် တွေ့ထိတိုင်း, တွေ့ထိတိုင်း ယခုမှ ဖြစ်တယ်, ယခုမှ ဖြစ်တယ် ဟု ပြအပ်ပြီးသော (ဥပမာ) များအတိုင်း ထင်မြင်အောင် ရှုမှတ် ပွါးများရပါသည်။ ။ (ဖြေ)

(ဥာဏ်ကြီးသူများ အပျက်ပါရှုပါ)။

(အထူးမှာထားချက်)

ဤလောက၌ အပူ, အဧး လွတ်သောနေရာ အပ်ဖျားတတ်စာမျှမရှိသဖြင့် ပူမှု,ဧးမှုတွေ တခုခုကို ရှုပွါးကြပါလေ သူတော်တွေတို့။ ။

## တည်ကြည်ဉာဏ်ပွါး နိဗ္ဗာန်တိုင်သွားရပုံ။

(က) ဤသို့တည်ကြည်သောစိတ်သဘောဖြင့် ဟုတ်မှန်စွာရှိသော အပူသဘော စသော တရခုကို ရှုမှတ်ပွါးများသော ယောဂီရှင်မှာ အဘယ်ဉာဏ်,အဘယ်အကျိုးများ ရှိပါသနည်း။ ။ (မေး)

(ခ) သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ။ ယထာဘူတံ ဇာနံ ပဿံ အန္တကရော ဟောတိ။ ။စသော ဘုရားဟောနှင့်အညီ မိတ်တည်သောသူအား ဟုတ်မှန်စွာသိသော(ယထာဘူတ)ဉာဏ်ကိုရ၍ နိဗ္ဗာန်တိုင်အောင် ရောက်နိုင်သောအကျိုးရှိပါသည်။ ။(ဖြေ)

(ခ) (ဘိက္ခဝေ) ချစ်သား,ချစ်သွီးတို့။(သမာဟိတော) စိတ်တည်သောသူအား။ (ယထာဘူတံ) ဟုတ်တိုင်း မှန်စွာ။ (ပဇာနာတိ) သိ၏။ (ယထာဘူတံ) ဟုတ်တိုင်း မှန်စွာ။ (ဇနံ-ဇာနန္တော) သိသည်ရှိသော်။ (ပဿံ-ပဿန္တော)မြင်သည်ရှိသော်။ (ဝါ) မြင်သောသူသည်။ (အန္တကရော) လောကဆုံးရာ နိဗ္ဗူတာသို့ မြန်စွာ ရောက်နိုင်သည်။ (ဟောတိ) ဖြစ်၏။ ။(ဝိပဿနာဉာဏ်ကိုယူလေ)။ ။

---

## ကြမ်းမာသဘောစသည်၌ ရှုပွါးပုံအကျဉ်း။

(က) ထိုထို အပူ, အနွေး, အအေး သဘောတို့ကို ရှုပွါး တတ်သော ယောဂီဖြစ်သည့် အကြမ်း,အမာ,အနူ,အချောစသော အတွေ့ကို တွေ့ထိလျှင် ဘယ်လိုရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ကြမ်း, မာ,နူ, ချော စသော အတွေ့ သဘောကို တွေ့ကာမျှဟု ရှုမှတ်ပွါးများရပါသည်။ ။ (ဖြေ)

(ဂ) ထို့ကြောင့်။ မုတေ မုတမတ္တံ ဘဝိဿတိ။ ။ဟု ဘုရားရှင် ဟောပြတော်မူပါသည်။ ။

(ဂ) (မုတေ)လက် စသော ကိုယ် အင်္ဂါဖြင့် တွေ့သည် ရှိသော်။ (မုတမတ္တံ) ကြမ်း,မာ, နူ,ချော စသော သဘောကို တွေ့ကာမျှသည်။ (ဘဝိဿတိ)ဖြစ်ရာ၏။ဖြစ်ရမည်။ ။

(က) ထိုကြမ်း,မာ,နူချော စသော သဘောတို့ကို ဘယ်လိုများ ရှုပွါးရပါသေးသနည်း။ ။ (မေး)

(ခ) ဘူတံ ဘူတတော ပဿတိ။ ။ဟူသော ဘုရား ဟောကို ထောက်ဆ၍ ထင်ရှား ရှိသည်, ထင်ရှား ရှိသည်ဟု ရှုပွါး ရပါသေးသည်။ ။ (ဖြေ)

(က) အဘယ်ကဲ့သို့ဖြစ်၍ ထင်ရှားရှိပါသနည်း။ ။ (မေး)

(ခ) ဆီမီးလျှံကဲ့သို့ဂင်း မြစ်ရေ အလျဉ်ကဲ့သို့ဂင်း ဖြစ်၍ ထင်ရှားရှိပါသည်။ ။ (ဖြေ)

(ဂ) ထို့ကြောင့်။ ။ဒီပစ္စာလာဝိယာစ နဒီသောတောဝိယာစပဝတ္တတိ၊ ။ဟုဟောပြတော်မူပါသေးသည်။ ။ (ဖြေ)

(ဂ) (ဒီပစ္စာလာဝိယာစ)ဆီမီးလျှံကဲ့သို့ဂင်း။(နဒီသောတောဝိယာစ) မြစ်ရေ အလျဉ်ကဲ့သို့ဂင်း၊(ပဝတ္တတိ)ဖြစ်၏။ ။

**ဆောင်ပုဒ်ကာဗျာ။**

(၁) အဟောင်း တွေပျက်။ အသစ်ဆက်။ ဖြစ်, ပျက် စဉ်ပြောင်းသည်၊ ။

(၂) ဆီမီးအလျှံ။ မြစ်ရေဟန်။ထပ်မံဖြင်,ပျက်သည်။ ။

---

## ကြမ်းမာသဘောစသည်များကို ဥပမာဖြင့်ရှုပွါးနည်း။

(က) ထိုတွေ့တိုင်း, တွေ့တိုင်းသော ကြမ်း,မာ,နူ, ချောစသော အတွေ့သဘောတို့၏ အသစ်, အသစ် ဖြစ်, ဖြစ်နေပါတကား ဟု (ဥပမာ) အားဖြင့် အဘယ်သို့ ရှုမှတ်ပွါးများရပါသနည်း။ ။ (မေး)

(ခ) ဤလောက၌ အသိဥာဏ်ပွါး လူယောကျ်ားသည်ခါးတောင်းကြိုက်ထား မြစ်ရေများ၌ ရေချိုးနေစဉ်ြား အရှယ်တူ ငါးရံ့များမှာ မြီး, ခေါင်းဆက်ကာစဉ်မကွာဘဲ ပြေးလာကြရာ။ထိုယောကျ်ား၏ကိုယ်လုံးတင်ပါး၌ ပွတ်တိုက်ကာသွားကြသည်ရှိသော် ထိုငါးများ၏ နေထွက်ကစ မှန်းတည့်ကျအောင်အတွေ့တခုဘည်းဟုမထင်မှားဘဲ။အမှန်အားဖြင့် ငါးတကောင်ပြီး တကောင် တိုးခပ်သွားခြင်းကြောင့် ငါးတကောင်လျှင် အတွေ့,တတွေ့ဖြစ်၍ (ပထမ) ငါးကြောင့် (ပထမ) အတွေ့ တခု၊ (ဒုတိယ) ငါးကြောင့် (ဒုတိယ)အတွေ့တခု၊ (တတိယ) ငါးကြောင့် (တတိယ) အတွေ့တခု (ဝါ) ယခုငါးကြောင့် ယခုအတွေ့ စသည်ဖြင့် တွေ့တိုင်း,တွေ့တိုင်းရှုမှတ်သကဲ့သို့ ,င်း၊ ။

(ဂ) ထိုမှတပါးပုတီးစိပ်သောယောကျ်ားသည်ယာခုအလုံးကြောင့် ယာခုအတွေ့ ယာခု အလုံးကြောင့် ယာခု အတွေ့ စသဖြင့် ပုတီးလုံး တွေ့တိုင်း, တွေ့တိုင်း ရှုမှတ်သကဲ့သို့ရင်း။ ။

(ဃ) ထိုမှတချက် ခြပုံး, ပိုး, ပရွက် စသည့်တို့သည် တကောင်နှင့် တကောင် ဦးခေါင်းနောက်စွန်းချင်း ထိစပ်ဆက်ကာ သွားကြရာသကဲ့သို့ရင်း။ ။

(င) ထို့အတူ(ဝိပဿနာဘာဝနာ) အလုပ်ကို အဟုတ်အားထုတ်သော ယောဂီ ဖြစ်သည့် လက်စသည့်တို့နှင့် တွေ့တိုင်း, တွေ့တိုင်း အတွေ့ရှည့်,အတွေ့မြဲ, တတွေ့ထဲဟူ၍ ထင်မှတ်ကြပြားသော်လည်း။ထင်တိုင်းမဟုတ်ဘဲ ယာခုပစ္စုပ္ပန်တွေ့ဆဲသော အကြွမ်း, အမာ,အနူး,အချောစသော သဘောတို့တွင် တခုခုကို အာရုံ ပြုကာ ရှေးအပျက် စွန်းနှင့် နောက်အဖြစ်စွန်း အတွေ့သဘောတို့မှာ ထိစပ်မကွာ ယာခုတွေ့ဆဲခဏမှ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟု ဤ (ဥပမာ) များအားလျော်စွာ ရှုမှတ်ပွါးများရပါသည်။ ။ (ဖြေ)

---

## ပူ ဧး စသား တပေါင်းတည်း ရှုပွါးဘို့တရား။

(က) ဤသို့ အသီးသီးပြခဲ့သော ပူ,ဧး,ကြွမ်း,မာ,နူး,ချောစသော သဘောတို့တွင် ပေါ်လွင်ထင်ရှားလှသော အပူ,အနွေး,အဧး,အကြွမ်း, အမာသဘောတို့ကား ရှုမှတ်ပွါးများ လွယ်လှပါ၏။ ။မပေါ်လွင်မထင်ရှားသော မပူတပူ,မဧးတဧး,မကြွမ်းတကြွမ်း, မပြော့တပြော့ မချောတချော,မနူးတနူး,သဘောတွေ့ကိုစိတ်ပြန့်လွင့်ခြင်း, ဝိတက်များခြင်းဖြစ်တတ်ကြ၍အလွယ်ဆုံးနည်းအားဖြင့်ဘယ်လိုရှုပွါးရပါသနည်း။(မေး)

(ခ) ဤသို့ ပူ,ဧး, ကြွမ်း, မာ,နူး, ချောစသော သဘောတို့ကို ခေါ်ဆိုသမုတ်ကြသော အမည်နာမ(ဝိဇ္ဇမာန)ပညတ်စသည်များတို့ကား မိမိတို့ တရာ့ တပါးသောလူမျိုး ဘာသာစကားခေါ်ဝေါ်ခြင်း ကွဲပြားကြမည်ဖြစ်၍ အပူ,အဧးအကြွမ်း, အမာစသောအမည်ပညတ်များကို အာရုံမထားတော့ဘဲ။ယာခုပစ္စုပ္ပန်တွေ့ရှိဆဲ ခဏမှဖြစ်သော အတွေ့သဘောသက်သက်မျှကိုသာ အာရုံပြု၍ ဤအတွေ့သဘောကား ဤလိုနေပါတကား,ဤလိုနေပါတကားဟု ရှိသောသဘောသက်သက်မျှကိုသာ တွေ့

တိုင်း, တွေ့တိုင်း ရှုမှတ် ပွါးနေပါလျှင် ဖြန့်လွင့်မှု ကြံစည်မှု ကင်း၍ (သက္ကာယဒိဋ္ဌိ)များပါကင်းပျောက်လွတ်စင်နိုင်ပါသည်။ ။ (ဖြေ)
(အကြွေးမထားကြဘဲ ယခုပင်ရှုကြစမ်းပါ)။

---

## တပေါင်းတည်းရှုပွါးဘို့ရာဥပမာများ။

(က) ဤပူ,ဖေး, ကြမ်း, မာ, နူး, ချော စသော အတွေ့သဘောများကို တပေါင်းတည်းရှုပွါးတတ်ဘို့ရာ (ဥပမာ) ဖြင့်ပြပါ။ ။ (မေး)

(ခ) ဆေးနီ, ဆေဝါ, ဆေးပြာ, ဆေးနက် ရောစွက်၍ ရေးသားထားသည်ကို ရှုမြင်ရသော ယောက်ျားသည် ထိုဆေးနီ စသား အသီးသီး မမှတ်သားတော့ဘဲ ညို့ညို့မောင်းမောင်းအဆင်းဟူ၍သာရှုမြင်ရသောအတိုင်း တပေါင်းတည်းသာ ရှုမှတ်ရာသကဲ့သို့ရင်း။ ။

(ဂ) ထိုမှတပါး ငါးပိ,ဆီ,ဆား, ငရုပ်,ဂျင်းစသည်များကို ရောစပ်ပေါင်းကာ ချက်ကြော်ထားသော ဟင်းလျာများ၏ (အရသာ) များကို စားသောက်သော သူသည် ထိုငါးပိ, ဆီ,ဆား စသည်တို့၏ အရသာများကို တပါးစီခွဲခြား၍ အမှတ်မထားတော့ဘဲ လျှာမှာ တွေ့ရှိရသော သဘောအတိုင်း ပေါင်းရုံးကာ ရှုမှတ်ရာသကဲ့သို့ရင်း။ ။

(ဃ) ထို့အတူ အမှန်ရှိသော သဘောများကို ထင်မြင်လိုသော ယောဂီ ရှင်သည် ထိုပူ, ဖေး, ကြမ်း, မာစသော သဘောများကို လက်စသည်တို့ဖြင့် ယခု ပစ္စုပ္ပန်၌ ဖြစ်ပေါ်လာဆဲသော အတွေ့ သဘောများကို တပါးစီ ကြံစည်၍ မရှုမှတ်တော့ဘဲ လွန်ကဲရာ တွေ့ဆဲသော အတွေ့သဘောမှုကိုသာ တွေ့ရှိသောအတိုင်းသာ အာရုံပြုကာ ဤအတွေ့သဘောသည် ဤလိုနေပါတကား, ဤလိုနေပါတကားဟု ထို (ဥပမာများ) အားလျော်စွာ ရှုမှတ် ပွါးများရပါသည်။ ။ (ဖြေ)

---

## အတွေ့သဘောဖြစ်မြင် နိဗ္ဗာန်ဝင်ပုံ။

(က) ဤသို့ပူ, ဖေး, ကြမ်း, မာ,နူး, ချောစသော အတွေ့ သဘောများကို ထင်မြင်အောင် ရှုပွါးခဲ့သော် ဘယ်အကျိုးများ ခံစား ရနိုင်ပါသနည်း။ ။ (မေး)

(ခ) ဤနည်းများအတိုင်း အတွေ့သဘောများ၏အပျက်ကိုထင်မြင်

စေခြင်းငှါ အစဉ်မပြတ်အသစ်,အသစ်ဖြစ်သည်,ဖြစ်သည်ဟု ဖြစ်တိုင်း, ဖြစ်တိုင်း ရှုမှတ်ပွါးများသော ယောဂီ ၅င်အားလက္ခဏာရေး ၃-ပါးကို မြန်စွာမြင်၍ မဂ်,ဖိုလ်,နိဗ္ဗာန်သို့ပင် လျှင်မြန်စွာ ရနိုင်ခြင်းအကျိုးများကို ခံစားရနိုင်ပါသည်။ ။ (မြေ)

(ဟုတ်မှန်လျှင် တိဟိတ်ပင်)။

ယောဂ္ဂဗ္ဗာရုံဆောင်ပုဒ် အကျဉ်းချုပ်ကဗျာ။

(၁) လက်,ခြေ,နား,နှာ။အဝတ်,ဖျာ။ကိုင်ကာသုံးသပ် ထင်။ ။
(၂) သုံးသပ်ကြည့်ကာ။အတွေ့မှ။ရှိကြ ထင်ရှားမြင်။ ။
(၃) လက်,ခြေ,နား,နှာ။အဝတ်,ဖျာ။ထင်ကာ(ပညတ်)ပင်။ ။
(၄) အတွေ့သဘော။ဥာဏ်ယှဉ်စော။ရူလော(ပရမတ်)မြင်။ ။
(၅) သဘောမြင်မှ။ဖြစ်ထင်ရ။ပျက်ပြ,(ဒုက္ခ)ထင်။ ။
(၆) ဒုက္ခထင်မှ။(အနတ္တ)မြင်လှမဂ်,ဖိုလ်ဝင်။ ။
(၇) ထို့ကြောင့်လွယ်ရ။ရှုပုံပြ။ယုံကြဥာဏ်ကြီးရှင်။ ။
(၈) မြစ်ရေစီးသွား။ လေတွေ့လား။ ရှုပွါးအတွေ့ထင်။ ။
(၉) ရေတံခွန်ကျ။တွေ့ဆက်ပြ။တွက်ဆနေပူယှဉ်။ ။
(၁၀) မြီး,ခေါင်းဆက်သွား။ ငါးရံ့များ။ တွေ့ပြားဆက်ပုံမြင်။ ။
(၁၁) ပုတီးစိပ်သူ။တွေ့မတူ။ပုံယူသစ်,သစ်မြင်။ ။
(၁၂) ခြပုံးပရွက်။ထိသွားဆက်။ဖြစ်,ပျက် ၂-စွန်းမြင်။ ။
(၁၃) ငါးပိ,ဆီ,ဆား။ငရုပ်များ။ချက်စား နံ့တူထင်။ ။
(၁၄) ပြောင်း,ပဲ,စပါး။လူး,ဂျုံများ။ ရောထားကိုင်တူထင်။ ။
(၁၅) ဆေးနီ,ဆေးဝါ။ဆေးမဲ,ပြာ။ ညှိသာပေါင်းသို့မြင်။ ။
(၁၆) ဤသို့ပုံပြ။ယုံရှုကြ။သုခမဂ်,နိဗ်မြင်။ ။
(၁၇) မယုံမရှု။ သဘောဓါ။လေးမှုဝင့်မြယှဉ်။ ။
(၁၈) အတွေ့မက်နေ။အသင်္ချေ။လေးထွေပါယ်မြဝင်။ ။
(၁၉) အပါယ်လွတ်လို။များလှုဖိုလ်။ကြည်ညှိတရားမြင်။ ။
(၂၀) တရားခင်မှ။ ရှုတ်လောက။လွတ်ရနိဗ္ဗာန်ဝင်။ ။

ဤတွင် ယောဂ္ဂဗ္ဗာရုံ အဖြစ်သက်သက်ပြခဏ်းပြီးပြီ။

# ရူပါရုံ အဖြစ်သက်သက်ပြခဏ်း။

(က) ထို အဇ္ဈတ္တ သဘောတို့၏ အဖြစ် သက်သက်တို့ကို ထင်မြင်ပြီးသော ယောဂီရှင်သည် လွန်စွာ သိမ်မွေ့ ခက်ခဲ နက်နဲလှသော ရူပါရုံခေါ် (အဆင်း) သဘောတရားကို ရှုဆင်ခြင်ပွါးနိုင်ရန် မိမိ၏မျက်တောင်စွန်းမှစ၍ရှေ့ရှုတရှု ဟာလာဟင်းလင်း အတွင်း၌ စေ့စေ့စပ်စပ် ကြည့်ရှုလတ်သော် ဘာကိုမြင်ပါသနည်း။ ။ (မေး)

(ခ) မျက်တောင် အစွန်းအဖျားကစ၍ ကြည့်ရှုရာ ဟာလာ ဟင်းလင်းအတွင်း၌ရှိ အဆင်းတွေကို မြင်ပါသည်။ ။ (ဖြေ)

(အထူးမှာထားချက်)။

(၁) ဘုရားရှင် ဟောတော်မူသော ဒေသနာ အစဉ်မှာ ရူပါရုံကို ရှေးဦးစွာ ဟောပါသော်လည်း ဤကျမ်း၌ဉာဏ်ထိုင်း,နုံ့ နှေးသူယောဂီဖြစ်တို့ ဝိပဿနာဉာဏ်၌ ထင်မြင် ပေါက်ရောက်လွယ်စေခြင်း အကျိုးငှါ လွန်စွာလွယ်လှသော အသံသဘောတရား အလတ်စား ဖြစ်သော အနံ့သဘော အရသာ သဘော အဇ္ဈတ္တသဘော တရားများကို အားထုတ်ဟောပြသော နည်းအစဉ်အားလျော်စွာ ရေးပြပြီးလျှင်ရှုဆင်ခြင်ထင်မြင်ဘို့ရာ လွန်စွာ သိမ်မွေ့, နက်နဲ, ခက်ခဲလှသော ရူပါရုံ အဖြစ်သက်သက်ကို နောက်ထားကာ ရေးပြလိုက်ပါသည်။ ။(အပြစ်မရှုအနှစ်ကိုသာရှုကြပါ)။ ။

(က) ယခုမြင်ဆဲခဏ မျက်တောင်စွန်းမှ စ၍ ဟာလာ ဟင်းလင်း အတွင်း ကြည့်ရှုရာ ကောင်းကင်ကိုမြင်သည်မဟုတ်ပါလော။ ။(မေး)

(ခ) ကောင်းကင်ကို မမြင်အပ်,မမြင်နိုင်၍ ကောင်းကင်ဟု မမှတ်ရဘဲ ရှုမြင်အပ်သော အဆင်းကိုသာ ရှုမှတ်ရပါသည်။ ။ (ဖြေ)

(က) ဤသို့ဖြစ်လျှင် အထောင့်,နံရံ များနှင့် ထုပ်,လျောက်,ဖိုင်း,မှားတုန်း,တိုင် မျက်နှာကြက် များကိုပါ မြင်လျှင် ဘာကို ရှုမှတ်ရပါ သနည်း။ ။ (မေး)

(ခ) အဆင်း,အဆင်းဟူ၍သာ ရှုမှတ်ရပါသည်။ ။ (ဖြေ)

(က) ဤ အဆင်းတို့ကို ဘယ်လိုထင်မြင်ပါသနည်း။ ။ (မေး)

(ခ) ဤ အဆင်းတို့ကို ညိုမောင်း,ရွှေဝါ,နီ,ဖြူ,ပြာ စသည်ဖြင့် ထင်မြင်ပါသည်။ ။ (ဖြေ)

(က) ယခု ကြည့်ဆဲခဏ မြင်ရသော ညိုမောင်း, ရွှေဝါ, နီ, ဖြူ,ပြာ စသည်တို့ကို ညိုမောင်း,ရွှေဝါ,နီ,ဖြူ,ပြာ,ကွက်ပြိုးပြိုးပြက်ပြက်တွေဟု ရှုမှတ်ရပါသလား။ ။ (မေး)

(ခ) ဤသို့ မြင်သည့် အတိုင်း ကြည့်ပြီးလျှင် အဆင်း,အဆင်း ဟု ရှုမှတ်ရပါသည်။ ။ (ဖြေ)

(က) ဤသို့ အဆင်း, အဆင်း ဟု ရှုရပါလျှင် တုန်း, တိုင်, ထုပ်, လျောက်, လေးထောင့်, ရှစ်မြှောင့်, အလုံး, အပြား စသည်တို့ကို မြင်လျှင် ထိုထိုတုန်း,တိုင် စသည်တို့ဟု ရှုမှတ်ရပါသလား။ ။ (မေး)

(ခ) ဤသို့ တုန်း,တိုင် စသည်တို့ဟု ရှုမှတ်ခဲ့ပါလျှင် ၎င်းတို့မှာအဟုတ်အမှန်ရှိကြတာ မဟုတ်ပါ၍ ပန်းချီဆရာများ ရေးသားအပ်သော အထောင့်,အမြှောင့်,ပုံများနှင့် တုန်း,တိုင်,ထုပ်,လျောက် စသည်ဖြင့်ရေးသားအပ်သော အဆင်းများ ကိုလည်း ထိုထိုတုန်း,တိုင်, ထုပ်,လျောက် စသည်တို့ဟူ၍ ဆိုထိုက်, ဆိုရတော့မည် ဖြစ်သောကြောင့် ပကတိမျက်စိဖြင့် မြင်ရသော အဆင်းမျှကိုသာ ရှုမှတ်ရပါသည်။ ။ (ဖြေ)

(က) မြင်တိုင်း,မြင်တိုင်း အဆင်းကို မြင်ရုံမျှသာဟု ရှုမှတ်ရမည်ကို ဘုရားရှင်က ဘယ်လို ဟောတော်မူပါသနည်း။ ။ (မေး)

(ခ) ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။ ။ဟု ဟောတော်မူပါသည်။ (ဖြေ)

(ခ) (ဒိဋ္ဌေ)ပကတိမျက်စိဖြင့်မြင်သည်ရှိသော် ။(ဒိဋ္ဌမတ္တံ)အဆင်းသဘောကို မြင်ကာမျှသည်။(ဘဝိဿတိ)ဖြစ်ရာ၏။ ။

---

## စိတ်တည်က လောဘစသည်တို့ မဖြစ်ကြပုံ။

(က) ဤသို့ မြင်တိုင်း, မြင်တိုင်း အဆင်း, အဆင်းဟု ရှုမှတ်နေဆဲခဏ၌ (လောဘ,ဒေါသ)စိတ်များဖြစ်ပွါးနေပါသေးသလား။ ။(မေး)

(ခ) ဤသို့ ရှုမှတ်နေပါလျှင် စိတ်တည်ကြည်သောကြောင့် (လောဘ,ဒေါသ)စိတ်များ မဖြစ်ပွါးတော့ပါ။ ။ (ဖြေ)

(မှတ်ချက်) အမှန်ထင်ရှားရှိသောအဆင်း သဘောကိုဉာဏ်မြင်လျှင် (မောဟ) စိတ်ပါ ကင်းကွာသည်ဟု မှတ်ကြပါ။ ။

---

## အဆင်းသဘောမှာ သမထဝိပဿနာ မည်ပုံ။

(က) ဘူတံ ဘူတတော ပဿတိ။ ။ဟူသည်နှင့်အညီ ထင်ရှား ရှိသော အဆင်း သဘောကို အာရုံပြုကာ ရှုမှတ် ပွါးများနေ ပါလျှင် ဘယ်တရားကို အားထုတ်သည် မည်ပါသနည်း။ ။ (မေး)

(ခ) ဤသို့ မြင်တိုင်း ခဏတို့မှာ ထင်ရှားရှိသော အဆင်းသဘော ကို အဆင်း သဘော, အဆင်း သဘောဟု ရှုမှတ် ပွါးများ နေသော ယောဂီရှင်အား ဝိတိက္ကမ, ပရိယုဋ္ဌာန, (ကိလေသာ)တို့ တဒင်္ဂ စသည် ဖြင့် ငြိမ်း သောကြောင့် (သမထ)။ ။ပညတ္တိံ ထပေတွာ ဝိဝိဓာ ကာရေန ပဿတီတိ ဝိပဿနာ။ ။ဟူသည်နှင့်အညီ ဝိဇ္ဇမာနပညတ် များကိုပင် ကြဉ်ပယ်ထား၍ အထူးထူး အပြားပြားသော အဆင်း သ ဘော သတ္တိသွူးမျှကိုသည်း သိမြင်သောကြောင့် (ဝိပဿနာ)ဘာဝနာ တရားများကို ရှုပွါးအားထုတ်သည် မည်ပါသည်။ ။ (ဖြေ)

(စိတ်တည်စေ၍ ရှုပွါးကြပါ)။

## သမထဝိပဿနာ နှစ်ဖြာစုံတွဲဖြစ်ပုံ။

(က) မြင်ဆဲခဏ အဆင်း သဘောကို ရှုပွါးကာမျှဖြင့် (သမထ,ဝိ ပဿနာ) ၂-ဖြာပုံတွဲကာယှဉ်ပြိုင်၍ ဖြစ်နိုင်ပါသလား။ ။ (မေး)

(ခ) တသိမေ ဒွေ ယုဂနဒ္ဓာ ဝတ္တာ။ ။ဟူသော ဘုရားဟောနှင့် အညီ အာရုံ၏သဘောကို ဟုတ်မှန်စွာသိမြင်နေဆဲမှာ(သမထ,ဝိပဿ နာ) ၂-ဖြာပုံတွဲကာ ယှဉ်ပြိုင်၍ဖြစ်နိုင်ပါသည်။ ။ (ဖြေ)

## မကြံဘဲနှင့် ဘာဝနာမယဉာဏ် ဖြစ်ရပုံ။

(က) ယခု မြင်ဆဲခဏ၌ ရှိသော အဆင်းသဘောတို့ကို ကြံစည် ယူမှ သိမြင်ရပါသလား။မကြံစည်ဘဲပင် သိမြင်ရပါသလား။ ။(မေး)

(ခ) ယခုရှုမြင်ဆဲခဏ၌ မကြံစည်ဘဲနှင့်ပင် အဆင်းသဘောများ ကို အလိုလိုတွေ့မြင်ရပါသည်။ ။ (ဖြေ)

(က) ဤသို့ မကြံစည်ဘဲ တွေ့မြင်ရခြင်းသည် ထင်ရှားရှိလို့လား။ မရှိလို့လား။ ။ (မေး)

(ခ) ဤ အဆင်းသဘောကို မကြံစည် မတွေးတောဘဲနှင့်ထင်ရှား ရှိလှိုသာ တွေ့မြင်ရပါသည်။ ။ (ဖြေ)

## အမှားစင်ကာ အမှန်ထင်လာပုံ။

(က) ဤထင်ရှားရှိသော အဆင်းသဘောကို အာရုံပိုက်ကာ မြင် တိုင်း,မြင်တိုင်း ထင်ရှားရှိသည်, ထင်ရှားရှိသည်ဟု ရှုမှတ်ပွါးများနေ ဆဲအခိုက်၌ ထိုထိုတုန်း,တိုင်,လုပ်,လျှောက်,ယောကျ်ား,မိန်းမ စသော အထည်ဖြစ် ပုံသဏ္ဍာန် ပညတ် အမှား များကို ထင်နိုင်ပါသေး သ လား။ ။ (မေး)

(ခ) မြင်ဆဲခဏ ထင်ရှား ရှိသော အဆင်း သဘောတို့ကို ရှုမှတ် ပွါးများနေခိုက်မှာ ထိုထိုတုန်း,တိုင်,လုပ်, လျှောက်,ယောကျ်ား, မိန်းမ စသော အထည် ဖြစ် ပုံသဏ္ဍာန် ပညတ် အမှားများကို မထင်မှတ် တော့ပါ။ ။ (ဖြေ)

(က) မြင်ဆဲခဏ အဆင်းသဘောဟု (ပညာစက္ခု) ဖြင့် ရှုပွါးရ ကြောင်းကို ဘုရားရှင် ဘယ်လို ဟောတော်မူပါသနည်း။ ။ (မေး)

(ခ) ရူပါ အဘိညေယျာ။ ။ဟု ဘုရားရှင် ဟောတော်မူ ပါ သည်။ ။ (ဖြေ)

(ခ) (ရူပါ) မြင်ဆဲခဏ အဆင်း သဘော တရား တို့ကို။ (အဘိ ညေယျာ)ပညာစက္ခုဖြင့် ရှုသိအပ်ကုန်၏။ ။

(က) ဤသို့ ထင်ရှား မရှိသည်ကို မရှုမှတ်ရဘဲ ထင်ရှား ရှိသည် ကိုသာ ရှုမှတ်ရကြောင်းကို ဘုရားရှင် ဘယ်လို ဟောတော်မူပါ သ နည်း။ ။ ။မေး)

(ခ) ဘူတံ ဘူတတော ပဿတိ။ ။ဟုဟောတော်မူပါသည်။(ဖြေ)

(ခ) (ဘူတံ)အကြောင်းတရားကြောင့်၊အသက်,အသစ်ဖြစ်၍ ရှိရှိနေ သောအဆင်းသဘောကို၊(ဘူတတော)အမှန်ထင်ရှားရှိသော သဘော အတိုင်း၊(ပဿတိ)မြင်တိုင်း,မြင်တိုင်းဉာဏ်ဖြင့်ရှုရမည်။ ။(ထင်ရှား ရှိသော အဆင်းသဘောကို အဟုတ်ထင်ပါစေ)။ ။

## ရူပခေတ်ပရမတ် ပညတ် ခွဲမှတ်ခဏ်း။

(က) မြင်ဆဲခဏ၌ ရှိသော အဆင်း ရူပခေတ်ကို(ပရမတ်,ပညတ်) ခွဲပြပါ။ ။ (မေး)

(ခ) ယခုမြင်ဆဲခဏ မျက်တောင်ခွန်းကစ၍ ရှေးရှုတူရှု၌တွေ့မြင်သော သဘောမျှသည် (ပရမတ်) စစ်စစ်ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ဤ သဘောမျှကိုပင် အဆင်းဟူ၍ငင်း ရူပါရုံ ဟူ၍ငင်း ရူပခေတ်ဟူ၍ငင်း ဝဏ္ဏခေတ်ဟူ၍ငင်း ရုပ်ဟူ၍ငင်း သင်္ခါရဟူ၍ငင်း ခေါ်ဆိုရသော အမည်နာမတို့ကား(ဝိဇ္ဇမာန)ပညတ်များဖြစ်ပါသည်။(ဖြေ)

(ဂ) တုံး,တိုင်,ထုပ်,လျောက်, ယောကျ်ား, မိန်းမစသဖြင့် ခေါ်ဆိုရသော အမည်တို့ကား (အဝိဇ္ဇမာန) ပညတ်များဖြစ်ပါသည်။ ။(ဖြေ)

### (အထူးသတိပေး မှာထားချက်)။

(ခ) ဤသို့ ပရမတ်,ပညတ် ရုပ်ခေတ်, နာမ်ခေတ် ကွဲပြား ခြားနားစွာ သိကြပါမှ အနိစ္စ, ဒုက္ခ, အနတ္တ မှန်ကို ဉာဏ်ပိုင်ရမည်။ ထိုအနိစ္စ စသည်တို့ ထင်မြင်မှ မဂ်,ဖိုလ်, နိဗ္ဗာန်သို့ ဧကန်ရောက်နိုင်ကြမည် ဖြစ်ပါ၍ အလွန်အရေးကြီးသော (ပရမတ်,ပညတ်) များကိုလက်တွေ့ဗိုဇ္ဈ ဤနည်းအတိုင်းခွဲ၍ သိမြင်ကြပါလေ သူတော်ကောင်းတွေတို့။ ။

---

### အဆင်းခေတ် ပရမတ်စစ်တို့ အသစ်အသစ် ဖြစ်ပုံ။

(က) ယခုမြင်ဆဲခဏ ထင်ရှားရှိသော အဆင်းခေတ် (ပရမတ်)သဘောသည် ဘယ်အခါကစ၍ ဖြစ်ပေါ်လာပါသနည်း။ ။ (မေး)

(ခ) ယခုမြင်ဆဲခဏမှ စ၍, စ၍, အသစ်, အသစ် ဖြစ်ပေါ်, ဖြစ်ပေါ်လာပါသည်။ ။ (ဖြေ)

### ထို့ကြောင့်။

(ဂ) ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿနိဗ္ဗတ္တိလက္ခဏံ ဥဒယော။ ။ဟူ၍ငင်း။ ။

(ဃ) နိစ္စနဝါဝ ဟုတွာ သင်္ခါရာ ဥပဋ္ဌဟန္တိ၊ ။ဟူ၍ငင်း၊ မိန့်မှာတော်မူပါသည်၊ ။ (ဖြေ)

(ဂ) (ဓာတံ)ဖြစ်ဆဲဖြစ်သော(ရုပ်)အဆင်းသဘောသည်(ပစ္စုပ္ပန္နံ) ပစ္စုပ္ပန်သာတည်း။ (တဿ) ထိုဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်သော။ အဆင်း သဘော၏။(နိဗ္ဗတ္တိလက္ခဏံ) မြင်တိုင်း,မြင်တိုင်း ရှေးကမဖြစ်ဘူးဘဲ၊ ယခုမြင်ဆဲခဏမှ စ၍, စ၍ဖြစ်, ဖြစ်နေပါတကားဟု ရှုမှတ်ပွါးများကြောင်းသဘော လက္ခဏာသည် (ဥဒယော) ဥဒယမည်၏ (ဝါ) အဖြစ်လက္ခဏာမည်၏။ ။

(ဖြစ်စ,ဖြစ်စ။ဥဒယ။ရှုကြလက္ခဏာ)။

(ဃ) (သင်္ခါရာ)အဆင်းသဘောတို့သည်(နိစ္စနဝါဝ) အစဉ်မပြတ်။ ဒလစပ်ဖြစ်၍။ အသစ်,အသစ်တို့သည်သာလျှင် (ဟုတွာ) မရပ်မနား။ ဖြစ်ပွါးကြကုန်၏ဟူ၍ (ဥပဋ္ဌဟန္တိ) မြင်တိုင်း, မြင်တိုင်းဉာဏ်ဝ၌ ထင်မြင်လာရကုန်၏။ ။

(မြစ်ရေ,ဆီမီး။သစ်ဖြစ်နည်း။ထပ်မှီးရုပ်ရှုပါ)။

## ရုပ်သဘာဝ၌ ငါကိုယ် အတ္တ ရှာမရပုံ။

(က) ဤအဆင်း သဘောသည် ငါ,သူတပါး, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်,သတ္တဝါ,ငါ့ဟာ,ငါ့ဥစ္စာ,သူ့ဟာ,သူ့ဥစ္စာတို့မဟုတ်ကြောင်းကို ဘုရားရှင် ဘယ်လို ဟောတော်မူပါသနည်း။ ။ (မေး)

(ခ) ရူပံ ဘိက္ခဝေ အနတ္တာ။ ။စသဖြင့်ဂုဏ်း။ ။

(ဂ) ရူပံ ဘိက္ခဝေ နတုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟိနံ ဟိတာယ သုခါယ ဘဝိဿတိ။ ။စသဖြင့်ဂုဏ်း။ ဟောတော် မူပါသည်။ ။ (ဖြေ)

(ခ) (ဘိက္ခဝေ)ချစ်သား,ချစ်သမီးတို့ (ရူပံ) အဆင်းသဘောစသော ရုပ်တရားသည်။(အနတ္တာ) ပုဂ္ဂိုလ်,သတ္တဝါ, ငါ,သူတပါး, ယောက်ျား, မိန်းမစသည်တို့လဲမဟုတ်။အနှစ်သာရ။ဘာတခုမှလဲမရမရှိခဲ့ပေ။ ။

(ဂ) (ဘိက္ခဝေ) ချစ်သား,ချစ်သမီးတို့ (ရူပံ) အဆင်းစသော ရုပ်သဘောသည်။(နတုမှာကံ) သင်တို့၏ ဥစ္စာမဟုတ်ခဲ့။ (တံ) ထိုသင်တို့၏ ဥစ္စာမဟုတ်သော ရုပ်တရားကို။ (ပဇဟထ) သင်တို့ ပယ်စွန့်ထားကြကုန်လော(တံ) ထိုသင်တို့၏ ဥစ္စာမဟုတ်သော ရုပ်တရားကို။ (ပဟိနံ)

ပယ်စွန့်ခဲ့သော်။(ဝေါ) သင်တို့အား။ (ဟိတာဃ) အစီးအပွါးအလို့ငှါ။ (သုခါယ)မဂ်,ဖိုလ်, နိဗ္ဗာန်ချမ်းသာခြင်းငှါ (ဘဝိဿတိ) ဖြစ်လတ့်။ ။

## ရုပ်ခေတ်ဖြစ်မြင် ဒိဋ္ဌိစင်ပုံ။

(က) မြင်တိုင်း, မြင်တိုင်း ထိုအဆင်း သဘောတို့ကား အဟောင်းတွေပျက်၍ အသစ်တွေ ဆက်ကာ, ဆက်ကာ ဖြစ်, ဖြစ်နေပါ တကားဟု ထင်မြင်အောင် ရှုပွါး နေပါလျှင် ဘယ်လို အမှားများ ကင်းစင်ပါသနည်း။ ။ (မေး)

(ခ) ဤသို့ ရှုပွါး ထင်မြင်ပါလျှင် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ,တုန်း,တိုင်,စသဖြင့်မှားသောထင်မှတ်ခြင်း(သက္ကာယဒိဋ္ဌိ)များမှ ကင်းစင်နိုင်ပါသည်။ ။ (ဖြေ)

(သဘောဖြစ်မြင် အမှားစင်၏)။

## ဘုရားရှင် အမိန့်တော်။

(က) ဤသို့ အထင်မှတ်မှား(သက္ကာယဒိဋ္ဌိ)ဟုန်,မီး,ကြီးများကိုနုတ်ပယ် ငြိမ်းဘို့ရာ ဘယ်လို လာပါသနည်း။ ။ (မေး)

(ခ) သတ္တိယာ ဝိယ ဩမဋ္ဌော၊ဍယှမာနေ၀ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊သဘော ဘိက္ခု ပရိဗ္ဗဇေ။ ။

ဟု ဘုရားဟောဂါထာ မိန့်မှာတော်မူခဲ့ပါသည်။ ။ (ဖြေ)

(အနက်ပေးခဲ့ပြီ)။

## ဆောင်ပုဒ်ကဗျာ။

(၁) အသွား ၂-ဘက်။မြမြထက်။ရူးနှက်ရင်ဝဟုန်။ ။
(၂) ဦးခေါင်းမီးလောင်။ညီးညီးပြောင်။ရိုက်ခေါင်ယောကျ်ားဟန်။
(၃) ဟုန်ရှူး,မိက။တဘဝ။သေရလွတ်နိုင်မှန်။ ။
(၄) ဒိဋ္ဌိဟုန်မီး။သနိုျမီး။လွတ်နည်းကျင့်မှန်မြန်။ ။
(၅) အမှားကင်းလို။များထိုထို။မှန်ကိုရှုသိဉာဏ်။ ။

## ဒိဋ္ဌိလှန်ဓိး နှုတ်သတ်နည်း။

(က) ဤဘုရား၇ှင် တိုက်တွန်းဆုံးမ ဩဝါဒဂါထာ ဒေသနာတော် အရ (သက္ကာယဒိဋ္ဌိ) လှန်,ဓိး,ကြီးများကို နှုတ်ငြိမ်းပယ်ရှားဘို့ရာ ခက်ခဲပါသလား။ ။ (မေး)

(ခ) နည်းလမ်းမှန်ကို ညွှန်ကြား ပြသတတ်သော ဆရာမြတ်တို့၏ ဆုံးမဩဝါဒ နည်းနယများကို ကောင်းစွာလိုက်နာ၍ အားထုတ်သော ယောဂါဝစရ ပုဂ္ဂိုလ်အား (သက္ကာယဒိဋ္ဌိ) မှကင်းကွာဘို့ရာ လွန်စွာလွယ်ကူသာပါသည်။ ။ (ဖြေ)

(နည်းမှန်သိမြင် အမှားစင်၏)။

---

## သက္ကာယနှင့် ဒိဋ္ဌိထူးခြားစွာသိပုံ။

(က) ထို(သက္ကာယဒိဋ္ဌိ) ကို မရိပ်မိကြဘဲ လူမှန်သမျှ ဆူညံအောင် ပြောကြရာတွင်မြင်ဆဲခဏ၌ အဘယ်တရားသည်(သက္ကာယ)အဘယ် တရားသည်(ဒိဋ္ဌိ) ဖြစ်ပါသနည်း။ ။ (မေး)

(ခ) မြင်ဆဲခဏ၌ ဖြစ်ပေါ်လာသော အဆင်းသဘော သက်သက်မျှသည် (သက္ကာယ)ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ထိုအဆင်းသဘောမျှကိုပင်အဆင်းသဘောဟုမရှုဘဲ တုန်း, တိုင်, ထုပ်, လျှောက်, ယောက်ျား, မိန်းမ စသည်အမှန်ဖြစ်၏ဟု ထင်မှတ်မှားသော ဒိဋ္ဌိစေတသိက်သည်(ဒိဋ္ဌိ)ဖြစ်ပါသည်။ ။ (ဖြေ)

(ဤလိုခြားနား၍ သိခဲ့စွ)။

---

## သက္ကာယဒိဋ္ဌိပုဒ်ကို ဝိဂြိုဟ်ထုတ်ဆိုပုံ။

(က) ထို (သက္ကာယဒိဋ္ဌိ) ပုဒ်ကို အဘယ်သို့ ဝိဂြိုဟ် ထုတ်ဆိုရပါသနည်း။ ။ (မေး)

(ခ) သန္တော ကာယော သက္ကာယော။ ။သက္ကာယေဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။ ။ဟုဝစနတ္ထဝိဂြိုဟ် ဖွင့်ဆိုရပါသည်။ ။ (ဖြေ)

(ဂ) (သင်္ခေတ္တာ)ထင်ရှားရှိသော။ (ကာယော) အဆင်းသဘော အပေါင်းတည်း။ (သက္ကာယော)ထင်ရှားရှိသောအဆင်းသဘောအပေါင်း။ (သက္ကာယေ) ထင်ရှားရှိသော အဆင်းသဘော အပေါင်း၌။ (ပဝတ္တာ) ဖြစ်သော။ (ဒိဋ္ဌိ)တုန်း, တိုင်, ထုပ်, လျောက်, ယောကျ်ား,မိန်းမ စသည်ဟု မှားသောအားဖြင့် ထင်မှတ်ခြင်းတည်း။ (သက္ကာယဒိဋ္ဌိ) ထင်ရှားရှိသော အဆင်းသဘောအပေါင်း၌ ဖြစ်သေားတုန်း,တိုင်,ထုပ်,လျောက်, ယောကျ်ား,မိန်းမ စသည်ဟု မှားသောအားဖြင့် ထင်မှတ်ခြင်း။ ။

(ရှေ့နောက်တို့မှာလည်း ဤနည်းလိုပင်သိကြပါလေ)။

## အမှန်သဘောပေါက်က မိစ္ဆာဒိဋ္ဌိပါပျောက်ပုံ။

(က) မြင်တိုင်း,မြင်တိုင်း အမှန်သဘော ပေါက်၍ (သက္ကာယဒိဋ္ဌိ) ပျောက်လျှင် (မိစ္ဆာဒိဋ္ဌိ)ကိုလည်း ပယ်ပျောက် နိုင်ကြောင်းကို ဘုရားရှင် ဘယ်လို ဟောတော်မူပါသနည်း။ ။ (မေး)

(ခ) ရူပံ ဘိက္ခဝေ ဓာနတော ပဿတော မိစ္ဆာဒိဋ္ဌိံ ပဟီယတိ။ ။ ဟု ဟောတော်မူပါသည်။ ။ (ဖြေ)

(ခ) (ဘိက္ခဝေ) ချစ်သား, ချစ်သမီး တို့။ (ရူပံ) အဆင်း သဘော (ဓာနတော) အဆင်း သဘောမှု ဟု ဉာဏ်ဖြင့် သိသော သူအား။ (ပဿတော) အဆင်း သဘောမှုဟု ပညာစက္ခုဖြင့် ရှုမြင်သော သူအား။(မိစ္ဆာဒိဋ္ဌိံ) တုန်း,တိုင်, ထုပ်,လျောက်,ယောကျ်ား,မိန်းမစသည်ဟုအထင်မှတ်မှား မိစ္ဆာဒိဋ္ဌိများကို။(ပဟီယတိ) ပယ်ရှားပျောက်ကင်းပေ၏။ ။

## အဆင်းခေတ်စေ၏။သစ်သစ်ဖြစ်၏။ရှုနှစ်ဥပမာ။

(က) မြင်တိုင်း, မြင်တိုင်းသော အဆင်း သဘောတို့ကို အလုံး,အပိုင်း စသော ပုံသဏ္ဌာန်,ပြစ်,အထည်ဝတ္ထုတို့ဟု အထင် မှတ်မှားခြင်းတို့မှ ကင်းစင်ဘို့ရာနှင့် အစဉ်မပြတ် အသစ်,အသစ် ဖြစ်,ဖြစ် နေသော

အဆင်းသဘောတို့ကို ရှုပွါးနိုင်စေခြင်း အကျိုး၌ (ဥပမာ) အားဖြင့် အဘယ်သို့ ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ယခုလောက၌ ပန်းချီဆရာများ ရေးသား ထားအပ်သော အရုပ်ကားများကို ရှုမြင်သောယောကျ်ားသည် မိတ်ထင်အားဖြင့် တိုက်, အိမ်, ရထား, ယောကျ်ား, မိန်းမ, ကျွဲ,နွား, တော, တောင် စသော အရုပ် ပုံသဏ္ဍာန် အထည်ဝတ္ထုတို့ကိုကား တကယ် ဟုတ်ပါတကား-ဟု ထင်မှတ်ငြားသော်လည်း။ ဆေးနီ,ဆေးဝါ,ဆေးပြာ စသည်တို့ဖြင့် သုတ်လိမ်း မွမ်းမံ၍ ဟန်ပန်စွာ ရေးချယ်ထားသော အရေးအသားမျှ ပါတကား ဟု ရှုမှတ်ခဲ့သော် မိမိ၏ ထင်မြင်ရင်း ဖြစ်သော အလုံး,အပိုင်း စသော ပုံသဏ္ဍာန် အထည်ဝတ္ထု တခုခုတို့ မဟုတ်ကြောင်းကို ကောင်းစွာ ထင်ရှား သိသာခြားနားသကဲ့သို့ရင်း။ ။

(ဂ) ထိုသို့အတုန်း,အခဲ ပုံသဏ္ဍာန်,ဖြစ်,အထည်,ဝတ္ထုတို့ မဟုတ်သော အရေးအသား အရုပ်ကားများကို နေပူ အရိပ်၌ဆွဲချိပ်ထားသော် ၎င်းတို့နှင့် ဆင်တူရိုးမှား အဆင်း သဘောများ တို့ကား အစဉ်မပြတ် ပြောင်းမှန်း မသိ ပြောင်းပြောင်း သွားနေ သော်လည်း ကြည့်သူတို့၏ ပကတိ မျက်စိ အလိုအားဖြင့် ထိုရေးသားစက ရှိနေသော အဆင်းသဘောတို့ မပြောင်းမပျက်ဘဲ ခိုင်မြဲတည်တန့်နေသည်ဟု ထင်မှတ်ကြသော်လည်း ၎င်းကားများမှာ လ, နှစ် များစွာ ရှည်ကြာသော အခါ ဖျော့ဖျော့, နွမ်း, ဟောင်း အသစ်ပြောင်းကာ ဖြစ်ပေါ် လာကြောင်းကို ကောင်းစွာ သိသာထင်ရှားလှသဖြင့် ရေးသစ်စကဖျော့ဖျော့ကျအောင် အစဉ်တစိုက် ရှုကြည့် မြစ်ဆဲ အခိုက်တို့၌ ဖြစ်သော အဆင်းသဘောသည် ယခုမြင်ဆဲခဏမှဖြစ်သည် ယခုမြင်ဆဲခဏမှ ဖြစ်သည်ဟု မြင်တိုင်း,မြင်တိုင်းသော အဆင်းသဘောတို့ကို ဖြစ်ဆဲ, ဖြစ်ဆဲဟု အစဉ်တစိုက်လိုက်၍ ရှုမှတ်ခဲ့သော် ထိုအဆင်းခဏတ်တို့မှာ မရပ်မနား အသစ်, အသစ် ဖြစ်ပေါ်ဆက်ပွါးနေကြောင်းများကို ကောင်းစွာခြားနားသိသာ ထင်ရှားရာသကဲ့သို့ရင်း။ ။(စိတ္တရုပူပမာ)။ ။

(ဃ) ထိုမှတခြား ခတ်ရှင်ရိုပ်ပြပွဲများကို ကြည့်ရှုသူများတို့သည် ထိုပိတ်ဖြူ ကားကြီးပေါ်၌ ထင်ပေါ်လာကြသော အရိပ်,အရောင် များကိုပင် ယောကျ်ား,မိန်းမ, တိုက်,အိမ် စသော ပုံအမျိုးမျိုးတို့ကို ကြည့်ရှုသူတို့ မျက်မြင်အားဖြင့် အတုံး,အခဲ,အတွဲ, အပြား, ပုံသဏ္ဍာန်,ဝတ္ထု

စသည်တို့ဟူ၍ရင်း။ ။ဖက်ပွေ့ကိုင်တွယ်၍ ရလိမ့်မည်ဟူ၍ရင်း။ ။ တည်မြဲနေသည် ဟူ၍ရင်း။ ။အဟုတ် တကယ်ပင်ဟု ထင်မှတ်ကြသော်လည်း ထိုထင်မှတ်ကြတိုင်း မဟုတ်ဘဲ အရိပ်အရောင် အဆင်းသဘောမျှသာ ဖြစ်ကြကုန်၏။ ။ထိုထိုယောက်ျား, မိန်းမ စသော ပုံသဏ္ဌာန်တို့နှင့် တူကြသော အရိပ်အရောင် အဆင်းခေတ်တို့မှာ ကော်ပတ်၌ ရှိသော ပထမ ရုပ်ပုံကလေး သေးသေး ငယ်ငယ်သည် ခေတ်မီးနှင့် တိုက်ဆိုင်သည့်အခါ ပိတ်ကားပေါ်၌ ပထမရုပ်ပုံ အရိပ်အရောင် ပေါ်လာ၏။ ။တဖန် ဒုတိယရုပ်ပုံငယ်ကလေးနှင့် တိုက်ဆိုင်ပြန်သော် ဒုတိယ အရိပ်အရောင် ပေါ်လာပြန်၏။ ။တဖန် တတိယရုပ်ပုံငယ်ကလေးနှင့် တိုက်ဆိုင်ပြန်လျှင် တတိယ အရိပ်အရောင် ပေါ်လာပြန်၏။ ။ ဤသို့စသည်ဖြင့်'ကော်ပတ်၌ရှိသော ရုပ်ပုံငယ်ကလေးတို့သည် ခေတ်မီးနှင့် တိုက်ဆိုင်တိုင်းတိုက်ဆိုင်တိုင်း အရိပ်အရောင် အဆင်းသဘော အမျိုးမျိုးတို့သည် ရှေ့ကဆွဲချိပ်ထားသော ပိတ်ဖြူကားကြီးပေါ်၌ အစဉ်မပြတ် ကော်ပတ်လိပ်ကြီး မရပ်မနားမခြင်း ဆက်ကာ,ဆက်ကာ ဖြစ်ပေါ်လာကြကုန်၏။ ။ထိုထို ယောက်ျား,မိန်းမ စသောပုံသဏ္ဌာန်များနှင့် တူသော အရိပ် အရောင် အဆင်း ခေတ်တို့၏ တမျိုးပြီးတမျိုး အသစ်,အသစ် ဖြစ်ပေါ်,ဖြစ်ပေါ် လာကြောင်းကို ကောင်းစွာသိကြသူတို့မှာ ပထမကြည့်ရှုစကပေါ်လာကြသော အရိပ်အရောင် အဆင်းခေတ်တို့ကား ကွယ်ပျောက် သွားကြ၍ ယခု မြင်တိုင်း,မြင်တိုင်း ထိုထိုအရိပ်အရောင် အဆင်း ခေတ်တို့မှာ တမျိုးပြီး တမျိုး အသစ်,အသစ် အစဉ်မပြတ် ပြောင်းလဲ၍ ပေါ်,ပေါ် လာပါတကားဟု အမှန်အားဖြင့် သိမြင်ကြရာသကဲ့သို့ရင်း။ ။(ဆာယာရူပူပမာ)။ ။

(င) ထို့အတူ ယောဂီဖြူတို့အား မြင်တိုင်းသော ခဏတို့၌ မိမိတို့၏ မျက်တောင် အစွန် အဖျားကစ၍ ရှေးရှုတူရှု၌ ရှိကြသော အဆင်းသဘောတို့ကား ဤသဘောမျှပါ တကားဟု ဉာဏ်စက္ခုဖြင့် ရှုသိမြင်သော် ထိုထို တုန်း,တိုင်,ထုပ်,လျှောက်, ယောက်ျား,မိန်းမ, တိုက်,အိမ်, တော,တောင်စသော ဒြပ်,သဏ္ဌာန်,ပုံဟန်ဝဏ္ဏ အရုပ်တို့ကို မြင်သည်ဟု မှားသော အားဖြင့် ထင်မှတ် စွဲလန်း နေကြသော (သက္ကာယဒိဋ္ဌိ-မိစ္ဆာဒိဋ္ဌိ) ဟူသမျှတို့မှ ကင်းစင် ပျောက်ကွာနိုင် ကြကုန်၏။ ။ထို့ကြောင့် မြင်တိုင်း,မြင်တိုင်းသော အဆင်းသဘောတို့ကား ယခုမြင်ဆဲ

ခဏမှ အသစ်, အသစ် ဖြစ်ပေါ်, ဖြစ်ပေါ် လာပါတကားဟု ပညာစက္ခု ဖြင့် မထင်, ထင်အောင်ထိုထို(ဥပမာ)များဖြင့်ရှုပွါးရပါသည်။ ။(ဖြေ)
(ခက်သည့်,လွယ်သည်မငြင်း ပွါးကြဘဲ မနေမနား ရှုပွါးကြပါ)။

(အထူးတိုက်တွန်းမှာထားချက်)။

(၁) ဤသို့ ရေးပြခဲ့ ပြီးသော နည်းများ အတိုင်း မဆိုင်းမတွ အ ကြွေးမထားကြဘဲ ဤစာဘတ်ရှုရင်းပင် (ခေတ္တခဏ)မျှ ရပ်တန့်နားနေ ကာ ကြည့်လိုရာ တခုခုကို ကြည့်ရှု၍ရင်း။ ဤစာရွက် စာလုံးများကို ကြည့်၍ရင်း မြင်သည်မရှိ။အဆင်းသဘောတွေ အသစ်, အသစ် ဖြစ်, ဖြစ်နေခြင်းမျှသာ ဟု မထင်ထင်အောင် လက်တွေ့ ဒိဋ္ဌ ဖြစ်ကြ၍ ဟုတ် မှန်လှ ပေသည်ဟု ဝန်ခံရအောင် ရှုပွါးကြစမ်းပါ။ ။

(၂) ဤလို အဖြစ် သက်သက်မျှကို ရေးပြရခြင်းမှာ ထင်ရှားရှိဆဲ သော အခိုက်၌ ဖြစ်ပေါ်လာသော အဆင်းသဘော စသည်တို့၏ ပျက် ပုံ,ဆင်းရဲပုံ, အစိုးမရပုံ အလုံးစုံတို့ကို ကိုယ်ပိုင်ဉာဏ် ရကြစေလို၍ ဉာဏ်နုသူ, ထိုင်းသူတို့အား လွယ်ကူသော အဖြစ်သက်သက်တို့ကို ရှု မြင်ကြပါလျှင် အပျက်တွေကို မမြင်လိုသော်လည်း မရနိုင်,မနေနိုင်ပါ။ လွယ်ကူစွာပင် ထင်မြင်လာကြပါလိမ့်မည်။ အပျက်တွေကို အဟုတ် တကယ် မထင်မြင်ကြသူတို့မှာ ရုပ်,နာမ်တို့၏ အဖြစ်တွေကိုမမြင်ကြ ခြင်းကြောင့်သာ ဖြစ်ကြပါသည်။အဖြစ်တွေကို မမြင်ကလည်း အပျက် တွေကို မမြင်နိုင်ပါ။ သို့သော် ဉာဏ်ကြီး၍ အပျက်ကိုပါ သိမြင်နိုင်ကြ သူတို့မှာ အပျက်တွေကိုပါ ရှုပွါးကြပါလေ သူတော်တွေတို့။ ။

**စာတတ်ရုံမျှ။ဝဋ်ဒုက္ခ။မချမလွှတ်ပုံ။**

(က) ထို (သက္ကာယဒိဋ္ဌိ) တန်းလန်း ရှိနေသူသည် ထိုထို ကမ္မဋ္ဌာန်း ကျမ်းဂန် ပေစာ,ဘုတ်အုပ်တွေကို ကြည့်ရှုနှုတ်ရ, ကျက်,မှတ်, ဆောင် ရုံမျှနှင့် အပါယ်ဝဋ်ဒုက္ခတွေမှ ကင်းလွတ်ရပါမည်လော။ ။ (မေး)

(ခ) ယခု ပစ္စုပ္ပန် အခိုက်၌ ဖြစ်ပေါ်ဆဲသော အဆင်းသဘောတို့ကို ဟုတ်မှန်ထင်ထင် ဉာဏ်ဖြင့် မြင်အောင် မရှု, မဆင်ခြင်, မပွါးကြဘဲ။ (သက္ကာယဒိဋ္ဌိ) တွေနှင့် ကမ္ဘာကျေအောင် စာတွေ ရွတ်ဘတ် ကြည့်ရှု

တတ်၍ ပါးစပ်က တသောသော မောပန်းလှအောင် ဟောပြောပြသ ပြုလုပ် နေကြပါသော်လည်း။ (ကပိလ) မထေရ်ကြီးအလား အပါယ် သွားခြင်းစသော ဝဋ်ဒုက္ခတွေမှ ကင်းလွတ်နိုင်ကြမည်မဟုတ်ပါ။ (ဖြေ)

(စာတတ်သော်လဲ၊ ဝဋ်ဆင်းရဲ။ ရှည်မြဲကြောက်လန့်တုံ)။

---

နည်းမှန်မရ။ ကျင့်လွဲက။ ဒုက္ခမလွတ်ပုံ။

(က) ကမ္မဋ္ဌာန်း ဉာဏ်၌ နည်းမှန် သဘောများကို မရကြပါဘဲ။ ကျင့်နည်းမှန်ကို ရရှိသည့် အနေနှင့် ချွတ်ချော်တိမ်းပါး လွဲမှားကြ၍ ငါ ထင်ရာကိုသာ ကျင့်ကြံဟောပြ အားထုတ် နေကြပါလျှင် အပါယ်ဝဋ် ဒုက္ခတွေမှ မချလွတ်ပြီဟု မှတ်ယူရပါမည်လော။ ။ (မေး)

(ခ) ကမ္မဋ္ဌာန်းဉာဏ်၌ နည်းမှန်သဘောများကို ဆရာကောင်းတို့ ထံမှ မရ, မမိကြသောသူတို့ကား မြင်တိုင်း, မြင်တိုင်း အခိုက်၌ ဖြစ် သော အဆင်းသဘောတွေကို သာယာနှစ်သက် တပ်မက်တတ်သော (တဏှာလောဘ) စသော မိတ်ဆိုး,မိတ်မိုက်, မိတ်ချူးကြီးများ ဖြစ်ပွါး နေကြသော (လူ့အန္ဓ,လူ့ဗာလ) တို့အား အပါယ်စသော ဘေးရန်ဒုက္ခ ကြီးတို့မှ ဘယ်အခါမှ လွတ်ကင်းနိုင်ကြမည် မဟုတ်ပါ။ ။ (ဖြေ)

ထို့ကြောင့်။

(ဂ) ယော ဘိက္ခဝေ ရူပံ အဘိနန္ဒတိ။ သော ဒုက္ခံ အဘိနန္ဒတိ။ ယော ဒုက္ခံ အဘိနန္ဒတိ။သော အပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။ ။ဟု ဘုရားရှင်က ဆုံးမဟောပြတော်မူခဲ့ပါသည်။ ။ (ဖြေ)

(ဂ) (ဘိက္ခဝေ) ချစ်သား, ချစ်သမီးတို့။ (ယော) အကြင်သူသည်။ (ရူပံ) အဆင်းသဘောကို။ (အဘိနန္ဒတိ) လွန်စွာတပ်မက် နှစ်သက်နေ ၏၊ (သော) ထိုသူသည်။ (ဒုက္ခံ) ဆင်းရဲများကို။ (အဘိနန္ဒတိ) အလွန် တပ်မက် နှစ်သက်သည်မည်၏၊ (ယော)အကြင်သူသည်။ (ဒုက္ခံ)ဆင်း ရဲကို၊ (အဘိနန္ဒတိ)အလွန်တပ်မက် နှစ်သက်၏။ (သော) ထိုသူသည်။ (ဒုက္ခသ္မာ) အပါယ်စသော ဝဋ်ဆင်းရဲတွေမှ။ (အပရိမုတ္တောတိ) ဘယ် တော့မှကျွတ်လွတ်လိမ့်မည်မဟုတ်ဟူ၍၊(ဝါ)မလွတ်နိုင်ဟူ၍၊(အဟံ) ငါဘုရားသည်၊ (ဝဒါမိ)ဆုံးမ မြွတ်ပေ်၊ဟောတော်မူပေ၏၊ ။

## ရုပ်ါရုံစက်။တပ်နှစ်သက်။ဝဋ်ဖွက်မီးလောင်ပုံ။

(က) ထိုမှတပါး အဆင်းသဘောကို တပ်မက် နှစ်သက်သောသူ အား ဘုရားရှင် ဘယ်လို မိန့်ဆိုတော်မူပါသေးသနည်း။ ။ (မေး)

(ခ) ရူပံ အာဒိတ္တံ။ ။စသဖြင့် ဟောပြတော်မူပါသေးသည်။(ဖြေ)

(ခ) (ဘိက္ခဝေ) ချစ်သား, ချစ်သွီးတို့။ (ရူပံ) မြင်ဆဲခဏာ အဆင်း ရုပ်သဘောမျှကို တပ်မက်သောသူသည်။ (အာဒိတ္တံ) မီးလျှံရဲရဲ လောင် စွဲသောသူမည်၏။ ။(ဤကားအမိပ္ပါယ်နက်တည်း)။ ။

---

## နည်းမှန်သိရ။မဂ်ဖိုလ်ပြ။ပွါးကြွတိုက်တွန်းပုံ။

(က) ကမ္မဋ္ဌာန်း ဉာဏ်၌ နည်းမှန်ကိုသိရ၍ ကျ,နစွာ အားထုတ်ပါ လျှင် ဘယ်လိုအကျိုးထူးများကို ရနိုင်ပါသနည်း။ ။ (မေး)

(ခ) ဤသို့ ပြခဲ့သော ဘုရားဟောကို ထောက်ဆကာ ကြောက်ကြ ပါ၍ တရားအားထုတ်ဘို့ ကြောတ်လန့်သူ, နည်းမှန်မသိ၍ မှောက်မှား သူ, ကာမဂုဏ် လိုက်စား၍ မိုက်မှား သူတို့ကိုပါ ချော့မော့ ဟောပြကြ ပါ၍ ယခုအခါ ဗုဒ္ဓဘာသာ သာသနာ ခေတ်ထူး, ခေတ်မြတ် အခါ ကောင်းကြီးမှာ မိမိတို့ မှီခိုအားထားရာ အစစ်ဖြစ်သော (ပရမတ္ထ-သ ဘာဝဓမ္မ)တို့၌ အနိစ္စ,ဒုက္ခ,အနတ္တဟူသော (ဝိပဿနာဘာဝနာ)တရား စစ်, တရားမှန်ကြီးများကိုသာ အားစိုက်ကြိုးစား မနေမနား မဆုတ်မ ယုတ် မလျော့မပေါ့သော လုံ့,လကြီးများဖြင့် မထင်,ထင်အောင် မမြင်, မြင်အောင် သတိဆောင်ကာ ဉာဏ်ခေါင်မဟာဖြင့် အားထုတ်ပွါးများ ကျင့်ကြသော ယောဂီမြတ်တို့အား ယခုဘဝဖြင့်သော်၎င်း,နောက် တ ဘဝ, နှစ်ဘဝဖြင့်သော်၎င်း ရလိုရာမဂ်, ဖိုလ်, နိဗ္ဗာန် ချမ်းသာမြတ်ကြီး များကို ရနိုင်ခြင်းအကျိုးထူးရှိပါသည်။ ။ (ဖြေ)

(အားထုတ်မြင်ခဲစွ ကြိုးစားကြပါ)။

## ထို့ကြောင့်။

(ဂ) ဘဂဝတော ဓမ္မသဝနေန ဥပနိဿယသမ္ပတ္တိံ ပတ္တာ တာဝေ ဥပနိဿယ သမ္ပတ္တိယာ ဒုတိယေဝါ တတိယေဝါ မဂ္ဂဖလ ဘာဂိနော ဟောန္တိ။ ။ဟု မိန့်မှာတော်မူပါသည်။ ။ (ဖြေ)

(၈) (ဘဂဝတော) မြတ်စွာဘုရားရှင်၏ (ဓမ္မသာဝနေန) မဂ်,ဖိုလ်, နိဗ္ဗာန်ကို၊ ရစေရောက်စေတတ်သော တရားထူး,တရားမြတ်ကို။ကြားနာရသဖြင့်၊ (ဥပနိဿယသမ္ပတ္တိံ) အားကြီးသော အကြောင်း မှီရာ၏ ပြည့်စုံခြင်းသို့။(ပတ္တာ) ရောက်၍။(တာဧဝ ဥပနိဿယသမ္ပတ္တိယာ) ထို အားကြီးသော အကြောင်းမှီရာ၏ပြည့်စုံခြင်းကြောင့်သာ။ (ဒုတိယေဝါ) ဒုတိယဘဝ၌ပင်း။(တတိယေဝါ)တတိယဘဝ၌ပင်း။(မဂ္ဂဖလဘာဂိနော) မဂ်,ဖိုလ်ကိုရခြင်းအဘို့ အကျိုးရှိကုန်သည်။(ဟောန္တိ) ဖြစ်ကုန်၏။ ။ (အမိပ္ပါယ်လွယ်ပြီ)။ ။

(အားထုတ်ဉာဏ်ရှိ။နိဗ္ဗာန်ထိ။ရ၏ယောဂီချွန်)။

## ရူပါရုံဆောင်ပုဒ် အကျဉ်းချုပ်ကဗျာ။

(၁) ဉာဏ်နှသူမှာ။ဥပမာ။ရူပါထင်ပွါးယူ။ ။
(၂) အရုပ်ကားများ။ဆေးရေးထား။တွေးမှားဆင်းနှီ,ပြူ။ ။
(၃) တုန်း, တိုင်မရှိ။အဆင်းရှိ။လင်းသိ(ရုပ်ကား)တူ။ ။
(၄) (ခါတ်ရှင်ကားများ)။ရုပ်ဖြစ်ပွါး။ ပျက်သွားဆင်းဆက်တူ။ ။
(၅) လေးရပ်ဓါတ်စက်။လူရုပ်ထွက်။ ဖြစ်,ပျက်မြန်ပုံတူ။ ။
(၆) မီပန်း,ရေပန်း။တိမ်လျှပ်လွှမ်း။ထင်မှန်းဆင်းဖြစ်တူ။ ။
(၇) နေရောင်,လရောင်။ဆီမီးရောင်။ရိုက်မှောင်ပြောင်းပျက်တူ။ ။
(၈) ရူပါရုံက။သိခက်လှ။ရှုကြသဘောယူ။ ။
(၉) အဆင်းသဘော။အဖြစ်ဟော။ ရှုစော(ငါ) ကင်းဟူ။ ။
(၁၀) ဉာဏ်မြင်ပေါက်ငြား။(အပျက်)ပွါး။နှုကား (အဖြစ်)ယူ။ ။
(၁၁) ထိုထိုဝတ္ထု။အဆင်းပုံ။ကြည့်ရှုစိတ်တည်မူ။ ။
(၁၂) ကြည့်ရှုခဏ။မ,ထိ,စ။ ထင်ကအမှားဟူ။ ။
(၁၃) ဥပမာသွင်း။ကြည့်ရှုရင်း။ အဆင်းသဘောယူ။ ။
(၁၄) အဆင်းအာရုံ။မြင်လာပုံ။အကုန်သဘောယူ။ ။
(၁၅) သဘောမြင်မှ။(အနိစ္စ)(ဒုက္ခ)မှန်ထင်ပြူ။ ။
(၁၆) ပညတ်ဖယ်ပစ်။သဘောစစ်။သစ်သစ် ဖြစ်ရှုယူ။ ။
(၁၇) အဆင်းခေါ်ပုံ။ ရူပါရုံ။ထင်ပုံ (ဝိဇ္ဇမာန) ပညတ်ဟူ။ ။

(၁၈) တုန်း,တိုင်,ထုတ်စ။ ယောက်ျား,မ (အဝိဇ္ဇမာန)ပညတ်ဟူ။ ။
(၁၉) သဏ္ဍာန်,ဒြပ်။မထင်အပ်။ ရှုမှတ်(ပရမတ်)ယူ။ ။
(၂၀) (ပညတ်)ကွာလျှင်။(ငါ)မှားစင်။သွားလျှင်မင်,ဖိုလ်ယူ။ ။
(၂၁) ငါမှားထင်က။အပါယ်ကျ။ ဒုက္ခဝဋ်ပျော်သူ။ ။
(၂၂) မဂ္ဂင်ပေါင်လမ်း။နိဗ္ဗာန်နန်း။မြော်မှန်းပွါးမြင်ယူ။ ။

ဤတွင်ရှုပါရုံအဖြစ်သက်သက်ပြခဏ်းပြီးပြီ။

# သောတဝိညာဉ် အဖြစ်သက်သက် ပြခဏ်း။

## ပဋိညာဉ်။

၁ ရှုပါရုံစသော အာရုံ ၅-ပါးတို့ကို ရေးပြပြီး၍ ယခုအခါ၌ ထို အာရုံတို့ကို သိတတ်သောဝိညာဉ် ၅-ပါးတို့တွင် ရှုမှတ်ပွါးများ လွယ် ကူသော သောတဝိညာဉ် စိတ်ကိုပြဆိုရေးသားပေအံ့။ ။

(က) ယောဂီ ရှင်တို့၏ နားဝမှာ ကြားတိုင်း, ကြားတိုင်း အသံ သ ဘောတို့မှာ ရုန့်ရင်း ကြမ်းထမ်းသော (ဩဠာရိက) ရုပ်များ ဖြစ်ကြ၍ အာရုံပြုကာ ရှုပွါးဘို့ရာ သိသာ လွယ်ကူပါသော်လည်း။ ထိုအသံ သ ဘောများကို (ကြားသိ) တတ်သော (သောတဝိညာဉ်) စိတ်သဘော မှာ လွန်စွာသိမ်မွေ့ သိမြင်ခဲသောကြောင့် လွယ်ကူစွာ သိမြင်နိုင်ရန် ခေါက်၍ဖြစ်သော ဒေါက်,ဒေါက်သံ စသည်တို့တွင် ထင်ရှားရာ အသံ အာရုံတခုခုကို ရှုးဗိုက်စွာ နားထောင်စမ်းပါ။ ဘာကို ကြားတွေ့ပါသ နည်း။ ။ (မေး)

(ခ) ယခု ခေါက်ဆဲခဏ ဒေါက်, ဒေါက်ဟူသော အသံ သဘော တို့ကို ကြားတွေ့ပါသည်။ ။ (ဖြေ)

(က) ယခု ဖြစ်ပေါ်ဆဲသော အသံသဘောကို အာရုံမပြုကအသံသ ဘောကိုသိသော သောတဝိညာဉ်စိတ် သဘောရှိနိုင်ပါသလား။ (မေး)

(ခ) ယခု ပစ္စုပ္ပန် အသံသဘောကို အာရုံမပြုက မရှိနိုင်ပါ။ (ဖြေ)

## နာမ်ကိုရှာတွေ့ပုံ။

(က) ကြားတိုင်း, ကြားတိုင်း သောတ ဝိညာဉ် စိတ် သဘောကို ထင်မြင်လိုသောယောဂီပုဂ္ဂိုလ်သည် ဘယ်ကာလ၌ဖြစ်သော အာရုံကို ရှေးဦးစွာ အာရုံပြုရပါသနည်း။ ။ (မေး)

(ခ) ကြားဆဲခဏ သောတဝိညာဉ် စိတ်သဘော၏ အာရုံ ပြုရာ ဖြစ်သော ပစ္စုပ္ပန်ဖြစ်ဆဲ အသံသဘောကိုသာ မထင်,ထင်အောင် ရှေးဦးစွာ အာရုံပြုရပါသည်။ ။ (ဖြေ)

(က) အာရမ္မဏာဘိမုခတော နမနဋ္ဌေန နာမံ။ ။ဟူသောကျမ်းဂန်နှင့်ညီစွာ ကြားဆဲခဏ ပစ္စုပ္ပန် ကာလ၌ ဖြစ်သော အသံသဘော အာရုံကို ရှေးရှုညွတ်တတ်သော အနက်သဘော သတ္တိကြောင့်(နာမ်) မည်၏ဟု ဆိုသောကြောင့် ဤသောတဝိညာဉ် စိတ်ခေါ်နာမ်တရားကို မြင်အပ်, ကြားအပ်, စမ်းသတ်၍ တွေ့အပ်ပါသလား။ ။ (မေး)

(ခ) ထိုအသံသဘော အာရုံကို ရှေးရှုညွတ်တတ်သော သောတ ဝိညာဉ်စိတ် ခေါ် နာမ်တရားကို မမြင်အပ်, မကြားအပ်, စမ်းသတ်၍ လည်း မတွေ့အပ်ပါ။ ။ (ဖြေ)

(က) ထိုသို့ပင် မတွေ့အပ် သော်လည်း လွန်စွာ နူးညံ့သိမ်မွေ့ ခဲ ယဉ်းလှသည်ဟု စိတ်လျော့ကာ မနေရဘဲ (အဘိရှ်ရာ–သားလာ) ဆို သလို အဘနှင့်တူသော အသံသဘောရှိရာ သားနှင့်တူသော သောတ ဝိညာဉ် စိတ်သဘောကို တွေ့မြင်နိုင်ရန် ကျမ်းဂန်တို့မှာ ဘယ်သို့မိန့် ဆိုတော်မူပါသနည်း။ ။ (မေး)

(ခ) တဿေဝ ပရိဂ္ဂဟိတရူပဿ ဒွါရဝသေန အရူပဓမ္မာပါကဋာ ဟောန္တိ။ ။ဟုမိန့်ဆိုတော်မူပါသည်။ ။ (ဖြေ)

(ခ) (ဇဝံ) ဤသို့ရုပ်ခတ်ကို။ အဖန်ဖန်အထပ်ထပ်။ရှုပွါးအပ်သည် ရှိသော်၊ (ပရိဂ္ဂဟိတရူပဿ) ရုပ်ခတ်ကို သိမ်းဆည်းအပ် ပြီးသော၊ (တဿ) ထိုယောဂီပုဂ္ဂိုလ်အား၊ (ဒွါရဝသေန) မိမိဒွါရ၏ အစွမ်းအား ဖြင့်၊ (အရူပဓမ္မာ) နာမ်တရားတို့သည်။ (ပါကဋာ) အသီးသီး။ဆိုင်ရာ ဆိုင်ရာ ပေါ်လွင်ထင်ရှားလာကုန်သည်။(ဟောန္တိ)ဖြစ်ကုန်၏။ ။

**(အထူး အားပေးချက်)။**

(၁) ထိုသို့ ရုပ်ကို ထင်မြင်က နာမ်ကို တင်မြင် ရမည်ဟု ဆိုလို

သောကြောင့် နာမ်သဘောကိုထင်မြင်လိုသော ယောဂီရှင်တို့သည်ရုပ်တရား၌ (ရူပပရိစ္ဆေဒ)ဉာဏ်ရအောင်များများကြီး ပွါးများအားထုတ်ကြပါကုန်။ ။(လက်မလျော့ကြပါနှင့်)။ ။

(က) ဘယ်လို အခါကာလ၌ သောတဝိညာဉ်စိတ် ဟူသော နာမ်တရားများ ရှိကြောင်းကို ပိုင်နိုင်စွာ သိနိုင်ပါသနည်း။ ။ (မေး)

(ခ) ကြားဆဲအခိုက်မှာ ဖြစ်ပေါ်လာသော ဒေါက်ဒေါက်, ဒင်ဒင်, စသော အသံ သဘောများကို ထင်ရှားစွာ ကြားသိရ သောကြောင့်။ ထိုသိတတ်သော သောတဝိညာဉ် စိတ်ဟူသော နာမ်တရားတို့၏ ထင်ရှားရှိကြောင်းကို ပိုင်နိုင်စွာ ဉာဏ်ဖြင့် သိရပါသည်။ ။ (ဖြေ)

(တိုက်တွန်းချက်)။

ဤစာဘတ်ရင်းပင် အသံတရခုကို နားထောင်ကြည့်က ထိုစိတ်သဘောရှိကြောင်းကိုဉာဏ်ဝ၌ထင်ရှားစွာပေါ်လာလိမ့်မည်ရှုကြစမ်းပါ။

(က) ဤ အသံသဘောကို သိတတ်သော သောတဝိညာဉ်စိတ် သဘော ထင်ရှားရှိသည်, ထင်ရှားရှိသည်ဟု ရှုပွါးရကြောင်းကို ဘုရားရှင် ဘယ်လို မိန့်ဆိုတော်မူပါသနည်း။ ။ (မေး)

(ခ) ဘူတံ ဘူတတော ပဿတိ။ ။ဟု မိန့်ဆိုတော်မူပါသည်။(ဖြေ)

(ခ) (ဘူတံ) ထင်ရှား ရှိသော သောတ ဝိညာဉ် စိတ်ခေါ် နာမ်တရားကို။ (ဘူတတော) ထင်ရှားရှိသောအားဖြင့် (ပဿတိ) ကြားတိုင်း, ကြားတိုင်း။ထင်ရှားရှိသည်,ထင်ရှားရှိသည်ဟု ရှုအပ်၏။ ။(မြင်ပါစေ)။

## သောတဝိညာဉ် ခေတ် ပရမတ် ပညတ်ခွဲမှတ်ခဏ်း။

(ဃ) ကြားဆဲအခိုက်၌ ထင်ရှားရှိသော သောတဝိညာဉ် စိတ်ကို (ပရမတ်,ပညတ်) ခွဲပြပါ။ ။ (မေး)

(ခ) ကြားဆဲအခိုက်၌ ထင်ရှားရှိသော ဒေါက်ဒေါက်, ဒင်ဒင် စသော သဘောကို သိကာမျှသော သဘောသဘ္ဘိသည် (ပရမတ်) စစ်စစ် ဖြစ်ပါသည်။ ။(မြင်ခဲစွ)။ ။ (ဖြေ)

(ဂ) ဤသဘောမျှကိုပင် သောတဝိညာဉ်ဟူ၍ဂုင်း။စိတ်ဟူ၍ဂုင်း။

နာမ်ဟူ၍၎င်း,ပရမတ်ဟူ၍၎င်း,သင်္ခါရဟူ၍၎င်း,ခေါ်ဆိုရသောအမည်နာမသည်ကား (ဝိဇ္ဇမာန)ပညတ်များ ဖြစ်ပါသည်။ ။(ကွဲခဲစွ)။(ဖြေ)

### ဆောင်ပုဒ်ကများ။

(၁) ပရမတ်,ပညတ်။ခွဲသိမှတ်။ရုပ်ဓာတ် နာမ်ဓာတ်မြင်။ ။

(၂) ရုပ်,နာမ်,မြင်မှ။အနိစ္စ။ဒုက္ခ,အနတ္တ ထင်။ ။

(၃) ဤသို့ထင်က။မဂ်,ဖိုလ်ရ။ဒေးမြ နိဗ္ဗာန်ဝင်။ ။

---

## ယခုစိတ်သဘောယခုဖြစ်ပုံ။

(က) ယခု အသံ သဘောကို သိတတ်သော စိတ်သဘောသည် ဘယ်အခါ၌ ဖြစ်ပေါ်လာပါသနည်း။ ။ (မေး)

(ခ) ယခုလို ဒေါက်ဒေါက်, ဒင်ဒင် စသော အသံ သဘောတို့ကို ကြားသိဆဲ အခိုက် ၌သာ အသစ်, အသစ် ဖြစ်ပေါ်, ဖြစ်ပေါ် လာပါသည်။ ။ (ဖြေ)

(က) ယခုကြားဆဲအခိုက်၌ ဖြစ်ပေါ်လာသော စိတ်သဘောသည် ရှေးအတိတ်က ဖြစ်ဘူးပါသလား။ ။ (မေး)

(ခ) ယခု ဖြစ်ပေါ် လာသော စိတ်သဘောသည် ရှေးအတိတ်က မဖြစ်ဘူးပါ။ ။ (ဖြေ)

(က) ဤလိုဆိုလျှင် ရှေးအတိတ်က အသံသဘောတို့ကို သိသော စိတ်သဘောတို့သည် ရှိဘူးကုန်သည် မဟုတ်ပါလော။ ။ (မေး)

(ခ) ရှေး အတိတ်က အသံသဘော တို့ကို သိဘူးသော စိတ်သဘောတို့သည် ထိုရှေးအတိတ်ကပင် ဖြစ်ပြီးခဏ ပျက်ကြကုန်ပြီး၍ ထိုစိတ်တို့နှင့်တူစွာ ယခုကြားဆဲ အခိုက်မှာ အသစ်,အသစ် ဖြစ်ပေါ်,ဖြစ်ပေါ် လာပြန်သောကြောင့်သာ ရှေးက စိတ်တွေဘဲဟု ထင်မှတ် ကြပါသော်လည်း ထင်သည့်အတိုင်း မဟုတ်၊ ယခုကြားဆဲခဏမှ အသစ်, အသစ် ဖြစ်ပေါ်လာပါသည်။ ။ (ဖြေ)

### (အထူးသတိပေးချက်)။

ယခု ကြားဆဲခဏ ဖြစ်သော စိတ်တို့ကို အမိဝမ်းတွင်းက ဟိုနှစ်, ဟိုလ,ဟိုရက်က စိတ်တွေမဟုတ်ကြောင်း ထင်ရှားလှပေသည်။ ။

(က) ယခုကြားဆဲ အခိုက်၌ ဖြစ်သော သောတဝိညာဉ် စိတ်သဘောတို့၏ ယခုမှ အသစ်,အသစ် ဖြစ်,ဖြစ်နေသည်ဟု ထင်မြင်အောင်ရှုပွါးဘို့ရာ ခဲယဉ်းပါသလား။ ။ (မေး)

(ခ) ကမ္မဋ္ဌာန်း ဉာဏ်၌ နည်းလမ်း မှန်ကို သိပါက မခဲယဉ်းလှပါ။ ။ (ဖြေ)

(က) ဤသို့သော စိတ်သဘောတို့ကို အဘယ်သူများပင် သိမြင်နိုင်ပါသနည်း။ ။ (မေး)

(ခ) နည်းမှန်ကို ရပါလျှင် သူငယ်များပင် မကြာခဏသိမြင်လွယ်လှပါသည်။ ။ (ဖြေ)

---

## ဆရာကောင်းများထံမှ နည်းမှန်မရကြပုံ။

(က) ဤမျှလောက် လွယ်ကူပါလျက် အဘယ်ကြောင့် မသိမမြင်နိုင်ကြပါသနည်း။ ။ (မေး)

(ခ) နည်းမှန်ကို ညွှန်ကြား ပြသ ဆုံးမတတ်သော ဆရာမြတ်တို့၏ (ဥပနိဿယ)တို့ကို မရမမိကြ၍သာမသိမမြင်နိုင်တတ်ကြပါ။(ဖြေ)

(က) ယခုအခါ ဗုဒ္ဓဘာသာ သာသနာတော်တွင်းဝယ် နည်းမှန်ကို ညွှန်ကြားပြသ ဆုံးမတတ်သော ဆရာမြတ်များ ထင်ရှားစွာရှိနေကြပါလျက် ဘယ်အတွက်ကြောင့် (ဘာဝနာမယ) ဉာဏ် နည်းလမ်းမှန်တို့ကို မရကြပါသနည်း။ ။ (မေး)

(ခ) ထိုသို့ပင် ဆရာမြတ်များ ရှိနေကြငြားသော်လည်းအချို့တို့မှာ အမှန်သဘော တရားတွေကို မသိကြဘဲ မာန်မာနကြီးတွေ ယစ်မူးပြီးအထင်ကြီးနေကြခြင်းကြောင့်၎င်း။ မိမိတို့၌အသိဉာဏ်မှန် မရှိကြောင်းကို သိကြပါသော်လည်း မိမိတို့ကိုးကွယ် ဆည်းကပ် မှီခိုကြည်ညိုနေကြရသော ဆရာသမားတို့၏ ဂုဏ်ကျေးဇူး တွေကို ငဲ့ကွက် နေကြသောကြောင့်၎င်း။ ။အချို့တို့ကား ငါတို့၏ဆရာသမားများ အပါယ်သွားကြလျှင် ငါတို့လည်း လိုက်သွားကြမည် စသည်ဖြင့် ပုဂ္ဂိုလ်စွဲ,ဆရာသမားစွဲ, စာအုပ်စွဲ, မြို့,ရွာ, အရပ် စွဲတွေ ရှိနေကြပါသောကြောင့်၎င်း။ အချို့တို့ကား လောဘ,ဒေါသစသော ကိလေသာအညစ်အကြေးကာမဂုဏ်အရှုတ်အထွေးတွေ လိမ်းကျံငြိကပ် သံယောဇဉ်တွေဆက်

စပ် နေကြသောကြောင့်ဂုဏ်း။ ဤသို့စသော မကောင်းရတ်ချာ ယုတ်မာ, ပုပ်သိုး အလွန်ဆိုးသော စိတ်ဆိုး, စိတ်ရိုင်းများဖြစ်ပွါးနေကြသော သူများတို့ကား (ဗိပဿနာဘာဝနာ) တရားများတို့၌ နည်းလမ်းမှန်တို့ကို ညွှန်ကြားပြသ ဆုံးမတတ်သော ဆရာမြတ်များ၏ ထံတော်ပါးသို့ မသွား,မရောက်,မပေါက်, မသိတတ် မဆည်းကပ်နိုင် ကြ၍တရားနည်းလမ်းမှန်တွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် လက်ကိုင်မိမိ မရမရှိ မသိမထင် မမြင် မလင်းမရှင်းနိုင်ကြဘဲ(ဒုက္ခ)များစွာဖြစ်နေကြရပါသည်။ ။(ဖြေ)

## ဆရာမြတ်တို့ထံမှနည်းမှန်ယူရပုံ။

(က) ဤသို့ နည်းလမ်းမှန်ကို ပေးစွမ်းတတ်သော ကမ္မဋ္ဌာန်း ဆရာမြတ်တို့၏ ထံတော်ပါး၌ ဝပ်တွား ခစားလျက် သင်ကြား မှတ်ယူအပ်ကြောင်းကို ကျမ်းဂန်တို့မှာ ဘယ်လိုမိန့်ဆိုတော်မူကြပါသနည်း။(မေး)

(ခ) တသ္မာ ဧဝရူပံ ကမ္မဋ္ဌာနဒါယကံ ကလျာဏ မိတ္တံ ဥပသင်္ကမိတွာ တဿ ဝတ္တပဋိပတ္တိံ ကတွာ ကမ္မဋ္ဌာနံ ဂဟေတဗ္ဗံ။ ။ဟုကျမ်းဂန်တို့မှာ မိန့်ဆိုတော်မူကြပါသည်။ ။ (ဖြေ)

(ခ) (တသ္မာ) ထို့ကြောင့်(ဧဝရူပံ)ဤသို့သဘောရှိသော(ကမ္မဋ္ဌာနဒါယကံ)ကမ္မဋ္ဌာန်းဉာဏ်။ နည်းလမ်းမှန်ကို။ပေးစွမ်းနိုင်သော (ကလျာဏမိတ္တံ) သူတော်ကလျာ။ကမ္မဋ္ဌာန်းဆရာသို့။(ဥပသင်္ကမိတွာ) မပြတ်ဝပ်တွား။ ဆည်းကပ်ခစားပြီး၍။ (တဿ) ထိုကမ္မဋ္ဌာန်းဆရာ၏။ (ဝါ) ဆရာအား။ (ဝတ္တပဋိပတ္တိံ) ကျင့်ဝတ် ကြီး,ငယ်။ အသွယ်သွယ်ကို။ (ကတွာ)ကြိုးပန်းအားထုတ်။ပြုကျင့်လုပ်၍။ (ကမ္မဋ္ဌာနံ) နည်းလမ်းမှန်မှန်။ကမ္မဋ္ဌာန်းဉာဏ်ကို။ (ဂဟေတဗ္ဗံ) လိုက်နာမှတ်သား။သင်ကြားနာယူအပ်ပေ၏။ ။

### (အထူးသတိပေးချက်)။

(၁) ယခုကာလကြီးမှာ (ဘာဝနာမယ) ဆရာများကို အလွန့်အလွန် တွေ့ခဲ,ကြုံခဲ, ရခဲသှသဖြင့်အထူးသတိထား၍ရှာကြပါ။ ။

## ဆရာမြတ်များထံ၌ ဆည်းကပ်ရကျိုးပြပုံ။

(က) ဤသို့ နည်းလမ်းမှန်ကို ပေးစွမ်းတတ်သော ဆရာမြတ်တို့၏ ထံ၌ မပြတ်ဝပ်ဘွား ဆည်းကပ်ခစား၍ သင်ကြား နာယူရသဖြင့် အ ဘယ်အကျိုးများကို ရပါသနည်း။ ။ (မေး)

(ခ) ကြားဆဲ ခဏ အသံ သဘော စိတ်သဘော ၂-ပါးရုံ ယှဉ်တွဲ ကာ ယခုမှ အသစ်, အသစ် ဖြစ်, ဖြစ်နေပါတကားဟု ထင်မြင်သော ယောဂီ မြတ်တို့အား စကားပြောသည့်,ဆိုသည့်, မြည်သည့်, ငိုသည့်, ရယ်သည့်, ကွဲရှဲသည့်, ချီးမွမ်းသည့်, ခေါက်သည့်, တီးမှုတ်သည့် စ သည့်တို့ကို ကြား၏ဟု မှတ်မှားထင်ယူသော(သက္ကာယဒိဋ္ဌိ)တို့မှ ကင်း ပျောက်၍ လက္ခဏာရေး ၃-ပါးတို့နှင့်တကွ မဂ်, ဖိုလ်, နိဗ္ဗာန်သို့ကျ ရောက်အောင် ရနိုင်ခြင်း အကျိုးများရှိပါသည်။ ။ (ဖြေ)

### ထို့ကြောင့်။

(ဂ) ဥပဍ္ဍမိဒံ ဘန္တေ ဗြဟ္မစရိယဿ ယဒိဒံ ကလျာဏ မိတ္တတာ ကလျာဏသဟာယတာ ကလျာဏသမ္ပဝင်္ကတာတိ။ ။

(ဃ) မာဟေဝံ အာနန္ဒ အဝစ၊မာဟေဝံ အာနန္ဒအဝစ။ သကလမိဒံ အာနန္ဒ ဗြဟ္မစရိယဿ ယဒိဒံ ကလျာဏမိတ္တတာ ကလျာဏသဟာယ တာ ကလျာဏသမ္ပဝင်္ကတာတိ။ ။ဟု ဘုရားရှင်အလို မိန့်ဆိုတော် မူပါသည်။ ။ (ဖြေ)

(ဂ) (ဘန္တေ) ဘုန်းတော်ကြီးမား။ ရှင်တော်မြတ်ဘုရား။ (ယဒိဒံ ယာအယံကလျာဏမိတ္တတာ) အကြင်မိတ်ဆွေဆရာကောင်းနှင့်။ပေါင်း ဖော်ယှဉ်တွဲ။ မှီဝဲဆည်းကပ်နေရသော အဖြစ်သည်။ (ယဒိဒံ ယာအယံ ကလျာဏ သဟာယတာ) အကြင်မိတ်ဆွေ ဆရာကောင်းနှင့်။ ယှဉ် ပေါင်းမပြတ်။ မှီဝဲဆည်းကပ်ရသော အဖြစ်သည်။ (ယဒိဒံ ယာအယံ ကလျာဏ သမ္ပဝင်္ကတာ) အကြင်မိတ်ဆွေဆရာကောင်း၌။ ကိုင်းရှိုင်း ညွတ်တွား။ ဆည်းကပ်ခစားရသောအဖြစ်သည်။ (အတ္ထိ) ရှိ၏။ (ဣဒံ) ဤသို့မိတ်ဆွေ ဆရာကောင်းနှင့်။ ယှဉ်ပေါင်းညွတ်တွား။ ဆည်းကပ်ခ စားရမှုသည်။(ဗြဟ္မစရိယဿ) ဆုံးမကျင့်ကြံ။ မဂ်လမ်းမှန်အား။(ဥပဍ္ဎံ) ထက်ဝက်ကျိုးများ။ ပြီးသွားနိုင်ပါ၏အရှင်ဘုရား။(ဣတိ) ဤလို(ဝါ)ဤ ပုံ။ (အယသ္မာ အာနန္ဒော) အရှင်အာနန္ဒာ မထေရ်က။ (ဘဂဝန္တံ) ရှင်

တော်မြတ်ဘုရားကြီးကို။ (အဝေါစ) ဖွေနားတော်ကြား။ လျှောက်ထား ပေ၏။ ။

(ဃ) (တဒါ) ရှင်အာနန္ဒာ မထေရ်က လျှောက်လေရာ။ ထိုအခါ၌ (အာနန္ဒ)ညီဘွားအာနန္ဒာ (ဧဝံ) ဤလိုထက်ဝက်အကျိုးများ၊ ပြီးစီးသွား သည်ဟူ၍ (ဟိကေနန္တာ)အမှန်စင်စစ်အားဖြင့် (မာအဝစ) မဆိုလိုက် ပါလေနှင့်။ (အာနန္ဒ) ညီဘွားအာနန္ဒာ။(ဧဝံ) ဤလိုထက်ဝက်အကျိုးသာ။ ပြီးစီးပါသည်ဟူ၍။ (ဟိ) အဟုတ်တကယ်။ (မာအဝစ) သတိမထား။ မစဉ်းစားဘဲ။ လွှတ်ခနဲ့ မလျှောက်ထားလိုက်ပါလေနှင့်။ (အာနန္ဒ) ညီ ဘွားအာနန္ဒာ။(ယဒိဒံ ယာအယံ ကလျာဏ မိတ္တတာ) အကြင်မိတ်ဆွေ ဆရာစစ်ရှိသော အဖြစ်သည်။ (ယဒိဒံ ယာအယံ ကလျာဏသဟာယ တာ) အကြင်မိတ်ဆွေ ဆရာကောင်းနှင့် ယှဉ်ပေါင်းမှီဝဲရသော အဖြစ် သည်။ (ယဒိဒံ ယာအယံ ကလျာဏသမ္ပဝင်္ကတာ) အကြင်မိတ်ဆွေခင် ပွန်းကောင်းဆရာကောင်း၌။ ညွတ်ပျောင်းဝပ်တွား၊ ဆည်းကပ်ခစား ရသော အဖြစ်သည်။(အတ္ထိ)ရှိ၏။(ဣဒံ)ဤလို မိတ်ဆွေခင်ပွန်းကောင်း။ ဆရာ ကောင်းနှင့်။ ယှဉ်ပေါင်း ဝပ်တွား ဆည်းကပ် ခစား ရမှုသည်။ (ဗြဟ္မစရိယဿ) ဆုံးမကျင့်ကြံ။ မဂ်သမ်းမှန် ကိစ္စကြီးအား၊ (သက လံ) ထက်ဝက်မက။ အလုံးစုံကိစ္စ။ ပြီးစီးရပေ၏။(ဣတိ) ဤသို့။(ဝါ)ဤ လို။(ဝါ) ဤပုံ။(ဝါ) ဤနည်း။ (ဝါ)ဒိလို။ (ဘဂဝါ) ဘုန်းတော်ကြီးမား။ ရှင်တော်မြတ်ဘုရားက (အဝေါစ) ညီဘွားတော်ရှင်အာနန္ဒာအား။ မြစ် တားမောင်းမဲကာ။မိန့်ကြားတော်မူပေ၏။ ။

## ဆောင်ပုဒ်ကဗျာ။

(၁) ဆရာကောင်းထံ။နည်းမခံ။ ကျင့်မှန်မရပြီ။ ။
(၂) ကျင့်မှန်မရ။ဝဋ်ဒုက္ခ။မုချတွေ့ရှည်မည်။ ။
(၃) ဒုက္ခလွတ်လို။များပုဂ္ဂိုလ်။မာန်ပိုချရမည်။ ။
(၄) မာန်ကိုသတ်ဖြတ်။ဆရာမြတ်။ဆည်းကပ်နာရမည်။ ။
(၅) ဆည်းကပ်လိုက်နာ။ကျင့်သူမှာ။ မြန်စွာနိဗ္ဗာန်ပြည်။ ။
(၆) ဆိမ်းဆည်း,ဆိမ်းဆဲ။ဆရာလွဲ။ငရဲပါယ်ဝင်တည်။ ။
(၇) ဆရာမပြ။နည်းမကျ။ပြမှနည်းမှန်မည်။ ။

## အသံသဘောစိတ်သဘောရောမရောပြပုံ။

(က) ဤသို့ ဘုရားဒေသနာ ကျမ်းများစွာကို အားကိုးရှာသော ယောဂီတို့မှာ ကြားဆဲအခိုက်၌ အသံ သဘော,စိတ်သဘောတို့ ရောနှောကြပါသလား။ ။ (မေး)

(ခ) ကြားဆဲ အခိုက်၌ အသံသဘော, စိတ်သဘောတို့ ယှဉ်တွဲကာ ဖြစ်ကြပါသော်လည်း အသံသဘောထဲမှာ စိတ်သဘောမရှိ စိတ်သဘောထဲမှာလည်း အသံသဘောမရှိကြပါ။ ။ (ဖြေ)

(သဟဇာတပစ္စယတ်)။

(က) ဤသို့ ဖြစ်လျှင် အသံသဘောနှင့် စိတ်သဘောတို့ တပါးနှင့်တပါး ကြည့်ကင်း၍ ဖြစ်ကြပါသလား။ ။ (မေး)

(ခ) ကြားဆဲခဏ၌ အသံသဘောနှင့် စိတ်သဘောတို့မှာ တပါးနှင့်တပါး ကြည့်ကင်း၍ မဖြစ်နိုင်ကြပါ။ ။ (ဖြေ)

(က) ကြားဆဲခဏ အသံသဘောနှင့် စိတ်သဘောတို့ ရောနှောကြပါသလား။ ။ (မေး)

(ခ) အသံသဘောနှင့် စိတ်သဘောတို့ မရောနှောကြပါ။ ။ (ဖြေ)

(က) ကြားဆဲခဏ အသံသဘောနှင့်စိတ်သဘောတို့မှာကြည့်ကင်း၍လည်း မဖြစ် ရောနှော၍သည်း မဖြစ်ကြပါလျှင် အဘယ်သို့ စွဲမှီ၍ဖြစ်ကြပါသနည်း။ ။ (မေး)

(ခ) ကြားဆဲ ခဏ စိတ်သဘောက အသံသဘောကို စွဲမှီ၍သာ ဖြစ်ပေါ်လာရပါသည်။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) အဝိစ ခေါ သောရိ ပဋိစ္စ သဒ္ဒေါဝိယ ရူပံ ပဋိစ္စ နာမံ ပဝတ္တတိ။ ။ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ လာရှိပါသည်။ ။ (ဖြေ)

(ဂ) (အဝိစ ခေါ) စင်စစ်သော်ကား (ဘေရိ) စည်ကို (ပဋိစ္စ) စွဲမှီ၍ (သဒ္ဒေါ)အသံသည်။(ပဝတ္တတိဝိယ) ဖြစ်ပေါ်လာသကဲ့သို့။(တထာ) ထို့အတူ။(ရူပံ) ရုပ်ကို။(ဝါ) အသံသဘောကို။(ပဋိစ္စ)အစွဲပြု၍။(နာမံ) နာမ်သည်။ (ဝါ) အသံသဘောကို သိတတ်သော သောတဝိညာဉ်စိတ်သဘောသည်။(ပဝတ္တတိ) ဖြစ်ပေါ်လာပေ၏။ ။

## ထင်မြင်ယူဆ မတူကြပုံ။

(က) ဝိပဿနာ ဘာဝနာတရားကို အားထုတ်သူနှင့် မထုတ်သူတို့မှာ ထင်မြင်ယူဆ အဘယ်သို့ မတူမမျှ ကွာခြားကြပါသနည်း။ (မေး)

(ခ) ဤသို့ ကြားဆဲခဏ အသံသဘော စိတ်သဘောတို့ ဖြစ်ပေါ်လာသောအခါ (ဝိပဿနာဘာဝနာ) တရားကို အဟုတ် အားမထုတ်သူတို့မှာ ပြောသည်, ဆိုသည်, ငိုသည်, ရယ်သည်, မြည်သည်, တီးမှုတ်သည် စသည်တို့ကို ကြား၏ဟု မှားသောအားဖြင့် ထင်မြင်ကြပါသည်။ ။ (ဖြေ)

(ဂ) (ဝိပဿနာဘာဝနာ) တရားကို အဟုတ် အားထုတ်သူတို့မှာ ကြားဆဲခဏ စကားပြောဆိုသည် စသည်ကို ကြား၏ဟု မထင်မှားကြတော့ဘဲ အသံ သဘောနှင့် စိတ်သဘောတရား ၂-ပါးပုံ ဖြစ်,ဖြစ်နေခြင်း မျှသာ ပါတကား ဟု ဟုတ် မှန်သော အားဖြင့် ထင်မြင် ကြပါသည်။ ။ (ဖြေ)

---

## ကြားဆဲခဏ သက္ကာယဒိဋ္ဌိ ဖြစ်ပုံ။

(က) ဤသို့ကြားဆဲခဏ ထင်မှားလွဲလှသော (သက္ကာယဒိဋ္ဌိ)သည် ဘယ်လို ဖြစ်ပေါ်လာပါသနည်း။ ။ (မေး)

(ခ) ဤသို့ ကြားဆဲခဏ ထင်ရှားရှိသော အသံသဘောနှင့် စိတ်သဘော ဟူသော (သက္ကာယ) ၌ စကား ပြောဆိုသည်, ငိုသည်, ရယ်သည်,တီးမှုတ်မြည်သည်, ရိုက်နှက်ပုပ်ခပ်သည်,ရွတ်ဘတ်သရဇ္ဈာယ်သည်, ဆဲသည်,ကဲ့ရဲ့သည်, ချီးမွမ်းသည်, ဟောပြသည် စသည်တို့ကို ကြား၏ဟု မှားသော ထင်မြင်ခြင်း (ဒိဋ္ဌိ)နှင့် ယှဉ်စပ် သောကြောင့် (သက္ကာယဒိဋ္ဌိ)ဖြစ်ပေါ်လာရပါသည်။ ။ (ဖြေ)

---

## နာမရူပပရိစ္ဆေဒ ယထာဘူတဉာဏ်ဖြစ်ပေါ်ဟန်။

(က) ကြားဆဲခဏ အသံသဘော စိတ်သဘော ၂-ပါးပုံ ယှဉ်၍ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟု ရှုပွါးထင်မြင်သူအား အဘယ်ဉာဏ်များ ဖြစ်ပေါ်လာပါသနည်း။ ။ (မေး)

(ခ) ကြားဆဲခဏ အသံသဘော ရုပ်တရားနှင့် သောတ ဝိညာဉ် စိတ်ခေါ် နာမ်သဘောတရားတို့ကို ပိုင်းခြားစွာ သိသောကြောင့် (နာမ ရူပ ပရိစ္ဆေဒ) ဉာဏ် ဟုတ်မှန်သော ရုပ်,နာမ်သဘောကို ဟုတ်တိုင်း မှန်စွာ သိမြင် သောကြောင့် (ယထာဘူတ) ဉာဏ်များ ဖြစ်ပေါ် လာပါသည်။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) သမာဓိံ ဘိက္ခဝေ ဘာဝေထ။သမာဟိတော ဘိက္ခု ယထာဘူတံ ပဇာနာတိ။ ။ဟု ဘုရားရှင်ဟောတော်မူပါသည်။ ။ (ဖြေ)

(ဂ) (ဘိက္ခဝေ)ချစ်သား,ချစ်သမီးတို့။ (တုမှေ)သင်တို့သည်။(သမာဓိံ) သမာဓိကို။ (ဝါ)အာရုံ ၆-ပါ။တရချဉ်း။တည်ကြည်မှုကို။ (ဘာဝေထ) မတည့်,တည်အောင်။ သတိဆောင်ကာ။ပွါးများအားထုတ်ကြပါကုန်လော။ (သမာဟိတော) အာရုံ ၆-ပါ။ တရချဉ်း။ တည်ကြည်မှုရှိသော။(ဘိက္ခု)ဟုတ်မှန်ကျင့်သူ။ ယောဂီပုဂ္ဂိုလ်သည်။ (ယထာဘူတံ)ဟုတ်မှန်သော။ရုပ်,နာမ် သဘောကို။ (ပဇာနာတိ) ထူးထွေထင်ရှား။အပြားအားဖြင့်။သိမြင်နိုင်ပေ၏။ ။(ယခုစာကြည့်ရင်းပင်ရှုပွါးစမ်းပါ)။ ။

---

## သောတဝိညာဉ်ခေတ် တရားကို ဥပမာဖြင့် ရှုမှတ်ပွါးများပုံ။

(က) ကြားဆဲခဏ အသံသဘောတို့ကိုသိသော သောတဝိညာဉ် စိတ် သဘောတို့၏ အစဉ်မပြတ် အသစ်,အသစ် ဖြစ်, ဖြစ်နေသည်ကို ဉာဏ်၌ လွယ်ကူထင်ရှားအောင် (ဥပမာ)အားဖြင့် အဘယ်သို့ ရှုမှတ် ပွါးများရပါသနည်း။ ။ (မေး)

(ခ) ရေစီးသန်သော မြစ်, ချောင်း, မြောင်း အတွင်းရှိ ရေတို့ဖြင့် ကျောက်ဆောင် များ၌ တိုက်ခပ်သံကို ကြားသော ယောဂီသည် ထိုကြားတိုင်း, ကြားတိုင်းသော ရေသံတို့ကို အာရုံပြုသော်။ ယခုရေနှင့် ယခုအသံ,ယခုရေနှင့် ယခုအသံဟု သူ့ရေနှင့်သူ့ အသံတို့မှာယှဉ်တွဲကာ အသစ်,အသစ် ဖြစ်, ဖြစ် နေပါတကားဟု ရှုမှတ်တတ် သကဲ့သို့ရင်း။ ။

(ဂ) ထိုမှတပါး အကိုင်း,အခက်များစွာရှိသော သစ်ပင်ကြီး၌ အစဉ်မပြတ် တိုက်နေသော လေ အဟုန်တို့ကြောင့် ဖြစ်သော အသံများ

ကို နားထောင်နေသော ယောဂီများသည် ထိုလေသံ ကြားတိုင်း,ကြားတိုင်း ပထမ လေနှင့် ပထမအသံ ဒုတိယ လေ နှင့် ဒုတိယအသံ တတိယ လေနှင့် တတိယအသံ စသဖြင့် သူ့လေနှင့် သူ့အသံ ၂-ပါးရုံ တွဲလျက်,တွဲလျက် အမြဲမပြတ် အသစ်, အသစ် ဖြစ်ပေါ်,ဖြစ်ပေါ် နေပါတကားဟု ရှုမှတ်တတ်သကဲ့သို့ရှင်း။ ။

(ဃ) ထိုမှတပြာ သွတ်မိုး အပြင်သို့ ရွာသွန်းချသော မိုးစပါးပေါက်များကြောင့် ဖြစ်သော အသံများကို နားထောင် နေသော ယောဂီများသည် သူ့မိုးစပါးပေါက်နှင့် သူ့အသံ, သူ့မိုးစပါးပေါက်နှင့် သူ့အသံတို့ တွဲလျက်, တွဲလျက် အမြဲမပြတ် အထပ်ထပ် အသစ်, အသစ် ဖြစ်ပေါ်, ဖြစ်ပေါ် နေပါတကားဟု ရှုမှတ်တတ်သကဲ့သို့ရှင်း။ ။

(င) ထိုဥပမာများနည်းတူ ယောဂီဖြူသည် ကြားတိုင်း,ကြားဆဲအခိုက်အတန့်မှာ ဖြစ်ပေါ် လာကုန်သော ရေများ လေများ မိုးစပါးပေါက်များနှင့် တူကြသော အသံသဘောတို့နှင့် ရေသံများ,လေသံများ မိုးစပါးပေါက်သံများနှင့် တူကြသော သောတဝိညာဉ်စိတ် ၂-ပါးရုံတွဲလျက်, တွဲလျက် ဖြစ်တိုင်း,ဖြစ်တိုင်း ယခုကြားဆဲခဏမှ အသံသဘောနှင့် စိတ်သဘော ၂-ပါးစုံအသစ်,အသစ် ဖြစ်,ဖြစ်နေပါတကား-ဟု မထင်,ထင်အောင် ရှုဆင်ခြင်ပွါးများကဲ့သော် ရုပ်,နာမ်တို့၏ (အနိစ္စ,ဒုက္ခ,အနတ္တ) မှန် လက္ခဏာရေး ၃-ပါး ဉာဏ်တို့ကိုပါ ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်နိုင်စွာ သိမြင်နိုင်ကြ၍ မိမိတို့ ပါရမီအားလျော်စွာ သစ္စာ မဂ်,ဖိုလ်,နိဗ္ဗာန်မြတ်တို့ကိုပင် ဆောလျှင်စွာ ပေါက်ရောက်ကြမည် ဖြစ်၍ မထင်ထင်အောင် ဥပမာဆောင်ကာ ဉာဏ်ရောင်ဖြာလျက် မနေမနားကြိုးစားပွါးများ အားထုတ်ရပါသည်။ ။ (ဖြေ)

(အထူးဘိုက်တွေနိုးဘောင်းပန်ချက်)။

(၁) ဤဠလွယ်ခက်ဖြစ်၍ယခုအခါ စာဘတ်ရင်းပင် အသံသဘောကို နားထောင်ကာ ရှုပွါးကြည့်ကြပါလျှင် စိတ်သဘောပါ လက်တွေ့ဒိဋ္ဌ ဉာဏ်ဝမှာ ဝင်လာပါမည်။ ။

(၂) ဤကျမ်း၌ (ဥပမာ,ဥပမေယျ)စကားသုံးတို့မှာ ဉာဏ်လေးသူတို့အတွက် ဖြစ်ပါသည်။ ။

(၃) မရေးမဖြစ်၍သာပညတ်တွေနှင့်အထပ်ထပ်ရေးပြရပါသည်။ မေတ္တာနှင့်ရှုကြပါ။ ။

ဤကျမ်း၌ မသိမှု,မှားမှု ရေးသူထံသို့ အကြောင်းကြားတော် မူရန် မေတ္တာရပ်ခံ တောင်းပန်လိုက်ပါသည် သူတော်ပဏ္ဍိတ်တွေတို့။ ။

ဤတွင်သောတပိညာဉ်အဖြစ်သက်သက်ပြခဏ်းပြီး၏။

# ဃာနပိညာဉ်အဖြစ်သက်သက်ပြခဏ်း။

## ပဋိညာဉ်။

(၁) ဤသို့ သောတပိညာဉ် စိတ်သဘော၏ အဖြစ်သက်သက်ကို ရေးပြပြီး၍ ယခုအခါ၌ အနံ့သဘောမျှကို သိတတ်သော ဃာနပိညာဉ် စိတ်သဘောကို ရေးပြပေအံ့။ ။

## ဃာနပိညာဉ်စိတ်သဘောအဖြစ်မေးဖြေပုံ။

(က) နံ့တိုင်း,နံ့တိုင်းသော အနံ့သဘောတို့မှာ (ဩဠာရိက)ရုပ်ဖြစ်၍ရုပ်ပွါးဘို့ရာ ထင်ရှား သိသာလွယ်ကူပါသော်လည်း ၎င်းအနံ့သဘောတို့ကို သိတတ်သော ဃာနပိညာဉ်စိတ်သဘောမှာ လွန်စွာသိမ်မွေ့သိခက် သောကြောင့် လွယ်ကူစွာ သိမြင် နိုင်ရန် ထင်ရှား ရှိသော အနံ့အာရုံ တခုခုကို ရှုံးရှိုက်စွာ နမ်းရှုကြည့်စမ်းပါ။ ဘာကို နံ့တွေ့ရ ပါသနည်း။ ။ (မေး)

(ခ) ယခုနံ့ဆဲခဏဖြစ်သော အနံ့သဘောကို နံ့တွေ့ပါသည်။(ဖြေ) (လက်စသည်ကို နမ်းရှုထားပါ)။

(က) ယခု ဖြစ်ဆဲသော အနံ့သဘောကို အာရုံမပြုက အနံ့သဘောကို သိသော ဃာနပိညာဉ်စိတ်သဘော ရှိနိုင်ပါသလား။ ။ (မေး)

(ခ) ယခုပစ္စုပ္ပန်အနံ့သဘောကို အာရုံမပြုက မရှိနိုင်ပါ။ ။(ဖြေ)

## နာမ်ကိုရှာတွေ့ပုံ။

(က) ထိုအနံ့ သဘောကို သိသော စိတ်သဘောကို ထင်မြင်လို

သောယောဂီရှင်သည် ဘယ်ကာလ၌ဖြစ်သော အာရုံကို ရှေးဦးစွာအာရုံပြုရပါသနည်း။ ။ (မေး)

(ခ) ယခုနံ့ဆဲခဏ ဃာနဝိညာဉ် စိတ်သဘော၏ အာရုံ ဖြစ်သောပစ္စုပ္ပန် အနံ့ သဘောကိုသာ ထင်အောင် ရှေးဦးစွာ အာရုံ ပြုရ ပါသည်။ ။ (ဖြေ)

(က) နမတိတိ နာမံ။ ။ကျမ်းဂန်နှင့်အညီ နံ့ဆဲ ပစ္စုပ္ပန်၌ဖြစ်သောအနံ့ သဘောကို ညွတ်တတ်သောကြောင့် (နာမ်) မည်၏ဟု ဆိုသော်ငင်းဃာန ဝိညာဉ် စိတ်ခေါ် နာမ် တရားကို မြင်, ကြား, စမ်းသပ်ကာတွေ့နိုင်ပါသလား။ ။ (မေး)

(ခ) ဤနာမ်တရားကို မမြင်အပ်, မကြားအပ်, စမ်းသပ်၍လည်း မတွေ့နိုင်ပါ။ ။ (ဖြေ)

(က) ထိုသို့ပင် မတွေ့ နိုင်သော်လည်း စိတ် မပျက်ဘဲ ငင်းဃာနဝိညာဉ်စိတ် သဘောကို တွေ့မြင်နိုင်ရန် ကျမ်းဂန်မှာ ဘယ်လိုမိန့်ဆိုတော်မူသနည်း။ ။ (မေး)

(ခ) တသောဝံ ပရိဂ္ဂဟိတရူပဿ ဒွါရဝသေန အရူပဓမ္မာပါကဋာဟောန္တိ။ ။ဤလို အနံ့ သဘောစသော ရုပ်တရားကို အထပ်ထပ် ရှုပွါး သိမ်းဆည်းအပ်ပြီးသော ယောဂီ မြတ်အား မိမိပသာဒ၏ အစွမ်းအားဖြင့် ဃာန ဝိညာဉ် စိတ်သဘော ဟူသော နာမ် တရားတို့သည်ဆိုင်ရာ, ဆိုင်ရာ သိသာ ထင်ရှားလာကုန်၏။ ။ဟု မိန့်ဆိုတော် မူပါသည်။ ။(ရုပ်ကိုထင်က နာမ်ထင်ရ၏ဟူလို)။ ။ (ဖြေ)

(က) ဘယ်လိုကာလ၌ ဃာနဝိညာဉ် စိတ်သဘော ဟူသော နာမ်တရားများ ရှိကြောင်းကို သိနိုင်ပါသနည်း။ ။ (မေး)

(ခ) နံ့ဆဲအခိုက်မှာဖြစ်ပေါ်လာသောအနံ့ သဘောများကို ထင်ရှားစွာ နံ့သိရသောကြောင့်, ငင်းသဘောကို သိတတ်သော ဃာနဝိညာဉ်စိတ်သဘောဟူသော နာမ်တရားတို့၏ ထင်ရှားရှိကြောင်းကို ကောင်းစွာပိုင်ပိုင် ဉာဏ်ဖြင့်သိနိုင်ပါသည်။ ။ (ဖြေ)

(ဤစာဘတ်ရင်းပင် နမ်းကြည့်ကြပါ)။

(က) ဘုတံ ဘုတတော ပဿတိ။ ။ဟူသော ပါဠိတော်အရ အဘယ်သို့ ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ယခု နံဆဲခဏ အနံ့ သဘောကို သိသော ဃာနဝိညာဉ် စိတ် သဘောကို ထင်ရှားရှိသည်, ထင်ရှားရှိသည်ဟု နံတိုင်း,နံတိုင်း ရှုပွါးရ ပါသည်။ ။(ထင်မြင်ခဲ့ပွ)။ ။ (ဖြေ)

## ဃာနဝိညာဉ်ခေတ်ပရမတ်ပညတ်ခွဲမှတ်ဖော်။

(က) နံဆဲအခိုက်၌ ထင်ရှားရှိသော ဃာနဝိညာဉ်စိတ်ကို(ပရမတ်, ပညတ်) ခွဲပြပါ။ ။ (ဖြေ)

(ခ) နံဆဲ အခိုက်၌ ထင်ရှားရှိသော အနံ့ သဘောကို သိကာမျှဖြစ် သော သဘောသတ္တိသည် (ပရမတ်) စစ်စစ် ဖြစ်ပါသည်။ ။ (ဖြေ)

(သိရုံမျှသော သဘောကို မြင်အောင်ရှု)။

(ဂ) ဤ သဘော မျှကိုပင် ဃာနဝိညာဉ် ဟူ၍ဎင်း စိတ် ဟူ၍ဎင်း, နာမ် ဟူ၍ဎင်း, ပရမတ် ဟူ၍ဎင်း,သင်္ခါရဟူ၍ဎင်း ခေါ်ဆိုရသော အ မည်နာမသည် (ဝိဇ္ဇမာန) ပညတ်များဖြစ်ပါသည်။ ။(ကွဲခဲ့ပွ)။ (ဖြေ)

## ယခုစိတ်သဘော ယခုမှ အသစ် အသစ်ဖြစ်ပုံ။

(က) ယခု အနံ့သဘောကို သိသောစိတ်သဘောသည် ဘယ်အခါ ၌ဖြစ်ပါသနည်း။ ။ (မေး)

(ခ) ယခုလို အနံ့ သဘောတို့ကို နံဆဲအခိုက်၌သာ အသစ်,အသစ် ဖြစ်,ဖြစ်လာပါသည်။ ။ (ဖြေ)

(က) ယခု စိတ် သဘော သည် ရှေး အတိတ်က ဖြစ်ဘူး ပါသ လား။ ။ (မေး)

(ခ) ယခု ဖြစ်သော စိတ် သဘော သည် ရှေး အတိတ်က မဖြစ် ဘူးပါ။ ။ (ဖြေ)

(က) သို့ ဖြစ်လျှင် ရှေးအတိတ်က အနံ့ သဘောတွေကို သိသော စိတ်သဘောများ ရှိဘူးကြသည် မဟုတ်ပါလား။ ။ (မေး)

(ခ) ထို ရှေးအတိတ်က စိတ်သဘောတို့မှာ ချုပ်ပျက် ကုန်ပြီး၍ ယခု စိတ်သဘောမှာ ယခုနံဆဲ ခဏမှ အသစ်, အသစ် ဖြစ်ပေါ်လာပါ သည်။ ။ (ဖြေ)

(က) ယခု နံ့ဆဲခဏဖြစ်သော အနံ့ သိသော စိတ်သဘောတို့ကို ယခုမှ အသစ်,အသစ် ဖြစ်,ဖြစ်နေသည်ဟု ထင်မြင်အောင် ရှုပွါးရန် ခက်ခဲပါသလား။ ။ (မေး)

(ခ) ကမ္ဘဋ္ဌာန်း ဉာဏ်၌ နည်းလမ်းမှန်ကို သိကမခက်ခဲလှပါ။(ဖြေ)

(က) ဤသို့သော စိတ်သဘောကို အဘယ်သူများပင် သိမြင်နိုင်ပါသနည်း။ ။ (မေး)

(ခ) နည်းမှန်ကို ရရှိပါလျှင် သူငယ် များပင် မကြာခဏ သိမြင်လွယ်လှပါသည်။ ။ (ဖြေ)

---

## ကမ္ဘဋ္ဌာန်းဉာဏ်၌ နည်းလမ်းမှန်ကိုမရ၍ မသိကြပုံ။

(က) ဤမျှလောက် လွယ်ကူလှပါလျက် အဘယ့်ကြောင့် မသိမမြင်နိုင်ကြပါသနည်း။ ။

(ခ) ဆရာမြတ်တို့၏ (လင္ခေါပဒေသ)ကို မရကြ၍သာ မသိမမြင်တတ်ကြပါ။ ။ (ဖြေ)

(က) ယခုအခါ သာသနာတော် တွင်းဝယ် နည်းလမ်းမှန်ကို ညွှန်ကြား ပြသတတ်သော ဆရာမြတ်များ ထင်ရှားစွာ ရှိနေကြပါလျက် ဘယ် အတွက်ကြောင့် လက်တွေ့ ဒိဋ္ဌ နည်းလမ်းမှန်ကို မရကြပါသနည်း။ ။ (မေး)

(ခ) ဆရာမြတ်တို့ ရှိကြပါသော်လည်း လောဘဆိုး, ဒေါသဆိုး, မောဟဆိုး, မာနဆိုးကြီးတွေ လွှမ်းမိုး နှိပ်စက် ချုပ်ချယ် ရှက်နေကြသောကြောင့် လက်ကိုင်မိမိ မရမရှိနိုင်ကြဘဲ မှားလွဲ ဆင်းရဲ နေကြရပါသည်။ ။ (ဖြေ)

---

## ဆရာ့ရှာကင်မှ အကျိုးမြတ်ရပုံ။

(က) ဤသို့ နည်းလမ်းမှန်ကို ပေးစွမ်းတတ်သော ဆရာမြတ်တို့ကို ရှာ,ကပ်မှ အကျိုးမြတ်များ ရကြောင်းကို ကျမ်းဂန်တို့မှာ အဘယ်သို့ မိန့်ဆိုတော်မူကြပါသနည်း။ ။ (မေး)

(ခ) သဏ္ဍာ ပရိယောသိတဗ္ဗာ။ ။ဟူ၍ဂုဏ်း။ ။

(ဂ) တသ္မာ ဝေရှုပ် ကမ္မဋ္ဌာနဒါယက် ကလျာဏမိတ္တံ ဥပသင်္ကမိတွာ တသ ဝတ္တပဋိပတ္တိံ ကတွာ ကမ္မဋ္ဌာနံ ဂဟေတဗ္ဗံ။ ။ဟူ၍ငင်း။ ။

(ဃ) ဥပဋ္ဌမိဒံ ဘန္တေ ဖြဟ္မစရိယဿ ယဒိဒံ ကလျာဏ မိတ္တတာ ကလျာဏသဟာယတာ ကလျာဏသမ္ပဝင်္ကတာတိ။ ။

(င) မာဟေဝံ အာနန္ဒ အဝစ မာဟေဝံ အာနန္ဒအဝစ၊ သကလမိဒံ အာနန္ဒ ဖြဟ္မစရိယဿ ယဒိဒံ ကလျာဏမိတ္တတာ ကလျာဏ သဟာယတာ ကလျာဏ သမ္ပဝင်္ကတာတိ။ ။ဟူ၍ငင်း။ ။မိန့်ဆိုတော်မူကြပါသည်။ ။(အနက်တို့မှာပေးခဲ့ပြီ)။ ။ (ဖြေ)

**ဆောင်ပုဒ်ကဗျာ။**

(၁) နည်းမှန်ပေးတတ်။ဆရာမြတ်။သေကြပ်လိုက်ရှာပါ။ ။
(၂) ဆရာမြတ်ထံ။နည်းနာခံ။ဝတ်မှန်ကျင့်ယူပါ။ ။
(၃) ခင်ပွန်းမိတ်မြတ်။ဆရာကပ်၊ နည်းမှတ်သင်ယူနာ။ ။
(၄) သင်ယူကျင့်က။မဂ်,ဖိုလ်ရ။ကိစ္စပုံပြီးမှာ။ ။
(၅) ငြင်းကပ်,မပြု။ကျမ်းမြတ်ရှု။ချင့်မှုဆိုနှစ်ရှာ။ ။

---

**အနံ့သဘောစိတ် သဘောရော မရောပြပုံ။**

(က) ဤသို့ ဒေသနာတော်ကို ယုံကြည် လိုက်နာကြသော ယောဂီတို့မှာ နံ့ဆဲအခိုက်၌ အနံ့ သဘော စိတ်သဘော ၂-ပါးပုံတို့ ရောနှော၍ ဖြစ်ကြပါသလော။သို့မဟုတ်ကြဉ်ကင်း၍ပင်ဖြစ်ကြပါသလော။ ။(မေး)

(ခ) နံ့ဆဲခဏ ဖြစ်ပေါ်ကြသော အနံ့သဘော,စိတ်သဘော,တို့မှာ ရောနှော၍လည်းမဖြစ်။ ကြဉ်ကင်း၍လည်း မဖြစ်။ အနံ့ သဘောထဲမှာလည်း စိတ် သဘောမရှိ။ စိတ်သဘောထဲမှာလည်း အနံ့သဘောမရှိ။ အတူတွဲလျက် သဘောတမျိုးစီ, တပါးစီ, တခြားစီ စွဲမှီ၍သာ ဖြစ်ကြပါသည်။ ။ (ဖြေ)

**ထို့ကြောင့်။**

(ဂ) အဝိစခေါ ဘေရိ ပဋိစ္စ သဒ္ဒေါဝိယ ရူပပဋိစ္စနာမံ ပဝတ္တတိ။ ။အစရှိသဖြင့် ကျမ်းတို့မှာ မိန့်တော်မူကြပါသည်။ ။ (ဖြေ)
(အနက်ပေးခဲ့ပြီ)။

## တရားသိသူ မသိသူ မတူကြပုံ။

(က) ဤသို့ဝိပဿနာဘာဝနာ တရားကို သိသူ,မသိသူတို့မှာဘယ်လို မတူကွဲပြား အယူခြားနားကြပါသနည်း။ ။ (မေး)

(ခ) ဤသို့ တရားကို သိသူတို့မှာ နံ့ဆဲခဏ အနံ့သဘော အနံ့ သိသောစိတ်သဘော ၂-ပါးရုံယူမှ အသစ်,အသစ် ဖြစ်,ဖြစ်နေခြင်းမျှသာ ပါတကားဟု နည်းလမ်းမှန်စွာ ထင်ကြပါသည်။ ။ (ဖြေ)

(ဂ) ဤလို တရားမသိသူတို့မှာ နံ့တိုင်း,နံ့တိုင်း ပန်း,နံ့သာ,ကရမက် အသီး,အရွက်, ကတိုး,ပေါင်ဒါ, မက်စရာရေမွှေး စသော အနံ့တို့ကမွှေးသည် လူသေ,ခွေးသေ,ကြွက်သေ,မစင် ကျင်ကြီး,ကျင်ငယ် အသွယ်သွယ်စသည်တို့က ပုပ်သည်, နံသည် စသည်ဖြင့် အထင်မှား, အမြင်မှား,အယူမှား (သညာယဒိဋ္ဌိ) များဖြစ်ကြ၍ ဤသို့ မတူကွဲပြား အယူခြားနားကြပါသည်။ ။(ကြောက်ဘွယ်ကြီး)။ ။ (ဖြေ)

## နာမ်ရုပ်မှန်ဉာဏ် ရှုမြင်ဟန်။

(က) ဤသို့ နံ့ဆဲခဏ အနံ့သဘော, စိတ်သဘော ၂-ပါးရုံ ယှဉ်တွဲလျက် အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကားဟု ဉာဏ်စက္ခုဖြင့် ရှုမြင်သူအား အဘယ်ဉာဏ်များဟု ဆိုရပါသနည်း။ ။

(ခ) နံ့ဆဲခဏ အနံ့သဘောဟူသောရုပ်,အနံ့သိသောဃာနဝိညာဉ်စိတ်သဘောဟူသော နာမ်,တရားများကို ပိုင်းခြားစွာ သိခြင်းကြောင့် (နာမရူပ ပရိစ္ဆေဒ)ဉာဏ်ဟုတ်မှန်သော ရုပ်,နာမ်သဘောကိုဟုတ်မှန်စွာသိခြင်းကြောင့် (ယထာဘူတ)ဉာဏ်များဟု ဆိုရပါသည်။ (ဖြေ)

(က) ဤသို့ဖြစ်လျှင် အဘယ်သူများသာ အမှန်သဘောကို သိမြင်ရပါသနည်း။ ။ (မေး)

(ခ) သမာဟိတော ဘိက္ခုဝေ ယထာဘူတံ ပဇာနာတိ။ ။ဟူသော ဒေသနာနှင့်အညီ တည်ကြည်ခြင်းသမာဓိရှိသောသူများသာ အမှန်သဘောကို သိမြင်ရပါသည်။ ။ (ဖြေ)

(အာရုံတပါး စိတ်မသွားကြစေဘဲ ရှုပွါးကြစမ်းပါ)။

## လွယ်လွယ်နှင့် မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ပုံ။

(က) ဤသို့ပြအပ်သော နည်းများစွာဝယ် လွယ်လွယ်နှင့် မဂ်,ဖိုလ် နိဗ္ဗာန် ကို ရနိုင်ရန် ကျမ်းဂန်မှာ ဘယ်လို မိန့်ဆိုတော် မူကြပါသနည်း။ ။ (မေး)

(ခ) ဇာတံ ဝိညာဏံ ပစ္စုပ္ပန္နံ၊တသ္သ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။ ။ ဟု မိန့်ဆိုတော်မူကြပါသည်။ ။ (ဖြေ)

(ခ) (ဇာတံ)ဖြစ်ပေါ်လာသော။(ဝိညာဏံ)ဝိညာဉ်သည်။(ဝါ)ဃာန ဝိညာဉ်စိတ် သဘောသည်။ (ပစ္စုပ္ပန္နံ) ပစ္စုပ္ပန်သာတည်း။ (တဿ)ထို ပစ္စုပ္ပန်ဖြစ်သော စိတ်သဘော၏။(နိဗ္ဗတ္တိလက္ခဏံ)ယခုနံဆဲခဏမှစ၍, စ၍ အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကားဟု ရှုမှတ်ကြောင်းသသော လက္ခဏာသည်။ (ဥဒယော) ဥဒယ မည်၏။ (ဝါ)အဖြစ်၏ လက္ခဏာ မည်၏။ ။(ဖြစ်စ,ဖြစ်စ။ဥဒယ။ရှုကြလက္ခဏာ)။ ။

(ဃ) ဤသို့ မိန့်ဆိုတော်မူသည်နှင့် အညီ နံဆဲခဏ၌ ဖြစ်တိုင်း,ဖြစ် တိုင်းသော အနံ့သဘောကို သိတတ်သော ဃာနဝိညာဉ်စိတ်သဘော သည် ယခုနံဆဲခဏမှ အသစ်, အသစ်, စ၍,စ၍ ဖြစ်,ဖြစ်နေပါတကား ဟု မထင်, ထင်အောင် ရှုပွါးကြ ပါလျှင် လွယ်လွယ်နှင့် လက္ခဏာ ဉာဏ်ပေါက်ကြ၍ မဂ်,ဖိုလ်,နိဗ္ဗာန်သို့တိုင်အောင် လျင်မြန်စွာ ရောက် နိုင်ပါသည်။ ။(လွယ်သည်ဟု မပေါ့ဆကြပါနှင့်)။ ။ (ဖြေ)

### (အထူးမှာထား တောင်းပန်ချက်)။

(၁) ဤသို့ ညွှန်ပြအပ်သော နည်းများအရ (ယထာဘူတ) ဉာဏ် (နာမရူပ ပရိစ္ဆေဒ) ဉာဏ်စသည့်တို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် လက်တွေ့ ဒိဋ္ဌ သိမြင်ကြရအောင် နောက်မှ,နောင်မှဟု အကြွေးမထားကြဘဲ ယခု ကျမ်းစာကို ဘတ်ရှုကြရင်းပင် အနံ့ရှိရာဝဏ္ဏ တခုခုကို နမ်းရှုကြည့် ကြစမ်းပါ။ ။

(၂) ဤသို့ နည်းပြတိုင်း လိုက်နာ၍ ရှုပွါးကြသူ ယောဂီပြု တို့မှာ မိမိတို့ဉာဏ်ဝဋ်ဖြစ်ဟုတ်မှန်လှပေတကားဟု ထင်လင်းစွာ တွေ့မြင်လာပါ လိမ့်မည်။ ။

(၃) ယခုအခါ သာသနာတွင်းမှာ ရုပ်,နာမ်(ပရမတ္ထသဘာဝ ဓမ္မ)

တို့ကို ကျနစွာ မထင်မမြင် မသိနိုင်ဟု စိတ်မလျှော့ကြဘဲ မထင်,ထင်အောင် မနေမနား ကြိုးစားကြစမ်းပါ။ ။

(၄) ဤသို့သော ပရမတ်, ပညတ်, ရုပ်ခေတ်, နာမ်ခေတ်တို့ကို မှချဆတ်ဆတ် သိမြင်အောင် ရှုပွါးတတ်,သိတတ်ကြမှသာ လူဖြစ်ကျိုးနပ်ကြမည် ဖြစ်၍ ယုတ်ညံ့ ပေါ့ဖျင်း အတင်းပြောကာ ငြင်းဟောကာနှင့် ဖြစ်ရှာကဲ့ရဲ့ (တိရစ္ဆာနကထာ) တွေကို ဖွဲ့နွဲ့၍ ရွှဲ့မဲ့လျက် မနေကြဘဲ အနေလှ, အသေလှဖြစ်ကြရအောင် သတိဆောင်ကာမေတ္တာ,ကရုဏာ, ပညာ,ဆန္ဒ ရှိကြဘို့ရာ တောင်းပန်အပ်ပါသည်။ ။(ပိုရာကိုနုတ်,လိုရာကို ဖြည့်ယူတော်မူကြပါ)။ ။

(၅) ဤအခဏ်း၌ မသိမထင်ကြသေးပါက ရေးပြခဲ့ပြီးသော အာရုံ,ဝိညာဉ်တို့မှာ ကြည့်ရှုကာ ယူကြစေလိုပါသည်။ ။

ဤတွင် ဃာနဝိညာဉ်အဖြစ် သက်သက် ပြခဏ်းပြီးပြီ။

## ဇိဝှါဝိညာဉ်အဖြစ်သက်သက်ပြခဏ်း။

### ပဋိညာဉ်။

(၁) ဤသို့ ဃာနဝိညာဉ်စိတ်သဘော၏ အဖြစ်သက်သက်ကို ရေးပြပြီး၍ ယခုအခါ၌ အရသာသဘောမှ ကိုသာ သိတတ်သော ဇိဝှါဝိညာဉ် စိတ်သဘောကို ရေးပြပေအံ့။ ။

### ဇိဝှါဝိညာဉ် စိတ်သဘောအဖြစ် မေးဖြေပုံ။

(က) စားတိုင်း,စားတိုင်းသော အရသာသဘောတို့မှာ(ဩဠာရိက) ရုပ် ဖြစ်၍ ရှုပွါးရန် ထင်ရှား လွယ်ကူ သော်လည်း ၎င်းအရသာသဘောကို သိတတ်သော ဇိဝှါဝိညာဉ်စိတ်သဘောမှာ လွန်စွာသိမ်မွေ့သိခက်သောကြောင့် လွယ်ကူစွာ သိမြင်နိုင်ရန် ထင်ရှားရှိသော အရသာ အာရုံတခုကို ရုံးမိုက်စွာ စားသောက်ကြည့်စမ်းပါ။ဘာကို စားတွေ့ပါသနည်း။ ။ (မေး)

(ခ) ယခု စားဆဲခဏ ဖြစ်သော အရသာ သဘောကို စားတွေ့ပါသည်။ ။(သကြားလုံးစသည်ကိုငုံထားပါ)။ ။ (ဖြေ)

(က) ယခု ဖြစ်ပေါ်ဆဲသော အရသာကို အာရုံမပြုက အရသာ သဘောကိုသိသော ဇိဝှါဝိညာဉ်စိတ်သဘော ရှိနိုင်ပါသလား။ ။(မေး)

(ခ) ယခုပစ္စုပ္ပန် အရသာ သဘောကိုအာရုံမပြုကမရှိနိုင်ပါ။(ဖြေ)

## (အထူးတောင်းပန်ချက်)။

(၁) ဤကျမ်း၌ ရှိသော (မေး-ဖြေ) ပုံတို့ကို ကလက်သည့်, ထပ်သည့် သဘောမထားကြ စေလို ပါကြောင်း တောင်းပန်ပါသည်။ ။ (အပြစ်မပြု အနှစ်ရှုကြပါ)။ ။

---

## နာမ်ကို ရှာတွေ့ပုံ။

(က) ထို အရသာသဘောကို သိသောစိတ်သဘောကို ထင်မြင်လိုသော ယောဂီ ရှင်သည် ဘယ်ကာလ၌ ဖြစ်သော အာရုံကို ရှေးဦးစွာ အာရုံပြုရပါသနည်း။ (မေး)

(ခ) ယခု စားဆဲခဏ ဇိဝှါဝိညာဉ်စိတ်သဘော၏ အာရုံဖြစ်သော ပစ္စုပ္ပန် အရသာ သဘောကိုသာ ထင်အောင် ရှေးဦးစွာ အာရုံ ပြုရပါသည်။ ။ (ဖြေ)

(က) နမနဋ္ဌေန နာမံ။ ။ကျမ်းဂန်နှင့် အညီ စားဆဲ ခဏ ပစ္စုပ္ပန် ကာလ၌ဖြစ်သော အရသာသဘောအာရုံကို ရှေးရှု ညွတ်တတ်သော အနက်သဘောသတ္တိကြောင့် (နာမ်) မည်၏ဟု ဆိုသောကြောင့်, ဤ ဇိဝှါဝိညာဉ် စိတ်ဟူသော နာမ်တရားကို မြင်အပ်,ကြားအပ်,စမ်းသပ်၍ တွေ့အပ်ပါသလား။ ။ (မေး)

(ခ) ထို နာမ် တရားကို မမြင်အပ်, မကြားအပ် စမ်းသပ်၍လည်း မတွေ့အပ်ပါ။ ။ (ဖြေ)

(က) ထိုသို့ပင် မတွေ့အပ် သော်လည်း လွန်စွာ သိမ်မွေ့ ခက်ခဲလှသည်ဟု စိတ်မလျော့ရဘဲ (အဒေးရှိရာ-အပူလာ)ဆိုသကဲ့သို့ အဒေးနှင့်တူသော အရသာသဘောတွေ့ရှိသဖြင့် အပူနှင့် တူသော ဇိဝှါဝိညာဉ်

စိတ်သဘောကို တွေ့မြင် နိုင်ရန် ကျမ်းဂန်မှာ ဘယ်သို့ လာပါ သနည်း။ ။ (မေး)

(ခ) တသောဝံ ပရိဂ္ဂဟိတ ရူပဿ ဓွါရဝသေန အရူပဓမ္မာ ပါကဋာ ဟောန္တိ။ ။ဟုလာရှိပါသည်။ ။ (ဖြေ)

(ခ) (ဧဝံ)ဤသို့ ရုပ်ခတ်ကို။ အဖန်ဖန်အထပ်ထပ်။ရှုပွါးအပ်သည် ရှိသော်၊ (ပရိဂ္ဂဟိတရူပဿ) ရုပ် ခတ်ကို သိမ်းဆည်းအပ် ပြီးသော။ (တဿ)ထိုယောဂီရှင်အား။(ဓွါရဝသေန)မိမိဓွါရ၏အစွမ်းဖြင့်။ (အရူပ ဓမ္မာ) နာမ်တရားတို့သည်။(ပါကဋာ)လက်ပေါ်ဥသျှစ်။ တင်ပြလှစ်သို့။ ဆင်ကောင်အလား။ ပေါ်ထင်ရှားလာကုန်သည်။ (ဟောန္တိ)ဖြစ်ကုန်၏။ (အမိပ္ပါယ်လွယ်ပြီ)။ ။

(က) ဘယ်လို အခါကာလ၌ ဖဿပိဉာဉ် စိတ်သဘော ဟူသော နာမ်တရားရှိကြောင်းကို ကောင်းစွာပိုင်ပိုင် သိနိုင်ပါသနည်း။ ။(မေး)

(ခ) စားဆဲအခိုက်၌ ဖြစ်ပေါ်လာသော အရသာ သဘောများကို ထင်ရှားစွာ သိရသောကြောင့် ၎င်းကို သိတတ်သော ဖဿပိဉာဉ်စိတ် သဘောဟူသော နာမ်တရားတို့၏ ထင်ရှားစွာ ရှိကြောင်းကို ကောင်း စွာ ပိုင်ပိုင် ဉာဏ်ဖြင့် သိနိုင်ပါသည်။ ။ (ဖြေ)

**(အထူးတိုက်တွန်းချက်)။**

(၁) ရုပ်ကို ပိုင်းခြား သိအောင် ရှုပွါးကြပြီးလျှင် နာမ်ကို ပိုင်းခြားသိ ရန် အရေးကြီးလှပါ၍ ဤစာဘတ်ရင်းပင် စားလိုရာ တခုခုကို စား ကြည့်က ၎င်းကို သိသော စိတ်သဘော ထင်လာမည်ဖြစ်၍ အကြွေးမ ထားကြဘဲ စားကြည့်ကြစမ်းပါ။ ။

(က) ဤ အရသာသဘောကို သိသော ဖဿပိဉာဉ် စိတ်သဘော ကို ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ဘုတ္တံ ဘုတ္တတော ပဿတိ။ ။ဟူသော ပါဠိတော်နှင့် အညီ စားဆဲခဏ ထင်ရှားရှိသော ဖဿပိဉာဉ် စိတ်သဘောကို ထင်ရှားရှိ သည်, ထင်ရှားရှိသည်ဟု ရှုပွါးရပါသည်။ ။ (ဖြေ)

(စိတ်သဘောရှိပုံကိုရှုပါ)။

## ဇိဌါဝိညာဉ်စေတ် ပရမတ်ပညတ် ခွဲမှတ်ခဏ်း။

(က) စားဆဲခဏ ထင်ရှား ရှိသော ဇိဌါဝိညာဉ် စိတ်ကို (ပရမတ်, ပညတ်) ခွဲပြပါ။ ။ (မေး)

(ခ) စားဆဲခဏ၌ ဖြစ်ပေါ်လာသော အရသာသဘောကိုသိကာမျှ မတ္တဖြစ်သော သဘော သတ္တိသည်(ပရမတ်)စစ်စစ်ဖြစ်ပါသည်။ (ဖြေ) (သိမြင်ခဲ့၍)။

(ဂ) ဤသဘောမျှကိုပင် ဇိဌါဝိညာဉ်ဟူ၍ငင်း,စိတ်ဟူ၍ငင်း, နာမ်ဟူ၍ငင်း,ပရမတ်ဟူ၍ငင်း, သင်္ခါရဟူ၍ငင်း ခေါ်ဆိုရသော အမည်နာမ သည်ကား (ဝိဇ္ဇမာန) ပညတ်များ ဖြစ်ပါသည်။ ။(ကွဲခဲ့၍)။ ။(ဖြေ)

---

## ယခုစိတ်သဘော ယခုမှ အသစ်အသစ် ဖြစ်ပုံ။

(က) ယခုအရသာသဘောကို သိသော စိတ်သဘောသည် ဘယ် အခါ၌ ဖြစ်ပါသနည်း။ ။ (မေး)

(ခ) ယခု စားဆဲ အခိုက်၌သာ အသင်, အသစ် ဖြစ်,ဖြစ် လာပါ သည်။ ။ (ဖြေ)

(က) ယခု ဖြစ်သော စိတ်သဘောသည် ရှေးအတိတ်က ဖြစ်ဘူးပါ သလား။ ။ (မေး)

(ခ) ယခု ဖြစ်သော စိတ်သဘောသည် ရှေးအတိတ်က မဖြစ်ဘူး ပါ။ ။ (ဖြေ)

(က) သို့ ဖြစ်လျှင် ရှေးအတိတ်က အရသာ သဘောတွေကို သိ သောစိတ်သဘောများ ရှိဘူးကြသည် မဟုတ်ပါလား။ ။ (မေး)

(ခ) ထိုရှေးအတိတ်က စိတ်သဘောတို့မှာ ချုပ်ပျက်ကုန်ပြီးဖြစ်၍ ယခု စိတ်သဘောမှာ ယခုစားဆဲ ခဏမှ အသစ်,အသစ် ဖြစ်ပေါ်လာပါ သည်။ ။ (ဖြေ)

(က) ယခုစားဆဲခဏဖြစ်သော အရသာသိသော စိတ်သဘောတို့ ကို ယခုမှ အသစ်,အသစ် ဖြစ်,ဖြစ်နေသည်ဟု ထင်မြင်အောင် ရှုပွါးဘို့ ရာ ခက်ခဲပါသလား။ ။ (မေး)

(ခ) ကမ္မဋ္ဌာန်းဉာဏ်၌ နည်းလမ်းမှန်ကိုသိကမခက်ခဲလှပါ။ (ဖြေ)

## အရသာသဘော စိတ်သဘော ရောမရော ပြပုံ။

(က) ဤသို့မခက်ခဲပါလျှင် စားဆဲအခိုက်၌ အရသာသဘော စိတ်သဘောတို့ ရောနှော ကြပါသလား။ သို့မဟုတ် တပါးနှင့်တပါး ကြည်ကင်း၍ပင် ဖြစ်ကြပါသလား။ ။ (မေး)

(ဂ) ဤသို့ နည်းလမ်းမှန် ကျမ်းဂန်ကို သိက (အပိစ ခေါ ဘေဂိ ပဋိစ္စ သဒ္ဒေါဝိယ ရုပ် ပဋိစ္စ နာမံ ပဝတ္တတိ) အစရှိသော ပါဠိကိုထောက်ဆ၍ စားဆဲခဏ ဖြစ်ပေါ်ကြသော အနံ့ သဘော စိတ်သဘော တို့မှာ ရောနှော၍မဖြစ်၊ကြည်ကင်း၍လည်းမဖြစ်၊အရသာသဘောထဲမှာလည်း စိတ် သဘောမရှိ၊စိတ်သဘောထဲမှာလည်း အရသာ သဘောမရှိ၊ အတူတွဲလျက် သဘောတပါးစီတခြားစီ စွဲမှီ၍သာဖြစ်ကြပါသည်။(ဖြေ)

(အနက်မှာပေးခဲ့ပြီ)

---

## အမှန်သိသူ မသိသူ မတူပုံ။

(က) ဤသို့ ဝိပဿနာဘာဝနာ ဉာဏ်ကို အမှန်သိသူ မသိသူတို့မှာ ဘယ်လို ကွာခြားကြပါသနည်း။ ။ (မေး)

(ခ) အမှန်သိသူတို့မှာ စားဆဲ ခဏ၌ အရသာသဘောနှင့်၊၎င်းသဘော ကိုသိသော ဇိဝှါဝိညာဉ်စိတ်သဘော၊တို့ ယှဉ်တွဲလျက် အသစ်၊ အသစ် ဖြစ်၊ဖြစ်နေခြင်းမျှသာဟု ရှုပွါးသိမြင်သဖြင့်(သက္ကာယဒိဋ္ဌိ)တို့မှ ကင်းစင်ကြပါသည်။ ။(ထင်မြင်ခဲ့စွ)။ ။ (ဖြေ)

(ဂ) ဤသို့ အမှန် မသိသူတို့မှာ စားသောက်ဆဲ ခဏ၌ ငါသည် ထမင်း,ဟင်း,မုန့်, ခဲဘွယ်,ဘောဇဉ် စသည်တို့ကို စား၏ သောက်၏ဟု အထင်အမြင်မှားသော (သက္ကာယဒိဋ္ဌိ) များ ဖြစ်ကြပါသည်။ ။ (ဖြေ)

(တိုက်တွန်းချက်)။

အမှန်သိမြင် အမှား စင်သောကြောင့် အမှန် မြင်အောင် ရှုပွါးကြစမ်းပါ။ ။

---

## ကျမ်းလာသာသကေ ပေဒ်ပြချက်။

(က) ဤသို့သော ရင်ဝဏ္ဏနိရုး, ထိပ်ဦး မီးလောင်သော ယောကျ်ားကဲ့သို့ ရှုးလောင် ထင်မှား (သက္ကာယဒိဋ္ဌိ)များမှ ကင်းစေခြင်းအကျိုးငှါ

ရုပ်, နာမ်တို့၏ အသစ်,အသစ် ဖြစ်,ပျက် နေသည်ဟု ထင်မြင်အောင် ရှုပွါးနိုင်ရန် ကျမ်းဂန်အလာ ပေ်ပြပါ။ ။ (ဖြေ)

(ခ) ဣမေ ဓမ္မာ အနုပ္ပန္နပုဗ္ဗာ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာ နိရုဇ္ဈန္တိ။ နိစ္စနဝါဝ ဟုတွာ သင်္ခါရာ ဥပဋ္ဌဟန္တိ။ ။အစရှိသဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ မိန့်မှာတော်မူပါသည်။ ။ (ဖြေ)

(ခ) (ဣမေဓမ္မာ) ဤရုပ်,နာမ်သဘောတို့သည်။ (အနုပ္ပန္နပုဗ္ဗာ)ရှေးကမဖြစ်ကြဘူးကုန်ဘဲ။(ဥပ္ပဇ္ဇန္တိ) အကြောင်းအားလျော်စွာ။ဖြစ်ပေါ်လာကြကုန်၏။(ဥပ္ပန္နာစ) ဖြစ်ပြီးသော သဘောတို့သည်လည်း။(နိရုဇ္ဈန္တိ) ချုပ်ပျက်ကြလေကုန်၏။ (သင်္ခါရာ) အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာကြသော၊ ရုပ်, နာမ်ဓမ္မ၊ သင်္ခါရတို့သည်။ (နိစ္စနဝါဝ) အမြဲမပြတ်။ အထပ်ထပ်ဖြစ်ကြသော အသစ်,အသစ်တို့သည်သာလျှင် (ဟုတွာ)ဖြစ်ကြကုန်၍။(ဥပဋ္ဌဟန္တိ)ယောဂီ ဉာဏ်ဝမှာ။ ထင်မြင်လာကြကုန်၏။ ။

**(အထူးနှိုးဆော်ချက်)။**

ဤနည်းများ အတိုင်း ငြင်းရန် မနေကြဘဲ အမှန် မထင် ထင်အောင် ဉာဏ်ယှဉ်ကာ ရှုပွါးကြစမ်းပါ။ ။

---

## စိတ်တည် မှန်မြင် နိဗ္ဗာန်ဝင်ရပုံ။

(က) ဤသို့ စားဆဲခဏ အရသာသဘော, စိတ်သဘော ၂–ပါးပုံ အသစ်,အသစ် ဖြစ်, ဖြစ်နေပါတကားဟု စိတ်တည်စွာ ဟုတ်မှန်ရာကို သိမြင်သူအား အဘယ်အကျိုးများကို ရနိုင်ပါသနည်း။ ။ (မေး)

(ခ) သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ။ ။ယထာဘူတံ ဇာနံ ပဿံ အန္တကရော ဟောတိ။ ။အစရှိသဖြင့် ဘုရားဟောပေ်ပါဠိတော်နှင့်ညီစွာ နိဗ္ဗာန်တိုင်အောင်ပင် ရနိုင်ပါသည်။ ။ (ဖြေ)

(အနက်ပေးခဲ့ပြီ)။

**(အထူးမှာထားတိုက်တွန်းချက်)။**

(၁) ဤသို့ ပြအပ်ပြီးသော နည်းများအတိုင်းမဆိုင်းမတွ လက်တွေ့ဒိဋ္ဌ ဆွဲကိုင်ပြသလို ထင်မြင်ကြရအောင် အကြွေး မထားကြဘဲ ဤစာဘတ်ရင်းပင် မိမိတို့စားလိုရာတခုကို စားကြည့်ကြ၍ ၎င်းစားဆဲခဏ

အရသာ သဘော, အရသာကို သိသော ဇိဝှါဝိညာဉ် စိတ်သဘော ၂-ပါးရုံ အသစ်,အသစ် ဖြစ်,ဖြစ်နေမှုတို့အမှန် ထင်မြင်လာလိမ့်မည်။ ။

(၂) ဉာဏ်လေးသူများအတွက် အထပ်ထပ် ရေးပြရပါသည်။ ။

(၃) မထင်သေးလျှင် ပြပြီးသော ဥပမာများဖြင့် အထပ်ထပ် ရှုပွါးစမ်းပါလေ သူတော်တွေတို့။ ။

ဤတွင် ဇိဝှါဝိညာဉ် အဖြစ်သက်သက် ပြခဏ်းပြီးပြီ။

# ကာယဝိညာဉ်အဖြစ်သက်သက်ပြခဏ်း။

(ပဉ္စမဝိညာဉ်)

(၁) ဤသို့ ဇိဝှါဝိညာဉ် စိတ်သဘော၏ အဖြစ်သက်သက်ကို ရေးပြပြီး၍ ယခုအခါ၌အတွေ့သဘောမျှကို သိတတ်သော ကာယဝိညာဉ် စိတ်သဘော၏ အဖြစ်သက်သက်ကို ရေးသားပြဆိုပေအံ့။ ။

## ကာယဝိညာဉ် စိတ်သဘောအဖြစ် မေးဖြေပုံ။

(က) တွေ့တိုင်း,တွေ့တိုင်းသော(အတွေ့) သဘောတို့မှာ (ဩဠာရိက)ရုပ်ဖြစ်၍ ရှုပွါးရန် ထင်ရှားသိသာ လွယ်ကူပါသော်လည်း ၎င်း အတွေ့ သဘောကို သိတတ်သော ကာယဝိညာဉ် စိတ်သဘောမှာ လွန်စွာ သိမ်မွေ့ သိခက် သောကြောင့် လွယ်ကူစွာ သိမြင်နိုင် ဘို့ရာ ထင်ရှားရှိသော အတွေ့အာရုံတခုခုကို ဖူးစိုက်စွာ လက်ဖြင့်ဖိညှပ်,စမ်းသပ် ထားစမ်းပါ။ ဘာကို တွေ့ပါသနည်း။ ။ (မေး)

(ခ) ယခုလို ကိုင်တွယ် ဖိညှပ် စမ်းသပ်ဆဲ ခဏမှာ အတွေ့သဘောမျှကိုသာ တွေ့ပါသည်။ ။ (ဖြေ)

## (အထူးသတိပေးချက်)။

(၁) ဤအတွေ့သဘော၌ စိတ်တည်အောင် သတိထားကြပါ။ ။

## နာမ်ကိုရှာဖွေပုံ။

(က) ထို အတွေ့သဘောကို သိသော စိတ်သဘောကို ထင်မြင်လို

သော ယောဂီပုဂ္ဂိုလ်သည် ဘယ်ကာလ၌ဖြစ်သောအာရုံကို ရှေးဦးစွာ အာရုံပြုရပါသနည်း။ ။ (မေး)

(ခ) ယခု တွေ့ဆဲခဏ ကာယဝိညာဉ် စိတ်သဘော၏ အာရုံဖြစ်သော ပစ္စုပ္ပန် အတွေ့သဘောကိုသာ ထင်ရှားအောင် ရှေးဦးစွာ အာရုံပြုရပါသည်။ ။ (ဖြေ)

(က) အာရမ္မဏာဘိမုခတော နမနဋ္ဌေန နာမံ။ ။တာနိစ ပစ္စုပ္ပန္နာနိယေဝ။ ။ဟူသော ကျမ်းဂန်နှင့်အညီ ပစ္စုပ္ပန် ဖြစ်ဆဲသော အတွေ့သဘောအာရုံသို့ ရှေးရှုညွတ်တတ် သောကြောင့် နာမ်မည်၏ဟု မိန့်ဆိုရာ ကာယဝိညာဉ်စိတ် သဘော ဟူသော နာမ်တရားကို မြင်အပ်, ကြားအပ်,စမ်းသပ်၍ တွေ့အပ်ပါသလား။ ။ (မေး)

(ခ) ထို နာမ်တရားကို မမြင်အပ်, မကြားအပ်, စမ်းသပ်၍လည်း မတွေ့အပ်ပါ။ ။ (ဖြေ)

(က) ထိုသို့ပင် မတွေ့အပ် သော်လည်း လွန်စွာသိမ်မွေ့ ခက်ခဲ ဌာ သည်ဟု နောက်ဆုဘ်ကာမနေကြဘဲ (နို့ထိန်းရှိရာ–သူငယ်လာ)ဆိုသကဲ့သို့။နို့ထိမ်းနှင့်တူသော အတွေ့သဘောကို တွေ့ရှိသဖြင့် သူငယ်နှင့်တူသောကာယဝိညာဉ် စိတ်သဘောကို တွေ့မြင်နိုင်ရန် ကျမ်းဂန်မှာ ဘယ်လိုလာပါသနည်း။ ။ (မေး)

(ခ) တသောဝံ ပရိဂ္ဂဟိတ ရူပဿ ဒွါရဝသေန အရူပဓမ္မာ ပါကဋာ ဟောန္တိ။ ။ဟုလာပါသည်။ ။ (ဖြေ)

(ခ) (ဧဝံ)ဤလိုအတွေ့သဘော ရုပ်ဓာတ်ကို။အဖန်ဖန် အထပ်ထပ်။ ရှုပွါးအပ်သည်ရှိသော်။ (ပရိဂ္ဂဟိတရူပဿ)ရုပ်ဓာတ်ကို သိမ်းဆည်းအပ်ပြီးသော၊ (တဿ) ထိုယောဂီမြတ်အား။(ဒွါရဝသေန)မိမိဒွါရ၏အစွမ်းဖြင့်။ (အရူပဓမ္မာ) နာမ်တရားတို့သည်။ (ပါကဋာ) လက်ပေါ်တင်ထား။ပတ္တမြားကဲ့သို့။ ပေါ်လွင်ထင်ရှားကုန်သည်။ (ဟောန္တိ) ဖြစ်ကုန်၏။ ။(အဓိပ္ပါယ်သိလွယ်ပြီ)။ ။

(က) ဤလို ထင်ရှားပါလျှင် ဘယ်လိုကာလ၌ ကာယဝိညာဉ်စိတ်သဘော ဟူသော နာမ်တရား ရှိကြောင်းကို ကောင်းစွာပိုင်ပိုင် သိမြင်နိုင်ပါသနည်း။ ။ (မေး)

(ခ) တွေ့ဆဲ အခိုက်၌ ဖြစ်ပေါ်လာသော အတွေ့ သဘောများကို ထင်ရှားစွာသိရသောကြောင့်, ၎င်းကိုသိသောကာယဝိညာဉ် စိတ်သ

ဘောဟူသော နာမ်တရား၏ ထင်ရှားစွာရှိကြောင်းကို ကောင်းစွာပိုင်
ပိုင် ဉာဏ်ဖြင့် သိမြင်နိုင်ပါသည်။ ။ (ဖြေ)

(က) ဤ အတွေ့သဘောကိုသိသော ကာယဝိညာဉ် စိတ်သဘော
ကို ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ဘူတံ ဘူတတော ပဿတိ။ ။ဟူသော ဘုရားဟောဖော်
ပါဠိတော်အရ တွေ့ဆဲခဏ ထင်ရှားရှိသော ကာယဝိညာဉ် စိတ်သ
ဘောကို ထင်ရှားရှိသည်,ထင်ရှားရှိသည်ဟု ရှုပွါးရပါသည်။ ။(ဖြေ)

(စိတ်သဘောရှိပုံကို မြင်ပါစေ)။

## ကာယဝိညာဉ် ပရမတ်ပညတ် ခွဲမှတ်ခဏ်း။

(က) တွေ့ဆဲခဏ ထင်ရှားရှိသော ကာယဝိညာဉ် စိတ်ကို (ပရ
မတ်,ပညတ်)ခွဲပြပါ။ ။ (မေး)

(ခ) တွေ့ဆဲခဏ အတွေ့သဘောကို သိကာမျှဖြစ်သော သဘော
သည် (ပရမတ်)စစ်စစ် ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ဤသဘောမျှကိုပင် ကာယဝိညာဉ် ဟူ၍၎င်း, စိတ်ဟူ၍၎င်း,
နာမ်ဟူ၍၎င်း, ပရမတ်ဟူ၍၎င်း, သင်္ခါရဟူ၍၎င်း ခေါ်ဆိုရသော အ
မည်နာမသည်ကား (ဝိဇ္ဇမာန) ပညတ်များဖြစ်ပါသည်။ ။ (ဖြေ)

## ပရမတ် ပညတ် ဆောင်ပုဒ်ကဗျာ။

(၁) ထင်ရှားရှိသော၊စိတ်သဘော။မှတ်လော(ပရမတ်)သာ။ ။
(၂) ကာယဝိညာဉ်၊စိတ်နာမ်ထင်၊ခေါ်တွင်ပညတ်သာ။(ဝိဇ္ဇမာန)။
(၃) အထီး,အမ။တုန်း,တိုင်စ၊အဝိဇ္ဇမာနသာ။(အဝိဇ္ဇမာနပညတ်)။

## ယခုစိတ်သဘော ယခုမှ အသစ်အသစ်ဖြစ်ပုံ။

(က) ယခု အတွေ့သဘောကို သိသော စိတ်သဘောသည် ဘယ်
အခါ၌ ဖြစ်ပါသနည်း။ ။ (မေး)

(ခ) ယခု တွေ့ထိဆဲ ခဏ၌သာ အသစ်, အသစ် ဖြစ်,ဖြစ် လာပါ
သည်။ ။ (ဖြေ)

(က) ယခုတွေ့ဆဲခဏ ဖြစ်သော စိတ်သဘောသည် ရှေးအတိတ်က ဖြစ်ဘူးပါသလား။ ။ (မေး)

(ခ) ယခုတွေ့ဆဲခဏ ဖြစ်သော စိတ်သဘောသည် ရှေးအတိတ်က မဖြစ်ဘူးပါ။ ။ (ဖြေ)

(က) ဤလိုဆိုလျှင် ရှေးအတိတ်က အတွေ့သဘောတို့ကိုသိသော စိတ်သဘောတို့သည် ရှိဘူးကုန်သည် မဟုတ်ပါလား။ ။ (မေး)

(ခ) ရှေးအတိတ်က အတွေ့သဘောတို့ကို သိသော စိတ်သဘောတို့သည် ရှေးအတိတ်ကပင် ဖြစ်ပြီးလျှင် ခဏခြင်း ချုပ်,ပျက်ကုန်ပြီး၍။ ထိုစိတ်တို့နှင့်တူစွာ ယခုတွေ့ဆဲအခိုက်မှာ အသစ်,အသစ် ဖြစ်ပေါ်,ဖြစ်ပေါ် လာကြ သောကြောင့်သာ ရှေးက စိတ်တွေဘဲဟု ထင်သည့် အတိုင်း မဟုတ်။ ယခု တွေ့ဆဲခဏမှသာ အသစ်,အသစ် ဖြစ်,ဖြစ် လာပါသည်။ ။ (ဖြေ)

**(အထူးတိုက်တွန်းချက်)။**

ဤလို နည်းလမ်းမှန်ကို ရရှိက အမိဝမ်းတွင်းက ပါလာသောစိတ်တို့ဟု မထင်အောင် ယခုမှ အသစ်,အသစ် ဖြစ်ပုံကို မြင်အောင် အားထုတ်ကြစမ်းပါ။ ။

---

## အတွေ့သဘော စိတ်သဘော ရော မရောပြပုံ။

(က) ယခုလို တွေ့ဆဲ အခိုက်၌ အတွေ့သဘော, စိတ်သဘောတို့ ရောနှောကြပါသလား။ သို့မဟုတ် အချင်းချင်း ကြည်ကင်း၍ပင် ဖြစ်ကြပါသလား။ ။ (မေး)

(ခ) အဝိစ ခေါ် ဘေရိ ပဋိဃ သဒ္ဒေါဝိယ ရူပံ ပဋိဃ နာမံ ပဝတ္တတိ။ ။အစရှိသော ကျမ်းဂန်အရ တွေ့ဆဲ ခဏ ဖြစ်ကြသော အတွေ့သဘော,စိတ်သဘောတို့မှာ ရောနှော၍လည်းမဖြစ်။ကြည်ကင်း၍လည်း မဖြစ်။ အတွေ့သဘောထဲမှာလည်း စိတ်သဘောမရှိ။ စိတ်သဘော ထဲမှာလည်း အတွေ့သဘောမရှိ။ အတူတွဲလျက် သဘော တပါး,တခြားစီ စွဲမှီ၍သာဖြစ်ကြပါသည်။ ။ (ဖြေ)

## ရုပ်နာမ်နှစ်ဝတို့၏ အသစ်အသစ် ဖြစ်ပုံ သာဓကပြပုံ။

(က) ဤသို့ အချင်းချင်း စွဲမှီ၍ ဖြစ်ကြသောရုပ်,နာမ်ဓမ္မတို့၏ အသစ်, အသစ် ဖြစ်ကြပုံ ကျမ်းလာသာဓက ပော်ပြပါ။ ။ (မေး)

(ခ) ရူပမေ ဓမ္မာ အနုပ္ပန္န ပဇ္ဇာ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာ နိရုဇ္ဈန္တိ။ နိစ္စနဝါဝ ဟုတွာ သင်္ခါရာ ဥပဋ္ဌဟန္တိ။ ။အစရှိသဖြင့် အဋ္ဌကထာ ဆရာ မိန့် မှာတော်မူပါသည်။ ။ (ဖြေ)

(အနက်မှာနောက်ကပေးခဲ့ပြီးပြီ)။

(အထူးအားပေးချက်)။

ဤလို အတွေ့ သဘောနှင့်, အတွေ့ သိသော စိတ်သဘော ၂-ပါး ရုံ ယှဉ်တွဲကာ အသစ်, အသစ် ဖြစ်, ဖြစ်နေပုံကို မြင်အောင် ရှုပွါးကြ စမ်းပါ။ ။

---

## အမှန်မြင်သူ မမြင်သူ မတူပုံ။

(က) ဤလို ဝိပဿနာ ဘာဝနာဉာဏ်ကို အမှန်မြင်သူ,မမြင်သူတို့ မှာ ဘယ်လိုမတူကွဲပြား ခြားနားကြပါသနည်း။ ။ (မေး)

(ခ) အမှန် မြင်သူတို့မှာ တွေ့ဆဲ ခဏ အတွေ့သဘောနှင့်, ၎င်းသ ဘောကို သိသောကာယဝိညာဉ် စိတ်သဘော,တို့ ယှဉ်တွဲလျက် ယခု မှ အသစ်, အသစ် ဖြစ်, ဖြစ်နေခြင်းမျှသာ ပါတကားဟု ဉာဏ်ဖြင့် ရှု ပွါး ထင်မြင်ခြင်းကြောင့် (သက္ကာယဒိဋ္ဌိ) အမှားတို့မှ ကင်းစင် ကြပါ သည်။ ။ (ဖြေ)

(ဂ) ဤလို အမှန် မမြင်သူတို့ကား တွေ့ဆဲ ခဏ၌ ငါသည် ကိုယ် အင်္ဂါကြီး,ငယ်အသွယ်သွယ်တွေကို တွေ့သည်။ အဝတ်,အစား,တုန်း, တိုင်များကို တွေ့သည်။ ငါသည် ပထဝီ, တေဇော, ဝါယောကို တွေ့ သည်စသဖြင့် အထင်မှား,အမြင်မှား (သက္ကာယဒိဋ္ဌိ) ချွးဖြစ်ပွါးကြပါ သည်။ ။ (ဖြေ)

## အမှန်သိမြင် နိဗ္ဗာန်ဝင်ပုံ။

(က) ဤလို(ဝိပဿနာဘာဝနာမယ)ဉာဏ်ကို ရသူတို့မှာအဘယ်မျှလောက် အကျိုးရှိပါသနည်း။ ။ (မေး)

(ခ) ယထာဘူတံ ဇာနံ ပဿံ အနုက္ကမေ ဟောတိ။ ။အစရှိသောဘုရားဟောသာဓကေ ပါဠိတော်ကို ထောက်ဆလျှင် ဤလို(ဘာဝနာမယ)ဉာဏ်ကို ပိုင်နိုင်စွာရ၍ အမှန်သိမြင်သူတို့မှာ နိဗ္ဗာန်တိုင် ရနိုင်ခြင်းအကျိုးရှိပါသည်။ ။(အမှန်ရအောင် ကြိုးစားကြပါ)။ ။ (ဖြေ)

## အမှန်မြင်ရင်း နှလုံးသွင်း။

(က) ဤလို ဟုတ်မှန်သော ရုပ်, နာမ်တို့ကို သိမြင်ခြင်းသည် အဘယ်တရားလျှင် အကြောင်းရင်း ဖြစ်ပါသနည်း။ ။ (မေး)

(ခ) ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ၊ဥပ္ပန္နာစ အကုသလာဓမ္မာ ပရိဟာယန္တိ။ ။အစရှိသော ဘုရားဟော ဒေသနာတော် မြတ်နှင့်အညီ သင့်တင့်စွာ နှလုံးသွင်းခြင်းဟူသော (ယောနိသောမနသိကာရ)လျှင် အကြောင်းရင်းဖြစ်ပါသည်။ ။ (ဖြေ)

(ခ) (ဘိက္ခဝေ) ချစ်သား, ချစ်သမီးတို့။ (ယောနိသော) ရုပ်, နာမ် ၂–ပါး၌။အသင့်အတင့်အားဖြင့် (မနသိကရောတော)အမှန်မြင်အောင် နှလုံး သွင်းတတ်သော ယောဂီမြတ်အား။ (အနုပ္ပန္နာ) တရံတဆစ်မျှ။မဖြစ်ပေါ်ဘူးသေးကုန်သော။ (ဝါ) ဇိပ်မက်ထဲမျှ။မမြင်မက်ဘူးသေးကုန်သော။ (ကုသလာဓမ္မာစေဝ) မဂ်ကုသိုလ် တရားတို့သည် သာလျှင်။ (ဥပ္ပဇ္ဇန္တိ) လမ်းမှန်ကိုကျင့် သိသဖြင့်။ ဖြစ်ပေါ်လာကြကုန်၏။ (ဥပ္ပန္နာ) ဖြစ်ပေါ် ခဲ့ကုန်ပြီးသော။(အကုသလာဓမ္မာစ) ဆိုင်ရာဆိုင်ရာ။ ပယ်ရှားအပ်သော အကုသိုလ်တရားများ တို့သည်လည်း။ (ပရိဟာယန္တိ) နေရောင်ရောက်က။မှောင်ပျောက်ရသို့။ဆုတ်ယုတ်ကြပေကုန်၏။ ။

(အထူးသတိပေးချက်)။

ဤအနက်အဓိပ္ပါယ်များကို သေချာစွာ ကြည့်ရှုတော်မူကြပါလေ သူတော်ကောင်းတွေတို့။ ။

(အထူးမှတ်ချက်)။

(၁) ဤ ကုသိုလ်အတို့ ဘက်၌ ဟောတော်မူသလို အကုသိုလ် အတို့ဘက်၌လည်း ရုပ်, နာမ်ဓမ္မတို့ကို မသင့်မတင့် နှလုံးသွင်းသော သူများအား မဖြစ်သေးသော အကုသိုလ်တရားများလည်း ဖြစ်ပွါးကြကုန်၏။ ဖြစ်ပြီးသောကုသိုလ်တရားများလည်း ဆုတ်ယုတ်ပျက်ပြားကြကုန်၏ဟု မှတ်ယူကြပါလေ။ ။

(အထူးမှာထား တောင်းပန်ချက်)။

(၁) ဤလို အဖြစ်သက်သက်ကိုသာ ပြပါသော်လည်း ဥာဏ်ကြီးသူတို့မှာကား အပျက်တရားများကိုပါ ရှုပွါးကြပါလေ။ ။

(၂) ဤအကျဉ်း အဖွင့်မျှဖြင့် မသိမထင် မမြင်ကြ ပါသေးလျှင် နောက်ကပြခဲ့ပြီးသော နည်းများကို အစဉ်မှီးသဖြင့်၎င်း,သိပြီးသူများကို မေးမြန်းလျှောက်ထားသဖြင့်၎င်း,မှတ်ယူကြပွါးကြပါလေ။ ။

(၃) အချို့နေရာ၌ အထပ်ထပ်ရေးပြရခြင်းမှာ အလက်ာနည်းများကို သိပါသော်လည်း လူပြိန်းများအတွက် ရေးပြရခြင်းဖြစ်ပါသည်။ ။

(၄) ဤလို ရေးသား ပြဆိုမှုတို့၌ အဖြစ် မရှုကြဘဲ အဆိ အနှစ်ရများကိုသာ မှတ်ယူရှုပွါးကြစေလိုကြောင်း တောင်းပန်အပ်ပါသည် သူတော်ပဏ္ဍိတ်တွေတို့။ ။

ဤတွင် ကာယဝိညာဉ် အဖြစ်သက်သက် ပြခဏ်းပြီးပြီ။

## စက္ခုဝိညာဉ်အဖြစ်သက်သက်ပြခဏ်း။

### ပဋိညာဉ်။

(၁) ဤသို့ ကာယ ဝိညာဉ် ဓိတ်သဘော၏ အဖြစ် သက်သက် ကို ရေးပြပြီး၍ ယခုအခါ၌ အဆင်း သဘောမျှကို သိတတ်သော စက္ခုဝိညာဉ် ဓိတ်သဘော၏ အဖြစ်သက်သက်ကို ရေးသားပြဆိုပေအံ့။ ။

စက္ခုဝိညာဉ် စိတ်သဘောအဖြစ် မေးဖြေပုံ။

(က) မြင်တိုင်း, မြင်တိုင်းသော အဆင်း သဘောတို့မှာ (ဩဠာရိက) ရုပ်ဖြစ်၍ ရှုပွါးရန် ထင်ရှားသိသာလွယ်ကူပါသော်လည်း။ ထိုအ

ဆင်းသဘောကို သိတတ်သော စက္ခုဝိညာဉ် စိတ်သဘောမှာ လွန်စွာ သိမ်မွေ့ သိခက်လှသောကြောင့် လွယ်ကူစွာ သိမြင်နိုင်ရန် ထင်ရှားရှိသော အဆင်းအာရုံတခုခုကို ရှုးမိုက်စွာ မျက်စိဖြင့် ကြည့်စမ်းပါ။ဘာကိုမြင်တွေ့ပါသနည်း။ ။ (မေး)

(ခ) ယခုလို ကြည့်ဆဲ အခိုက်မှာ အဆင်းသဘောကို မြင်တွေ့ပါသည်။ ။ (ဖြေ)

(အထူးသတိပေးချက်)။

စိတ်တည်မှ အမှန်သဘောမြင်ရမည်ဖြစ်၍ အာရုံတပါးစိတ်မသွားကြစေဘဲ ယခုအဆင်းသဘော၌ စိတ်တည်စွာထားပါ။ ။

---

နာမ်ကို ရှာတွေ့ပုံ။

(က) ထို အဆင်းသဘောကို သိသော စိတ်သဘောကို တွေ့မြင်လိုသော ယောဂါဝစရ ပုဂ္ဂိုလ်သည် ဘယ်ကာလ၌ ဖြစ်သော အာရုံကို ရှေးဦးစွာ အာရုံပြုရပါသနည်း။ ။ (မေး)

(ခ) ယခု မြင်ဆဲခဏ စက္ခုဝိညာဉ် စိတ်သဘော၏အာရုံဖြစ်သော ပစ္စုပ္ပန် အဆင်းသဘောကိုသာ ထင်ရှားအောင် သတိဆောင်ကာ ရှေးဦးစွာ အာရုံပြုရပါသည်။ ။ (ဖြေ)

(က) အာရမ္မဏာဘိ မုခတော နမနဋ္ဌေန နာမံ။ ။တာနိစ ပစ္စုပ္ပန္နာနိ ယေဝ။ ။ဟူသော ကျမ်းဂန်နှင့် ညီစွာ ပစ္စုပ္ပန်ဖြစ်ဆဲသော အာရုံသို့ ရှေးရှုညွတ်ဘတ်, ကိုင်းတတ်, ရှိုင်းတတ်သောကြောင့် နာမ် မည်၏ဟု မိန့်ဆိုရာ စက္ခုဝိညာဉ် စိတ်သဘောဟူသော နာမ် တရားကို မြင်အပ်, ကြားအပ်, စမ်းသပ်၍ တွေ့အပ်ပါသလား။ ။ (မေး)

(ခ) ထို နာမ်တရားကို မမြင်အပ်, မကြားအပ်, စမ်းသပ်၍လည်း မတွေ့အပ်ပါ။ ။ (ဖြေ)

(အထူးအားပေးချက်)။

ဤနာမ်ကို အမြင်ခဲသည်ဟု စိတ်မပျက်ကြပါနှင့်။

(က) ဤသို့ စမ်းသပ်မှု တို့ဖြင့် မတွေ့အပ်ပါလျှင် အဘယ်သို့ တွေ့အောင် ရှာရပါသနည်း။ ။ (မေး)

(ခ) ဤသို့ မြင်ဆဲခဏ ဤအဆင်း သဘောသည် ဤလို နေပါတကားဟုသိသော စက္ခုဝိညာဉ် စိတ်သဘောကို မိမိ၏ဉာဏ်၌ ထင်မြင်သည့်ကိုပင် တွေ့သည်ဟု ခေါ်ဆိုရပါသည်။ ။ (ဖြေ)

**(အထူးသတိပေးတိုက်တွန်းချက်)။**

(၁) မိမိ၏ မျက်တောင်ခွန်းမှစ၍ ရှိရှိသမျှသော အဆင်းသဘောတို့ကို အဖြူ, အနီ, အဝါ စသည်ဖြင့် မရှုမှတ်ဘဲ မြင်သောအတိုင်းသာ အဆင်းဟု သိရုံမျှသဘောကို ထင်မြင်အောင် ရှုပွါးစမ်းပါ။လက်တွေ့ဒိဋ္ဌ ဆွဲကိုင်ပြသလို သဘောကျလာပါလိမ့်မည်။ ။

---

ရုပ်ကိုမြင်က နာမ် မြင်ရပုံ။

(က) ထို ဖြေရှာနည်း (ဥပမာ)လို ရုပ်ကိုမြင်က နာမ်ကို ဘယ်လိုမြင်ရပါသနည်း။ ။ (မေး)

(ခ) မြင်ဆဲအခိုက်၌ ဖြစ်ပေါ်လာသော အဆင်းသဘော ရုပ်ကို သိမြင်ရ သောကြောင့်, ၎င်းအဆင်း သဘော အာရုံကိုသိသော ပြုသော စက္ခုဝိညာဉ် စိတ်သဘောဟူသော နာမ်တရား ထင်ရှားရှိကြောင်းကို ကောင်းစွာဉာဏ်မိုင် အလိုလိုပင် သိမြင်နိုင်ပါသည်။ ။ (ဖြေ)

ထို့ကြောင့်။

(ဂ) တထာ တထာ တဒါရမ္မဏာ အရူပဓမ္မာ သယမေဝ ပါကဋာ ဟောန္တိ။ ။ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ မိန့်မှာတော် မူပါသည်။ ။ (ဖြေ)

(ဂ) (တထာ တထာ) ရုပ်ကိုသိမ်းဆည်းပြီးသော။ ထိုထိုသို့သော အခြင်းအရာအားဖြင့် (တဒါရမ္မဏာ) ထိုအဆင်းသဘောစသော။ ရုပ်တရားလျှင်အာရုံရှိကုန်သော။(ဝါ)ရုပ်ကိုအာရုံပြုကုန်သော။(အရူပဓမ္မာ) နာမ်တရား တို့သည်။ (ဝါ) အဆင်းသဘောကို သိတတ်သော စက္ခုဝိညာဉ်စသော။ နာမ်တရားတို့သည်။ (သယမေဝ) အလိုလိုသာလျှင်။ (ပါကဋာ)ပေါ်လွင် ထင်ရှားလာကုန်သည်။(ဟောန္တိ)ဖြစ်ကုန်၏။ ။

(က) ဤသို့နာမ်တရား ပေါ်လွင်ထင်ရှားပါလျှင် အဆင်းသဘောကို သိသောစက္ခုဝိညာဉ်စိတ်သဘောကိုဘယ်လိုရှုပွါးရပါသနည်း။(မေး)

(ခ) ဘူတံ ဘူတတော ပဿတိ။ ။ဟူသည်နှင့် အညီ ယခုမြင် ဆဲခဏထင်ရှားရှိသော စက္ခုဝိညာဉ်စိတ်သဘောကို ထင်ရှားရှိသည့်, ထင်ရှားရှိသည်ဟု ရှုပွါးရပါသည်။ ။ (ဖြေ)

(စိတ်သဘော မြင်အောင်ပွါး)။

## စက္ခုဝိညာဉ်ခဓတ် ပရမတ်ပညတ် ခွဲပြခဏ်း။

(က) ယခုမြင်ဆဲခဏ ထင်ရှားရှိသော စက္ခုဝိညာဉ်ဓာတ်ကို(ပရမတ်,ပညတ်) ခွဲပြပါ။ ။ (မေး)

(ခ) ယခုမြင်ဆဲခဏ အဆင်းသဘောကို သိကာမျှ ဖြစ်သော သဘောသတ္တိမျှသည် (ပရမတ်)စစ်စစ် ဖြစ်ပါသည်။ ။(မြင်ခဲ့စွ)။(ဖြေ)

(ဂ) ဤသဘောသတ္တိမျှကိုပင် စက္ခုဝိညာဉ် ဟူ၍ငှင်း, စိတ်ဟူ၍ ငှင်း, နာမ်ဟူ၍ငှင်း, ပရမတ်ဟူ၍ငှင်း,သင်္ခါရဟူ၍ငှင်း ခေါ်ဆိုရသော အမည်နာမသည်ကား (ဝိဇ္ဇမာန) ပညတ်များ ဖြစ်ပါသည်။ ။ (ဖြေ)

## ပရမတ် ပညတ် ဆောင်ပုဒ်ကဗျာ။

(၁) ထင်ရှားရှိသော။စိတ်သဘော။မှတ်လော(ပရမတ်)။ ။
(၂) စက္ခုဝိညာဉ်။စိတ်နာမ်ထင်။ခေါ်တွင်မည်(ပညတ်)။ ။
(၃) ယောက်ျား,မိန်းမ။တုန်း,တိုင်စ။ခေါ်ကြထပ်(ပညတ်)။ ။
(၄) နိုက်ယူရရာ။မည်သညာ။(ဝိဇ္ဇမာ)ဟုမှတ်။ ။
(၅) ထုတ်နှုတ်မရ။မည်နာမ။(အဝိဇ္ဇမာန)မှတ်။ ။
(၆) ပရမတ်,ပညတ်။ခွဲသိတတ်။ရုပ်ဓာတ်,နာမ်ဓာတ်မြင်။ ။
(၇) ရုပ်,နာမ် မြင်မှ။ဖြစ်,ပျက်စ။မြင်က(ဒိဋ္ဌိ)စင်။ ။
(၈) အမှားစင်မှ။မဂ်,ဖိုလ်ရ။သိကြ များလှ,ရှင်။ ။

## ယခုစိတ်သဘော ယခုမှ အသစ်အသစ်ဖြစ်ပုံ။

(က) ယခု ထင်ရှားရှိသော အဆင်းသဘောမျှကို သိသော စက္ခုဝိညာဉ် စိတ်သဘောသည် ဘယ်အခါကာလန္ဒဖြစ်ပါသနည်း။ ။(မေး)

(ခ) ယခု မြင်ဆဲခဏ၌သာ အသစ်, အသစ် ဖြစ်ပေါ်,ဖြစ်ပေါ် လာပါသည်။ ။ (ဖြေ)

(က) ယခု မြင်ဆဲခဏ ဖြစ်သော စိတ်သဘောသည် ရှေးအတိတ်က ဖြစ်ဘူးပါသလား။ ။ (မေး)

(ခ) ယခု မြင်ဆဲခဏ ဖြစ်သော စိတ်သဘောသည် ရှေးအတိတ်က မဖြစ်ဘူးပါ။ ။ (ဖြေ)

(က) ဤလိုဆိုလျှင် ရှေးအတိတ်က အဆင်း သဘောတွေကို သိသော စိတ်သဘောတို့ ရှိဘူးကုန်သည် မဟုတ်ပါလော။ ။ (မေး)

(ခ) ထို ရှေးအတိတ်က ဖြစ်ဘူး ကြသော စိတ်သဘော တို့သည် ဖြစ်ပြီးလျှင် ခဏချင်း ချုပ်,ပျက် ကုန်ပြီး၍၊ ထိုစိတ်သဘောတို့နှင့် တခြား ယခုမြင်ဆဲ ခဏမှာသာ အသစ်, အသစ် ဖြစ်ပေါ်, ဖြစ်ပေါ် လာပါသည်။ ။(ထင်မြင်အောင်ပွါးများပါ)။ ။ (ဖြေ)

(အထူးမှတ်ချက်)။

ဤလို မြင်လျှင် အမိဝမ်းတွင်းက စိတ်စသည်တို့ မဟုတ်ကြောင်း ထင်ရှားလှပေသည်။ ။

## ထို့ကြောင့်။

(ဂ) ဓာတံ ဝိညာဏံ ပစ္စုပ္ပန္နံ။ တသာ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။ ဝိပရိဏာမလက္ခဏံ ဝယော။ ။

(ဃ) ဣမေ ခေမ္မာ အနုပ္ပန္နပုဗ္ဗာ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာ နိရုဇ္ဈန္တိ။ နိစ္စနဝါဝ ဟုတ္ဝာ သင်္ခါရာ ဥပဋ္ဌဟန္တိ။ ။ဟုဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ မိန့်မှာတော်မူပါသည်။ ။ (ဖြေ)

(အနက်တို့မှာ ပေးခဲ့ပြီးပြီ)။

---

## အဆင်းသဘော စိတ်သဘော ရော မရောပြပုံ။

(က) ယခုလို မြင်ဆဲ အခိုက်၌ အဆင်းသဘော စိတ်သဘောတို့ ရောကြပါသလား။ သို့မဟုတ် အချင်းချင်း ကြည့်ကင်း၍ပင် ဖြစ်ကြပါသလား။ ။ (မေး)

(ခ) နမနလက္ခဏံ နာမံ။ ။ရုပ္ပနလက္ခဏံ ရူပံ။ ။

(ဂ) နာမရူပံ အညမညံ့ နိဿာယ ပဝတ္တတိ။ ။
(ဃ) အညံ့ ရူပံ အညံ့နာမံ နာမရူပါ အသမ္ဗိဿာ။
နာမံ ရူပေန သုညံ၊ရူပံ နာမေန သုညံ။ ။

ကျမ်းဂန် ပါဠိ လာရှိသည်ကို ထောက်ဆ၍ အဆင်း သဘောနှင့် စိတ်သဘောတို့ ၂-ပါးရုံယှဉ်တွဲ၍ဖြစ်သော်လည်း မရောနှောကြောင်း၊ ကြည့်ကင်း၍လည်း မဖြစ်ကြောင်း ကောင်းစွာ ထင်ထင် ဉာဏ်ဖြင့် သိမြင်ရပါသည်။ ။ (ဖြေ)

(ခ) (နာမံ) နာမ်သည်။ (နမနလက္ခဏံ) ညွတ်ကိုင်း သိတတ်ခြင်း သဘောလက္ခဏာရှိ၏။ (ရူပံ)ရုပ်သည်။ (ရုပ္ပနလက္ခဏံ) ဖွေးနှင့်မတူ။ အမှုချွတ်ယွင်း။ ဖောက်ပြန် ပျက်စီးခြင်း သဘောလက္ခဏာရှိ၏။ ။

(ဂ) (နာမရူပံ) နာမ်, ရုပ်သည်။ (အညမညံ့) အချင်းချင်း။ (နိဿာယ) စွဲမှီ၍။ (ပဝတ္တတိ)ဖြစ်၏။ ။

(ဃ) (ရူပံ)ရုပ်သည်။ (အညံ့) တပါးတခြားသာတည်း။ ။(နာမံ) နာမ်သည်၊ (အညံ့)တပါးတခြားသာတည်း။ ။(နာမရူပါ) နာမ် ရုပ်တို့သည်။ (အသမ္ဗိဿာ) အချင်းချင်း မရောနှောကုန်။ ။(နာမံ) နာမ်သည်။ (ရူပေန)ရုပ်မှ။ (သုညံ) ကင်းဆိတ်၏။ (ရူပံ)ရုပ်သည်။(နာမေန) နာမ်မှ။(သုညံ)ကင်းဆိတ်၏။ ။(ဤအနက်၏အဓိပ္ပါယ် သိလွယ်ပြီ)။ ။

## နာမ်ရုပ်သိမြင် အမှားစင်ပုံ။

(က) ဤလို နာမ်, ရုပ်တို့၏ အခြင်း အရာကို သိမြင်လျှင် အဘယ် (ဝိသုဒ္ဓိ) ဖြစ်ပါသနည်း။ ။ (မေး)

(ခ) ဤလို မြင်ဆဲခဏ အဆင်းသဘောကား ရုပ်,အဆင်းသဘောကိုသိသော စိတ်သဘောကား နာမ်ဟု ဟုတ်မှန်စွာ သိမြင်လျှင် (ဒိဋ္ဌိဝိသုဒ္ဓိ) ဖြစ်ပါသည်။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိ နာမ။ ။ဟုကျမ်းဂန်၌ လာပါသည်။ ။ (ဖြေ)

(ဂ) (နာမရူပါနံ) နာမ်ရုပ်တို့ကို။ (ယာထာဝဒဿနံ) ဟုတ်မှန်စွာ

သိမြင်ခြင်းသည်။(ဒိဋ္ဌိဝိသုဒ္ဓိနာမ) ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ (ဝါ) အမှန်သိမြင်။ အမှားစင်ခြင်းမည်၏။ ။

## ရုပ်နာမ်သိက ယထာဘူတဉာဏ်ရှိရပုံ။

(က) ဤလို မြင်ဆဲခဏ အဆင်းသဘော စိတ်သဘော ၂-ပါးရုံကို ဉာဏ်ဖြင့် သိမြင်ရုံမျှနှင့် အဘဲ့ကြောင့်(ယထာဘူတ)ဉာဏ်ဟု ဆိုရပါသနည်း။ ။ (မေး)

(ခ) ပရမတ္ထတော ပန နာမ ရူပ မတ္တမေဝ အတ္ထိတိ။ ဧဝံ ပဿတော ဟိ ဒဿနံ ယထာဘူတဒဿနံနာမ ဟောတိ။ ။အစရှိသဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ မိန့်မှာတော်မူသောကြောင့် (ယထာဘူတ) ဉာဏ်ဟု ဆိုရပါသည်။ ။ (ဖြေ)

(ခ) (ပန) စင်စစ်ကေန်။ အမှန်တကယ်မှာမူကား။ (ပရမတ္ထတော) ပရမတ္ထအားဖြင့် (ဝါ) အဆင်းသဘော စိတ်သဘောအားဖြင့်။ (နာမရူပမတ္တမေဝ) နာမ်, ရုပ်မျှသည်သာလျှင်။ (ဝါ) မြင်ဆဲခဏ။ အဆင်းသဘော စိတ်သဘောမျှသည်သာလျှင်။ (အတ္ထိ) ရှိ၏။ (သတ္တောနာမ) ငါ, သူတပါး ယောက်ျား, မိန်းမ,ပုဂ္ဂိုလ်, သတ္တဝါမည်သည် (နတ္ထိ) မရှိ (ဣတိ)ဤသို့။(ဂဏှာတိ)ယူ၏။(ဟိသစ္စံမှန်၏။(ဧဝံ)ဤသို့။(ပဿတော) ရှုပွါးတတ်သော။ ယောဂါဝစရပုဂ္ဂိုလ်မြတ်၏။ (ဒဿနံ) မိမိကိုယ်ပိုင် ဉာဏ်ဖြင့်။ သိမြင်ခြင်းသည်။ (ယထာဘူတ ဒဿနံနာမ) ယထာ ဘူတ ဒဿနမည်၏။ (ဝါ) ဟုတ်တိုင်းမှန်ရာကို သိမြင်ခြင်းမည်၏။ ။

## ဟုတ်မှန်သိမြင် နိဗ္ဗာန်ဝင်ပုံ။

(က) ဤလို ဟုတ်မှန်သော ရုပ်, နာမ်တို့ကို ဉာဏ်ဖြင့် ထင်ထင် သိမြင်ပါလျှင် အကျိုးဘယ်မျှ ရပါသနည်း။ ။ (မေး)

(ခ) ယထာဘူတံ ဇာနံ ပဿံ အနုက္ကမေန ဟောတိ။ ။ဟူသော ဘုရားဟောသာဓကကို ထောက်ဆ၍ ဤလို (ဘာဝနာမယ)ဉာဏ်ဖြင့် ပိုင်နိုင်စွာ သိမြင်သူတို့မှာ နိဗ္ဗာန်တိုင်ရနိုင်ခြင်းအကျိုးရှိပါသည်။ (ဖြေ) (အမှန်မြင်ခဲစွ)။

## ဟုတ်မှန်သိရင်း နှလုံးသွင်း။

(က) ဤလို ဟုတ်မှန်သော ရုပ်,နာမ်တို့ကို သိမြင်ခြင်းသည် ဘယ်တရားလျှင် အကြောင်းရင်း ဖြစ်ပါသနည်း။ ။ (မေး)
(ခ) ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ။ ဥပ္ပန္နာစ အကုသလာ ဓမ္မာ ပရိဟာယန္တိ။ ။ အစရှိသော ဘုရားဟောဒေသနာတော်နှင့် အညီ သင့်တင့်စွာ နှလုံးသွင်းခြင်း ဟူသော (ယောနိသော မနသိကာရ)လျှင်အကြောင်းရင်း ဖြစ်ပါသည်။ ။ (ဖြေ)

(အမှာ) ဤမှပြန်၍ အယောနိသော မနသိကာရကို သိကြပါ။ (အနက်မှာပေးခဲ့ပြီ)။

---

## ဟုတ်မှန်သိသူ မသိသူ မတူကြပုံ။

(က) ဤလို (ဝိပဿနာဘာဝနာ)ဉာဏ်ကို ဟုတ်မှန်သိသူ, မသိသူ တို့မှာ ဘယ်လို မတူကွဲပြား ခြားနားကြပါသနည်း။ ။ (မေး)
(ခ) ဤလို ဟုတ်မှန်သော ရုပ်,နာမ်ကို သိသူတို့မှာ မြင်ဆဲခဏ အဆင်းသဘောနှင့် ရင်းသဘောကို သိသော စက္ခုဝိညာဉ် စိတ်သဘောတို့ယှဉ်တွဲလျက် ယခုမှ အသစ်, အသစ် ဖြစ်ပေါ်,ဖြစ်ပေါ် နေခြင်းမျှသာ ပါ တကားဟု ဉာဏ်ဖြင့် ရှုပွါးသိမြင် ခြင်းကြောင့် အထင် မှားသော (သက္ကာယဒိဋ္ဌိ) များမှ ကင်းစင်ကြပါသည်။ ။ (ဖြေ)
(အမှန်သိမြင်ခဲစွ)။

(ဂ) ဤလို အမှန် မသိသူတို့မှာ မြင်ဆဲခဏ ငါသည် ယောကျ်ားကို မြင်သည်, မိန်းမကို မြင်သည်,တုန်း,တိုင်,အိမ်,ကျောင်း,အကောင်းကို မြင်သည်,အဆိုးကိုမြင်သည်စသဖြင့်အထင်မှား အမြင်မှား(သက္ကာယဒိဋ္ဌိ)များ ဖြစ်ပွါးကြပါသည်။ ။ (ဖြေ)

## (အထူးတိုက်တွန်းမှာထားချက်)။

(၁) ဤလို ဟုတ်မှန်စွာ သိမြင် လိုသူတို့မှာ နောက်မှဟု အကြွေးမထားကြဘဲ ယခု စာဘက်ရင်းပင် ခေတ္တခဏမျှ ရပ်နား၍ ရှုပွါးကြစမ်းပါ။ ။

(၂) ဤသို့မှ မမြင်ကြလျှင် ပြခဲ့ပြီးဥပမာများနှင့် စပ်ဟပ်၍ ရှုပွါးကြပါ။ ။

(၃) အမှားကြီးတွေကို အကြွေး မထားကြဘဲ လက်တွေ့ဒိဋ္ဌ သိမြင်အောင် ရှုပွါးကြပါ။ ။

## စာတတ် မတတ် ဂါဟာသတ် မသတ် ပြပုံ။

(က) သို့ဖြစ်လျှင် စာတတ်, မတတ်သူတို့အား ဂါဟာသတ်,မသတ်ကို ဘယ်လို သိမှတ်ရပါသနည်း။ ။ (မေး)

(ခ) ကမ္မဋ္ဌာန်းဉာဏ်၌ နည်းလမ်းမှန်ကို မသိကြသူတို့အား ကျမ်းဂန်ဒေသနာ အဖြာဖြာတို့ကို တတ်သော်ငြား,မတတ်သော်ငြား(တဏှာဂါဟာ, မာနဂါဟာ, ဒိဋ္ဌိဂါဟာ) ဤသုံးပါးတို့က ဖမ်းယူကိုက်သတ် ခံရပါသည်။ ။စာတတ်သော်ငြား,မတတ်သော်ငြား ကမ္မဋ္ဌာန်းဉာဏ်၌ နည်းလမ်းမှန်ကို သိမြင်သူတို့အား, ၎င်း(ဂါဟာ) တရား ၃-ပါးတို့က မဖမ်းမကိုက် မသတ်နိုင်ပါ။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) ဂန္ထေ ဉာတေပိ နော ကာယေ၊ဂါဟော ဂါဟတိ ပုဂ္ဂလံ။
ဂန္ထေ ဉာတေ အဉာတေဝါ၊ကာယေ ဉာတေ ဝိဂစ္ဆတိ။ ။
ဟု ဆရာမြတ်တို့က မိန့်ဆိုကြပါသည်။ ။ (ဖြေ)

(ဂ) (ဂန္ထေ) ကျမ်းဂန် ဒေသနာ။ ဘုတ်အုပ်ပေစာ။ အဖြာဖြာတွေကို (ဉာတေပိ)ကမ်းတဘက်ရောက်။တတ်မြောက်ပါသော်လည်း(ကာယေ) သဘောဉာဏ်စွဲ။ ကိုယ်စိတ်ထဲ၌။ (နောဉာတေ) ဟုတ်မှန်သော ရုပ်,နာမ်တို့ကို။ မသိမမြင်သည်ရှိသော်။ (ဂါဟော) တဏှာဂါဟာ,မာနဂါဟာ, ဒိဋ္ဌိဂါဟာ။ယင်းသုံးဝသည်။ (ပုဂ္ဂလံ) ငါ,ကိုယ်,ထင်မှား။ ပုဂ္ဂိုလ်များကို။ (ဂါဟတိ) အတင်းဒလကြမ်းအားဖြင့်။ ဖမ်းကိုက်သတ်စားနေ၏။ (ဂန္ထေ) ကျမ်းဂန် ဒေသနာ။ ဘုတ်အုပ်ပေစာ။ အဖြာဖြာတွေကို။ (ဉာတေဝါ) တဘက်ကမ်းရောက်။တတ်မြောက်သော်ငြား။(အဉာတေဝါ)စာတလုံးလောက်မှ။မတတ်မြောက်သော်ငြား။ (ကာယေ) သဘောဉာဏ်စွဲ။ ကိုယ်စိတ်ထဲ၌။ (ဉာတေ) ဟုတ်မှန်သော, ရုပ်, နာမ်တို့ကို။

ဥာဏ်ဖြင့် သိမြင်သည့်ရှိသော်။ (ဂါဟော) တဏှာဂါဟ၊ မာနဂါဟ။ ဒိဋ္ဌိဂါဟ။ ယင်းသုံးဝသည်။ (ဝိဂစ္ဆတိ) ဖမ်းကိုက် သတ်ဖြတ်ခြင်းမှ။ ကင်းပြတ် လေတော့၏။ ။(ဤ၌ စာတတ်သူ, မတတ်သူ သတိမူကြ ပါလေ)။ ။

## ဆောင်ပုဒ်ကဗျာ။

(၁) စာတွေတတ်လျက်။ မာန်ပွေတက်။ ဖိုလ်,မင်ဝေးကွာပြီ။ ။ (ပုံပြပေါ်ရှိလမထေရ်)။
(၂) စာတတ်လမ်းသိ။မသွားဘိ။မှားရှိအပါယ်တည်။ ။ (ပုံပြကပိလမထေရ်)။
(၃) သုံးပုံပိဋကတ်။နှုတ်ငုံတတ်။ကျင့်မြတ်ရှိဘို့ရည်။ ။
(၄) စာမတတ်သူ။နည်းမှန်ယူ။လွယ်ကူနိဗ္ဗာန်ပြည်။ ။
(၅) ခရီးညွှန်နောက်။လမ်းမကောက်။စွမ်းပေါက်ကျင့်ရမည်။ ။
(၆) ဆရာမိတ်ကောင်း။ နည်းမှန်တောင်း။ ညွတ်ပျောင်း ကျင့်မြဲတည်။ ။
(၇) တဏှာ,မာန။ဒိဋ္ဌိပြ။ ဂါဟ,ကိုက်သတ်သော။ ။
(၈) စာတတ်, မတတ်။ရုပ်,နာမ်ခတ်။မြင်ဖြတ်လွတ်သူပေ။ ။
(၉) တဏှာ,ဒိဋ္ဌိ။မာန်တြိ။ဒိဋ္ဌိခေါင်ချုပ်သော။ ။

## ဝိညာဉ်တပ်မက်က ဝဋ်ဒုက္ခမှ မလွတ်ရပုံ။

(က) ဤသို့သော ကမ္မဋ္ဌာန်းဥာဏ်၌ နည်းလမ်းမှန်ကို မသိမမြင်ကြ၍ စက္ခုဝိညာဉ်စသော စိတ်သဘောတို့ တပ်မက် နှစ်သက်နေသူများအား ဘုရားရှင်က ဘယ်လို ဟောထားတော်မူခဲ့ပါသနည်း။ ။ (မေး)

(ခ) ယော ဘိက္ခဝေ ဝိညာဏံ အဘိနန္ဒတိ၊ သော ဒုက္ခံ အဘိနန္ဒတိ။ ယော ဒုက္ခံ အဘိနန္ဒတိ။ သောအပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။ ။ အစရှိသဖြင့် ဟောတော်မူခဲ့ပါသည်။ ။ (ဖြေ)

(ခ) (ဘိက္ခဝေ) ချစ်သား, ချစ်သမီးတို့။ (ယော) အကြင် သူသည်။ (ဝိညာဏံ) ဝိညာဉ်ကို။ (ဝါ)စက္ခုဝိညာဉ် စိတ်သဘောကို။ (အဘိနန္ဒတိ) အလွန်နှစ်သက် တပ်မက်၏။ (သော)ထိုသူသည်။ (ဒုက္ခံ)ဝဋ်ဆင်း

ရဲ့ အမျိုးမျိုးကို။ (အဘိနန္ဒတိ) အလွန်တပ်မက်။ နှစ်သက်သူ မည်၏။ (ယော)အကြင်သူသည်။ (ဒုက္ခံ) ဝဋ်ဆင်းရဲ အမျိုးမျိုးတွေကို။ (အဘိနန္ဒတိ) အလွန်တပ်မက် နှစ်သက်၏။ (သော) ထိုသူသည်။ (ဒုက္ခသ္မာ) အပါယ် စသော ဝဋ်ဒုက္ခ အပေါင်းမှ။ (အပရိမုစ္စတိ) ဘယ်တော့မှ မလွတ် မကျွတ်နိုင် ဟူ၍။ (အဟံ)ငါသည်။ (ဝဒါမိ) ဟောတော်မူ၏။ ။

(စဉ်းစားတတ်သူများ ကြောက်လန့်ရှုပွါးကြပါ)။

ဝဋ်ဒုက္ခကြောက်လျှင် ရှုပွါးမြင်ပုံ။

(က) ဤလိုကြီးမား ဝဋ်ဒုက္ခများမှ ကင်းလွတ်အောင် ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ယခု မြင်ဆဲခဏ အဆင်း သဘောကို သိတတ်သော စက္ခုဝိညာဉ် စိတ်သဘောသည် ယခုမှအသစ်,အသစ် ဖြစ်,ဖြစ်နေပါတကား ဟု ရှုပွါးထင်ထင် ဉာဏ်ဖြင့်မြင်ပါလျှင် ယောကျ်ား,မိန်းမ,တုန်း,တိုင် စသည်ကို မြင်၏ဟု မထင်တော့ဘဲ လေးအင်အပါယ ဝဋ်ဒုက္ခ အဝဝ တို့မှ ကင်းလွတ်နိုင်ပါသည်။ ။ (ဖြေ)

(အထူးတိုက်တွန်းမှာထားချက်)။

(၁) ဤစာလာတိုင်း မဆိုင်းမတွ အကြွေးမထားကြဘဲ မြင်တိုင်း, မြင်တိုင်း စာကြည့်ရင်းမှစ၍ ရှုပွါးကြစမ်းပါ။ ။

(၂) ဤလို (အဖြစ်)သဘောကို သိမြင်သူတို့မှာ (အပျက်)ကိုပါရှုပွါးကြစမ်းပါ။ ။

(၃) ဤမျှဖြင့် မသိကြသေးပါလျှင် နောက်က အကျယ် ပြခဲ့ပြီးသောနည်းများကိုမှီး၍ရင်း,သိပြီးသူများကို မေးလျှောက်၍ရင်း,မလျှော့ဘဲအားထုတ်ကြပါ။ ။

ဤတွင်စက္ခုဝိညာဉ်အဖြစ်သက်သက်ပြခဏ်းပြီးပြီ။

# သောတပသာဒအဖြစ်သက်သက်ပြခန်း။

## ပဋိညာဉ်။

(၁) ထို အာရုံ ငါးပါး ဝိညာဉ် ငါးပါးတို့၏ အဖြစ် သက်သက်တို့ကို ပြဆိုပြီး၍ ယခုအခါ၌ ပသာဒရုပ်ငါးပါးတို့တွင် အားထုတ်အပ်သော နည်းအစဉ်အားဖြင့် ထိုအသံသဘောကိုသိသော စိတ်သဘော၏ မှီရာ,တည်ရာဖြစ်သော သောတပသာဒခေါ် နားအကြည်သဘော၏ အဖြစ်သက်သက်ကို ပြဆိုရေးသားပေအံ့။ ။

### သောတပသာဒ မေးဖြေပုံ။

(က) ကြားဆဲခဏ၌ ဖြစ်သော အသံသဘောကို သိသောစိတ်သဘော၏ တည်ရာ,မှီရာ (နားအကြည်)ရုပ်သဘောကို တွေ့မြင်လိုလျှင် ယခုအသံကို နားထောင်စမ်းပါ။ဘာကိုတွေ့ပါသနည်း။ ။ (မေး)

(ခ) ယခုကြားဆဲခဏ အသံသဘောနှင့် အသံကိုသိသောစိတ်သဘောကို တွေ့ရပါသည်။ ။ (ဖြေ)

### (အထူးတိုက်တွန်းချက်။)

အမှန်သိအောင် အသံရှိရာတခုခုကို စိတ်တည်စွာ အာရုံပြု၍ရှုပွါးစမ်းပါ။ ။

### သောတဝိညာဉ်၏မှီရာနားအကြည်ပြပုံ။

(က) ယခု ကြားဆဲခဏ အသံ သဘောမျှကို သိသော သောတ ဝိညာဉ်စိတ်သဘောသည် အဘယ်ကိုမှီ၍ ဖြစ်ပါသနည်း။ ။ (မေး)

(ခ) နားအကြည်သဘောကိုမှီ၍ ဖြစ်ပါသည်။ ။ (ဖြေ)

(က) ထိုနားအကြည်သဘောသည် ဘယ်အရပ်မှာ တည်ရှိသော သဘောမျိုး ဖြစ်ပါသနည်း။ ။ (မေး)

(ခ) နားပေါက်၏ အတွင်း ကြေးနီ လက်စွပ်ကွင်း ပုံသဏ္ဌာန်ရှိသော အမွေးများ၏ ပေါက်ရာ အသားနွှ၌ တည်ရှိသော (အကြည်)သဘောမျိုး ဖြစ်ပါသည်။ ။ (ဖြေ)

(က) ယခု အသံသဘောကို သိသောစိတ် သဘောသည် ၎င်းနာၤ အကြည် သဘောထဲ၌အမြဲတန်း မှီတည်နေပါသလား။ ။ (မေး)

(ခ) ယခုကြားဆဲ အခိုက်အတန့်၌ အသံသဘောနှင့် နာၤအကြည် သဘောတို့ တိုက်ဆိုင်မှသာ၎င်းနာၤအကြည် သဘောကိုမှီ၍ တည်၍ ဖြစ်ပါသည်။ ။ (ဖြေ)

(က) ဤ နာၤအကြည် သဘောတို့ မြင်အပ်, ကြားအပ်,စမ်းသပ်၍ တွေ့အပ်ပါသလား။ ။ (မေး)

(ခ) ဤ နာၤအကြည် သဘောကို ဓမ္မာရုံ ဖြစ်ခြင်းကြောင့် မြတ်စွာ ဘုရားရှင်၏ ပကတိ မျက်စိတော်,နာၤတော်, လက်တော်တို့ဖြင့်လည်း မမြင်အပ်,မကြားအပ်,စမ်းသပ်၍လည်း မတွေ့အပ်ပါ။ ။ (ဖြေ)

## နာၤအကြည်ခေတ်ကို ဥပမာဖြင့် မှတ်ရှုပုံ။

(က) ဤသို့ မမြင်အပ်, မကြားအပ်, မတွေ့အပ် ပါလျှင် ၎င်းနာၤအ ကြည်သဘော ထင်ရှားပုံကို ယုံကြည်စွာ (ဥပမာ)ဖြင့် ဘယ်လိုရှုမှတ် ရပါသနည်း။ ။ (မေး)

(ခ) ဤလောက၌ ဆီစက်ကျနေသော(ပျဉ်ပြား)ကို ကြည့်ရှုသည် ရှိသော် ၎င်းဆီများကို လက်စသည် တို့ဖြင့် ကိုင်ယူ စမ်းသပ် မတွေ့ အပ်သော်လည်း ဆီရှိ၏ဟု ထင်မြင်ပြောဆိုရသကဲ့သို့။ ။

(ဂ) ထို့အတူ ဤသောတပသာဒ ခေါ် နာၤအကြည် သဘောကို မမြင်အပ်, မကြားအပ်, မတွေ့အပ် သော်လည်း ၎င်းအကြည် သဘော ကို ထင်ရှားရှိ၏ဟု ယောဂီ ရှင်၏ ဉာဏ်ဝ၌ ထင်မြင် မှတ်သားရ ပါ သည်။ ။ (ဖြေ)

## စိတ်တည်လျှင် အမှန်မြင်ပုံ။

(က) သုတေ သုတမတ္တံ ဘဝိဿတိ။ ။ဟူသော ပါဠိတော်အရ အဘယ်သို့ မိန့်ဆိုတော်မူလိုပါသနည်း။ ။ (မေး)

(ခ) ကြားတိုင်း, ကြားတိုင်း ကြားရုံမျှဟု ရှုမှတ် ပွါးများသူ တို့၏ ဉာဏ်ဝ၌စိတ်တည်စေ၍ အသံသဘော,၎င်းကိုသိသော စိတ်သဘော,

ငင်းစိတ်သဘော၏ မှီရာတည်ရာ နားအကြည်သဘော ၃-ပါးတို့၏ အသစ်,အသစ် ဖြစ်ခြင်းမျှသာ ပါတကားဟု ရှုပွါးမြင်လျှင် အမှားစင်ခြင်းအကျိုး၄ါ မိန့်တော်မူလိုရင်း ဖြစ်ပါသည်။ (ဖြေ)

## သောတပသာဒ၌ ပရမတ် ပညတ်ခွဲမှတ်ခဏ်း။

(က) ယခု ကြားဆဲခဏ၌ ထင်ရှားရှိသော သောတဓာတ်ကို (ပရမတ်, ပညတ်) ခွဲပြပါ။ ။ (မေး)

(ခ) ယခု ကြားဆဲခဏ၌ အသံသဘောတို့၏ ထိခိုက်ပေါင်းဆုံရာ သောတဝိညာဉ် စိတ်သဘောတို့၏ တည်ရာမှီရာ သဘောသတ္တိသည် (ပရမတ်)စစ်စစ် ဖြစ်ပါသည်။ ။(ကွဲခဲ့,မြင်ခဲ့စွ)။ ။ (ဖြေ)

(ဂ) ဤ သဘောမျှကိုပင် နားအကြည်ဟူ၍ရင်း, သောတပသာဒဟူ၍ရင်း, သောတဒွါရဟူ၍ရင်း, သောတဝတ္ထု ဟူ၍ရင်း ခေါ်ဆိုရသော အမည်နာမများသည်(ဝိဇ္ဇမာန)ပညတ်များ ဖြစ်ပါသည်။ ။(ဖြေ)

## ဆောင်ပုဒ်ကဗျာ။

(၁) သဘောဆတ်ဆတ်။(ပရမတ်)။ရှာအပ်သတ္တိသာ။ ။
(၂) အမည်ပညတ်။မှည့်ခေါ်အပ်။(ပညတ်) သမုတ်လာ။ ။
(၃) (ဝိဇ္ဇမာန)။နိုက်ယူရ။နာမပညတ်ဖြာ။ ။
(၄) (အဝိဇ္ဇမာန)နိုက်မရ။နာမပညတ်ဖြာ။ ။
(၅) ပရမတ်,ပညတ်။မသိတတ်။မကာပ်မင်္ဂ,ဖိုလ်သာ။ ။
(၆) ပရမတ်,ပညတ်။ခွဲသိတတ်။နီးကပ် နိဗ္ဗာန်သာ။ ။
(၇) ပရမတ်စစ်စစ်။ဓာတ်ဆိုသ္ဘစ်။ရှုနှစ်ဖြစ်,ပျက်ရှာ။ ။
(၈) သဘောမသိ။ပြော,ကျင့်ဘိ။မော၏သံသရာ။ ။

## သောတပသာဒရုပ်ကို ဥပမာဖြင့် ရှုရပုံ။

(က) ဤသို့ ထင်ရှားရှိသော နားအကြည် သဘောကို ဥာဏ်၌ ထင်ထင် သိမြင်တို့ရာ (ဥပမာ)အားဖြင့် အဘယ်သို့ ရှုမှတ် ပွါးများရပါသနည်း။ ။ (မေး)

(ခ) ဤလောကမှာ သွတ်ခေါင်မိုးထက်၌ရွှာချသော (မိုးလ်ားရေ)တို့၏ အသံများကို ကြားသဖြင့် မိုးလ်ားရွှာ၏ဟု သိရသကဲ့သို့ရင်း။ ။

(ဂ) ထိုထို အဆောက်အဦထက်၌ နားနေသော ကျေး,ငှက်စသည်တို့၏ အသံများကို ကြားသဖြင့် (ပါးစပ်ဟ,ဟ) နေသည်ဟု သိမှတ်ရသကဲ့သို့ရင်း။ ။

(ဃ) ထိုထို အဆောက် အဦ စသည်တို့၌ တိုက်ခပ် နေဆဲသော လေများကို မတွေ့မမြင်ရ သော်လည်း ထိုလေသံများကို ကြားသဖြင့် (လေ)တိုက်၏ဟု ဟုတ်မှန်စွာ သိမှတ်ရသကဲ့သို့ရင်း။ ။

(င) ထို့အတူ ကြားဆဲ အခိုက်အတန့်၌ ထိုဖြစ်ရှိနေသော နားအကြည်သဘောကို မှီတွယ်ဖြစ်ရသော သောတဝိညာဉ် စိတ်သဘောကို ဉာဏ်ဖြင့် ထင်ထင် တွေ့မြင် ရသဖြင့် ၎င်းစိတ် သဘော၏ မှီရာ တည်ရာ နားအကြည် ရုပ်သဘောသည် ထင်ရှားရှိရှိ နေပါတကားဟု ကြားတိုင်း,ကြားတိုင်းပင် ဉာဏ်ဖြင့်ထင်ထင် တွေ့မြင်နိုင်အောင် ရှုမှတ်ပွါးများရပါသည်။ ။(အမှန်မြင်အောင်ရှုပါ)။ ။ (ဖြေ)

(က) ဤ နားအကြည်သဘောကို ဉာဏ်ဖြင့် ထင်ရှားစွာ တွေ့မြင်အောင် ဘယ်လို ရှုမှတ်ပွါးများရပါသနည်း။ ။ (မေး)

(ခ) ဤနားအကြည်သဘောသည် သတ္တဝါတို့၏ နားပေါက်(ခလိုင်)အတွင်း၌ မျက်စိ, နှာခေါင်း, ပါးစပ် ကြောများနှင့် ဆက်သွယ်လျက် ခဲတန်ချွန် ပမာဏ သေးငယ်လှသော အပေါက် ကလေး၏ ဘေးပတ်လည် လက်ချာရစ် ဟှည့်လည်၍ နီကျင့်ကျင့်ရှိသော ဆံပင်နှင့် တူစွာသော အမွေးနုများ၏ အခြေ၌တည်ရှိ၍။ ယခုကြားဆဲခဏမှ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟု ရှုမှတ်ပွါးများရပါသည်။ ။ (ဖြေ)

(မလွယ်လှပေ)။

---

## နားအကြည်သဘောကို ယခုမှဖြစ်၏ဟု ရှုပွါးရပုံ။

(က) ဤ နားအကြည် သဘောသည် အဋ္ဌကထာဆရာမြတ်၏ အလိုအားဖြင့် အမိဝမ်းတွင်း ပဋိသန္ဓေ တည်နေ သည်ကစ၍ (အဋ္ဌမသတ္တာဟ) ဖြစ်သော ၅၆-ရက် အတွင်း၌ ဖြစ်သည်။ ။မူလဋီကာ

ဆရာမြတ်၏အလိုအားဖြင့် (ကောသမသတ္တာဟ) မြောက် ၇၇-ရက် ကစ၍ဖြစ်သည်။ ။ဟု မိန့်ဆိုတော်မူကြပါလျက် ယခုကြားဆဲခဏမှ အသစ်,အသစ် ဖြစ်, ဖြစ်နေပုံကို ယုံကြည်ရန် (ဥပမာ) အားဖြင့် ဘယ်လို ရှုမှတ်ပွါးများရပါသနည်း။ ။ (မေး)

(ခ) ဤလောက၌ တူးမြောင်းအတွင်းမှာ အစဉ်မပြတ်အားဖြင့် စီးဆင်း သွားနေသော (ရေ) အလျဉ်များကို တွေ့မြင်သော ယောကျ်ားသည် ဤ ရေတို့မှာ ၎င်းတူးမြောင်း ဖောက်စကပင် လာနေ ရှိနေသော ရေတွေဘဲဟု ထင်မှတ် ပြောဆိုကြသော်လည်း မိမိ၏ ရှေ့တူရူ၌ ရောက်လာဆဲ ရေတို့ကို မြင်းတိုင်း, မြင်တိုင်း ယခုတွေ့မြင်သော ရေများကား ယခု လာဆဲ ရေတွေပါတကားဟု ပကတိ မျက်မြင်အားဖြင့် ထင်ရှားစွာ မှတ်သားရာသကဲ့သို့။ ။

(ဂ) ထို့အတူ ဤနာအကြည် သဘောကိုလည်း အမိဝမ်းတွင်းကစ၍ ဖြစ်သည်ဟု ကျမ်းဂန်များ၌ မိန့်ဆိုတော် မူကြါကုန်သော်လည်း ယောဂီရှင်များ၏ ဉာဏ်ဝမှာ ယခုကြားဆဲခဏ၌ ထင်ရှားရှိသော နာအကြည်သဘောသည် ယခုမှ အသစ်, အသစ် ဖြစ်,ဖြစ် နေပါတကားဟု ကြားတိုင်း,ကြားတိုင်း ရှုမှတ်ပွါးများရပါသည်။ ။ (ဖြေ)

(စိတ်တည်လျှင် မြင်လွယ်၏)။

(အထူးတိုက်တွန်းချက်)။

(၁) ဤနည်းများအတိုင်း အကြွေးမထားကြဘဲ ယခုစဘာတ်ရင်းပင် နောက်မဆုတ်ဘဲ အဟုတ်မြင်အောင် ရှုပွါးကြစမ်းပါ။ ။

---

## နာအကြည်သဘောကို ထင်မြင်အောင် ရှုပွါးနည်း။

(က) ဤလို ကြားတိုင်း, ကြားတိုင်းသော နာအကြည်သဘော၏ ဖြစ်နေပုံကို ဘယ်လို အာရုံပြုကာ ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ကြားဆဲခဏ၌ ဖြစ်သော အသံသဘောနှင့် ထိခိုက် ပေါင်းဆုံပုံ,အသံသဘောကို သိသောစိတ်သဘော၏ဖြစ်ရှိပုံတို့ကို ရှေးဦးစွာယုံကြည်မှတ်သား ထင်မြင်အောင် ရှုပွါးပြီးသော်။ ၎င်းအသံ သဘောနှင့် တိုက်ဆိုင်နေသော နာအကြည် သဘောသည် ကြားတိုင်း,ကြားတိုင်း

ယခုမှ အသစ်,အသစ် ဖြစ်သည်,ဖြစ်သည်ဟု အဖြစ်သက်သက်ကို အာရုံပြုကာရှုပွါးရပါသည်။ ။ (ဖြေ)

(အဖြစ်မြင်သူမှာ အပျက်ပါရှုယူပါ)။

---

**နားအကြည်သဘောကို ဥပမာဖြင့်ရှုပွါးပုံ။**

(က) ဤလို ကြွားတိုင်း, ကြွားတိုင်းသော အသံသဘောနှင့် တိုက်ဆိုင်သော နားအကြည် သဘော၏ အသစ်, အသစ် ဖြစ်, ဖြစ်နေပုံကို (ဥပမာ) အားဖြင့် ဘယ်လို ရှုမှတ်ပွါးများရပါသနည်း။ ။ (မေး)

(ခ) ဤလောက၌ ရေအလျဉ်အစဉ်မပြတ်စီးဆင်းနေသောချောင်း, မြောင်း,မြစ်ထဲသို့ ကျောက်ခဲတို့ဖြင့် ပစ်ခတ်လွှတ်ချနေသောယောကျ်ားသည် ၎င်းကျောက်ခဲ တို့နှင့် ယခု ဆိုက်ရောက်လာဆဲ ရေပေါ်သို့ ကျရောက် ပေါင်းဆုံမိတိုင်း, ပေါင်းဆုံမိတိုင်း ထိုရေတို့ကို မှီ၍ဖြစ်ပေါ်လာသော အသံများကို ကြွားသဖြင့် ကြွားတိုင်း,ကြွားတိုင်းယခုမှ ရောက်ဆဲရေ, ယခုမှ ရောက်ဆဲရေဟု ကြည့်ရှု မှတ်သားရာသကဲ့သို့။ ။

(ဂ) ထို့အတူ ယခုဖြစ်နေဆဲသော အသံသဘောတို့နှင့် ပေါင်းဆုံ တိုက်ဆိုင်မိသော နားအကြည် သဘောတို့ကို မှီ၍တည်၍ ဖြစ်သော သောတဝိညာဉ်စိတ် သဘောတို့ကို ဉာဏ်ဖြင့် တွေ့တိုင်း,မြင်တိုင်း ၎င်းစိတ်သဘော၏ တည်ရာ, မှီရာဖြစ်သော နားအကြည် သဘောသည် ယခုကြွားတိုင်း, ကြွားတိုင်း ယခုမှ အသစ်, အသစ် ဖြစ်ပေါ်, ဖြစ်ပေါ်လာပါတကားဟု ရှုမှတ်ပွါးများရပါသည်။ ။ (ဖြေ)

**(အထူးမှတ်သားတိုက်တွန်းချက်)**။

(၁) ကြွားဆဲခဏ၌ ဖြစ်သော နားအကြည်သဘောသည် ရောက်လာဆဲသော (ရေ)နှင့်တူ၏။ ။

(၂) ဖြစ်ဆဲ အသံသဘောမှာ ရေ၌ ထိခိုက်သော (ကျောက်ခဲ)နှင့်တူ၏။ ။

(၃) နားအကြည် သဘောကိုမှီ၍ ဖြစ်သော သောတဝိညာဉ် စိတ်သဘောကား ရေကိုမှီ၍ဖြစ်သော(ရေသံ) နှင့်တူ၏ဟု မှတ်ပါ။ ထိုမှတပါးသော (ဥပမာ)များဖြင့်လည်း မထင်ထင်အောင် ရှုပွါးကြစမ်းပါ။ ။

---

## ကြားခဲခဏ သုံးပါးစုံ ရှုပွါးပုံ။

(က) ဤသို့ရေးသားပြဆိုခဲ့ပြီးသော နည်းများအားလျော်စွာ ၃-ပါး ရုံတို့ကို အကျဉ်းချုပ်အားဖြင့် ဘယ်ပုံ ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ယခုကြားခဲခဏ၌ အသီးသီးတပါးစီ ထင်မြင်ပြီးသော ယောဂီ ရှင်တို့မှာကြားတိုင်း,ကြားတိုင်း နာ:အကြည်သဘော,အသံသဘော, စိတ်သဘော ၃-ပါးရုံအသစ်,အသစ် ဖြစ်၍,ဖြစ်၍သာ နေပါတကား:ဟု မထင်,ထင်အောင် ရှုပွါးရပါသည်။ ။ (ဖြေ)

(အထူးမှာသား မှတ်သားချက်)။

(၁) နဒီသောတောဝိယ ဒိပဇာလာဝိယစ ပဝတ္တတိ။ ။ဟူသည် နှင့်အညီ မကြားသော အခိုက်တို့၌လည်း နာ:အကြည်သဘော ဖြစ်၏ ဟု ရှုပွါးလျှင် (စိန္တာမယ) ဉာဏ်ပင်တည်း။ ။

(၂) ဤသို့နည်းအတိုင်း ၃-ပါးရုံ အဖြစ်ကိုသော်ရင်း အပျက်ကို ပါ သော်ရင်း အမှန်ထင်မြင်က (သက္ကာယဒိဋ္ဌိ) စသည်တို့မှာကင်းကွာနိုင် ပါသည်။ ။(ရှုပွါးများ:မှလွယ်မည်)။ ။

(၃) သို့ရာတွင် ဉာဏ်လေးသူတို့မှာ အဖြစ်သက်သက်ကိုသာ နာ နာ ရှုပွါးကြပါဦး။အဖြစ်ထင်မှ အပျက်ထင်လွယ်ပါမည်။ ။

(၄) ထို ၃-ပါးရုံ၌လည်း ပဉ္စာန်းဝိထိနည်းအားဖြင့် အနည်းငယ် စီ ကွာခြားသော်သည်း ယောဂီ ဉာဏ်မှာ ရှုပွါးလွယ်ဘို့ရာ(သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။တိဏ္ဏံ သင်္ဂတိ ဖဿော)နှင့်အ ညီ ရှုပွါးရာ၏။ ။

(၅) ထိုမှတပါး (သောတံ ဘိက္ခဝေ အဘိညေယျံ၊သဒ္ဒါ အဘိညေ ယျံ၊ သောတဝိညာဏံ အဘိညေယျံ)။ ။(ဘိက္ခဝေ) ချစ်သား,ချစ်သမီး တို့။ (သောတံ) နာ:အကြည်သဘောကို။ (အဘိညေယျံ) ဉာဏ်ဖြင့်သိ မြင်အပ်၏။ (သဒ္ဒါ) အသံ သဘောကို။ (အဘိညေယျံ) ဉာဏ်ဖြင့် သိ မြင်အပ်၏၊ (သောတဝိညာဏံ) အသံသိသော စိတ်သဘောကို (အဘိ ညေယျံ) ထူးသော ဉာဏ်ဖြင့် သိမြင်အပ်၏။ ။ဟူသည်နှင့် အညီ ၃-ပါးရုံဖြစ်ယှဉ်တွဲကာ ဖြစ်နေသည်ဟူ၍ပင်ဉာဏ်ပညာဖြင့် သိမြင်နိုင် ပေသည်။ ။

(အထူးစဉ်းစားပါ)။

(၆) ထိုမှတရပ် အလူး မှတ်သားဘွယ်ကား (သောတံ ဘိက္ခဝေ နတုမှာကံ၊တံပဇဟထ။တံဝေါပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ)။ ။ (ဘိက္ခဝေ) ချစ်သား,ချစ်သွီးတို့။(သောတံ)နားအကြည်သဘောသည်။ (တုမှာကံ) သင်တို့၏။(နသန္တကံ) ဥစ္စာမဟုတ် (တံ)ထိုသင်တို့၏ ဥစ္စာ မဟုတ်သော နားအကြည်သဘောကို (ပဇဟထ)ဖြစ်,ပျက်သဘော။ရှု ပွါးသောအားဖြင့်။ ပယ်ရှား စွန့်ပစ်ကြကုန်လော့။ (တံ) ထိုဖြစ်,ပျက်နေ သော နားအကြည်သဘောကို။(ပဟီနံ)ငါ,ငါ၏ဥစ္စာ။မဟုတ်ပါတကား ဟု။ပယ်ရှားစွန့်ပစ်လိုက်သည့်ရှိသော်။(ဝေါ)သင်တို့အား။ (ဟိတာယ) မင်္ဂ,ဖိုလ် စီးပွါးအလို့ငှါ။ (သုခါယ)မင်္ဂ,ဖိုလ်ချမ်းသာအလို့ငှါ။(ဘဝိဿ တိ) ဖြစ်လတ္တံ့သတည်း။ ။(ဤလိုမထင်, မမြင်, မသိသူတို့မှာကား ရာဂ စသော မီးပုံကြီးများ အမြဲတန်းတောက်လောင်နေကြ၏)။ ။

## ရုပ်နာမ်ဉာဏ်ဝိသုဒ္ဓိ ပရိညာ ခွဲပြဟန်။

(က) ဤသို့ ကြားခဲ့ ခဏာ၌ ဖြစ်သော သောတပသာဒ, သဒ္ဒါရုံ, သောတ ဝိညာဉ်တို့ကို (ရုပ်, နာမ်, ဉာဏ်, ဝိသုဒ္ဓိ, ပရိညာ) အားဖြင့် ခွဲပြပါ။ ။ (မေး)

(ခ) ကြားခဲ့ခဏ နားအကြည် သဘော, အသံသဘော တို့ကား (ရုပ္ပနဋ္ဌေနဥ္စ သီတာဒိ ဝိရောဓိပစ္စယ သမဝါယေ ဝိသဒိသုပ္ပတ္တိယောဝ) ဟူသော ကျမ်းဂန်နှင့်အညီ ဖောက်ပြန်တတ် သောကြောင့် (ရုပ်)မည် ပါသည်။ ။ (ဖြေ)

(ခ) (ဧတ္ထ)ဤရုပ်၏ ဖောက်ပြန်ခြင်းကို ပြဆိုရာ၌။(သီတာဒိဝိရော ဓိ ပစ္စယ သမဝါယေ) သီတ အစရှိသော ဆန့်ကျင်ဘက် အကြောင်း တရားတို့၏ ညီညွတ်သည် ရှိသော်။ (ဝိသဒိသုပ္ပတ္တိယောဝ) ရှေးရုပ်အ စဉ်နှင့်မတူသော။ နောက်ရုပ်အစဉ်၏ ဖြစ်ပေါ်လာခြင်းသည်သာလျှင်။ (ရုပ္ပနံ)ဖောက်ပြန်ခြင်းမည်၏။ ။

(ဂ) ထို အသံ သဘောကို သိသော စိတ်သဘောကား (အာရမ္မ ဏာဘိ မုခတော နမနဋ္ဌေန နာမံ) ဟူသည်နှင့် အညီ အာရုံသို့ ညွတ် တတ်သောကြောင့် (နာမ်)မည်ပါသည်။ ။ (ဖြေ)

## (အထူးမှတ်သားချက်)။

(၁) ဤ၌ နာမ်မှာ ပေါက်ပြန်သော်လည်း အမည်ထူးကို ရပြီးဖြစ်၍ ရုပ်ဟု မခေါ်ရတော့ပေ။ ။

(၂) ရုပ်မှာကား ညွတ်တတ်,သိတတ်သော သဘောမရှိ ပေါက်ပြန်မှု သဘောတခုသာ ရှိသောကြောင့် ရုပ်ဟုခေါ် ဆိုရပေ၏။ ။

(၃) ထိုတွင် (ပရမတ်)၌ မပေါက်မပြန် ဆိုသည်ကား အကြမ်း,အမာ သဘောသည် ဖွဲ့စေး,ယိုစီးမှု သဘော စသည် မဖြစ်နိုင်မှု ပေတည်း။ ။အာရုံ၌ တွေ့မှု,ခံစားမှု သဘောသည် ကြံသိမှု စသည်တို့ မဖြစ်နိုင်။ လိုချင်သောသဘောသည် ကြမ်းထမ်းသော သဘောမဖြစ်နိုင်သည်ကို ဆိုလိုပေသည်။ ။

(၄) ဤကား နာမ်, ဤကား ရုပ်ဟု နာမ်နှင့် ရုပ်တို့ကို ပိုင်းခြားစွာ သိခြင်းသည် (နာမရူပ ပရိစ္ဆေဒ)ဉာဏ် ဖြစ်ပါသည်။ ။ (ဖြေ)

(၅) ကြားဆဲခဏ ဤလိုနာမ်,ရုပ်တို့ကို သိမြင်ခဲ့ပြီးသော ငါသည် ပြော,ဆို,ငို,ရယ်, မြည်,သံစသည်တို့ကို ကြား၏ဟူသော ထင်မြင်မှားမှု (သက္ကာယဒိဋ္ဌိ)ပုတို့မှ ကင်းပျောက်၍ ဉာဏ်အမြင် စင်ကြယ်ခြင်းသည် (ဒိဋ္ဌိဝိသုဒ္ဓိ)ဖြစ်ပါသည်။ ။ (ဖြေ)

(၆) ကြားဆဲခဏ နာမ်,ရုပ်တို့၏ သဘောလက္ခဏာတို့ကို ကိုယ်ပိုင် ဉာဏ်ဖြင့် ပိုင်နိုင်စွာ သိမြင် ခြင်းသည် (ဉာတ ပရိညာ) ဖြစ်ပါသည်။ ။ (ဖြေ)

ဤတွင်သောတပသာဒ၌ အဖြစ်သက်သက် ပြခဏ်းပြီးပြီ။

# ဃာနပသာဒအဖြစ်သက်သက်ပြခဏ်း။

## ပဋိညာဉ်။

(၁) နံ့ဆဲခဏ အနံ့သဘောနှင့် အနံ့သိသော စိတ်သဘောတို့ကို ပြဆိုပြီး၍ ယခုအခါ၌ ထိုအနံ့သိသော စိတ်သဘော၏ တည်ရာ မှီရာ ဖြစ်သော ဃာနပသာဒ ခေါ် နှာခေါင်းအကြည် သဘော အဖြစ်သက် သက်ကို ရေးသားပြဆိုပေအံ့။ ။

---

## ဃာနပသာဒ မေးဖြေပုံ။

(က) နံ့ဆဲခဏ၌ ဖြစ်သော အနံ့သဘောကို သိသော စိတ်သဘော ၏ တည်ရာ မှီရာ(နှာခေါင်းအကြည်)သဘောကိုတွေ့မြင်လိုလျှင် လက် စသော အနံ့ရှိရာ တခုခုကို နမ်းရှူစမ်းပါ။ဘာကိုတွေ့ပါသနည်း။ (မေး)

(ခ) ယခုနံ့ဆဲခဏ အနံ့သဘောနှင့် အနံ့သိသော စိတ်သဘောကို တွေ့ပါသည်။ ။ (ဖြေ)

## (အထူးတိုက်တွန်းမှာထားချက်)။

(၁) ဤ နေရာ၌ (ယထာဘူတ) ဉာဏ်ကို ရလိုက ယခုစာဘတ် ရင်းပင် နမ်းရှူကြည့်စမ်းပါ။ ။အမှန်သဘောကိုတွေ့ရပါမည်။ ။

(၂) ကျမ်းကြီးလေးမည်စိုး၍ လိုရင်းမျှကိုသာရေးရတော့မည်။

---

## ဃာနဝိညာဉ်၏တည်ရာ နှာခေါင်းအကြည်ပြပုံ။

(က) ယခု နံ့ဆဲခဏ အနံ့ သဘောမျှကို သိသော ဃာန ဝိညာဉ် စိတ်သဘောသည် အဘယ်ကိုမှီ၍ ဖြစ်ပါသနည်း။ ။ (မေး)

(ခ) နှာခေါင်းအကြည်သဘောကိုမှီ၍ ဖြစ်ပါသည်။ ။ (ဖြေ)

(က) ထို နှာခေါင်း အကြည်သဘောသည်ဘယ်အရပ်မှာ တည်ရှိ သော သဘောမျိုး ဖြစ်ပါသနည်း။ ။ (မေး)

(ခ) နှာခေါင်းပေါက်၏ အတွင်း ဆိတ်ခွါပုံသဏ္ဌာန်ရှိသောအသား နှ ၂-ခု အဆုံ အရပ်၌ တည်ရှိသော အကြည် ရုပ်သဘောမျိုး ဖြစ်ပါ သည်။ ။ (ဖြေ)

(က) ယခု အနုံ့သဘောကို သိသော စိတ်သဘောသည် ၎င်းနှာခေါင်းအကြည်သဘောထဲ၌ အမြဲတန်း မှီ တည်နေပါသလား။ (မေး)

(ခ) ယခု နံ့ဆဲ အခိုက်၌ အနံ့သဘော နှင့် နှာခေါင်း အကြည် သဘောတို့ တိုက်ဆိုင်မှသာ ၎င်းနှာခေါင်းအကြည် သဘောကိုမှီ၍တည် ၏ ဖြစ်ပါသည်။ ။ (ဖြေ)

(က) ဤ နှာခေါင်းအကြည်သဘောကို မြင်အပ်,ကြားအပ်,စမ်းသပ်၍ တွေ့အပ်ပါသလား။ ။ (မေး)

(ခ) မြတ်စွာဘုရားရှင်၏ မျက်စိတော်, နားတော်, လက်တော် တို့ဖြင့်လည်းမမြင်အပ်,မကြားအပ်,စမ်းသပ်၍လည်းမတွေ့အပ်ပါ။ (ဖြေ)

## ဘုရားရှင်အလိုတော်ကျ မေဒ်ပြချက်။

(က) မုတေ မုတမတ္တံ ဘဝိဿတိ။ ။ဟူသော ပါဠိတော်အရ အဘယ်သို့ မိန့်ဆိုတော်မူလိုပါသနည်း။ ။ (မေး)

(ခ) အနံ့ တွေ့တိုင်း, တွေ့တိုင်း နံတွေ့ရုံမျှဟု ရှုမှတ်သူ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်ဝ၌ စိတ်ကို တည်စေ၍ အနံ့သဘော, အနံ့ သိသော စိတ်သဘော,၎င်းစိတ်သဘော၏တည်ရာ မှီရာ နှာခေါင်း အကြည်သဘော ဤ ၃-ပါးတို့၏ အသစ်,အသစ် ဖြစ်,ခြင်းမျှပါတကားဟု ရှုပွါးထင်မြင် လျှင်အမှားစင်ခြင်းအကျိုးငှါ မိန့်တော်မူလိုရင်းဖြစ်ပါသည်။ ။ (ဖြေ)

## ဃာနပသာဒ၌ ပရမတ်ပညတ် ခွဲမှတ်ခဏ်း။

(က) ယခု နံ့ဆဲခဏ၌ ထင်ရှားရှိသော ဃာနဓာတ်ကို (ပရမတ်, ပညတ်) ခွဲပြပါ။ ။ (မေး)

(ခ) ယခု နံ့ဆဲခဏ၌ အနံ့သဘောတို့၏ ထိခိုက်ပေါင်းဆုံရာ အနံ့ သိသော စိတ်သဘောတို့၏ မှီရာတည်ရာ သဘော သဘာဝသည် (ပရမတ်) စစ်စစ် ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ဤသဘောမျှကိုပင် နှာခေါင်းအကြည် ဟူ၍၎င်း,ဃာနပသာဒ ဟူ၍၎င်း, ဃာနဒွါရဟူ၍၎င်း, ဃာနဝတ္ထုဟူ၍၎င်း, ခေါ်ဆိုရသော အမည်နာမများသည် (ဝိဇ္ဇမာန) ပညတ်များ ဖြစ်ပါသည်။ ။ (ဖြေ)

(အထူးတိုက်တွန်းချက်)။

ဤလို ကွဲခဲသိမြင်ခဲလှ၍ အထပ်ထပ် ရှုကာခွဲကြပါ။ ။

---

## နှာခေါင်း အကြည်သဘောကို ယခုမှဖြစ်၏ဟု ရှုပွါးရပုံ။

(က) ဤ နှာခေါင်းအကြည် သဘောသည် အဋ္ဌကထာ ဆရာမြတ်၏အလိုအားဖြင့် အမိဝမ်းတွင်း ပဋိသန္ဓေကစ၍။ (နဝမသတ္တာဟ) ဖြစ်သော ၆၃-ရက်အတွင်း၌ ဖြစ်သည်။ မူလဋီကာ ဆရာမြတ်၏ အလိုအားဖြင့် (ဧကာဒသမသတ္တာဟ) မြောက် ၇၇-ရက်ကစ၍ ဖြစ်သည်ဟု မိန့်ဆိုတော်မူကြပါလျက် ယခုနံဆဲခဏမှ အသစ်,အသစ် ဖြစ်,ဖြစ်နေပုံကို ယုံကြည်ဘို့ရာ (ဥပမာ)အားဖြင့် ဘယ်လို ရှုမှတ် ပွါးများရပါသနည်း။ ။ (မေး)

(ခ) ယခင် သောတပသာဒ၌ ပြဆိုအပ်ခဲ့ပြီးသော ချောင်း, မြောင်းရေများ ဥပမာလိုပင် ယခုမြင်ဆဲရေကို ယခုမှလာဆဲရေဟု ရှုမှတ်သကဲ့သို့။ထို့အတူ ယခုနံဆဲခဏ၌ ဖြစ်သော နှာခေါင်း အကြည်သဘောသည် ယခုမှ အသစ်,အသစ် ဖြစ်သည် ဖြစ်သည်ဟု ရှုမှတ် ပွါးများရပါသည်။ ။(ထင်မြင်ခဲစွ)။ ။ (ဖြေ)

(အထူးအားပေး တိုက်တွန်းချက်)။

(၁) ဤ၌ နံဆဲခဏ ယခုပစ္စုပ္ပန် နံတိုင်း,နံတိုင်း အနံ့သဘော စိတ်သဘော ၂-ပါးရဲ့ ဖြစ်ပုံတို့ကိုထင်မြင်အောင် ရှုပွါးပြီးလျှင် စိတ်မလျော့ကြဘဲ နှာခေါင်းအကြည် ရုပ်ကို အမှန်မြင်အောင် ရှုပွါးကြစမ်းပါ။ ။

---

## ဃာနပသာဒအတွက် အဖြစ်သက်သက် ရှုပွါးနည်း။

(က) ယခုနံဆဲခဏ၌ဖြစ်သော နှာခေါင်းအကြည် သဘော၏ အဖြစ်သက်သက် ရှုပွါးပုံ အကျဉ်းချုပ်ကို ဖော်ပြပါ။ ။ (မေး)

(ခ) ယခု နှာခေါင်းဝသို့ ဆိုက်ရောက်လာသမျှသော အနံ့သဘောနှင့် ထိခိုက်ရာ ရင်းသဘောမျှကို သိသော ဃာနဝိညာဉ် စိတ်သဘော

၏ မှီရာတည်ရာ ဖြစ်သော နှာခေါင်းအကြည် ရုပ်သဘောသည် ယခုနံ့ဆဲခဏမှ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟုမထင်,ထင်အောင် ရှုပွါးရပါသည်။ ။(ဉာဏ်ဖြင့်မြင်ပါစေ)။ ။ (ဖြေ)

## နံ့ဆဲခဏ ၃-ပါးရုံ ရှုပွါးပုံ။

(က) ဤသို့ ပြခဲ့ပြီးသော နည်းများ အတိုင်း နှာခေါင်း အကြည်သဘောကို ရှုပွါးဆင်ခြင် ထင်မြင်ပြီးသော ယောဂီ ရှင်တို့မှာ ၃-ပါးရုံတို့ကို ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) နံ့တိုင်း,နံ့တိုင်း နှာခေါင်းအကြည်သဘော, အနံ့သဘော, အနံ့သိသောစိတ်သဘော ၃-ပါးရုံ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟု မထင်,ထင်အောင် ရှုပွါးရပါသည်။ ။ (ဖြေ)

(နံ့ဆဲခဏမြင်အောင်ရှုပွါးပါ)။

(အထူးသတိပေးချက်) အဖြစ် မြင်သူတို့ကား အပျက်ပါ ရှုကြပါလေ သူတော်တွေတို့။

## (အထူးမှာထား တိုက်တွန်းချက်)။

(၁) ဤသို့ ယခု ပစ္စုပ္ပန် နံ့တိုင်း, နံ့တိုင်းခဏတို့၌သာ ဤ ၃-ပါးရုံ အသစ်, အသစ် ဖြစ်,ဖြစ်နေပုံတို့ကို ယုံကြည်စွာ ရှုကြရမည်။ ။

(၂) ဤနည်း များအတိုင်း အမှန်မြင်ကြပါလျှင် ငါသည် နံ့သာဖြူ, နီ စသည်တို့ကို မွှေးရ၏, နံ့ရ၏။ မစင်,ခွေး, ပုပ်စသည်တို့ကို ပုပ်ရ၏, နံ့ရ၏ဟု စသဖြင့် (သက္ကာယဒိဋ္ဌိ)အမှားမိုးများကို တားဆည်းနိုင်ကြ၍ မင်္ဂ, ဖိုလ်, နိဗ္ဗာန်တိုင် လျှင်မြန်စွာ ပေါက်ရောက်နိုင်ခြင်း အကျိုးများစွာ ရှိပါသည်။ ။

(၃) ထို ၃-ပါးရုံမှာ (ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော)စသော ပါဠိတော်များကို ထောက်ဆကာ ယောဂီ ဉာဏ်မှာ ထင်မြင်လွယ်ရုံသာ ပြဆိုလိုက်ပါသည်။ ။ပဋ္ဌာန်း, ဝိဝိ နည်းများနှင့်ကား နဲနဲတော့ ရှေ့နောက်ကျပါသည်။ ။

(၄) ဤသို့ ၃-ပါးရုံ အဖြစ်တွေကို မရှုမမြင်သူတို့မှာ။ (ဃာနံ ဘိက္ခဝေ အာဒိတ္တံ) စသော ပါဠိတော်များကို ထောက်ဆကာ မီးအမျိုးမျိုး

ဘောအမျိုးမျိုးတွေမှ အမြဲတန်း မလွတ်ကြ၍။(ယထာဘူတ) ဉာဏ် ရအောင် မနေမနား ကြိုးစားကြပါ။ ။

(၅) ဤသို့မှ မထင်မမြင်နိုင်ကြပါလျှင် သိမြင်ပြီးသူများအား ရုံစမ်းမေးမြန်းကြပါလေ သူတော်ပဏ္ဍိတ်တွေတို့။ ။ (ဖြေ)

(အပြစ်မပြု အနှစ်ကိုသာ ရှုကြပါ)။

## ရုပ်နာမ် ဉာဏ်ဝိသုဒ္ဓိ ပရိညာ ခွဲပြခဏ်း။

(က) ဤသို့ နံဆဲခဏဌ် (ရုပ်, နာမ်, ဉာဏ်,ဝိသုဒ္ဓိ,ပရိညာ)တို့ကို ခွဲပြပါ။ ။ (မေး)

(ခ) နံဆဲခဏ နှာခေါင်း အကြည် သဘော အနံ့ သဘော တို့ကား (ရုပ်) တရားများ ဖြစ်ကြပါသည်။ ။ (ဖြေ)

(ဂ) ထို အနံ့သဘောကို သိသော စိတ်သဘောကား(နာမ်)တရား ဖြစ်ပါသည်။ ။ (ဖြေ)

(ဃ) ဤကား နာမ် ဤကားရုပ် ဟု နာမ်,ရုပ်တို့ကို ပိုင်းခြားစွာ သိခြင်းသည် (နာမရူပ ပရိစ္ဆေဒ) ဉာဏ် ဖြစ်ပါသည်။ ။ (ဖြေ)

(င) နံဆဲခဏတိုင်း,ခဏတိုင်းမှာ ဤလို နာမ်,ရုပ်ကို သိမြင်ခဲ့သော်ငါသည် ပန်းနံ့သာစသည်တို့ကို မွှေး၏။ ။မစင်ဘင်ပုပ်စသည်တို့ကို ပုပ်၏ နံ၏။ ။ဟူသော ထင်မြင်ယူမှား (သက္ကာယဒိဋ္ဌိ) များမှကင်းပျောက်၍ ဉာဏ် အမြင် စင်ကြယ် ခြင်းသည်။ (ဒိဋ္ဌိ ဝိသုဒ္ဓိ) ဖြစ်ပါသည်။ ။ (ဖြေ)

(စ) နံဆဲ ခဏတိုင်း, ခဏတိုင်းမှာ နာမ်,ရုပ်တို့၏ သဘော လက္ခဏာတို့ကို ကိုယ်ပိုင် ဉာဏ်ဖြင့် ပိုင်နိုင်စွာ သိမြင်ခြင်းသည်။ (ဉာတပရိညာ) ဖြစ်ပါသည်။ ။ (ဖြေ)

(အထူးနှိုးဆော်ချက်)။

(၁) ဤနေရာ၌လည်း အဟုတ်အမှန်သိမြင်ခဲ့လှ၍ မမြင်,မြင်အောင် ခွဲခြား၍ ရှုပွါးကြဖို့ရာ အထူးပင် နှိုးဆော်ရပြန်ပါသည်။ ။

(အထူးမေတ္တာ သတိပေးစာ)။

(၁) ဤသို့ ညွှန်ပြ အပ်ခဲ့ပြီးသော နည်းများအရ သဘောမကျကြ

၍ ဖြစ်စေ, လွဲမှား၍ ဖြစ်စေ ဤကျမ်းရေးသော ပုဂ္ဂိုလ်ထံသို့ ရုံစမ်း မေးမြန်းကြပါလျှင် မိမိသိသမျှတို့ကို မေတ္တာရှေ့ထားကာ ဖြေကြားပါ မည်။ ။

(၂) ဤသို့ အကျဉ်းအမြွက်မျှဖြင့် အကယ်၍ မသိမမြင် မထင်ကြ သေးပါလျှင် သောတပသာဒ စသည်တို့၌ ပြဆိုရေးသားအပ်ခဲ့ပြီးသော ဥပမာများ နည်းလမ်းများကိုပင် ပြန်လှန်ကာ ရှုပွါးကြပါလေ။ ။

(၃) ဤလောကကြီး၌ အချို့သော ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း ဆရာကြီးများပင် ပညတ်, ပရမတ်, ရုပ်ခတ်, နာမ်ခတ်များကို ကျွန စွာ မဟောပြကြပါ၍ အလွန့်အလွန် ရခဲ,တွေ့ခဲလှသော နည်းလမ်းမှန် များကို အဘိုးတန်မှန်း သိရှိ ရိပ်မိကြပါလျှင် ဤလိုတရား မျိုးများကို အမြတ်တန်း ဘတ်ရှုကြားနာလို ရှုပွါးလိုကြမည်ကား မလွဲကြပေ။ ။ထို့ ကြောင့် အဘိုး(အနဂ္ဃ) အတိုင်းမသိ ထိုက်တန်လှသော နည်းမှန်များ ကိုသာ အထူးစဉ်းစားကာ သတိထားကြပါလေ သူတော်တွေတို့။ ။

ဤတွင် ဃာနပသာဒ၌ အဖြစ်သက်သက် ပြခဏ်းပြီးပြီ။

---

## ဇိဝှါပသာဒအဖြစ်သက်သက်ပြခဏ်း။

### ပဋိညာဉ်။

(၁) စားဆဲ ခဏ အရသာ သဘောနှင့် အရသာသိသော စိတ်သ ဘောတို့ကို ပြဆိုပြီး၍ ယခုအခါ၌ ထိုစိတ်သဘော၏ တည်ရာမှီရာဖြစ် သော ဇိဝှါပသာဒခေါ် လျှာအကြည် သဘော၏ အဖြစ်အသက်သက် ကို ပြဆိုရေးသားပေအံ့။ ။

---

### ဇိဝှါပသာဒ မေးဖြေပုံ။

(က) စားဆဲခဏ၌ ဖြစ်သော အရသာ သဘောကို သိသော စိတ် သဘော၏တည်ရာမှီရာ(လျှာအကြည်)သဘောကို တွေ့မြင်လိုသူယော ဂီပုဂ္ဂိုလ်တို့မှာ လက်စသော အရသာ ရှိရာ တခုခုကို စားလျက် ကြည့် စမ်းပါ။ဘာကို တွေ့ပါသနည်း။ ။ (မေး)

(ခ) ယခုစားဆဲခဏာ အရသာ သဘောနှင့် အရသာကို သိသော စိတ် သဘောကို တွေ့ပါသည်။ ။ (ဖြေ)

(အထူးမှာထား တိုက်တွန်းချက်)။

(၁) ဤအခဏ်း၌လည်း အလွန်ကျယ်ဝန်းနေမှာစိုး၍ အကျဉ်းချုပ် မျှကိုသာ ရေးသားရပေမည်။ ။အကျယ် သိလိုလျှင် ပြခဲ့ပြီးသော သောတပသာဒ အခဏ်းတို့မှာ ယူကြပါ။ ။

(၂) လက်တွေ့ ဒိဋ္ဌ ဖြစ်ကြ ရအောင် စားလိုရာကို စားကြည့်ကြ စမ်းပါ။ ။

---

ဇိဝှါဝိညာဉ်၏တည်ရာ လျှာအကြည်ပြပုံ။

(က) ယခု စားဆဲ ခဏာ အရသာ သဘော မျှကို သိသော ဇိဝှါ ဝိညာဉ်စိတ် သဘောသည် အဘယ်ကိုမှီ၍ ဖြစ်ပါသနည်း။ ။ (မေး)

(ခ) လျှာအကြည်သဘောကို မှီ၍ဖြစ်ပါသည်။ ။ (ဖြေ)

(က) ထို လျှာအကြည် သဘောသည် ဘယ်အရပ်မှာ တည်ရှိပါ သနည်း။ (မေး)

(ခ) လျှာပြင်၏ အလယ်တည့်တည့်၌ ဖြတ်ထား အပ်သော ကြာ ရွက်ဖျားပုံသဏ္ဍာန်ရှိသော အရပ်၌ တည်ရှိပါသည်။ (ဖြေ)

(က) ယခု အရသာသဘောကို သိသော စိတ်သဘောသည် ၎င်း လျှာအကြည် ရုပ်သဘောထဲ၌ အမြဲတန်းတည်မှီနေပါသလား။ (မေး)

(ခ) ယခု စားဆဲအခိုက်၌ အရသာ သဘောနှင့် လျှာအကြည် သ ဘောတို့ ထိခိုက် တိုက်ဆိုင်မှသာ ၎င်းလျှာအကြည် သဘောကို မှီ၍ တည်၍ ဖြစ်ပါသည်။ ။ (ဖြေ)

(က) ဤ လျှာအကြည် သဘောကို မြင်အပ်, ကြားအပ်, စမ်းသပ် ၍ တွေ့အပ်ပါသလား။ ။ (မေး)

(ခ) မြတ်စွာဘုရားရှင်၏ မျက်စိတော်, နားတော်, လက်တော်တို့ ဖြင့် သော်လည်း မမြင် အပ်, မကြား အပ်, စမ်းသပ်၍လည်း မတွေ့ အပ်ပါ။ ။ (ဖြေ)

---

## ဘုရားရှင်၏ အလိုတော်ကျ ဖော်ပြချက်။

(က) မုဒေတ မုတမတ္တံ ဘဝိဿတိ။ ။ပါဠိတော်အရ အဘယ်သို့ မိန့်ဆိုတော်မူလိုပါသနည်း။ ။ (မေး)

(ခ) အရသာ တွေ့တိုင်း, တွေ့တိုင်း စားတွေ့ရုံမျှဟု ရှုမှတ်သူ ယောဂီပုဂ္ဂိုလ်တို့၏ဉာဏ်ဝ၌ စိတ်တည်စေ၍ အရသာသဘော, အရသာ သိသော စိတ်သဘော,၎င်းစိတ်သဘော၏တည်ရာမှီရာ လျှာအကြည် သဘော ဤ ၃-ပါးတို့၏ အသစ်,အသစ် ဖြစ်ခြင်းမျှပါတကားဟု ရှုပွါး ထင်မြင်လျှင် အမှား စင်ခြင်း အကျိုးငှါ မိန့်ဆိုတော် မူလိုရင်း ဖြစ် ပါသည်။ ။ (ဖြေ)

---

## ဇိဝှါပသာဒ၌ ပရမတ်ပညတ် ခွဲမှတ်ခေါ်။

(က) ယခု စားဆဲခဏ၌ ထင်ရှားရှိသော ဇိဝှါဓာတ်ကို (ပရမတ်, ပညတ်) ခွဲပြပါ။ ။ (မေး)

(ခ) ယခု စားဆဲခဏ၌ အရသာသဘောတို့၏ ထိခိုက်တိုက်ဆိုင် ရာ အရသာသိသော စိတ်သဘောတို့၏ မှီရာတည်ရာ သဘောသက္ကိ သည် (ပရမတ်)စစ်စစ် ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ဤ သဘောမျှကိုပင် လျှာအကြည်ဟူ၍၎င်း, ဇိဝှါပသာဒ ဟူ ၍၎င်း, ဇိဝှါဒွါရ ဟူ၍၎င်း, ဇိဝှါဝတ္ထုဟူ၍၎င်း ခေါ်ဆိုရသော အမည် နာမများသည်(ဝိဇ္ဇမာန) ပညတ်များ ဖြစ်ပါသည်။ ။(ကွဲခဲ့ပွ)။ (ဖြေ)

---

## လျှာအကြည်သဘောကို ယခုမှဖြစ်၏ဟုရှုပွါးရပုံ။

(က) ဤ လျှာအကြည်သဘောသည် အဋ္ဌကထာဆရာမြတ်၏အ လိုအားဖြင့် အမိဝမ်းတွင်း ပဋိသန္ဓေက စ၍ (ဒသမ သတ္တာဟ) ဖြစ် သော ရက်ပေါင်း (၇၀) အတွင်း၌ဖြစ်သည်။ ။မူလဋီကာဆရာမြတ် ၏ အလိုအားဖြင့် (ကောဒသမ သတ္တာဟ) မြောက် ၇၇-ရက်ကစ ၍ဖြစ်သည်။ဟုမိန့်ဆိုတော်မူကြပါလျက် ယခုစားဆဲခဏမှ အသစ်,အ သစ် ဖြစ်,ဖြစ်နေပုံကိုယုံကြည်ဘို့ရာ(ဥပမာ)အားဖြင့် အဘယ်သို့ရှုမှတ် ပွါးများရပါသနည်း။ ။ (မေး)

(ခ) ယခင် သောတပသာဒ၌ ပြဆိုအပ်ခဲ့ပြီးသော ချောင်း,မြောင်း ရေများ(ဥပမာ) လိုပင် ယခုမြင်ဆဲ ရေကို ယခုမှလာဆဲရေဟု ရှုမှတ် သကဲ့သို့ ထို့အတူ ယခုစားဆဲခဏ၌ ဖြစ်သော လျှာအကြည်သဘော သည် ယခုမှ အသစ်,အသစ် ဖြစ်သည်, ဖြစ်သည်ဟု ရှုမှတ်ပွါးများရ ပါသည်။ ။(မြင်ခဲ့၍)။ ။ (ဖြေ)

(အထူးသတိပေးတိုက်တွန်းချက်)။

(၁) ယခု ပစ္စုပ္ပန် စားဆဲခဏတိုင်းမှာ အရသာသဘော, စိတ်သ ဘော ၂-ပါး တို့ကို ထင်မြင် ပြီးလျှင် လျှာအကြည် သဘောကို မြင် အောင်ရှုပွါးပါ။ ။

(၂) ဤသို့ အမှန်သဘော မြင်လျှင် (တိဟိတ်)ပင် ဖြစ်၍ မလျှော့ တန်း ရှုပွါးကြစမ်းပါ။ ။

ဇိဥ္ပါပသာဒအတွက် အဖြစ်သက်သက်ရှုပွါးပုံ။

(က) ယခုစားဆဲခဏ၌ ဖြစ်သော လျှာအကြည်သဘော၏ အဖြစ် သက်သက်ကို ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ယခု လျှာအပြင်ပေါ်သို့ ဆိုက်ရောက်လာသမျှသော အရသာ သဘောနှင့် ထိခိုက်ရာ ၎င်းအရသာသဘောကိုသိသော စိတ်သဘော ၏ တည်ရာမှီရာ ဖြစ်သော လျှာအကြည် သဘောသည် ယခုစားဆဲ ခဏမှ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟု ရှုပွါးရပါသည်။ (ဖြေ)

လျှာအကြည်သဘောကို ဥပမာဖြင့်ရှုပွါးနည်း။

(က) အဘယ့်ကြောင့် လျှာအကြည်သဘောရှိ၍ ဖြစ်ကြောင်းကို သိ နိုင်ပါသနည်း။ ။ (မေး)

(ခ) အရပ်ဝေး၌ရှိသော မီးခိုးများကို့ မြင်ရသဖြင့် မီးကို မမြင်ရ သော်လည်း ဤအရပ်၌ မီးရှိ၏ဟု သိရသကဲ့သို့။ ထို့အတူ လျှာအ ကြည်ရုပ်သဘောကို မမြင်ရ သော်လည်း အရသာ သဘောကို သိ သော စိတ်သဘောကို သိမြင်ရသဖြင့် လျှာအကြည် သဘောသည်

လည်း အမှန်ရှိ၍ ဖြစ်,ဖြစ်နေပါတကား ဟု ရှုမြင်နိုင်ပါသည်။ ။(မြင်ခဲ၍ နာနာပွါးပါ)။ ။ (ဖြေ)

## စားဆဲခဏ၌ သုံးပါးခံ ရှုပွါးပုံ။

(က) ဤသို့သော လျှာအကြည် သဘောကို ထင်မြင်အောင် ရှုပွါးပြီးသော ယောဂီရှင်တို့မှာ ၃-ပါးရုံ ဖြစ်ပုံတို့ကို ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) စားတိုင်း,စားတိုင်း လျှာအကြည်သဘော, အရသာသဘော အရသာသိသော စိတ်သဘော ၃-ပါးရုံ အသစ်, အသစ် ဖြစ်,ဖြစ် နေပါတကားဟု မထင်,ထင်အောင် ရှုပွါးရပါသည်။ ။ (ဖြေ)

## (အထူးတိုက်တွန်း မှာထားချက်)။

(၁) ယခု ပစ္စုပ္ပန်စားဆဲခဏတိုင်းတို့၌ ဤ ၃-ပါးရုံတို့(အဖြစ်)တွေကို ထင်မြင်ကြပါလျှင် (အပျက်) ထင်မြင်ရန်လည်း မခဲယဉ်းသည့်အပြင် (သဏ္ဍာယဒိဋ္ဌိ) ကင်းပျောက်၍ လက္ခဏာရေး ၃-ပါးလုံးပင် ထင်မြင်လွယ်နိုင်ကြမည်ဖြစ်ပါ၍ စိတ်မလျှော့ဘဲ မြဲမြဲစွာရှုပွါးကြပါ။ ။

(၂) ဤလို ထင်မြင် ပါလျှင် (ယထာဘူတ) ဉာဏ်ကို ရ၍ ငါစားသည်,သောက်သည်, ချို,ချဉ်, စပ်,ငန်, ဖန်,ခါး တို့ကိုပင် အာရုံမပြုဘဲ၍ ၃-ပါးရုံတို့၏ အဖြစ်တွေကိုသာ အာရုံပြုကြပါ။ ။

(၃) ဤမျှဖြင့် မထင်မြင်ကြ သေးလျှင် ထင်မြင်ပြီးသူ ယောဂီပုဂ္ဂိုလ်တို့ကို မေးမြန်းကြပါလေ သူတော်တွေတို့။ ။

## ရုပ် နာမ် ဉာဏ် ဝိသုဒ္ဓိ ပရိညာ ခွဲပြခဏ်း။

(က) ယခု စားသောက်ဆဲ ခဏ၌ (ရုပ်,နာမ်, ဉာဏ်,ဝိသုဒ္ဓိ,ပရိညာ) တို့ကို ခွဲပြပါ။ ။ (မေး)

(ခ) ယခု စားသောက်ဆဲခဏ လျှာအကြည်သဘော, အရသာသဘောကား (ရုပ်)တရား ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ၎င်းအရသာသဘောကို သိသော စိတ်သဘောကား(နာမ်) တရား ဖြစ်ပါသည်။ ။ (ဖြေ)

(ဃ) ဤကား နာမ် ဤကား ရုပ်ဟု နာမ်နှင့် ရုပ်တို့ကို ပိုင်းခြားစွာ သိခြင်းသည် (နာမရူပပရိစ္ဆေဒ) ဉာဏ် ဖြစ်ပါသည်။ ။ (မေး)

(င) ဤလိုစားဆဲခဏတိုင်းတို့မှာ ဟုတ်မှန်သော ရုပ်,နာမ်တို့ကိုသိ ဖြင်ပါလျှင် ငါသည် ချို,ချဉ်စသည်တို့ကို စားသည်,သောက်သည်။ ။ ဟူသော ထင်မြင်ယူမှား (သက္ကာယဒိဋ္ဌိ) များမှကင်းပျောက်၍ ဉာဏ် အမြင်စင်ကြယ်ခြင်းသည်။ (ဒိဋ္ဌိဝိသုဒ္ဓိ) ဖြစ်ပါသည်။ ။ (မေး)

(စ) စားသောက်ဆဲ ခဏတိုင်းတို့မှာနာမ်,ရုပ်တို့၏ သဘောလက္ခဏာတို့ကို ကိုယ်ပိုင် ဉာဏ်ဖြင့် ပိုင်နိုင်စွာ သိမြင်ခြင်းသည် (ဉာတပရိညာ) ဖြစ်ပါသည်။ ။(သိမြင်ခဲ့စွ)။ ။ (မေး)

(အထူးမှာထား တိုက်တွန်းချက်)။

(၁) ဤ ၃-ပါးရုံ ရှုပွါးရာ၌ (ဖိဉ္ဉ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါ ဝိညာဏံ။ တိဏ္ဏံသင်္ဂတိ ဖဿော)။ ။စသော ဘုရားဟောနှင့် အညီ (ဝိထိ)နည်းအားဖြင့် ၃-ပါးရုံ မပြိုင်သော်လည်း ယောဂိဉာဏ်၌ ရှုပွါး လွယ်စေခြင်းအကျိုးငှါ ရေးသားပြဆိုလိုက်ပါသည်။ ။

(၂) ၃-ပါးရုံတို့၏ အဖြစ်, အပျက်တို့ကိုမှ မထင် မြင်ကြပါလျှင် (တဏှာ,မာန,ဒိဋ္ဌိ) စသော မီးဘေး အမျိုးမျိုးတွေနှင့် မုချကေန် ခံစားကြရပေတော့မည်။ ။

(၃) သို့ဖြစ်၍ ခက်သည်, လွယ်သည်ဟု စိတ်သဘော မထားကြဘဲ လေးလေးနက်နက်ကြီး ယုံကြည်စွာ ရှုပွါးကြစမ်းပါ။ ။

(၄) ဤ ၃-ပါးရုံ (အဖြစ်) သက်သက်ကိုသာ ပြဆိုပါသော်လည်း ဉာဏ်ကြီးသူတို့မှာ (အပျက်) တွေကိုပါ ရှုပွါးကြပါလေ။ ။

(၅) ဤမျှနှင့် မထင်မမြင်နိုင်ကြသောသူတို့အား လက်တွေ့ဒိဋ္ဌ ဆွဲကိုင်ပြသလို ထင်မြင်အောင် ပြလိုက်ချင်လှပေသည်။ ။

(၆) အချို့နေရာ၌ အကျယ်ရေးပြလိုသော်လည်းနားလည်လောက်ပြီ ဖြစ်၍ရင်း, ကျမ်းလေးမှာစိုး၍ရင်း အကျဉ်း အဖွက်မျှသာ ရေးပြလိုက်ရပါသတည်း။ ။

ဤတွင် ဇိဝှါပသာဒဒွါရ အဖြစ်သက်သက် ပြခဏ်းပြီးပြီ။

# ကာယပဿာဒ အဖြစ်သက်သက်ပြခဏ်း။

## ပဋိညာဉ်။

(၁) တွေ့ထိဆဲခဏ အတွေ့ သဘောနှင့် အတွေ့သိသော စိတ်သဘောတို့ကို ပြဆိုပြီး၍ ယခုအခါ၌ ၎င်းစိတ်သဘော၏ တည်ရာ မှီရာဖြစ်သော ကာယပသာဒခေါ် ကိုယ်အကြည် သဘော၏ အဖြစ်သက်သက်ကို ရေးသားပြဆိုပေအံ့။ ။

### ကာယပသာဒ မေးဖြေပုံ။

(က) တွေ့ဆဲ ခဏ အတွေ့ သဘောကို သိသော စိတ်သဘော၏ တည်ရာ မှီရာ(ကိုယ်အကြည်)သဘောကို တွေ့မြင်လိုသူ ယောဂီပုဂ္ဂိုလ်တို့မှာ လက်ဖြင့် ဖျာစသည်တို့ကို ကိုင်တွယ် စမ်းသပ်ကြည့်စမ်းပါ။ ဘာကို တွေ့မြင် ပါသနည်း။ ။ (မေး)

(ခ) ယခု တွေ့ဆဲ, ကိုင်ဆဲ ခဏမှာ အတွေ့ သဘောနှင့် အတွေ့ကို သိသော စိတ်သဘောကို တွေ့မြင်ပါသည်။ ။ (ဖြေ)

### (အထူးမှာထားအိုက်တွန်းချက်)။

(၁) ဉာဏ်ဖြင့် တွေ့မြင်အောင် စိတ်ကို တည်၍သာ ရှုပွါးရမည်။ ။

(၂) ယခုပစ္စုပ္ပန် ဖြစ်ရှိဆဲသော အတွေ့သဘော စိတ်သဘောတို့ကိုသာ ရှုပွါးပါ။ ။

### ကာယဝိညာဉ်၏ တည်ရာကိုယ်အကြည်ပြပုံ။

(က) ယခုကိုင်တွေ့ဆဲခဏ အတွေ့ သဘောမျှကို သိသော ကာယဝိညာဉ် စိတ်သဘောသည် အဘယ်ကိုမှီ၍ ဖြစ်ပါသနည်း။ ။

(ခ) ကိုယ်အကြည်သဘောကိုမှီ၍ ဖြစ်ပါသည်။ ။ (ဖြေ)

(က) ထို ကိုယ်အကြည် သဘောသည် ဘယ်အရပ်မှာ တည်ရှိပါသနည်း။ ။ (မေး)

(ခ) ဆံပင်,အမွေး,ခြေသဲ, လက်သဲ,သွား,အရေပါး, အခြောက်,အဖျားတို့ကို ချန်ထား၍ ကြွင်းကျန်သော တကိုယ်လုံး ရှိရှိသမျှ (ကမ္ဘ၈

တေဇော)ခါတ်တို့၏ ပျံ့နှံ့၍ တည်ရာဌာနများ၌ တည်ရှိပါသည်။(ဖြေ)
(က) ယခု အတွေ့ သဘောကို သိသော စိတ်သဘောသည် ကိုယ်အကြည်သဘောထဲ၌ အမြဲတန်း တည်မှီနေပါသလား။ ။ (မေး)
(ခ) ယခု တွေ့ထိဆဲ အခိုက်၌ အတွေ့သဘောနှင့် ကိုယ်အကြည်သဘောတို့ ထိခိုက် တိုက်ဆိုင်မှသာ ၎င်းကိုယ်အကြည် သဘောကို မှီ၍ တည်၍ ဖြစ်ပါသည်။ ။ (ဖြေ)

**ထို့ကြောင့်။**

(ဂ) ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။ ။ဟု ဘုရားရှင် ဟောပြတော်မူပါသည်။ ။ (ဖြေ)
(က) ဤကိုယ်အကြည် သဘောကို မြင်အပ်,ကြားအပ်, စမ်းသပ်၍ တွေ့အပ်ပါသလား။ ။ (မေး)
(ခ) မြတ်စွာဘုရားရှင်၏ပကတိမျက်စိတော်,နားတော်,လက်တော် စသည်တို့ဖြင့်သော်သည်း မမြင်အပ်,မကြားအပ်,မတွေ့အပ်ပါ။ ။(ဖြေ)

---

**ဘုရားရှင်၏ အလိုတော်ကျ ပေါ်ပြချက်။**

(က) မုတေ မုတမတ္တံ ဘဝိဿတိ။ ။ပါဠိတော် အရအဘယ်သို့ မိန့်ဆိုတော်မူလိုပါသနည်း။ ။ (မေး)
(ခ) အတွေ့ သဘောတို့ကို ကိုင်တွေ့တိုင်းတို့မှာ ကိုင်ထိ တွေ့ရုံမျှဟု ရှုမှတ်သူယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်ဝ၌ စိတ်ကိုတည်စေပြီးလျှင် အတွေ့သဘော, စိတ်သဘော,၎င်းစိတ် သဘော၏ တည်ရာ မှီရာ ကိုယ်အကြည်သဘော ဤ ၃-ပါးတို့၏ အသစ်,အသစ် ဖြစ်ခြင်းမျှပါတကားဟု ရှုပွါးထင်မြင်လျှင် အမှားစင်ခြင်း အကျိုး၌။ မိန့်ဆိုတော် မူလိုရင်းဖြစ်ပါသည်။ ။ (ဖြေ)

**ထို့ကြောင့်။**

(ဂ) ဘူတံ ဘူတတော ပဿတိ။ ။ဟု ဟောတော် မူရပြန်ပါသည်။ ။ (ဖြေ)
(ထင်ရှားရှိသော သဘောတို့ကိုသာ ရှုပွါးရမည်ဟူလို)။ ။
(က) (ဂ) အနက်တို့မှာပေးခဲ့ပြီ။ ။

## ကာယခေတ်၌ ပရမတ် ပညတ် ခွဲမှတ်ခန်း။

(က) ယခုတွေ့ထိဆဲခဏ၌ ထင်ရှားရှိသော ကာယခေတ်ကို (ပရမတ်,ပညတ်)ခွဲပြပါ။ ။ (မေး)

(ခ) ယခု တွေ့ထိဆဲ ခဏ၌ အတွေ့ သဘောတို့၏ ထိခိုက် တိုက်ဆိုင်ရာ အတွေ့ သဘောကိုသိသော ကာယဝိညာဉ်စိတ်သဘောတို့၏ မှီရာတည်ရာ သဘောသတ္တိသည် (ပရမတ်)စစ်စစ် ဖြစ်ပါသည်။(ဖြေ)

(ဂ) ၎င်း သဘောမျှကိုပင် ကိုယ်အကြည် ဟူ၍၎င်း,ကာယပသာဒ ဟူ၍၎င်း, ကာယဒွါရဟူ၍၎င်း, ကာယဝတ္ထုဟူ၍၎င်း, ရုပ်ဟူ၍၎င်း, ပရမတ် ဟူ၍၎င်း, သင်္ခါရဟူ၍၎င်း, ခေါ်ဆိုရသော အမည် နာမများကား (ဝိဇ္ဇမာန) ပညတ်များ ဖြစ်ပါသည်။ ။(ကွဲခဲစွ)။ ။ (ဖြေ)

### ဆောင်ပုဒ်ကဗျာ။

(၁) ပရမတ်,ပညတ်၊ခွဲသိတတ်၊ရုပ်ခေတ်နာမ်ခေတ်မြင်။ ။
(၂) မှီရာသဘော၊ဉာဏ်မှာစော၊ရုပ်ဟောပရမတ်ထင်။ ။
(၃) ပရမတ်ရှိ၊ ခေါ်မရှိ၊ မှားသိ(ဒိဋ္ဌိ)ဝင်။ ။
(၄) (ဝိဇ္ဇမာန) နိုက်ယူရ၊ (အဝိဇ္ဇမာန)မရမြင်။ ။
(၅) နာကြား,ဘတ်ရုံ၊ ကြံတွေးရုံ၊ ရှိပုံဉာဏ်မထင်။ ။
(၆) ပစ္စုပ္ပန်၌၊ဖြစ်ပေါ်ခိုက်၊ဉာဏ်လိုက်ရှုပွါးမြင်။ ။
(၇) ပရမတ်ပညတ်၊မသိတတ်၊ ဖိသုဉ်ဒုက္ခစဉ်။ ။

### ကိုယ်အကြည်ခေတ်ကို ဥပမာဖြင့် ရှုမှတ်ပွါးပုံ။

(က) ထို ကိုယ်အကြည် သဘောကို (ဥပမာ) အားဖြင့် ဘယ်လို ရှုမှတ် ပွါးများရပါသနည်း။ ။ (မေး)

(ခ) ၎င်းလောက၌ စက္ကူပါးကပ်၍ ဆီအနံ့အပြားတည်ရှိသော(မုံ့ဆီကြော်ရုပ်ကြီး)ကို လက်စသည့်တို့ဖြင့် မတွေ့အပ် သော်လည်း ဆီများရှိ၏ဟု သိမှတ်ရသကဲ့သို့၎င်း။ ။

(ဂ) ပြာဖုံးသော(မီးကြီး)ချား၌ မီးများကို မမြင်ရသော်လည်း အပူငွေ့ကို တွေ့ရသဖြင့် မီးရှိ၏ဟု သိမှတ်ရသကဲ့သို့၎င်း။ ။

(ဃ) လေတိုက်ကို မမြင်ရသော်လည်း လေတိုက်၍ ဖြစ်သော အပူ, အအေး, ဓာတ်ကို တွေ့ရသဖြင့် ဤအရပ်၌ လေရှိ၏ဟု သိမှတ် ရသကဲ့သို့ရင်း။ ။

(င) ထို့အတူ ဤကိုယ်အကြည်သဘောကို ပကတိမျက်စိစသည်တို့ဖြင့် မမြင်, မတွေ့ရသော်လည်း အတွေ့ သဘောကို သိသော စိတ်သဘောကို ဉာဏ်ဖြင့် တွေ့မြင်ရသောကြောင့် ၎င်းကိုယ်အကြည်သဘောသည် ထင်ရှားရှိ၍အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟုဉာဏ်စက္ခုဖြင့် ရှုပွါးရပါသည်။ ။ (ဖြေ)

## (အထူးသတိပေးချက်)။

ဤစာဆိုတိုင်း အကြွေး မထားကြဘဲ မထင်, ထင်အောင် ဥပမာဆောင်ကာ ရှုပွါးကြရမည်။ ။(မြင်ခဲ့ပွဲ)။ ။

## ထို့ကြောင့်။

(စ) ယထာနာမ ပုရိသော အန္ဓကာရေ ဂေဟေ ဿပ္ပံ ဒိသွာ တံ အနုဗန္ဓမာနော တဿ အာသယံ ပဿတိ။ ဧဝမေဝ အယမ္ပိ ယောဂါဝစရော တံ နာမံ ဥပပရိက္ခန္တော ဣဒံ နာမံ ကိံ နိဿာယ ပဝတ္တတီတိ ပရိယေသမာနော တဿ နိဿယံ ရူပံ ပဿတိ။ ။အစရှိသည်ဖြင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာ မိန့်မှာတော်မူပါသည်။ ။ (ဖြေ)

(စ) (ယထာနာမ) လောကီအရာ၌ဥပမာမည်သည်ကား။ (ပုရိသော) မြွေရှာသောယောကျ်ားသည်။ (အန္ဓကာရေဂေဟေ) အိမ်တွင်းဝ၌။ (သပ္ပံ) မြွေကို။ (ဒိသွာ)မြင်သည်ရှိသော်။ (တံ) ထိုပြေးသွားသော မြွေ၏နောက်သို့။ (အနုဗန္ဓမာနော) အစဉ်လျှောက်ခါ။ လိုက်ရှာဖွေသည်ရှိသော်။(တဿ)ထိုမြွေ၏။ (အာသယံ)တည်နေရာကို။(ပဿတိယထာ) ရှုမြင်ရသကဲ့သို့။ (ဧဝမေဝ ဧဝံတထာ) ထိုမြွေရှာနည်းအတူသာလျှင်။ (အယမ္ပိယောဂါဝစရော) ဤဝိပဿနာ ကမ္မဋ္ဌာန်း အလုပ်ကို။ ကြိုးစားအားထုတ်သော။ ယောဂါဝစရပုဂ္ဂိုလ်မြတ်သည်လည်း။ (တံနာမံ)ထိုနာမ်ကို။ (ဝါ) ထိုအတွေ့သဘောကို သိသော စိတ်သဘောကို။ (ဥပပရိက္ခန္တော) မတွေ့မနေဟု။ ရုံစမ်း ရှာဖွေသည်ရှိသော်။ (ဣဒံနာမံ)ဤနာမ်သည်။ (ဝါ)ဤကာယဝိညာဉ် စိတ်သဘောသည်။ (ကိံ) အဘယ်

ရုပ်တရားကို။(နိဿာယ)အမှီပြု၍။ (ပဝတ္တတိ) ဖြစ်ပေါ်လာပေသနည်း။ (ဣတိ) ဤသို့။ (ပရိယေသမာနော) ထက်ဝန်းကျင်မှ။ ရှာဖွေသည် ရှိ သော်။(တဿ)ထိုနာမ်တရား၏။ (ဝါ)ထိုအတွေ့သဘောကို သိသော။ ကာယဝိညာဉ် စိတ်သဘော၏။(နိဿယံ)မှီရာတည်ရာဖြစ်သော။(ရူပံ) ရုပ်ကို။ (ဝါ)ကိုယ်အကြည်သဘောကို။ (ပဿတိ)ဉာဏ်စက္ခုဖြင့်။ ရှု မြင်ရပေ၏။ ။(အဓိပ္ပါယ်သိလွယ်ပြီ)။ ။

## ကိုယ်အကြည်သဘော ယခုမှဖြစ်၏ဟု ရှုပွါးရပုံ။

(က) ဤသို့ရှုမြင်ပါလျှင် ယခု ကိုင်တွေ့ဆဲ ခဏ၌ ထင်ရှားရှိသော ကိုယ်အကြည်သဘောသည်ဘယ်အခါ၌ဖြစ်ပေါ်လာပါသနည်း။(မေး)

(ခ) ဣမေ ဓမ္မာ အနုပ္ပန္နပုဗ္ဗာ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာ နိရုဇ္ဈန္တိ။ နိစ္စနဝါဝ ဟုတွာ သင်္ခါရာ ဥပဋ္ဌဟန္တိ။ ။အစရှိသော ပါဠိကို ထောက်ဆ၍ ယခုကိုင်တွေ့ဆဲခဏတိုင်း၌သာ ရှေးကမဖြစ်ဘူးဘဲ အသစ်,အသစ် ဖြစ် ပေါ်,ဖြစ်ပေါ် လာပါသည်။ (ဖြေ)

(ခ) (ဣမေဓမ္မာ)ဤရုပ်,နာမ်တရားတို့သည်။(အနုပ္ပန္နပုဗ္ဗာ)မဖြစ်ဘူး ကုန်ဘဲ။ (ဥပ္ပဇ္ဇန္တိ) အကြောင်း အားလျော်စွာ။ ဖြစ်ပေါ်လာ ကုန်၏။ (ဥပ္ပန္နာစ)ဖြစ်ပြီးသော သဘောတို့ သည်လည်း။ (နိရုဇ္ဈန္တိ) ချုပ်ပျက် ကြကုန်၏။ (သင်္ခါရာ)ရုပ်,နာမ်ဓမ္မ။ သင်္ခါရ တရားတို့သည်။ (နိစ္စနဝါဝ) အမြဲမပြတ်။အထပ်ထပ်ဖြစ်ကြသော။ အသစ်,အသစ်တို့သည်သာလျှင်။ (ဟုတွာ) အကြောင်း တိုက်ဆိုင်ကာ။ ဖြစ်ပေါ်လာကုန်၍။ (ဥပဋ္ဌဟန္တိ) ယောဂီဉာဏ်ဝယ်။ထင်မြင်လာကြကုန်၏။ ။

## ကာယပသာဒကို ပုံပြ၍ ယခုမှဖြစ်၏ဟု ရှုပွါးရပုံ။

(က) ဤ ကိုယ်အကြည်သဘောမှာ အမိဝမ်းတွင်း၌ ပဋိသန္ဓေစိတ် နှင့် မရှေးမနှောင်း တပြိုင်နက် တချက်ထည်း ခဏမှာဖြစ်၏ဟု ကျမ်း ဂန်တို့၌ မိန့်ဆိုတော်မူကြပါလျက် ယခုမှ အသစ်, အသစ် ဖြစ်ပုံကို ယုံ ကြည်ဘို့ရာ(ဥပမာ)ဖြင့်ပြပါ။ (မေး)

(ခ) ဤလောက၌ အစဉ်မပြတ် ရွာနေသော မိုးယံ;ပေါက် များကို

ယခု ယနေ့တိုင် ၇-ရက်ရှိပြီဟု ပြောဆိုထင်မှတ်ကြသော်လည်းမြင်ဆဲ ခဏ ဥာဏ်ရှိသူမှာ ယခုမှကျရောက်သော မိုးလုံးပေါက် ပါတကားဟု ထင်ရှားစွာ သိမြင်သကဲ့သို့။ထို့အတူ အမိဝမ်းတွင်းကစ၍ ဖြစ်ခဲ့သော ကိုယ်အကြည် သဘောတို့ကား ဖြစ်ပြီးလျှင် ပျက်,ပျက် လာခဲ့၍ ယခု တွေ့ထိဆဲခဏမှ ဖြစ်သော ကိုယ်အကြည်သဘောကား ယခုမှအသစ်, အသစ် ဖြစ်,ဖြစ်နေပါတကားဟု ရှုမှတ်ပွါးများရပါသည်။ ။ (ဖြေ)

ထို့ကြောင့်။

(ဂ) ဓာတံ ရူပံ ပစ္စုပ္ပန္နံ။တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။ ။ဟု မိန့်ပါသည်။ ။(အနက်မှာပေးခဲ့ပြီ)။ ။ (ဖြေ)

---

## ကာယပဿာဒအတွက် အဖြစ်သက်သက် ရှုပွါးပုံ။

(က) ယခု တွေ့ဆဲခဏ၌ ဖြစ်သော ကိုယ်အကြည် သဘော၏ အဖြစ်သက်သက်ကို ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ယခု ဖျာ,အဝတ်, လက် စသည်တို့၏ အတွေ့သဘောနှင့် ထိခိုက်တိုက်ဆိုင်ရာ ၎င်းအတွေ့သဘောကို သိသော စိတ်သဘော၏ မှီရာတည်ရာ ဖြစ်သော ကိုယ်အကြည် သဘောသည် ယခု တွေ့ထိဆဲခဏမှ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟု ရှုပွါးရပါသည်။ (ဖြေ)
(အကြည်သဘောအဖြစ်ကို မြင်အောင်ပွါး)။

---

## တွေ့ဆဲခဏ သုံးပါးစုံ ရှုပွါးပုံ။

(က) ဤသို့သော ကိုယ်အကြည် သဘောကို ရှုပွါး ထင်မြင်ပြီးသော ယောဂီရှင် တို့မှာ ၃-ပါးစုံ ဖြစ်ပုံကို ဘယ်လို ရှုပွါးရ ပါမည်နည်း။ ။ (မေး)

(ခ) တွေ့တိုင်း,တွေ့တိုင်း ကိုယ်အကြည်သဘော,အတွေ့သဘော ၎င်းအတွေ့ သိသော စိတ်သဘော ၃-ပါးစုံ အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကားဟု မထင်,ထင်အောင် ရှုပွါးရပါသည်။(ထင်ခဲ့စွ)။ (ဖြေ)

(အထူးမှာထားသတိပေးချက်)။

(၁) ဤ ၃-ပါးရုံ ရှုပွါးသင့်ပုံမှာ (ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော) ဟူသော ဘုရားဟောနှင့်အညီ ရှုပွါးရသည်။ ။

(၂) ဤလောကန္ဒ နံ့သာဖြူ, နီ ကရမက်တို့ဖြင့် ရောစွက်၍ လိမ်းကျံသူမှာ တမျိုးစီခွဲခြား၍ မမှတ်တော့ဘဲ ၃-မျိုးရုံ ရှိသော အနံ့ သာမည ဟူ၍သာ မှတ်ထင်ရသကဲ့သို့။ ထို့အတူ ယောဂီဖြူ တို့မှာ မိမိ၏ လက်စသော ကိုယ် အင်္ဂါကြီး,ငယ်တို့ဖြင့် တွေ့တိုင်း, တွေ့တိုင်းသော အရာဌာနတို့၌ ကိုယ်အကြည်သဘော တပါး, အတွေ့သဘောတပါး, စိတ်သဘောတပါး အားဖြင့် ခွဲခြား၍ မရှုမမှတ်တော့ဘဲ တွေ့ရှိသော အတိုင်းသာ ၃-ပါးရုံ အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကားဟု အစဉ် တစိုက် ဉာဏ်ဖြင့်လိုက်ကာ ရှုပွါးကြပါလေ။ ။

(၃) ဤသို့ ထင်မြင် ကြပါလျှင် လက်ဖြင့် ကိုင်တွေ့ထိ သည်။ ယောကျ်ား,မိန်းမ,တုန်း,တိုင် စသည်တို့ကို ကိုင်တွေ့ထိသည် စသော အထင်မှား,အမြင်မှား(သက္ကာယဒိဋ္ဌိ) များမှ ကင်းပျောက်ကြ၍ မိမိတို့ ပါရမီအားလျော်စွာ လိုရာခရီး မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ပေါက်ရောက်ရနိုင် ကြပေမည်။ ။သို့ရာတွင် (အဖြစ်) မြင်ပြီးသူမှာ (အပျက်) တွေကိုပါ ရှုပွါးကြပါလေ သူတော်ပဏ္ဍိတ်တွေတို့။ ။

---

ရုပ် နာမ် ဉာဏ် ဝိသုဒ္ဓိ ပရိညာ ခွဲပြခဏ်း။

(က) ယခု တွေ့ဆဲခဏ၌ (ရုပ်,နာမ်, ဉာဏ်, ဝိသုဒ္ဓိ,ပရိညာ) တို့ကို ခွဲပြပါ။ ။ (မေး)

(ခ) ယခု တွေ့ဆဲခဏ ကိုယ်အကြည် သဘော, အတွေ့သဘော ကား (ရုပ်) တရားဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ၎င်းအတွေ့သဘောကို သိသော ကာယဝိညာဉ်စိတ်သဘော ကား (နာမ်) တရားဖြစ်ပါသည်။ ။ (ဖြေ)

(ဃ) ဤကား နာမ် ဤကား ရုပ်ဟု နာမ်နှင့် ရုပ်တို့ကို ပိုင်းခြားစွာ သိခြင်းသည် (နာမရူပပရိစ္ဆေဒ) ဉာဏ်ဖြစ်ပါသည်။ ။ (ဖြေ)

(ထင်မြင်ခဲစွ)။

(င) ဤလို တွေ့ဆဲ ခဏတိုင်းတို့မှာ ဟုတ်မှန်သောရုပ်, နာမ်တို့ကို သိမြင်ပါလျှင် ငါသည် လက်,ခြေ,ဦးခေါင်း,နား,နှာခေါင်းတို့ကို ကိုင်တွေ့သည်, ယောကျ်ား,မိန်းမ, တုန်း,တိုင် စသည်တို့ကို ကိုင်တွေ့သည် စသော ထင်မြင်မှတ်မှား (သက္ကာယဒိဋ္ဌိ)များမှ ကင်းပျောက်၍ ဉာဏ်အမြင်စင်ကြယ်ခြင်းသည် (ဒိဋ္ဌိဝိသုဒ္ဓိ)ဖြစ်ပါသည်။ ။(စင်ကြယ်ခဲ့စွ)။(ဖြေ)

(စ) တွေ့ထိဆဲခဏတိုင်းတို့မှာ ရုပ်,နာမ်တို့၏ သဘောလက္ခဏာတို့ကို ကိုယ်ပိုင် ဉာဏ်ဖြင့် ပိုင်နိုင်စွာ သိခြင်းသည် (ဉာတပရိညာ) ဖြစ်ပါသည်။ ။(အဟုတ်မြင်လျှင် တိဟိတ်ပင်)။ ။ (ဖြေ)

---

## အထူးမေတ္တာ သြဝါဒကထာ။

(၁) ဤသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းများအတိုင်း ဟုတ်မှန်စွာ ထင်မြင်အောင် ရှုပွါးကြပါ။ ။

(၂) အကယ်၍ မထင်မြင်ကြပါသေးလျှင် တခဏ်းမှ တခဏ်းသို့ ကူသန်းကာ ဘတ်ရှုကြ၍ ဉပမာ အကျယ်ပြအပ်သော အခဏ်းနည်းများအတိုင်းလိုပင် ရှုပွါးကြပါလေ။ ။

(၃) အချို့နေရာများ အထပ်ထပ်ရေးပြရခြင်းမှာ (ပုနရုတ္တိဒေါသ) ဖြစ်သင့်သော်လည်း ဉာဏ်လေးသူတို့အား နားမလည်မှာ မသိမမြင်မှာကို စိုးရိမ်၍ ရေးပြရပါသည်။ ။

(၄) အချို့နေရာများ၌ကား သိသာထင်မြင်လောက်ပြီဖြစ်၍ ကျမ်းကြီးလေမှာစိုး၍ ထူးရာမျှကိုသာ ရေးသား ပြဆိုထားရပါသည်။ ။

(၅) ဤသို့ ရေးပြအပ်သောနည်းများနှင့်မှ မသိမမြင်နိုင်ကြပါမူ သိပြီးသူ ယောဂီဗြူတို့အား စုံစမ်းမေးမြန်းကြပါလေ။ ။

(၆) အကယ်၍ အပြစ်မရှုကြဘဲ အချစ်, အနှစ်ကိုသာ ရှုမှတ်ပွါးများလိုကြရိုး မှန်ကြပါလျှင် မည်သူမဆို ဤကျမ်းရေးသော ပုဂ္ဂိုလ်ထံသို့ စာနှင့်ဖြစ်စေ, ကိုယ်တိုင်ဖြစ်စေ မေးမြန်း နိုင်ပါသည် သူတော်ပဏ္ဍိတ်တွေတို့။ ။

ဤတွင် ကာယပသာဒ၌ အဖြစ်သက်သက် ပြခဏ်းပြီးပြီ။

---

# စက္ခုပသာဒအဖြစ်သက်သက်ပြခဏ်း။

## ပဋိညာဉ်။

(၁) မြင်ဆဲခဏ အဆင်း သဘောနှင့် အဆင်း သိသော စိတ်သဘောတို့ကို ပြဆိုပြီး၍ ယခု အခါ၌ ၎င်းစိတ်သဘော၏ တည်ရာ မှီရာဖြစ်သော စက္ခုပသာဒခေါ် မျက်စိ အကြည် သဘော၏ အဖြစ် သက်သက်ကို ပြဆိုရေးသားပေအံ့။ ။

---

### စက္ခုပသာဒ မေးဖြေပုံ။

(က) မြင်ဆဲ ခဏ အဆင်း သဘောကို သိသော စိတ် သဘော၏ တည်ရာမှီရာ (မျက်စိအကြည်) သဘောကို တွေ့မြင်လိုသူ ယောဂီပုဂ္ဂိုလ်တို့မှာ မိမိ၏မျက်တောင် အစွန်းအဖျားကစ၍ ရှေးရှုတူရူအရပ်မှာ ရှိသမျှသော အဆင်းသဘောတွေကို အာရုံပြုကာ ကြည့်ရှုစမ်းပါ။ဘာကိုတွေ့မြင်ပါသနည်း။ ။ (မေး)

(ခ) ယခု မြင်ဆဲခဏမှာ အဆင်း သဘောနှင့် အဆင်းသဘောကို သိသော စိတ်သဘောတို့၏ ဖြစ်ရှိသည်များကို တွေ့မြင်ပါသည်။ (ဖြေ)

### (အထူးသတိပေးချက်)။

(၁) ဤသို့သော အဆင်းသဘောနှင့် စိတ်သဘောတို့၏ အဖြစ်ကို အာရုံပြုကာ စိတ်တည်လာလျှင် မျက်စိအကြည်သဘောကို ဉာဏ်မြင်ပါလိမ့်မည်ဖြစ်၍ အထူးသတိပြုကာ ရှုပွါးကြစမ်းပါ။ ။

---

### စက္ခုဝိညာဉ်၏တည်ရာ မျက်စိအကြည်ပြပုံ။

(က) ယခု မြင်ဆဲခဏ အဆင်းသဘောမျှကို သိသောစက္ခုဝိညာဉ်စိတ်သဘောသည် အဘယ်ကိုမှီ၍ ဖြစ်ပါသနည်း။ ။ (မေး)

(ခ) မျက်စိအကြည်သဘောကို မှီ၍ ဖြစ်ပါသည်။ ။ (ဖြေ)

(က) ဤ မျက်စိအကြည် သဘောသည် ဘယ်အရပ်မှာ တည်ရှိပါသနည်း။ ။ (မေး)

(ခ) မျက်နက်ဝန်း၏အလယ်တဲ့တဲ့ အရပ်မှာ(သန်းဦးခေါင်း) ပမာဏ လူရိပ်ထင်မြင်ရသော မျက်လွှာ ၇-ထပ်တို့၏အတွင်း၌ ဆီထိသော ဝါဂွမ်းဆိုင်ကဲ့သို့ ပျံ့နှံ့ကာ တည်ရှိပါသည်။ ။ (ဖြေ)

(က) ယခု အဆင်းသဘောကို သိသောစိတ်သဘောသည် မျက်စိအကြည် သဘောထဲ၌ အမြဲတန်း တည်မှီနေပါသလား။ ။ (မေး)

(ခ) ယခုမြင်ဆဲအခိုက်၌ အဆင်းသဘောနှင့် မျက်စိ အကြည် သဘောတို့ ထိခိုက်တိုက်ဆိုင်မှသာ ၎င်းမျက်စိအကြည် သဘောကို မှီ၍ တည်၍ ဖြစ်ပါသည်။ ။ (ဖြေ)

## ထို့ကြောင့်။

(ဝ) စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ ။ဟု ဘုရားရှင် ဟောပြတော်မူပါသည်။ ။ (ဖြေ)

(က) ဤ မျက်စိအကြည် သဘောကို မြင်အပ်,ကြားအပ်, စမ်းသပ်၍ တွေ့အပ်ပါသလား။ ။ (မေး)

(ခ) မြတ်စွာ ဘုရားရှင်၏ ပကတိ မျက်မိတော်, နားတော်, လက်တော် စသည့် တို့ဖြင့် သော်လည်း မမြင်အပ်, မကြားအပ်, မတွေ့အပ်ပါ။ ။ (ဖြေ)

---

## ဘုရားရှင်၏ အလိုတော်ကျ ဖေ‌ော်ပြချက်။

(က) ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။ ။ပါဠိတော်အရအဘယ်သို့ မိန့်ဆိုတော်မူလိုပါသနည်း။ ။ (မေး)

(ခ) အဆင်း သဘောတို့ကို မြင်တိုင်းတို့မှာ မြင်ရုံမျှဟု ရှုမှတ်သူ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်ဝ၌ စိတ်ကိုတည်စေ ပြီးလျှင် အဆင်း သဘော, စိတ်သဘော, ၎င်းစိတ် သဘော၏ တည်ရာမှီရာ မျက်စိ အကြည် သဘော ဤ ၃-ပါးရုံတို့၏ အသစ်, အသစ် ဖြစ်ခြင်းမျှပါ တကားဟု ရှုပွါးထင်မြင်လျှင် အမှား စင်ခြင်း အကျိုး၌ါ မိန့်ဆိုတော် မူလိုရင်း ဖြစ်ပါသည်။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) ဘူတံ ဘူတတော ပဿတိ။ ။ဟု ဟောတော်မူရပြန်ပါသည်။ ။(အနက်တို့မှာပေးခဲ့ပြီ)။ ။ (ဖြေ)

(အထူးသတိပြုရန်မှာ) စိတ်ဘည်စွာ ရှုပွါး၍ ထင်ရှားရှိသော သဘောများကိုသာ ရှုပွါးကြရမည်ဟူလို။ ။

## စက္ခုဓာတ်၌ ပရမတ် ပညတ် ခွဲမှတ်ခဏ်း။

(က) ယခု မြင်ဆဲခဏ၌ ထင်ရှားရှိသော စက္ခုဓာတ်ကို (ပရမတ်, ပညတ်) ခွဲပြပါ။ ။ (မေး)

(ခ) ယခု မြင်ဆဲ ခဏ၌ အဆင်း သဘောတို့၏ တိုက်ဆိုင်ရာ အဆင်း သဘောကို သိသော စက္ခုဝိညာဉ် စိတ်သဘောတို့၏ တည်ရာမှီရာ သဘောသတ္တိသည်(ပရမတ်)စစ်စစ် ဖြစ်ပါသည်။(မြင်ခဲ့စွ)။ (ဖြေ)

(ဂ) ဤ သဘောမျှကိုပင် မျက်စိအကြည် ဟူ၍၎င်း, စက္ခုပသာဒ ဟူ၍၎င်း, စက္ခုန္ဒြိယဟူ၍၎င်း, စက္ခုဝတ္ထုဟူ၍၎င်း, ရုပ်ဟူ၍၎င်း, ပရမတ်ဟူ၍၎င်း, သင်္ခါရဟူ၍၎င်း ခေါ်ဆိုရသော အမည် နာမများကား (ဝိဇ္ဇမာန) ပညတ်များ ဖြစ်ပါသည်။ ။(ကွဲခဲ့စွ)။ ။ (ဖြေ)

## (အထူးမှာထား တိုက်တွန်းချက်)။

(၁) ဤသို့သော နည်းများအတိုင်း အကြွေးမထားကြဘဲ ပရမတ်, ပညတ်များကို အထပ်ထပ် ခွဲကြပါ။ ။

(၂) ဤလို သဘော ကျ,နစွာ သိသာထင်ရှားအောင် ခွဲပြတတ်သူမှာ လွန်စွာ ရှားပါးလှသဖြင့် အလေးတမူ အရေးယူကာ လက်တွေ့ဒိဋ္ဌ သိမြင်ကြရအောင် ကြိုးစား အားထုတ်စမ်းပါ။ ။

(၃) ဤမျှနှင့် မသိကြသေးလျှင် ပြခဲ့ပြီးသော အာရုံ, ဝိညာဉ်တို့ကို ပြန်လှန်ကာ ရှုပွါး၍ စပ်ဟပ်ပြီး ခွဲကြပါလေ သူတော်တွေတို့။ ။

## မျက်စိအကြည်သဘောကို ယခုမှ ဖြစ်၏ဟု ရှုပွါးရပုံ။

(က) ဤ မျက်စိအကြည် သဘောသည် အဋ္ဌကထာ ဆရာမြတ်၏ အလိုအားဖြင့် အမိဝမ်းတွင်း ပဋိသန္ဓေကစ၍။ (သတ္တမသတ္တာဟ) ဖြစ်

သော ၄၉-ရက်အတွင်း၌ ဖြစ်သည်။ ။မူလဋီကာ ဆရာမြတ်၏ အလိုအားဖြင့် (ကောဒသမ သတ္တာဟ) မြောက် ၇၇-ရက်က စ၍ ဖြစ်သည် ဟု မိန့်ဆိုတော်မူကြပါလျက် ယခုမြင်ဆဲခဏမှ အသစ်,အသစ်ဖြစ်နေပုံကို ယုံကြည်တို့ရာ(ဥပမာ)အားဖြင့် ဘယ်လို ရှုမှတ်ပွါးများရပါသနည်း။ ။ (မေး)

(ခ) ယခင် သောတပသာဒ၌ ပြဆိုခဲ့ ပြီးသော ချောင်း,မြောင်း ရေများ ဥပမာလိုပင် ယခုမြင်ဆဲရေကို ယခုမှလာဆဲရေဟု ရှုမှတ်ရာ သကဲ့သို့။ ထို့အတူ ယခုမြင်ဆဲခဏ၌ဖြစ်သော မျက်စိအကြည် သဘောသည် ယခုမြင်ဆဲခဏမှသာ အသစ်, အသစ် ဖြစ်,ဖြစ် နေပါတကားဟု ရှုမှတ်ပွါးများရပါသည်။ ။(အမှန်မြင်ခဲ့စွ)။ ။ (ဖြေ)

(အထူးတိုက်တွန်းချက်။)

(၁) ယခု ပစ္စုပ္ပန် မြင်ဆဲ ခဏတိုင်းမှာ အဆင်းသဘော, စိတ်သဘော ၂-ပါးရုံတို့ကို ရှုပွါးမြင်ပြီးသော် ဖြစ်ဆဲမျက်စိအကြည်သဘောကို မြင်အောင်ရှုပွါးကြစမ်းပါ။ ။(စိတ်မလျှော့ကြပါနှင့်)။ ။

ထို့ကြောင့်။

(ဂ) ဓာတံ ရူပံ ပစ္စုပ္ပန္နံ။ တသ္သ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။ ။ ဟူ၍ဝင်း။ ။

(ဃ) ဣမေ ဓမ္မာ အနုပ္ပန္နပုဗ္ဗာ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာ နိရုဇ္ဈန္တိ။နိစ္စနဝါဝ ဟုတွာ သင်္ခါရာ ဥပဋ္ဌဟန္တိ။ ။ဟူ၍ဝင်း။ ။အဋ္ဌကထာဆရာ မိန့်မှာတော်မူပါသည်။ ။ (ဖြေ)

(အနက်တို့မှာ ပေးခဲ့ပြီးပြီ)။

---

## မျက်စိအကြည်သဘောကို ဥပမာဖြင့် ရှုပွါးပုံတနည်း။

(က) ဤ မျက်စိအကြည် သဘော၏ အသစ်,အသစ် ဖြစ်,ဖြစ်နေပုံကို (ဥပမာ)တနည်းအားဖြင့်ဘယ်လို ရှုမှတ်ပွါးရပါသနည်း။ ။(မေး)

(ခ) နဒီသောတောဝိယစဒီပဓာလာဝိယစ ပဝတ္တတိ။ ။ဟူသော

ကျမ်းဂန်နှင့် အညီ မြစ်ရေ အလျဉ်သည် အစဉ်မပြတ် မရပ်မနား စီးသွားသကဲ့သို့ရင်း။ ဆီမီးလျှံသည် အစဉ်မပြတ် မရပ်မနား တောက်ပွါးနေသကဲ့သို့ရင်း။ ။

(ဂ) ထို့အတူ မြင်ဆဲ ခဏ၌ ဖြစ်သော မျက်စိအကြည် သဘောသည် ယခုမြင်ဆဲခဏတိုင်းမှာ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟု ရှုမှတ် ပွါးများရပါသည်။ ။ (ဖြေ)

---

## တနည်း မျက်စိအကြည်ခေတ်ကို ဥပမာယှဉ်၍ ရှုပွါးပုံ။

(က) ဤ မျက်စိ အကြည် သဘောသည် ထင်ရှားရှိ၍ အသစ်,အသစ် ဖြစ်,ဖြစ် နေကြောင်းကို (ဥပမာ)ထပ်လောင်းကာဖော်ပြပါ။ (မေး)

(ခ) ဤလောကမှာ စက်ရုံကြီးအတွင်း၌ ထန်ပြင်းစွာလည်၍ မြည်နေသော စက်သံများကို အဝေးမှ ကြားသောသူသည် ၎င်း(စက်ကြီး)များကို မျက်စိဖြင့် မမြင်ရ သော်လည်း စက်လည်မှုဖြစ်သော အသံများကိုကြားသဖြင့် ၎င်းစက်ကြီးလည်၍ ရှိနေပါတကားဟု ဉာဏ်ဖြင့် ဆ၍ သိရသကဲ့သို့။ ။

(ဂ) ထို့အတူ တရားကိုခင်မင် ယောဂီ၇ှင်တို့ မှာလည်း အဆင်းသဘောကိုသိသော စက္ခုဝိညာဉ် စိတ်သဘောတို့၏ ဖြစ်ပေါ်နေသည်ကို ဉာဏ်၌ထင်ထင် သိမြင်ရသဖြင့် ၎င်းစိတ်သဘောတို့၏ တည်ရာမှီရာဖြစ်သော (မျက်စိအကြည်) သဘောသည် ထင်ရှားရှိ၍ ယခုမြင်ဆဲခဏမှ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟု ဉာဏ်စက္ခုဖြင့် ကြည့်ရှုထင်မြင်နိုင်ပါသည်။ ။ (ဖြေ)

(အထူးတိုက်တွန်းချက်)။

(၁) လွယ် ခက် ဖြစ်၍ ဥပမာကပ်၍ ကြပ်ကြပ် ရှုပွါးကြပါ။

---

## စက္ခုပသာဒအတွက် အဖြစ်သက်သက် ရှုပွါးပုံ။

(က) ယခု မြင်ဆဲခဏ၌ ဖြစ်သော မျက်စိအကြည် သဘော၏ အဖြစ်သက်သက်ကို ဘယ်လိုရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ယခု အဆင်းသဘောနှင့် ထိခိုက် တိုက်ဆိုင်ရာ အဆင်း သ

ဘောကိုသိသော စိတ်သဘော၏ မှီရာ တည်ရာ ဖြစ်သော မျက်စိအကြည် သဘောသည် ယခုမြင်ဆဲခဏမှ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကား ဟု ရှုပွါးရပါသည်။ ။ (ဖြေ)

## မြင်ဆဲခဏ သုံးပါးခုံရှုပွါးပုံ။

(က) ဤ မျက်စိအကြည် သဘောကို ရှုပွါးထင်မြင်ပြီးသော ယောဂီရှင်တို့မှာ ၃-ပါးရုံ ဖြစ်ပုံကို ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) မြင်တိုင်း,မြင်တိုင်း မျက်စိအကြည်သဘော,အဆင်းသဘော, ထိုအဆင်းသဘောကို သိသောစိတ်သဘော ၃-ပါးရုံ အသစ်, အသစ် ဖြစ်,ဖြစ် နေပါတကားဟု မထင်,ထင်အောင်ရှုပွါးရပါသည်။ ။(ဖြေ)

## (အထူးသတိပေးချက်)။

(၁) ဤ၌လည်း(စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။တိဏ္ဏံ သင်္ဂတိ ဖဿော) ဟူသည်နှင့်အညီ ၃-ပါးရုံ ထင်မြင်အောင် ရှုပွါးရမည်ကို အထူးသတိပြုကြပါလေ သူတော်တွေတို့။ ။

## ဟုတ်မှန်မြင်က နိဗ္ဗာန်ဝင်ရပုံ။

(က) ဤသို့ ပြအပ်ပြီးသောနည်းများအတိုင်းထင်မြင်ပါလျှင် ဘယ်လို အကျိုးများကို ရနိုင်ပါသနည်း။ ။ (မေး)

(ခ) ဤသို့ ဟုတ်မှန်စွာ သိမြင်ပါလျှင် လောဘ, ဒေါသ, မောဟ စသော (ကိလေသာ)တို့၏ ကင်းကွာရာ အမှန် မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်သို့ကျအောင် အကျိုးထူးများကို ရနိုင်ပါသည်။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) ယထာဘူတံ ဇာနံ ပဿံ အနုကရော ဟောတိ။ ။

(ဃ) ပရမတ္ထတော ပန နာမရူပ မတ္တမေဝ အတ္ထိတိ၊ ဇံ ပဿတော ဟိ ဒဿနံ ယထာဘူတဒဿနံ နာမ ဟောတိ။ ။

(င) ယထာဘူတ ဉာဏဒဿနန္တိ ယထာ သဘာဝ ဇာနနသင်္ခါတံ ဒဿနံ။ ။ဟူ၍ ကျမ်းဂန်ဒေသနာ လာရှိပါသည်။ ။ (ဖြေ)

(ဂ) (ယထာဘူတံ) ဟုတ်မှန်သော။ ရုပ်,နာမ်သဘောကို။ (ဇာနံ-ဇာနန္တော) သိသည့်ရှိသော်။ (ပဿံ-ပဿန္တော) မြင်သည့် ရှိသော်။ (အန္တကရော) နိဗ္ဗာန်ထုပ်ချောက်။ လမ်းဆုံးသို့ရောက်ရသည်။ (ဟောတိ) ဖြစ်၏။ ။

(ဃ) (ပန) တဏှာ,မာန။ဒိဋ္ဌိ ဂါဟတို့ကင်းကွာရပုံ အထူးကို ပြဆိုဦးအံ့။ (ပရမတ္ထတော) ပရမတ္ထအားဖြင့်။ (နာမရူပမတ္တမေဝ) နာမ်,ရုပ်မျှသည်သာလျှင်။ (အတ္ထိ)ရှိ၏။(ဇာတိတာသွာ)ထို့ကြောင့်။(သတ္တော နာမ) ငါ,သူတပါး။ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ မည်သည်။ (နတ္ထိ)မရှိ။ (ဟိသစ္စံ)မှန်၏။ (ဧဝံ)ဤသို့။ (ပဿတော) ရှုပွါးသော သူအား။ (ဒဿနံ)မြင်ခြင်းသည်။(ယထာဘူတ ဒဿနံ နာမ)ဟုတ်မှန်စွာ။ မြင်ခြင်းမည်သည်။(ဟောတိ)ဖြစ်၏။ ။

(င) (ယထာဘူတ ဉာဏဒဿနန္တိ) ယထာဘူတ ဉာဏဒဿနံ ဟူသည်ကား။ (ယထာသဘာဝ ဇာနနသင်္ခါတံ) ဟုတ်မှန်သော။ ရုပ်, နာမ် သဘောကို သိခြင်းဟု ဆိုအပ်သော။ (ဒဿနံ) မြင်ခြင်းတည်း။ (ဝါ) မြင်ခြင်းသည်။ (ယထာဘူတ ဉာဏဒဿနန္တိ-ယထာဘူတ ဉာဏဒဿနံ နာမ) ယထာဘူတဉာဏဒဿနမည်၏။ ။

## အမှန်သဘောမြင်က အကျိုးအနန္တရပုံ။

(က) ထိုမှတပါး ဘယ်လိုများဟောထားပါသေးသနည်း။ ။(မေး)

(ခ) ဤသို့ ဟုတ်မှန်စွာကျင့်လိုသူတို့မှာ အသင့် အတင့် နှုလုံးသွင်းသဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း, ဇာတ္တိ, ပုရိသ, အမှတ်နိမိတ်, ဝိပလ္လာသ (သက္ကာယဒိဋ္ဌိ)တို့မှကင်းပျောက်၍ တိဟိတ် အရိယာဉာဏ်သို့ပါဝင်သက်ရောက်နိုင်ခြင်းစသော အကျိုးထူးများ ကိုလည်းရနိုင်၏ဟု ဟောပြတော်မူပါသေးသည်။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) သမ္မာပဋိပန္နော ယောနိသော မနသိကာရေန နိဗ္ဗာနံ သစ္ဆိကရောတိ။ ။

(ဃ) အရိယသာဝကော စက္ခုနာ ရူပံ ဒိသွာ နနိမိတ္တဂ္ဂါဟီဟောတိ နာနုဗျဥ္ဇနဂ္ဂါဟီ။ ။

(င) ဥဒယတ္ထ ဂါမိနိယာ ပညာယ သမန္နာဂတော ဟောတိ။ အရိယာယ နိဗ္ဗေဓိကာယ သမ္မာဒုက္ခက္ခယဂါမိနိယာ။ ။

(စ) ယောနိသော မနသိကာရ မူလကာ့ ဝိဝဋ္ဋံ။ ။ဟုကျမ်းဂန်ဒေသနာ လာရှိသည်ကို ထောက်ဆကာ သိရပါသည်။ ။ (ဖြေ)

(ဂ) (ယောနိသောမနသိကာရေန) အသင့်အတင့်နှလုံးသွင်းသဖြင့် (သမ္မာပဒိုပဋ္ဌော) ဟုတ်မှန်စွာ ကျင့်သောသူသည်။ (နိဗ္ဗာနံ) နိဗ္ဗာန်ကို။ (သစ္ဆိကရောတိ) ယခုဘဝ၌ပင်။မျက်မှောက်ပြုရပေ၏။ ။

(ဃ) (အရိယသာဝကော) ဘုရားရှင်၏ သွိး, သား။ အရိယာသာဝကများသည် (စက္ခုနာ) မျက်စိအကြည်သဘောဖြင့် (ဝါ)စက္ခုဝိညာဉ်စိတ်သဘောဖြင့်။(ရူပံ) အဆင်းသဘောကို။(ဒိသွာ) မြင်သည် ရှိသော် (နနိမိတ္တဂ္ဂါဟီ) မိန်းမ, ယောကျ်ားစသောအားဖြင့်။ ပုံသဏ္ဍာန်, အမှတ်နိမိတ်ကို မမှတ်မယူသည်။(နာနုဗျဥ္ဇနဂ္ဂါဟီ) မိန်းမ,ယောကျ်ားစသည်တို့၏။ လက်,ခြေ,ဦးခေါင်း,နား,နှာခေါင်းစသော။ အင်္ဂါအစိတ် အပိုင်း။ အမှတ်နိမိတ်တို့ကို။မမှတ်မယူသည်။(ဟောတိ)ဖြစ်၏။ ။

(င) (ဥဒယတ္ထဂါမိနိယာ)အဖြစ်သဘောကို။ရှုမြင်နိုင်သော။ (ဝါ) ဖြစ်, ပျက်မှုတို့ကို။သိမြင်နိုင်သော။(ပညာယ) ဝိပဿနာ။ မဂ်ပညာနှင့်။ (သမန္နာဂတော)တိဟိတ်သိပုံ။ပြည့်စုံသောသူသည်။(ဟောတိ)ဖြစ်၏။ (အရိယာယ)အရိယာဖြစ်သော။(ဝါ) ဖြူစင်မြင့်မြတ်သော။ (နိဗ္ဗေဓိကာယ)ရုပ်,နာမ်တို့၏။ ဖြစ်ပျက်မှုတွေကို။ ထိုးဖောက်၍ သိမြင် နိုင်သော။ (ပညာယ)ဝိပဿနာ။မဂ်ပညာနှင့်(သမန္နာဂတော) တိဟိတ်သိပုံ။ပြည့်စုံသောသူသည်။ (သမ္မာဒုက္ခက္ခယဂါမိနိယာ)ဟုတ်မှန်သောဒုက္ခသစ္စာမှ။ကုန်ခန်းစေခြင်းငှါ။ (ဟောတိ) ဖြစ်၏။ ။

(စ) (ဝိဝဋ္ဋံ) ဝဋ်ဆင်းရဲအပေါင်းမှကင်းလွတ်ခြင်းသည်။ (ယောနိသော မနသိကာရ မူလကာ့) အသင့်အတင့် နှလုံးသွင်းခြင်းလျှင် အကြောင်းရင်းရှိသည်လည်း။ (ဟောတိ) ဖြစ်၏။ ။(ဤကား အနက်တို့တည်း)။ ။

(အဓိပ္ပါယ်တို့မှာ သိလွယ်လောက်ပြီ)။

## ရုပ်နာမ် မမြင်က ဒုက္ခဝင်ရပုံ။

(က) ဤသို့ ဟုတ်မှန်သော ရုပ်,နာမ် သဘောတို့၏ အဖြစ်, အပျက်တွေကို မသိမမြင်ကြသော လူ့အန္ဓ, လူ့ဗာလတို့မှာ အဘယ်သို့သော ဘေးရန်ဒုက္ခမီးများစွာတို့ကို တွေ့ကြုံခံစားရပါသနည်း။ ။ (မေး)

(ခ) ဤသို့ ပြဆိုအပ်သော နည်းများ အရ မသိမမြင်ကြသူတို့မှာ ငါ, သူတပါး, ယောကျ်ား, မိန်းမ, တုန်း, တိုင် စသည်တို့ကို မြင်၏ဟု (သက္ကာယဒိဋ္ဌိ)များမှ မလွတ်ကြ၍ တဏှာစွဲ,မာနစွဲ,ဒိဋ္ဌိစွဲ, နိစ္စ,သုခ, သုဘ,အတ္တဘဲဟုထင်မှားကြခြင်း ခပ်သိမ်းသောဝဋ်ဒုက္ခတို့မှ မလွတ်ကြခြင်း, မီးအမျိုးမျိုးတို့ တောက်လောင်ခံကြရခြင်း,အပါယ်စသော ဘေးရန်ဒုက္ခတွေမှ မလွတ်ကြရခြင်း,စသော အပြစ်များစွာတို့ကို ခံစားရရှိကြရပါသည်။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) ဥမ္မတ္တကောဝိယ ဗာလပုထုဇ္ဇနော ယထာဝါ တထာဝါ ပဝတ္တတိ။ အပိစ အယောနိသော မနသိကာရော ယေဝေတ္ထ ကာရဏံ။ ။ ဟူ၍ရင်း။ ။

(ဃ) န ပန တတ္ထပုထုဇ္ဇနဘာဝေါ ကာရဏံ။ သဋ္ဌမ္မသဝန ကလျာဏမိတ္တာဒိနို တတ္ထကာရဏာနိ။နဟိမဏ္ဍူမံသာဒိနို အတ္တနော အတ္တနော ပကတိယာ သုဂန္ဓာနိ။အဘိသင်္ခါရပစ္စယာပန သုဂန္ဓာနိပိ ဟောန္တိ။ ။ ဟူ၍ရင်း။ ။

(င) စက္ခုံ ဘိက္ခဝေ အဇ္ဈာနံ အပဿံ ယထာဘူတံ စက္ခုသ္မိံ သာရဇ္ဇတိ။ ။ရူပေ အဇ္ဈာနံ အပဿံ ယထာဘူတံ ရူပေသု သာရဇ္ဇတိ။ ။ စက္ခု ဝိညာဏံ အဇ္ဈာနံ အပဿံ ယထာဘူတံ စက္ခုဝိညာဏေသု သာရဇ္ဇတိ။ ။ဟူ၍ရင်း။ ။

(စ) စက္ခု ဘိက္ခဝေ အာဒိတ္တံ၊ရူပါ အာဒိတ္တာ၊ စက္ခုဝိညာဏံ အာဒိတ္တံ။ ။ဟူ၍ရင်း။ ။

(ဆ) ဝရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ စက္ခုန္ဒြိယံ သမ္ပလိမဋ္ဌံ။ နတွေဝ စက္ခုဝိညေယျေသု ရူပေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော။ ။ဟူ၍ရင်း။ ။

(ဓ) မိန္တာဒိဗ္ဗိသာ ခေါ် အပာံ ပုဏ္ဏာ ဗိုန္န ဂတိနံ အညတရံ ဂတိံ ဝဒါမိ။ ။ဟူ၍ဝှင်း။ ။ကျမ်းဂန်ဒေသနာတို့မှာ လာရှိပါသည်။ ။ (မြေ)

(အနက်တို့ကား)။

(ဂ) ဗာလပုထုဇ္ဇနော ပုထုဇ္ဇဉ် ငမိုက်ကာန်းဟူသမျှသည်။(ဥမ္မတ္တကောဝိယ) သူရူးကဲ့သို့။ (ယထာဝါ တထာဝါ) ဟုတ်ဟုတ် ပြားပြားလည်း။ (ဝါ) ဟုတ်ဟုတ်, မဟုတ်ဟုတ်လည်း။ (ပဝတ္တတိ) ဖြစ်တတ်၏။ ။(အပိစ) စင်စစ်သော်ကား။(ဧတ္တ) ဤပုထုဇ္ဇဉ်မိုက်ဖြစ်ရာ၌။ (အယောနိသော မနသိ ကာရေယော၀) မသင့် မတင့်အားဖြင့်။ နှလုံးသွင်းခြင်းသည်သာလျှင်။ (ကာရဏံ) အကြောင်းရင်းပေတည်း။ ။

(ဃ) (ပန) စင်စစ်ကေန်။အမှန်မှာမူကား။(တတ္တ) ထိုဗာလပုထုဇ္ဇဉ်၏။ မသင့်မတင့် နှလုံးသွင်းရာ၌။ (ပုထုဇ္ဇနဘာဝေါ) ပုထုဇ္ဇဉ်၏ အဖြစ်သည်။ (နကာရဏံ) အကြောင်းရင်းမဟုတ်ပေ။ (တတ္တ) ထိုဗာလပုထုဇ္ဇဉ်၏။ မသင့်မတင့် နှလုံးသွင်းရာ၌။ (သဒ္ဓမ္မသဝနကလျာဏမိတ္တာဒိနို) သူတော်ကောင်းတရားများကို။ကြားနာရခြင်း,မိတ်ဆွေခင်ပွန်းကောင်းကို။ မှီဝဲဆည်းကပ် ခစားရခြင်း, စသည်တို့သည်။ (ကာရဏာနိ) အကြောင်းရင်းတို့ မည်ကုန်၏။ ။(ဟိသစ္စံ) ထိုစကားသည်၊ ဆိုပြားကေန်။မှန်လှပါ၏။(တနည်း) (ဟိ) လီနမိပ္ပါ။ ဂုဠတ္ထာကို။ဥပမာဆောင်။ ထင်အောင်ပြုပိမ့်။(မန္တာမံသာဒိနို) ငါး,အမဲစသည်တို့သည်။ (အတ္တနော အတ္တနော)မိမိ မိမိ၏။(ပကတိယာ) ပတိသဘောအတိုင်း။(သုဂန္ဓာနိ)အနံ့ကောင်းရှိကုန်သည်။(နဟောန္တိ) မဖြစ်ကုန်။ (ပန)အဟုတ်မှာမူကား။ (အဘိသင်္ခါရပစ္စယာ) ငါးပိ,ဆီ,ဆား စသည်တို့ဖြင့်။အထူးထူးအထွေထွေ။ ပြုပြင် စီရင်လေသောကြောင့်သာ။ (သုဂန္ဓာနိပိ) ကောင်းသောအနံ့ ရှိကုန်သည်လည်း။ (ဝါ)အနံ့ အရသာကောင်း ကုန်သည်လည်း။ (ဟောန္တိ) ဖြစ်ကုန်၏။ ။(ဤပါဠိအနက်တို့ကို စကားစပ်၍သာ ထည့်သွင်းလိုက်ပါသည်)။ ။

(င) (ဘိက္ခဝေ) ချစ်သား,ချစ်သွီးတို့။ (စက္ခုံ) မျက်စိ အကြည်သဘောကို။ (ယထာဘူတံ) ဖြစ်, ပျက်တန်တန်။ ဟုတ်မှန်သောအတိုင်း။ (အဇာနံ-အဇာနန္တော) မသိသည်ရှိသော်။ (အပဿံ-အပဿန္တော) မမြင်သည်ရှိသော်။(စက္ခုသ္မိံ) မျက်စိအကြည်သဘော၌။ (သာရဇ္ဇတိ)

သာယာတပ်မက်။နှစ်သက်တတ်၏။ ။(ရူပေ)အဆင်းသဘောတို့ကို။ (ယထာဘူတံ) ဖြစ်,ပျက်တန်တန်။ ဟုတ်မှန်သော အတိုင်း (အဇာနံ-အဇာနန္တော) မသိသည့်ရှိသော်။ (အပဿံ-အပဿန္တော) မမြင်သည့်ရှိသော်။(ရူပေသု) အဆင်းသဘောတို့၌။(သာရဇ္ဇတိ)သာယာတပ်မက်။ နှစ်သက်တတ်၏။ ။(စက္ခုဝိညာဏံ)အဆင်း သဘောမျှကို သိသော စိတ်သဘောကို(ယထာဘူတံ)ဖြစ်, ပျက်တန်တန်။ ဟုတ်မှန်သော အတိုင်း။ (အဇာနံ-အဇာနန္တော) မသိသည့် ရှိသော်။ (အပဿံ-အပဿန္တော)မမြင်သည့်ရှိသော်။(ဝါ) မသိမမြင် ဉာဏ်မယှဉ်သောသူသည်။ (စက္ခုဝိညာဏေသု) အဆင်း သဘောကို သိကာမျှ ဖြစ်သော စက္ခုဝိညာဉ် စိတ်သဘောတို့၌။ (သာရဇ္ဇတိ) သာယာတပ်မက်။ နှစ်သက်တတ်၏။ ။(အချို့တို့၌ အဓိပ္ပါယ် ထင်လင်းအောင် အနက်ပေးလိုက်သည်)။ ။

(စ) (ဘိက္ခဝေ) ချစ်သား, ချစ်သမီးတို့။ (စက္ခု) မျက်စိအကြည်သဘောသည်။ (အာဒိတ္တံ) ရာဂ, ဒေါသ။မောဟစသော မီးတို့ဖြင့်။ ငြီးငြီးပြောင်ပြောင်။ရဲရဲကြီးတောက်လောင်နေ၏။ ။(ရူပါ) အဆင်းသဘောတို့သည်။ (အာဒိတ္တာ) ရာဂ,ဒေါသ, မောဟ စသောမီးတို့ဖြင့်။ ငြီးငြီးပြောင်ပြောင်။ ရဲရဲကြီးတောက်လောင်နေကုန်၏။ ။(စက္ခုဝိညာဏံ) အဆင်းသဘောကို သိသောစိတ်သဘောသည်။ (အာဒိတ္တံ) ရာဂ,ဒေါသ, မောဟစသော မီးတို့ဖြင့်။ ငြီးငြီး ပြောင်ပြောင်။ ရဲရဲကြီး တောက်လောင်နေ၏။ ။

(ဆ) (ဘိက္ခဝေ) ချစ်သား, ချစ်သမီးတို့။ (တတ္ထာယ) လော လောပူသော။ (သမ္ပဇ္ဇလိတာယ) အလျှံ တပြောင်ပြောင်။ တောက်လောင်နေသော။ (သဇောတိဘူတာယ) အခိုးတရှိန်ရှိန်။ တထိန်ထိန် တဝင်းဝင်း။ အရောင် လင်းနေသော။ (အယော သလာကာယ) သံတွေ သံချောင်းဖြင့်။ (စက္ခုန္ဒြိယံ)မျက်စိအကြည်သဘောကို။ (သမ္ပလိမဋ္ဌံ)ထိုးဖောက်လိုက်ရခြင်းသည်။ (ဝရံ) မြင့်မြတ်လှ သေးသည် သာတည်း။ (စက္ခုဝိညေယျေသု) မျက်စိဖြင့်။မြင်သိအပ် ကုန်သော။ (ရူပေသု) အဆင်းသဘောမျိုးပုံ။ရူပါရုံတို့၌။ (အနုဗျဥ္ဇနသော) လက်,ခြေ, ဦးခေါင်း။ နား,နှာခေါင်းစသည်ဖြင့်။မှတ်ယူထင်မှားခြင်းသည်လည်းကောင်း။ (နိမိတ္တဂ္ဂါဟော)မိန်းမ,ယောကျ်ား, ပုဂ္ဂိုလ်,သတ္တဝါများ ပါတကားဟု။ ထင်မှား

မှတ်ယူခြင်း သည့်လည်းကောင်း။ (နတွေဝဝရဲ) မမြင့် မမြတ် တော့ သည့်သာတည်း။ ။(အကျိုး,အပြစ်ကို သိစေလို၍ ရေးပြလိုက်သည်)။

(၈) (ပုဏ္ဏ) ချစ်သားပုဏ္ဏ။ (ခေါ)စင်စစ်။ (မိစ္ဆာဒိဋ္ဌိဿ) အထင် မှား,အမြင်မှား။ အယူမှားသောသူအား။ (ဒွိန္နံ ဂတီနံ)ငရဲ, တိရစ္ဆာန်။ နှစ်တန်သော လားရောက်ခြင်းတို့တွင်။(အညတရံဂတိံ)အမှတ်မထား။ တပါးပါးသို့ လားရောက်ရခြင်းကို။ (အဟံ) ငါဘုရားသည်။ (ဝဒါမိ) ဟောပြတော်မူ၏။ ။(သက္ကာယဒိဋ္ဌိ,မိစ္ဆာဒိဋ္ဌိ ၂-မျိုးလုံးပင် ဆိုသင့် သည်)။ ။

(အထူးမှာထားညွှန်ကြားချက်)။

(၁) ဤနေရာတို့မှာ (ယော စက္ခုံ အဘိနန္ဒတိ။သော ဒုက္ခံ အဘိနန္ဒ တိ။ ယောဒုက္ခံ အဘိနန္ဒတိ။သော အပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ)။ ။ စသော ပါဠိအနက်တို့ကိုလည်း နောက်က ပြဆိုခဲ့ပြီးသော နည်းများ အတိုင်း ဟောပြ သိကြရာ၏။ ။

(၂) ဤပါဠိတို့ဖြင့် အသီးအသီး မေး-ဖြေ သင့်သော်လည်း ကျမ်း ကြီးလေးမှာစိုး၍ တရုတပေါင်းတည်းပင် ရေးပြလိုက်ရပါသည်။သင့် သလိုသာ စပ်ဟပ်၍ ယူကြပါလေ သူတော်တွေတို့။ ။

ရုပ် နာမ် ဉာဏ် ဝိသုဒ္ဓိ ပရိညာ ခွဲပြခဏ်း။

(က) ယခု မြင်ဆဲခဏ၌ (ရုပ်,နာမ်, ဉာဏ်, ဝိသုဒ္ဓိ, ပရိညာ) တို့ကို ခွဲပြပါ။ ။ (မေး)

(ခ) ယခုမြင်ဆဲခဏ မျက်စိအကြည် သဘော, အဆင်း သဘော ကား (ရုပ်)တရား၊ ။အဆင်းသဘောကို သိသော စိတ်သဘောကား (နာမ်) တရား ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ဤကားနာမ်, ဤကား ရုပ်,ဟု နာမ်နှင့် ရုပ်တို့ကို ပိုင်းခြားစွာ သိခြင်းသည် (နာမရူပ ပရိစ္ဆေဒ)ဉာဏ် ဖြစ်ပါသည်။ ။ (ဖြေ)

(ဃ) ယခုလို မြင်ဆဲ ခဏတိုင်းတို့မှာ ဟုတ်မှန်သော ရုပ်,နာမ်တို့ ကို သိမြင်ပါလျှင် ငါသည် လက်, ခြေ, ဦးခေါင်း, နား, နှာခေါင်းနှင့်

ယောက်ျား,မိန်းမ,တုန်း,တိုင်, ကျောင်း, ဘုရားစသည်များကို မြင်၏ဟု စသည်ဖြင့် ထင်မြင်ယူမှား (သညာ္ဘဿယဒိဋ္ဌိ) များမှ ကင်းပျောက်၍ ဉာဏ်အမြင် စင်ကြယ်ခြင်းသည် (ဒိဋ္ဌိဝိသုဒ္ဓိ)ဖြစ်ပါသည်။ ။ (ဖြေ)

(င) ဤလို မြင်ဆဲခဏတိုင်းမှာ ဟုတ်မှန်သော ရုပ်,နာမ် တို့၏ သဘော လက္ခဏာများကို ကိုယ်ပိုင် ဉာဏ်ဖြင့် ပိုင်နိုင်စွာ သိခြင်းသည် (ဉာတပရိညာ) ဖြစ်ပါသည်။ ။ (ဖြေ)

(အထူးညွှန်ပြချက်)။

ဤသို့ ပြဆိုခဲ့ပြီးသော ပါဠိ,အနက်,ဥပမာ စသည်များကို အခဏ်းချင်းချင်း အရာအားလျော်စွာ စပ်ဟပ်၍ယူကြပါလေ သူတော်တွေတို့။

ဤတွင် စက္ခုပသာဒ၌ အဖြစ်သက်သက်ပြခဏ်းပြီး၏။

## အာနာပါနဌ် ဝိပဿနာကိုပြခဏ်း။
### ပဋိညာဥ်။

(၁) အဆင်း သဘော စသောအာရုံ ၅-ပါး, အဆင်းကိုသိသော စိတ်သဘော စသော ဝိညာဉ် ၅-ပါး, မျက်စိအကြည်သဘောစသော ပသာဒ, ဒွါရ ၅-ပါး တို့၌ ရုပ်,နာမ် တရားတို့၏ အဖြစ်သက်သက်တို့ကို ပြဆိုပြီး၍ ယခုအခါ၌ (အာနာပါန) ဟူသော (ရှူဆဲ,ရှိုက်ဆဲ) အခိုက်အတန့်၌ ဖြစ်သော ရုပ်,နာမ် ဓမ္မ ပရမတ္ထ သဘာဝ သင်္ခါရတို့၏ အဖြစ်သက်သက်ကို ပြဆိုရေးသားပေအံ့။ ။

### အာနာပါနဌ် မေးဖြေနည်း။

(က) မဂ်,ဖိုလ်,နိဗ္ဗာန်သို့ စိတ်သန်စွာ ရည်မှန်းလျက် လျင်မြန်စွာ တက်လှမ်းလိုသူ ယောဂီဖြူတို့မှာ (အာနာပါန) ဘာဝနာကမ္မဋ္ဌာန်း၌ အဘယ်သို့ စီးဖြန်း ပွါးများရပါသနည်း။ ။ (မေး)

(၁) ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ သော သတောဝ အဿသတိ သတောဝ ပဿသတိ။ ။

(၇) ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။ ဒီဃံဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။ ရဿံဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ။ ရဿံဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။ ။အစရှိသော ဘုရားဟော ပါဠိလာရှိသည်နှင့်ညီစွာ အာနာပါန ခေါ် ရှူဆဲခဏ, ရှိုက်ဆဲခဏတို့၌ ဖြစ်သော ရုပ်,နာမ်, ဓမ္မ ပရမတ္ထသဘာဝတို့၏ အဖြစ်, အပျက်တွေကို ရှုပွါးဆင်ခြင် ဟုတ်မှန်စွာထင်မြင်လိုသူ ယောဂီပုဂ္ဂိုလ်တို့မှာ ထက်ဝယ်ဖွဲ့ခွေထိုင်နေလျက် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ရှူလေ, ရှိုက်လေတို့ ဖြစ်ရာ နှာခေါင်းဝအတွင်း မွေးညှင်းပင်ဖျား၌ စိတ်ကိုတည်ကြည်စွာထားစေ၍ ငါသည် ယခုရှည်ရှည် ရှူထုတ်သည် ရှည်ရှည်ရှိုက်သွင်းသည်။ ယခုတိုတို ရှူထုတ်သည်။ တိုတိုရှိုက်သွင်းသည်ဟု အာရုံပြုကာ သတိထား၍ရှုပွါးရပါသည်။ ။ (ဖြေ)

(၁) (ပလ္လင်္ကံ) ထက်ဝယ်ပလ္လင်ကို။ (အာဘုဇိတွာ) ဖွဲ့ခွေ ထိုင်နေလျက်။ (ကာယံ)ကိုယ်ကို။ (ဥဇုံ)ဖြောင့်မတ်စွာ။ (ပဏိဓာယ) ထား၍။ (ပရိမုခံ)ရှေးရှု။(သတိံ)သတိကို။ (ဝါ)အောက်မေ့မှုကို။(ဥပဋ္ဌပေတွာ) မပြတ်ဖြစ်စေပြီး၍။ (သော) ထိုအာနာပါန ဘာဝနာကမ္မဋ္ဌာန်းကို။ကြိုးပန်း အားထုတ်သော ယောဂီရှင်သည်။ (သတောဝ) ရှူလေ၌ သတိရှိစေ၍ သာလျှင်။ (အဿသတိ) ထွက်သက်ကိုဖြစ်စေ၏။ (ဝါ) ရှူထုတ်လေကို ဖြစ်စေ၏။ ။(သတောဝ) ရှိုက်သွင်း လေ၌ သတိ ရှိစေ၍ သာလျှင်။ (ပဿသတိ) ဝင်သက်ကို ဖြစ်စေ၏။ (ဝါ)ရှိုက်သွင်းလေကို ဖြစ်စေ၏။ ။

(၇) (ဒီဃံဝါ) ရှည်ရှည်မှုလည်း။ (အဿသန္တော) ရှူထုတ်သည် ရှိသော်။ (ဒီဃံ) ရှည်ရှည်။ (အဿသာမီတိ) ရှူထုတ်၏ဟူ၍။ (ပဇာနာတိ) ဉာဏ်ဖြင့် သိ၏။ (ဒီဃံဝါ) ရှည်ရှည် မှုလည်း။ (ပဿသန္တော) ရှိုက်သွင်းသည် ရှိသော်။(ဒီဃံ) ရှည်ရှည်။ (ပဿသာမီတိ) ရှိုက်သွင်း၏ဟူ၍။(ပဇာနာတိ)ဉာဏ်ဖြင့်သိ၏။(ရဿံဝါ)တိုတိုမှုလည်း။ (အဿသန္တော) ရှူထုတ်သည် ရှိသော်။ (ရဿံ) တိုတို။ (အဿသာမီတိ) ရှူထုတ်၏ဟူ၍။ (ပဇာနာတိ) ဉာဏ်ဖြင့်သိ၏။ (ရဿံဝါ) တိုတိုမှုလည်း။

(ပဿသန္တော) ရှိုက်သွင်းသည် ရှိသော်။ (ရဿံ) တိုတို။ (ပဿသာမိတိ) ရှိုက်သွင်း၏ ဟူ၍။(ပဇာနာတိ) ဉာဏ်ဖြင့်သိ၏။ ။

### (အထူးမှာထား သတိပေးချက်)။

(၁) ဤ၌ တင်ပလ္လင်ခွေ ထိုင်နေရမည် ဆိုသော်လည်း မိမိနှင့်သင့်သလိုပင်နေ၍ ရှုပွါးကြရမည်။ ။

(၂) လေရှည်,လေတို မှတ်ရသော်လည်း ထင်မှု(သတိ)သာ လိုရင်းတည်း။ ။

(၃) ဤနေရာ၌ စိတ်တည်မှု (သမာဓိ)သာအရေးကြီးလှပေ၏။ ။

---

### သမထ ဝိပဿနာ အလုပ်မည်ပုံ။

(က) ယခု ရှု,ရှိုက်ဆဲခဏတို့၌ သမထ, ဝိပဿနာ ဘာဝနာအလုပ်ဖြစ်အောင် ဘယ်လို အားထုတ်ရပါသနည်း။ ။ (မေး)

(ခ) ဘာသိမေ ဒွေ ဓမ္မာ ယုဂနန္ဓာ ဝတ္တန္တိ သမထောစ ဝိပဿနာစ။ ။

(ခ) (တဿ) ထိုယောဂါဝစရ ပုဂ္ဂိုလ်အား။ (သမထောစ) သမထဘာဝနာ ကမ္မဋ္ဌာန်း လည်းကောင်း။ (ဝိပဿနာစ) ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း လည်းကောင်း။ (ဣမေဒွေဓမ္မာ) ဤ ၂-ပါးသော တရားတို့သည်။ (ယုဂနန္ဓာ)အစုံအစုံတို့သည်။(ဝတ္တန္တိ) ဖြစ်ကြကုန်၏။ ။ ဟူသည်နှင့် ရှုဆဲခဏ၌ ရှုသည်, ရှုသည် ဟူ၍၎င်း, လေ သဘောဖြစ်သည်,ဖြစ်သည်ဟူ၍၎င်း,စိတ်တည်စွာ ရှုပွါးနေသူမှာ သမထဘာဝနာဖြစ်၍ လေသဘော ဖြစ်နေသည်ကို အမှန် မြင်နေသူမှာ ဝိပဿနာဘာဝနာ ဖြစ်၍ သမထ ဝိပဿနာ ၂-ဖြာအစုံကိုပင် ပွါးများ အားထုတ်ပြုကျင့်နေသူဟု ခေါ်ဆိုရပါသည်။ ။ (ဖြေ)

### (အထူးမှတ်ချက်)။

(၁) ရှိုက်ဆဲ ခဏ၌လည်း နည်းတူပင် မှတ်ပါ။ ။ဤလို ရှုပွါးမှသာ ၂-ပါးရုံ ဖြစ်မည်ဟု မှတ်ကြပါလေ။ ။

---

## ရှု ရှိုက်ဆဲခဏ စိတ်သဘော လေသဘောဖြစ်ပုံ။

(က) ယခုလို ရှုဆဲ ရှိုက်ဆဲ ခဏတိုင်းတို့မှာ (ဝိပဿနာဘာဝနာ) စစ်စစ် ဖြစ်အောင် ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ယခု ရှု, ရှိုက် ဆဲခဏ တိုင်းတို့မှာ နှာသီးဖျား နှာခေါင်းဝ နှာခေါင်းတွင်းရှိသော အမွေးဖျားတို့၌ စိတ်ကို တည်ကြည်စွာ ထား၍ ရှုထုတ်လိုသော စိတ်သဘော, ၎င်းစိတ်သဘောကြောင့် ဖြစ်သော လေသဘော, ရှိုက်သွင်းလိုသော စိတ်သဘော, ၎င်းစိတ်သဘောကြောင့် ဖြစ်သော လေသဘော ဤစိတ်သဘော, လေသဘော ၂-ပါးရုံသည် ယခုမှ အသစ်,အသစ် ဖြစ်ပေါ်,ဖြစ်ပေါ်လာပါကကားဟု ဉာဏ်ဖြင့် မြင်အောင် ရှုပွါးရပါသည်။ ။ (ဖြေ)

(က) ယခု ရှု,ရှိုက်ဆဲ ခဏတိုင်းတို့မှာ ဖြစ်ကြသော စိတ်သဘော, လေသဘောတို့သည် အစ,အလယ်,အဆုံး တွေ့ကြပါသလား။ ။(မေး)

(ခ) ဤစိတ်သဘော, လေသဘောတို့မှာ မြစ်ရေတွေ စီးနေသလို ဆီမီးလျှံတွေ တောက်နေသလို အစဉ်မပြတ် ဖြစ်နေကြသောကြောင့် အစ,အလယ်,အဆုံး မတွေ့ကြပါ။ ။ (ဖြေ)

## စိတ်သဘော လေသဘောတို့ ယှဉ်တွဲ၍ ဖြစ်နေပုံ။

(က) ဤလို မတွေ့ကြ ပါလျှင် ရှု, ရှိုက်၍ ပြီးဆုံးသည် တိုင်အောင် ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ယခု ရှုဆဲခဏ၌ ရှုသည်ကစ၍ ဆုံးသည် တိုင်အောင် ပဌမ ရှုလိုသော စိတ်သဘောနှင့် ပဌမလေသဘော, ဒုတိယ ရှုလိုသောစိတ်သဘောနှင့် ဒုတိယ လေသဘော ဤသို့စသဖြင့် စိတ်သဘောနှင့် လေသဘောတို့မှာ ယခု ရှုဆဲခဏမှ အသစ်, အသစ် ယှဉ်တွဲကာ ဖြစ်, ဖြစ်နေပါတကားဟု ရှုပွါးရပါသည်။ ။ (ဖြေ)

(ဂ) ဤနည်းအတူ ရှိုက်ဆဲ ခဏ၌လည်း ရှိုက်စကစ၍ ဆုံးသည် တိုင်အောင် စိတ်သဘော, လေသဘောတို့မှာ ယခု ရှိုက်ဆဲ ခဏ, ခဏမှ အသစ်, အသစ် ယှဉ်တွဲကာ ဖြစ်, ဖြစ်နေပါတကားဟု ရှုပွါးရပါသည်။ ။ (ဖြေ)

### (အထူးမှာထား တိုက်တွန်းချက်)။

(၁) ဤလို ရူ,ရှိုက်တိုင်းတို့မှာ အားစိုက်ကြီကာ မနေကြပါဘဲ ဖြစ်ရှိနေသော သဘောအတိုင်းသာ ရှုပွါးကြရမည်။ ။

(၂) သဟာဇာတ ဝိပ္ပယုတ်ဖြစ်၍ အကြောင်း အကျိုးမျှ ယှဥ်တွဲမှုတည်း။ ။

(၃) စိတ်သဘော, လေသဘောတို့ကိုသာ အာရုံပြုကာ နာနာရှုပွါးကြစမ်းပါ။ ။

### အာနာပါနဥ္စ ပရမတ် ပညတ် ခွဲမှတ်ခဏ်း။

(က) ယခု ရှုဆဲ ခဏ, ရှိုက်ဆဲ ခဏတို့မှာ (ပရမတ် ပညတ်) ခွဲပြပါ။ ။ (မေး)

(ခ) ဤလို ရှုလို,ရှိုက်လိုသော သဘောသဘ္ဘာသည်။ (ပရမတ်)စစ်စစ် ဖြစ်ပါသည်။ ။(မြင်ခဲ့ပွ)။ ။ (ဖြေ)

(ဂ) ဤသဘောကိုပင် စိတ်ဟူ၍ငင်း, မနောဝိညာဉ်ဟူ၍ငင်း ခေါ်ဆိုရသော အမည်နာမသည်ကား(ဝိဇ္ဇာမာန)ပညတ်ဖြစ်ပါသည်။(ဖြေ)
(ကွဲခဲ့ပွ)။

(ဃ) ထိုမှတရပ် တိုးခပ်မှု သဘောသဘ္ဘာသည် (ပရမတ်) စစ်စစ် ဖြစ်ပါသည်။ ။(ထင်ခဲ့ပွ)။ ။ (ဖြေ)

(င) ဤသဘောကိုပင် ဝါယောဓာတ် ဟူ၍ငင်း,လေဟူ၍ငင်း ခေါ်ဆိုရသော အမည်နာမသည်ကား(ဝိဇ္ဇမာန)ပညတ်ဖြစ်ပါသည်။(ဖြေ)
(သိခဲ့ပွ)။

### ဆောင်ပုဒ်ကဗျာ။

(၁) သဘောဆတ်ဆတ်။(ပရမတ်)။ရှိမှတ်သဘ္ဘာယူ။ ။
(၂) ဤလိုပြုမှု။သဘောရှု။ ရှိပြု (ပရမတ်)ဟူ။ ။
(၃) ပြုလိုကာမျှ။သဘောရ။ဟောပြ နှိုက်၍ယူ။ ။
(၄) သဘောမည်မှည့်။ထင်ရှားရှိ။ခေါ်၏(ဝိဇ္ဇမာန)ယူ။ ။

(၅) စိတ်,လေ,ဝါယော။နာမည်ဟော။ ခေါ်ဝေါ (ပညတ်)ဟူ။ ။
(၆) ရှု,ရှိုက်,ထွက်,ဝင်။မရှိတင်။ခေါ်တွင် (ဝိဇ္ဇမာန)ယူ။ ။

## သဏ္ဍာယဒိဋ္ဌိရ ကွာအောင်ရှုပွါးရပုံ။

(က) ယခု ရှုဆဲ,ရှိုက်ဆဲ ခဏတိုင်း တို့မှာ (သဏ္ဍာယဒိဋ္ဌိ) အမှား များတို့မှ ကွာအောင် ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ယခု ရှုဆဲ,ရှိုက်ဆဲ ခဏတိုင်းတို့မှာ ထင်ရှားရှိသော စိတ်သဘော,လေသဘော, ၂-ပါးရုံ ယခုမှ အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကားဟု မထင်,ထင်အောင် ရှုပွါးပါလျှင် ငါသည် ရှုသည်,ရှိုက်သည်, ထွက်သက်, ဝင်သက် ထွက်လေ, ဝင်လေ စသော ထင်မြင် ယူမှား (သဏ္ဍာယဒိဋ္ဌိ)များတို့မှ ကင်းကွာပျောက်စင်ရပါသည်။ ။ (ဖြေ)
(အားရှိဘွယ်ပင်)။

## ထို့ကြောင့်။

(ဂ) ဘူတံ ဘူတတော ပဿတိ။ ။ဟူ၍ရှင်း။ ။
(ဃ) ဓာတံ ရူပံ ဝိညာဏံ ပစ္စုပ္ပန္နံ။ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။ ။ဟူ၍ရှင်း။ ။
(င) နာမရူပ ဝဝတ္ထာနေန သဏ္ဍာယဒိဋ္ဌိယာ ပဟာနံ။ ။ဟူ၍ရှင်း ဘုရားရှင် ဟောတော်မူပါသည်။ ။ (ဖြေ)

(ဂ) (ဘူတံ) ပရမတ္ထ သဘော၌။ ထင်ရှားရှိသော စိတ်သဘော, လေသဘောကို။ (ဘူတတော) ထင်ရှားရှိသော အားဖြင့်။ (ပဿတိ)ရှုပွါးရ၏။ ။

(ဃ) (ဓာတံ)ဖြစ်ဆဲသော။ (ရူပံ) လေသဘော, ရုပ်သည် လည်းကောင်း။ (ဓာတံ) ဖြစ်ဆဲသော။ (ဝိညာဏံ) စိတ်သဘော, နာမ်သည် လည်းကောင်း။ (ပစ္စုပ္ပန္နံ) ပစ္စုပ္ပန်သာတည်း။ (တဿ) ထိုဖြစ်ဆဲသော ရုပ်,နာမ်၏။ (ဝါ)ယခုစိတ်သဘော, လေသဘော၏။ (နိဗ္ဗတ္တိလက္ခဏံ) စ၍,စ၍ဖြစ်ပေါ်လာစ,ဖြစ်ပေါ်လာစဟု ရှုမှတ်ကြောင်းလက္ခဏာသည်။ (ဥဒယော)ဥဒယမည်၏။ (ဝါ)အဖြစ်လက္ခဏာမည်၏။ ။

(င) (နာမရူပ ဝဝတ္ထာနေန) နာမ်,ရုပ်ကို။ ပိုင်းခြား မှတ်သားခြင်းကြောင့်။ (သင်္ကာယဒိဋ္ဌိယာ) သက္ကာယ ဒိဋ္ဌိတို့ကို။ (ပဟာနံ) ပယ်စွန့်ခြင်းသည်။ (ဟောတိ)ဖြစ်၏။ ။

(အားတက်ဘွယ်ပင်)။

---

## အမှန်မြင်က အကျိုးအနန္တရပုံ။

(က) ဤလို ရူ, ရှိုက်ဆဲ ခဏ တိုင်းတို့မှာ စိတ်သဘော, လေ သဘော ၂-ပါးရုံ အသစ်,အသစ် ဖြစ်,ဖြစ်နေပုံတို့ကို ယုံကြည်စွာ ရှုပွါးထင်မြင်သူ ယောဂီ ပြုတို့အား အဘယ် အကျိုး များကို ရနိုင် ပါသနည်း။ ။ (မေး)

(ခ) ဤသို့ အမှန်သဘော အတိုင်း မကြံမတွေးဘဲ အဟုတ် ဉာဏ်မြင်သည်ရှိသော်လေရှည်,လေတို,လေတန်းဟူသော (သန္တတိ)ပညတ်ငါရူ, ငါရှိုက် စသော (သက္ကာယဒိဋ္ဌိ)တို့မှ ကင်းပျောက်ခြင်း အမြိုက်နိဗ္ဗာန်သို့ ရောက်ရခြင်း စသော ကောင်းကျိုး အနန္တတို့ကို ရနိုင်ပါသည်။ ။(ဝမ်းသာဘွယ်ပင်)။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) အာနာ ပါနဿတိ ဇေ၀ံ ဗဟုလီ ကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။ ။ဟူ၍ငင်း။ ။

(ဃ) ယထာဘူတံ ဇာနံ ပဿံ အန္တကရော ဟောတိ။ ။ဟူ၍ငင်း။

(င) ဣတိ နာမရူပံ ဝဝတ္ထပေတွာ တဿ ပစ္စယံ ပရိယေ သန္တော အဝိဇ္ဇာဒိ ပစ္စယာကာရံ ဒိသွာပစ္စယပစ္စယုပ္ပန္န ဓမ္မမတ္တမေဝတံ အညော သတ္တောဝါ ပုဂ္ဂလောဝါ နတ္ထိတိ ဝိတိဏ္ဏကင်္ခေါ သပစ္စယ နာမရူပေ တိလက္ခဏံ အာရောပေတွာ ဝိပဿနံ ဝဍ္ဎေန္တော အနုက္ကမေန အရဟတ္တံ ပါပုဏာတိ။ ။ဟူ၍ငင်း။ ။ကျမ်းဂန်ဒေသနာ လာရှိပါသည်။ ။ (ဖြေ)

(ဂ) (အာနာပါနဿတိ)စိတ်သဘော,လေသဘောဟူသော။ အာနာပါနဿတိ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို။(ဇေ၀ံ) ဤသို့။ (ဗဟုလီကတာ)ဖြစ်,ဖြစ်နေပါတကားဟု။ အကြိမ်များစွာ ရှုပွါးအပ်သည် ရှိသော် (မဟပ္ဖလာ) မြတ်သောအကျိုးရှိသည်။(မဟာနိသံသာ) များသော အကျိုးအာနိသင်ရှိသည်။ (ဟောတိ)ဖြစ်၏။ ။

(ဃ) (ယထာဘူတံ) ဟုတ်မှန်သော။ရုပ်,နာမ် သဘောကို။ (ဝါ) ဟုတ်မှန်တိုင်း။ (ဇာနံ–ဇာနန္တော) သိသည်ရှိသော်။ (ဝါ) သိသောသူသည်။ (ပဿံ–ပဿန္တော)မြင်သည်ရှိသော်။ (ဝါ) မြင်သောသူသည်။ (အန္တကရော) လောကဆုံးမှန်။နိဗ္ဗာန်တိုင်အောင် ရနိုင်သည်၊ (ဟောတိ)ဖြစ်၏။ ။

(င) (ဣတိ)ဤသို့။ (ဝါ) ဤနည်းအတိုင်း။ (နာမရူပံ) စိတ်သဘော, လေသဘော ဟူသော။ နာမ်, ရုပ်ကို။ (ဝဝတ္ထပေတွာ) ပိုင်းခြား မှတ်သား၍။ (တဿ) ထိုနာမ်,ရုပ်၏။ (ပစ္စယံ) ပစ္စည်းတရားကို။ (ဝါ)အကြောင်းတရားကို။ (ပရိယေသန္တော) ရှာဖွေသည်ရှိသော်၊ (အဝိဇ္ဇာဒိပစ္စယာကာရံ) အဝိဇ္ဇာစသော။ ပစ္စည်းအခြင်းအရာကို။ (ဒိသွာ)မြင်၍။ (ဝါ)မြင်သည်ရှိသော်။ (ဧတံ) ဤနာမ်,ရုပ်သည်။ (ပစ္စယပစ္စယုပ္ပန္နံ ဓမ္မမတ္တံဧဝ) အကြောင်း, အကျိုး။ သဘောရိုး မျှသာတည်း။ (အညော)အကြောင်း နာမ်,ရုပ်။ အကျိုး နာမ်,ရုပ်မှ တပါး တခြားသော။ (သတ္တော ဝါ) ငါ, သူတပါး, ယောကျ်ား, မိန်းမ စသော သတ္တဝါသည် လည်းကောင်း။ (ပုဂ္ဂလော ဝါ) ငါ,သူတပါး,ယောကျ်ား,မိန်းမစသော ပုဂ္ဂိုလ်သည်လည်းကောင်း။(နတ္ထိ)ဘာတခုမျှ။ မရှမရှိပေ။ (ဣတိ)ဤလို။ (ဝါ) ဤနည်းအတိုင်း။ (ဝိတိဏ္ဏကင်္ခေါ) လွန်မြောက်ပြီးသော။ ယုံမှားခြင်းရှိသည်၊ (ဝါ)ယုံမှားမှုကို။လွန်မြောက်ပြီးသည်။ (ဟုတွာ)ဖြစ်၍။(သပ္ပစ္စယ နာမရူပေ) အကြောင်းနှင့်တကွဖြစ်သော။ နာမ်,ရုပ်၌။(တိလက္ခဏံ) အနိစ္စ,ဒုက္ခ,အနတ္တ။ လက္ခဏာရေး ၃–ပါးသို့။(အာရောပေတွာ)တင်၍။ (ဝိပဿနံ)ဖြစ်,ပျက် ဆင်းရဲ၊ ငါလဲ,သူလဲ, မဟုတ်ပါတကားဟု ရှုပွါးမှုကို။ (ဝဍ္ဎေန္တော) ပွါးများသည်ရှိသော်။ (ဝါ)မထင်,ထင်အောင် အားထုတ်ပွါးများသောသူသည်။ (အနုက္ကမေန) အစဉ်သဖြင့်။(ဝါ)ဉာဏ်အစဉ်အတိုင်း။ (အရဟတ္တံ) အရဟတ္တဖိုလ်သို့။ (ဝါ) ရဟန္တာအဖြစ်သို့။ (ပါပုဏာတိ)ရောက်ရ၏။ ။(အဓိပ္ပါယ်လွယ်ပြီ)။

(အထူးမှတ်သားချက်)။

(၁) ဤ၌ ကျမ်းဂန်တို့မှာ ရှူ,ရှိုက်မှုတို့ကို အာရုံပြုသော စိတ်နှင့် (ကရဇကာယ)ခေါ် မဟာဘုတ်ရုပ်,ဥပါဒါရုပ်တို့ကို ပြဆိုသော်လည်း

ယောဂီဖြူတို့လွယ်ကူစွာ မှတ်ယူစေခြင်းအကျိုးငှါ ပေါ်လွင်ထင်ရှားရာ ဤ (ရုပ်,နာမ်) ၂-ပါးကိုသာ ဖော်ပြလိုက်ပါသည်။ ။(ဤမျှနှင့်မကျေနပ်သူတို့မှာ အဋ္ဌကထာလာတိုင်းပင် မှတ်ယူကြပါလေ)။ ။

## ပညတ်မကွာ အမှားသာ။

(က) ဤသို့ ရှုသဲ,ရှိက်ဆဲ ခဏတိုင်းတို့၌ဖြစ်ကြသော ရုပ်,နာမ်ဓမ္မ ပရမတ္ထသဘာဝ တို့၌ ငါ, သူတပါး, ယောကျ်ား,မိန်းမ စသည့်တို့က ရှုသည့်, ရှိက်သည့် ထွက်သက်, ဝင်သက် ထွက်လေ, ဝင်လေ ဟူသော (ပညတ်) အမှားတို့ကို အမှတ်သညာ အားဖြင့် ပယ်ခွါနိုင် ပါ သလား။ ။ (မေး)

(ခ) ဤလောက၌ လူပမာဏ ရှိသော (သစ်သား ယန္တရားစက်ရုပ်ကြီးများ)ကို ဤလိုပြုပြင်ထားသော စက်ရုပ်များပါတကားဟု မသိသေးသော သူငယ်မိုက်ကလေးအားလူမဟုတ်ဟု ပြောကြားမှတ်သားသော သညာဖြင့် ပယ်ခွါပါ သော်လည်း လူဟူ၍ပင် မှတ်ထင်သကဲ့သို့ရင်း။ ။

(ဂ) ထိုမှတပါး(မျက်စိလယ်မှား) နေသောသူအား ဤကားအရှေ့ ဤကားအနောက်ဟု ပြောကြား၍ သညာဖြင့် မှတ်ထားပါသော်လည်း မိမိမျက်စိလယ်နေသော အတိုင်းသာ မှတ်မှားနေသကဲ့သို့ရင်း။ ။

(ဃ) ထိုအတူ ဤလိုဟုတ်မှန်သောရုပ်,နာမ် သဘောတို့ကို ဟုတ်တိုင်းမှန်ရာ မသိမမြင်ကြသူ ပုထုဇ္ဇဉ် လူ့အန္ဓ, လူ့ဗာလတို့ မှာလည်း ငါ,သူ စသည့်တို့က ရှူမှု,ရှိက်မှုစသော ပညတ်အမှားတို့ကား ပရမတ်တရား မဟုတ်ပါတကားဟု သူတပါးပြောစကား အမှတ် သညာများဖြင့် ပယ်ရှားအပ်ပါသော်လည်း ငါ,သူတပါး, ယောကျ်ား,မိန်းမစသည့်တို့က ရှုသည့်,ရှိက်သည့် ထွက်သက်, ဝင်သက် ဟူသော ပညတ်အမှားတွေကိုပင် မပယ်ရှားနိုင် မခွါနိုင်ကြပါ။ ။ (ဖြေ)

(ဉာဏ်ဖြင့်မြင်ပါစေ)။

## ပညတ်အမှား အလိုလို ကွာသွားပုံ။

(က) ဤသို့ ပြအပ်သော နည်းအလျောက် အမှားပျောက်၍ အမှန်ရောက်အောင် (ဥပမာ) ဆောင်ကာ ဘယ်လို ရှုမှတ် ပွါးများရ ပါသနည်း။ ။ (မေး)

(ခ) ဤလောက၌ နီမြန်း လှပသော စက္ကူချပ် တို့ဖြင့် ပြုပြင် ကပ်ထားသော(နှင်းဆီပွင့်ကြီးကို)မြင်သောသူငယ်အား ဤကား နှင်းဆီပွင့် အစစ်မဟုတ်။ စက္ကူတွေ ကပ်ထားပါတကားဟု ထင်ရှားစွာ သိမြင်ပါလျှင် ၎င်းနှင်းဆီပွင့်ကြီးဟု ထင်မြင်မှတ်များသော သညာတရားတို့မှာ အလိုလိုပင် ကင်းစင် ပျောက်ကွာ သွားသကဲ့သို့။ ။

(ဂ) ထို့အတူ ရှုဆဲ, ရှိုက်ဆဲ ခဏတိုင်းတို့၌ ဖြစ်ကြသော စိတ်သဘောနှင့်လေသဘောတို့၏အသစ်,အသစ်ဖြစ်,ဖြစ်နေသည့်တို့ကိုဉာဏ်မှာထင်ထင် သေချာစွာရှုမြင်တတ်သောယောဂီမြတ်အား ရှုသည့်,ရှိုက်သည် ထွက်သည့်,ဝင်သည် ထွက်သက်,ဝင်သက်ဟု ခေါ်ဝေါ်သမုတ်ကြသော အမည်နာမ ပညတ်မှား ဟူသမျှတို့မှာ အမှတ် သညာဖြင့်ခွါမနေ ရတော့ဘဲ အလိုလိုပင် ကင်းစင် ပျောက်ကွာ သွားပါတော့သည်။ ။(အမှန်မြင်ခဲစွ)။ ။ (ဖြေ)

---

## စိတ်သဘော လေသဘော နှစ်ပါးကို ဥပမာဖြင့် ရှုပွါးပုံ။

(က) ဤလို ရှုဆဲ,ရှိုက်ဆဲ ခဏတိုင်းတို့၌ဖြစ်သော စိတ်သဘောနှင့်လေသဘောတို့၏ အသစ်,အသစ် ဖြစ်,ဖြစ်နေသည့်ကို ဉာဏ်မြင်အောင်(ဥပမာ)အားဖြင့် ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ဤလောကမှာ ချောမွေ့မထစ် သာယာပြေပြစ်သော လမ်းခရီး အစဉ် မြေကြီးပြင်၌ လိမ့်လိမ့် ပြေးသော (ဝှေယ်ကလေး) နောက်မှ ကပ်၍, ကပ်၍သာ အစဉ်မကွာ လက်ဖြင့် တွန်းလှိမ့်ကာ လိုက်ပါနေရာ သကဲ့သို့။ ။

(ဂ) ထို့အတူ ရှုတိုင်း, ရှိုက်တိုင်း မဆိုင်းမရပ် အစဉ်မပြတ် ဒလစပ် ဖြစ်,ဖြစ်နေသော စိတ်သဘော, လေသဘော တရား ၂-ပါးရုံတို့၏ နောက်မှ ဝိပဿနာ ဉာဏ်စိတ်ဖြင့် ကပ်ကာ ကပ်ကာ အစဉ် တစိုက်

လိုက်၍ ယခုရူဆဲ,ရှိက်ဆဲခဏမှ စိတ်သဘော,လေသဘောတို့အသစ်, အသစ် ဖြစ်၍ဖြစ်,၍နေပါတကားဟု ရှုမှတ်ပွါးများရပါသည်။ ။ (ဖြေ)

(အထူးတိုက်တွန်း မှာထားချက်)။

(၁) ဤသို့ ပြအပ်ပြီးသော နည်းများ အတိုင်း မဆိုင်းမတွ အကြွေး မထားကြဘဲ ယခုစာဘတ်ရင်းပင် ခေတ္တခဏမျှ ရပ်နား၍ လက်တွေ့ ဒိဋ္ဌ အမှန်မြင်ရအောင် အာရုံပြုကာ ဥပမာတို့ဖြင့် ရှုပွါးကြစမ်းပါ။ ။ မထင်မမြင်နိုင်ဟု မလျှော့ကြပါနှင့်။ ။

(၂) ဤနည်းများအတိုင်း အမှန်သဘောကို မြင်မှ ရုပ်ဓာတ်, နာမ် ဓာတ် ပညတ်, ပရမတ်တို့ ကွဲပြား ခြားနားစွာ သိမြင်ပြီးလျှင် အဖြစ်ဟူ သော (ဥဒယ) စွန်း,အပျက်ဟူသော (ဝယ) စွန်း,တို့ကိုလည်း ထင်မြင် လာပါလိမ့်မည်။ ။

(၃) ဤသို့ ထင်မြင်လျှင်အစဉ် (သန္တတိ)ဖုံးလွှမ်းမှု(သင်္ကာယဒိဋ္ဌိ) ရတို့မှ ကင်းလွတ်ကြ၍ အနိစ္စကောန်, ဒုက္ခကောန်, အနတ္တကောန်တို့ကိုပါ သိမြင်နိုင်ကြ၍ မဂ်,ဖိုလ်, နိဗ္ဗာန်တိုင် ရောက်နိုင်ပါမည်။ ဤမျှနှင့် မသိ ကြသေးပါလျှင် သိမြင် ပြီးသူတို့ကို မေးကြပါလေ သူတော်ကောင်း တွေတို့။ ။

ရုပ်နာမ် ဉာဏ် ဝိသုဒ္ဓိ ပရိညာ ခွဲပြခန်း။

(က) ယခုလို ရူဆဲ,ရှိက်ဆဲ ခဏတိုင်းတို့၌(ရုပ်,နာမ်,ဉာဏ်, ဝိသုဒ္ဓိ ပရိညာ)တို့ကို ခွဲပြပါ။ ။ (မေး)

(ခ) ယခု ရူဆဲ, ရှိက်ဆဲ ခဏတိုင်းတို့၌ ဖြစ်ပေါ်လာသော ရူ, ရှိုက် လိုမှုသဘော မနောဝိညာဉ်ဟူသော စိတ်သဘောကား (နာမ်) တရား ဖြစ်ပါသည်။ ။(ထင်ခဲ့စွ)။ ။ (ဖြေ)

(ဂ) ထိုစိတ်သဘောကြောင့် ဖြစ်ပေါ်လာသော ဝါယောဓာတ် ဟူ သော လေသဘောကား(ရုပ်)တရား ဖြစ်ပါသည်။ ။(မြင်ခဲ့စွ)။ (ဖြေ)

(ဃ) ဤကား နာမ်တရား,ဤကား ရုပ်တရားဟု ပိုင်းခြားစွာ သိမြင် ခြင်းသည်။ (နာမရူပပရိစ္ဆေဒ) ဉာဏ် ဖြစ်ပါသည်။ ။(သိခဲ့စွ)။ (ဖြေ)

(င) ဤလိုဟုတ်မှန်သော ရုပ်,နာမ်တို့ကိုသိမြင်ခြင်းကြောင့် (ယထာဘူတ) ဉာဏ် (သမ္မဒဿန) ဉာဏ်တို့လည်း ဖြစ်နိုင်ပါသည်။ ။(ဖြေ)
(မှန်ခဲ့၍)။

(စ) ဤလို ရှူဆဲ,ရှိုက်ဆဲခဏတိုင်းတို့မှာ ငါရှူသည်, ငါရှိုက်သည် စသဖြင့် အထင်မှား အမြင်မှားအယူမှားတို့မှ ကင်းစင်ပျောက်ကွာခြင်းသည်။ (ဒိဋ္ဌိဝိသုဒ္ဓိ) ဖြစ်ပါသည်။ ။(စင်ခဲ့၍)။ ။ (ဖြေ)

(ဆ) ဤသို့သောနာမ်,ရုပ်တို့၏သဘောလက္ခဏာတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်နိုင်စွာ သိခြင်းသည်။(ဉာတပရိညာ)ဖြစ်ပါသည်။ (ဖြေ)

(အထူးသတိပေး မှာထားချက်)။

(၁) ဤ အာနာပါနဒွိ ဝိပဿနာ ဘာဝနာသည် မြင့်မြတ် ဆုံးသော ကမ္မဋ္ဌာန်းဖြစ်၍ရင်း, ဘုရားဖြစ်စေသော ကမ္မဋ္ဌာန်းဖြစ်၍ရင်း ရတိပြတ်ကျေ့ သေလွန်မည့် အချိန်ကာလ တွေကိုပါ သိနိုင်၍ရင်း အခြား ကမ္မဋ္ဌာန်းတို့ထက်ပင် မြဲစွဲစွာ မနေမနား အားထုတ် သင့်လှပေသည်။ ။
(အပြောနှင့် အချိန်မဖြုန်းကြရာ)။

(၂) ဤ၌လည်း ယခုပစ္စုပ္ပန် ရှူထုတ်ဆဲ, ရှိုက်သွင်းဆဲ ခဏတိုင်းတို့မှာသာ ဓိတ်သဘော, လေသဘော ၂-ပါးပုံ အသစ်, အသစ် ဖြစ်, ဖြစ်နေပုံတို့ကို ဉာဏ်တွင် မြင်အောင် မနေမနား ကြိုးစားရှုပွါးရမည်။

· (၃) ဤမှ ရှေ့,နောက်တို့၌လည်း ယခုအာနာပါန၏ အခဏ်းလိုပင်ပါဠိသာဓက ဉပမာ, ဉပမေယျ များကိုပါ စပ်ဟပ်ကာ မှတ်ယူ ရှုပွါးကြပါလော။ ။(မပေါ့မဆကြရာ)။ ။

(၄) ဘယ်ကမ္မဋ္ဌာန်း မဆိုအဖြစ် သက်သက်ကိုသာ ပြဆိုပါသော်လည်း အဖြစ်မြင်၍ ဉာဏ်ယှဉ်သူ ယောဂီ ဖြူတို့မှာ အပျက်တွေကိုပါ ရှုပွါးကြပါလော။ ။(သတိပြုပါ)။ ။

(၅) ဤမှုနှင့် မှမမြင်ကြသေးပါလျှင် မေးမြန်းကြပါလော။ ။
(မာနကိုခွါ)။

(ဤတွင် အာနာပါနဒွိ အဖြစ်ဝိပဿနာ ပြခဏ်းပြီးပြီ)။

# တက်မှုဆုတ်မှုတို့၌ ဝိပဿနာ ပြခန်း။

## ပဋိညာဉ်။

(၁) ဤသို့ ရှူ, ရှိုက်ဆဲခဏတို့၌ ဝိပဿနာ ဘာဝနာတို့ကို ပြဆိုပြီး၍ ယခုအခါ၌ ရှေ့သို့တက်ဆဲ, နောက်သို့ ဆုတ်ဆဲခဏတို့၌ဖြစ်ကြသော ရုပ်,နာမ်ဓမ္မ ပရမတ္ထသဘာဝတို့၏အဖြစ်သက်သက် (ဥဒယ) ဝိပဿနာဉာဏ်တို့ကို လွယ်ကူစွာ သိမြင်စေခြင်း အကျိုးငှါ ပြဆိုရေးသားပေအံ့။ ။

---

(က) ရှေ့သို့တက်ဆဲ နောက်သို့ဆုတ်ဆဲ ခဏတို့၌ (ဝိပဿနာ ဘာဝနာမယ) ဉာဏ်ရဘို့ရာ အဘယ်သို့ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ။ ။

(ခ) (အဘိက္ကန္တေ) ရှေ့သို့တက်သည်ရှိသော်။(ပဋိက္ကန္တေ)နောက်သို့ ဆုတ်သည်ရှိသော်။ (သမ္ပဇာနကာရီ) ဉာဏ်ပညာဖြင့်။ ရှုပွါးဆင်ခြင်၍။တက်မှု,ဆုတ်မှုတို့ကို ပြုလေ့ရှိသည်။(ဟောတိ)ဖြစ်၏။ ။ဤသို့သော ဘုရားဟော ဒေသနာတော်နှင့် လျော်ညီစွာ ရှေ့သို့ တက်ဆဲ, နောက်သို့ ဆုတ်ဆဲအခိုက်အတန့်တို့၌ တက်လို,ဆုတ်လိုသော စိတ်သဘော, ထိုစိတ် သဘောကြောင့် ဖြစ်သော လေသဘော ၂-ပါးရုံတို့ ယခုမှ အသစ်, အသစ်ဖြစ်ပေါ်, ဖြစ်ပေါ်လာပါတကားဟု ရှုပွါးရပါသည်။ ။(သတိရခဲ့စွ)။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) ဣဓ ဘိက္ခု အဘိက္ကမန္တော ဝါ ပဋိက္ကမန္တော ဝါ ယထာ အန္ဓဗာလပုထုဇ္ဇနာ အဘိက္ကမာဒီသု အတ္တာ အဘိက္ကမတိ အတ္တနာ အဘိက္ကမော နိဗ္ဗတ္တိတောတိ ဝါ အဟံ အဘိက္ကမာမိ မယာ အဘိက္ကမော နိဗ္ဗတ္တိတောတိ ဝါ သမ္မုယှန္တိ၊ တထာ အသမ္မုယှန္တော အဘိက္ကမာမီတိ စိတ္တေ ဥပ္ပဇ္ဇမာနေ တေနေဝ စိတ္တေန သဒ္ဓိံ စိတ္တသမုဋ္ဌာနာ ဝါယောဓာတု ဝိညတ္တိံ ဇနယမာနာ ဥပ္ပဇ္ဇတိ။ ဣတိ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရဝသေန အယံ ကာယသမ္မတော အဋ္ဌိသင်္ဃာတော အဘိက္ကမတိ။ ။ အစရှိသဖြင့် လာရှိပါသည်။ ။ (ဖြေ)

(ဂ) (ဣဓ) ဤလောက၌။(ဝါ) ဤဘုရားသာသနာတော်၌။(ဘိက္ခု) သတိပဋ္ဌာန်၌။ကျင့်တတ်သောယောဂီဖြတ်သည်။ (အဘိက္ကမန္တေ ၁ဝါ) ရှေ့သို့ တက်သော်ငှင်း။ (ပဋိက္ကမန္တေ ၁ဝါ)နောက်သို့ ဆုတ်သော်ငှင်း။ (အန္တဗာလပုထုဇ္ဇနာ)ပုထုဇ္ဇဉ်ကာန်း, ပုထုဇဉ်မိုက်တို့သည်။ (အဘိက္က မာဒိသု) ရှေ့သို့တက်ခြင်းအစရှိသည်တို့၌။(အတ္တာ) ကိုယ်သည်။ (ဝါ) ငါသည်။(ဝါ)အစိုးတရ။အနှစ်သာရကောင်သည်။(ဝါ)အရေကလာပ်, အဖပ်ကလာပ်မှန်သည်။ (ဝါ)မြူမှုန့်မှုသည်။ (အဘိက္ကမတိ) ရှေ့သို့လှမ်း တက်၏။(အတ္တနာ)ကိုယ်သည်။ (ဝါ) မိမိသည်။ (ဝါ) အသက်ကောင်, လိပ်ပြာကောင်သည်။ (အဘိက္ကမောတိဝါ) ရှေ့သို့ တက်၏ ဟူ၍ငှင်း။ (နိဗ္ဗတ္တိတောတိဝါ) ဖြစ်စေ၏ဟူ၍ငှင်း။ (အဟံ) ငါသည်။ (ဝါ) ငါ, သူ တပါး,ယောက်ျား,မိန်းမသည်။(အတိက္ကမာမိ) ရှေ့သို့တက်၏။(မယာ) ငါသည်။ (အဘိက္ကမောတိဝါ) ရှေ့သို့တက်၏ ဟူ၍ငှင်း။ (နိဗ္ဗတ္တိတော တိဝါ)ဖြစ်စေ၏ ဟူ၍ငှင်း။ (သမ္မုယှန္တိ ယထာ) မသိတွေဝေ၊ မိုက်မဲ လေကုန်သကဲ့သို့။(တထာ) ထိုပုထုဇ္ဇဉ်မိုက်ကာန်းတို့အတူ သာလျှင်။ (အသံမုယှန္တော) မသိမတွေဝေ။မမိုက်မမဲစေသည်ဖြစ်၍။ (ဝါ)မမိုက် မကာန်းဘဲ။ (အဘိက္ကမာမိ)ရှေ့သို့တက်အံ့။(ဣတိ) ဤသို့။(စိတ္တေ)မနော ဝိညာဉ်စိတ်သည်။ (ဥပ္ပဇ္ဇမာနေ) ဖြစ်ပေါ်လာသည် ရှိသော်။ (တေနေဝ စိတ္တေန)ထိုမနောဝိညာဉ် စိတ်ဓာနှင့် သာလျှင်။ (သဒ္ဓိံ) အတူတကွ။ (ဝါ)အတူတူ။ (စိတ္တသမုဋ္ဌာနာ) စိတ်လျှင် ဖြစ်ကြောင်း ရှိသော။ (ဝါ) စိတ်ကြောင့် ဖြစ်ပေါ်လာသော။ (ဝါယောဓာတု) လေဓာတ် သဘော သည်။ (ဝိညတ္တိံ) ကာယဝိညတ် ရုပ်ကို။ (ဝါ) ရှေ့သို့ တက်၏ဟု သိ ကြောင်းမှတ်ကြောင်း အမူအရာ သဘော သတ္တိမျှကို။ (ဇနယမာနာ) ဖြစ်စေလျက်။ (ဥပ္ပဇ္ဇတိ) ဖြစ်ပေါ်လာ၏။ (ဣတိ)ဤသို့။ (စိတ္တကိရိယဝါ ယောဓာတု ဝိပ္ဖါရဝသေန) စိတ်သည် ပြုပြင်အပ်သော။ လေဓာတ်သ ဘော၏။ပြန့်နှံ့ခြင်း၏ အစွမ်းဖြင့်။(ကာယသမ္မတော) ကိုယ်ဟုခေါ်ဝေါ် ပညတ်အပ်သော။ (အယံအဋ္ဌိသင်္ဃာတော) ဤအရိုးစုသည်။ (အဘိက္က မတိ)ရှေ့သို့ဘက်၏။ (ပဋိက္ကမတိ)နောက်သို့ဆုတ်၏။ ။(ဤအနက်၌ စိတ်သဘော, လေသဘော အသစ်,အသစ်ဖြစ်၍သာ ကိုယ်ဟုသမုတ် အပ်သော အရိုးစုသည် တက်ဆုတ်၏ဟူလို။ ။အထူး သတိထားပါ)။

## ရှေ့သို့တက်မှု စသည်၌ ခြောက်ခုပြု၍ ရှုပွါးပုံ။

(က) ဤသို့ သွားဆဲခဏ ဣရိယာပုထ်တို့၌ အစိတ်အစိတ်အားဖြင့် ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ယခု သွားဆဲခဏ ခြေကြွမှု (ဥဒ္ဓရဏ) တခု။ ရှေ့သို့ဆောင်ယူမှု (အတိဟရဏ)တခု။ ထိုမှဤမှ ရှောင်လွဲမှု (ဝိတိဟရဏ) တခု။ အောက်သို့ ထိုးပစ်မှု (ဝေါဿဇ္ဇန)တခု။ အောက်သို့ချထိမှု (သန္နိက္ခေပန)တခု။ ခြေကိုနင်းဖိမှု (သန္နိရုဇ္ဈန)တခု အားဖြင့် ခြောက်ဘို့ရ၌(အာကာရဘေဒ) အစွမ်းအားဖြင့် ဓါတ်သဘောနှင့် လေသဘော ယခုမှအသစ်, အသစ် ဖြစ်,ဖြစ် လာပါတကား ဟု ဉာဏ် စက္ခုဖြင့် ရှုပွါးရပါသည်။ ။(သတိ,ဉာဏ်,မြင်ခဲ့စွ)။ ။ (ဖြေ)

### (အထူးမှာသား တိုက်တွန်းချက်)။

(၁) ဤသို့ ပြအပ်သော တက်မှု,ဆုတ်မှုတို့မှာ ရပ်,ထိုင်,လျောင်း, သွား ဣရိယာပုထ် ၄-ပါးလုံးတို့၌ပင်ရအပ်ဟု၍ အဋ္ဌကထာဆရာမိန့်မှာတော်မူသောကြောင့် ရပ်ဆဲ,ထိုင်ဆဲ,လျောင်းဆဲ,သွားဆဲ ခဏတိုင်းတို့မှာလည်း ဤလိုပင် ဓါတ်သဘော, လေ သဘော ဖြစ်,ဖြစ် နေသည် ဟု သတိထားကာ ရှုပွါးကြစမ်းပါ။ ။

(၂) ထို ၆-ဘို့ရတို့တွင် ဝေါဿဇ္ဇန, သန္နိက္ခေပန, သန္နိရုဇ္ဈန-ဟူသော ကောဋ္ဌာသတို့၌ ပထဝီဓာတ်, အာပေါဓာတ်တို့ လွန်ကဲ၍ဟုဆိုသော်လည်း ဓါတ္တဇဝါယောဓာတ်ကိုသာ ရှုပွါးကြပါလေ။ ။

(၃) ဤလို တက်,ဆုတ်, သွား,လာရင်း ၂-လှမ်း ၃-ဖဝါးမျှနှင့်ပင် ၄င်းဝိပဿနာဘာဝနာ များကို ရှုပွါး၍ အာသဝေါကင်းကွာ ရဟန္တာ ဖြစ်တော်မူရသော (မဟာသိဝဒ္ဓြက) မထေရ်မြတ်ကြီးကို ထောက်ဆကာ နိဗ္ဗူတာသို့ လျှင်မြန်စွာ ရအောင် ယုံကြည်စွာ အားထုတ်ကြပါလေ သူတော်တွေတို့။ ။

## တက်ဆုတ်မှု၌ ပရမတ်ပညတ် ခွဲမှတ်ဖော်။

(က) ယခု တက် ဆုတ်မှုတို့၌(ပရမတ်ပညတ်) ခွဲပြပါ။ ။ (မေး)

(ခ) ဤလို တက်လို ဆုတ်လိုမှု သဘောသည်(ပရမတ်)စစ်စစ်ဖြစ်ပါသည်။ ။(သိခဲ့စွ)။ (ဖြေ)

(ဂ) ဤသဘောမျှကိုပင် စိတ်, ဝိညာဉ်,နာမ်, ပရမတ်,သင်္ခါရ ဟုခေါ် ဆိုရသောအမည်များကား ဝိဇ္ဇမာနပညတ်များဖြစ်ပါသည်။(ဖြေ)
(ကွဲခဲ့ပွ)။

(ဃ) ရှေ့သို့တက်ခြင်းစသော အမူအရာကြိယာတို့ကို ဖြစ်စေတတ်သော သဘောသည် ပရမတ် စစ်စစ်ဖြစ်ပါသည်။ ။(မြင်ခဲ့ပွ)။ (ဖြေ)

(င) ဤသဘောမျှကိုပင် ဝါယောဓာတ်, လေ,ရုပ်,ပရမတ်,သင်္ခါရ ဟုခေါ် ဆိုရသော အမည်များကား ဝိဇ္ဇမာန ပညတ်များ ဖြစ်ပါသည်။
(ကွဲခဲ့ပွ)။ ။ (ဖြေ)

(စ) ခြေပုံစံကား သဏ္ဌာနပညတ် ပုဂ္ဂိုလ်,သတ္တဝါ,ငါ, သူတပါး, ယောကျ်ား,မိန်းမ စသည်တို့ကား အတ္တပညတ်, အဝိဇ္ဇမာန ပညတ်, ဇာတိပညတ် တို့ဖြစ်ပါသည်။ ။(သတိပြု)။ ။ (ဖြေ)

(ဆ) တက်မှု,ဆုတ်မှု,ကြွမှု, ဆောင်မှု,လွှဲမှု, ထိုးမှု,ချမှု, ဖိမှု,အစဉ် တို့ကား သန္တတိ ပညတ်တို့ ဖြစ်ပါသည်။ ။(သိခဲ့ပွ)။ ။ (ဖြေ)

**(အထူးမှာထား ညွှန်ကြားချက်)။**

(၁) ဤမှ နောက်၌ ပရမတ်, ပညတ်စသည်တို့ကို တူပြီဖြစ်၍ မပြတော့ပြီ။ ။

(၂) ကျမ်းကြီးလေးမှာပိုး၍ သိလိုကြပါလျှင် ပြခဲ့ပြီးသော နည်းများကို အစဉ်မှီးကာ သိကြပါလေ။ ။

(၃) အရာရာတို့၌ ပရမတ်,ပညတ်,ရုပ်ဓာတ်,နာမ်ဓာတ် တွေကို ခွဲ၍သိတတ်မှ လူဖြစ်ကျိုးနပ်ကြမည်ဖြစ်၍ ပြဆိုပြီးသော နည်းများကို အထပ်ထပ် ရှုပွါးကြပါလေ။ ။

---

## ရုပ် နာမ် ဉာဏ် ဝိသုဒ္ဓိ ပရိညာ ခွဲပြခဏ်း။

(က) ဤလို တက်ဆုတ်ဆဲခဏစသည်တို့၌(ရုပ်,နာမ်,ဉာဏ်,ဝိသုဒ္ဓိ, ပရိညာ) တို့ကို ခွဲပြပါ။ ။ (မေး)

(ခ) ဤလို ရှေ့သို့ တက်ဆဲ, နောက်သို့ ဆုတ်ဆဲ ခဏတို့၌ ဖြစ်ကြသော လေသဘောကား(ရုပ်)တရားဖြစ်ပါသည်။ ။(သိခဲ့ပွ)။ ။(ဖြေ)

(ဂ) ထို လေ သဘောကို ဖြစ်စေ တတ်သော မနောဝိညာဉ် စိတ် သဘောကား (နာမ်)တရားဖြစ်ပါသည်။ ။(မြင်ခဲ့ပွ)။ ။ (ဖြေ)

(ဃ) ယခုရှေ့သို့ တက်ဆဲခဏစသည်တို့၌ နာမ်,ရုပ်ကို မရောနှောဘဲတပါးစီ ပိုင်းခြား၍ သိခြင်းသည် (နာမရူပပရိစ္ဆေဒ) ဉာဏ်ဖြစ်ပါသည်။ ။ (ဖြေ)

(င) ဤလို ရှေ့သို့ တက်ဆဲ ခဏ စသည်တို့၌ ငါသည် တက်၏, ဆုတ်၏ စသည်ဖြင့် အထင် မှားခြင်းမှ ကင်းစင်ခြင်းသည် (ဒိဋ္ဌိဝိသုဒ္ဓိ) ဖြစ်ပါသည်။ ။ (ဖြေ)

(စ) ဤသို့သော နာမ်,ရုပ်တို့၏ သဘောလက္ခဏာတို့ကို ကိုယ်ပိုင် ဉာဏ်ဖြင့် ပိုင်နိုင်စွာသိခြင်းသည်(ဉာတပရိညာ) ဖြစ်ပါသည်။ ။(ဖြေ)

(အထူးမှာထားသည့်နိဂြုံးချက်) ဤမှနောက်၌လည်း ဇူပြီဖြစ်၍ ဤလိုပင် ခွဲတတ်ကြပါလေ။အထပ်ထပ် ခွဲကြပါ။ ။

ဤတွင်တက်ဆုတ်မှုတို့၌ဝိပဿနာပြခဏ်းပြီးပြီ။

# တူရူတစောင်းကြည့်ရာတို့၌ဝိပဿနာပြခဏ်း။

## ပဋိညာဉ်။

(၁) ဤသို့ တက်မှု, ဆုတ်မှု ခဏတို့၌ ဝိပဿနာ ဘာဝနာတို့ကို ပြဆိုပြီး၍ ယခုအခါ၌ တူရူကြည့်ဆဲ, တစောင်းကြည့်ဆဲ ခဏတိုင်းတို့မှာ ဝိပဿနာ ဘာဝနာ ဉာဏ်မဟာတို့ကို လွယ်ကူစွာ ရှုပွါးထင်မြင်စေခြင်းအကျိုးငှါ ပြဆိုပါအံ့။ ။

(က) ယခု တူရူကြည့်ဆဲ ခဏ, တစောင်းကြည့်ဆဲ ခဏတို့၌ (ဝိပဿနာဘာဝနာမယ)ဉာဏ်ရဘို့ရာဘယ်လိုရှုပွါးရပါသနည်း။(မေး)

(ခ) အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ။ ။

(ခ) (အာလောကိတေ) ရှေ့ရူ တူရူကြည့်သောင်ငှင်း။ (ဝိလောကိတေ) တစောင်းကြည့်သောင်ငှင်း။ (သမ္ပဇာနကာရီ) ဉာဏ် ပညာဖြင့်။ ကြည့်ရှုလေ့ရှိသည်။(ဟောတိ)ဖြစ်၏။ ။ဟူသည်နှင့်အညီ ယခုကြည့်ဆဲခဏ ရှေ့ရူတူရူ တည့်တည့်ကြည့်ရှုလိုသော စိတ်သဘောနှင့် ငင်းစိတ်သဘောကြောင့် ဖြစ်သော လေသဘော ၂-ပါးပုံ အသစ်,အသစ်ဖြစ်,ဖြစ်နေပါတကားဟုဉာဏ်မှာထင်မြင်အောင်ရှုပွါးရပါသည်။(ဖြေ)

ထို့ကြောင့်။

(၈) အဇ္ဈတ္တရေ အတ္တနာမ အာလောကေတာဝါ ဝိလောကေတာ ဝါ နတ္ထိ ဣတိ ဝိတ္တကိရိယ ဝါယောဓာတု ဝိပ္ဖါရဝသေနေဝ ဟေဋ္ဌိမံ အက္ခိဒလံ အဓော သီဒတိ ဥပရိမံ ဥဒ္ဓံ လင်္ဃေတိ၊ ကောစိ ယန္တကေန ဝိဝရန္တော နာမ နတ္ထိ။ တတော စက္ခုဝိညာဏံ ဒဿနကိစ္စံ သာဓေန္တံ ဥပ္ပဇ္ဇတိ။ ။ဟု အဋ္ဌကထာတို့မှာ လာရှိပါသည်။ ။ (မြေ)

(၈) (အဇ္ဈတ္တရေ) ရုပ်နာမ်တွင်း၌။(အတ္တာနာမ)ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ မည်သည်။(နတ္ထိ) မရှိ။(အာလောကေတာဝါ) ရှေ့ရှု တူရူ ကြည့်ရှုတတ်သော သူသည်လည်းကောင်း။ (ဝိလောကေတာဝါ) စောင်းငဲ့ မော်၍ ကြည့်ရှုတတ်သော သူသည်လည်းကောင်း။ (နတ္ထိ) မရှိ။(ဣတိ) ဤလို။(ဝိတ္တကိရိယဝါယောဓာတုဝိပ္ဖါရဝသေနေဝ) စိတ်သဘောသည်ပြုပြင်အပ်သော။လေသဘောတို့၏။ ပျံ့နှံ့ခြင်း၏ အစွမ်းဖြင့်သာလျှင်။ (ဟေဋ္ဌိမံ) အောက်ဖြစ်သော။ (အက္ခိဒလံ) မျက်လွှာအပြင်သည်၊ (အဓော)အောက်သို့။(သီဒတိ)နစ်၏။ (ဝါ)ချ၏။ (ဥပရိမံ)အထက်မျက်လွှာသည်။ (ဥဒ္ဓံ)အထက်သို့။ (လင်္ဃေတိ)ကြွ၏။ (ဝါ)တက်၏။(ကောစိ)တစုံတယောက်သောသူက။ (ယန္တကေန)စက်ယန္တရားဖြင့်။(ဝိဝရန္တောနာမ) ဖွင့်လှစ်ပေးသောသူမည်သည်၊ (နတ္ထိ) မရှိပေ။ (တတော) ထိုကြည့်ရှုခြင်းကြောင့်။ (စက္ခုဝိညာဏံ) အဆင်းသဘောကိုသိသော စိတ်သဘောသည်။(ဒဿနကိစ္စံ)မြင်သိမှုကိစ္စကို။ (ဝါ) အဆင်းသဘောဟု သိတတ်သော သဘောကို။ (သာဓေန္တံ)ပြီးစေလျက်။ (ဥပ္ပဇ္ဇတိ)ဖြစ်၏။ ။(စဉ်းစာပါ)။ ။

(အထူးမှာထား တိုက်တွန်းချက်)။

(၁) ဤ အခဏ်း၌ကား ကြည့်ရှု လိုသော မနော ဝိညာဉ် စိတ်သဘောနှင့် ၎င်းစိတ် သဘောကြောင့် ဖြစ်ပေါ်လာသော လေ သဘော ၂–ပါးစုံတို့၏ အတူတကွ ဖြစ်နေ ကြပုံကိုသာ သတိပဋ္ဌာန် နည်းအား လျော်စွာ ပြဆိုရင်းဖြစ်ပါ၍ မျက်စိအကြည်သဘော,အဆင်းသဘော, အဆင်းသိသော စိတ်သဘော ၃–ပါးစုံတို့မှာ ပြခဲ့ပြီးဖြစ်သောကြောင့် အရာအားလျော်စွာသာ ရှုပွါးကြရာ၏။ ။(စိတ်သဘော,လေသဘော ကိုသာ ရှုစမ်းပါ)။ ။

(၂) အဋ္ဌကထာ၌ မူလပရိညာဉ် အာဂန္တု ဖြစ်သော ဘင်, အာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း,သန္တီရဏ,ဂုဇ္ဇော, ဓောဟူ၍လည်း ပြသေး၍ ဉာဏ်ကြီးသူများသာ ရှုပွါးကြပါလေ။ ။

# ကွေးဆဲ ဆန့်ဆဲခဏတို့၌ ဝိပဿနာပြခဏ်း။

## ပရိညာဉ်။

(၁) ဤသို့ ရှေ့ကို ကြည့်မှု, တစောင်း ကြည့်မှု ပြုဆဲခဏတို့၌ ဝိပဿနာဘာဝနာတို့ကို ပြဆိုပြီး၍ ယခုအခါ၌ ကွေးမှု,ဆန့်မှု ပြုဆဲခဏ တိုင်းတို့မှာ ဝိပဿနာ ဘာဝနာ ဉာဏ်မဟာတို့ကို မြန်စွာ လွယ်ကူ မှတ်ယူရှုပွါးဘို့ရာ ပြဆိုပါအံ့။ ။

(က) ယခု ကွေးဆဲ, ဆန့်ဆဲ ခဏတို့၌ (ဝိပဿနာဘာဝနာ မယ) ဉာဏ်ရဘို့ရာ ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရိဟောတိ။ ။

(ခ) (သမိဉ္ဇိတေ) ဆန့်တန်းသောလက်,ခြေကို ကွေးသည်ရှိသော် (ပသာရိတေ) ကွေးသော လက်, ခြေကို ဆန့်တန်း သည် ရှိသော်။ (သမ္ပဇာနကာရိ) ဟုတ်မှန်သော။ ရုပ်,နာမ်တို့ကို။ သိမြင်တတ်သော။ ဉာဏ်ပညာဖြင့် ထင်ရှားအောင်။ ရှုပွါးမှုကို ပြုလေ့ရှိသည်။ (ဟောတိ) ဖြစ်၏။ ။ဤဒေသနာတော်နှင့်ညီစွာ ယခုလိုကွေးဆဲ,ဆန့်ဆဲ ခဏတိုင်း တို့မှာ ကွေးလို,ဆန့်လိုသောစိတ်သဘောနှင့် ၎င်းစိတ်သဘောကြောင့် ဖြစ်သော လေသဘော ၂-ပါးပုံ အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကား ဟု ဉာဏ်အားဖြင့် ရှုပွါးရပါသည်။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) အဘိက္ကန္တေ အဘိက္ကာနာမ ကောစိ သမိဉ္ဇန္တောဝါ ပသာရေန္တောဝါ နတ္ထိ။ ဝုတ္တပ္ပကာရစိတ္တ ကိရိယ ဝါယောဓာတု ဝိပ္ဖါရေန ပန သုတ္တာကဗ္ဗနဝသေန ဒါရုယန္တဿ ဟတ္ထပါဒလောဠနံ ဝိယ သမိဉ္ဇန ပသာရဏံ ဟောတိ။ ။ဟု အဋ္ဌကထာတို့မှာလာရှိပါသည်။ ။ (ဖြေ)

(သတိကြီးစွာထားကြပါ)။

(၈) (အဇ္ဈတ္တရေ) ရုပ်,နာမ်အတွင်း၌။ (ဝါ)ပရမတ်သဘောထဲ၌။ (အတ္တာနာမ) ငါ,သူတပါး,ယောကျ်ား, မိန်းမ အနှစ်သာရမည်သည်။ (နတ္ထိ) မရှိပေ။ (ကောစိ) တရုံ တယောက်သော။ (သမိဥ္ဇန္တောဝါ) ကွေးတတ်သော သူသည် လည်းကောင်း။ (ပသာရေန္တောဝါ) ဆန့်တန်းတတ်သော သူသည် လည်းကောင်း။ (နတ္ထိ) ဘာတခုမျှ။မရှိပေ။ (ပန) စင်စစ်ကေန်။ အမှန်အားဖြင့်။ (ဝါ) အပာတ်တကယ်တန်းမှာ မူကား။ (ဝုတ္တပ္ပကာရ စိတ္တကိရိယ ဝါယောဓာတု ဝိပ္ဖါရေန) ပြဆိုအပ်ခဲ့ပြီးသောအပြားရှိသော။ စိတ်သည်ပြုပြင်အပ်သော။လေသဘောတို့၏။ ဖြန့်နှံ့ခြင်းကြောင့်သာလျှင်။ (သုတ္တာကဇုနဝသေန) ကြိုးတို့ဖြင့် ဆွဲငင်ခြင်း၏အစွမ်းဖြင့်။ (ဒါရုယန္တသ) သစ်ယန္တရားရုပ်၏။ (ဝါ)သစ်သားရုပ်,စက်ရုပ်၏။ (ဟတ္ထပါဒလောဠနံဝိယ) လက်,ခြေတို့ကို။ လှုတ်သကဲ့သို့။ (သမိဥ္ဇနပါသာရဏံ) ကွေးခြင်း, ဆန့်ခြင်း။ အမူအရာ ကြိယာမျှသည်။(ဟောတိ) ဖြစ်၏။ ။

---

(အထူးတိုက်တွန်း မှာထားချက်)။

(၁) ဤလို ကွေး,ဆန့်, လှုတ်ရှားဆဲ ခဏတိုင်းတို့မှာ ကွေးလို,ဆန့်လို, လှုပ်ရှားလိုသော စိတ်သဘောနှင့် တကွဖြစ်သော လေသဘော ၂-ပါးစုံတို့၏ အသစ်,အသစ် ဖြစ်,ဖြစ်နေပုံတို့ကို ယုံကြည်စွာ ရှုပွါးကြစမ်းပါ။ ။

(၂) ဤလို စိတ်သဘော လေသဘော အသစ်,အသစ် ဖြစ်,ဖြစ်နေသည်တို့ကိုအပာတ် အမှန် ရုပ်,နာမ်မျှပါတကားဟုဉာဏ်အားထင်မြင်ပါလျှင်လက်ခြေကွေးသည်,ဆန့်သည်,လှုပ်ရှားသည်ဟူသော(သဏ္ဍာန)ပညတ်နှင့်အစဉ်(သန္တတိ)ပညတ်တို့ပါ ကင်းကွာရပါသည်။ ။

(၃) ရှေးအခါ မဟာထေရ်ကြီး တပါးသည် နေ့သန့်စင်ရာ အရပ်၌ နေထိုင်ရာ,အတွင်းနေ တပည့်များနှင့် ပြောဟောနေစဉ် အဆောတလျှင် လက်ကိုကွေး၍ တဖန်ဆန့်ထားမြဲ ထားပြန်ပြီးလျှင် ဖြေးဖြေးပညာဖြင့် ရှုဆင်ခြင်၍ ကွေးပြန်၏။ ။တပည့်များက အရှင်ဘုရား အဘယ့်ကြောင့် အဆောတလျှင် ကွေး၍ တဖန် ဆန့်ပြီး ပြန် ကွေးတော်မူရပါကုန်သနည်း ဘုရားဟု မေးလျှောက်ကြရာ ဆရာ မထေရ်ကြီးက ငါ

တပည့်တို့ ငါသည် ဘယ်တော့မှ ကမ္ဗဋ္ဌာန်းကိုလွှတ်၍ လက်ကိုမကွေးဘူးပေ။ ။ယခုမှာကား သင်တို့နှင့် အတူတကွပြောဟောနေရသဖြင့် ကမ္ဗဋ္ဌာန်းကိုလွှတ်၍ ကွေးမိပေ၏။ထို့ကြောင့် ဆန့်မြဲတိုင်းထား၍ ယခုတဖန်ကွေးပြီးဝိပဿနာဉာဏ်ဖြင့်ကွေးရပြန်၏ဟုမိန့်တော်မူရာတပည့်များက သာခုသာခု ပါဘုရား ရဟန်းတို့မည်သည်ကား ဤလို အကျင့်ဖြင့်သာ ဖြစ်ရာ, နေရာပါကုန်၏ဘုရားဟု လျှောက်ထားကြကုန်၏။ ။ ဤသို့စသော ဝတ္ထုသာဓကများကို ထောက်ထား၍မပြတ်မလပ်အောင် ရှုပွါးကြပါ။ ။

(၄) ဤ၌လည်း ပရမတ်, ပညတ်, ရုပ်, နာမ်, ဝိသုဒ္ဓိ, ပရိညာတို့မှာ တက်မှု,ဆုတ်မှု အခဏ်းတို့နှင့် တူပြီဖြစ်၍ မပြတော့ပြီ။ ။

## ထိုထိုဥစ္စာတို့ကို ကိုင်တွယ် ဝတ်ဆင်ရာတို့၌ ဝိပဿနာပြခဏ်း။

(က) သပိတ်,အိုး,ခွက်,အဝတ်,သင်္ကန်း,လုံချီ,အင်္ကျီ,ပုဝါ,တဘက် စသည်တို့ကို ကိုင်တွယ်ယူလှမ်းဝတ်ရုံ ဆင်မြန်းကြသဲအခိုက် အတန့်တိုင်းတို့၌။ (ဝိပဿနာဘာဝနာမယ) ဉာဏ် ရဘို့ရာ ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) သံဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ။ ။

(ခ) (သံဃာဋိပတ္တ စီဝရဓာရဏေ) ဒုကုဋ်, သပိတ်,အိုး,ခွက်, အဝတ်, သင်္ကန်း, လုံချီ, အင်္ကျီ, ပုဝါ, တဘက်စသည်တို့ကို။ ကိုင်တွယ်ယူလှမ်း။ ဝတ်ရုံဆင်းမြန်း။ ဆောင်ပေးစွမ်းသည်ရှိသော်။ (သမ္ပဇာနကာရီ) ဝိပဿနာ ဉာဏ်ပညာဖြင့်။ ဆောင်ယူမှုတို့ကို ပြုလေ့ရှိသည်။ (ဟောတိ) ဖြစ်၏။ ။ဟူသည်နှင့်အညီ ထိုထိုပစ္စည်း ဥစ္စာတို့ကို ကိုင်တွယ်,ဝတ်ဆင်မှုစသည်ကို ပြုလိုသော စိတ်သဘော,ထိုစိတ်သဘောကြောင့်ဖြစ်သော လေသဘော ၂-ပါးရုံတို့ကား ယခုမှအသစ်, အသစ်ဖြစ်,ဖြစ်လာပါတကားဟု ပညာစက္ခုဖြင့် ရှုပွါးရပါသည်။ ။ (ဖြေ)
(လွယ်လွယ်နှင့်မြင်ခဲစွ)။

## ထို့ကြောင့်။

(ဂ) အဘ္ဘန္တရေ အတ္တာ နာမ ကောစိ စီဝရံ ပါရုပေန္တော နတ္ထိ။

ဝုတ္တပ္ပကာရ စိတ္တကိရိယ ဝါယောဓာတု ဝိပ္ဖါရေနေဝ ပန စီဝရပါရုပနံ ဟောတိ။ ။

(ဃ) အဘ္တန္တရေ အတ္တာ နာမ ကောစိ ပတ္တံ ဂဏှန္တော နတ္ထိ။ ဝုတ္တပ္ပကာရ စိတ္တကိရိယ ဝါယောဓာတုဝိပ္ဖါရေနေဝ ပန ပတ္တဂ္ဂဟဏံနာမ ဟောတိ။ ။အစရှိသည်ဖြင့် အဋ္ဌကထာတို့မှာလာရှိပါသည်။ (ဗြေ) (သတိပြုပါ)။

(ဂ) (အဘ္တန္တရေ) ခန္ဓာအိမ်တွင်း၌။ (ဝါ) အတွင်းဓာတ်များ။ ပရမတ်သားထဲ၌။ (အတ္တာနာမ) အထည်ခံ အမာခံဒြပ်။ အမှန်အမွှား။ အနှစ်သာရများမည်သည်။ (နတ္ထိ) ဘာတခုမျှ။ မရှိပေ။ (ကောစိ)တစုံတယောက်။ (စီဝရံ)အဝတ်သင်္ကန်းစသည်ကို။ (ပါရုပေန္တော)ဝတ်ရုံဆင်မြန်းတတ်သောသူသည်။ (နတ္ထိ) ဘာတခုမျှ။ မရှိပေ။ (ပန) အဟုတ်အမှန်မှာမူကား။(ဝုတ္တပ္ပကာရ စိတ္တကိရိယဝါယောဓာတု ဝိပ္ဖါရေနေဝ)ပြဆိုအပ်ပြီးသော အခြင်းအရာရှိသော။ စိတ်သည်ပြုပြင်အပ်သော။ လေသဘော၏။ပြန့်နှံ့ခြင်းကြောင့်သာလျှင်။ (စီဝရပါရုပနံ) အဝတ်သင်္ကန်းစသည်ကို ဝတ်ရုံသုံးစွဲခြင်းသည်။(ဟောတိ)ဖြစ်၏။(သတိရပါစေ)။

(ဃ) (အဘ္တန္တရေ) ခန္ဓာအိမ် အတွင်း၌။ (ဝါ) ဓာတ် ပရမတ် သဘောထဲ၌။ (အတ္တာနာမ) ပုဂ္ဂိုလ်, သတ္တဝါ, ငါ,သူတပါး, ယောကျ်ား, မိန်းမ။ အနှစ်သာရမည်သည်။ (နတ္ထိ) ဘာတခုမျှ။ မရှိနိုင်ပေ။ (ကောစိ) တစုံတယောက်မျှ။(ပတ္တံ)သပိတ်,အိုး,ခွက်စသည်ကို။ (ဂဏှန္တော)ကိုင်တွယ်, ယူလှမ်း, ပေးစွမ်းတတ်သောသူသည်။ (နတ္ထိ) ဘာတခုမျှ။ မရှိနိုင်ပေ။(ပန)စင်စစ်ကေန်။အဟုတ်အမှန်မူကား။ (ဝုတ္တပကာရစိတ္တကိရိယ ဝါယောဓာတု ဝိပ္ဖါရေ နေဝ) ပြဆိုအပ် ပြီးသော။ အခြင်းအရာ ရှိသော။ စိတ်သည် ပြုပြင်အပ်သော။ လေသဘော၏ ပြန့်နှံ့ခြင်းကြောင့်သာလျှင်။(ပတ္တဂ္ဂဟဏံနာမ) သပိတ်,အိုး,ခွက်စသည်ကို။ ကိုင်ယူခြင်း မည်သည်။ (ဟောတိ) ဖြစ်၏။ ။(အဓိပ္ပါယ်လွယ်ပြီ)။ ။

---

### (အထူးမှတ်သား တိုက်တွန်းချက်)။

(၁) ဤ ဝတ်, ရုံဆဲခဏ ဤရုပ်ကာယကြီး၌ (အိုင်းအမာကြီး) ကို ဖုံးလွှမ်း စီးထုပ်ထားသော အဝတ်များနှင့် တူ၏ဟု (ပညတ်) အားဖြင့် မှတ်သားကြရာ၏။ ။( ရှုံဘွယ်တွေကို မြင်ပါစေ)။ ။

(၂) ထိုမှတပါး သပိတ်, အိုး,ခွက်, ပုဂံများကိုကား ထိုအနာကြီးများ၌ လိမ်းကျံ,နမ်းရှူ, စား,သောက် ဘိုရာ ဆေးများထည့်ထားသော အိုးကြမ်းကဲ့ ဆေးခွက်ကြီး များနှင့်တူ၏ဟု ပညတ်အားဖြင့် မှတ်သားကြရာ၏။ ။

(၃) ထိုထို သပိတ်,အိုး,ခွက် စသည်တို့၌ ထည့်ထားသော အစာအာဟာရ တို့ကိုကား ထိုအိုးကြမ်းကဲ့ ဆေးခွက်၌ ထည့်ထားသော ဆေးများနှင့်တူ၏ဟုပညတ်အားဖြင့် မှတ်သားကြရာ၏။ ။

(အသုဘ ရှုပါ)။

(၄) သို့သော် စိတ်သဘော လေသဘောတို့၏ အဖြစ်ကိုထင်လျှင်ငင်း ပညတ် များမှာ အလိုလို ကွာနိုင်၍ မထင်, ထင်အောင် ရှုပွါးကြစမ်းပါ။ ။

---

## စား သောက် ခဲ လျက် ဆဲခဏ၌ ဝိပဿနာပြခဏ်း။

(က) ဆွမ်း,ထမင်း,ဟင်း, မုန့်စသော ခဲဘွယ်ဘောဇဉ် အာဟာရ တို့ကို စားသောက်ဆဲ ခဏတိုင်းတို့မှာ(ဝိပဿနာဘာဝနာ)ကို ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) အသိတေ ပိတေ ခါယိတေ သာယိတေ သမ္ပဇာန ကာရီ ဟောတိ။ ။

(ခ) (အသိတေ) စားသည်ရှိသော်။(ပိတေ)သောက်သည်ရှိသော်။ (ခါယိတေ) ကိုက်ခဲသည်ရှိသော်။ (သာယိတေ) လျက်သည်ရှိသော်။ (သမ္ပဇာနကာရီ) စိတ်သဘောနှင့်။ လေသဘော ၂-ပါးရုံ။ အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကားဟု ဉာဏ် ပညာဖြင့်။ ရှုပွါးလေ့ ရှိသည်။ (ဟောတိ)ဖြစ်၏။ ။ဟူသည်နှင့်အညီ။ ယခု စားသောက်ဆဲခဏတို့၌ ထိုထိုအာဟာရတို့ကို ယူမည်, စားသောက်မည်ဟု ပြုလိုသောစိတ်သဘော, ထိုစိတ်သဘောကြောင့် လေသဘော ၂-ပါးရုံ ယခုမှ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟု ဝိပဿနာ ပညာစက္ခုဖြင့် ရှုပွါးရပါသည်။ ။(သတိဉာဏ်ရှိပါစေ)။ ။ (ဖြေ)

ထို့ကြောင့်။

(ဂ) အဇ္ဈတ္တံရေ အတ္တာနာသမ ကောဓိ ဘုဉ္ဇကော နတ္ထိ။ဝုတ္တပ္ပကာရ

ဝိတ္တက်ဝိရိယ ဝါယောခာတု ဝိပ္ပါရဝသေန ပန ပတ္တပဋိဂ္ဂဟဏံ နာမ ဟောတိ။ ။အစရှိသဖြင့် အဋ္ဌကထာတို့မှာ လာရှိပါသည်။ ။(မြေ)

(ဂ) (အဘ္ဘန္တရေ) ခတ်ပရမတ်အတွင်း၌။ (အတ္တာနာမ)အစိုးတရအနှစ်သာရမည်သည်။(နတ္ထိ)မရှိပေ။(ကောစိ)တစုံတယောက်သော။ (ဘုဥ္ဇကော) စားတတ်သောသူသည်။ (နတ္ထိ)မရှိပေ။ (ပန) အမှန်မှာမူကား။ (ဝုတ္တပ္ပကာရဝိတ္တက်ဝိရိယ ဝါယောခာတု ဝိပ္ပါရဝသေန) ပြဆိုအပ်ပြီးသော။ အခြင်းအရာ ရှိသော စိတ်သဘောသည်။ ပြုပြင်အပ်သောလေသဘော၏။ ပြန့်နှံ့ခြင်း၏ အစွမ်းဖြင့် သာလျှင် (ပတ္တပဋိဂ္ဂဟဏံနာမ) သပိတ်,အိုး,ခွက်စသည်တို့ကို။ကိုင်ယူလှမ်းခံခြင်းမည်သည်။ (ဟောတိ)ဖြစ်၏။ ။(စဉ်းစားပါ)။ ။

---

(အထူးမှာထားတိုက်တွန်းချက်)။

(၁) ထိုမှတပါး ထမင်း, ဟင်းခွက်ထဲသို့ လက်ချဆဲ, ထမင်းဆုပ်ဆဲ,နယ်ဆဲ, ဟဆဲ, ခွန့်ဆဲ ကြွမဆဲ ခဏတို့၌ မည်သူကမျှ သံကောက်ယန္တရားလှံတန် များဖြင့် နှုတ်ခမ်းမေးရိုးကို ဖွင့်လှစ်ပေးသူမရှိဘဲ စိတ်သဘောနှင့် လေသဘော ၂-ပါးစုံအသစ်,အသစ် ဖြစ်,ဖြစ် နေသည်ဟု ယုံကြည်စွာ ရှုပွါးကြပါ။ ။

(၂) ထိုမှတပါး ဝါးဆဲ ခဏတို့၌လည်း ဆုံ, ကျည်ပွေ့ ဖြင့် ထောင်းထု ကြိတ်ချေပေးသူ မရှိ။ ဝါး၍ကြေညက်ပြီးကလည်းယောက်မဖြင့် လှန်ပြန်ကာ သွတ်သွင်းပေးသူ မရှိ။ စိတ်သဘော, လေသဘော ၂-ပါးစုံအသစ်,အသစ် ဖြစ်နေသည်ကိုသာ ရှုပွါးကြပါ။။(သတိရခဲစွ)။

(၃) ထိုအစာတည်သမျှကိုလည်း မီးမွှေး၍ ချက်ပြုတ်သူမရှိ(ဥဏ္ဍတေဇော) ခတ်ဟူသော အပူသဘော အသစ်, အသစ် ဖြစ်နေသည်ကိုရှုပွါးကြပါ။ ။

---

ဆောင်ပုဒ်ကဗျာ။

ကိုယ်လုံး ချွေးမှို့၊ မျက်စိ လည်နှင့်။ မတည် စိတ်ပြား။ ရောဂါများသည်။ ။မသွားကျင်ကြီးကျင်ငယ်တည်း။ ။

(၄) ထိုမှတပါး ကျင်ကြီး, ကျင်ငယ် စွန့်ရာတို့၌ (ဝိပဿနာ ဘာဝနာ) ရှုပွါးရပုံကား။ ။

(က) ဥစ္စာရ ပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ။ ။

(က) (ဥစ္စာရ ပဿာဝကမ္မေ) ကျင်ကြီး, ကျင်ငယ်ကို စွန့်သည့်ရှိသော်။(သမ္ပဇာနကာရီ)ပညာဖြင့် ရှုပွါးမှုကို ပြုလေ့ရှိသည်။(ဟောတိ) ဖြစ်၏။ ။ဟူသည်နှင့်အညီ။ ။ဝမ်းတွင်းသို့ ဝင်သွားသမျှကိုလည်း ကောက်ရိုးစသည်ဖြင့် ခံပေးသူမရှိ။ ။ကြေကျက်ပြီးသမျှကိုလည်းဒုတ်ကောက် လှံတန်ဖြင့် ထုတ်ဖောက်ယူသူမရှိ။ ။လေသဘော တို့သာ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟုရှုပွါးကြပါ။ ။(စိတ်သဘောကိုလည်း ရှုပွါးသင့်၏)။ ။

(၅) ထိုတွင် ကျင်ကြီး,ကျင်ငယ်စွန့်ရာ၌ ရင့်ကျက်မှည့်ပြီး (အိုင်းအမာကြီး)မှပြည်ပုပ် ပြည်စေးတွေ ယိုထွက်သကဲ့သို့ဂင်း, ရေအိုး, ရေအင်,ရေဖုးထဲမှ ရေဟောင်းများကို စွန့်ပစ်သကဲ့သို့ဂင်း။ ပညတ်အားဖြင့်မှတ်အပ်၏။ သို့သော် သဘောဖြစ်ပုံ တို့ကိုသာ ရူပါက ပညတ်နှင့် တကွ,(သဏ္ဌာယဒိဋ္ဌိ) ကွာရမည်။ ။

(၆) ထိုတွင် အကြမ်း,အမာ သဘောဟူသော တည်မှုကိစ္စ, ဖွဲ့စေးသဘော ဟူသော စိုစွပ်မှုကိစ္စ, အပူ,အအေးသဘောဟူသော ရင့်ကျက်မှုကိစ္စ, လေသဘော ဟူသော လှုပ်ရှား တွန်းဆောင်မှုကိစ္စ။ အခြပိုင်းအခြားသဘော ဟူသော သွားလာရာ ခရီးလမ်းကိစ္စ, စိတ်သဘော ဟူသော လုံ့လပြုမှု၌ နှလုံးသွင်းမှု ကိစ္စ တို့ကိုပင် (ပညတ်) တင်၍ စား, သောက်မျိုသွင်းသည် စသည်ဟုခေါ်ဆိုရ၏။ ။

(၇) သို့ရာတွင် ပညတ်များကို မရှုပွါးမိကြစေဘဲ စိတ်သဘောနှင့် လေသဘောဟူသော (ပရမတ်)စစ်စစ် အသစ်,အသစ် ဖြစ်,ဖြစ်နေသည်တို့ကိုသာရှုပွါးကြရမည်။ ။(ထင်မြင်ခဲ့စွ)။ ။

(အကြွင်းတို့မှာ တူပြီ,လွယ်ပြီဖြစ်၍ ထပ်မရေးတော့ပြီ)။

---

### သွား ရပ် ထိုင် မှုစသည်တို့၌ ဝိပဿနာပြခန်း။

(က) ယခု သွားဆဲ, ရပ်ဆဲ,ထိုင်ဆဲ, လျောင်းဆဲ, အိပ်ပျော်ဆဲ, နိုးဆဲ, စကားပြောဆိုဆဲ, စကားမပြော တုဏှိဘောနေဆဲ ခဏတိုင်းတို့

၌ (ဝိပဿနာ ဘာဝနာမယ) ဉာဏ်ရအောင် ဘယ်လို ရှုမှတ်ပွါးများ ရပါသနည်း။ ။ (မေး)

(ခ) ဂစ္ဆန္တောဌိတော နိသိန္နော သုတ္တော ဇာဂရိတော ဘာသိတော တုဏှိဘာဝေ သမ္ပဇာနကာရီ ဟောတိ။ ။(ဣရိယာပထပိုင်းနှင့် သဘောခြင်းတူကြ၏)။ ။

(ခ) (ဂတေ) သွားသည် ရှိသော်။ (ဌိတေ) ရပ်တည်နေ သည့်ရှိသော်။ (နိသိန္နေ) ထိုင်နေသည့်ရှိသော်။ (သုတ္တေ)လျောင်း,အိပ်ပျော်နေသည့်ရှိသော်။ (ဇာဂရိတေ) နိုးထသည့်ရှိသော်။ (ဘာသိတေ) စကားပြောဆိုသည့်ရှိသော်။ (တုဏှိဘာဝေ) စကားမပြောဘဲ။ တုဏှိဘောဖြင့်။ဆိတ်ဆိတ် ငြိမ်ငြိမ်။ဣန္ဒြေလုပ်၍ နေသည့်ရှိသော်။ (သမ္ပဇာနကာရီ) ဉာဏ်ပတျာစက္ခုဖြင့်။ မှန်ရာကို ရှုပွါး၍။ သွားမှု, ရပ်မှု, ထိုင်မှု, အိပ်မှု, နိုးကြားမှု, ပြောဆိုမှု, ဆိတ်ဆိတ် နေမှု တို့ကို ပြုကျင့်လေ့ရှိသည်။ (ဟောတိ) ဖြစ်၏။ ။ဟူသော ဘုရားဟောဖော် ပါဠိတော်အား လျော်လျောက်ပတ်စွာ သွားလိုမှု စိတ်သဘော, ထိုစိတ်သဘောကြောင့်ဖြစ်သောလေသဘော, ရပ်လိုမှုစိတ်သဘော, ထိုစိတ်ကြောင့် ဖြစ်သော လေသဘော, ထိုင်လိုမှု စိတ်သဘော, ထိုစိတ်ကြောင့် ဖြစ်သော လေသဘော, တုံးလုံး ပက်လက်, စောင်း, မှောက်, လျောင်းလဲလျက်နေလိုပြုလိုမှုစိတ်သဘော, ထိုစိတ်ကြောင့်ဖြစ်သောလေသဘော, တရား ၂-ပါးစုံ, ၂-ပါးစုံတို့ကား ယခုမှအသစ်, အသစ် ဖြစ်,ဖြစ်နေပါတကားဟု မြစ်ရေ စီးနေသည်မြင်သလို အစဉ်မပြတ်အောင် ဉာဏ်လိုက်ဆောင်ကာရှုမှတ် ပွါးများရပါသည်။ ။(မြင်ခဲစွ)။ ။ (ဖြေ)

(အထူးမှာထား ညွှန်ကြားချက်)။

(၁) ထိုတွင် အိပ်ပျော်ဆဲ ခဏာတိုင်းတို့၌ကောင်း, မကောင်းကံကိုဇ်င်း, ကံအကြောင်းကိုဇ်င်း,လားရာအကြောင်းကိုဇ်င်း, တပါးပါးကို အာရုံပြု၍ သားမြတ် ၂-ခုအလယ်ရင်ချိုင့် အတွင်း အောက်သို့ညွတ်သော (ပဒုမာကြာဖူး)၏ပုံသဏ္ဍာန်ရှိသော နှလုံးဖူးလိုင်အတွင်း တလက်ဖက်တဝက်မျှသော သွေးခွဲတည်သော (ဟဒယဝတ္ထု)ရုပ်ကို မှီ၍ဖြစ်သော မနောဘွင်အကြည် စိတ်သဘော, ထိုစိတ်၏ မှီရာဝတ္ထုရုပ်သဘောတို့

ကိုကား နီးမှသာ ဖြစ်ပြီးပါ တကားဟု ကြံဆင်ခြင်ကာ ရှုပွါး ကြပါ လေ။ ။(လွယ်လွယ်နှင့်မြင်ခဲလှ၏)။ ။

(၂) နီးဆဲခဏ၌ကား မနောဝိညာဉ်စိတ်သဘောနှင့်ဟဒယဝတ္ထုရုပ်သဘော ၂-ပါးတို့ကိုအသစ်သစ်ဖြစ်သည်ဟု ရှုပွါးကြပါလေ။ ။

(၃) စကား ပြောဆိုဆဲ ခဏတိုင်း တို့မှာကား ပြောဆို လိုသော စိတ်သဘော, ထိုစိတ်ကြောင့် ဖြစ်သော အသံသဘော ၂-ပါးစုံအသစ် အသစ်ဖြစ်သည်ကိုသာရှုပွါးကြရမည်။ ။လေသဘောပါသော်လည်း အသံသဘောက ထင်ရှား၍ ရှုပွါးရပါသည်။ ။(သတိပြုပါ)။ ။

(၄) စကားမပြောဘဲ တုဏှိဘောဖြင့်ဆိတ်ဆိတ်နေဆဲ ခဏတိုင်း တို့မှာလည်းစိတ်သဘောနှင့် ဟဒယဝတ္ထုရုပ်သဘော ၂ ပါးစုံအသစ် အသစ်ဖြစ်,ဖြစ်နေသည်ကိုဉာဏ်ဖြင့်မြင်အောင် ရှုပွါးကြပါ။ ။(သဘော မှန်မြင် အများစင်၏)။ ။

(၅) ထိုတွင် ပရမတ္ထ သဘော အားဖြင့်သွား, ရပ်, ထိုင်,လျောင်း သည် စသဖြင့်မရှိ။ သွားသူ,ရပ်သူ,ထိုင်သူ,လျောင်းသူ စသည်လည်းမ ရှိပေ။ ထင်ရှားမရှိသော ပညတ်တို့သာတည်း။ ။

(၆) ဤလောက ဝေါဟာရ ပညတ်၌ကား နွားလေးကောင် တပ်၍ လှည်းသမားက မောင်းနှင်သည်ရှိသော် လှည်းသွားသည်,လှည်းရပ် သည်ဟု ခေါ်ဆိုရသကဲ့သို့။ ။

(၇) ထို့အတူ လှည်းမောင်းသမားနှင့် တူသော သွား, ရပ်, ထိုင်, လျောင်းလိုသော စိတ်သဘော,နွားများနှင့်တူသောစိတ္တဇဝါယောဓာတ် ဟူသော လေသဘော, ထိုစိတ္တဇဝါယောဓာတ် သဘော ပြန့်နှံ့ခြင်း ကြောင့် လှည်းနှင့်တူသော ဤရုပ်ကလာပ် အပေါင်းသည် ရှေ့သို့ ရွေ့ ရှားမှုကို သွားသည်။ ထောင်နေမှုကို ရပ်သည်။ အောက်တပိုင်း ကွေး ၍ အထက်တပိုင်းထောင်နေမှုကို ထိုင်သည်။ ဖီလာကန့်လန့် ဆန့်မှုကို လျောင်းသည်ဟု ပညတ်အားဖြင့် ခေါ်ဆိုရကြပါသော်လည်း ပရမတ် သဘော အမှန်အားဖြင့် စိတ်သဘော,လေသဘော ၂-ပါးစုံအသစ် အ သစ်ဖြစ်သည်ကိုသာ ထင်မြင်အောင် ရှုပွါးကြပါလေ။ ။

(၈) ထိုတွင် လမ်းခရီး ရှည်ကြာ သွားလာမှုကို(ဣရိယာပထပဗ္ဗ) ပိုင်းတို့၌ ရအပ်ဆိုအပ်၏။ခရီးတိုတို သွားလာမှုကို (သမ္ပဇညပဗ္ဗ)ပိုင်း တို့၌ ရအပ် ဆိုအပ်၏။ ။

(၉) သို့ရာတွင်, အဋ္ဌ ကထာတို့မှာ ဘူတရုပ်, ဥပါဒါရုပ်, မနော ဝိညာဉ်တို့ကို ပြဆိုပါသော်လည်း ဤ ဣရိယာပထ, သမ္ပဇည တို့မှာ ယောဂါဝစရ ပုဂ္ဂိုလ်များ၏ ဉာဏ်၌ ထင်မြင် လွယ်ရုံမျှ စိတ်သဘော, လေသဘော ၂-ပါးရုံ ဖြစ်သည်တို့ကိုသာ အဓိက, ပဓာန, နယဂ္ဂါဟ အားဖြင့် ပြဆိုလိုက်ပါသည်။ ။

(၁၀) ထို့ကြောင့် အဋ္ဌကထာ၌။ ။

(က) စိတ္တနာနတ္တမာဂမ္မ၊ နာနတ္တံ ဟောတိ ဝါယုနော။
ဝါယုနာနတ္တတော နာနာ၊ ဟောတိ ကာယဿ ဣဉ္ဇနာ။ ။
ဟူ၍လည်း မိန့်အပ်ပါသည်။ ။

(က) (စိတ္တနာနတ္တံ) အမျိုးမျိုး အစားစား။ အထူးထူး အပြားပြား သောစိတ်သဘောတွေကို။ (အာဂမ္မ)စွဲ၍။ (ဝါယုနော)လေသဘော၏။ (နာနတ္တံ) အထူးထူးအပြားပြားရှိသည်။(ဟောတိ) ဖြစ်၏။ (ဝါယုနာ နတ္တတော) လေသဘော၏ အထူးထူး အပြားပြား။ ဖြစ်ပေါ်လာခြင်း ကြောင့်။ (ကာယဿ) လက်,ခြေစသော ကိုယ်၏။ (ဣဉ္ဇနာ) တုန်လှုပ် ရွေ့ရှား။ သွားလာမှုစသည်များသည်။ (နာနာ) အမျိုးမျိုး အစားစား။ အထူးထူးအပြားပြားရှိသည်။ (ဟောတိ) ဖြစ်ရပေ၏။ ။

(၁၁) ထိုတွင် အိပ်ပျော်နေဆဲ ခဏတို့မှာလည်း, အာရုံတရား များ ကို ထင်ရှားစွာ မသိတတ်သော မနောဘဝင် အကြည် စိတ်သဘော များအသစ်အသစ်အစဉ် ဖြစ်,ဖြစ်နေကြောင်းကို။ ။

(က) ကြိယမယစိတ္တာနဉ္စ အပ္ပဝတ္တံ သုတ္တံနာမ၊ ပဝတ္တံ ဇာဂရိတံ နာမ။ ။ဟုမိန့်အပ်ပေ၏။ ။

(က) (ဟိသစ္စံ)မှန်၏။ (ကြိယမယစိတ္တာနံ) ရပ်ခြင်း, သွားခြင်း, စ သော အမူအရာ တို့ကို။ ဖြစ်စေ တတ်သော စိတ်သဘော တို့၏။ (အပ္ပဝတ္တံ)ထင်ရှားစွာ မဖြစ်ပေါ်လာခြင်းသည်။(သုတ္တံ နာမ) ဘဝင်တွေကျ၍။အိပ်ပျော်ရသည် မည်၏။(ပဝတ္တံ)အာ ရုံသဘောတွေ ထင်ရှားစွာ သိတတ်သော မနောဝိညာဉ်စိတ် ဓာတို့၏။ဖြစ်ပေါ်လာခြင်းသည်။ (ဇာဂရိတံနာမ)အိပ်ရာမှနိုး သည်မည်၏။ ။(အနက်များကို အထပ်ထပ်ဘတ်ကြပါ)။

(၁၂) ထိုမှတပါး အကျိုးမ်မရှိကို ဆင်ခြင်တတ်သော သာတ္ထက သမ္ပဇဉ်, သင့်တော်လျောက်ပတ်သည်ကိုသိမြင် တတ်သော သပ္ပါယ သမ္ပဇဉ်, လျောက်ပတ်၍ ကမ္မဋ္ဌာန်းကိုမစွန့်ဘဲ ပြုခြင်း ဟူသော ဂေါစရ သမ္ပဇဉ်, မသိတွေဝေ မိုက်မှောင် တွေကို ဖြတ်ချွေကာ ရုပ်,နာမ် ဖြစ်, ပျက်ခြင်း အစဉ်ကို သိမြင်တတ်သော အသံမောဟ သမ္ပဇဉ်, တရား ၄-ပါးတို့မှာ ဤအခဏ်းတို့၌ (အန္တောဂဓ)အတွင်းဝင်ပြီးပင် ဖြစ်ပါ၍ အထူးပြဘွယ်မလိုတော့ပေ။ ။

(၁၃) ထိုထို ဣရိယာပုထ် ပြောင်းလဲတိုင်းတို့၌လည်း အာရုံ,ဒွါရ, ဝိညာဉ်အခဏ်းတို့က ပြဆိုခဲ့ပြီးသော နည်းအတိုင်း။ ။

(က) မြင်ဆဲခဏ မျက်စိအကြည်သဘော, အဆင်းသဘော, စိတ် သဘော။ ။

(ခ) ကြားဆဲခဏ နားအကြည် သဘော, အသံ သဘော, စိတ် သဘော။ ။

(ဂ) နံဆဲ ခဏ နှာခေါင်း အကြည်သဘော, အနံ့ သဘော, စိတ် သဘော။ ။

(ဃ) စားသောက်ဆဲခဏ လျှာအကြည်သဘော,အရသာသဘော, စိတ်သဘော။ ။

(င) တွေ့ထိ ကိုင်တွယ်ဆဲ ခဏ ကိုယ်အကြည်သဘော, အတွေ့ သဘော,စိတ်သဘော။ ။

သုံးပါးစုံ ဖြစ်,ဖြစ်နေသည်တို့ကိုလည်း ရှုပွါး နိုင်ပါသေးသည်။ ။ ထိုတွင်လည်း အဖြစ်၌ဉာဏ်ယှဉ်၍မြင်ပြီးသူ ယောဂီပြုတို့မှာ အဖြစ်ကို လွှတ်၍အပျက်သက်သက်ကို ရှုပွါး အားထုတ်ကြပါလေ သူတော်တွေ တို့။ ။(အဖြစ်မြင်မှအပျက်မြင်၏)။ ။

(၁၄) ဤသို့ ပြဆို အပ်ပြီးသော နည်းအတိုင်း စိတ်သဘော, လေ သဘော စသည်တို့၏ အဖြစ်တွေကို အဟုတ် ဉာဏ်မြင်လာပါလျှင် သွားသည်, ရပ်သည်, ထိုင်သည်, လျောင်းသည်, ပြောဆိုသည်,ကွေး သည်, ဆန့်သည်, ကိုင်ယူလှုပ်ရှားသည်, အိပ်, နိုး,သည် ရှု, ရှိုက်သည် စသော ပညတ်နှင့် (သဏ္ဌာယဒိဋ္ဌိ) များပါ ကင်းကွာ နိုင်ပါသည်။ ။

(၁၅) ထိုမျှပင် မကသေး ငါတို့ရေးသား ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းမနေမနား အားထုတ် ကြိုးစားကြသူ ယောဂီပုဂ္ဂိုလ်တို့မှာ ယခုဘဝ ပထမ အရွယ်၌ပင် အရိယာ ဖြစ်နိုင်၏။ သို့မဟုတ် ဒုတိယ အရွယ်၌ အရိယာဖြစ်နိုင်၏။ သို့မဟုတ် တတိယအရွယ်၌ အရိယာ ဖြစ်နိုင်၏။ သို့မဟုတ် သေခါနီး ကာလ၌ အရိယာဖြစ်နိုင်၏။ ။သို့မဟုတ် နတ်ပြည်၌ ဖြစ်၍ အရိယာ ဖြစ်နိုင်၏။ ။သို့မဟုတ် ဘုရားမပွင့်မီ ရှင်ပစ္စေကဗုဒ္ဓါ ဘုရားငယ် ဖြစ်နိုင်၏။ ။သို့မဟုတ် ဘုရား ပွင့်တော် မူသော အခါ လွယ်ကူသောအကျင့် လျှင်မြန်သော အသိဉာဏ် ပညာရှိသော (ရှင်သာရိပုတ္တရာ,ရှင်မဟာမောဂ္ဂလာန်)မထေရ်မြတ်စသည်တို့လို လက်ဝဲရံ,လက်ျာရံ ဘုရားတပည့်သား ရဟန္တာ မထေရ်မြတ်ကြီးများ ဖြစ်နိုင် ရနိုင် ရောက်နိုင်ကြမည်ဟု ကျမ်းဂန်တို့မှာလာရှိသည်များကိုထောက်ထားကာ အရိုး ကြေကြေ အရေ ရပ်ရပ် သွေး သားတွေ ဘယ်လိုပင် ဆုတ်ပါသော်လည်း နောက်မဆုတ်ဘဲ စွဲမြဲစွာကျင့်ကြံကြိုးကုတ် အားထုတ်ကြရာ၏။ ။(ဝတ်ကုန်ဝတ်ကျေမလို)။ ။

(၁၆) ထိုမှဘပါးပရမတ်, ပညတ် ခွဲနည်း။ရုပ်, နာမ်, ဉာဏ်, ဝိသုဒ္ဓိ, ပရိညာတို့ ခွဲနည်းတို့မှာလည်း ပြဆိုရေးသားခဲ့ပြီးသော အာနာပါနအခဏ်း တက်,ဆုတ်မှု အခဏ်းတို့လိုပင် ခွဲကြမှတ်ကြပါလေ။ ။

(သိသလိုလိုနှင့် အမှန်ကိုမသိဖြစ်တတ်ကြသည်)။

(၁၇) အကယ်၍ ဤကျမ်း၌ မသိ,မထင်, မမြင်သော အရာဌာနများ မရှင်းမလင်းသော အရာဌာနများ တွေ့ရှိကြပါမူ သိပြီးသူများကိုသော်၎င်း ဤကျမ်းရေးသော ပုဂ္ဂိုလ်ကိုသော်၎င်း ရုံစမ်းမေးမြန်းကြပါလေ, အားထုတ်ကြပါလေ သူတော် ပဏ္ဍိတ်တွေတို့။ ။

(အကြွေးမထားပါနှင့်)။

---

## သတိပဋ္ဌာန် ပါဠိတော်လာ ဆောင်ပုဒ်လင်္ကာ။

(၁၈) တက်,ဆုတ်မှုသိ။ တူရူကြည့်နှင့်။ စောင်းကြည့်, ကွေး,ဆန့်။ ခိုင်ခန့်ဝတ်ရုံ။ စားရုံ,သောက်ကာ။ကိုက်ခဲရာ,လျက်။ယိုထွက်ကျင်ကြီး။ ကျင်ငယ်ဆီးနှင့်။ သွားမှီ,ရပ်,ထိုင်။ အိပ်မှိုင်, အိပ်

နိုး။ဆိုမျိုး,ဆိတ်ငြိမ်။ထွက်,ဝင်ချိန်ကို။ ။ကြံဖန်ကြံဖန် စိတ်,လေ ဖြစ်ဖ ပျက်မြွေဒ်။ ။

(၁၉) ကြွ, ဆောင်, လွဲ,သိုး။ ချ,ဖိ,ရိုး။ ၆-မျိုး ဝိတ်,လေမျှော်။ ။ (သတိပြုပါ)။

**(အထူးသတိပေးနိုးဆော်ချက်)။**

(က) ဤ၌ သတိပဋ္ဌာန်ပါဠိတော်, အဋ္ဌကထာတို့မှာ လာရှိသည့်အတိုင်း **အမေး-အဖြေ** အကျယ်ဖွင့်ပြသင့် သော်လည်း ကျမ်းလေးမည်ကြီးမည်စိုး၍ ဤမျှဖြင့်သာ အကျဉ်းချုံးကာ ပြဆိုရပါ၍ ဤကျမ်းအတိုင်းပင် ဉာဏ်ယှဉ်ကာ သမ္မဇဉ်ပညာဖြင့်လက်တွေ့ဒိဋ္ဌဖြစ်ကြအောင် ရှုပွါးကြပါလေ သူတော်တွေတို့။ ။

ဤတွင် သတိပဋ္ဌာန်နည်း, ဝိပဿနာ ဘာဝနာ ရှုပွါးပုံ အကျဉ်းပြီးပြီ။

---

# ဓမ္မာရုံ၌ ဝိပဿနာရှုပွါးပုံကိုပြခန်း။

## ပဋိညာဉ်။

(၁) မြင်ဆဲအခိုက်၌ ဖြစ်ရှိသော ပစ္စုပ္ပန်အဆင်းသဘော,ကြားဆဲအခိုက်၌ ဖြစ်ရှိသော ပစ္စုပ္ပန် အသံသဘော, နံဆဲအခိုက်၌ ဖြစ်ရှိသော ပစ္စုပ္ပန် အနံ့သဘော, စားဆဲအခိုက်၌ ဖြစ်ရှိသော ပစ္စုပ္ပန် အရသာသဘော, တွေ့ထိဆဲ အခိုက်၌ ဖြစ်ရှိသော ပစ္စုပ္ပန် အတွေ့သဘော ဟူသော ပစ္စုပ္ပန်ပဥ္စာရုံခေါ် အာရုံငါးပါးတို့နှင့် သတိပဋ္ဌာန် တရားများကို ပြဆိုပြီး၍ ယခုအခါ၌ (ဓမ္မာရုံ) သဘောတို့၏ (ဝိပဿနာ ဘာဝနာ)အဖြာဖြာတို့ကို အကျဉ်းအားဖြင့် ရေးသားပြဆိုပေအံ့။ ။

---

**ဓမ္မာရုံ အမေးအဖြေ။**

(က) ထိုပဥ္စာရုံတို့၏ ဖြစ်ပုံတို့ကို သိရပါပြီ။ (ဓမ္မာရုံ)တို့၏ဖြစ်ပုံတို့ကို ဖော်ပြပါ။ ။ (မေး)

(ခ) မိမိ၏ သဘော လက္ခဏာကို မိမိဆောင်တတ်သောကြောင့် ဓမ္မမည်၍ စိတ်,စေတသိက် တို့သည် ဆွဲကိုင်အပ် အာရုံပြုအပ် သော ကြောင့် အာရုံမည်ပါသည်။ ။ (ဖြေ)

(ဥပမာဖြင့်သိကြပါ)။

ထို့ကြောင့်။

(၁) အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ။ ။

(၂) စိတ္တ စေတသိကေဟိ အာလမ္ဗိယတီတိ အာရမ္မဏံ။ ။

(၃) ဓမ္မောယေဝ အာရမ္မဏံ ဓမ္မာရမ္မဏံ။ ။

(၁) (ယေဓမ္မာ) အကြင် သဘော တရား တို့သည်။ (အတ္တနော) မိမိ၏။(သဘာဝံ) သဘောလက္ခဏာကို။ (ဓာရေန္တိ)ဆောင်တတ်ကုန်၏။ (ဣတိတသ္မာ) ထို့ကြောင့်။ (တေဓမ္မာ)ထိုသဘောတရားတို့သည်။ (ဓမ္မာ) ဓမ္မမည်ကုန်၏။ (ဝါ) ဆောင်တတ်သော သဘောမည်ကုန်၏။ (မိမိသဘောကို မိမိဆောင်တတ်၏ ဟူလို)။ ။

(၂) (စိတ္တစေတသိကေဟိ)စိတ်,စေတသိက်တို့သည်။ (အာလမ္ဗိယတိ) ဆွဲကိုင်အပ်၏။ (ဣတိတသ္မာ) ထို့ကြောင့်။ (အာရမ္မဏံ) အာရမ္မဏမည်၏။(ဝါ)အာရုံမည်၏။ (ဝါ)ဆွဲကိုင်ရာမည်၏။ ။(စိတ်စေတသိက်တို့ မွေ့လျော်ရာလည်းဟူ)။ ။

(၃) (ဓမ္မောယေဝ)ဓမ္မသည်ပင်လျှင်။(ဝါ)မိမိ၏သဘောလက္ခဏာသည်ပင်လျှင်။(အာရမ္မဏံ)အာရမ္မဏမည်၏။ (ဝါ)အာရုံမည်၏။(ဓမ္မာရမ္မဏံ) မိမိ၏ဓာတ်သဘော လက္ခဏာ သည်ပင်လျှင် အာရုံ။ ။ဟု ကျမ်းဂန်တို့မှာ မိန့်ဆိုအပ်ပါသည်။ ။ (ဖြေ)

(အထူးစဉ်းစားပါ)။

(မှတ်ချက်) အာရုံကိုကြံတတ်သိတတ်ညွှတ်တတ်သောကြောင့်စိတ်နာမ်ခေါ်သည်။

## ဓမ္မာရုံ မှတ်ပုံ အပြား။

(က) ထိုဓမ္မာရုံ၏သဘောကိုဘယ်လိုမှတ်သားရပါသနည်း။(မေး)

(ခ) မနောဝိညာဉ်က ကြံတွေး ဆင်ခြင် ထင်မြင် ကောင်းသော အာရုံဟူသမျှကို ဓမ္မာရုံဟု ဆိုလိုပါသည်။ ။ (ဖြေ)

(အာရုံ ၅-ပါးတို့မှကြွင်းသမျှတို့မှာ ဓမ္မာရုံဟူလို)။

(က) ထိုဓမ္မာရုံဟူသည် အဘယ်မျှအပြားရှိပါသနည်း။ (မေး)

(ခ) ပသာဒရုပ် ၅-ခု။ ။သုခုမရုပ် ၁၆-ခု။ ။စိတ် ၈၉-ခု။ ။စေတသိက် ၅၂-ခု။ ။နိဗ္ဗာန်။ ။ပညတ်။ ။အားဖြင့် ၆-ပါး ဖြစ်ပါသည်။ ။ (ဖြေ)

(ဂ) ထို ၆-ပါး တို့တွင် ပသာဒရုပ် ၅-ပါး ဟူသော်ကား။ ။စက္ခုပသာဒ။ ။သောတပသာဒ။ ။ဃာနပသာဒ။ ။ဇိဝှါပသာဒ။ ။ကာယပသာဒ။ ။အားဖြင့် ၅-ပါး ဖြစ်ပါသည်။ ။ (ဖြေ)

(အကျယ်ပြခဲ့ပြီ)။

(ဃ) သုခုမရုပ် ၁၆-ပါးဟူသော်ကား။ ။အာပေါ။ ။ဣတ္ထိန္ဒြေ။ ။ပုရိသိန္ဒြေ။ ။ဟဒယရုပ်။ ။ဇီဝိတရုပ်။ ။အာဟာရရုပ်။ ။ပရိစ္ဆေဒရုပ်။ ။ကာယဝိညတ်။ ။ဝစီဝိညတ်။ ။ရူပဿလဟုတာ။ ။ရူပဿ မုဒုတာ။ ။ရူပဿကမ္မညတာ။ ။ဥပစယ။ ။သန္တတိ။ ။ဇရတာ။ ။အနိစ္စတာ။ ။အားဖြင့် ၁၆-ပါးဖြစ်ပါသည်။ ။ (ဖြေ)

(င) စိတ် ၈၉-ပါး ဟူသော်ကား။ ။ကုသိုလ်စိတ် ၂၁-ခု။ ။အကုသိုလ်စိတ် ၁၂-ခု။ ။အဗျာကတစိတ် ၅၆-ခု။ ။(တနည်း)။ အကုသိုလ်စိတ် ၁၂-ခု။ ။ကုသိုလ်စိတ် ၂၁-ခု။ ။ဝိပါက်စိတ် ၃၆-ခု။ ။ကြိယာစိတ် ၂၀။ အားဖြင့် ၈၉-ပါးဖြစ်ပါသည်။ ။(ဖြေ)

(စ) (တနည်း) ပစ္စုပ္ပန် အဆင်းသဘောကို သိတတ်သော စက္ခုဝိညာဉ်စိတ် ၂-ခု။ ။ပစ္စုပ္ပန်အသံသဘောကို သိတတ်သော သောတဝိညာဉ်စိတ် ၂-ခု။ ။ပစ္စုပ္ပန်အနံ့သဘောကိုသိတတ်သော ဃာနဝိညာဉ်စိတ် ၂-ခု။ ။ပစ္စုပ္ပန် အရသာ သဘောကို သိတတ်သော ဇိဝှါဝိညာဉ်စိတ် ၂-ခု။ ။ပစ္စုပ္ပန် အတွေ့သဘောကို သိတတ်သော ကာယဝိညာဉ်စိတ် ၂-ခု။ ။ပစ္စုပ္ပန် အာရုံ ၅-ပါးတို့ကို ကြိဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်း စိတ် ၁-ခု။ ။ပစ္စုပ္ပန် အာရုံ ၅-ပါးတို့ကို ခံလင့်တတ်သော သမ္ပဋိစ္ဆိုင်းစိတ် ၂-ခု။ ဟူသော မနောဓာတ် ၃-ခု။ ။ဎင်းတို့မှ ကြွင်းသော အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ကာလ ၃-တန်၌ဖြစ်သောအာရုံ ၆-ပါးတို့ကို ကြံသိတတ်သော မနောဝိညာဉ်စိတ် ၇၆-ခု။ ။အားဖြင့် ၈၉-ပါးဖြစ်ပါသည်။ ။ (ဖြေ)

(ချဲ၍သိကြပါ)။

## (အရေးမှတ်ချက်)။

(၁) ထိုအာရုံ,ဒွါရ, ဝိညာဉ်တို့တွင် စက္ခုပသာဒသည် စက္ခုဒွါရ မည်၏။ ။သောတပသာဒသည် သောတဒွါရ မည်၏။ ။ဃာနပသာဒသည် ဃာနဒွါရ မည်၏။ ။ဇိဝှါပသာဒသည် ဇိဝှါဒွါရမည်၏။ ။ကာယပသာဒသည် ကာယဒွါရမည်၏။ ။မနောဒွါရာဝဇ္ဇန်းအား အနန္တရစသောပစ္စည်းတပ်သော။(ဝါ) မနောဒွါရာဝဇ္ဇန်း စိတ်သဘော၏ ရှေ့နားက ကပ်၍ ဖြစ်ပြီး ပျက်ချုပ်သွားသော ဘဝင်ုပစ္ဆေဒစိတ် ၁၉-ခုသည်။ (ဝါ) ဘဝင်အလျဉ် ပျက်မှုသဘောသည် မနောဒွါရမည်၏။ (ဝါ)စိတ်တို့၏ဖြစ်ရာ တံခါးပေါက်မည်၏။ ။

(၂) (တနည်း) ဘဝင်စိတ်ကိုပင် မနောဒွါရ ဟုဆိုကြသေး၏။ ။

(၃) ဤ၌ ဘဝင်အလျဉ် ပြတ်မှုသဘောကို မနောဒွါရ။ ။အကုသိုလ်ကံမြောက်ရာ၌ လောဘမူစိတ်, ဒေါသမူစိတ်, မောဟမူစိတ်ကို မနောဒွါရ။ ။အနန္တရ စသော ပစ္စည်းတို့၌ စိတ် ၁၉-ခုကို မနောဒွါရ။ဟုခေါ်သေး၏။ ။

(၄) ဤ မနော ဒွါရာဝဇ္ဇန်း စိတ်ကို ဘုရား ဥာဏ်ကဲ့သို့ ဆင်ခြင်တတ်၏ဟု အဋ္ဌကထာမှာ မိန့်ဆိုတော်မူသေး၏။ ။

(၅) ဤသို့လျှင် အာရုံ,ဒွါရ,သဘောမျှကိုရုပ်, ဝိညာဉ်သဘောမျှကို နာမ်ဟု ရှုမှတ်ကြပါလေ။ ။

---

(ဆ) စေတသိက် ၅၂-ပါးဟူသော်ကား။ ။အညသမာန်းစေတသိက် ၁၃-ခု။ ။အကုသိုလ် စေတသိက် ၁၄-ခု။ ။သောဘဏစေတသိက် ၂၅-ခု။ ။အားဖြင့် ၅၂-ပါးဖြစ်ပါသည်။ (မြေ)

(ဇ) ထို ၅၂-ပါးတို့တွင် အညသမာန်း စေတသိက် ၁၃-ပါးဟူသော်ကား။ ။သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု။ ။ပကိဏ်း စေတသိက် ၆-ခု။ ။အားဖြင့် ၁၃-ပါးဖြစ်ပါသည်။ ။ (မြေ)

(ဈ) ထို ၁၃-ပါးတို့တွင် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးဟူသော်ကား။ ။ဖဿ။ ။ဝေဒနာ။ ။သညာ။ ။စေတနာ။ ။

ကေဂ္ဂတာ။ ။ဇီဝိတိန္ဒြေ။ ။မနသိကာရ။ ။အားဖြင့် ၇-ပါးဖြစ်ပါသည်။ ။ (မြေ)

(ည) ပကိဏ်းစေတသိက် ၆-ပါးဟူသော်ကား။ ။ဝိတက်။ ။ဝိစာရ။ ။အဓိမောက္ခ။ ။ဝီရိယ။ ။ပီတိ။ ။ဆန္ဒ။ ။အားဖြင့် ၆-ပါးဖြစ်ပါသည်။ ။ (မြေ)

ဤသို့လျှင် အညသမာန်းစေတသိက် ၁၃-ပါးဖြစ်ပါသည်။ (မြေ)

(အကျယ်ချဲ၍သိကြပါ)။

(ဋ) အကုသိုလ်စေတသိက် ၁၄-ပါးဟူသော်ကား။ ။မောဟ။ ။အဟိရိက။ ။အနောတ္တပ္ပ။ ။ဥဒ္ဓစ္စ။ ။လောဘ။ ။ဒိဋ္ဌိ။ ။မာန။ ။ဒေါသ။ ။ဣဿာ။ ။မစ္ဆရိယ။ ။ကုက္ကုစ္စ။ ။ထိန။ ။မိဒ္ဓ။ ။ဝိစိကိစ္ဆာ။ ။အားဖြင့် ၁၄-ပါးဖြစ်ပါသည်။ ။ (မြေ)

(ချဲ၍သိကြပါ)။

(ဌ) သောဘဏ စေတသိက် ၂၅-ပါး ဟူသော်ကား။ ။သောဘဏသာဓာရဏစေတသိက် ၁၉-ခု။ ။ဝိရတီစေတသိက် ၃-ခု။ ။အပ္ပမညာစေတသိက် ၂-ခု။ ။ပညိန္ဒြေစေတသိက် ၁-ခု။ ။အားဖြင့် ၂၅-ပါး ဖြစ်ပါသည်။ ။ (မြေ)

(ဍ) ထို ၂၅-ပါး တို့တွင် သောဘဏ သာဓာရဏ စေတသိက် ၁၉-ပါး ဟူသော်ကား။ ။သဒ္ဓါ။ ။သတိ။ ။ဟိရီ။ ။ဩတ္တပ္ပ။ ။အလောဘ။ ။အဒေါသ။ ။တတြမဇ္ဈတ္တတာ။ ။ကာယပဿဒ္ဓိ။ ။စိတ္တပဿဒ္ဓိ။ ။ကာယလဟုတာ။ ။စိတ္တလဟုတာ။ ။ကာယမုဒုတာ။ ။စိတ္တမုဒုတာ။ ။ကာယကမ္မညတာ။ ။စိတ္တကမ္မညတာ။ ။ကာယပါဂုညတာ။ ။စိတ္တပါဂုညတာ။ ။ကာယုဇုဂတာ။ ။စိတ္တုဇုဂတာ။ ။အားဖြင့် ၁၉-ပါးဖြစ်ပါသည်။ ။ (မြေ)

(ဎ) ဝိရတီစေတသိက် ၃-ပါးဟူသော်ကား။ ။သမ္မာဝါစာ။ ။သမ္မာကမ္မန္တ။ ။သမ္မာအာဇီဝ။ ။အားဖြင့် ၃-ပါးဖြစ်ပါသည်။ (မြေ)

(ဥာဏ်ကြီးသူများ ချဲ့သိကြပါ)။

(ဏ) အပ္ပမညာစေတသိက် ၂-ပါးဟူသော်ကား။ ။ကရုဏာ။ မုဒိတာ။ ။အားဖြင့် ၂-ပါးဖြစ်ပါသည်။ ။ (မြေ)

(တ) အမောဟ ဟူသော ပညိန္ဒြေ စေတသိက်ကား ၁-ပါးသာဖြစ်ပါသည်။ ။ (ဖြေ)

ဤသို့အားဖြင့် စေတသိက် ၅၂-ပါးဖြစ်ပါသည်။ ။ (ဖြေ)
(အကျယ်သိကြပါ)။

(ထ) နိဗ္ဗာန်ဟူသည် ငြိမ်းအေးခြင်း (သန္တိ) သဘောလက္ခဏာအားဖြင့် ၁-ပါးသာဖြစ်ပါသည်။ ။ (ဖြေ)

(ဒ) (တနည်း) ကိလေသာတို့၏ အကြွင်းအကျန်မရှိအောင် ချုပ်ငြိမ်း ကင်းပျောက်မှု သဘော။ ။ခန္ဓာ ၅-ပါး ရုပ်, နာမ် တရားတို့၏ ချုပ်ငြိမ်း ဧကန် နောင်အသစ် တဖန် မဖြစ်မှုသဘော။ ။ပကတိမျက်စိဖြင့် မမြင်အပ်သောသဘော။ ။အန္ဓဗာလ ပုထုဇ္ဇဉ်တို့၏ ဉာဏ်ဖြင့်လည်း မမြင်နိုင်သောသဘော။ ။ကလျာဏပုထု အရိယာဝတို့၏ ဉာဏ်စက္ခုဖြင့်သာ ကြည့်ရှုတွေ့မြင်အပ်သောသဘော။ ။ဥပါဒ်စွန်း, ဘင်စွန်း အစ အဆုံးမရှိသောသဘော။ ။သင်္ခါရ, သင်္ခတ, ဓမ္မတို့၏ ကင်းပြတ်သောသဘော။ ။သမုဒ္ဒရာဆိပ်ကမ်းလို ကမ္ဘဋ္ဌာန်း တရားတို့ဖြင့် ဝင်သွားရာ ချမ်းသာစွာသောသဘော။ ။ကိလေ ညစ်ကြေးတို့မှ ကင်းဝေးဖြူစင် အေးကြည်လင်သောသဘော။ ။ဂုဏ်ရောင်ထိန်လင်းထက်ဝန်းကျင် ပပဝင်းလျက် သန့်ရှင်းစွာ အမြဲတည်မှုသဘော, ဟူ၍လည်း ကျမ်းဂန်တို့မှာ လာရှိပါသေးသည်။ ။ (ဖြေ)

(ဓ) (တနည်း) မဂ်, ဖိုလ် စိတ္တုပ္ပါဒ်တို့၏ အာရုံပြုရာ မဂ်, ဉာဏ် ၄-ပါးဖြင့် မျက်မှောက်ပြုအပ် မြင်သိအပ်သော လောကမှ ထွက်သွားရာ လွန်မြောက်ရာ ဝဋ်တဏှာ ဒုက္ခတို့မှ ကျွတ်လွတ်ရာ မအိုမနာ, မသေရာ မပြုပြင်ရာ မီး ၁၁-ပါးတို့မှ အေးငြိမ်းရာ သဘော တရားသည် နိဗ္ဗာန်ဖြစ်ပါသည်။ ။(အာရုံပြုပါ)။ ။ (ဖြေ)

(န) (တနည်း) ခန္ဓာငါးတန် ကြွင်းကျန်သေးသော သဉပါဒိသေသ နိဗ္ဗာန်။ ။ခန္ဓာငါးတန် ကြွင်းကျန်မရှိသော အနုပါဒိသေသ နိဗ္ဗာန် ဟူ၍ သိစေတတ်သော အကြောင်း ပရိယာယ်အားဖြင့် ၂-ပါး ဖြစ်ပါသည်။ ။ (ဖြေ)

(ပ) (တနည်း) အာရုံအားဖြင့်ရင်း, ယှဉ်မှုအားဖြင့်ရင်း, ရာဂ, ဒေါသ,မောဟတို့မှရင်း ခပ်သိမ်းသော သင်္ခါရတို့မှရင်း ကင်းဆိတ်ငြိမ်းအေး

သော သုညတ နိဗ္ဗာန်။ ။ထို့အတူ ရာဂ,ဒေါသ, မောဟ,သင်္ခါရ အကြောင်းတို့မှ ကင်းလွတ်ချေမြသော အနိမိတ္တ နိဗ္ဗာန်။ ။ရာဂ,ဒေါသ, မောဟတို့၏ ပူဆာတောင့်တ အာသာဆန္ဒ ဘာတရမျှမရှိသော အပ္ပဏိဟိတ နိဗ္ဗာန်။ ။ဟူ၍အခြင်းအရာဂုဏ်အတွက်အပြားအားဖြင့် ၃-ပါး ဖြစ်ပါသည်။ ။(ဤအကျဉ်းကိုပင် ဉာဏ်မြင်ကြပါ)။ ။ (ဖြေ)

(ဗ) ပညတ် ဟူသည် ပရမတ္ထ အားဖြင့် ထင်ရှားရှိသော စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဉ်စသော သဘောတရားတို့၏ အမည်နာမ ဟူသမျှသည် (ဝိဇ္ဇမာန) ပညတ်များဖြစ်ပါသည်။ ။ (ဖြေ)

(ဗ) ပရမတ္ထအားဖြင့် ထင်ရှားမရှိသော လူ,နတ်, ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ စသော အဘာဝတို့၏ အမည်နာမ ဟူသမျှသည်။(အဝိဇ္ဇမာန)ပညတ်များ ဖြစ်ပါသည်။ (ဖြေ)

ဤသို့အားဖြင့် ဓမ္မာရုံ ၆-ပါးအပြားရှိပါသည်။ ။ (ဖြေ)

(ရှု၍သိကြပါ)။

---

## (အထူးမှာသား တိုက်တွန်းချက်)။

(၁) ဤလို ရေးပြရခြင်းမှာ ကျမ်းကြီးလေးမှာစိုး၍ (အမေး) များကို မရေးတော့ဘဲ (အဖြေ) သက်သက်မျှကိုသာ ရေးပြ ရပါတော့သည်။ ။သို့ရာတွင် အဖြေများကို ကြည့်ရှုကာဖြင့် အမေးများကို သိထိုက်လှပါတော့သည်။ ။

(၂) ဤဓမ္မာရုံ အခယ်း၌ အချို့နေရာတို့မှာ ဉာဏ်ကြီး သူများ အကျိုးငှါသာ ရေးပြပါသည်။ ။ဉာဏ်လေးသူသေးသူတို့မှာ မိမိဉာဏ်နှိသမျှပင် ရှုမှတ်ပွါးများကြပါ။ ။

(၃) ငါတို့ကား မသိနိုင်ဟု စိတ်မပျက်ကြဘဲ အထပ်ထပ် ဘတ်ရှုဆင်ခြင်ကြပါလေ သူတော်တွေတို့။ ။

## ဓမ္မာရုံကို ဝိပဿနာရှုပွါးပုံ။

(က) ဤသို့ ပြဆိုအပ်ပြီးသော ဓမ္မာရုံတို့ကို (ဝိပဿနာ ဘာဝနာ) အားဖြင့် ဘယ်လို ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) ဘုရား, ပုထိုး, စေတီစသော ကောင်းသော အဆင်းအာရုံကို မြင်ဆဲခဏ မျက်စိအကြည်သဘော,အဆင်းသဘော, ကုသလဝိပါက် စက္ခုဝိညာဉ် စိတ်သဘော ၃-ပါးရုံ အသစ်,အသစ် ဖြစ်, ဖြစ်နေပါတကားဟု ရှုပွါးရပါသည်။ ။ (ဖြေ)

(ဂ) မစင်, ခွေးသေကောင်ပုပ် စသော မကောင်းသော အဆင်း အာရုံကို မြင်ဆဲခဏ မျက်စိအကြည်သဘော, အဆင်းသဘော, အကု သလဝိပါက် စက္ခုဝိညာဉ်စိတ်သဘော ၃-ပါးရုံ အသစ်, အသစ် ဖြစ်, ဖြစ် နေပါတကားဟု ရှုပွါးရပါသည်။ ။ (ဖြေ)

(အထူးမှာထား ညွှန်ကြားချက်)။

(၁) ယခု မြင်ဆဲ ခဏတိုင်းတို့မှာလည်း ပစ္စုပ္ပန် အဆင်းအာရုံကို အာရုံပြုကြသော စက္ခုဒွါရ၌ ဖြစ်ကြသော စိတ် ၄၆-ပါးတို့တွင် စက္ခု ဝိညာဉ်စိတ်သဘောကို ဉာဏ်မြင်သဖြင့် အဆင်းသဘောကို ဆင်ခြင် တတ်သော ပဉ္စဒွါရာဝဇ္ဇန်း စိတ်သဘော, အဆင်း သဘောကို ခံလင့် တတ်သော သမ္ပဋိစ္ဆိုင်းစိတ်သဘောဟူသော မနောဓာတ် ၃-ခုတို့ကို လည်း ရှုပွါးကြပါ။ ။ဘုရား ဟောဉာဏ်တော် အရာဖြစ်၍ ဤမနော ဓာတ်,တို့ကို ဉာဏ်မြင်တို့ရာ မလွယ်လှပေ အထပ်ထပ် ဆင်ခြင်ရှုပွါး ကြပါလေ။ ။

(၂) ထိုမှတပါး အဆင်း သဘောကို ရုံစမ်း တတ်သော (သန္တီ ရဏ)စိတ်သဘော, အဆင်းသဘောကို မှတ်တတ်သော (ဝုဋ္ဌော)စိတ် သဘော, အဆင်းသဘောကို ထွန်းပြတတ် သိတတ် စောတတ်သော ဇော စိတ်သဘော, ထိုဇော၏ အာရုံကိုပင် အာရုံပြုတတ်, ဟုတ်ပဗျား ဟု ဝန်ခံတတ်, သိတတ်သော (တဒါရုံ) စိတ်သဘော, ကံကိုငင်း, ကံ ၏အကြောင်းနိမိတ်ကိုငင်း, လားရာအကြောင်းနိမိတ်ကိုငင်း, မထင် မ

ရှား အာရုံပြုတတ် သောမညာအားဖြင့် သိ၏ဟု ခေါ်ဆိုရရုံမျှသော ရှိသော ရှေ့နောက်အစဉ် ဘဝင်စိတ်သဘော, တရားတို့၏ အစဉ်မပြတ် မရပ်မနား ယခုမြင်တိုင်း,မြင်တိုင်း အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကားဟု ဆင်ခြင်ကြပါလေ။ ။

(၃) ဤသို့သော ဘုရားဘည်းဟူသော (အတိဋ္ဌာရုံ) တွေကိုအာရုံပြုကာ ဖြစ်ပေါ်လာကြသော ဝမ်းသာမှု ဇောစိတ်သဘော များသည့် ပင်ကုသိုလ်ဇောတွေ ဝိပါက်ဇောတွေ အသစ်,အသစ်ဖြစ်,ဖြစ် နေသည့် ကိုလည်း ဉာဏ်ကြီးသူ ယောဂီ ပြူတို့မှာ ရှုပွါးကြပါလေ။ ။

(၄) ထိုမှတပါး မစင်, ခွေးသေ ကောင်ပုပ် စသည့်တို့ကို မြင်ဆဲခဏတိုင်းတို့မှာလည်း အကုသိုလ်အကျိုး (စက္ခုဝိညာဉ်)စိတ်သဘော နှင့် အစိအစဉ်ဆက်စပ်ကာ(ဝိထိ) စိတ်များစွာတို့တွင်(ပဉ္စဒွါရာဝဇ္ဇန်း) စိတ်သဘော (သမ္ပဋိစ္ဆိုင်း) စိတ်သဘော (ဝုဋ္ဌော, ဇော, တဒါရုံ) ရှေ့နောက်(ဘဝင်)စိတ်သဘောများကိုလည်းကုသိုလ်အကျိုးစက္ခုဝိညာဉ်စိတ်အစဉ် ဝိထိ စိတ်သဘောများလိုပင် နည်းမှီးကာရှုပွါးတတ်ကြပါလေ ဉာဏ်ကြီးသူတွေတို့။ ။

(၅) ထိုမှတပါး သောတ ဝိညာဉ်ဝိထိ, ဃာနဝိညာဉ်ဝိထိ, ဇိဝှါဝိညာဉ်ဝိထိ, ကာယဝိညာဉ်ဝိထိ စိတ်အစိအစဉ်တို့၌လည်း ဤစက္ခုဝိညာဉ်နည်းကိုမှီးကာ ကုသိုလ်, အကုသိုလ်, ဝိပါက်,ကိရိယာ အဖြာဖြာသော စိတ်သဘောတို့ကိုလည်း ဉာဏ်စက္ခုဖြင့် ရှုပွါးကြပါလေ သူတော်ပဏ္ဍိတ်တွေတို့။ ။

## မနောဓာတ်စသည်၌ရှုပွါးရပုံ။

(က) မြင်ဆဲခဏ မနောဓာတ် စသည်၌ ဘယ်လို ရှုပွါးရပါ သနည်း။ ။ **(မေး)**

(ခ) ဤလောက၌ ငါးပိ, ဆီ,ဆား, ငြုပ်,ကြက်သွန် စသည်တို့ဖြင့် ပေါင်းစပ်ကာ ချက်ထားသောဟင်းလျာများ၏အရသာကိုစားသောက်သောသူအား လေးပင် ကောင်းမြတ်သော အရသာဓာတ် တပါးကို

သာ မှတ်သား ပါလျှင်။ မပေါ်လွင် မထင်ရှားသော ငါး,ဝိ,ဆိ,များ၏ အရသာများလည်း ပါရှိပါတကားဟု ယုံမှားကင်းစင်ကာ သိမြင်မှတ် ထင်ရာသကဲ့သို့။ ထို့အတူ မြင်ဆဲခဏ အဆင်းသဘော, အဆင်းသိ သော ဝိတ်သဘော များ၏ ထင်ရှား ဖြစ်ပေါ်သည့်ကို ရှုမြင် နေသော ယောဂီရှင်အား မထင်မရှားသော ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း, သန္တီ ရဏ,ဘဝင် စသည်များကိုလည်း ပါရှိလေပြီဟု ဉာဏ်စက္ခုဖြင့် ရှု မြင်နိုင်ပါသည်။ ။(ထင်ခဲ့ပြွ)။ ။ (ဖြေ)

## (အထူးမှာထား တိုက်တွန်းချက်)။

(၁) ဤ မြင်ဆဲခဏလိုပင်ကြားဆဲ,နံဆဲ,စားဆဲ,တွေ့ဆဲ ခဏတိုင်း တို့မှာလည်း မနောဓာတ် စသည်များကို ရှုပွါးကြစမ်းပါ။ ။

(၂) ပဉ္စဝိညာဉ် မနောဓာတ် တို့ကား ပစ္စုပ္ပန် ပဥ္စာရုံကိုသာ အာ ရုံ ပြုကြပါ၍ ယခု ဖြစ်ဆဲ အခိုက်၌သာ ရှုပွါးကြ ပါလေ သူတော် တွေတို့။ ။

---

## မနောဝိညာဥ်တရား၌ ဝိပဿနာရှုပွါးပုံ။

(က) ဤသို့ ပြအပ်သော ကာလ ၃–ပါး။အာရုံ ၆-ပါးတို့ကိုအာရုံ ပြုတတ်သော မနောဝိညာဉ် ဝိတ် သဘောတို့ကို ဘယ်လို (ဝိပဿနာ ဘာဝနာ) ရှုပွါးရပါသနည်း။ ။ (မေး)

(ခ) မြင်ပြီး,မြင်ဆဲ, မြင်လတ့်သော အဆင်းသဘောတို့ကို အာရုံ ပြုကာ ရှုတတ်သော မနောဝိညာဉ် ဝိတ်သဘော တရားတို့ကား ယခု ကြံစည် တွေးတော ဆင်ခြင်ဆဲ ခဏတိုင်းမှာ အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကားဟု ရှုပွါးရပါသည်။ ။(သတိရခဲ့ပြွ)။ ။ (ဖြေ)

## ထို့ကြောင့်။

(ဂ) မနောဒွါရိကစိတ္တာနံ ပန ဆဗ္ဗိဓမ္မိ ပစ္စုပ္ပန္နမတီတံ အနာဂတံ ကာလဝိမုတ္တဉ္စ ယထာရဟ မာရမ္မဏံ ႑ဟောတိ။ ။ဟု အဘိဓမ္မတ္ထ သင်္ဂဟာလက်သန်းအဌကထာလာ၍ှိပါသည်။ ။ (ဖြေ)

(ဂ) (ပန)ပဥ္စဝိညာဉ်စိတ် သဘောတို့၏။ ပစ္စုပ္ပန်အာရုံမှ တပါး။ မနောဝိညာဉ်စိတ်သဘောတို့၏အာရုံကိုပြဦးအံ့။ (မနောဒွါရိကစိတ္တာနံ) မနောဒွါရ၌ ဖြစ်သော ၆၇-ပါးသော စိတ်တို့၏။ (ဆဗ္ဗိဓမ္ပိ) ၆-ပါးအပြားရှိသည့်လည်း ဖြစ်သော။ (အာရမ္မဏံ) အာရုံသည်။ (ဝါ)အဆင်းအာရုံ,အသံအာရုံ, အနံ့အာရုံ,အရသာအာရုံ, အတွေ့အာရုံ။ ၎င်းအာရုံ ၅-ပါးတို့မှ ကြွင်းကျန်သောရုပ် ၂၁-ပါး။စိတ် ၈၉-ပါး။စေတသိက် ၅၂-ပါး။နိဗ္ဗာန် ပညတ်ဓမ္မာရုံ ဟူသောအာရုံသည်။ (ပစ္စုပ္ပန္နဥ္စ)ပစ္စုပ္ပန်ဖြစ်၍၎င်း။ (အတီတဥ္စ)အတိတ်ဖြစ်၍၎င်း။ (အနာဂတဥ္စ)အနာဂတ်ဖြစ်၍၎င်း။ (ကာလဝိမုတ္တဥ္စ) ကာလ ၃-ပါးမှ အလွတ်ဖြစ်၍၎င်း။ (ယထာရဟံ) ထိုက်သင့်သည်အား လျော်စွာ။ (ဝါ) ဖြစ်သင့်,ဖြစ်ထိုက် သလို။ (ဟောတိ)ဖြစ်၏။ ။(စဉ်းစားကြပါ)။ ။

(မှတ်ချက်) အာရုံပြုအကျယ်ကိုလိုမူ သင်္ဂြိုဟ်စသည်တို့၌ ယူပါကုန်။

## (အထူးမှာထား တိုက်တွန်းချက်)။

(၁) ဤ၌ မနောဝိညာဉ် စိတ်သဘော တို့ကိုသာ ရှုပွါး စေလိုရင်း ဖြစ်ပါသည်။ သို့ရာတွင် ထိုမနောဝိညာဉ် သဘောမှာ ပစ္စုပ္ပန် မြင်ဆဲအဆင်းသဘောကို ဤလိုဟိုလိုဟု ကြံစည်တွေးတောမှု, ဖြစ်ပြီးသော အဆင်း သဘောကို ကြံတွေးမှု, ဖြစ်လတ့ံသော အဆင်း သဘောကို ကြံတွေးမှု, အိမ်မိုးခေါင်, ကျောင်းမိုးခေါင်ပျဉ်စသော ပညတ်များ။ အပြူ,အနီ,အဝါစသော ပညတ်များကို ကြံတွေးဆင်ခြင်မှု,ဘုရား,မေတ္တာ, အသုဘ, မရဏ, နိဗ္ဗာန် စသော ပညတ်, ပရမတ် များကို ကြံတွေးဆင်ခြင်မှု စသော ရုပ်,နာမ်,ပညတ် နိဗ္ဗာန်စသောအာရုံ ၆-ပါးကာလ ၃-ပါးလုံးကိုပင်ကြံစည် တွေးတောရှုဆင်ခြင်မှုတို့ကို ပြုနိုင်သည်။ ။

(၂) ထိုမှတပါး လောဘစိတ်, ဒေါသစိတ်, မောဟစိတ်,ကုသိုလ်စိတ်, ဝိပါက်စိတ်, ကိရိယာစိတ်, ဈာန်စိတ်, သောတာပတ္တိ မဂ်စိတ်, သကဒါဂါမိမဂ်စိတ်, အနာဂါမိမဂ်စိတ်, အရဟတ္တမဂ်စိတ်, သောတာပတ္တိဖိုလ်စိတ်, သကဒါဂါမိ ဖိုလ်စိတ်, အနာဂါမိ ဖိုလ်စိတ်, အရဟတ္တဖိုလ်စိတ်, လောကီစိတ်, လောကုတ္တရာစိတ် များကိုလည်း ထိုမနော

ဝိညာဉ်စိတ်သဘော ဟူသော နာမ်ဓမ္မာရုံကနာမ် ဓမ္မာရုံများကိုလည်း ကောင်း, အနေကန်အားဖြင့် အာရုံပြုနိုင်ပုံတို့ကို အကျယ်ချဲ့ကာရှုပွါးကြ ပါလေ သူတော်ပဏ္ဍိတ်တွေတို့။ ။

(၃) ထိုမှတပါး ကြားပြီး, ကြားဆဲ, ကြားလတ္တံ့။ ။နံပြီး, နံဆဲ, နံလတ္တံ့။ ။စားပြီး,စားဆဲ,စားလတ္တံ့။ ။တွေ့ပြီး,တွေ့ဆဲ,တွေ့လတ္တံ့။ ။ကြံပြီး,ကြံဆဲ,ကြံလတ္တံ့။ တို့ကိုလည်း ဤလိုပင်သိကြပါလေ။ ။

(၄) လောက ဥပမာအားဖြင့် မနောဝိညာဉ်ကား ရုံးမင်းနှင့်တူ၏။ မနောဘဝင် အကြည်စိတ်ကား ပုလိပ်သားနှင့်တူ၏။ ဓမ္မာရုံကား ရာဇဝတ်သားနှင့်တူ၏။ ဟာဒယဝတ္ထုရုပ်ကား ရုံးကြီးနှင့်တူ၏ဟု ပုံပြုကာ ရှုကြ ပြောကြပါ။ ။

(၅) ဝိညာဏေ ဝိညာတမတ္တံ ဘဝိဿတိ။ ။(ဝိညာဏေ) သိသည်ရှိသော်။ (ဝါ)မနောဝိညာဉ်စိတ်သဘောက။ ကြံစည် တွေးတောသည်ရှိသော်။(ဝိညာတမတ္တံ)ကြံသိ၏ဟု အမှတ်သညာထားရုံမျှသည်။ (ဘဝိဿတိ) ဖြစ်လတ္တံ့။ ။ဟူသည်နှင့်အညီ ကြံစည်ဆဲခဏတိုင်းမှာ မနောဘဝင်အကြည်သဘော,မနောဝိညာဉ်သဘော,ဟာဒယဝတ္ထု ရုပ်သဘော ၃-ပါးရုံ ဖြစ်, ဖြစ်နေသည်တို့ကိုသာ ဉာဏ်မြင်အောင် ရှုပွါးကြပါလေ သူတော်ပဏ္ဍိတ်တွေတို့။ ။

စိတ်နာမ်ဓမ္မာရုံပြခဏ်းပြီးပြီ။

---

## စေတသိက် နာမ် ဓမ္မာရုံကိုပြခဏ်း။

(က) ဤသို့ စိတ် နာမ် ဓမ္မာရုံ ရှုပွါးပုံ အလုံးစုံတို့ကို ပြဆို၍သိရပါပြီ။ စေတသိက် နာမ်ဓမ္မာရုံတို့ကို ဘယ်လိုသိရပါမည်နည်း။ (မေး)

(မှတ်ချက်) စိတ်၌အမြဲယှဉ်တတ်သောကြောင့်(စေတသိက်)ဟုခေါ်သည်။

(ခ) ထိုစေတသိက် ၅၂-ပါးတို့တွင် သဗ္ဗစိတ္တ သာဓာရဏစေတသိက်တို့မှာ (ဖဿ) အာရုံကို တွေ့ဆုံမှုသဘော။ (ဝေဒနာ)အာရုံ၏အရသာကို ခံစားမှုသဘော။ (သညာ) အာရုံ၏ သဘောကို မှတ်သားမှုသဘော။ (စေတနာ) အာရုံ၌ ယှဉ်ဘက် တရားများကို စေ့ဆော်မှုသဘော၊ (ဧကဂ္ဂတာ) အာရုံတခု၌ ငြိမ်သက်တည်မှု မပြန့်လွင့်မှု သ

သော။ (ဇီဝိတိန္ဒြိယ) ယှဉ်ဘက်တရားများကို စောင့်ရှောက်မှု, အစိုးရမှုသဘော။ (မနသိကာရ) အာရုံ၌ နှလုံးသွင်းမှုသဘောအားဖြင့် ဤသဘော ၇-ပါးလုံးမှာ ပဉ္စဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ် ဟူသော စိတ် ၈၉-ပါးလုံးတို့၌ ယှဉ်အပ်,ရအပ်၏ဟု အသီးသီး ရှုပွါးအပ်ပါသည်။ ။(သတိပြုပါ)။ ။ (မြေ)

(ဂ) ပကိဏ်းစေတသိက်တို့မှာ (ဝိတက္က)ယှဉ်ဘက်တရားများကို အာရုံသို့ရှေ့ရှုကြွ တင်ပေးမှုသဘော။ (ဝိစာရ) အာရုံ၌ ယှဉ်ဘက် တရားများကို သုံးသပ် ရစ်ဝဲမှုသဘော။ (အဓိမောက္ခ)အာရုံကိုဆုံးဖြတ်မှုသဘော။ (ဝိရိယ) ယှဉ်ဘက် တရားများကို ထောက်ပံ့ နိုင်စေမှု သဘော။(ပီတိ) အာရုံကို နှစ်သက်မှု သဘော။ (ဆန္ဒ) လိုချင်တောင်းတပြုလိုကာမျှသဘော အားဖြင့် ဤသဘော ၇-ပါးကား ပဉ္စဝိညာဉ် စသည်တို့ကို ကြဉ်ပယ်ရှား၍ ပြိုးပွမ်းသောင်းပြောင်း ဖြောက်သောက် အားဖြင့် ယှဉ်အပ်ရအပ်၏ဟု အသီးသီး ရှုပွါးရပါသည်။ ။ (မြေ)

(ဃ) အကုသိုလ်စေတသိက်တို့မှာ။(မောဟ) အာရုံကို။(ဝါ)အမှန်သဘော တရားကို ဖုံးလွှမ်း ပိတ်ကာမှုမသိ, မမြင်, မထင်မှုသဘော။ (အဟိရိက) ကာယ ဒုစရိုက်စသည်မှ မရှက်မှုသဘော။ (အနောတ္တပ္ပ) ကာယ ဒုစရိုက်စသည်မှ မလန့်မှုသဘော။ (ဥဒ္ဓစ္စ) စိတ်မငြိမ်သက်မှု ပြန့်လွင့်မှုသဘော။ (လောဘ) အာရုံ၌တွယ်တာငြိကပ် တပ်မက် သာယာမှုသဘော။ (ဒိဋ္ဌိ) မှားသောအားဖြင့် မြင်မှု နှလုံးသွင်းမှု ဖောက်ပြန် ယူမှုသဘော။ (မာန) ငါမြတ်, ငါတတ်စသဖြင့် တက်ကြွ ထောင်လွှား မောက် ကြွားမှု သဘော။ (ဒေါသ) ကြမ်းထမ်း ပြစ်မှားမှု သဘော။ (ဣဿာ) သူတပါး၏စည်းစိမ် ဂုဏ်သိမ်ကို ကြုံပိန်အောင် ငြူစူစောင်း မြောင်းမှု သဘော။ (မစ္ဆရိယ) မိမိ၏ စည်းစိမ် ဂုဏ်သိမ်ကို ကြုံပိန် အောင် လျှို့ဝှက် ဖုံးလွှမ်း ကဝ်စေးမှု နှမြောဝန်တို မပေးလိုမှုသဘော။ (ကုက္ကုစ္စ) ပြုလုပ်ခဲ့ပြီး ဒုစရိုက် မပြုလုပ်ရသေးသော သုစရိုက်တို့၌အဖန်တလဲလဲ ညှိုးပိန်အောင်စိုးရိမ်မှုသဘော။(ထိန)စိတ်သဘော၏ မခန့်မှုသဘော။ (မိဒ္ဓ) စေတသိက် သဘောတို့၏ မခန့်မှု သဘော။ (ဝိစိကိစ္ဆာ)အာရုံကိုမဆုံးဖြတ်နိုင်မှု သို့လောသို့လောဟုတွေးတောယုံမှားမှုသဘော။ အားဖြင့်ဤ ၁၄-ပါးသော သဘောတို့ကားလောဘ,ဒေါသ,မောဟ စိတ်များ။ (ဝါ) အကုသိုလ်စိတ် ၁၂-ခုများ ပွါးဆဲ ခဏ

တိုင်းတို့မှာ အသီးသီးယရမှ အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကား ဟု ရှုပွါးရပါသည်။ ။(ပညတ်ကွာပါစေ)။ ။ (မြေ)

(င) သောဘဏသာဓာရဏစေတသိက်တို့မှာ။ (သဒ္ဓါ) ဘုရားစသား။အာရုံကောင်းများ၌။ယှဉ်ဘက်တရားများကို။ ယုံကြည်အားထားစေမှု မြတ်နိုးစေမှုသဘော။(သတိ) ဘုရားစသား။ အာရုံကောင်းများ၌။ ယှဉ်ဘက် တရားများကို ထင်ရှားစေမှု။ အောက်မေ့စေမှု သဘော။ (ဟိရိ) ကာယ ဒုစရိုက်စသည်မှ ရိုက်မှုသဘော။ (ဩတ္တပ္ပ) ကာယ ဒုစရိုက်စသည်မှ။ ထိပ်လန့်မှု သဘော။ (အလောဘ) အာရုံ၌ မငြိကပ် မတပ်မက်မှု။ ပေးလှူလိုမှုသဘော။(အဒေါသ) အာရုံ၌ မကြမ်းထမ်းမှု မပြစ်မှားမှု သဘော။ (တတြမဇ္ဈတ္တတာ) ထိုထိုအာရုံတို့၌ ယှဉ်ဘက်တရားများကို။လျစ်လျူရှုမှု ညီမျှစေမှုသဘော။ (ကာယပဿဒ္ဓိ)စေတသိက်တို့၏ ငြိမ်းဧေမှု သဘော။ (စိတ္တပဿဒ္ဓိ) စိတ်၏ ငြိမ်းဧးစေမှုသဘော။(ကာယလဟုတာ)စေတသိက်တို့၏ ပေါ့ပါးမှု သဘော။(စိတ္တလဟုတာ) စိတ်၏ ပေါ့ပါးမှုသဘော။ (ကာယမုဒုတာ) စေတသိက်တို့၏ နူးညံ့မှုသဘော။ (စိတ္တမုဒုတာ)စိတ်၏ နူးညံ့မှုသဘော။(ကာယကမ္မညတာ) စေတသိက်၏။ အမှု၌ ကောင်းမွန်ခံ့ငြားမှုသဘော။ (စိတ္တကမ္မညတာ)စိတ်၏အမှု၌ ကောင်းမွန်ခံ့ငြားမှုသဘော။(ကာယပါဂုညတာ)စေတသိက်တို့၏ အမှု၌ လေ့လာ စွမ်းဆောင်နိုင်မှုသဘော။ (စိတ္တပါဂုညတာ) စိတ်၏ အမှု၌ လေ့လာ စွမ်းဆောင်နိုင်မှု သဘော။ (ကာယုဇုဂတာ) စေတသိက်တို့၏။ ဖြောင့်မတ်စွာဖြစ်မှုသဘော။ (စိတ္တုဇုဂတာ) စိတ်၏ဖြောင့်မတ်စွာဖြစ်မှုသဘောအားဖြင့် ဤ ၁၉-ပါးသော သဘောတို့ကား တင့်တယ်ကောင်းမြတ်သော စိတ်များဖြစ်ပွါးသောအခါ။(ဝါ) ဒါန,သီလ, ဘာဝနာတို့ကို ကောင်းစွာပြုလုပ် အားထုတ်ကြသောအခါ တိုင်းတို့၌ အသီးသီး ယခုမှ အသစ်, အသစ် ဖြစ်,ဖြစ် နေပါ တကားဟု ရှုပွါးရပါသည်။ ။ (မြေ)

(မှတ်ချက်) ဤ၌ကာယအရ- ဝေဒနက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဟူသော နာမကာယကိုယူပါ။ ။

(စ) ဝိရတိ စေတသိက်တို့မှာ။ (သမ္မာဝါစာ) ဟုတ်မှန် ကောင်းမြတ် ချိုးမွမ်းအပ်သောစကားကို ပြောဆိုမှုသဘော။ (ဝါ) ဝစီဒုစရိုက်

၄-ပါးမှ ရှောင်ကြဉ်မှုသဘော။ (သမ္မာကမ္မန္တ) ဟုတ်မှန်ကောင်းမြတ်၊ ချီးမွမ်းအပ်သော အမှုကိစ္စကို ပြုမှုသဘော။ (ဝါ) ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်မှုသဘော။ (သမ္မာအာဇီဝ) ဟုတ်မှန်ကောင်းမြတ်။ ချီးမွမ်းအပ်သော အသက်မွေးမှုသဘော။(ဝါ) ဝစီ,ကာယ။ ဒုစရိုတတ္ထိမှ။ ရှောင်ကြဉ်မှုသဘော။ အားဖြင့် ဤ ၃-ပါးသော သဘောတို့ကား အကုသိုလ် ဒုစရိုက်တို့ကို ရှောင်ရှားဆဲ ကုသိုလ်ပြုဆဲခဏ မဂ်, ဖိုလ်သို့ ရောက်ဆဲခဏတို့၌ ရှုပွါးရပါသည်။ ။ (မြေ)

(ဆ) အပ္ပမညာစေတသိက်တို့မှာ။(ကရုဏာ) အဆုံးမရှိသောဒုက္ခိတသတ္တဝါ ပညတ်များကို အာရုံပြု၍ သနားမှုသဘော။ (မုဒိတာ) အဆုံးမရှိသော သုခိတသတ္တဝါ ပညတ်များကို အာရုံပြု၍ ဝမ်းမြောက်မှုသဘော။ အားဖြင့် ဤသဘော ၂-ပါးတို့ကား ဆင်းရဲ, ချမ်းသာသော သတ္တဝါများကို သနားဆဲ ဝမ်းမြောက်ဆဲ ခဏတိုင်းတို့၌ ရှုပွါး ရပါသည်။ ။ (မြေ)

(ဇ) (ပညိန္ဒြေ)စေတသိက်မှာရုပ်,နာမ်တို့၏ဖြစ်မှု,ပျက်မှု,ဆင်းရဲမှု, အစိုးမရမှုတို့ကို ထိုးထွင်းဖောက်ခွဲ၍ သိမှု၌အစိုးရမှုသဘော။ ။ဤသဘောတပါးကား ဤကျမ်းတကျမ်းလုံး၌ ပြအပ်သော ရုပ်,နာမ်တို့၏ အဖြစ်,အပျက်စသော အခဏ်းတိုင်းတို့မှာပင် ဉာဏ်ပညာများ ယခုရှုပွါးဆဲခဏမှ အသစ်, အသစ် ဖြစ်, ဖြစ်နေပါ တကားဟု မထင်, ထင် အောင် ရှုပွါးရပါသည်။ ။ (မြေ)

(ငါရှုမြင်သည် မရှိမှုကို သတိပြုပါ)။

---

(အထူးမှတ်ထား တိုက်တွန်းချက်)။

(၁) ဤသို့ ပြဆိုအပ်ခဲ့ပြီးသော စိတ်နာမ် ဓမ္မာရုံ,စေတသိက် နာမ်ဓမ္မာရုံတို့၌ ဝိပဿနာ ရှုပွါးရပုံကား မြင်ဆဲခဏ စက္ခုဝိညာဉ် စိတ်သဘော စသည်တို့ကို ဆင်ခြင် တတ်သော မနော ဝိညာဉ် စိတ်သဘောသည် ယခုမှ အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကားဟု ရှုပွါးရမည်။ ။ (သတိရခဲ့စွ)။

(၂) ထိုမှ တပါး မြင်ဆဲ ခဏ ဖဿ, ဝေဒနာ, သညာ စသော သ

ဘောတို့ကို ဆင်ခြင်တတ်သော မနောဝိညာဉ်စိတ်သဘောကား ယခု ကြံဆဲခဏမှ အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကားဟု ရှုပွါးရမည်။ ။ (ပညတ်ကွာပါစေ)။

(၃) ထိုမှ ကြွင်းကျန်သော စိတ်နာမ်ဓမ္မာရုံ, စေတသိက်နာမ်ဓမ္မာ ရုံ သဘောတို့ကို ကြံတွေး ဆင်ခြင်ဆဲ ခဏတိုင်း တို့မှာလည်း ဤလို နည်းမှီးကာရှုပွါးကြစမ်းပါ။ ။(ကျမ်းကြီးကျယ်မည်စိုး၍မချဲ့သာပြီ)။

(၄) ဤမှနောက် သုခမရုပ် ဓမ္မာရုံ, ပသာဒရုပ် ဓမ္မာရုံ, နိဗ္ဗာန်ဓမ္မာ ရုံ, ပညတ် ဓမ္မာရုံတို့၌လည်း ကြံဆင်ခြင်တိုင်းသော ခဏတို့မှာ မနော ဝိညာဉ် စိတ်သဘော ဖြစ်ပုံများကို ဤလိုပင် ရှုပွါးကြပါလေ သူတော် ပဏ္ဍိတ်တွေတို့။ ။(ကြံစည် တွေးတောသည့် စသဖြင့် အထင် မမှား ကြရာ)။ ။

ဤတွင် နာမ်ဓမ္မာရုံ ပြခဏ်းပြီးပြီ။

## သုခုမရုပ် ဓမ္မာရုံကို ပြခဏ်း။

(က) သုခမရုပ် ဓမ္မာရုံ သဘောတရားများကို ဘယ်လို ရှုမှတ် ပွါး များရပါသနည်း။ ။ (မေး)

(ခ) (အာပေါ) ဖွဲ့စေးယိုစီးမှုသဘော။ (ဣတ္ထိန္ဒြေ) မိန်းမအဖြစ်ဟု သိကြောင်း အမူအရာ သဘော။ (ဝါ) မိန်းမ အဖြစ်ရုပ်၌ စောင့်စိုးမှုသ ဘော။(ပုရိသိန္ဒြေ) ယောကျ်ားအဖြစ်ဟု သိကြောင်းအမူအရာသဘော။ (ဝါ) ယောကျ်ားအဖြစ်ရုပ်၌စောင့်စိုးမှုသဘော။ (ဟဒယဝတ္ထု) နှလုံး ဖူးလိုင်အတွင်း တလက်ဖက် တဝက်မျှသော သွေး၌တည်သော မနော ဓာတ်,မနောဝိညာဏဓာတ်,နှင့်စေတသိက်တို့၏မှီရာတည်ရာအကြည် ရုပ်သဘော။(ဇီဝိတိန္ဒြိယ)ကံကြောင့်ဖြစ်သော ရုပ်များကို စောင့်ရှောက် မှု, အစိုးရမှု ရုပ်သဘော။ (အာဟာရ) အဆီအစေးဩဇာလျှင် ၈-ခု မြောက်ရှိသော ရုပ်များကို ဆောင်မှု, အားကိုဖြစ်စေမှု ရုပ်သဘော။ (ပရိစ္ဆေဒ) ရုပ်ကလာပ်ရ တခုနှင့် တခုကို ပိုင်းခြားမှုရုပ်သဘော။(ကာ ယဝိညတ်) လက်,ခြေစသောကိုယ်အင်္ဂါလှုပ်ရှား၍ ခေါ်မှုစသည်ကိုပြု ၏ဟု သိမှတ်ကြောင်းအမူအရာရုပ်သဘော။(ဝစီဝိညတ်)နှုတ်လှုပ်၍အ

သံကို ဖြစ်စေလျက် ခေါ်မှုစသည်ကိုပြု၏ဟု သိမှတ်ကြောင်းအမူအရာ ရုပ်သဘော။ (ရူပဿလဟုတာ) နိပ္ဖန္နရုပ်တို့၏ ပေါ့ပါးမှု ရုပ်သဘော။ (ရူပဿမုဒုတာ)နိပ္ဖန္နရုပ်တို့၏ နူးညံ့ပြောင်းပျောင်းမှုရုပ်သဘော။(ရူပဿကမ္မညတာ) နိပ္ဖန္နရုပ်တို့၏ အမှု၌ ခံ့ငြားကောင်းမွန်မှုရုပ်သဘော။ (ဥပစယ) နိပ္ဖန္နရုပ်တို့၏ စ၍ဖြစ်ပေါ်လာမှုရုပ်သဘော။ (သန္တတိ) နိပ္ဖန္နရုပ်တို့၏ ဖြစ်စဉ် ရုပ်သဘော။ (ဇရတာ) နိပ္ဖန္န ရုပ်တို့၏ ရင့်ကျက်မှု သဘော။ (အနိစ္စတာ) နိပ္ဖန္နရုပ်တို့၏ ချုပ်ဆုံးပျက်စီးမှု သဘော။ အားဖြင့် ဤ ၁၆-ပါးသော သုခုမရုပ် တို့တွင် (ဝါ) နူးညံ့သိမ်မွေ့သော ရုပ်သဘောတို့တွင် ထွေ့ဆဲ,နံ့ဆဲ, စားဆဲ ခဏစသည်တို့၌အသီးအသီးသော်ၚင်း တပေါင်းထည်းသော်ၚင်း ယခုမှ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟု ရှုပွါးရပါသည်။ ။(မြင်ခဲ့စွ)။ ။ (ဖြေ)

(၈) ထိုသုခုမရုပ်တို့ကို ဆင်ခြင်ရှုပွါး တတ်သော မနောဝိညာဉ်စိတ်သဘောတို့ကိုလည်း ယခုမှ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟုရှုပွါးရပါသေးသည်။ ။(သတိရခဲ့စွ)။ ။ (ဖြေ)

## (အထူးမှာထား ညွှန်ကြားချက်)။

(၁) ဤ၌ နိပ္ဖန္နရုပ် ဟူသည် ကံစသော အကြောင်းတို့ကြောင့် ဖြီးသော ရုပ်များကို ဆိုလိုပါသည်။ ။(အကျယ်ချဲ့ကာ သိကြပါ)။ ။

(၂) ထိုအာပေါမှတပါး (ပထဝီ) ကြမ်းမာ,နူ,ချောမှုသဘော။(တေဇော) ပူမှု,ဧးမှု,ရင့်ရော်အိုမင်း ဟောင်းမြင်းစေမှု သဘော။ (ဝါယော) ထောက်ကန် လှုပ်ရှားမှု သဘောတို့ရှုပွါးပုံကို အတွေ့အာရုံ၌ ပြဆိုခဲ့ပါပြီ။ ။(ရုပ်တုံးရုပ်ခဲမရှိ အမှုန့်အမွှားမရှိ)။ ။

(၃) ထို ရုပ် ၂၈-ပါးတို့တွင် အဆင်းအာရုံ, အတွေ့အာရုံ စသည်တို့၌ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ရုပ် ၈-ဖြာတို့ ဖြစ်ရှိကြပါသော်လည်း လွန်ကဲရာ ဥာဏ်ထင်မြင်ရာ တခုခုကို ရှုပွါးကြပါလျှင် (ကြွက်မကြီးကိုမြင်က ကြွက်ကလေး ၇-ကောင်ပါတခါထည်းပါဖြီး)ဆိုသောဥပမာပုံကဲ့သို့ပင် ရှုပွါးကြပါလေ။ ။

(၄) ထိုမှတပါး နိဗ္ဗာန်,ပညတ်,ဓမ္မာရုံ တို့ကိုလည်း အကျဉ်းပြဆို

ခဲ့ပြီးသော နည်းများအတိုင်းလိုပင် ရှုပွါးတတ်ကြ ပါလေ။ အကျယ်ချဲ့ကာ သိမြင်ကြပါလေ သူတော်ပဏ္ဍိတ်တွေတို့။ ။
(သဘောကိုသိပါ)။

(၅) ထို့ထက်အကျယ်တွေကို ရေးပြရပါလျှင် ဤဝမ္မာရုံအခဏ်းနှင့်ပင် ကျမ်းစာအုပ်ကြီးတအုပ်ဖြစ်နေမည်ဖြစ်ပါ၍ ဤမျှနှင့်ပင်ရပ်တန့်ရပါသည်။ ။

(၆) ဉာဏ်နုံ့နှေးသူများမှာ ဉာဏ်မှီသမျှပင် ရှုပွါးကြစမ်းပါ။ ။

ဤတွင်ဓမ္မာရုံပြခဏ်းအကျဉ်းပြီးပြီ။

# ဒိဋ္ဌိဝိသုဒ္ဓိကို ပြခဏ်း။

(က) ဤသို့ ပြဆိုအပ်ပြီးသော အာရုံ ၆-ပါး, ဝိညာဉ် ၆-ပါး,ဒွါရ ၆-ပါးတို့၌ (ဒိဋ္ဌိဝိသုဒ္ဓိ) ဖြစ်ရန် ရှုပွါးဟန်ကို အကျဉ်းချုပ် အားဖြင့် ဖော်ပြပါ။ ။ (မေး)

(ခ) တဏ္ဍ နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။

(ခ) (တတ္ထ) ထိုဝိသုဒ္ဓိ ၇-ပါးတို့တွင်။(ဝါ)သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ, ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ ၇-ပါးတို့တွင်။ (နာမရူပါနံ) နာမ်, ရုပ် သဘော တရားတို့ကို။ (ယာထာဝဒဿနံ) မဖောက်မပြန်။ ဟုတ်တိုင်းမှန်ရာကို ဉာဏ်ဖြင့် မြင်ခြင်းသည်။ (ဒိဋ္ဌိ ဝိသုဒ္ဓိနာမ) ဒိဋ္ဌိဝိသုဒ္ဓိမည်၏။(ဝါ)အယူစင်ကြယ်မှု, အမှားစင်ကြယ်မှုအမြင်စင်ကြယ်မှု မည်သည်။ (ဟောတိ)ဖြစ်၏။ ။ဟူသည်နှင့်အညီ။ ။

(၁) မြင်ဆဲခဏ မျက်စိ အကြည်သဘော, အဆင်းသဘောကား (ရုပ်)တရား။ အဆင်းသိသော စိတ်သဘောကား (နာမ်) တရား။ ။ (ရုပ်နာမ်မှန်မြင် တိဟိတ်ပင်)။ ။

(၂) ကြားဆဲခဏ နားအကြည်သဘော, အသံသဘောကား(ရုပ်) တရား။ ။အသံသိသော စိတ်သဘောကား။ (နာမ်) တရား။ ။အမှန်သိမြင် တိဟိတ်ပင်)။ ။

(၃) နံဆဲခဏ နှာခေါင်းအကြည်သဘော, အနံ့သဘောကား(ရုပ်)

တရား။ ။အနံ့သိသောစိတ်သဘောကား။ (နာမ်) တရား။ ။(အမှန်သိမြင် ယထာဘူတဉာဏ်ပင်)။ ။

(၄) စားသောက်ဆဲ ခဏ လျှာအကြည် သဘော, အရသာ သဘောကား။ (ရုပ်) တရား။ ။အရသာ သိသော စိတ်သဘောကား။ (နာမ်) တရား။ ။

(၅) တွေ့ထိဆဲခဏ ကိုယ်အကြည် သဘော, အတွေ့ သဘောကား။ (ရုပ်)) တရား။ ။အတွေ့ သိသော စိတ်သဘောကား (နာမ်) တရား။ ။

(၆) ကြံစည်တွေးတောဆဲခဏ ဟဒယဝတ္ထုသဘောကား။(ရုပ်) တရား။ ။ကာလ ၃-ပါး၌ဖြစ်သောအာရုံ ၆-ပါးတို့ကိုကြံတွေးဆင်ခြင်ရှုမြင်တတ်သော မနော ဝိညာဉ်စိတ်သဘောကား။ (နာမ်) တရား။ ။ဤသို့အားဖြင့် ရုပ်တရား,နာမ်တရား ၂-ပါးသာ ယခုမှ အသစ်,အသစ်ဖြစ်,ဖြစ် နေပါတကားဟု ရှုပွါးထင်မြင်သောယောဂီရှင်အား အများစင်ကြယ် အယူစင်ကြယ် အမြင်စင်ကြယ်ခြင်း,ဟုတ်မှန်သောရုပ်,နာမ်တို့ကို သိမြင်ခြင်းကြောင့်။(ဒိဋ္ဌိဝိသုဒ္ဓိ)ဖြစ်ပါသည်။ ။(ဖြစ်ခဲစွ)။ ။ (မေး)

(ဂ) ဤကားနာမ် ဤကားရုပ်ဟု နာမ်, ရုပ်တို့ကို ပိုင်းခြား၍ သိခြင်းကြောင့် (နာမရူပပရိစ္ဆေဒ) ဉာဏ်လည်းဖြစ်ပါသည်။ ။ (မေး)

(ဃ) ဤသို့ဟုတ်မှန်သော ရုပ်,နာမ်တို့၏ သဘောလက္ခဏာတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်နိုင်စွာ သိခြင်းကြောင့်။ (ဉာတပရိညာ) လည်းဖြစ်ပါသည်။ ။(သိခဲစွ)။ (မေး)

(င) ရှေ့သို့ တက်ဆဲခဏ နောက်သို့ ဆုပ်ဆဲခဏ တူရူကြည့်ဆဲခဏ တစောင်း ကြည့်ဆဲခဏ ကွေးဆဲခဏ ဆန့်ဆဲခဏ သွားဆဲရပ်ဆဲ ထိုင်ဆဲ ရူဆဲ ရှိက်ဆဲ ခဏ စသည်တို့၌လည်း လေသဘောကား ရုပ်တရားစိတ်သဘောကား (နာမ်) တရား။ ။ဤသို့ ရုပ်,နာမ်တရား ၂-ပါးတို့သာ အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကားဟု ရှုပွါးဆင်ခြင်ထင်မြင်သော ယောဂီ ရှင်အား တက်သည်,ဆုတ်သည်,ကွေးသည်, ဆန့်သည်, ရူသည်, ရှိက်သည်စသော ပညတ် အများများမှ ကင်းစင်ခြင်းကြောင့်(ဒိဋ္ဌိဝိသုဒ္ဓိ)ဖြစ်ပါသည်။ ။(ထင်မြင်ခဲ၍သတိပြုပါ)။ ။ (မေး)

## တနည်းဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ။

(က) လက္ခဏာ ရသ ပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။ဟူသော သင်္ဂြိုဟ်ပါဌ်နှင့်အညီ။ ။

(၁) မြင်ခဲခဏာ မျက်စိအကြည်သဘောသည် အဆင်းသဘော၌ ရှေးရှုတိုက်ဆိုင်သော ပ,အာ,တေ,ဝါ ဟူသော ဓာတ်ကြီး ၄-ပါးကို ကြည်လင် စေခြင်း လက္ခဏာရှိ၏။ ။အဆင်းသဘောတို့၌ ပဉ္စဒွါရာဝဇ္ဇန်းစသော ဝိညာဉ်သဘောတို့ကို ဆွဲငင်ဆောင်ယူခြင်း ကိစ္စရသရှိ၏။ ။စက္ခုဝိညာဉ် စိတ်သဘော၏ တည်ရာမှီရာ အဖြစ်ဖြင့် ယောဂီဉာဏ်အား ရှေးရှုထင်ခြင်းပစ္စုပဋ္ဌာန်ရှိ၏။ ။မြင်လိုသောသူ၏အဖြစ်ဟူသော ရူပတဏှာလျှင် အကြောင်းရှိသော ကံကြောင့် ဖြစ်သော ဓာတ်ကြီး ၄-ပါးလျှင်နီးစွာသောအကြောင်းပဒဋ္ဌာန်ရှိ၏။ ။(ဤကား စက္ခုပသာဒအတွက်)။ ။

(၂) အဆင်းသဘောသည် မျက်စိအကြည်သဘော၌ တိုက်ဆိုင်ခြင်းလက္ခဏာရှိ၏။ ။စက္ခုဝိညာဉ်သဘော၏ အာရုံအကြောင်းသတ္တိဖြင့် ကျေးဇူးပြုခြင်း ကိစ္စရသရှိ၏။ ။စက္ခုဝိညာဉ် စိတ်သဘော၏ ကျက်စားရာ အာရုံ အဖြစ်ဖြင့် ယောဂီ ဉာဏ်အား ရှေးရှု ထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ ။ဓာတ်ကြီး ၄-ပါးလျှင်နီးသောအကြောင်း ပဒဋ္ဌာန်ရှိ၏။ ။(ဤကားရူပါရုံအတွက်)။ ။

(၃) စက္ခုဝိညာဉ် စိတ်သဘောသည် မျက်စိအကြည်သဘောကို မှီ၍ အဆင်းသဘောကိုသိမြင်ခြင်းလက္ခဏာရှိ၏။ ။အဆင်းအာရုံသဘောမျှကို အာရုံပြုခြင်းကိစ္စရသရှိ၏။ ။အဆင်း အာရုံသို့ ရှေးရှုညွတ်တတ်၏ဟုယောဂီဉာဏ်အား ထင်ခြင်းပစ္စုပဋ္ဌာန်ရှိ၏။ ။အဆင်းအာရုံလျှင် အာရုံရှိသော ကိရိယာမနောဓာတ် ပဉ္စဒွါရာဝဇ္ဇန်း စိတ်သဘော၏ ကင်းခြင်း ချုပ်စဲခြင်းလျှင် နီးသောအကြောင်းပဒဋ္ဌာန်ရှိ၏။ ။(ဤကား စက္ခုဝိညာဉ်အတွက်)။ ။ဤမှကြွင်းသော အာရုံ,ဒွါရ, ဝိညာဉ်, နာမ်,ရုပ်တို့ကိုလည်း ဤနည်းကိုမှီ၍ သိကြရာ၏။ ။

### (အထူးမှာထား ညွှန်ကြားချက်)။

(၁) ဓမ္မာရုံအခဏ်း၌ လိုရင်းအကျဉ်းဆုံးနည်းမှာ မနောဝိညာဉ် စိတ်၏ ကြံတွေးအပ်သမျှ အာရုံ တို့ကို (ဓမ္မာရုံ) ဟု မှတ်ကြစေလိုပါ

သည်။ ။ထိုဝိညာဉ်စိတ် တို့တွင် ပဋိသန္ဓေဝိညာဉ်ခဲ့တ် မနောခဲ့တ်တို့မှ ကြွင်းသမျှကို မနောဝိညာဉ်ခဲ့တ်ဟု ရှုမှတ်အပ်ပါသည်။ ။

(၂) ထိုမှတပါး အကျယ် အားဖြင့် သိလိုသော်ငြား, ဤကျမ်း၌ မ ရှင်းလင်းသေး သော်ငြား, သိပြီးသူ ယောဂီပုဂ္ဂိုလ်များနှင့် ယခုကျမ်းရေး သောပုဂ္ဂိုလ်အား အချိန်အခါမရွေး ရုံစမ်းမေးမြန်းနိုင်ပါသည်။ ။

(၃) ဤသို့ပရမတ်,ပညတ်,ရုပ်ခဲ့တ်,နာမ်ခဲ့တ်ကွဲအောင် အထပ် ထပ်ဘာတ်၍ ,အထပ်ထပ် သတိ,ဉာဏ်,လုံ့လ ရှိကြပါစေသောင်။ ။

ဤတွင် ခန္ဓာရုံမနောဝိညာဉ်နှင့် ဒွိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံပြခဏ်းပြီးပြီ။

# ပစ္စယပရိဂ္ဂဟဉာဏ်ကိုပြခဏ်း။

## ပဋိညာဉ်။

(၁) ဤသို့လျှင် ညွတ်တတ်သော သဘော လက္ခဏာကို နာမ်, ဖောက်ပြန်မှု သဘောလက္ခဏာကို ရုပ်ဟု စသည်ဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ် ပုံကို အကျဉ်း အမြွက်မျှ ပြဆိုပြီး၍ ယခုအခါ၌ ဖြစ်ဆဲရုပ်,နာမ်တို့၏ အကြောင်းတရားတို့ကို သိမ်းဆည်းတတ်သော(ပစ္စယပရိဂ္ဂဟ)ဉာဏ် ကို အကျဉ်းမျှပြဆိုရေးသားပေအံ့။ ။

### နာမ် ရုပ်တို့၏အကြောင်းကိုရှာပုံ။

(၁) ဤလောက၌ လိမ်မာ တတ်ပြီး ဆေးဆရာကြီးသည် အနာ ရောဂါကို တွေ့မြင်ခဲ့သော် ထိုအနာရောဂါ၏ ဖြစ်ကြောင်းဖြစ်ရာ အ ရင်း မူလပဘာဝကို ရှာဖွေရုံစမ်းရသလို ထို့အတူ (ဝိပဿနာဘာဝ နာ)ကို ရှုပွါးအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သည်လည်း ယုံမှား သံသယ ပသက်ဒွိဟ ဝိစိကိစ္ဆာ တို့မှ စင်ကြယ်လိုသဖြင့် ထိုထိုရုပ်, နာမ်တို့၏ ဖြစ်ကြောင်း ဖြစ်ရာကို ရုံစမ်းရှာဖွေအပ်၏။ ။

(၂) ဤရုပ်,နာမ်တို့သည် မိဘ ၂-ပါးတို့ကြောင့်ငြား,မိမိပယောဂ လုံ့လကြောင့်ငြား, ဗြဟ္မာ,ဗိဿနိုး အမျိုးမျိုးတို့က ဖန်ဆင်းပြုပြင်စီရင် ၍ငြား, ဖြစ်ကြသည် မဟုတ်ကုန်။ အကြောင်း ပစ္စည်းတို့ ကြောင့်သာ ဖြစ်ကုန်၏ဟု ရှုပွါးကြရာ၏။ ။

## ထို့ကြောင့်။

(၃) ဧတေသဝ ပန နာမရူပဿ ပစ္စယပရိဂ္ဂဟဏေန တီသုအဒ္ဓါသု ကင်္ခံ ဝိတရိတွာ ဌိတံ ဉာဏံ ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ။ ။ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာမိန့်ဆိုတော်မူ၏။ ။

(၃) (ပန) ဒိဋ္ဌိဝိသုဒ္ဓိစခဏ်းမှတပါး ကင်္ခါဝိတရဏဝိသုဒ္ဓိ စခဏ်းကို။ ကြိုးပန်းဆက်ကာ ပြဆိုပါအံ့။ (ဧတေသဝနာမရူပဿ) ထိုပြဆိုအပ်ပြီးသော။ နာမ်,ရုပ် ၂-ပါး၏ သာလျှင်။ (ပစ္စယပရိဂ္ဂဟဏေန) အကြောင်းကို သိမ်းဆည်းသဖြင့်။(တီသုအဒ္ဓါသု) သုံးပါးသောအခွန့်ကာလတို့၌။ (ဝါ) ပစ္စုပ္ပန်, အတိတ်, အနာဂတ် ၃-ရပ်သော ကာလ တို့၌။ (ကင်္ခံ) ယုံမှား သံသယ။ပသက်ဒွိဟ။နှလုံးနှစ်ခွ ဖြစ်မှုကို။ (ဝိတရိတွာ) လွန်မြောက်ပြီး၍။ (ဌိတံ)တည်သော။ (ဉာဏံ) ဉာဏ်သည်။ (ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ) ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။ (ဝါ) ယုံမှားခြင်းမှ လွန်မြောက်စင်ကြယ်မှု မည်၏။ ။

## (အထူးမှာထားညွှန်ပြချက်)။

(၁) ဤ အခဏ်းမှ စ၍ သိနိုင်လောက်ပြီ ဖြစ်သော ကြောင့်ဇင်း။ ကျမ်း ကြီးလေးမှာ စိုးသောကြောင့်ဇင်း အမေး, အဖြေ ပြု၍ မရေးတော့ပြီ။ မေး,ဖြေ ပြုလိုကလည်းနောက်ကနည်းများအတိုင်းပင်ဉာဏ် ထွင်၍သာ သိကြပါလေ။ ။

## အကြောင်းသိမ်းဉာဏ် ရှုပွါးဟန်။

(၁) မြင်ဆဲခဏ မျက်စိ အကြည်သဘောသည် အတိတ်ဘဝက စေတနာ(ကံ)ကြောင့် အသစ်,အသစ် ဖြစ်၏ဟု ရှုပါ။ ။

(၂) မြင်ဆဲ ခဏဖြစ်သော ဗဟိဒ္ဓ အပြင်ပ အဆင်းသဘောသည် အပူ,အအေး ဟူသော(ဥတု)ကြောင့် ဖြစ်၏ဟုရှုပါ။ ။

(၃) သဝိညာဏက သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော အဆင်းသဘောသည် (ကံ,စိတ်, ဥတု, အာဟာရ) ဟူသောအကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်၏ဟုရှုပါ။ ။

(၄) မြင်ဆဲခဏဖြစ်သော စက္ခုဝိညာဉ် စိတ်သဘောသည် မျက်စိ အကြည်သဘော, အဆင်းသဘော ၂-ပါးရုံ တို့ကြောင့် အသစ်,အသစ် ဖြစ်၏ဟုရှုပါ။ ။

## ထို့ကြောင့်။

(က) စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ ။ဟုဟောတော်မူ၏။ ။

(က) (စက္ခုံစ)မျက်စိအကြည်သဘောရုပ်ကိုင်း။(ရူပေစ)အဆင်းသဘောရုပ် တို့ကိုင်း။(ပဋိစ္စ) အစွဲပြု၍။(စက္ခု ဝိညာဏံ)စက္ခုဝိညာဉ်စိတ်သဘောသည်။(ဥပ္ပဇ္ဇတိ) ဖြစ်ပေါ်၍လာ၏။ ။

## တနည်းရှုပွါးပုံ။

(၅) မြင်ဆဲခဏ စက္ခုဝိညာဉ် စိတ်သဘောကား စက္ခုပသာဒ, ရူပါရုံ, အာလောက, မနသိကာရ (ဝါ) မျက်စိ အကြည်သဘော, အဆင်းသဘော, အလင်းရောင်သဘော, နှလုံးသွင်းသဘော ၄-ပါးရုံတို့ကြောင့် ယခုမှ အသစ်,အသစ် ဖြစ်,ဖြစ်နေသည်ဟု အကြောင်းကိုသိမ်းဆည်းကြပါ။ ။ဤကဲ့သို့ မြင်ဆဲခဏ ဖြစ်ပေါ်လာသော ရုပ်,နာမ်တို့၏ ဖြစ်ကြောင်းကိုသိမ်းဆည်းနိုင်သောဉာဏ်သည်(ပစ္စယပရိဂ္ဂဟ)ဉာဏ်မည်၏။ ။(ရှေ့ကိုလည်း ဤနည်းအတိုင်း ဉာဏ် သဘောကို ရိပ်မိကြပါစေ)။ ။

## ကြားဆဲခဏ ရုပ်နာမ်တို့၏အကြောင်းကို သိမ်းဆည်းပုံ။

(၁) ကြားဆဲခဏဖြစ်သော နားအကြည်သဘောသည် ကံကြောင့် ဖြစ်၏ဟုရှုပါ။ ။

(၂) ကြားဆဲခဏ သတ္တဝါတို့၏ နှုတ်ပါးစပ်မှ ဖြစ်သော အသံသဘောသည် (စိတ်)ကြောင့်ဖြစ်၏ဟု ရှုပါ။ ။

(၃) သတ္တဝါတို့၏လက်,ခြေစသော ကိုယ်အင်္ဂါနှင့်စပ်၍ဖြစ်သော အသံဟူသမျှတို့ကို စိတ်လျှင်အကြောင်းရင်းရှိ၍(ဥတု)ကြောင့် ဖြစ်၏ဟု ရှုပါ။ ။(စိတ္တပစ္စယဥတုသမုဋ္ဌာနဟု ဆိုလိုသည်)။ ။

(၄) ရေသံ, လေသံ, မိုးသည်းချုန်းသံ တော်လဲသော အသံနှင့်တကွ သတ္တဝါတို့ ဝမ်းယုတ်, ကြို့တက်,လေရုံ လေဆန်,အံသော အသံမှစ၍ သတ္တဝါတို့၏ ပယောဂ လို့လနှင့်မစပ်သောအသံဟူသမျှတို့ကို (ဥတု) ကြောင့်ဖြစ်၏ဟု ရှုပါ။ ။

(၅) ထိုမှတပါး အသံသဘော ဖြစ်ပေါ်လာသည်မှာ ပထဝီ အမာ ဓာတ် အချင်းချင်း ထိခိုက်၍ ဖြစ်သော်လည်း သတ္တဝါတို့၏ လက်စ သည်မှ တပုံတခုကို ပစ်ချ၍ဖြစ်သော အသံ မိမိတို့၏ ဘိနပ်, ဒုတ်,ဒါး စသည်များနှင့် မြေကြီးစသည်များထိခိုက်၍ ဖြစ်သောအသံ သဘော တို့ကို (ဥတု) ကြောင့်ဖြစ်၏ဟု ရှုပါ။ ။

(၆) လက်ဝါး ၂-ဖက် ထိခိုက်၍ ဖြစ်သော အသံစသည်တို့သည် (စိတ်)အကြောင်းရင်းခံကြောင့် ဖြစ်၏ဟု ရှုပါ။ ။

(၇) ကြားဆဲခဏ ဖြစ်သော သောတ ဝိညာဉ် စိတ်သည် နား အ ကြည်သဘော,အသံသဘော ၂-ပါးရုံတို့ကြောင့် ဖြစ်၏ဟုရှုပါ။ ။

ထို့ကြောင့်။

(က) သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။ ။ဟု ဟောတော်မူ၏။ ။

(ခ) (သောတဉ္စ) သောတပသာဒရုပ်ကိုငင်း။ (သဒ္ဒေစ) အသံရုပ် တို့ကိုငင်း။(ပဋိစ္စ) စွဲ၍။ (သောတဝိညာဏံ) သောဝိညာဉ် စိတ်သည်။ (ဥပ္ပဇ္ဇတိ) ဖြစ်၏။ ။

(တနည်း) သောတဝိညာဉ်စိတ် ရှုပွါးနည်းကား သောတပသာဒ, သဒ္ဒ,ဝိဝရ, မနသိကာရ (ဝါ) နားအကြည်သဘော, အသံသဘော,အ လင်းအပေါက်,နှလုံးသွင်း၍ ၄-ပါးတို့ကြောင့် အသစ်,အသစ်ဖြစ်သည် ဟု အကြောင်းကိုသိမ်းဆည်း၍ ရှုပါ။ ။

---

## နံ့ဆဲခဏာ ရုပ်နာမ်၏ အကြောင်းကို သိမ်းဆည်းပုံ။

(၁) နံ့ဆဲခဏ နှာခေါင်းအကြည်သဘောသည် (ကံ)ကြောင့် ဖြစ် ၏ဟု ရှုပါ။ ။

(၂) ဝိညာဉ် ရှိသော သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော အနံ့ သ

ဘောတို့ကို (ကံ, စိတ်, ဥတု, အာဟာရ) ဟူသော အကြောင်း ၄-ပါး တို့ကြောင့် ဖြစ်၏ဟု ရှုပါ။ ။

(၃) ဝိညာဉ် မရှိသော အရာ ဝတ္ထုတို့၌ ရှိသော အနံ့ သဘောတို့ ကို (ဥတု) ကြောင့် ဖြစ်၏ဟု ရှုကြပါ။ ။

(၄) ဃာနဝိညာဉ်စိတ်သည် နှာခေါင်း အကြည်သဘော, အနံ့သ ဘော ၂-ပါးရုံတို့ကြောင့် ဖြစ်၏ဟု ရှုကြပါ။ ။

ထို့ကြောင့်။

(က) ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ ။ဟုဟော တော်မူ၏။ ။

(က) (ဃာနဉ္စ) ဃာနပသာဒကိုငင်း။ (ဂန္ဓေစ)အနံ့ဂန္ဓာရုံသဘော တို့ကိုငင်း။ (ပဋိစ္စ)စွဲ၍။ (ဃာနဝိညာဏံ) ဃာနဝိညာဉ်စိတ်သည်။(ဥပ္ပ ဇ္ဇတိ) ဖြစ်၏။ ။

(၅) (တနည်း) ရှုပွါးဟန်ကား ဃာနဝိညာဉ် စိတ်သည် ဃာန ပသာဒ, ဂန္ဓာရုံ, ဝါယော, မနသိကာရ။ (ဝါ) နှာခေါင်းအကြည်,အနံ့ ဆောင်လာသောလေ, နှလုံးသွင်း ဤ ၄-ပါးတို့ကြောင့် အသစ်,အသစ် ဖြစ်၏ဟု ဖြစ်ကြောင်းကို သိမ်းဆည်း၍ ရှုပွါးကြပါ။ ။

## စားဆဲ ခဏ ရုပ်နာမ်၏အကြောင်းကို သိမ်းဆည်းဟန်။

(၁) စားဆဲခဏ လျှာအကြည် သဘောသည်(ကံ)ကြောင့် ဖြစ်၏ ဟု ရှုပါ။ ။

(၂) ဝိညာဉ်ရှိသော သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော အရသာ သဘောတို့သည်(ကံ,စိတ်,ဥတု, အာဟာရ)ဟူသော အကြောင်းလေး ပါးတို့ကြောင့်ဖြစ်၏ဟု ရှုပါ။ ။

(၃) ဝိညာဉ် မရှိသော အရာဝတ္ထု တို့၌ ရှိသော အနံ့ သဘောတို့ ကို (ဥတု) ကြောင့် ဖြစ်၏ဟု ရှုကြပါ။ ။

(၄) ဇိဝှါဝိညာဉ် စိတ်သည် လျှာအကြည် သဘော အရသာ သ ဘော ၂-ပါးရုံ တို့ကြောင့် ဖြစ်၏ဟု ရှုကြပါ။ ။

## ထို့ကြောင့်။

(က) ဓိဌာန္တ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဓိဌါဝိညာဏံ။ ။ဟု ဟောတော်မူ၏။ ။

(က) (ဓိဌာန္တ) ဓိဌါပသာဒကိုရင်း၊ (ရသေစ) အရသာ သဘောတို့ကိုရင်း။ (ပဋိစ္စ)စွဲ၍။(ဓိဌါဝိညာဏံ) ဓိဌါဝိညာဉ်စိတ်သည်။ (ဥပ္ပဇ္ဇတိ) ဖြစ်၏။ ။

(ဂ) (တနည်း) ရှုပွါးဟန်ကား ဓိဌါဝိညာဉ်စိတ်သည် ဓိဌါပသာဒ,ရသာရုံ,အာပေါ်,မနသိကာရ,။(ဝါ) လျှာအကြည်သဘော, အရည်, နှလုံးသွင်း ဤလေးပါးတို့ကြောင့် အသစ်,အသစ် ဖြစ်၏ဟု ဖြစ်ကြောင်းကို သိမ်းဆည်း၍ရှုကြပါ။ ။

## တွေ့ခြင်းဆဲ ရုပ် နာမ်၏ အကြောင်းကို သိမ်းဆည်းဟန်။

(၁) တွေ့ခြင်းဆဲခဏ ကိုယ်အကြည်သဘောသည် ကံကြောင့်ဖြစ်၏ ဟုရှုပါ။ ။

(၂) ဝိညာဉ်ရှိသော သတ္တဝါ တို့၏ သန္တာန်၌ ဖြစ်သော အတွေ့သဘောတို့သည် ကံ,စိတ်,ဥတု,အာဟာရ လေးပါးတို့ကြောင့် ဖြစ်၏ ဟု ရှုကြပါ။ ။

(၃) ဝိညာဉ် မရှိသော အရာဝတ္ထုတို့၌ ရှိသော အတွေ့ သဘောသည် ဥတုကြောင့်ဖြစ်၏ဟု ရှုကြပါ။ ။

(၄) ကာယဝိညာဉ်စိတ်သည် ကိုယ်အကြည်သဘော, အတွေ့သဘော ၂-ပါးစုံတို့ကြောင့်ဖြစ်၏ဟု ရှုကြပါ။ ။

## ထို့ကြောင့်။

(က) ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။ ။ ဟုဟောတော်မူ၏။ ။

(က) (ကာယဉ္စ) ကာယပသာဒကိုရင်း။ (ဖောဋ္ဌဗ္ဗေစ)အတွေ့ဖောဋ္ဌဗ္ဗာရုံ သဘော တို့ကိုရင်း။ (ပဋိစ္စ) စွဲ၍။ (ကာယဝိညာဏံ) ကာယဝိညာဉ်စိတ်သည်။(ဥပ္ပဇ္ဇတိ)ဖြစ်၏။ ။

(၅) (တနည်း)ရှုပွါးဟန်ကား။ ကာယ ဝိညာဉ်စိတ်သည် ကာယ ပသာဒ, ဖောဋ္ဌဗ္ဗာရုံ, ပထဝီ, မနသိကာရ။(ဝါ)ကိုယ်အကြည်သဘော, အကြမ်း, အမာသဘော, နှလုံးသွင်း ဤလေးပါး တို့ကြောင့် အသစ်,အသစ် ဖြစ်၏ဟု ဖြစ်ကြောင်းကိုသိမ်းဆည်း၍ ရှုပွါးကြပါ။ ။

(အထူးမှတ်သားချက်)။

(၁) ဖောဋ္ဌဗ္ဗာရုံမှာ ပထဝီ, တေဇော, ဝါယော ဓာတ် ၃-ပါးတည်း။
(၂) အာပေါဓာတ်မှာမတွေ့ထိကောင်းဖြစ်၍ ကြဉ်ထား၏။ ။
(၃) ဤ၌ ပထဝီမှာ မိမိအဇ္ဈတ္တိကန္ဒ ရှိသော အကြမ်း, အမာသဘောဟု မှတ်လေ။ ။
(၄) ဤပထဝီလိုပင် အင်္ဂါ၃-ခုမြောက်, ၄-ခုမြောက်တို့မှာလည်း (အဇ္ဈတ္တိက)သာဟု ယူမှသင့်မည်ဟု မှတ်ကြပါလေ သူတော်ပဏ္ဍိတ်တွေတို့။ ။

---

(အထူးမှာထား ညွှန်ကြားချက်)။

(၁) ကြံစည်ဆဲ ခဏာဟဒယဝတ္ထု ရုပ်သဘောကို ကံကြောင့် ဖြစ်၏ဟု ရှုပွါးကြပါ။ ။
(၂) ဓမ္မာရုံတို့ကိုကား ရှေးကပြခဲ့ပြီးသော နည်းကို မှီ၍ ရှုပွါးကြပါ။ သို့ရာတွင် နိဗ္ဗာန်,ပညတ်ဓမ္မာရုံတို့ကိုကား အကြောင်းမရှိ၍ (ဝါ) ဖြစ်ရင်းအကြောင်းမရှိ၍ အကြောင်းကို မရှာရတော့ပြီဟူလို။ ။
(၃) မနောဝိညာဉ် စိတ်သဘောကား မနောဘဝင် စိတ်သဘော, ဓမ္မာရုံသဘော ၂-ပါးရုံတို့ကြောင့်ဖြစ်၏ဟု ရှုပွါးကြပါ။ ။

ထို့ကြောင့်။

(က) မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနော ဝိညာဏံ။ ။ဟုမိန့်အပ်၏။
(က) (မနဉ္စ) မနောဘဝင်စိတ်သဘောကိုရင်း။(ဓမ္မေစ) ဓမ္မာရုံ ၆-ပါးတို့တွင် တပါးပါးတို့ကိုရင်း။ (ပဋိစ္စ) အစွဲပြု၍။ (မနောဝိညာဏံ) မနောဝိညာဉ် စိတ်သဘောသည်။ (ဥပ္ပဇ္ဇတိ) ဖြစ်ပေါ်လာ၏။ ။

(၄) ထိုမှတပါး မနော ဘဝင် အကြည် စိတ်သဘော, ဓမ္မာရုံ သဘော,နှလုံးသွင်းသဘော ၃–ပါးရုံကြောင့်ဖြစ်၏ဟု ရှုပွါးကြပါလေ။ ။

ထို့ကြောင့်။

ဘဝင် မနဓမ္မ မနသိကာရေ ပဋိစ္စ ဥပ္ပဇ္ဇတိ မနော ဝိညာဏန္တိ။ ။ ဟုဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်၏။ ။

(၅) မနောဘဝင်စိတ်သဘောသည်။ အဝိဇ္ဇာ,တဏှာ,ကံ,ဥပါဒါန် တို့ကြောင့်ဂုဏ်း။အနန္တရ,သမနန္တရ, နတ္ထိ,ဝိဂတပစ္စည်းတို့ကြောင့်ဂုဏ်း။ ဖြစ်၏ဟု ရှုပွါးကြရာ၏။ ။

(၆) ထိုမှတပါး ရှု,ရှိက်,ကွေး,ဆန့် တက်,ဆုတ်,ရပ်,ထိုင်,လျောင်း သွားဆဲ ခဏ စသည်တို့၌ ဖြစ်ကြသော လေ သဘောတို့ကား စိတ် ကြောင့်ဖြစ်ကုန်၏ဟု ရှုပါ။ ။

(၇) စိတ် သဘောတို့ကား ဓမ္မာရုံ မနော ဘဝင်နှင့် ၂–ပါးရုံတို့ ကြောင့်ဖြစ်ကုန်၏။ ။

(၈) ပြောဆိုသော အသံသဘောတို့ကား စိတ်ကြောင့် ဖြစ်ကုန်၏။

(၉) မိမိတို့၏။ (အဇ္ဈတ္တ)၌ ဖြစ်ကြသောပထဝီ,အာပေါ, တေဇော, ဝါယော, ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာရုပ်တို့ကား ကံ,စိတ်, ဥတု, အာဟာရ တို့ကြောင့် ဖြစ်ကုန်၏။ ။(ဗဟိဒ္ဓ) ၌ဖြစ်ကြသော ဂုဏ်းရုပ်တို့ကား များ သောအားဖြင့် ဥတုကြောင့် ဖြစ်ကုန်၏။ ။

(၁၀) ဆံပင်,အမွေး,ခြေသဲ,လက်သဲ,သွား,အရေ,အသား,အကြော, အရိုး,မှတ်ဆိတ် ကြင်စွယ် ဆင်စွယ်,မြင်းမြီး,စာမရီ သားမြီးစသည်တို့ ကား ကံအကြောင်းရင်းခံကြောင့် ဖြစ်ကုန်၏ဟု ရှုပွါးကြပါ။ ။

(၁၁) ထိုမှတပါး ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်, ဇီဝိတရုပ်တို့ကား ကံ ကြောင့်ဖြစ်ကုန်၏။ ။

(၁၂) ထိုမှတပါး အဇ္ဈတ္တိက အာဟာရကား အကြောင်း ၄-ပါး ကြောင့်ဖြစ်၏။ ။ဗဟိဒ္ဓ အာဟာရကား ဥတုကြောင့်ဖြစ်၏။ ။

(၁၃) ထိုမှတရုပ်ကာယဝိညတ်,ဝစီဝိညတ်ရုပ်တို့ကားစိတ်ကြောင့် ဖြစ်ကုန်၏။ ။

(၁၄) ထိုမှ တဖြာ လဟုတာဒိရုပ် ၃–ပါးတို့ကား စိတ်, ဥတု, အာ ဟာရ ၃–ပါးတို့ကြောင့် ဖြစ်ကုန်၏။ ။

(၁၅) ဥပစယ,သန္တတိ,ဇရတာ, အနိစ္စတာ ရုပ်တို့ကား အကြောင်း မရှိ နိပ္ဖန္နရုပ်တို့ကိုစွဲမှီ၍ ဖြစ်ကြကုန်၏။ ။
(၁၆) ထိုမှတပြာ စကြာရတနာ,နတ်,ဗြဟ္မာတို့၏ဘုံဗိမာန်,ဥယျာဉ်, ပဒေသာ စသည်တို့ကား ကံလျှင်အကြောင်းရင်းရှိ၍ ဥတုကြောင့် ဖြစ် ကုန်၏။ (ကမ္မပစ္စယဥတုသမုဋ္ဌာန် ဟူလိုသောဝ်)။ ။
(၁၇) ထိုမှတပါးအဘိညာဉ်တံခိုးဖြင့်ဖန်ဆင်းအပ်သော ဆင်,မြင်း, ရထားစသည်တို့ကား စိတ်ဥတုကြောင့် ဖြစ်ကုန်၏။ ။
(၁၈) တင်းတိပ်,နူနာစသည်တို့ကား (ဥတု,အာဟာရ)သက်သက် ကြောင့်လည်းဖြစ်ကုန်သေး၏။ ။
(၁၉) ထိုမှတထွေ မိုဃ်းတိမ်, မိုဃ်းရေ, တော, တောင် စသည်တို့ ကား ဥတုကြောင့်ဖြစ်ကုန်၏။ ။
(၂၀) ထိုမှ တပါး မြတ်စွာ ဘုရားရှင်၏ ရောင်ခြည်တော် တို့ကား (စိတ်, ဥတု) တို့ကြောင့် ဖြစ်ကုန်၏။ ။ဟု ရှုပွါး ကြပါလေ သူတော် ပဏ္ဍိတ်တွေတို့။ ။

---

## ဥပမာအားဖြင့် ရှုပွါးနည်း။

(က) ထိုထို ရုပ်,နာမ်တို့၏ ဖြစ်ကြောင်း(ပစ္စယပရိဂ္ဂဟ) ဉာဏ်များ ကို ရှုပွါးရာ၌ ဥပမာကား အရပ် ၄-မျက်နှာရှိ ရေကန်ကြီး ၄-ခုတို့မှ ရေထွန်ကြီး ၄-ခုကထွက်ကြသောရေရုပ်ကြီးများ။အရပ် ၄-မျက်နှာ၌ ရှိသော ဓာတ်ရုံကြီးကိုအကြောင်းပြု၍ ဆက်သွယ်အပ်သော ဓာတ်မီး ရုပ်ကြီးများ။အရပ် ၄-မျက်နှာမှစီးလာကြသောရေချောင်းလေးခုပေါင်း ဆုံမှုကြောင့် ဖြစ်သော ရေမြှုပ်စိုင်ကြီးများသည် ဆက်ကာ ဆက်ကာ ဖြစ်,ဖြစ်နေကြသလို မြင်ဆဲခဏစသည်တို့၌ ဖြစ်သော လွန်ကဲရာ နာမ် ရုပ်တို့သည် မြစ်ရေစီးသကဲ့သို့ အကြောင်းတို့ကြောင့် ဖြစ်၍,ဖြစ်၍ နေ ကုန်၏ဟုရှုပွါးကြပါ။ ။
(ခ) ဤသို့ ပြအပ်ပြီးသော နည်းများ၏ လိုရင်းအကျဉ်းချုပ်မှာ အ ဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံတို့ကား ရှေးဘဝကဖြစ်ခဲ့သော ဇနကဟိတ် အကြောင်း။ ။

(၂) အာဟာရကား ယခုဘဝ၌ ဖြစ်သော ဥပထမ္ဘက ပစ္စယ အကြောင်း။ ဤအကြောင်း ၅-ပါးကို သတိပြုပါ။ ။

(၃) လောကီ နာမ်တရားကား စက္ခုပသာဒ, အာဝဇ္ဇန်း စသော (အဇ္ဈတ္တ) အကြောင်းရုပါရုံစသော (ဗဟိဒ္ဓ) အကြောင်းတို့ကြောင့်ဖြစ်ကုန်၏။ ။

(၄) ကုသိုလ်စိတ်သည် ယောနိသော မနသိကာရ သဒ္ဓမ္မသဝန စသောအကြောင်းတို့ကြောင့်၊အကုသိုလ်စိတ်သည် အယောနိသော မနသိကာရစသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။ အဝိဇ္ဇာ,ကံ,စသော ဝိပါက်၏အကြောင်း ဘဝင်စသောကိရိယာ၏ အကြောင်းတို့ကိုလည်း ဉာဏ်ဖြင့် သိမ်းဆည်းရှုပွါးကြပါလေ။ ။

---

ပစ္စယပရိဂ္ဂဟဉာဏ် အကျိုးကြီးဟန်။

(က) ဤလိုယုံမှားခြင်းတို့ကို လွန်မြောက်သောယောဂီရှင်တို့အား ဘုရားရှင်၏ သာသနာတော်၌ မဂ်ဟူသော ထောက်တည်ရာ, ဖိုလ်ဟူသောသက်သာရာ များကို ရသလိုပင်၊ လောကီဉာဏ်ဖြင့် သစ္စာလေးပါးကို သိမြင်မှုကြောင့်သုဂတိလျှင်သွားရမည်မှန်သော(စူဠသောတာပန်)(ဝါ) သောတာပန်အငယ်စားဖြစ်၏ ဟုမှတ်ကြရာ၏။ ။

ထို့ကြောင့်။

(ခ) ဣမိနာပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတ ဂတိကော စူဠသောတာပန္နော နာမ ဟောတိ။ ။ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်အပ်၏။ ။

(ခ) (ပန) ပစ္စယပရိဂ္ဂဟ ဉာဏ်၏။ အကျိုးကြီးဟန်ကို။ ဖော်လှန်ထုတ်ကာ။ပြဆိုပါအံ့။ (ဣမိနာ ဉာဏေန) ဤဟုတ်မှန်သော ရုပ်, နာမ်တို့၏။ အကြောင်းမှန်ကို။ ဧကန် သိခြင်းနှင့်။ (သမန္နာဂတော) ပြည့်စုံသော။ (ဝိပဿကော)ဝိပဿနာ ဘာဝနာအလုပ်ကို။အဟုတ်အဟတ်။ အားထုတ်ဘတ်သော။ယောဂီမြတ်သည်။ (ဗုဒ္ဓသာသနေ) ဘုရားရှင်၏ အဆုံးအမတော်၌။ (လဒ္ဓဿာသော)သက်သာရာကို ရရှိသည်။(လဒ္ဓ

ပတိဋ္ဌာ) ထောက်တည်ရာကို ရရှိသည်။ (နိယတဂတိကော)လားရာ သုဂတိ အမြဲရှိသည်။ (ဟုတွာ) ဖြစ်၍။ (ရူဋ္ဌသောတာပန္နောနာမ) ရူဋ္ဌ သောတာပန် မည်သည်။ (ဝါ) သောတာပန် အငယ်စား မည်သည်။ (ဟောတိ)အမှန်စင်စစ် ဖြစ်ပေ၏။ ။

## ဤအခန်း၌ ဉာဏ်ဝိသုဒ္ဓိ ပရိညာကိုပြပုံ။

(၁) ဖြစ်ပေါ်လာသော နာမ်,ရုပ်တို့၏ အကြောင်းကို သိမ်းဆည်း နိုင်သောဉာဏ်သည် (ပစ္စယပရိဂ္ဂဟ)ဉာဏ်မည်၏။ ။

(၂) အကြောင်းနာမ်ရုပ်, အကျိုး နာမ်ရုပ်, တို့၏ သဘော၌ ဟုတ် တိုင်းမှန်ရာကို သိသောဉာဏ်သည်(ယထာဘူတ)ဉာဏ်မည်၏။ ။

(၃) အကြောင်း နာမ်ရုပ်, အကျိုး နာမ်ရုပ်,၌ တည်သောဉာဏ် သည် (ဓမ္မဋ္ဌိတိ)ဉာဏ်မည်၏။ ။

(၄) အကြောင်းနာမ်ရုပ်, အကျိုးနာမ်ရုပ်,တို့၏ သဘောကိုကောင်း စွာ မြင်သောဉာဏ်သည် (သမ္မဒဿန)ဉာဏ်မည်၏။ ။

(၅) ဝိသုဒ္ဓိအားဖြင့် သို့လော သို့လော ယုံမှားခြင်းမှ လွန်မြောက် စင်ကြယ်ခြင်းကြောင့် (ကင်္ခါဝိတရဏာဝိသုဒ္ဓိ)မည်၏။ ။

(၆) ပရိညာအားဖြင့် အကြောင်း နာမ်ရုပ်, အကျိုး နာမ်ရုပ်, တို့၏ သဘောလက္ခဏာတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်နိုင်စွာသိသောဉာဏ် သည်(ဉာတပရိညာ)မည်၏။ ။

## (အကျိုးကြီး၍ အထူး တိုက်တွန်းပုံ)။

(က) တသ္မာ ဘိက္ခု သဒါ သတော၊ နာမရူပဿ သဗ္ဗသော။
ပစ္စယေ ပရိဂ္ဂဏှေယျ၊ ကင်္ခါဝိတရဏတ္ထိကော။ ။

ဟူ၍ ဝိသုဒ္ဓိမဂ်ကျမ်းဆရာ အထူးတိုက်တွန်းတော်မူ၏။ ။

(က) (တသ္မာ) ထိုသို့ပစ္စယပရိဂ္ဂဟဉာဏ်, ယထာဘူတဉာဏ်၏။ အကျိုး ကြီးမြတ်သည်၏ အဖြစ်ကြောင့်။ (ဘိက္ခု) သံသရာ ဘေးကို ကြောက်တတ်သော ရဟန်းသည်။(ကင်္ခါဝိတရဏတ္ထိကော) ၁၆-ပါး

သောယုံမှားခြင်းမှ။လွန်မြောက်မှုကို။လိုလားခြင်းရှိသည်ဖြစ်၍။(သဒ္ဓါ) ရော ညုပါ။ ဘယ်ခါ မပြတ်။ အထပ်ထပ် သာလျှင်။ (ဝါ) အရိုးကြေ ကြေ။ အရေရုပ်ရုပ်။ နောက်မဆုတ်ဘဲ။ (သတော)သမ္ပာသတိ။ပြည့်ရုံ ဘိ၍။(နာမရူပဿ) အမှန်ဖြစ်ချုပ်၊ နာမ်နှင့်ရုပ်၏။ (ပစ္စယေ) မစောင်း မမှားသည့်။အကြောင်းတရားတို့ကို။ (ပရိဂ္ဂဏှေယျ) ဝိပဿနာ။ ပညာ စက္ခုဖြင့်။ မထင်ထင်အောင် ရှုဆင်ခြင်ပေရာ၏။ ။

(ခ) ဤသို့ပြဆိုအပ်ခဲ့ပြီးသော များမြတ်သောအကျိုး အာနိသံသ ရှိသည့် (ပစ္စယပရိဂ္ဂဟဉာဏ်) နှင့် (ကင်္ခါဝိတရဏဝိသုဒ္ဓိ) ကို မိမိရရ ဖြစ်ကြလေအောင် သံသရာ ဘေးရန်ဆိုးကြီးတွေကို ရှုမြော်ချင့်တွေး၍ မဇောဘဲ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ကြကုန်သော သူတော်ကောင်း အပေါင်းတို့သည် ခန္ဓာကိုယ်နှင့် စည်းစိမ်အသက် တပ်မက် ငဲ့ကွက် ခြင်း မရှိကြစေဘဲ နေ့မစဲ ညမစဲ တမဲထည်းမဲ၍ ထပ်တလဲလဲအမြဲကြိုး စားကာ အားထုတ်ပွါးများကြကုန်ရာ၏။ (ဝါ)အားထုတ်ကြပါလေ သူ တော်ပဏ္ဍိတ်တွေတို့။ ။

(ဂ) ဤသို့ ပြဆို ရေးသားခဲ့ပြီးသော နည်းအတိုင်း ပစ္စုပ္ပန် မြင်ဆဲ ခဏ စသည်တို့၌ဖြစ်သော နာမ်,ရုပ်တို့သည် အဝိဇ္ဇာ,တဏှာ,ဥပါဒါန်, ကံ,စိတ်, ဥတု,အာဟာရစသော အကြောင်းတရားတို့ကြောင့် ဖြစ်ကုန် သကဲ့သို့။လွန်လေပြီးသော အတိတ်ကာလ ရုပ်,နာမ်တို့သည်လည်း အ ဝိဇ္ဇာစသော အကြောင်းတို့ကြောင့် ဖြစ်ကုန်ပြီး၍ နောင် အနာဂတ်ကာ လ ဖြစ်လတ္တံ့သော ရုပ်,နာမ်တို့သည်လည်း အဝိဇ္ဇာစသော အကြောင်း တရားတို့ကြောင့် ဖြစ်ကုန်လတ္တံ့ဟု ကာလ ၃-ပါး၌ဖြစ်သော နာမ်,ရုပ် တို့၏အကြောင်းကို သိမ်းဆည်း ဆင်ခြင်နိုင်သော ဉာဏ်သည်။(ပစ္စယ ပရိဂ္ဂဟ) ဉာဏ်မည်၏။ယထာဘူတဉာဏ်, ဓမ္မဋ္ဌိတိဉာဏ်, သမ္မဒဿ န ဉာဏ်လည်း မည်ကုန်၏။ ဤဉာဏ်တို့ကို ရစေလိုသော ဘုရားရှင် သည်။ ။

(ဃ) ယထာယိဒံ နာမရူပံ ပစ္စယတော ပဝတ္တတိ။ ဧဝံ အတီတေပိ အနာဂတေပိ အဘာဝိတ္ထ ဘဝိဿတိ။ ။ဟူ၍ဟောတော်မူ၏။ ။

(ဃ) (ပဒိသဉ္စ)မှန်၏။(ဣဒံနာမရူပံ) ဤယခုပစ္စုပ္ပန်ဖြစ်သောနာမ်, ရုပ်သည်။(ပစ္စယတော) အဝိဇ္ဇာ,တဏှာ, ဥပါဒါန်,ကံ, စိတ်, ဥတု,အာ ဟာရ, မနသိကာရ စသောအကြောင်းတို့ကြောင့်။ (ပဝတ္တတိယထာ)

ဖြစ်ပေါ်လာသကဲ့သို့။ (ဝေံတာထာ) ထို့အတူ။(အတီတေပိ) အနမတဂ္ဂ။ ရှေးလွန်လေပြီးသော ကာလ၌လည်း။ (ပစ္စယတော) အဝိဇ္ဇာ, တဏှာ စသောအကြောင်းတရားတို့ကြောင့်လည်း (အဘဝိတ္တ) ဖြစ်ခဲ့ဘူးလှလေပြီ။ (အနာဂတေပိ)ယခုမှနောက်။ဖြစ်ပေါ်လတ္တံ့သော အနာဂတ်ကာလ၌လည်း။ (ပစ္စယတော) အဝိဇ္ဇာ, တဏှာ စသော အကြောင်း တရားတို့ကြောင့်။ (ဘဝိဿတိ)ယခုကဲ့သို့ပင် ဖြစ်ပေါ် ရလိမ့်မည်သာတည်း။ ။

(င) ဤသို့ ဖြစ်ပေါ်လာသော ရုပ်,နာမ်တို့၏ အကြောင်းကို သိမ်းဆည်းနိုင်သောပစ္စယပရိဂ္ဂဟဉာဏ်ကိုရရှိပြီးသောယောဂီအားယုံမှားခြင်း ၈-ပါး ၁၆-ပါးတို့မှ လွန်မြောက်စင်ကြယ်ခြင်းဟူသော (ကင်္ခါ ဝိတရဏဝိသုဒ္ဓိ) စခန်းသို့သက်ရောက်ပေ၏။ ။

---

### ယုံမှားခြင်းအပြား ၁၆-ပါး။

(၁) မြင်ဆဲခဏစသည်တို့၌ ယခုရှိနေသော ငါသည် ရှေးအတိတ်က ဖြစ်ခဲ့ဘူးပြီလောဟု ယုံမှားမှု။ ။

(၂) ဤငါသည် ရှေးအတိတ်က မဖြစ်ခဲ့ဘူးဘဲရှိလေသလောဟု ယုံမှားမှု။ ။

(၃) ဤငါသည် ရှေးအတိတ်က မင်း,ပုဏ္ဏား, သူဌေး စသည်ဖြင့် ဘယ်အမျိုးအနွယ်များ ဖြစ်ခဲ့လေသနည်းဟု ယုံမှားမှု။ ။

(၄) ဤငါသည် ရှေးအတိတ်က ဖြူဖြူလော,မဲမဲလော,တိုတို,ရှည်ရှည်,ပုပုလော, ဝဝဖြိုးဖြိုး, ဗိန်ဗိန်လော စသည်ဖြင့် လုံးရပ် အဆင်းပုံတွေကို ယုံမှားမှု။ ။

(၅) ဤငါသည် ရှေးအတိတ်က မင်းမျိုးဖြစ်ပြီးမှ ပုဏ္ဏားမျိုးဖြစ်ခဲ့လေသလော။ပုဏ္ဏားမျိုးဖြစ်ပြီးမှ မင်းမျိုးဖြစ်ခဲ့လေသလောဟု အမျိုးတို့ကိုမှီ၍ယုံမှားမှု။ ။အားဖြင့် အတိတ်၌ယုံမှားမှု ၅-ပါးတည်း။

(၁) မြင်ဆဲခဏ စသည်တို့၌ ယခုရှိနေသောငါသည် နောင်အနာဂတ်ကာလ၌ ဖြစ်ရဦးမည်လောဟု ယုံမှားမှု။ ။

(၂) ဤငါသည် နောင်အခါ မဖြစ်ရပြီလောဟု ယုံမှားမှု။ ။

(၃) ဤငါသည် မင်းမျိုးဖြစ်ရမည်လော ပုဏ္ဏား, သူဌေးမျိုး ဖြစ်ရမည်လောဟု ယုံမှားမှု။ ။

(၄) ဤငါသည် နောင်အခါ၌ ဖြူဖြူ,မဲမဲ,ပုပု,ရှည်ရှည်,ဝိန်ဝိန်,ဝဝ, ဖြစ်ရမည်လောဟု ယုံမှားမှု။ ။

(၅) ဤငါသည် နောင်အနာဂတ်ကာလ၌ မင်းမျိုးဖြစ်ပြီးမှ ပုဏ္ဏားမျိုးဖြစ်မည်လော။ပုဏ္ဏားမျိုးဖြစ်ပြီးမှ မင်းမျိုး ဖြစ်မည်လောဟု ယုံမှားမှု။ ။အားဖြင့် အနာဂတ်၌ ယုံမှားမှု ၅-ပါးတည်း။ ။

(ဖြစ်,ပျက်, မြင်လျှင် ယုံမှားစင်၏)။

---

(၁) ဤငါ, ကိုယ်, သတ္တဝါ ကောင်သည် ငါစသည်တို့မှ ဟုတ်ပါလေသလား ဟု ယခုပစ္စုပ္ပန်၌ ယုံမှားမှု။ ။

(၂) ဤငါသည် ငါဟုတ်မည်မထင်ပါဘူးဟု ယုံမှားမှု။ ။

(၃) ဤငါသည် မင်း,ပုဏ္ဏား စသဖြင့် ဘယ်အမျိုး ဘယ်အနွယ် ဖြစ်ပါသနည်းဟု ယုံမှားမှု။ ။

(၄) ဤငါသည် ဖြူဖြူ,မဲမဲ, ပုပု,တိုတို, ရှည်ရှည်, လုံးလုံး,ပြားပြား, ဝိုင်းဝိုင်း ဖြစ်နေပါသလားဟု ယုံမှားမှု။ ။

(၅) ဤ ငါသည် ဘယ်ဘုံဘဝ ကလာခဲ့ပါသနည်းဟု ယုံမှားမှု။

(ဖြစ်,ပျက်မြင်လျှင် ယုံမှားစင်၏)။

(၆) ဤ ငါသည် ယခုဘဝမှ ဘယ်ဘုံ ဘယ်ဘဝများသို့ သွားရမည်နည်းဟု ယုံမှားမှု။ ။အားဖြင့် ပစ္စုပ္ပန်ယုံမှားမှု ၅-ပါးတည်း။ ။ ပေါင်းယုံမှားမှု ၁၆-ပါးတည်း။ ။

(က) ထိုထိုယုံမှားမှု အရပ်ရပ်တို့မှာ ယခု မြင်ဆဲခဏ, ကြားဆဲခဏ စသည်တို့၌ ဖြစ်ကြသော ရုပ်,နာမ် ဓမ္မ သင်္ခါရတို့၏ ယခုဖြစ်,ယခုပျက်ဟု ရှုမြင်ကြသော ယောဂါဝစရ ပုဂ္ဂိုလ်မြတ် တို့အား ထိုထိုယုံမှားမှု ၁၆-ခုမျှမက အသင်္ချေ ယုံမှားမှုတို့မှာလည်း လွယ်ကူစွာ ကင်းကွာကြကုန်ပြီ။ ။

(ခ) ဖြစ်ဆဲ ရုပ်,နာမ် တွေကို ငါ,ကိုယ် စသည်ဖြင့် ထင်မှားကြ၍သာ ယုံမှားကြပေ၏။ ။(နည်းမသိက ခက်ခဲ၍)။ ။

---

## ဝိစိကိစ္ဆာ ၈-ပါး ပြဒ်းပုံ။

(က) (တနည်း) ဝိစိကိစ္ဆာ ၈-ပါးဟူသော်ကား။ ။ဘုရား၌ယုံမှားခြင်း။ ။တရား၌ယုံမှားခြင်း။ ။သံဃာ၌ယုံမှားခြင်း။ ။အကျင့်သိက္ခာ၌ ယုံမှားခြင်း။ ။ရှေ့အစွန်း၌ ယုံမှားခြင်း။ ။နောက်အစွန်း၌ ယုံမှားခြင်း။ ။ရှေ့,နောက် အစွန်း၌ ယုံမှားခြင်း။ပဋိစ္စသမုပ္ပါဒ်၌ယုံမှားခြင်း။ ။အားဖြင့် ၈-ပါးတည်း။

(ခ) ဤသို့သော ယုံမှားမှု ၁၆-ပါး။ သက္ကာယဒိဋ္ဌိ-၂၀။ ယုံမှားမှု ဝိစိကိစ္ဆာ ၈-ပါး။ ဝိပလ္လာသတရားတို့ပါမက အသင်္ချေ မရေမတွက်နိုင်အောင်ပင် များပြား သော်လည်း နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် များကို ပြဆိုအပ်သော နည်းများ အတိုင်း မဆိုင်းမတွ အားထုတ်၍ ထင်မြင် ပေါက်ရောက်ကြပါလျှင်။(ဝါ) အကြောင်း နာမ်ရုပ်, အကျိုးနာမ်ရုပ်,တို့၏အဖြစ်,အပျက် တွေကို အဟုတ်ဉာဏ်မြင်ကြပါမှု အမှန်ရောက်၍ အများများ လျှင်မြန်စွာ ကင်းပျောက်နိုင်ပါ၍ မနေမနား အားထုတ်ကြပါ။ ။

(ဂ) မြင်သည်ဟု ထင်လျှင် (ဒိဋ္ဌိ) သိမည််၏။ ၃-ပါးပုံဖြစ်, ပျက်၏ဟု သိခြင်းသည်(ဉာဏ်)သိမည််၏။ ။(မြင်သည်စသဖြင့်မရှိပြီ)။ ။

---

## သက္ကာယဒိဋ္ဌိ ၂၀-ကိုပြခဏ်း။

(၁) သက္ကာယဒိဋ္ဌိဟု ဆိုသည်မှာ ထင်ရှားရှိသော ရုပ်,နာမ် ပရမတ် ဟူသော (သက္ကာယ) ၌ ပညတ်အားဖြင့် ထင်မြင် မှတ်မှားသော (ဒိဋ္ဌိ)နှင့် ယှဉ်မှုတည်း။ ။(ဖြစ်,ပျက်မြင်လျှင် ဒိဋ္ဌိစင်၏)။ ။

(၂) ထို (သက္ကာယဒိဋ္ဌိ)သည် လောကီခန္ဓာ ၅-ပါးကို စွဲ၍ ၂၀-ဖြစ်သတည်း။ ။

(၃) ထို ၂၀-ဟူသည် ရူပက္ခန္ဓာ၌ ၄-ပါး။ ဝေဒနာက္ခန္ဓာ၌ ၄-ပါး။ သညာက္ခန္ဓာ၌ ၄-ပါး။ သင်္ခါရက္ခန္ဓာ၌ ၄-ပါး။ ဝိညာဏက္ခန္ဓာ၌ ၄-ပါး။ အားဖြင့် (သက္ကာယဒိဋ္ဌိ) ၂၀-ဖြစ်သတည်း။ ။

(အမှာ) ထိုသက္ကာယဒိဋ္ဌိဖြစ်ပုံကို အာရုံ,ဒွါရ,ဝိညာဉ် အခဏ်းတို့မှာ အကျယ်ပြခဲ့လေပြီ။ ။

(က) ထိုတွင် ရူပက္ခန္ဓာ၌ သညာယမိုက် ၄-ပါးဖြစ်ပုံကား။ ။ဖြစ်ဆဲသော အပူ,အအေး,အကြမ်းအမာ, အဆင်း,အသံ,အနံ့ အရသာ,အတွေ့စသော ရုပ်ပရမတ် သဘောကို ငါဟု စွဲယူမှတ်သား အထင်အမြင်မှားမှု။ ။

(ခ) ငါသည် အပူ,အအေး,အကြမ်း, အမာ,အဆင်း, အသံ,အနံ့,အရသာ အတွေ့စသော ရုပ်ပရမတ် သဘော ဖြစ်၏ဟု စွဲယူမှတ်သား အထင်အမြင်မှားမှု။ ။

(ဂ) ငါ၌လည်းအပူ,အအေး, အကြမ်း, အမာ,အဆင်း, အသံ,အနံ့,အရသာ, အတွေ့ စသော ရုပ် ပရမတ်သဘောရှိ၏ဟု စွဲယူမှတ်သား အထင်အမြင်မှားမှု။ ။

(ဃ) ဤအပူ,အအေး,အကြမ်း,အမာ, အဆင်း, အသံ,အနံ့, အရသာ အတွေ့စသော ရုပ် ပရမတ်သဘော၌လည်း ငါရှိ၏ဟု စွဲယူ မှတ်သား အထင်အမြင်မှားမှု။ ။

(က) ဝေဒနာက္ခန္ဓာ၌ သညာယမိုက် ၄-ပါး ဖြစ်ပုံကား။ ။ဖြစ်ဆဲသော ချမ်းသာ ဆင်းရဲ အလတ်စား ခံစားမှု ဝေဒနာ သဘောကို ငါဟု စွဲယူမှတ်သား အထင်အမြင်မှားမှု။ ။

(ခ) ငါသည် ချမ်းသာ, ဆင်းရဲ စသည်ခံစားမှု ဝေဒနာသဘောပင်တည်း ဟု စွဲယူမှတ်သား အထင်အမြင်မှားမှု။ ။

(ဂ) ငါ၌လည်းချမ်းသာ, ဆင်းရဲစသည် ခံစားမှု ဝေဒနာသဘောရှိ၏ဟု စွဲယူမှတ်သား အထင်အမြင်မှားမှု။ ။

(ဃ) ဤချမ်းသာ, ဆင်းရဲ ခံစားမှု ဝေဒနာ သဘော၌လည်း ငါရှိ၏ဟု စွဲယူမှတ်သား အထင်အမြင်မှားမှု။ ။

(က) သညာက္ခန္ဓာ၌ သညာယမိုက် ၄-ပါး ဖြစ်ပုံကား။ ။ဖြစ်ဆဲသော အပူ,အအေး, စသည်ကို မှတ်သားသော သညာ သဘောကို ငါဟု စွဲယူမှတ်သား အထင်အမြင်မှားမှု။ ။

(ခ) ငါသည် အပူ,အအေး စသည်ကို မှတ်သားတတ်သော သညာသဘောပင်တည်းဟု စွဲယူမှတ်သား အထင်အမြင်မှားမှု။ ။

(ဂ) ငါ၌လည်း အပူ,အအေး စသည်ကို မှတ်သားသောသညာ သဘောရှိ၏ဟု စွဲယူမှတ်သား အထင်အမြင် များမှု။ ။

(ဃ) ဤအပူ အအေး စသည်ကို မှတ်သားသော သညာ သဘော၌လည်း ငါရှိ၏ဟု စွဲယူမှတ်သား အထင်အမြင်များမှု။ ။

(က) သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ၄-ပါး ဖြစ်ပုံကား။ ။အပူ, အအေး,စသည်ကို အာရုံပြုတတ် နှလုံးသွင်း တတ်သော သင်္ခါရက္ခန္ဓာသဘောကို ငါဟု စွဲယူမှတ်သား အထင်အမြင်များမှု။ ။

(ခ) ငါသည် အပူ,အအေး, စသည်ကို အာရုံပြုတတ် နှလုံးသွင်းတတ်သော သင်္ခါရက္ခန္ဓာ သဘောပင်တည်းဟု စွဲယူမှတ်သားအထင်အမြင် များမှု။ ။

(ဂ) ငါ၌လည်း အပူ,အအေး စသည်ကို အာရုံပြုတတ် နှလုံးသွင်းတတ်သော သင်္ခါရက္ခန္ဓာ သဘောရှိ၏ဟု စွဲယူမှတ်သား အထင်အမြင်များမှု။ ။(ဖြစ်ဆဲဖြစ်ဆဲကို ငါစသည်ထင်ကြ၏)။ ။

(ဃ) ဤအပူ,အအေး စသည်ကို အာရုံပြုတတ်နှလုံးသွင်းတတ်သော သင်္ခါရက္ခန္ဓာ သဘော၌လည်း ငါရှိ၏ဟု စွဲယူမှတ်သား အထင်အမြင် များမှု။ ။(ဖြစ်,ပျက်ကိုရှု)။ ။

---

(က) ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ၄-ပါးဖြစ်ပုံကား။ ။အပူ,အအေး စသည်တို့ကို သိတတ်သော ဝိညာဏက္ခန္ဓာ သဘောကို ငါဟု စွဲယူမှတ်သား အထင်အမြင်များမှု။ ။(ငါများအသင်္ချေဖြစ်နေကြ၏)။ ။

(ခ) ငါသည် အပူ, အအေးစသည်ကို သိတတ်သော ဝိညာဏက္ခန္ဓာ သဘောပင် တည်းဟု စွဲယူမှတ်သား အထင် အမြင်များမှု။ ။(အမှန်သဘောမြင်လျှင် ငါများစင်၏)။ ။

(ခ) ငါ၌လည်း အပူ,အအေးစသည်ကို သိတတ်သောဝိညာဏက္ခန္ဓာ သဘောရှိ၏ဟု စွဲယူမှတ်သားအထင်အမြင်များမှု။ ။(လုံးထွေးထွေး ရှုတ်တတ်၏)။ ။

(ဃ) ဤအပူ, အအေး စသည်ကို သိတတ်သော ဝိညာဏက္ခန္ဓာ သဘော၌လည်း ငါရှိ၏ဟု စွဲယူမှတ်သား အထင်အမြင်များမှု။ ။အားဖြင့် ၂၀-ဖြစ်သတည်း။ ။(မယောင်ဝါးကြပါနှင့်)။ ။

---

## တနည်းအတိုချုပ်မှတ်ပုံ။

(၁) ဖြစ်ပေါ်လာသော ရုပ်ကို ငါဟု မှတ်မှားမှု။ ။
(၂) ငါကို ရုပ်ဟု မှတ်မှားမှု။ ။
(၃) ရုပ်ထဲ၌ ငါရှိ၏ဟု မှတ်မှားမှု။ ။
(၄) ငါထဲ၌ ရုပ်ရှိ၏ဟု မှတ်မှားမှု။ ။
အားဖြင့် ၄-ပါး။ ။ဤနည်းအတူ ဖြစ်ပေါ်လာသော ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဉ် သဘောတို့၌လည်း သိယူကြပါ။ ။

ဤတွင် သက္ကာယဒိဋ္ဌိ ၂၀-မှတ်ယူနည်း အကျဉ်းပြီးပြီ။

---

## ဒုတိယဘာဝ နတ်ပြည်၌ လွယ်ကူစွာ မဂ်ဖိုလ်ကိုရနိုင်ပုံ။

(က) ဤပစ္စယပရိဂ္ဂဟဉာဏ်, ကင်္ခါဝိတရဏာ ဝိသုဒ္ဓိ, ဥဒယဗ္ဗယဉာဏ ကို ရရှိပြီးသော ယောဂီအား ဤဘဝမှစုတေမနေသေလွန်သည်ရှိသော် ဒုတိယဘဝ နတ်ပြည်၌ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို လွယ်ကူစွာ ရနိုင် ကြောင်းကို ဘုရားရှင်သည်။ ။

(ခ) တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပိလဝန္တိ။ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ။ အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ။ဟောတိ။ ။ဟု အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောတော်မူ၏။ ။

(ခ) (ဘိက္ခဝေ) ရဟန်းတို့။(တတ္ထ) ထိုနတ်ပြည်၌။ (သုခိနော)ပဉ္စ သန္တေတည်နေမှုအတွက်။မပင်မပန်းရသဖြင့်။ အလွန်လျှင် ချမ်းသာလှ သော။(တဿ) ထိုဝိပဿနာကိုအားထုတ်သောအဖြစ်နှင့်။ စုတေမနေ။ သေလွန်လေ၍။ နတ်ပြည်သို့ရောက်သွားလေသော။ ယောဂီမြတ်အား။ (ဓမ္မပဒါနိ) ဤလူ့ပြည်က အားထုတ်ထားသော။ တရားသဘော အ ပေါင်း။မဂ်ဖိုလ်လမ်းကြောင်းတို့သည်။(ပိလဝန္တိ)ဖွံ့ဖြိုးသောယောကျ်ား နိုးသောလားသို့။ ထင်ရှားစွာ ဖွံ့ဖြိုးမက် မြင်သည်ကို သိသလို။ ဘွား ဘွားကြီးဖြစ်ပေါ်၍လာပေကုန်၏။(ဘိက္ခဝေ) ချစ်သား, ချစ်သမီးတို့ (သ တုပ္ပါဒေါ) သြော်ငါသေ၍ နတ်ပြည်သို့ ရောက်လာ ရပါတကားဟု။ ထင်ရှားစွာသတိရမှုသည် (ဒန္ဓော) နှံ့နှံ့ နှေးနှေး နောက်ကြသေး၏။ (အထခေါ) စင်စစ်သော်ကား။(သော သတ္တော) ထိုကမ္မဋ္ဌာန်းတရားကို။

ပွါးများ အားထုတ်သော ယောဂီ ပုဂ္ဂိုလ်သည်။ (ဓိပ္ပမေဝ) နတ်ပြည် ရောက်ခါ။ မျှားမကြာမီသာလျှင် (ဝိသေသဘာဂီ) မင်္ဂဖိုလ် တရားထူး တရားမြတ်ကို ရတ္တိုဂ္ဂသည်။(ဟောတိ) ဒ္ဓြကိန်းသေ။ဖြစ်ရပေ၏။ ။

# သမ္မသနဉာဏ်ကိုပြခဏ်း။

(၁) ဤသို့ ပြဆိုခဲ့ပြီးသော (နာမရူပပရိစ္ဆေဒ) ဉာဏ် (ပစ္စယပရိဂ္ဂဟ) ဉာဏ်များ၌ ရင့်သန်ပြီးသူ။ ယောဂီ ပြုတ်နှာ။ (သမ္မသန) ဉာဏ် ကို ရင့်သန်အောင် မနေမနား ကြိုးစားအားထုတ်ကြရာ၏။ ။

(၂) အဘယ်သို့ အားထုတ်ရသနည်းဆိုသော် အတိတ်,အနာဂတ်, ပစ္စုပ္ပန် ကာလ ၃–တန်တို့၌ ဖြစ်ကြသောရုပ်, နာမ်ဓမ္မ ပရမတ္ထသဘာ ဝ သင်္ခါရတို့ကို ကုန်ခမ်းပျက်စီး ချုပ်ပျောက် ပြုန်းတီးတတ်သော သ ဘောကြောင့်။(အနိစ္စ)။ ထိတ်လန့်ကြောက်ဘွယ်ဘေးရန်အသွယ်သွယ် တို့ဖြင့် နှိပ်စက် ညှဉ်းဆဲတတ်သော သဘောကြောင့် (ဒုက္ခ)။ ပုဂ္ဂိုလ်, သတ္တဝါ, လူ,နတ်,ဗြဟ္မာ,ငါ,သူတပါး, ယောကျ်ား, မိန်းမ အစိုးမရ အ လိုသို့မပါ အနှစ်သာရ မရှိသော သဘောကြောင့်။ (အနတ္တ) ဤသို့စသ ဖြင့် အဖန်ဖန် အထပ်ထပ် သုံးသပ်ထင်ထင် ဉာဏ်ဖြင့်မြင်အောင် ရှုဆင် ခြင်အပ်၏။ ။(ဉာဏ်ဘိမှန်ပါစေ)။ ။

## ထို့ကြောင့်။

(၃) အတီတာနာဂတ ပစ္စုပ္ပန္နာနံ ဓမ္မာနံ သင်္ခိတ္တွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။ ။စသည်ဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ မိန့်မှာတော်မူပေသည်။ ။

(၃) (အတီတာ နာဂတ ပစ္စုပ္ပန္နာနံ) အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ ဖြစ်ကုန်သော။(ဓမ္မာနံ) ပရမတ္ထသဘာဝ။ ရုပ်,နာမ်ဓမ္မတို့၏။ (ဝါ) မြင် ဆဲခဏစသည်တို့၌ဖြစ်ကြသော။ရုပ်,နာမ်သဘောတို့ကို။ (သင်္ခိတ္တွာ) အကျဉ်းချုံး၍။(ဝဝတ္ထာနေ)ပိုင်းခြားမှတ်သားခြင်း၌။(ပဝတ္တာ)ဖြစ်သော (ပညာ) အပြားအားဖြင့်သိမြင်ခြင်းသည်။ (သမ္မသနေဉာဏံ) သမ္မသန

ဉာဏ်မည်၏။ (ဝါ) အဖန်ဖန် အထပ်ထပ် ဆင်ခြင် သုံးသပ်မှု ဉာဏ်မည်၏။ ။(အဓိပ္ပါယ်ဆိုလွယ်ပြီ)။ ။

## မြင်ဆဲခဏစသည်တို့၌ ရှုပွါးသုံးသပ်နည်း။

(၁) မြင်ဆဲခဏ မျက်စိအကြည်သဘော, အဆင်းသဘော စိတ်သဘော ၃-ပါးရုံ အသစ်,အသစ် ဖြစ်, ဖြစ်နေပါတကားဟု ရှုပွါးပါ။ ။(အဖြစ်ကို မြင်အောင် ရှုစမ်းပါဦး)။ ။

(၂) ထို ၃-ပါးတို့တွင် ရှေးအတိတ်က ဖြစ်ပြီးသော ၃-ပါးရုံတို့သည် ယခုပစ္စုပ္ပန် မြင်ဆဲခဏသို့ မလိုက်မပါလာဘဲ ထိုရှေးအတိတ်ကပင် ချုပ်ပျက်ခဲ့လေသောကြောင့် (အနိစ္စ-အနိစ္စ)တို့ပါတကားဟု ရှုပွါးပါ။ ။(အဖြစ်မြင်ကအပျက်လွယ်လှ၏။ ။

(၃) ယခုပစ္စုပ္ပန်၌ ဖြစ်သော မျက်စိအကြည်သဘော, အဆင်းသဘော, စိတ်သဘော ၃-ပါးရုံတို့သည် နောင်အနာဂတ်သို့ မသွားဘဲ ယခုပစ္စုပ္ပန် မြင်ဆဲ ခဏ၌ပင် ခဏခြင်း, ခဏခြင်း ချုပ်ပျက်လေသောကြောင့်၊(အနိစ္စ-အနိစ္စ)တို့ပါတကားဟုရှုပွါးပါ။(အပျက်မြင်အောင်ရှု)။

(၄) နောင် အနာဂတ်၌ ဖြစ်လတ္တံ့သော မျက်စိအကြည်သဘော, အဆင်း သဘော, စိတ်သဘော ၃-ပါးရုံတို့သည်လည်း ဖြစ်ပြီးလျှင် ခဏခြင်း,ခဏခြင်း ပျက်ကြမည်ဖြစ်သောကြောင့်။ (အနိစ္စ-အနိစ္စ) တို့ပါတကားဟု ရှုပွါးပါ။ ။(အဖြစ်မြင်လျှင် အပျက်မြင်ရမည်)။ ။

(၅) ဤသို့ ကာလ ၃-ပါး၌ ဖြစ်ကြသော ၃-ပါးရုံ ရုပ်, နာမ်တို့သည် ဖြစ်ပြီးလျှင် ခဏခြင်း,ခဏခြင်း ပျက်ကြလေသောကြောင့်။ (အနိစ္စ-အနိစ္စ) တို့ပါတကားဟု ရှုပွါးပါ။ ။(သတိပြု)။ ။

### (အထူးမှာသား ညွှန်ကြားချက်)။

(က) ဤသဘော ၃-ပါးရုံတို့ ဖြစ်ရခြင်းသည် ဆင်းရဲသောကြောင့် (ဒုက္ခ-ဒုက္ခ)ဟု ရှုပွါးကြပါ။ ။

(ခ) ဤသဘော ၃-ပါးရုံတို့ကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမများ မဟုတ်လေသောကြောင့် အစိုးမရ လေသောကြောင့် အနှစ်သာရ ရှာမရလေသောကြောင့် (အနတ္တ-အနတ္တ) ဟု ရှုပွါးကြပါ။ ။

(ဂ) ဤလို ၃-ပါးရုံ မထင်နိုင်လျှင် တပါးစီ,တပါးစီ အသီး,အသီး အားဖြင့် ရှုပွါးသုံးသပ်ကြပါလေ။ ။

(ဃ) ဤသို့ ငါမြင်သည်မရှိ။ ၃-ပါးရုံဖြစ်,ပျက်ဆင်းရဲအပိုးမရဟုတို့ သာရှိ၏ဟု အပန်ပန်အထပ်ထပ်ဥာဏ်၌ မမြင်,မြင်အောင် သုံးသပ် ဆင်ခြင်တတ်သောကြောင့်။(သမ္မသန)ဥာဏ်မည်၏ဟု မှတ်ကြပါလေ။ ။

## ကြွားဆဲခဏ ရှုပွါးနည်း။

(၁) ကြွားဆဲ ခဏ နားအကြည်သဘော, အသံသဘော, ဝိတ်သဘော ၃-ပါးရုံ အသစ် အသစ်, ဖြစ်, ဖြစ်နေပါတကားဟု ရှုပွါးပါ။ ။ (အဖြစ်သက်သက်ကိုမြင်ပါစေဦး)။ ။

(၂) ရှေးအတိတ်က ဖြစ်ပြီးသော ထို ၃-ပါးရုံ ရုပ်,နာမ် တို့သည် ယခု ပစ္စုပ္ပန်သို့ မပါလာဘဲ ထိုရှေးအတိတ်ကပင် ချုပ်ပျက်ခဲ့ကြလေသောကြောင့်။(အနိစ္စ-အနိစ္စ)တို့ပါတကားဟု ရှုပွါးပါ။ ။

(၃) ယခုပစ္စုပ္ပန်ဖြစ်ဆဲသော ၃-ပါးရုံ ရုပ်,နာမ်တို့သည် နောင်အနာဂတ်သို့ မသွားဘဲ ယခုပစ္စုပ္ပန်၌ပင် ခဏခြင်း,ခဏခြင်း ချုပ်ပျက်ကြလေသောကြောင့်(အနိစ္စ-အနိစ္စ)တို့ပါတကားဟု ရှုပွါးပါ။ ။

(၄) နောင်အနာဂတ် ဖြစ်လတ္တံ့သော ၃-ပါးရုံ ရုပ်, နာမ်တို့သည် လည်း ဖြစ်ပြီးလျှင် ခဏခြင်း, ခဏခြင်း ချုပ်ပျက်ကြမည် ဖြစ်သောကြောင့် (အနိစ္စ-အနိစ္စ) တို့ပါတကား ဟု ရှုပွါးပါ။ ။(အပျက်မြင်ပါစေ)။ ။

(၅) ဤသို့လျှင် အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလ ၃-ပါးတို့၌ဖြစ်ကုန်သော နားအကြည်သဘော, အသံသဘော, ဝိတ်သဘော ၃-ပါးရုံ ရုပ်,နာမ် တို့သည် ဖြစ်ပြီးလျှင် ခဏခြင်း,ခဏခြင်း ချုပ်ပျက်ကြလေသောကြောင့် (အနိစ္စ-အနိစ္စ)တို့ပါတကား။ (ဝါ) မမြဲပါတကား,မမြဲပါတကားဟု ရှုပွါးပါ။ ။

(၆) ရှေးအတိတ်က ကြွားဆဲခဏ၌ မည်သူကမျှ ဆဲဆိုမှုကြောင့် ဆင်းရဲသည်မဟုတ်။ ၃-ပါးရုံ ရုပ်,နာမ် ဖြစ်၍သာဆင်းရဲခဲ့ လေသောကြောင့်(ဒုက္ခ-ဒုက္ခ)တို့ပါတကား ဟုရှုပွါးပါ။ ။(ဆင်းရဲအဟုတ်မြင်ပါစေ)။ ။

(၇) ယခုပစ္စုပ္ပန်ကြွားဆဲခဏာ၌မည်သူကမျှ ဆဲဆို၍ဆင်းရဲသည် မဟုတ်။ ၃-ပါးရုံရုပ်,နာမ်တို့ဖြစ်၍သာဆင်းရဲလေသောကြောင့် (ဒုက္ခ ဒုက္ခ)တို့ပါတကား ဟုရှုပါ။ ။

(၈) နောင်အနာဂတ် ၌လည်း မည်သူ ကမျှ ဆဲဆို၍ ဆင်းရဲမည် မဟုတ်။နားအကြည်သဘော,အသံသဘော,စိတ်သဘော ၃-ပါးရုံဖြစ် ၍သာ ဆင်းရဲမည် ဖြစ်သောကြောင့် (ဒုက္ခ-ဒုက္ခ) တို့ပါတကား ဟု ဒုက္ခလက္ခဏာကို ဉာဏ်၌မြင်ပါစေ။ ။

(၁) ရှေးအတိတ်က ကြွားဆဲခဏာ၌ ဖြစ်သော ၃-ပါးရုံ ရုပ်,နာမ် တို့ကို မဖြစ်ပါနှင့် မပျက်ပါနှင့် မဆင်းရဲပါနှင့်ဟု တားမြစ်ပိတ်ပင်ကန့် ကွက်၍မရ၊ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ စသည် တို့လဲ မဟုတ်။အနှစ်သာရ ဘာတခုမျှရှာမရခဲ့လေ သောကြောင့် (အ နတ္တ-အနတ္တ) တို့ပါတကားဟုရှု။ ။(အစိုးမရ အနှစ်သာရ မရှိပုံကို မြင်ပါစေ)။ ။

(၂) ယခုကြွားဆဲခဏာ၌ ဖြစ်ကြသော ၃-ပါးရုံတို့ကို မဖြစ်,မပျက် မဆင်းရဲဘို့ရာ တားမြစ်ကန့်ကွက်၍မရ။ ပုဂ္ဂိုလ်,သတ္တဝါ, ငါ, သူတ ပါး,ယောကျ်ား, မိန်းမ, စသည်တို့လဲ မဟုတ်။ အနှစ်သာရ ဘာတခုမျှ ရှာမရလေသောကြောင့် (အနတ္တ-အနတ္တ) တို့ပါတကားဟုရှု။ ။(အ လိုသို့မလိုက်သည်ကို မြင်အောင်ရှုပါ)။ ။

(၃) နောင်အနာဂတ်၌ ဖြစ်လတ္တံ့သော နားအကြည် သဘော, အ သံသဘော,စိတ်သဘော ၃-ပါးရုံတို့ကိုလည်း မဖြစ်,မပျက်,မဆင်းရဲ ဘို့ရာ တားမြစ် ကန့်ကွက်လို့ မရ။ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူ,တပါး, ယောကျ်ား,မိန်းမ စသည်တို့လဲမဟုတ်။အနှစ်သာရဘာတခုမျှ ရှာမရ မည် ဖြစ်သောကြောင့် (အနတ္တ-အနတ္တ) တို့ပါတကားဟုရှု။ ။(ကာ လ ၃-ပါးပေါင်း၍လည်း ဤလိုပင် ရှုပွါးကြပါ)။ ။

(အထူးမှာထား ညွှန်ကြားချက်)။

(က) ဤမှတပါး နံ့ဆဲခဏာ, စားဆဲခဏာ, တွေ့ဆဲခဏာ, ကြံစည်ဆဲ ခဏာ, ရှုဆဲခဏာ,ရှိုက်ဆဲခဏာ, ကွေးဆဲ,ဆန့်ဆဲခဏာ, သွားဆဲ, ရပ်ဆဲ,

ထိုင်ဆဲ, လျောင်းလျှဲဆဲခဏ, ကိုင်ယူဆဲခဏ, ကျင်ကြီး, ကျင်ငယ် စွန့်ဆဲခဏ တို့၌လည်း ကြားဆဲခဏ,မြင်ဆဲခဏတို့လိုပင် ကာလ ၃-ပါးလုံးတို့မှာ ဖြစ်ကြသော ရုပ်, နာမ် ဓမ္မ ပရမတ္ထ သဘာဝ တို့ကိုသာ (အနိစ္စ, ဒုက္ခ, အနတ္တ) မမြင် မြင်အောင် ရှုဆင်ခြင်ကြပါလေ သူတော်တွေတို့။ ။

(ခ) ထိုမျှဖြင့် မထင်မြင်ကြ ပါသေးလျှင် နေထွက်စက မှုန်းတည့်ညနေကြအောင် နေပူရှိန် အရောင် အလင်း အဆင်း တို့သည် တရိတ်ရိတ် ပြောင်းမှန်းမသိ,ပျက်မှန်းမသိ တရွေ့ရွေ့ ပြောင်းပျက် သွားကုန်သကဲ့သို့ရှိရင်း။ ။

(ဂ) မွေးဖွားစ ကလေးသူငယ်တို့၏ အဆင်းစသည့်တို့သည် အိုမင်းသည့်တိုင်အောင် နေ့မစဲ, ညမစဲ အမြဲမပြတ် ပြောင်းလဲ ပျက်စီး၍နေကုန်သကဲ့သို့ရှိရင်း။ ။

(ဃ) မြစ်ရေ,မီးလျှံ,မီးပန်း,ရေတံခွန်ကြီးများ ဖြစ်,ပျက် ပြောင်းလဲနေကြသကဲ့သို့ရှိရင်း။ ဤဥပမာတို့ဖြင့် ထပ်တူထပ်မျှဖြစ်အောင် ရှုပွါးကြပါလေ။ ။

(င) အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃-ပါး၌ ဖြစ်ကုန်သောနာမ်,ရုပ်တို့ကို မမြဲ, ဆင်းရဲ, အစိုးမရဟု မမြင်မြင်အောင် အဖန်ဖန်အထပ်ထပ် ဆင်ခြင်သုံးသပ်သောဉာဏ်သည် (သမ္မသန)ဉာဏ် မည်၏။ (အရေးကြီး၍ အထပ်ထပ်ရှုကြပါ)။ ။

(စ) ဝိသုဒ္ဓိအားဖြင့် မဂ်ဟုတ်သည်, မဟုတ်သည်၌ ဉာဏ်အမြင်စင်ကြယ်လေသောကြောင့်(မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ)မည်၏။ ။

(ဆ) ပရိညာ အားဖြင့်ကား ရုပ်, နာမ် တို့ကိုအနိစ္စ, ဒုက္ခ, အနတ္တဟု ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်နိုင်စွာ ဆုံးဖြတ်နိုင်လေသောကြောင့် (တီရဏပရိညာ) မည်၏။ ။

(ဇ) လက္ခဏာ အားဖြင့်ကား မြင်ဆဲခဏ စသည်တို့၌ ဖြစ်သောရုပ်,နာမ်တို့သည် ဖြစ်ပြီးလျှင် ခဏခြင်း,ခဏခြင်း ပျက်၍,ပျက်၍ နေပါတကားဟု သိကြောင်း, မှတ်ကြောင်း လက္ခဏာ အားဖြင့် ရှုပွါးသောဉာဏ်သည် (အနိစ္စလက္ခဏာ)မည်၏။ ။

(ဈ) ထိုမှတပါး။ ။ဣတိ တတ္ထ တတ္ထ ဥပ္ပန္နာ ဣတရံ ဣတရံ ကောဋ္ဌာသံ အပတွာ တတ္ထ တတ္ထေဝ ပဗ္ဗံ ပဗ္ဗံ သန္ဓိ သန္ဓိ ဩဓိ ဩဓိ

ဟုတွာ တတ္ထကပါလေ ပက္ခိတ္တတိလာဒိယ တဒုာတဒုာယန္တာ သနိါ ရာ ဘိဇ္ဇန္တိ။ တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာတိ။ ။အစရှိသော ဝိသုဒ္ဓိ မဂ် အဋ္ဌကထာ နည်းမဟာတို့ဖြင့် လည်းရှုပွါးရ သေး၏။ ။(ကျယ် မှာစိုး၍ ပါဠိများစွာ မထည့်တော့ပြီ)။ ။

(ဈ) (ဣတိ)ဤသို့။ (တတ္ထ တတ္ထ) ထိုထိုကောဋ္ဌာသ အဘို့အစုတို့ ၌။ (ဥပ္ပန္နာ) ဖြစ်ပေါ်,ဖြစ်ပေါ်လာကြကုန်သော ရုပ်တို့သည်။ (ဣတရံ ဣတရံကောဋ္ဌာသံ)ဤမှတပါးဤမှတပါးသော အဘို့အစုသို့။(အပတွာ) မရောက်ကြကုန် မူ၍။ (တတ္ထတတ္ထေဝ) ထိုထိုအဘို့ အစု၌ သာလျှင်။ (ပဗ္ဗံ ပဗ္ဗံ)အဆစ်,အဆစ်။(သန္ဓိသန္ဓိ)အစပ်,အစပ်။ (ဩဓိဩဓိ)အပိုင်း ပိုင်းအခြားခြား။ (ဟုတွာ)ဖြစ်၍။ (တတ္တကပါလေ) လောလောပူသော အိုးကင်းထဲ၌။ (ပက္ခိတ္တတိလာ) ထည့်လှော်ကာထား။ နှမ်းစေ့ များတို့ သည်။ (တဋ္ဋတဋ္ဋာယန္တာဘိဇ္ဇန္တိဝိယ) ဖျစ်ဖျစ် မြည်ကြ၍သာ ပျက် စီးကြပါကုန်သကဲ့သို့။ (တထာ) ထို့အတူ။ (သနိါရာ) မြင်ဆဲခဏ စ သည်တို့၌ ဖြစ်ကြသော ရုပ်,နာမ်, ဓမ္မသင်္ခါရတို့သည်။ (ယသ္မာ) အ ကြင့်ကြောင့်။(ဘိဇ္ဇန္တိ)ပျက်စီးကြကုန်၏။(တသ္မာ)ထို့ကြောင့်။(တေပိ) ထိုရုပ်,နာမ်,ဓမ္မ,သင်္ခါရတို့သည်လည်း။ (အနိစ္စာ)မမြဲကြကုန်။ (ဒုက္ခာ) ဆင်းရဲကြကုန်၏။ (အနတ္တာ) ဘာဘာတခုမျှ အစိုးမရကြ လေကုန်။(ဣတိ) ဤသို့။ (ပဿိတဗ္ဗာနိ)အဖန်ဖန် ရှုပွါးအပ်ကုန်၏။ ။

(ည) ထိုမှတပါး ပဋိသန္ဓေ,ဝုတ်,ဘဝ,အရွယ်,နှစ်, ဥတု,လ, ပက္ခ, ရက်,နေ့,ညဉ့်, အချိန်, ကွေး,ဆန့်, သွား,ရပ်,ထိုင်, လျောင်း, ခြေလှမ်း, ခြေတလှမ်း ၆-ပိုင်း တခွေခွေရွေပိတ်၍ ရုပ်တို့ကို ရှုရခြင်း။ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ် တို့နှင့် တကွ ဗဟိဒ္ဓ ရွှေ, ငွေ, ကျောက်,သံ,ပတ္တမြား စသော ဓမ္မတာရုပ် စသည်တို့ကိုလည်း တော လေးဆယ်ဖြင့်အဋ္ဌကထာနည်းအရ အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရေး သုံးပါးတို့ကို အကျယ်ရှုပွါးကြပါလေ။ ။

ဤတွင်တရပ် သမ္မသနဉာဏ် အကျဉ်းဆုံးနည်း
အပြီးသတ်လိုက်ပြီ။

# ဥဒယဗ္ဗယဉာဏ်ကိုပြခဏ်း။

(က) ဤသို့ ရှုနည်း,ပွါးနည်း, ကျင့်ကြံနည်းကို ပြဆို ရေးသားခဲ့ပြီးသော (သမ္မသန)ဉာဏ်ကို ရင့်သန်ပြီးသူ ယောဂီပုဂ္ဂိုလ်အား ဖြစ်,ပျက်နှစ်တန် (ဥဒယဗ္ဗယ)ဉာဏ်ကို ရင့်သန်အောင် မနေမနား ကြိုးစားအားထုတ်ရာ၏။ ။

(ခ) ဥဒယဗ္ဗယဉာဏ်ကို ဘယ်လိုအားထုတ်ရပါသနည်းဟူမူ။ ။ ပစ္စုပ္ပန်၌ ဖြစ်သော အာရုံ,ဒွါရ,ဝိညာဉ် ဟူသော ရုပ်,နာမ်တို့၏ ဖြစ်မှု, ပျက်မှု သက်သက်ကို ကိုယ်ပိုင် ဉာဏ်ဖြင့် ထင်မြင်အောင် ရှုပွါးအားထုတ်ရပါသည်။ ။

(ဂ) ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏန္တိ ဥဒယဗ္ဗယာနုပဿနံ ဝုတ္တံ။ ။(အဋ္ဌကထာ)။ ။

(ဃ) (ပစ္စုပ္ပန္နာနံ) ပစ္စုပ္ပန်ဖြစ်ဆဲခဏဖြစ်ကုန်သော၊(ဓမ္မာနံ) မြင်ဆဲခဏစသည်၌ဖြစ်သော ရုပ်,နာမ်, သင်္ခါရတရားတို့၏။ (ဝိပရိဏာမာနုပဿနေ) ဖောက်ပြန် ပျက်စီးမှုကို အဖန်ဖန် ရှုပွါးရာ၌။ (ပဝတ္တာ) ဖြစ်သော (ပညာ) ရုပ်,နာမ်,သင်္ခါရတရား။ ဖြစ်ပျက်၍နေပါတကားဟု အပြားအားဖြင့် သိမြင်မှုသည်။(ဥဒယဗ္ဗယာနုပဿနေဉာဏံ)ဥဒယဗ္ဗယာနုပဿနာဉာဏ်မည်၏။(ဣတိ) ဤသို့။(ဘဂဝတာ)မြတ်စွာဘုရားသည်။ (ဥဒယဗ္ဗယာနုပဿနံ) ဖြစ်မှု, ပျက်မှု၌။ အဖန်ဖန် အထပ်ထပ်။ရှုပွါးအပ်သောဉာဏ်ကို။(ဝုတ္တံ) ဟောတော်မူအပ်၏။ ။

---

## မြင်ဆဲခဏ စသည်တို့၌ ရှုပွါးရပုံ။

(၁) မြင်ဆဲခဏ မျက်စိအကြည်သဘော, အဆင်းသဘော, စိတ်သဘော ၃-ပါးရုံဖြစ်သော ရုပ်,နာမ်တို့သည် ဖြစ်ပြီးလျှင် ပျက်၏။ဒုတိယတဖန် အသစ်ဖြစ်၍ ပျက်ပြန်၏။တတိယတဖန် အသစ်ဖြစ်၍ ပျက်ပြန်၏။ဤသို့စသည်ဖြင့် ရုပ်,နာမ်တို့၏ အဖြစ်စွန်းနှင့်,အပျက်စွန်း ၂-စွန်း ၂-စကို ထင်မြင်အောင် ရှုပွါးနိုင်သော ယောဂီအား ငါသည် ယောကျ်ား, မိန်းမ, တုန်း, တိုင်, ကျောင်း, အိမ် စသည်တို့ကို မြင်၏ဟု ထင်မှတ်စွဲ

လမ်းခြင်းမှ ကင်းပျောက်၍ အာရုံ,ခွါရ,ဝိညာဉ်ဟူသော ရုပ်,နာမ်တို့၏ အဖြစ်စွန်း, အပျက်စွန်း တို့ကိုသာ အဖန်ဖန် အထပ်ထပ် မပြတ် ရှုပွါးသော ဉာဏ်သည်။(ဥဒယဗ္ဗယ) ဉာဏ်မည်၏။ ။(ဖြစ်ပျက် ၂-ခုထင် မြင်အောင်ရှုပွါးကြပါ)။ ။

(၂) ဤကဲ့သို့ ရုပ်, နာမ်တို့သည် ဖြစ်ခြင်း, ပျက်ခြင်းဖြင့် အစဉ် မပြတ် အထပ်ထပ် ကပ်၍, ကပ်၍ နှိပ်စက် ညှင်းဆဲ လေသောကြောင့် (ဆင်းရဲလေစွ,ဆင်းရဲလေစွ) ဟုရှု။ ။

(၃) ဤလို ဖြစ်ခြင်း ပျက်ခြင်း, ဆင်းရဲခြင်းတို့ကို တားမြစ်ပိတ်ပင် ကန့်ကွက်၍ မရလေသောကြောင့် (အစိုးမရ ပါတကား, အစိုးမရပါတကား)ဟုကိုယ်ပိုင်ဉာဏ်ဖြင့် ထင်မြင်အောင် ရှုပွါးကြပါလေ။ ။

## ဆောင်ပုဒ်ကများ။

(က) ဖြစ်ဆဲရုပ်နာမ်။ပစ္စုပ္ပန်။ပွါးဉာဏ်ဖြစ်,ပျက်သာ။ ။
(ခ) ရုပ်,နာမ်ဖြစ်,ပျက်။ဉာဏ်မြင်သက်။ဖိုလ်,မဂ်,နိဗ္ဗာန်လာ။ ။
(ဂ) ဥဒယဗ္ဗယ။အနိစ္စ။မဂ္ဂါမဂ္ဂတိရဏာ။ ။

## ကြားဆဲဓာတ်ရှုပွါးနည်း။

(၁) ကြားဆဲခဏ နားအကြည်သဘော, အသံသဘော, စိတ်သဘော, ဟူသော ရုပ် နာမ်တို့သည် ဖြစ်ပြီးလျှင် ပျက်၏။ ဒုတိယတဖန် အသစ်, ဖြစ်၍ ပျက်ပြန်၏။ ။တတိယတဖန် အသစ် ဖြစ်၍ ပျက်ပြန်၏။ ။ဤသို့ စသဖြင့် အစဉ်မပြတ်ဖြစ်,ပျက်၍ နေသော ရုပ်,နာမ် တို့၏အဖြစ်စွန်းနှင့် အပျက်စွန်းဟူသော အစွန်း ၂-ခု အစ ၂-ခုတို့ကိုသာ ထင်မြင်အောင် ရှုပွါးနိုင်သော(ယောဂီ)အားမြဲ၏ ဟူသော(နိစ္စ)သညာသည် ကင်းပျောက်၍ မမြဲသည်ကို အမှန်မြင်သော ဝိပဿနာ ဉာဏ်သည် ဖြစ်ပေါ်လာ၏။ ။

(၂) ဤလို ကြားတိုင်း,ကြားတိုင်း မြစ်ရေစီးသလို ဆီမီးအလျှံလို ရှေ့,နောက် အစွန်းအစ ၂-ခုတို့ ဆက်စပ်ကာ အစဉ်မပြတ်ဖြစ်,ပျက်၍ သာနေပါတကားဟု ဟုတ်တိုင်း မှန်ရာကို ဉာဏ်မြင်ပါလျှင် ငါသည်

ယောက်ျား, မိန်းမတို့၏ ပြောဆို, အောင် ဝေါက်သံ စသည်တို့ကို ကြား၏ဟူသော(သဏ္ဌာယဒိဋ္ဌ)အမှားတွေ ကင်းပျောက်၍ ဖြစ်ပျက် ၂-ခု အစဉ်မပြတ် ရှုပွါးနိုင်သောဉာဏ်သည်။ (ဥဒယဗ္ဗယ)ဉာဏ်မည်၏။ ။

(၃) ဤလို ဖြစ်ခြင်း, ပျက်ခြင်းဖြင့် အစဉ်မပြတ်အထပ်ထပ်ကပ်၍, ကပ်၍ နှိပ်စက်ညှဉ်းဆဲလေသောကြောင့် (ဆင်းရဲလေစွ,ဆင်းရဲလေစွ) ဟုဉာဏ်၌ထင်မြင်အောင် ရှုပွါးကြပါ။ ။

(၄) ဤလို ဖြစ်ခြင်း, ပျက်ခြင်း ဆင်းရဲခြင်းတို့ကို တားမြစ်ပိတ်ပင်ကန့် ကွက်၍ မရလေသောကြောင့် (အစိုးမရပါတကား, အစိုးမရပါတကား) ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် ထင်မြင်အောင် ရှုပွါးကြပါကုန်။ ။

(အထူးမှာထား ညွှန်ကြားချက်)။

(၁) ဤမှကြွင်းကျန်သော နံ့ဆဲ, စားဆဲ, တွေ့ဆဲ, ရှေ့သို့တက်ဆဲ, နောက်သို့ဆုတ်ဆဲ,တူရူ,တစောင်းကြည့်ဆဲ, ကွေးဆဲ, ဆန့်ဆဲ, ဝတ်ရုံဆဲ,ကိုင်ယူဆဲ, စားသောက်ကိုက်ခဲလျက်ဆဲ,ကျင်ကြီးကျင်ငယ်စွန့်ဆဲ, သွားဆဲ,ရပ်ဆဲ,ထိုင်ဆဲ, လျောင်းဆဲ, အိပ်နိုးဆဲ, စကားပြောဆဲ, ဆိတ်ဆိတ်ငြိမ်ငြိမ်နေဆဲ, ရှုဆဲ,ရှိုက်ဆဲ, ကြံစည်ဆဲ ခဏစသည်တို့၌လည်း မြင်ဆဲ, ကြားဆဲ ခဏ ရှုပွါး အားထုတ်သော နည်းကဲ့သို့ပင် ပစ္စုပ္ပန်ဖြစ်ဆဲ ရုပ်, နာမ်တို့၏ အဖြစ်, အပျက် အစွန်း အစ ၂-ခုတို့ကို ကိုယ်ပိုင် ဉာဏ်ဖြင့် ထင်မြင်အောင် ရှုပွါးကြ ပါလေ သူတော်ကောင်း အပေါင်းတို့။ ။

(၂) ဤမြင်ဆဲခဏ ဖြစ်သော ရုပ်,နာမ် သင်္ခါရ တရားတို့သည် အရပ် ၄-မျက်နှာမှ လာသည်မဟုတ်ကုန်။ မဖြစ်မီ ရှေးအဘို့ကလည်း အစုအပုံမရှိကုန်။ယခုအကြောင်းတိုက်ဆိုင်မှ ဘွားခနဲ ဖြစ်ပေါ်လာကုန်၏။ ဖြစ်ပြီးသော ရုပ်, နာမ်တို့သည် အရပ်လေးမျက်နှာ စသည်သို့ မသွားကုန်။ ရဝေး၍ တည်နေသည်ဟူ၍လည်းမရှိကုန်။ ဖြစ်ပြီးသည့် အဆုံး ဖြုတ်ခနဲ ချုပ်ပျက်ကုန်၏။ ။ဖြစ်,ပျက်၍နေသော ရုပ်,နာမ်တို့ကို(ဖြစ်, ပျက်) ၏ဟု ရှုတတ်သူလည်း မရှိ၊ သင်္ခါရတရားကသာလျှင် သင်္ခါရတရားတို့ကို ရှုပွါးကုန်၏ဟု မိမိဉာဏ်ဖြင့် သိကြကုန်ရာ၏။ ။

## ထို့ကြောင့်။

(၃) ဣမေ ဓမ္မာ အနုပ္ပန္နပုဗ္ဗာ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာ နိရုဇ္ဈန္တီတိ နိစ္စနဝါဝ ဟုတွာ သင်္ခါရာ ဥပဋ္ဌဟန္တိ။ ။

(၄) သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ။ ။ဟု ဝိသုဒ္ဓိမဂ်၌ မိန့်၏။ ။

(၃) (ဣမေဓမ္မာ) မြင်ဆဲခဏာ စသည်တို့၌ ဖြစ်ပေါ်လာကုန်သော ရုပ်,နာမ်ဓမ္မ ဤသင်္ခါရတရားတို့သည်။ (အနုပ္ပန္နပုဗ္ဗာ) ရှေးက တကြိမ် တဖန်မျှမဖြစ်ဘူးကုန်ဘဲ။ (ဥပ္ပဇ္ဇန္တိ) ယခုမှ ဖြစ်ပေါ်လာကုန်၏။(ဥပ္ပန္နာ) ဖြစ်ပေါ်လာကုန်ပြီး၍။ (နိရုဇ္ဈန္တိ) ဖြုတ်ခနဲ ချုပ်ပျောက်ကြကုန်၏။ (ဣတိ) ဤသို့။ (သင်္ခါရာ) ကံစသော အကြောင်းတရားတို့က။ ပေါင်းကာ ပြုပြင်အပ်ကုန်သော။ ရုပ်,နာမ်ဓမ္မ။ သင်္ခါရတို့သည်။ (နိစ္စနဝါဝ) အမြဲ တန်းအစဉ်မပြတ်။အသစ်,အသစ်တို့သည်သာလျှင်။ (ဟုတွာ) ဖြစ်ကုန် ၍။(ဥပဋ္ဌဟန္တိ) ယောဂီဉာဏ်ဝယ်။ ထင်မြင်လာကြကုန်၏။ ။ပဌမ အသံတခု၏ အဖြစ်စနှင့် အပျက်စွန်း။ဒုတိယအသံ၏အဖြစ်စနှင့် အပျက် စွန်း အစွန်း ၂-ခု အစ ၂-ခု ဆက်စပ်နေသည်ကိုမြင်အောင်ရှုပွါးပါ။

(၄) (သင်္ခါရာဝ)အသစ်,အသစ်။ဖြစ်၍နေ သောနာမ်သင်္ခါရတရား တို့က သာလျှင်။(သင်္ခါရေ)ဖြစ်,ပျက်နေသော ရုပ်,နာမ်သင်္ခါရ တရားတို့ ကို။ (ဝိပဿန္တိ) ရှုပွါးကုန်၏။ (သမ္မသန္တိ) ဆင်ခြင်သုံးသပ်ကုန်၏။ (ဝဝတ္ထပေန္တိ) မှတ်သားကုန်၏။ (ပရိစ္ဆိန္ဒန္တိ) ပိုင်းခြားကုန်၏။ ။

(၅) ထိုမှဘပါး။ ။တဿနိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမ လက္ခဏံ ဝယော။ ဟူသောပါဌ်အရ၊ မြင်ဆဲခဏာစသည်တို့၌ ဖြစ်သော ထိုရုပ်,နာမ်တို့ကို မြင်သည်, ကြွားသည် မထင်ကြစေဘဲ အစဉ်မပြတ် ဖြစ်, ပျက်၍သာ နေပါတကားဟု သိကြောင်းမှတ်ကြောင်း လက္ခဏာ အားဖြင့် ရှုပွါးအားထုတ်ရပါသေး၏။ ။

## ဥပမာအားဖြင့် ရှုပွါးနည်း။

(၁) ဤလောက၌ ရေတံခွန်ကြီးမှ အစဉ်မပြတ်စီးကျနေသောရေ တို့တွင်မျက်ပဲအမြင်ရှိသောသူ၏ရှေ့မျက်မှောက်၌ အစဉ်မပြတ်ရောက်

ဆဲ,ကျလာသဲရေတို့ကိုသာ ရောက်လျှင် ကျဆင်း၏ ရောက်လျှင် ကျဆင်း၏ဟု သိမြင်ကြရသကဲ့သို့ရင်း။ ။

(၂) ထိုမှတပါး မိမိတို့၏ ကိုယ်ကာယ၌ အစဉ် မပြတ် တိုက်ခပ်ဆဲသော ရေ,လေတို့ကို ခဏခြင်း, ခဏခြင်း လျှင်မြန်စွာ အောက်သို့ ရုံဆင်း၍ သွားကြသည်တို့ကို ကိုယ်တိုင်သိမြင် ကြရသကဲ့သို့ရင်း။ ။ (ဥပမာကို အရေးကြီးပါသည်)။ ။

(၃) ထိုမှတဖြာ မီးပန်းတွေ လျှပ်စစ်တွေ ဖြစ်,ပျက်ကြ သည်ကို ပိုင်နိုင်စွာ သိမြင်ကြရသကဲ့သို့ရင်း။ ။

(၄) ထို့အပြင်စက်ရုံကြီးကမှုတ်သော ဥဩသံတို့၏အစဉ်မပြတ် ဖြစ်,ပျက် နေမှုတို့ကို ကိုယ်တိုင် သိရသကဲ့သို့ရင်း။ ။

(၅) ထိုဥပမာတို့အတူ မြင်ဆဲခဏ၌ဖြစ်သော မျက်စိအကြည်သဘော,အဆင်း သဘော, စိတ်သဘော ၃-ပါးပုံ ရုပ်,နာမ်တို့၏ အစဉ်မပြတ် ဖြစ်,ပျက်, ဖြစ်ပျက်၍ နေသည့် အတိုင်း မမှားမယွင်းကြ စေဘဲ ဖြစ်,ပျက် ၂-ခုကိုသာ (ဘာဝနာဉာဏ်)ထင်မြင်အောင် ရှုပွါးကြပါ သူတော်ကောင်းတို့။ ။

(၆) ထို့ပြင် ကြားဆဲ,နံဆဲ,စားဆဲ, တွေ့ဆဲ,ရှုရှိုက်ဆဲ, ကြံစည်ဆဲ ခဏ စသည် တို့၌လည်း ဤနည်းအတိုင်း ထင်မြင်အောင် ရှုပွါး ကြပါလေ။ ။

(၇) မြင်သည်, ကြားသည် စသည်ဟု တကယ်မရှိသော အမှားများကို မထင်ကြပါစေနှင့်။မြင်သိပျက်,ကြားသိပျက် စသည်ဟူ၍လည်း မရှုကြဘဲ ရုပ်,နာမ် ဖြစ်သည်,ပျက်သည်ဟူ၍သာ ရှုပွါးကြပါသူတော်ကောင်းတို့။ ။

(၈) ဤသို့ မြင်ဆဲခဏတိုင်း, ကြားဆဲခဏတိုင်း စသည်တို့၌ ရုပ်, နာမ်တို့၏ အဖြစ်နှင့် အပျက်ကိုသာ။ (ဝါ)အဖြစ်စွန်းနှင့် အပျက်စွန်းကိုသာ အဖန်ဖန် အထပ်ထပ် ရှုပွါးတတ်သော ဉာဏ်သည် (ဥဒယဗ္ဗယ) ဉာဏ်မည်၏။ ။

(၉) ထိုအဖြစ်, အပျက်ဉာဏ် ရင့်သန် ကြီးမား လာသော အခါ ဝိပဿနာ၏ဘေးရန် အန္တရာယ် တရား ညစ်ငြူးကြောင်း ၁၀-ပါးတို့ သည်။(ဝါ)(ဩဘာသ) ဝိပဿနာ စိတ္တဇရောင်ခြည်။ (ပီတိ) နှစ်သက်မှု။ (ပဿဒ္ဓိ) ကိုယ်,စိတ်တို့၏ ငြိမ်းအေးမှု။ (အဓိမောက္ခ) သဒ္ဓါယုံကြည်

အားကြီးမှု။ (ပဂ္ဂဟာ) ဘုရားလောင်းလို လွန်စွာအားထုတ်မှု။ (သုခ)အလွန့်အလွန် စိတ်စေတသိက် ချမ်းသာမှု။ (ဉာဏ) ဝရဇိန်လက်နက်နှင့်တူစွာဉာဏ်ပညာထက်သန်၍ အမြင်များမှု။ (ဥပဋ္ဌာန)သတိအထင်များမှု။(ဥပေက္ခာ) သုခ,ဒုက္ခ, သောမနဿ, ဒေါမနဿ, မဖြစ်လျစ်လျူရှုမှု။ (နိကန္တိ)အရောင် စသည်၌တပ်မက် နှစ်သက်သာယာမှု။ ။ဟူသော ဤ ၁၀-ပါးသောဓမ္မတာတရားတို့သည် ဖြစ်ပေါ်လာကုန်သည်ရှိသော် မဂ်မဟုတ်သည်၌မဂ်ဟုထင်မှတ်မှားသော်၎င်း သာယာ၍နေသော်၎င်း ထိုအန္တရာယ် အတွင်း၌ ဖြစ်သော (ဥဒယဗ္ဗယ) ဉာဏ် အောက်ပိုင်း တစိတ်သည်ဉာဏ်အမြင်နုငယ်သေးသောကြောင့်(တရုဏဥဒယဗ္ဗယဥာဏ်) မည်၏။ ။

(၁၀) ထိုဖြစ်ပေါ်လာသော ဩဘာသ, ပီတိ,ပဿဒ္ဓိစသော တရားတို့သည် မဂ်မဟုတ် သာယာဘွယ်မရှိ ဖြစ်ပျက် ဆင်းရဲ အစိုးမရသော တရားတို့ ပါတကားဟု ဉာဏ်ဖြင့် သိမြင်လျှင် (မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ)မည်၏။ ။

(၁၁) အနိစ္စ စသည်တို့ကို ကိုယ်ပိုင် ဉာဏ်ဖြင့် ပိုင်နိုင်စွာ သိမြင်သောကြောင့် (တိရဏပရိညာ) မည်၏။ ။

(၁၂) (အနိစ္စလက္ခဏာ)မည်၏။ ။

(၁၃) ထိုပြစ်ပြုးကြောင်းအန္တရာယ်ကြီး ၁၀-ပါးတို့မှလွန်မြောက်ပြီးသော အထက်ပိုင်း (ဥဒယဗ္ဗယ) ဉာဏ်တစိတ် သည်ကား ဟုတ်တိုင်းမှန်ရာ အားကြီးခိုင်မာစွာ သိမြင်သောကြောင့် (ဗလဝဝိပဿနာ) မည်၏။ ။

(၁၄) ရုပ်,နာမ် ဓမ္မ သင်္ခါရတို့၏ အဖြစ်,အပျက် သိသောဉာဏ်ကို မဆုပ်နစ် မလျော့စေဘဲ တိုးပွါးအောင် အားထုတ်လေ့ ရှိသောကြောင့် (အာရဒ္ဓဝိပဿက)ပုဂ္ဂိုလ်အမည်ရပေ၏။ ။

(၁၅) ဤကဲ့သို့ ဖြစ်,ပျက်မှုကို ရှုပွါးသော အကျင့်သည် သစ္စာ ၄-ပါး မဂ်တရားကို ရကြောင်း အကျင့်မှန်ဖြစ်၏ဟု အကျင့်၌ ဉာဏ်အမြင် စင်ကြယ်ခြင်းကြောင့် (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ) မည်၏။ ။

(၁၆) (တိရဏပရိညာ) (အနိစ္စလက္ခဏာ)မည်၏။ ။

## အန္တရာယ် ဖြစ် မဖြစ် ဥပမာဖြင့် စစ်နည်း။

(၁) ရန်ကုန်မြို့မှ မန္တလေးမြို့သို့ သွားရောက်လို၍ မန္တလေးသွား မီးရထားကို စီးသွားသော သူသည် ပဲခူးဘူတာ စသော ကြားဘူတာ များသို့ ရောက်ရာ ထိုဘူတာကိုပင် မန္တလေးမြို့ဟု ထင်မှတ်မှား၍သော်ငင်း။ ကောင်းမြတ် ကြီးကျယ် နှစ်သက်ဘွယ်ဟု သာယာတပ်မက်၍ သော်ငင်း။ထိုရထားမှဆင်း၍ နေရစ်ပါမူ ထိုသူသည် မန္တလေးမြို့သို့ မရောက်နိုင်ရာသကဲ့သို့။ထိုအတူ သံသရာတည်းဟူသော ဤမှာဘက်ကမ်းမှ နိဗ္ဗာန်တည်း ဟူသော ဟိုမှာဘက် ကမ်းသို့ တက်လှမ်းကူးမြောက်လို၍ နိဗ္ဗာန် ရောက်ကြောင်း မဂ္ဂင် ၈–ပါး ရထားကောင်းနှင့်တူသော (ဥဒယဗ္ဗယ) ဉာဏ်ကို ပွါးများအားထုတ်သူ ယောဂီပုဂ္ဂိုလ်သည် ပဲခူးဘူတာ စသည်နှင့်တူသော ဩဘာသ ပီတိ,ပဿဒ္ဓိ,စသောတရားများ ဖြစ်ပေါ်လာသောအခါ ထိုတရားတို့ကို မဂ်ဟု အထင်မှားခဲ့သော်ငင်း ထိုဩဘာသ,ပီတိစသည်၌နှစ်သက်သာယာ ခဲ့သော်ငင်း ဝိပဿနာ မဂ္ဂင်ရထားမှ ဆင်းသက်သွားသောကြောင့် မဂ်သို့မရောက်နိုင်ဟု မှတ်ရမည်။ ။

(၂) ဤသို့ ပဲခူးဘူတာ စသည်တို့၌ အထင်မှား၍ မန္တလေးသို့ မရောက်သည်ကို အန္တရာယ်တွေ့၏ဟုဆိုရသကဲ့သို့။ထို့အတူ ဩဘာသ,ပီတိ စသော တရားများ၌ အထင်မှား၍ မဂ်သို့ မရောက်သည်ကို ဝိပဿနာ အန္တရာယ်ငြိ၏ဟု ဆိုရပေသည်။ ။

(၃) ဤသို့ မန္တလေးသွား ရထားလမ်း၌ ဘူတာများကား တွေ့ရမြဲ ဓမ္မတာအတိုင်းကို မတွေ့ပါလျှင် လမ်းမမှန်ပေ၊ ထို့ကြောင့် တွေ့တိုင်းသော ကြားဘူတာ များကိုကား မန္တလေးပင်ဟု မထင်,မခင်မင် မသာယာဘဲ ရောက်ရာဘူတာ၏ အမည်များကိုသာ သိမှတ်သွားရာသကဲ့သို့။ထို့အတူ ယောဂီပုဂ္ဂိုလ်သည်နိဗ္ဗာန်တာသို့ ရောက်ရာ မှန်သော ဤ (ဥဒယဗ္ဗယ)ဉာဏ်သို့ ရောက်လျှင် ထိုဩဘာသ,ပီတိ စသည်တို့ကား တွေ့ရမြဲဓမ္မတာပင်ဖြစ်၏။ မတွေ့လျှင် မဂ်သို့ ရောက်လမ်းမဟုတ်ပေ။ မိမိရရှိသော ဩဘာသ,ပီတိ စသည်တို့ကို မဂ်ဟုမထင် သာယာနှစ်သက်ခြင်းလည်း မရှိစေဘဲ ဤဩဘာသ, ပီတိ စသည်တို့ကား မမြဲ, ဆင်းရဲ အစိုးမရဟု ရှုပွါးရမည်၊ ။

(၄) ဤပဲခူးဘူတာ စသည့်တို့ကား မန္တလေးသို့ ရောက်ကြောင်း လမ်းမှန်ဟုသိက ငြိတွယ်ခြင်းအန္တရာယ်မှ လွတ်ကင်းသကဲ့သို့။ ထို့အတူ ဤသြဘာသ,ပီတိစသည့်တို့ကား မဂ်,ဖိုလ်,နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း လမ်းမှန်ဟု သိမြင်ပါလျှင် ဝိပဿနာအန္တရာယ်မှလွတ်ကင်း၏ဟု မှတ်ရမည်။ ။

## ဆောင်ပုဒ်ကဗျာ။

(က) မဂ်မဟုတ်ဘဲ။မဂ်ထင်လွဲ။ရောက်မြဲအန္တရာယ်။ ။

(ခ) အရောင်,ပီတိ။ဆယ်ပါးရှိ။မှားသိအန္တရာယ်။ ။

(ဂ) မဂ်မှန်,မမှန်။မြင်သိဉာဏ်။လွတ်ပြန်အန္တရာယ်။ ။

(ဃ) အမှန်ထင်မြင်။ညစ်ငြူးစင်။ဉာဏ်ဝင်ဖြစ်,ပျက်ဆွယ်။ ။

(င) အန္တရာယ်ကား။တပါးပါး။တွေ့ငြားလမ်းမှန်လွယ်။ ။

(စ) အန္တရာယ်မတွေ့ပြန်။လမ်းမမှန်။စွမ်းဉာဏ်အားထုတ်တွယ်။

(ဆ) မန္တလေး,ရန်ကုန်။သွားဆန်ပုန်။လွတ်ပုံဉာဏ်ယှဉ်လွယ်။

## ဒိဋ္ဌိသိဉာဏ်သိ ရှုကြည့်နည်း။

(၁) မြင်ဆဲခဏ ငါသည် ယောကျ်ား,မိန်းမ, တုန်း,တိုင် စသည်တို့ကို မြင်၏။ ဆက်စပ်တည့်၏ ကြာရှည်ခံ၏ ယခုထက်တိုင် မပျက်သေးဘဲ ခိုင်မြဲ၏။ ချမ်းသာ၏ ကောင်း၏ ခံသာ၏ အရသာရှိ၏။သူ့အလိုလို ဖြစ်၏။ မည်သူ ဖန်ဆင်း၍ ဖြစ်၏ ဖြစ်လိုတိုင်း ဖြစ်ရ၏ဟု မှတ်ထင်ခြင်းသည်။ဒိဋ္ဌိ သိမည်၏။ (ဝါ)အမှားသိမည်၏။ ။(ဤလိုအသင်္ချေများကြ၍ လန့်ပါ)။ ။

(၂) ပရမတ္ထ သဘော အားဖြင့်ကား ငါမရှိ, သူမရှိ, ကိုယ် မရှိ, ယောကျ်ား,မိန်းမ စသည်လည်း မရှိ။ မြင်သည့်, သိသည်လည်း မရှိ။ ဤ ၃-ပါးရုံသော ရုပ်,နာမ်သာ အကြောင်းကြောင့် ဖြစ်၍ ပျက်နေ၏။ ဖြစ်,ပျက် နှိပ်စက်၍ ဆင်းရဲ၏။ ဖြစ်ကြောင်း ရှိကလည်း မဖြစ်,မပျက် မဆင်းရဲပါနှင့်ဟု ဘားမြစ်သော်လည်း မရပါတကားဟု သိမြင်ခြင်းသည် (ဉာဏ်)သိ မည်၏။ ။(သိခဲစွ နာနာပွါး)။ ။

(က) ထိုမှတပါး ကြွားဆဲခဏ စသည်တို့မှာလည်း ဤလိုပင် နည်းမှီးကာ ရှုပွါးသိမြင်ကြပါလေ သူတော်တွေတို့။ ။

(ခ) မြင်ဆဲ ခဏကလေး မှာပင် အဆင်းပေါင်း မရေမတွက်နိုင်အောင်သိကြ၍လက်ဖျစ်တတွက် မျက်စိတမှိတ်ခဏခန့်မှာစိတ်ပေါင်း (ကုဋေတသိန်း) မကရုပ်ပေါင်း(ကုဋေငါးထောင်ကျော်)မက,ဖြစ်,ပျက်နိုင်ပုံကို ယုံကြည်စွာ သိမြင်ကြပါလေ။ ။

(အထူးသတိပေးချက်)။

မြင်ဆဲခဏ၊စသည်တို့၌ ဖြစ်သော အာရုံ့ခြါရ ဝိညာဉ်ဟူသော ရုပ်, နာမ်သဘောတို့ကို အသစ်,အသစ်ဖြစ်၏ဟု ဘာဝနာဉာဏ်ဖြင့်ထင်မြင်အောင် ရှုပွါး နိုင်သော ယောဂီအား ငါ, သူတပါး, ယောကျ်ား, မိန်းမ စသည် ဟူသော မှတ်မှားခြင်းတို့သည် အလိုလိုအားဖြင့် အလွယ် တကူကင်းပျောက်နိုင်ကုန်၏။ ။ပစ္စုပ္ပန်ဖြစ်ဆဲ ရုပ်, နာမ်သဘောတို့ကို ဘာဝနာ ဉာဏ်ဖြင့် မထင်မြင်သောသူတို့သည် မျက်စိလည်သည့် အလား ယောကျ်ား,မိန်းမ စသည်အားဖြင့် အမှားကြီးမှားကြကုန်၏။ ထိုအမှား၊ထုထယ်ကြီးကို ဘာဝနာဉာဏ်နှင့် မပေါက်က သညာအားဖြင့် ဘယ်လိုပင် ဖျောက်သော်သည်း မပျောက်နိုင်ကြပေကုန်။ ။

သညာဖြင့် ဖျောက်၍မပျောက်နိုင်ပုံ ဥပမာကား။ ။အရှေ့အရပ်ကို အနောက်, အနောက် အရပ်ကို အရှေ့ဟု မျက်စိ လည်ကာ ရပ်ဒိသာ၌ အမှတ် မှားယွင်းကြသောသူတို့သည် နေထွက်ရာ အရပ်ကား အရှေ့ နေဝင်ရာ အရပ်ကား အနောက်ဟု သညာဖြင့် ဖျောက်သော်လည်း မျက်စိလည်မှောက် မပျောက်သလို။ထို့အတူ ဘာဝနာအလုပ်ကို အားမထုတ်သော သူတို့သည် ပစ္စုပ္ပန်ဖြစ်ဆဲ ရုပ်, နာမ်သဘောကို ဘာဝနာ ဉာဏ်ဖြင့် မသိမမြင်ဘဲ ဤသည်ကား ယောကျ်ား, မိန်းမ စသည် မဟုတ် နာမ်,ရုပ် သဘောမျှသာ တည်းဟု သညာဖြင့် ပျောက်အောင် ဖျောက်သော်သည်း မိန်းမ, ယောကျ်ား အမှား တရားများ မပျောက်နိုင်ကြောင်းကို မိမိတို့ကိုယ်တိုင် သိနိုင်ကြပါသည်။ ။ဤသို့ ပျောက်နိုင်ခဲသော အမြင်မှားတို့ကို ပျောက်စေခြင်းငှါ (ပထဝီ) ခက်မာမှု (အာပေါ) စီးယို့ဖွဲ့မှု (တေဇော) ပူမှု-အေးမှု (ဝါယော) ထောက်ကန်

လှုပ်ရှားမှု ဤတရား ၄-ပါးတို့သည် ငါ, သူတပါး, ယောကျ်ား, မိန်းမ စသည်မဟုတ်ဟု နတ်ဖြင့် ရုတ်ဘတ်တတ် သရဏ္ဍာယ် တတ်လျှင် ငါ သည် အမှန်သဘောကိုပေါက်ရောက်ပြီဟု ဝါကြွားသူအား ဘာဝနာ ဉာဏ်မရှိသူတို့က ယုံကြည်သော်လည်း ဘာဝနာဉာဏ်ရှိသေးပညာ ရှိတို့ကမူ မယုံကြည်နိုင်ကြပေ။ ။

## ထို့ကြောင့်။

ပဿော ပဿတိ ပဿန္တံ၊အပဿန္တမ္ပိ ပဿတိ။
အပဿန္တော အပဿန္တံ၊ပဿန္တမ္ပိ နပဿတိ။ ။

ဟုမိန့်အပ်၏။ (ပဿော) ဘာဝနာဉာဏ် အမြင်ရှိသော သူသည်။ (ပဿန္တံ) ဘာဝနာဉာဏ် အမြင်ရှိသောသူကို။ (ပဿတိ) ဤသူကား ဘာဝနာ ဉာဏ်အမြင် ရှိသောသူဟု သိမြင်နိုင် ပေ၏။ (အပဿန္တမ္ပိ) ဘာဝနာဉာဏ် အမြင်မရှိသော သူကိုလည်း။ (ပဿတိ) ဤသူကား ဝိ ပဿနာ ဘာဝနာဉာဏ် အနည်းငယ်မျှမရှိသောသူဟု သိမြင်နိုင်ပေ၏။ (အပဿန္တော)ဘာဝနာ ဉာဏ်အမြင် မရှိသောသူသည်။(အပဿန္တံ ပိ) ဘာဝနာဉာဏ် မရှိသောသူကိုလည်း။(နပဿတိ) ဤသူကား ဘာ ဝနာ ဉာဏ်အမြင် မရှိသူဟု အနည်းငယ်မျှ မရိပ်မိပေ။ (ပဿန္တမ္ပိ) ဘာဝနာ ဉာဏ်အမြင်ရှိသော သူတော် သူမြတ်ကိုလည်း။ (နပဿတိ) ဤသူကား ဘာဝနာဉာဏ်အမြင်ရှိသူဟူ၍ အနည်းငယ်မျှမရိပ်မိပေ။ ။

---

## ဖြစ် ပျက် ထင်မြင် နိဗ္ဗာန်ဝင်ပုံ။

(က) ယတော ယတော သမ္မသတိ၊ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိပါမောဇ္ဇံ၊အမတန္တံ ဝိဇာနတံ။ ။

(ဓမ္မပဒပါဠိတော်။)

(က) (ယတောယတော) အကြင် အကြင် မြင်ဆဲခဏ စသည်တို့၌ ဖြစ်သော ရုပ်နာမ်တပါးပါးဖြင့်။(ခန္ဓာနံ)ရုပ်,နာမ် ၂-ဖြာ ငါးခန္ဓာတို့၏။ (ဥဒယဗ္ဗယံ)ဖြစ် မှုပျက်မှု အစွန်း ၂-ခုကို။(သမ္မသတိ)အထပ်ထပ်ဖြင့် သုံးသပ်ဆင်ခြင်နိုင်၏။(တံတံ) ထိုထိုရုပ်,နာမ်တရားကို။(ဝိဇာနတံဝိဇာ

နန္တာနံ) သုံးသပ် ဆင်ခြင် ထင်မြင်သော အရိယာ ပညာရှိသူတို့အား။ (အမတဉ္စ်)မသေရာမှန်မြတ်နိဗ္ဗာန်လျှင် အဆုံးရှိသော။(ဗိတိပါမောဇ္ဇံ) နှစ်သက် ထန်ပြင်း ဝမ်းမြောက်ခြင်းကို။ (လဘတိ) ဧဧ ပိုင်ပိုင် ရနိုင်ပေ၏။ ။

ဤတွင် ဥဒယဗ္ဗယဉာဏ်ပြီးပြီ။

## ဘင်္ဂဉာဏ်ကိုပြခဏ်း။

(၁) ဤသို့ ရုပ်နာမ်တို့၏ ဖြစ်,ပျက်မှုကို အဖန်ဖန် ရှုပွါးသော(ဥဒယဗ္ဗယ) ဉာဏ်ကို ပိုင်နိုင်စွာ ထင်မြင်ပြီးသော ယောဂီ ရှင်သည်မြင်ဆဲခဏ စသည်တို့၌ဖြစ်သော ရုပ်,နာမ် ပရမတ်တို့၏ အဖြစ်စွန်းကို လွှတ်၍ အပျက် စွန်းသက်သက်ကိုသာ ပျက်၏, ပျက်၏ဟု မထင်, ထင်အောင် ရှုပွါးရမည်။ ။(အပျက်ဉာဏ်မြင်နိဗ္ဗာန်ဝင်မည်)။ ။

### ထို့ကြောင့်။

(က) ဥဒယံ မုဉ္စိတွာ ဝယေဝ အနုပဿနာကာရဝသပဝတ္တံ ဉာဏံ ဘင်္ဂဉာဏံ နာမ။ ။

(ခ) တဿေဝံ ဥပ္ပဇ္ဇိတွာ ဝေံနာမ သင်္ခါရဂတံ နိရုဇ္ဈတိတိ ပဿတော ကောသ္မိံ ဌာနေ ဘင်္ဂါနုပဿနံနာမ ဝိပဿနာဉာဏံ ဥပ္ပဇ္ဇတိ။ ။ အစရှိသဖြင့် အဋ္ဌကထာတို့မှာ လာရှိပေသည်။ ။

(က) (ခန္ဓာဒိနံ)ခန္ဓာစသည်တို့၏။(ဝါ) ရုပ်,နာမ်ခန္ဓာတို့၏။(ဥဒယံ) ဖြစ်ဖြစ်နေမှုကို။(မုဉ္စိတွာ) လွှတ်ထား၍။ (ဝယေဝ)ပျက်ပျက်နေမှု၌သာလျှင်။ (အနုပဿနာကာရဝသပဝတ္တံ) အဖန်ဖန်အထပ်ထပ်။ရှုပွါးတတ်သော အခြင်းအရာ၏။အစွမ်းဖြင့်ဖြစ်သော။(ဉာဏံ) အသိဉာဏ်သည်။ (ဘင်္ဂဉာဏံနာမ) ဘင်္ဂဉာဏ်မည်၏။ (ဝါ) ပျက်ပျက် နေပါတကားဟု ရှုပွါးသိမြင်ခြင်းမည်၏။ ။

(ခ) (သင်္ခါရဂတံ) မြင်ဆဲခဏ စသည်၌။ ဖြစ်ကြသော ရုပ်, နာမ် ဓမ္မ။ သင်္ခါရ အဖြစ်မျှသည်။ (ဧဝံ) ဤလို (ဥပ္ပဇ္ဇိတွာ) ဖြစ်ဖြစ်လာပြီးလျှင် (နိရုဇ္ဈတိနာမ) ပျက်ပျက်နေပါတကား။(ဣတိ) ဤလို။(ဝါ) ဤပုံ။(ပဿ

တော) အပျက်ကိုသာ ရှုပွါးတတ်သော။ (တဿ)ထိုယောဂီမြတ်အား (ဧကေသို ဋ္ဌာနေ) အဖြစ်ဥဒယစွန်းကို လွှတ်၍။ အပျက်ဝယစွန်းကိုသာ နှလုံးသွင်းမှု။ အာရုံပြုမှု။ တရသောအရာ၌။ (ပဝတ္တံ) ဖြစ်သော။ (ဝိပဿနာဉာဏံ) ဝိပဿနာဉာဏ်သည်။ (ဝါ) ပျက်၏,ပျက်၏ဟု။အထူးရှုပွါးသိမြင်မှုသည်။ (ဘင်္ဂါနုပဿနံနာမ) အပျက်စွန်းကိုသာ။ အထပ်ထပ်ရှုပွါးတတ်သော။ ဘင်္ဂါနုပဿနာ မည်သည်။ (ဥပ္ပဇ္ဇတိ) ဖြစ်၏။ ။

(သတိပြုပါ)။

(၂) ဤလို ယခုမြင်ဆဲခဏ ပျက်ပဲ အကြည်သဘော အဆင်း သဘော စိတ်သဘော ၃-ပါးရုံ ရုပ်နာမ်တို့သည် ပျက်ပျက်နေပါတကား ဟု အဖြစ်စွန်းကို လွှတ်၍ အပျက်စွန်းကိုသာ ရှုပွါးသောဉာဏ်ဖြင့် မြင်ကြပါစေ။ ။(အဖြစ်မြင်က အပျက်မြင်ရမည်)။ ။

(၃) ဤလို ဖြစ်ပျက်, ဖြစ်ပျက်တို့ အစဉ် မပြတ် ကပ်ကပ် နှိပ်စက် ညှင်းဆဲလေသောကြောင့်။ (ဒုက္ခဒုက္ခ) တို့ပါတကား။ ။

(၄) ဤလို ဖြစ်, ပျက်မှုတို့ကို တားမြစ်ဝိတ်ပင် ကန့်ကွက်လို့ မရလေသောကြောင့် (အနတ္တ-အနတ္တ)တို့ပါတကား။ ။

(၅) ဤ၌ ရုပ်,နာမ်တို့၏ အဖြစ်စွန်းကို လွှတ်၍ အပျက်စွန်း သက်သက်ကိုသာ ပျက်၏, ပျက်၏ဟု မထင်, ထင်အောင် ရှုပွါး ထင်မြင်မှုသည်။(ဘင်္ဂဉာဏ်)မည်၏။ ။(မြင်ခဲ့စွ)။ ။

(၆) ပျက်၏ဟု ရှုပွါးသော ဉာဏ်စိတ်တို့ကိုလည်း ပျက်၏,ပျက်၏ဟု အဆင့်ဆင့် ရှုပွါးကြပါလေ သူတော်တွေတို့။ ။

(၇) ဤလို အပျက် ကိုသာ ရှုမြင်ရာ၌ ဤအကျင့်သည် နိဗ္ဗာန် ရောက်ကြောင်း အကျင့် ဟုတ်မှန်၏ဟု အကျင့်၌ ဉာဏ် အမြင် စင်ကြယ်လေသောကြောင့် (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ) မည်၏။ ။

(၈) ဤ၌ မြဲ၏ဟူသော အမှတ်သညာကို မမြဲဟု ကိုယ်ပိုင်ဉာဏ် ဖြင့် ပိုင်နိုင်စွာ ပယ်စွန့်နိုင်ခြင်းကြောင့် (ပဟာနပရိညာ)မည်၏။ ။

(ဤလိုသိခဲ့စွ)။

(၉) လက္ခဏာအားဖြင့်ကား (အနိစ္စလက္ခဏာ) မည်၏။ ။

(၁၀) အနိစ္စာနုဿနာလည်းမည်၏ဟု မှတ်ကြပါလေ။ ။

(၁၁) ယခု မြင်ဆဲ ခဏ၌ ဖြစ်ကြသော ရုပ်, နာမ်တို့ကို အပျက် ရှုပွါးနည်းကဲ့သို့ကြွားဆဲခဏစသည်တို့၌ဖြစ်သော ရုပ်,နာမ်တို့ကိုလည်း ဤနည်းကို အစဉ်မှီး၍ ရှုပွါးတတ်ကြ ပါစေသောဝ်။ ။(အပျက်ကို သာမြင်ပါစေ)။ ။

(၁၂) ထင်မြင်ရန် ဥပမာကား ပြခဲ့ပြီးသော နည်းအတိုင်း ရေပေါ်၌ ရေးအပ်သော အရေး အသားတို့သည် ရေးတိုင်း, ရေးတိုင်း ပျက်သည်ကိုသာ မြင်သကဲ့သို့ရှိရင်း။ အပ်ဖျားပေါ်၌ တင်အပ်သော မုံညင်းဆံတို့သည် ခဏခြင်း,ခဏခြင်းလွင့်စင်၍,လွင့်စင်၍ ကျသည်ကိုသာ မြင်ရသကဲ့သို့ရှိရင်း။ လေ,ရေ,မီးလျှံ, လျှပ်စစ် ရောင်တို့သည်လည်း အစဉ်ရုံမြောချုပ်ပျက်ကြသည်ကို မြင်ရသကဲ့သို့ရှိရင်း။ထို့အတူ ပစ္စုပ္ပန်၌ ဖြစ်ပေါ်လာကုန်သော ရုပ်,နာမ်တို့၏ အပျက်စွန်း သက်သက်မျှကိုသာ ဝိပဿနာဉာဏ်ဖြင့် ထင်မြင်အောင် ရှုပွါးကြပါလော။ ။

(၁၃) ဤ ဘင်္ဂဉာဏ်၌ ရုပ်,နာမ်အပျက် သက်သက်ကိုသာ ရှုပွါးရမည်ဆိုသော်လည်း။ ရုပ်နာမ်၏ အဖြစ်ကိုလည်း မြင်ရပေသေး၏။အဖြစ်မမြင်က အပျက်ကို မမြင်နိုင်။ ။

(၁၄) ဥပမာကား။ ။အပ်ချောင်း၌ အပ်ချည်ထိုးသွင်းသောသူသည်။ အပ်ပေါက်ကို အာရုံစိုက်၍ ကြည့်သော်လည်း အပ်နဖားကို မြင်ရသေးသကဲ့သို့ရှိရင်း။ ။

(၁၅) ပန်းချီ ဆေးရေးရုပ်ကို အာရုံစိုက်၍ ကြည့်သောသူသည် အမာခံ,ပိတ်သားကို မြင်ရသေးသကဲ့သို့ရှိရင်း။ ။

(၁၆) ရေပြင်ပေါ်၌ ရှိသော ပြောင်လက်သော ဆီကွက်ကို အာရုံစိုက်၍ ကြည့်သောသူသည် ရေကိုမြင်သကဲ့သို့ရှိရင်း။ ။

(၁၇) ထို့အတူ မြင်ဆဲခဏ စသည်၌ ဖြစ်သော ရုပ်,နာမ်တို့၏ အပျက်စွန်းကို အာရုံပြု၍ရှုသော ယောဂီအားရုပ်,နာမ်၏ အဖြစ်ကိုလည်း မြင်ရသေး၏ ထိုအဖြစ်ကိုမြင်ရသော်လည်း အာရုံစိုက်၍ မရှုပွါးရပေ။

(ဥပမာကိုဂရုပြုကြပါ)။

(၁၈) ဤလို အပျက်သက်သက်ကို ရှုမြင်ပါလျှင် အကျိုး ၈-ပါးနှင့် တကွ (ဘယဉာဏ်,အာဒီနဝဉာဏ်)စသော အထက်ဉာဏ်များကို အ

လိုလိုပင် ထင်မြင် လားပါလိမ့်မည် ကြိုးစား အားထုတ်ကြပါ သူတော်ကောင်းတို့။ ။

## ဘင်ဥာဏ်မြင်က အကျိုးရှစ်ဝရပုံ။

(၁) ဤလို အပျက်စွန်းကိုအဟုတ်ထင်မြင်သူ ယောဂီပြုအား ဘဝ သည် တည်မြဲ၏ဟု ယူမှားသော (ဒိဋ္ဌိ) ကိုပယ်နိုင်ခြင်း။ ။

(၂) အသက်ခန္ဓာ၌ တွယ်တာတပ်မက်နှစ်သက်မှုကို စွန့်နိုင်ခြင်း။

(၃) အခါခပ်သိမ်းဘာဝနာ၌ လွန်စွာမပြတ်အားထုတ်တတ်ခြင်း။

(၄) ယုတ်မာသောအသက်မွေးမှုကိုပယ်၍ စင်ကြယ်စွာအသက်မွေးနိုင်ခြင်း။ ။

(၅) လောကီမှုကိစ္စ၌ ကြောင့်ကြကြီးငယ်တို့ကို ပယ်နိုင်ခြင်း။ ။

(၆) မိမိ ခန္ဓာအတွက် ကြောက်လန့်မှု ဘေးရန် အရပ်မှ ကင်းစင်ရခြင်း။ ။

(၇) ပရမတ် အနိစ္စကို မြင်၍ သည်းခံလျက် အကျင့်၌ မွေ့လျော်ရခြင်း။ ။

(၈) ဘောရရူဘင်ကျင့်၍ လောကီအာရုံ ကာမဂုဏ်၌ မွေ့လျော်မှုများကို ပယ်ရှား နှိပ်နင်းနိုင်ခြင်း ။အားဖြင့်၍ ၈–ပါးသော အကျိုးများကို ရနိုင်ပေ၏။ ။(ဝိသုဒ္ဓိမဂ်)။ ။

---

(က) ဤသို့ ပြခဲ့ပြီးသော ဥဒယဗ္ဗယ ဉာဏ်, ဘင်ဉာဏ် များ၌ အနိစ္စမှန်ကို အဘဲ့ကြောင့် မထင်မမြင်နိုင်ပါ သနည်းဆိုလျှင် ရုပ်,နာမ် တို့၏ ဖြစ်, ပျက် မှုတို့ကို နှလုံးမသွင်းခြင်းကြောင့်၎င်း ဖြစ်ခြင်း အစဉ် သန္တတိ ဖုံးကွယ်နေသောကြောင့်၎င်း မထင်မမြင်နိုင်ပေ။ ။

## ထို့ကြောင့်။

လက္ခဏာနိ ပန ကိဿ အမနသိကာရာ ကေန ပဋိစ္ဆန္နတ္တာ နဥပ ဋ္ဌဟန္တိ။အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိ ယာ ပဋိစ္ဆန္နတ္တာ နဥပဋ္ဌာတိ။ ။ဟု၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌မိန့်အပ်၏။ (အနက်သိလွယ်ပြီ)။

(မှတ်ချက်) မြင်ဆဲခဏ စသည်တို့၌ ဖြစ်သော ရုပ်နာမ်တို့ကို အစဉ်မပြတ် ဖြစ်ပျက် သည်ဟု ထင်မြင်လျှင် ဖြစ်ခြင်း အစဉ် သန္တတိ ဖုံးကွယ်ခြင်းမှ လွတ်ကင်းပြီမှတ်။ ။

(က) ယထာ ပုပ္ဖုဠကံ ပဿေ၊ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊မစ္စုရာဇာ နပဿတိ။ ။

(ဓမ္မပဒပါဠိတော်။)

(က) (ပုပ္ဖုဠကံ)ရေပွက်ကို။(ဝါ)မိုးသီးရေစက်ကြောင့်ဖောင်းပွက်လျက် ဖြစ်ပျက်နေသော ရေပွက်ကို။ (ပဿေယထာ) ဖြစ်၍ပျက်သည်ဟု ရှုမြင်ရာ သကဲ့သို့။ (လောကံ) ခန္ဓာ ရုပ်နာမ်။ ဖြစ်,ပျက် ဟန်ကို။ (ပဿေ) ဖြစ်ပြီး၍သာ ပျက်ပျက်နေပါတကားဟု ဝိပဿနာပညာအားဖြင့် ရှုပွါးရာ၏။ (မရီစိကံ)မျက်လှည့်ကို။ (ဝါ) အလျှံတဟတ်ဟတ် နေပူ တံလျှပ်တွေကို။(ပဿေယထာ) ဖြစ်၍ပျက်သည်ဟု ရှုမြင်ရာသကဲ့သို့။ (လောကံ) ခန္ဓာရုပ်,နာမ်။ဖြစ်ပျက်ဟန်ကို။ (ပဿေ)ဖြစ်ပြီး၍သာ ပျက်ပျက်နေပါတကားဟု ဝိပဿနာပညာအားဖြင့် ရှုပွါးရာ၏။ (ဧဝံ) ဤလို (အဝေက္ခန္တံ)မြင်ဆဲခဏစသည်တို့၌ အပျက်အားဖြင့် ရှုပွါးတတ်သော ယောဂီမြတ်ကို။ (မစ္စုရာဇာ)အနိစ္စညွှင်း မောင်သေမင်းသည်။ (နပဿတိ)မမြင်နိုင်တော့ပေ။ ။(အပျက်နှလုံးသွင်း သေခြင်းကင်း၏)။ ။

ဤတွင်ဘင်ဉာဏ်ပြီးပြီ။

# ဘယဉာဏ်ကို ပြခဏ်း။

(၁) ဤသို့ ပစ္စုပ္ပန် မြင်ဆဲခဏ စသည် တို့၌ ဖြစ်ကုန်သော ရုပ်, နာမ် ဓမ္မ သင်္ခါရ တို့၏ အပျက်ကို ရှုမြင်သော ယောဂီမြတ်အား ထိုပျက်တိုင်း,ပျက်တိုင်း အသစ်,အသစ် ဖြစ်ပေါ်,ဖြစ်ပေါ်လာပြန်၍ အစဉ်မပြတ် ကပ်ကပ်နှိပ်စက်လှ ပေ၏တကား ဟူသော(ဘယဉာဏ်)သည် အလိုလိုပင် ထင်မြင်လာပေ၏။ ။

(၂) ဤသို မြင်ဆဲခဏစသည်တို့၌ ဖြစ်ပေါ်လာကုန်သောရုပ်,နာမ် တို့၏ အပျက်သဘောတို့ကို ထင်မြင်လျက် ဘင်ဉာဏ် ရင့်သန်လာ၍

ဖြစ်ပြီးလျှင် ပျက်,ပျက်ပြီးလျှင် တဖန်ဖြစ်ပြန် သောကြောင့် အစဉ်မပြတ် ညှင်းဆဲနေသော ရုပ်,နာမ် တို့၏ နှိပ်စက်ဟန်ကို သည်းမခံနိုင်အောင် ထင်မြင်သော ယောဂီရှင်အား ဖြစ်ပေါ်လာ တိုင်းသော ရုပ်,နာမ်တို့ကို နှစ်သက်သာယာမှု မရှိတော့ဘဲအမြဲမပြတ်ချုပ်,ပျက်ကုန်ဆုံးမှုကြောင့် အဆင်းအာရုံ စသည်တို့၌ ကြည့်ရှုမှု စသည်တို့ကို ပြုရသော်လည်း ကြည့်ပြုမှုကျေးဇူးမနပ်။ ကြည့်ပြုကျိုးမပြီး။ပဲကြီးစေ့ သွန်ကောက်သည့် နည်းလို အချည်းနှီးအလကား အလဟဿတို့သာတည်းဟု ဉာဏ်မြင် သဖြင့် မြင်တိုင်း, မြင်တိုင်းသော ခဏတို့၌ဖြစ်ကြသော ရုပ်,နာမ်တို့မှာ ဆင်းရဲပင်ပန်းရုံ မျှသာ ပါတကား ကြောက်လန့်စရာဘေးမျှသာ ပါတ ကားဟုဉာဏ်ဖြင့်မြင်အောင် ရှုပွါးကြရာ၏။ ။

(၃) ထိုသို့ ဖြစ်,ပျက်မှု ဘေးရန်ဗုတို့မှ မလွတ်မကင်းနိုင် သော ကြောင့် ယခုမြင်ဆဲခဏ စသည်တို့၌ဖြစ်ကြသော ရုပ်,နာမ်ဓမ္မ သင်္ခါရ သဘောတရားတို့သည် အတိုင်းမသိသော ဘေးရန်ဆင်းရဲ အမျိုးမျိုး တို့ဖြင့် မရပ်မနား ဖြစ်စေတတ်သောကြောင့် ကြက်သီး ကျောချမ်းမှု လွန်မင်းစွာ ကြောက်လန့်ဘွယ်ကြီး ပါတကား ဟူသော ဘယဉာဏ် သည်မြင်တိုင်းကြားတိုင်းစသည်တို့၌ အစဉ်မပြတ်ထင်မြင်လာပေ၏။

(အပျက်ဉာဏ်မြင် ဘေးရန်ထင်၏)။

(၄) ဤလို ပစ္စုပ္ပန် ကာလ၌ ကြောက်လန့်ဘွယ် ဘေးရန်ကြီးဟု ဉာဏ်မြင်သလိုပင် အတိတ်,အနာဂတ် ကာလတို့၌လည်း လွယ်ကူစွာ ထင်မြင်လာကုန်၏။ ။

## ထို့ကြောင့်။

(က) အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတေ နိဗ္ဗတ္တနကသင်္ခါရာပိ ဧဝမေဝ နိရုဇ္ဈိဿန္တီတိ ပဿတော ဘယတုပဋ္ဌာ နဉာဏံ နာမ ဥပ္ပဇ္ဇတိ။ ။(ဝိသုဒ္ဓိမဂ်)။ ။

(က) (အတီတာ) ရှေးအတိတ်က ဖြစ်ကုန်သော။ (သင်္ခါရာ) ရုပ်, နာမ် ၂-ပါး။ သင်္ခါရတရားတို့သည်။ (နိရုဒ္ဓါ)ဖြတ်ခဲ့, ဖြုတ်ခဲ့။ ချုပ် ပျောက် ပျက်စီးခဲ့လေကုန်ပြီ။ (ပစ္စုပ္ပန္နာ) ယခုဖြစ်ဆဲ ပစ္စုပ္ပန်၌ ဖြစ်ကုန်

သော။ (သင်္ခါရာ)ရုပ်,နာမ် ၂-ပါး။ သင်္ခါရတရားတို့သည်။ (ဝါ)မြင်ဆဲခဏ စသည်တို့၌။ ဖြစ်ပေါ်လာကုန်သော ရုပ်,နာမ် ၂-ပါး။ သဘောတရားတို့သည်။ (နိရုဇ္ဈန္တိ) မြန်စွာ ပြုန်းတီး။ရေရေးနည်းလို။ ချုပ်ဆုံးပျက်စီးကြလေကုန်၏။ (အနာဂတေ) နောက်နှောင်းသမယ။ အနာဂတ်ကာလ၌။ (နိဗ္ဗတ္တနကသင်္ခါရာပိ) ဖြစ်ပေါ်လတ္တံ့သော ရုပ်,နာမ် ၂-ပါး။ သင်္ခါရတရားတို့သည်လည်း။ (ဝေမေဝ) အတိတ်,ပစ္စုပ္ပန်။ ဤ ၂-တန်သော ရုပ်,နာမ် ဓမ္မ။သင်္ခါရအတူလိုပင်။ (နိရုဇ္ဈိဿန္တိ)မြန်စွာပြုန်းတီး၊ တံလျှပ်,ရေ,မီး တို့လို။ ချုပ်ပျောက် ပျက်စီးကြကုန် လတ္တံ့ သတည်း။ (ဣတိ)ဤလို။ (ပဿတော) ခြင်္သေ့,သစ်,ကျား။ ဘီလူးများနှင့်။ ၃-ပါးမီးကြီး။ ၃-စီးတံကျင်။ ကားစင် သားသတ်။ ပုံတွေ့မှတ်၍။ ကြောက်လန့်စွာ ရှုပွါးတတ်သော ယောဂီမြတ်အား။(ဧကေသ္မိံ ဌာနေ)တခုသော ဘင်္ဂဉာဏ အရာ၌။ (ပဝတ္တံ) ဖြစ်သော။ (ဉာဏံ) ကြောက်လန့်ဘွယ်ကို သိမြင်တတ်သော ဉာဏ်သည်။ (ဘယတုပဋ္ဌာနဉာဏံနာမ) ကြောက်ဘွယ် ကျောချမ်း။ ဘေးဘယမ်းဟု တွေးမှန်းခါ ရှုပွါး ထင်မြင်သော ဉာဏ်မည်သည်။ (ဥပ္ပဇ္ဇတိ)ဖြစ်ပေါ်လာ၏။ ။

(ရုပ်,နာမ်၌ ဘေးကြီးထင်ပါစေ)။

(၅) ဤဉာဏ်၌ စင်စစ်ကား မကြောက်ပေ ကြောက်လန့် ဘွယ်ကြီးဟု ပညာဖြင့် နှိုင်းယှဉ်ခြင်း မျှသာတည်း။ ထို့ကြောင့် (တီရဏမတ္တမေဝ ဟောတိ) ဟုမိန့်အပ်ပေ၏။ ။

---

## ဘယဉာဏ် ထင်မြင်ရန် ဥပမာ။

(၁) ဤလောက၌ အသက်ရှည်ကြာ ချမ်းသာစွာ နေလို၍ လွန်စွာ ကြောက်လန့် တတ်သောသူသည် ခြင်္သေ့ သစ်,ကျား, ဝံ,အောင်းများနှင့် သားရဲ, ဘီလူး, စွယ်ပြူးရက္ခိုသ်, ခွေးမိုက်, နွားကြမ်း, ဆင်,မြင်းကြမ်းတို့ဖြင့် ရောပြွမ်းသော တောကြီး အတွင်း၌ဂုင်း။ ကြောက်ဖွယ် မြွေဆိုး မိုးယံကြိုး စစ်တလင်း မီးကျိုး တွင်းနှင့် သူသခန်, ဘေးရန် ထူပြောရာ ၌ဂုင်း။ ရောက်သည့် နေရာ တွေ့ဆဲ မှာလည်း လွန်စွာ ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့် တောအုပ်,သုသာန် ဤနေရာတို့မှ မလွတ်

ရသေးသမျှ ငါ့အား ဧကန်မုချ ဘေးရန်များတွေ့ရဦးမည် အမှန်ပါတကား ဟုကြံတွေးဆင်ခြင်တိုင်းမှာ လွန်စွာကြောက်ရွံ့တုန်လှုပ် နေကြရ သကဲ့သို့။ ထို့အတူ ယောဂါဖြစ်တို့ သည်လည်း ယခုပစ္စုပ္ပန် မြင်ဆဲ, ကြားဆဲခဏ စသည်တို့၌ ဖြစ်သော ရုပ်,နာမ်တို့၏ ဖြစ်,ပျက် ဆင်းရဲ ညှဉ်းဆဲနှိပ်စက် ခံနေရသောကြောင့် ဩော်–ယခုပစ္စုပ္ပန် မြင်ဆဲခဏ စသည်တို့၌ ဖြစ်ကြသော ရုပ်,နာမ်တို့သည် ကြည့်မြင်ရင်း, နားထောင်ရင်းခဏတို့၌ပင် ဖြစ်ပြီးလျှင် ပျက်,ဖြစ်ပြီးလျှင် ပျက်–ပျက်သွားသဖြင့် ပြုကျေးဇူးမနပ်။ အထပ်ထပ် ကင်၍, ကပ်၍ ညှဉ်းဆဲလေသောကြောင့် ဆင်းရဲလေစွတကား, ဆင်းရဲလေစွတကား။ နောင် အနာဂတ်ကာလမှာလည်း ရုပ်,နာမ်ဝဋ္ဋ။သင်္ခါရနယ်အတွင်းကမလွတ်ကင်းရသေးသမျှ တို့မှာ၍ဆင်းရဲအတူလျှင် ဖြစ်ပျက်, ဖြစ်ပျက် တို့ဖြင့် ကပ်ကပ်နှိပ်စက် ညှဉ်းဆဲဦးမည် ဖြစ်သောကြောင့် ကြောက်လန့်ဘွယ်ဘေးရန်ဆိုးကြီးများမှ မလွတ်ရသေးပါတကား စသဖြင့်ကာလ ၃–ပါးလုံးတို့၌ ဖြစ်ကြသော ရုပ်,နာမ် ဝဋ္ဋ သင်္ခါရတို့၏။ (ဝါ)မြင်ဆဲခဏစသည်တို့၌ ဖြစ်ကြသော။ (ဝါ)ကာမ,ရူပ,အရူပ ဘုံတို့၌ ဖြစ်ကြသော ရုပ်,နာမ်ဝဋ္ဋ သင်္ခါရတို့၏။ ချုပ်ပျက် ကုန်ဆုံးမှု သဘော အဘပ်ထပ် ဖြစ်ပေါ်လာမှု သဘောချင်းတူမျှကြပုံကို ဉာဏ်စွမ်းကုန်မြင်သဖြင့် အတိုင်းထက်အလွန် ထူးထူး ချွန်ချွန် ဘေးရန်များကို ကြောက်လန့်ဘွယ်ကြီးဟူ၍ရင်း, ထူပြောသော ရန်သူတော်ကြီး ပါတကားဟူ၍ရင်း ဥပမာအားဖြင့် ထင်ရှားစွာ သိမြင်ကြကုန်ရာ၏။ ။

(က) ရုပ်, နာမ် ဖြစ်ပျက်၊ ဤ ၂–ချက်၊ နှစ်သက်ဘွယ်ရာ မရှိပါတကား။ ။

(ခ) ရုပ်,နာမ်ဖြစ်သော၊ဘုံသုံးတွေ့၊နေချင်စရာမကောင်းပါတကား။

(ဂ) ရုပ်,နာမ် ၂–ခု ဘေးရန်ရကြီးပါတကားဟု ရှု။ ။

(ဃ) ရုပ်,နာမ် ပျက်မြင်၊ဘေးကြီးထင်မည်မှတ်။ ။

(၂) ဤလို ဘေးကြီး ဟု ထင်မြင်ခြင်း သည်ပင် (ဘယဉာဏ်) မည်၏။ ။

(၃) ဝိသုဒ္ဓိအားဖြင့် (ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ) မည်၏။ ။

(၄) မြဲ၏ ချမ်းသာ၏ ဟူသောအမှတ် သညာကို ကိုယ်ပိုင်ဉာဏ်ဖြင့်ပယ်နိုင်သောကြောင့် (ပဟာနပရိညာ) မည်၏။ ။

(၅) လက္ခဏာအားဖြင့် (ဒုက္ခလက္ခဏာ)မည်၏။ ။

ဤတွင်ဘယဉာဏ်ပြီးပြီ။

---

# အာဒီနဝဉာဏ်ကို ပြခဏ်း။

(၁) ဤဘယဉာဏ်ကို အဖန်ဖန် အထပ်ထပ် ကြောက်လန့်ဘွယ်ဟုထင်မြင်အောင် ရှုပွါးအားထုတ်ပြီးသော ယောဂီ မြတ်အား ယခုမြင်ဆဲခဏ စသည်တို့၌ ဖြစ်ကြသော ရုပ်, နာမ်ဓမ္မ သင်္ခါရတို့ကား ဆင်းရဲကြောင်းအစစ် ဘေးရန် အပြစ်တို့ပါတကားဟု အလိုလိုအားဖြင့် ထင်ရှားစွာ သိမြင်လာလေ၏။ ။(ပျက်ဘေးဉာဏ်ထင် အပြစ်မြင်၏)။ ။

(၂) ဉပမာ အားဖြင့် အသက် ရှည်ကြာ ချမ်းသာစွာ နေလိုသူမှာ လွန်စွာ ကြောက်စရာ လေးမျက်နှာမှ ပိုင်းကာလိုက်ငြား ခြင်္သေ့, သစ်, ကျား သားရဲ, ဘီလူး ရန်သူမှူးနှင့်ဟူးဟူးမီးကျီးစောင့်ဆည်းခဲးမြ စစ်တိုက်ကြသည်များကို တွေ့မြင် ခဲ့သည်ရှိသော် ဘအော်အော်ကြောက်လန့်၍ မရှွင်လမ်းဘဲ ဘေးရန်အပြစ်ကြီးဟု ထင်သကဲ့သို့။ ထို့အတူ ယောဂီဖြူသည် မြင်ဆဲခဏစသည်တို့၌ ဖြစ်ပေါ်လာကုန်သောရုပ်,နာမ်ဓမ္မတို့၌ဆင်းရဲကြောင်းအပြစ်ကြီးတွေပါတကား,ဆိုးရွားလှပါတကားဟု ထင်မြင်လာ၍ ထိုထိုဘုံဘဝ ယောနိ, ဂတိ စသည်တို့၌ ကိုးကွယ်ပုန်းအောင်း ခိုကိုးရာ မမြင်သဖြင့် အဆင်းအာရုံ စသည်တို့ကိုလည်း တောင့်တလိုချင် ခင်မင်တွယ်တာသာယာမှုတို့မှ ကင်းစင်သောဉာဏ်အမြင်သည် (အာဒီနဝ) ဉာဏ်မည်၏။ ။(ထင်မြင်ခဲ့စွ)။ ။

## ထို့ကြောင့်။

(က) ဝေမေဝါယံ ယောဂါဝစရော ဘင်္ဂါ နုပဿနာ ဝသေန သဗ္ဗသင်္ခါရေသု ဘယတော ဉပဋ္ဌိတေသု သမန္တတော နိရသံ နိရဿာဒံ အာဒီနဝမေဝ ပဿတိ။ တဿေဝံ ပဿတော အာဒီနဝ ဉာဏံ နာမ ဉပ္ပန္နံ ဟောတိ။ ။အစရှိသဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာရှိပေသည်။ ။

(က) (ဝေမေဝ ဇံတာထာ) ဤသို့ ခြင်္သေ့, သစ်,ကျား စသည်များကိုမြင်၍ကြောက်သီးတဖျန်းဖျန်း။ကျောချမ်းချမ်းနှင့်။မလန်းမချို။ကြောက်လန့်ဘိသကဲ့သို့သာလျှင်။(အယံယောဂါဝစရော)ဤမြင်ဆဲခဏစသည်တို့၌ ရှုပွါး ထင်မြင်သော။(ယောဂီ)ရှင်သည်။(ဘင်္ဂါနုပဿနာဝသေန) မြင်ဆဲခဏ စသည်တို့၌ ဖြစ်သော ရုပ်,နာမ်ဓမ္မ။ သင်္ခါရတို့၏။ အပျက်ကို အာရုံပြု၍။အဖန်ဖန်အထပ်ထပ်။ရှုပွါးတတ်သည်၏ အစွမ်းအားဖြင့်။ (သဗ္ဗသင်္ခါရေသု) ဘုံ ၃၁–ဖြစ်ဖြစ်သမျှ။ အလုံးစုံသောသင်္ခါရတို့သည် (ဘယတော) ကြောက်ချေး ပါအောင်။ ကြောက် ဘွယ် ဆောင်ပွါး။ ခြင်္သေ့,သစ်,ကျား။ ဘီလူး သားရဲ စသော ဘေးရန်များနှင့်။ တူလှပါတကားဟူ၍။(ဥပဋ္ဌိတေသု) ယောဂီဉာဏ်ဝမှာ။ ထင်မြင်လာကုန်သည်ရှိသော်။(သမန္တတော) လုံးစုံဒိသာ။ ဆယ်မျက်နှာမှ။ (နိရသံ) နှစ်သက်တွယ်တာ။ သာယာဘွယ်မရှိသော။(နိရဿာဒံ) သက်သာတို့ရာ။ ဘာတခုမျှ၊ အကြောင်းရှာမရသော။ (ဝါ) သက်သာဘို့လမ်း မရှိသော။ (အာဒီနဝမေဝ) ဘေးရန်ထုစစ်။ ဆင်းရဲညှင်းဆဲဘို့အပြစ်တွေကိုသာလျှင်။(ပဿတိ) အပျက်ထင်၍။ အပြစ်မြင်လာတော့၏။ (ဇံ) ဤနည်းအတိုင်း။ (ပဿတော)မကြံမတွေးဘဲ။ အမှန်အပြစ်ဘေးကြီးကို ရှုမြင်တတ်သော။ (တဿ) ထိုယောဂီ မြတ်အား။(အာဒီနဝဉာဏံနာမ) ရုပ်,နာမ်တို့၏ မကောင်းစင်စစ် အပြစ်တွေကိုသာ။ရှုမြင်တတ်သော ဉာဏ်မည်သည်။ (ဥပ္ပန္နံ) အလိုလိုဖြစ်ပေါ်သည်။(ဝါ)မကြံမဆဘဲ။ အမှန်ရလာသည်၊(ဟောတိ)ဖြစ်၏။ ။(အထပ်ထပ်ဘတ် စဉ်းစားတတ်စေ)။

(၃) ဤလို မြင်တိုင်း,ကြားတိုင်း, နံတိုင်း,စားတိုင်း, တွေ့တိုင်း, ကြံစီတိုင်း, ရှုတိုင်း,ရှုဘ်တိုင်း ခဏ စသည်တို့၌ ဖြစ်ပေါ်လာကြသောရုပ်, နာမ်ဓမ္မ သင်္ခါရတရားတို့၏အပြစ်, အပျက်ဘေး အပြစ်တွေကိုထင်မြင်လာသော ဝိပဿနာ ပညာသည်။ (အာဒီနဝဉာဏ်) မည်၏။ ။

(အပြစ်မြင်ခဲ့ပွ)။

(၄) ဤလို အာဒီနဝ ဉာဏ် ဖြစ်ပေါ်လာသောအခါ ရုပ်, နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်မှုဥပါဒ်ဆင်းရဲ ဖြစ်စဉ်ဆင်းရဲ ဖြစ်ကြောင်းကံ, ဆင်းရဲ ဖြစ်မှုပဋိသန္ဓေ ဆင်းရဲတို့ကား အပြစ်ဖြစ်ကြောင်းတို့ပါတကား ထို

၅-ပါးတို့၏ကင်းရာ နိဗ္ဗာန်ကား လွန်စွာချမ်းမြေ့လှ၏တကား ဟူသော ဉာဏ်သည် အလိုလိုပင် ဖြစ်ပေါ်လာလေတော့၏။ ။

(မဖြစ်လျှင်မြေ ဖြစ်လျှင်ဘေး)။

## ထို့ကြောင့်။

(က) ပဋိသင်္ခါဒီမဂ် ဝိသုဒ္ဓိမဂ် ကျမ်းတို့၌။ ။ဥပ္ပါဒေါ ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။ ဥပ္ပါဒေါ ဘယံ၊အနုပ္ပါဒေါ ခေမံ။ ပဝတ္တံ ဘယံ၊အပဝတ္တံခေမံ။ နိမိတ္တံ ဘယံ၊ အနိမိတ္တံ ခေမံ။ အာယူဟနာ ဘယံ အနာယူဟနာ ခေမံ၊ ပဋိသန္ဓိ ဘယံ၊ အပ္ပဋိသန္ဓိ ခေမံတိ၊ ။ အစရှိသဖြင့် ဟောပြဒိန့်မှာတော် မူကြပေသည်။ ။

(က) (ဥပ္ပါဒေါ)သင်္ခါရတို့၏ ဖြစ်ပေါ်လာမှုသည်။(ဘယံ)ကြောက်လန့်ဖွယ်။ ဘေးအပြစ်ကြီးသာတည်း။ (ဣတိ) ဤသို့။ (ဘယတုပဋ္ဌာနေ) ကြက်သီးကျောချမ်း။ကြောက်လန့်ခမန်း၊ ဘေးဘယမ်းအဖြစ်ဖြင့်။ သင်္ခါရတို့ကို ထင်မှု၌။ (ပဝတ္တာ) ဖြစ်သော၊(ပညာ)အပြားအားဖြင့် သိမြင်ခြင်းသည်။(အာဒီနဝေဉာဏံ) အာဒီနဝ ဉာဏ်မည်၏။ (ဝါ) အပြစ်ဒေါသ။အာဒီနဝအာရုံ၌ဖြစ်သော ဉာဏ်မည်၏။ ။(ဥပ္ပါဒေါ)ရုပ်,နာမ် အသစ်,အသစ်။ဖြစ်,ဖြစ်နေမှုသည်၊ (ဘယံ) ကြောက်လန့်စရာ။ဘေးရန်ကြီးသာတည်း။ (အနုပ္ပါဒေါ) ယခုပဋ္ဋုပ္ပန်ပျက်သော ရုပ်,နာမ်မှ နောင်တဖန်အသစ်။ဘယ်တော့မှ မဖြစ်ဘဲ တည်နေမှုသည်။(ခေမံ) ဘေးရန်ကင်းကွာ။ နိဗ္ဗာန်သာတည်း။ ။(ပဝတ္တံ) သန္တေကစ။ရတိကျအောင်။ သင်္ခါရတို့၏။ မပြတ်မလပ်။ အထပ်ထပ် ဖြစ်ဖြစ် နေမှုသည်။ (ဘယံ) တုန်လှုပ်ကျောချမ်း။ ဘေးဘယမ်းကြီးသာတည်း။ (အပဝတ္တံ) မြင်ဆဲရုပ်နာမ်ပျက်ပြီးနောက်ဆက်စပ်၍ အသစ်မဖြစ်မှုသည်။(ခေမံ)ဘေးရန်ငြိမ်းရာ။နိဗ္ဗာန်သာတည်း။(နိမိတ္တံ) သုံးတန်ကာလ။ သင်္ခါရ နယ်နိမိတ်သည်။ (ဘယံ) ကြောက်လန့်ခမန်း။ ဘေးဆိုး ကြမ်းကြီးသာတည်း။ (အနိမိတ္တံ) ကာလ ၃-ရပ်၌။ သင်္ခါရ နယ်နိမိတ် ကင်းပြတ်မှုသည်။ (ခေမံ)ဘေးဆိုးကြမ်းကွာ။မြေချမ်းသာရာ။နိဗ္ဗာန်သာတည်း။(အာယူဟနာ) နောင်သန္တေ တည်ကြောင်း။ ဆိုးကောင်း ၂-တန်။ အားထုတ်ပြန်သော ကံသည်။ (ဘယံ) ခြသေ့်,သစ်,ကျား။ဘေးရန်များနှယ်။ ကြောက်လန့်ဘွယ်ကြီးသာတည်း။ (အနာယူဟနာ)သန္တေတည်ရန် အကြောင်း

ကံကို၊ မကြံမလုပ်။ အားမထုတ်မှုသည်။ (ခေမံ) ဘေးရန် ကင်းစင်။ နိဗ္ဗာန်ပင်တည်း။(ပဋိသန္ဓိ) ဘ၀၀င်မြစ်။ သန္တေညစ်၌။ အသစ်အသစ်။ ဖြစ်,ဖြစ်နေရမှုသည်။ (ဘယံ) အနိစ္စသေခြင်း။မလွတ်ကင်း၍။ ထန်ပြင်း လောင်မီး။ ကြောက်လန့်ဘွယ် ဘေးကြီးသာတည်း။ (အပဋိသန္ဓိ)ဘ၀ ၀င်မြစ်။ သန္တေညစ်၌၊ အသစ်, အသစ်။ ဘယ်တော့မှ မဖြစ်ပေါ်ရခြင်း သည်။(ခေမံ) အို,နာ,သေရေး။ဇာတိ စသောဘေးတွေမှ၊ ကင်းဝေးရာ မှန်။ မြတ်နိဗ္ဗာန်အစစ်ကြီးသာတည်း။ ။

(၄) ဤ အာဒိန၀ဉာဏ်၌ (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ) မည်၏။ ။

(၅) မြဲ၏, ချမ်းသာ၏, အစိုးရ၏ ဟူသော အမှတ်သညာတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်နိုင်စွာ ပယ်နိုင်သော ဉာဏ်ဖြစ်၍ (ပဟာနပရိ ညာ) မည်၏။ ။

(၆) လက္ခဏာအားဖြင့်ကား (ဒုက္ခလက္ခဏာ) မည်၏။ ။

(အထူးသတိပေးမှာထားချက်)။

(၁) ဤသို့ပြဆိုခဲ့သော ဘယဉာဏ်,အာဒိန၀ဉာဏ်တို့ဖြင့် သိမြင် အပ်သော ဘုံသုံးပါး၌ဖြစ်သော ရုပ်,နာမ် တရားတို့၏ ဆင်းရဲဒုက္ခမှန် ကို အဘယ့်ကြောင့် မထင်မြင်ကြပါသနည်းဟု မေးငြားအံ့။ ဖြစ်ခြင်း,ပျက် ခြင်းတို့ဖြင့် အစဉ်မပြတ် အထပ်ထပ် ကပ်၍နှိပ်စက် နေမှုတွေကို နှလုံး မသွင်းခြင်းကြောင့်၎င်း သွားခြင်း,ရပ်ခြင်း စသော ဣရိယာပုထ်တို့ဖြင့် ဖုံးလွှမ်း,ကာကွယ်နေ ကြသော ကြောင့်၎င်း မထင်မမြင်နိုင်ကြ ကုန် ဟုဖြေ။ ။

ထို့ကြောင့်။

(က) ဒုက္ခလက္ခဏံ အဘိဏှ သမ္ပဋိပီဠနဿ အမနသိကာရာ ဣရိ ယာပထေဟိ ပဋိစ္ဆန္နတ္တာ နဥပဋ္ဌာတိ။ ။အစရှိ သဖြင့် ဝိသုဒ္ဓိမဂ်၌ မိန့်တော်မူ၏။ ။(အနက်လွယ်ပြီ)။ ။

(၂) သွားခြင်း,ရပ်ခြင်း, ထိုင်ခြင်း,လျောင်းခြင်း,ကွေးခြင်း,ဆန့်ခြင်း စသော ဣရိယာပုထ်တိုင်း ဆင်းရဲသည်, နှိပ်စက်သည်ဟု ထင်မှတ် လျှင် (ဣရိယာပထ) ဖုံးကွယ်ခြင်းမှ လွတ်ကင်းပြီမှတ်။ ။

(မှတ်ချက်) ဤဉာဏ်ကို ပိုင်နိုင်စွာရလိုလျှင် အဖြစ်အပျက်ကို နာနာရှုပါ) ။

ဤတွင် အာဒိန၀ဉာဏ်ပြီးပြီ။

# နိဗ္ဗိဒါဉာဏ်ကိုပြခဏ်း။

(၁) ဤသို့ ပြဆိုခဲ့ပြီးသော ရုပ်,နာမ် ဓမ္မ သင်္ခါရတို့၏ ဖြစ်,ပျက် ဖန်ဖန်နှိပ်စက်ပြန်သည့် ဘေးရန်အပြစ်တို့ကို ဖြစ်,ပျက်ထင်ထင်ဉာဏ် ဖြင့်သိမြင်ပြီးသူ ယောဂီပုဂ္ဂိုလ်အား ဘုံ ၃-ပါးတို့၌ ဖြစ်ကုန်သောရုပ်,နာမ် တရားတို့တွင် တပုံတခုသော သင်္ခါရဓမ္မကိုမျှ အားကိုးအားထားစရာ ကိုးကွယ်မှီခိုစရာ မရမရှိသည်ကို ရှုမြင်လာ၍ ယခုမြင်ဆဲခဏစသည် တို့၌ ဖြစ်ကြသော ရုပ်,နာမ် ဓမ္မ သင်္ခါရတို့၌လည်း ဖြစ်ပြီးပျက်,ဖြစ်ပြီး ပျက် တို့ဖြင့် အထပ်ထပ်နှိပ်စက်လျက် ဘေးရန် အပြစ်သက်သက်တို့ ပါတကားဟု ဉာဏ်အား ထင်ထင် ရှုမြင်သည် ရှိသော် ကြည့်ရှု, နား ထောင် စားသောက်ရခြင်း စသည်တို့၌ ပျင်းမုန်း,ငြီးငွေ့,မရွှင်မပျော်, မမွေ့လျော်နိုင်သော ဉာဏ်သည် (နိဗ္ဗိဒါ)ဉာဏ် မည်၏။ ။

(ရုပ်,နာမ်တို့ကို မုန်းအောင်ရှုပါ)။

## ထို့ကြောင့်။

(က) ဒိဋ္ဌေသု အာဒီနဝေသု နိဗ္ဗိဒါကာရဝသပ္ပဝတ္တံ ဉာဏံ နိဗ္ဗိဒါ ဉာဏံနာမ။ ။ဟုကျမ်းဂန်ဒေသနာ လာရှိပေသည်။ ။

(က) (အာဒီနဝေသု) ဖြစ်,ပျက် တန်တန်။ နှိပ်စက်ပြန်သည့်။ ဘေး ရန်အပြစ်ဟူ သမျှတို့ကို။(ဒိဋ္ဌေသု)တပုံတခု။အားကိုးစရာမရမှုကြောင့်။ တေဘုမ္မက။သင်္ခါရအပုတို့မှ။ ပျင်းမုန်းငြီးငွေ့သော အားဖြင့်။ရှုမြင်အပ် ကုန်သည်ရှိသော်။ (နိဗ္ဗိဒါကာရဝသပ္ပဝတ္တံ) ပျင်းမုန်း ငြီးငွေ့။မပျော်မွေ့ သော အခြင်းအရာ၏ အစွမ်းအားဖြင့် ဖြစ်သော။ (ဉာဏံ) အသိဉာဏ် သည်။ (နိဗ္ဗိဒါဉာဏံ နာမ) နိဗ္ဗိဒါဉာဏ် မည်၏။(ဝါ)နိဗ္ဗိဒါဉာဏ်မည် သည်။(ဟောတိ)ဖြစ်၏။ ။

(ရုပ်,နာမ် ပြစ်မြင် မုန်းမည့်ပင်)

(၂) ဥပမာအားဖြင့်ကား စိတ္တကုန့်တောင်ခြေ ကြာအိုင်ရေ၌ ပျော် ရွှင်နေရသော ရွှေဟင်္သာမင်းသည် နွန်းစဘွားရွာအထွက် မစင်ဘွက် ထဲ၌ မနှစ်သက်နိုင်သကဲ့သို့ရင်း။ ။

(၃) ဟေမဝါအတွင်းမှာ ပျော်မွေ့နေသော ကေသရာဇာ ခြင်္သေ့

မင်းကြီးသည် နန်းတော်အတွင်းရွှေချိုင့်မှာ သွတ်သွင်း၍ ကောင်းမွန်စွာ ထားပါသော်လည်း မပျော်မွေ့နိုင်သကဲ့သို့ရှင်း။ ။

(၄) ဟိမဝန္တာ ဆဒ္ဒန်အိုင်မှာ ပျော်မွေ့စွာ နေရသော ဆဒ္ဒန်ဆင်မင်းကြီးသည် နေပြည်တော်မှာ စားနပ်ရိက္ခာ ရတနာတို့ဖြင့် ကောင်းစွာမွေးမြူ ထားပါသော်လည်း မပျော်မွေ့နိုင်သကဲ့သို့ရှင်း။ ။

(၅) ထို့အတူ ယောဂီပုဂ္ဂိုလ်သည် မြင်ဆဲခဏ စသည်တို့၌ ဖြစ်ကြသော ရုပ်,နာမ် ဓမ္မ သင်္ခါရတို့၏ ဖြစ်, ပျက်မလစ် မပြတ်မစဲ ထပ်တလဲလဲ နှိပ်စက်မှု ဘေးရန် အပြစ်ဒုတွေကို ဉာဏ်ဖြင့်မြင်၍ ထိုထိုရုပ်, နာမ် သင်္ခါရတို့၌ မပျော်မွေ့ နိုင်ဘဲ။ (ဝါ) မကြည့်လို, နားမထောင်လို, မနမ်းရှုလို, မစားသောက်လို, မတွေ့ထိလို, မသွားလို, မရပ်လို, မထိုင်လို,မအိပ်လို, မကွေးလို, မဆန့်လို, မလှမ်းလို,မရှုလို, မရှိုက်လို, စကားမပြောလို, မကြံစည်လို, ဒါန,သီလ,ဘာဝနာ စသော ကုသိုလ်ကို မပြုလို, အကုသိုလ် စသည်တို့ကိုလည်း မပြုမလုပ်လို, မပျော်ရွှင်နိုင်ဘဲ နောက်ထပ် ရုပ်,နာမ် အသစ်တဖန် ဖြစ်လတ္တံ့သော။ (ဝါ) ဘေးရန် အပြစ်တို့မှ စင်စင် ကင်းရာ နိဗ္ဗာန်သာ၌သာ မွေ့လျော် ပျော်ပိုက် လေတော့၏။ ။

(ရုပ်,နာမ် ၌ ပျင်းမုန်းကြပါစေ)။

(၆) ဤနိဗ္ဗိဒါဉာဏ်၌ ဝိသုဒ္ဓိအားဖြင့် (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ) မည်၏။ ။(သစ္စာသိမြင် ကျင့်ဉာဏ်စင်၏)။ ။

(၇) ပရိညာအားဖြင့် အပိုးရ၏, အလိုသို့လိုက်၏ ဟူသောအမှတ်သညာကို ကိုယ်ပိုင် ဉာဏ်ဖြင့် ပယ်နိုင်သောကြောင့် (ပဟာနပရိညာ) မည်၏။ ။

(၈) လက္ခဏာအားဖြင့်ကား (အနတ္တလက္ခဏာ)မည်၏။ ။

(၉) ဘယ,အာဒီနဝ,နိဗ္ဗိဒါ ဤ ၃-ပါးမှာ အနူ,အရင့်သာ ကွာ၏။ သဒ္ဒါကွဲ အဓိပ္ပါယ်တူ၏ဟု မှတ်လေ။ ။

ဤတွင်နိဗ္ဗိဒါဉာဏ်ပြီးပြီ။

# မုဉ္စိတုကမျတာ ဉာဏ်ကိုပြခဏ်း။

(၁) ဤသို့ ပြခဲ့သော နိဗ္ဗိဒါဉာဏ်ကို အဖန်ဖန် အထပ်ထပ် အား ထုတ်၍ ရင့်သန်ပြီးသော ဉာဏ်ရှိသော ယောဂီမြတ်အား မြင်ဆဲခဏ စသည်တို့၌ ဖြစ်ကြသော ရုပ်,နာမ်ဓမ္မ တောတုမ္ဗက သင်္ခါရတို့၏ ဖြစ်, ပျက် ဆင်းရဲ, အဖိုးမရ အနှစ်သာရ မရမရှိသည်ကို ဟုတ်မှန်စွာသိ မြင်၍ ထိုထို ရုပ်,နာမ် သင်္ခါရဓမ္မတို့မှ လျှင်မြန်စွာ လွတ်မြောက် လို သောဉာဏ်သည်။ (မုစ္စိတုကမျတာ) ဉာဏ်မည်၏။ ။
(လွတ်အောင်ရုန်းပါ)။

## ထို့ကြောင့်။

(က) နိဗ္ဗိဒါ ဉာဏေန နိဗ္ဗိန္ဒန္တဿ ဝဋ္ဋုဒၜေဟိ မုစ္စိတု ကာမတာ ဝသေန ပဝတ္တံ ဉာဏံ မုစ္စိတု ကမျတာ ဉာဏံ နာမ။ ။ဟုမိန့်အပ်ပေ သည်။ ။(ရုပ်,နာမ်မုန်းလျှင် လွတ်ချင်မည်)။ ။

(က) (နိဗ္ဗိဒါ-ဉာဏေန)နိဗ္ဗိဒါဉာဏ်ဖြင့်။(နိဗ္ဗိန္ဒန္တဿ) ပျင်းမုန်းငြီးငွေ့ ပြီး၍။ (ဝဋ္ဋုဒၜေဟိ) ရုပ်,နာမ် ဖြစ်,ပျက်။သစ်-လည်ဆက်သည့်။ ဝဋ် ဘွက် ဆင်းရဲတို့မှ။ (မုစ္စိတုကာမတာဝသေန) လွတ်ထွက်လိုသည်၏ အစွမ်းဖြင့်။(ပဝတ္တံ)ဖြစ်သော။ (ဉာဏံ)အသိဉာဏ်သည်။ (မုစ္စိတုကမျ တာဉာဏံ နာမ) မုစ္စိတုကမျတာဉာဏ် မည်၏။ (ဝါ) လွတ်ထွက်လို သောဉာဏ်မည်သည်။(ဟောတိ)ဖြစ်၏။ ။(လွတ်လိုပါစေ)။ ။

(၂) ဥပမာအားဖြင့်ကား ပိုက်ကွန်ထဲ၌မိနေသောငါး။ မြွေခံတွင်း သို့ ရောက်နေ သောဘား။ ချုပ်နှောင်ထားသော တောကြက်။ အ လမ္ပာယ်လက်၌ရောက်နေရသောမြွေ။ကျော့ကွင်းတွင်မိနေသောသမင်။ ရွံ့ညွှံတွင်း၌ ကျွန်နေသောဆင်ပြောင်ကြီး။ဂဠုန်လက်တွင်းသို့ ရောက် နေသောနဂါး။ ရာဟုခံတွင်းသို့ရောက်နေသောလ။ ရန်သူတွေဝိုင်းထား သော ယောကျ်ား။ ဤသူများတို့သည် ထိုရန်သူတို့မှ အလျှင်အမြန်အ ရေးတကြီး ထွက်မြောက် လွတ်ကင်းခြင်း၌ အလွန်အလိုရှိကြသလို၊ ထို့အတူ မြင်ဆဲ,ကြားဆဲ,နံဆဲ,စားဆဲ,တွေ့ထိဆဲ,ရှုရှိုက်ဆဲ,ကြံစည်ဆဲ ခဏစသည်တို့၌ဖြစ်သော ရုပ်,နာမ်သင်္ခါရ တို့၏အစဉ်မပြတ် အထပ်

ထပ် ကပ်၍နှိပ်စက်သောကြောင့် ဘေးအပြစ်ကိုမြင်သော ယောဂီမြတ်အားငြီးငွေ့ စက်ဆုပ်အပ်သောရုပ်, နာမ်သင်္ခါရတို့မှလျှင် မြန်စွာလွတ်မြောက်လိုသော ဉာဏ်သည် အလိုလိုဖြစ်ပေါ်လာလေ၏။ ။

(၃) ဤဉာဏ်၌လည်း။(ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ)သာတည်း။ ။

(၄) အတ္ထ သညာကို စွန့်သောကြောင့် (ပဟာန ပရိညာ) သာတည်း။ ။

(၅) လက္ခဏာအားဖြင့်ကား (အနတ္တလက္ခဏာ)သာတည်း။ ။ အနတ္တာနုပဿာဟူ၍လည်းဆိုအပ်၏။ ။

(ရှုပွါးမြင်က လွယ်ကူလှ၏)။

ဤတွင်မုစ္စိတုကမျတာဉာဏ်ပြီးပြီ။

## ပဋိသင်္ခါဉာဏ်ကို ပြခဏ်း။

(၁) ဤသို့ ပြခဲ့ပြီးသော နည်းအားဖြင့် ခပ်သိမ်းသော သင်္ခါရတို့မှ လွတ်မြောက်လိုသော ယောဂီရှင်မှာ မြင်ဆဲခဏ စသည်တို့၌ ဖြစ်ကြသော ရုပ်, နာမ်ဓမ္မ ခန္ဓာစသော သင်္ခါရ တရားများ၌ မုစ္စိတုကမျတာဉာဏ်အားဖြင့်ရင်း ပြခဲ့ပြီးသော ဥဒယဗ္ဗယဉာဏ်,ဘင်္ဂဉာဏ်, ဘယဉာဏ်စသဖြင့်ရင်း အနိစ္စ,ဒုက္ခ, အနတ္တ, အသုဘ, လက္ခဏာ အားဖြင့်ရင်း အစ မထင်သော သံသရာများက စွဲမှတ်ထုံယူမှားလာသော (ဝိပလ္လာသ) များကို ပယ်ရှားစေခြင်းငှါ လက္ခဏာရေး ၃-ပါးတို့ကို ဒလပူတိုက်ခါ အဖန်ဖန် အထပ်ထပ် အပြန်ပြန် အလှန်လှန် မပြတ်မလပ်အားထုတ်ရသော ဉာဏ်သည်။(ပဋိသင်္ခါဉာဏ်)မည်၏။ ။

ထို့ကြောင့်။

(က) ဝဋ္ဋ ဒုက္ခတော မုစ္စနဿ ဥပါယ သမ္ပဋိပါဒနတ္တံ ပုန ခန္ဓာဒိသင်္ခါရာနံ ပရိဂ္ဂဟာကာရဝသပ္ပဝတ္တံ ဉာဏံ ပဋိသင်္ခါဉာဏံနာမ။ ။ဟုမိန့်အပ်ပေသည်။ ။

(က) (ဝဋ္ဋ ဒုက္ခတော) တေဘုမ္မက ဝဋ်ဒုက္ခထဲမှ (မုစ္စနသာ) လွတ်ထွက်ခြင်း၏။ (ဥပါယသမ္ပဋိပါဒနတ္တံ) အကြောင်းကောင်းစွာ ပြည့်စုံလုံလောက်စေခြင်း အကျိုးငှါ။ (ပုန) တဖန်။ (ခန္ဓာဒိသင်္ခါရာနံ) ခန္ဓာစသော သင်္ခါရတို့ကို။ (ပရိဂ္ဂဟာကာရဝသပဝတ္တံ) သိမ်းဆည်းသောအခြင်းအရာ၏ အစွမ်းဖြင့်ဖြစ်သော။ (ဉာဏံ) အသိဉာဏ်သည်။ (ပဋိသင်္ခါဉာဏံနာမ) ပဋိသင်္ခါဉာဏ်မည်၏။ (ဝါ)ဒလပုတိုက်ခါ ရှုပွါးအားထုတ်သော ဉာဏ်မည်သည်။(ဟောတိ) ဖြစ်၏။ ။

(၂) ဥပမာအားဖြင့်ကား ဤလောက၌ တံငါ ယောက်ျား ငါးမိုက်သားသည် စိတ်အားထက်သန်စွာ ရေကန်သို့ ဆင်းသက်၍ ဆောင်းကိုစွဲကိုင်လျက် ရေထဲခိုအောင်း ငါးအပေါင်းကို ဆောင်းအုပ်လိုက်ရာ လွန်စွာကြီးမား မြွေပွေးငန်းကျားကြီးကို ဖမ်းထားမိလျှင် ငါးမှတ်ထင်၍ ကြည့်ရှုင်ဟဒယ တော်လေစွဟု အားရဝမ်းသာ နှိုက်ယူပါသော်လွန်စွာ ကြောက်ဖွယ်ကောင်းသော မြွေဆိုးကိုသာ ကိုင်ဆုပ်မိရှာလေ၏။ ။(ပုထုအန္ဓ,တံငါပြ၏)။ ။

(၃) ထိုတံငါယောက်ျား ငမိုက်သားသည် ဆိုးဝါးမြွေစဉ် သုံးရစ်လည်ရေး မတွေးဆင်ထင် ကြောက်လန့်မြင်သော် စင်စစ်ဘေးဖြစ် နှစ်သက်ကင်းပ စက်ဆုပ်လှ၍ မမြင်ရအောင် လွတ်ချင်သောအခါ လွတ်ရာ လွတ်ကြောင်း ဦးခေါင်းအမြီး ဆုပ်နှယ်ပြီးလျှင် မြွေကြီးပင်ပန်းအားကုန်ခမ်းစေ၍ မြွေကြမ်းကို လွှတ်လျက် ကုန်းပေါ်သို့ ပြေးတက် နားနေဘိသကဲ့သို့။ ။

(၄) ထို့အတူ ယောဂီ ပုဂ္ဂိုလ်သည် ရှေးဦးမဆွ အကြောင်း (မ) ၍ ရထားသော ခန္ဓာငါးပါး ရုပ်,နာမ်တရား ဆိုးကြီးများကို နိစ္စ, သုခ,သုဘ, အတ္တ,ဟု(ဝါ)မြဲ၏,ချမ်းသာ၏,တင့်တယ်၏, အလိုလိုက်၏ဟု မှတ်မှားလျက် နှစ်သက်တပ်မက်နေသည်နှင့် တံငါမိုက်သားမြွေကို ငါးဟုမှတ်မှားမှုနှင့် တူလေ၏။ ။(ရုပ်,နာမ်ခင်သူ-ငမိုက်တူ၏)။ ။

(၅) ဤခန္ဓာကား နိစ္စ, သုခ, အတ္တ မဟုတ်။ အနိစ္စ, ဒုက္ခ, အနတ္တ, ပါတကားဟု (ဃာန) ဖျက်ခါ ကောင်းစွာ ထင်ထင် ဉာဏ်မြင်သည်နှင့်လည်ရေးသုံးရစ် မြွေအဖြစ်ကိုသိပုံမှာ တူ၏။ ။

(ခေတ်သဘောမြင်,ဃာနစင်၏)။

(၆) ဤသို့ ဘင်္ဂဉာဏ်, ဘယဉာဏ် ထက်သန်စွာ ထင်မြင်သည်နှင့် မြွေငန်းကျားကြီး၌ ကြောက်ချေးပါသည်နှင့်တူ၏။ ။

(၇) အာဒီနဝဉာဏ်ကို မြင်သောအခါနှင့် မြွေကိုက်မည်အဖြစ်ကို စိစစ်ထင်မြင်ဟန်တူ၏။ ။(အပြစ်မြင်လျှင် မခင်ပြီ)။ ။

(၈) မြင်ဆဲခဏာ စသည်တို့၌ဖြစ်သော ရုပ်,နာမ်သင်္ခါရတို့ကို ပျင်းမှန်းငြီးငွေ့မှု (နိဗ္ဗိဒါ) ဉာဏ်ဖြစ်သည်နှင့် မြွေကိုမကိုင်လို၍ ငြီးငွေ့မှုတူ၏။ (ရုပ်,နာမ်ကိုမုန်းပါ)။ ။

(၉) မုစ္စိတုကမျတာ ဉာဏ်ဖြစ်သည်နှင့် မြွေကို လွှတ်ပစ်လိုမှု တူ၏။ ။(ရုပ်,နာမ်ထဲမှလွတ်အောင်ပြေးပါ)။ ။

(၁၀) ပဋိသင်္ခါ ဉာဏ်ဖြစ်သည်နှင့် မြွေလွှတ်ကြောင်းကိုပြုလုပ်အားထုတ်ပုံတူ၏။ ။

(လွှတ်လိုက ရုပ်,နာမ်ဓမ္မ၌ လက္ခဏာတင်ကာ နာနာပွါးပါ)။

(၁၁) ရုပ်,နာမ်တို့၏ မမြဲဆင်းရဲ အစိုးမရ ပုံတို့ကိုထင်၍ ထိုထိုမြင်ဆဲခဏာစသည်တို့၌ ဖြစ်ကြသော ရုပ်, နာမ်ဓမ္မ သင်္ခါရတို့ကို ကြိပ်နယ်၍ အားငယ်အောင်ပြုပြီးလျှင် နိစ္စ ,သုခ, သုဘ, အတ္တ မထင်သည်နှင့် တံငါယောက်ျား ထိုမြွေအား လက်များဖြင့် နှိပ်စက်ကြိပ်ချေ ပင်ပန်းစေလျက် ဦးခေါင်းထက်၌ သွက်သွက်ခါ လှည့်ရမ်း၍ အားကုန်ခမ်းစေသဖြင့် လွှတ်ပစ်ပြီးလျှင် ကမ်းထက်သို့ တက်နေပုံတူ၏။ ။

(၁၂) ထိုမှတပါး။ ။သဗ္ဗေ သင်္ခါရာ အနိစ္စာ,သဗ္ဗေ သင်္ခါရာ ဒုက္ခာ, သဗ္ဗေ ဓမ္မာ အနတ္တာ,ဟူသည်နှင့်အညီ မြင်ဆဲခဏာစသည်တို့၌ ဖြစ်ကြသော ရုပ်,နာမ်ဓမ္မ အလုံးစုံသော သင်္ခါရတို့ကို မမြဲ,ဆင်းရဲ, အစိုးမရ အနှစ်သာရ ဘာမျှမရှိပါတကားဟု ရှုပွါးသဖြင့်ရင်း, ဝိပဿနာ ၄၀-(ဝါ) တော ၄၀-အားဖြင့်ရင်း, မထင်,ထင်အောင် ရှုပွါးကြရာ၏။ ။

(မထင်လျှင် ရုပ်,နာမ်တို့၏အဖြစ်စခန်းကစ၍ ရှုပွါးပါ)။

(၁၃) ဤဉာဏ်၌ (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ)မည်၏။ ။

(၁၄) အတ္တသညာကို ပယ်ခြင်းကြောင့်။(ပဟာနပရိညာ)မည်၏။

(၁၅) အဝိုးမရဟု ရှုမှတ်ရသည့် မည်သောကြောင့် (အနတ္တလက္ခဏာ) မည်၏။ ။

ဤတွင်ပဋိသင်္ခါဉာဏ်ပြီး၏။

## သင်္ခါရုပေက္ခာဉာဏ်ကိုပြခြင်း။

(၁) ဤသို့လျှင် ပဋိသင်္ခါ ဉာဏ်ကို အဖန်ဖန် အထပ်ထပ်ရှုပွါးထင်မြင်လတ်သော ယောဂီမြတ်အား မြင်ဆဲ,ကြားဆဲ,နံဆဲ, စားဆဲ,တွေ့ဆဲ, ကြံစည်ဆဲ, ရှုဆဲ,ရှိက်ဆဲ, ကွေးဆန့်ဆဲခဏ စသည့်တို့၌ ဖြစ်ကြသော ရုပ်,နာမ်ဓမ္မ သင်္ခါရဟူသမျှတို့၌ ကြောက်လန့်တုန်လှုပ်မှု တပ်မက် နှစ်သက်မှုဘို့ဟူ၍မရှု မပွါးတော့ဘဲ သုခ,ဒုက္ခ,သောမနဿ, ဒေါမနဿ မဖြစ်(ဝါ) လျစ်လျူထား၍ ရှုပွါးထင်မြင်သော ဉာဏ်သည် (သင်္ခါရုပေက္ခာ) ဉာဏ်မည်၏။ ။(လွန်စွာမြင်ခဲလှ၏)။ ။

(အထူးမှာထားချက်) မောဟနှင့်ယှဉ်သော ဥပေက္ခာကို သင်္ခါရုပေက္ခာဉာဏ်ဟု မထင်မှားကြအောင် အထူးသတိပြုကာ ရှုပွါးကြစေချင်းပါ။ ။

### ထို့ကြောင့်။

(က) ပဋိသင်္ခါနုပဿနာ ဘယနန္ဒီ ဝိဝဇ္ဇနဝသေန အဇ္ဈုပေက္ခိတွာ ပဝတ္တံ ဉာဏံ သင်္ခါရုပေက္ခာဉာဏံနာမ။ ။ဟုမိန့်အပ်ပေ၏။ ။

(က)(ပဋိသင်္ခါနုပဿနာ) ပဋိသင်္ခါဉာဏ်ဖြင့် ရှုပွါးအပ်သော သင်္ခါရတရားတို့၌ (ဘယနန္ဒီဝိဝဇ္ဇနဝသေန) ဘေးရန်ကြောက်ဘွယ်။တပ်မက်နှစ်သက်ဘွယ်တို့ကို။ ကြဉ်ပယ်ရှောင်ရှားသည်၏ အစွမ်းဖြင့်။(အဇ္ဈုပေက္ခိတွာ)လျစ်လျူရှု၍။(ပဝတ္တံ)ဖြစ်သော(ဉာဏံ) အသိဉာဏ်သည်။ (သင်္ခါရုပေက္ခာဉာဏံနာမ) သင်္ခါရုပေက္ခာ ဉာဏ်မည်၏။ (ဝါ) ထိုထိုရုပ်,နာမ်သင်္ခါရတရားတို့၌ လျစ်လျူရှုပွါးတတ်သောဉာဏ်မည်သည် (ဟောတိ)ဖြစ်၏။ ။

(၃) ဥပမာအားဖြင့် ဤလောက၌ မိမိ၏ မယားအား လွန်စွာတပ်မက် နှစ်သက် နေသော ယောကျ်ားသည် ထိုမယားမှာ ယောကျ်ားတပါးနှင့် သွားလာ ပေါက်ပြားနေသည်ကို မြင်ရလျှင် ဒေါသထွက်၍ ချစ်ခင် နှစ်သက်ခြင်းမှ ကင်းပြီး ကွာရှင်းပြတ်စဲခဲ့ပြီးနောက် ထိုပေါက်

ပြားသော ယောက်ျားနှင့်သာ နေထိုင်သွားလာ ပေါင်းဖက်စဉ်နောက် ထပ် ယောက်ျား တယောက်နှင့် ကျင့်ဖောက်ပြားနေသည်ကို တွေ့မြင် ရပြန်သော်လည်း ထိုမိန်းမ အပေါ်၌ ဒေါသအမျက် ထွက်ခြင်း တပ် မက် နှစ်သက်ခြင်းတို့မှ ကင်း၍ လျစ်လျူရှုကာ နေနိုင်သကဲ့သို့။ ။

(၄) ထို့အတူ ယောဂီပုဂ္ဂိုလ်သည် လွန်စွာ တပ်မက် နှစ်သက်ခင်မင် လှသော (အဇ္ဈတ္တဗဟိဒ္ဓ) ရှိရှိသမျှ ရုပ်,နာမ်ဓမ္မ သင်္ခါရ တို့၌ မမြဲ,ဆင်း ရဲ, အစိုးမရပါတကားဟု မရပ်မနား ရှုပွါး အားထုတ်သော ပဋိသင်္ခါ ဉာဏ်ဖြင့် ဟုတ်မှန်စွာ ရှုမြင်ပြီး၍ ကြောက်လန့်မှုဘယဉာဏ် ကိုပင်း။ ထိုသို(ဝိပဿနာပီတိ) ကြောင့်ဖြစ်သော နှစ်သက် တပ်မက်မှု (နန္ဒိရာဂ နိကန္တိ) ကိုပင်း ပယ်ခွါပြီး၍ ထိုထိုမြင်ဆဲခဏ စသော ရုပ်,နာမ် ဓမ္မ သင်္ခါရတို့၌ (ဒေါမနဿ,သောမနဿ) မဖြစ်ဘဲ ညီမျှစွာရှုပွါး၍မမုန်း မချစ် လျစ်လျူ ရှုနိုင်သော (သင်္ခါရုပေက္ခာ) ဉာဏ်သည် အလိုလိုဖြစ် ပေါ်လာ၏။ ။

(၅) ဤဉာဏ်နှင့် ပြည့်စုံသော ယောဂီ မြတ်သည် ထိုထိုဘုံဘဝ တို့၌ ဖြစ်လိုသော စိတ် မရှိတော့ဘဲ စဉ်းငယ် ညွတ်ကိုင်းသော ပဒုမာ ကြာဖက်ပေါ်၌ကျသော မိုးရေများ လျောကျဘိသကဲ့သို့ပင်း။ မီး ထဲ၌ကျ၍ တွန့်လိမ်သော ကြက်တောင် အမွေးကဲ့သို့ပင်း။ ထို့အတူ မြင်ဆဲခဏစသည်တို့၌ ဖြစ်သောရုပ်,နာမ်တို့အတွက် ချမ်းသာ,ဆင်းရဲ မဖြစ် လျစ်လျူရှုနိုင်ပေတော့၏။ ။(ရှုမြင်နိုင်ခဲစွ)။ ။

(၆) ဤသို့ အကြောင်းကြောင့် အကျိုးဖြစ်ရ၍ ငါနှင့် ဘာမျှမဆိုင် ငါပိုင်မဟုတ် နာမ် နှင့်ရုပ်သာ သူ့သဘောနှင့်သူ ဖြစ်,ပျက် နေခြင်းမျှ သာပါတကားဟု ထင်မြင်ခြင်းကြောင့် (သင်္ခါရုပေက္ခာ)ဉာဏ်ဟူ၍ဆို အပ်ပေ၏။ ။(စင်စစ် သူ,ငါ မရှိပေ)။ ။

(၇) ဤဉာဏ် ၌လည်း ဝိသုဒ္ဓိ, ပရိညာ, လက္ခဏာ တို့မှာ နိဒ္ဒိဒ္ဒါ ဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်များနှင့်တူကြကုန်၏။ ။

(၈) ဤဉာဏ်များ၌ အနတ္တ လက္ခဏာကို အဘယ်ကြောင့် မထင် မြင်ကြ ပါသနည်းဟူမူ။ အစိုင်အခဲဟု မှတ်ထင် နေကြသော (ဃန) တွေဖုံးကွယ် နေသောကြောင့်ပင်း။ အကြမ်း, အမာ,အနု, အချော, အ ဆင်း,အနံ့, အရသာ,ဩဇာ, မျက်စိအကြည်, နားအကြည်သဘော စ

56-35

သော ဓာတ်အသီးသီးတို့ကို အာရုံ့ဗ္ဗါရတိုက်ဆိုင်ဆဲသော မခွဲခြမ်းမဝေဘန်၍ နှလုံးမသွင်းကြခြင်းကြောင့်ရင်း၊ မထင်မြင်နိုင်ကြပေ။ ။

## ထို့ကြောင့်။

(က) အနတ္တ လက္ခဏံ နာနာဓာတု ဝိနိဗ္ဘောဂဿ အမနသိ ကာရာ ဃနေနပဋိစ္ဆန္နတ္တာ နဥပဋ္ဌာတိ။ဟု ဝိသုဒ္ဓိမဂ်၌ မိန့်တော်မူ၏။ ။
(အနက်လွယ်ပြီ)။

(မြင်ဆဲခဏစသည်တို့၌ဖြစ်သော အာရုံ့ဗ္ဗါရ,ဝိညာဉ်တို့သည် တပါးနှင့်တပါး မတူဟု ဉာဏ်ဖြင့် သိမြင်လျှင် ဃနဖုံးကွယ်ခြင်းမှ လွတ်ကင်းပြီဟု မှတ်ပါ)။ ။

---

(၉) ဤ သင်္ခါရုပေက္ခာ ဉာဏ်၌ မြင်ဆဲခဏ စသည်တို့၌ ဖြစ်ကုန်သော ရုပ်,နာမ်ဓမ္မ သင်္ခါရတို့ကို အနိစ္စ,ဒုက္ခ, အနတ္တ။ (ဝါ) ဖြစ်,ပျက်, ဆင်းရဲ, ငါလဲသူလဲမဟုတ် အစိုးမရ ဘာတရမျှ အနှစ်သာရမရှိပါတကားဟု ရှုပွါးဘန်များသော ယောဂီမြတ်အား ဉာဏ်ရင့်သန်က အနုလောမ ဉာဏ်ဟူသော(အာသေဝန)ပစ္စည်းကိုရ၍ (ဂေါတြဘူ) ဉာဏ်သို့ ရောက်လျက် (သန္တိ) လက္ခဏာရှိသော နိဗ္ဗာန်ကို ထင်ရှားမြင်ကြွန် မြင်သည့်မှန်သော် ထိုသင်္ခါရ တရားများကို လွှတ်ထား၍ (ဂေါတြဘူ) အမည်ထူးကိုယူလျက် နိဗ္ဗာန်သို့လျှင်မြန်စွာ ဝင်ရလေ၏။ ။
(၁၀) အကြင်မျှလောက် ဂေါတြဘူ ဖြစ်လောက်အောင် မရင့်သန်သေး။ ထိုမျှလောက် သင်္ခါရ တရားတို့ကို အာရုံပြုကာ သင်္ခါရုပေက္ခာ ဉာဏ်၌သာ ရှုပွါးတည်နေရသေး၏။ ။(မောဟ ဥပေက္ခာကို သင်္ခါရုပေက္ခာ ဉာဏ် ထင်တတ်၏)။
(၁၁) ဤ၌ ထင်ရှားသိသာ ဥပမာကား လောက၌ သဘော်သားများမှာ မဟာသမုဒ္ဒြာကြီးကို ကူးသွား ကြသော် အရပ်မျက်နှာ တွေကို သိသာ စေတတ်သော ဒိသာကာက ခေါ်(ကျီး) တကောင်ကို ယူဆောင်သွားကြရာ အကြင်အခါ၌ သဘော်သည် လေ, အဟုန်ကြောင့် တိုင်းတပါး တခြားသို့ ရောက်သွား၍ ကမ်းကို မမြင်ခဲ့သော် ထိုကျီးကို လွှတ်ကုန်၏။ ။

(၁၂) ထိုကျီးသည် (လင်းယဉ်တိုင်)၌ ငြီးငွေ့၍ ကောင်းကင်ထက်သို့ ပျံတက်လျက် အရပ်မျက်နှာသို့ အစဉ် အတိုင်း ပျံသန်း ပြီးလျှင် ကမ်းကို ရှာ၍မြင်သော် ထိုကမ်းသို့သာ ရှေးရှုပျံကာ သွား၏။ မမြင်မူ တဖန်ပြန်လာ၍ အလိုမရှိသော်လည်း ၎င်းလင်းယဉ်တိုင် ၌သာ နားနေရပြန်သကဲ့သို့။ ။

(၁၃) ထို့အတူ ယောဂီပြုသည့် သင်္ခါရုပေက္ခာ ဉာဏ်ဖြင့် နိဗ္ဗာန်မှန်ကို မြင်အံ့၊ထိုထိုသင်္ခါရ ခပ်သိမ်းတို့ကို လွှတ်ထား၍ ဂေါတြဘူ အမည်ထူးကိုယူလျက် နိဗ္ဗာန်သို့သာ သက်ဝင်ရလေ၏။ ။

(၁၄) နိဗ္ဗာန်မှန်ကို မမြင်လျှင် အလိုမရှိသော်လည်းမြင်ဆဲ,ကြားဆဲ, ခဏ စသည်တို့၌ ဖြစ်သော ထိုထိုရုပ်, နာမ်ဓမ္မ သင်္ခါရ တရားများကိုသာ အာရုံတင်ကာ တည်နေရပြန်၏။ ။

(၁၅) ပြဆိုခဲ့ပြီးသော မုစ္စိတုကမျတာဉာဏ်,ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်ဤဉာဏ်သုံးပါးတို့သည် အနု, အရင့်အမည် သဒ္ဒါအားဖြင့်သာ ထူးကြ၍ အနက်သဘောအားဖြင့်ကားတူကြကုန်၏။ ။

ဤတွင်သင်္ခါရုပေက္ခာဉာဏ်ပြီးပြီ။

---

## အနုလောမဉာဏ်စသည်ကိုပြခဏ်း။

(၁) ဤသင်္ခါရုပေက္ခာဉာဏ်ဖြင့် ဘုံ ၃-ပါးတို့၌ ဖြစ်ကြသော ရုပ်, နာမ်ဓမ္မ သင်္ခါရတို့ကို မမြဲ,ဆင်းရဲ,အစိုးမရ,ဟု အဖန်ဖန် ရှုပွါးရင့်သန်လာ၍ ရှေးက ရရှိပြီးသော (ဥဒယဗ္ဗယ)ဉာဏ်စသော အောက်ဉာဏ် ၈-ပါးတို့အားဖြင့် အထက်မဂ်ခဏ၌ဖြစ်သော (ဗောဓိပက္ခိယ) တရား ၃၇-ပါးတို့ အားဖြင့် လျော်သော ဉာဏ်သည် (အနုလောမ) ဉာဏ်မည်၏။ ။

### ထို့ကြောင့်။

(က) ပုရိမာနံအဋ္ဌန္နံဉာဏာနံ ကိစ္စနိဗ္ဗတ္တိယာ ဥပရိစ သတ္တတိံသာယ ဗောဓိပက္ခိယဓမ္မာနံ အနုကူလဉာဏံ အနုလောမ ဉာဏံနာမ။ ။ ဟုမိန့်အပ်၏။ ။

(ဂ) (ပုရိမာနံ) ရှေး၌ဖြစ်ကုန်သော (အဋ္ဌန္နံဉာဏာနံစ) ဥဒယဗ္ဗယ စသော ၈-ပါးသော ဉာဏ်တို့အားရင်း။ (ကိစ္စနိဗ္ဗတ္တိယာ) မဂ်ကိစ္စ၏ ဖြစ်ခြင်း၌၊ (ဥပရိ) အထက်မဂ်ခဏ၌။(သတ္တတိံသာယ ဗောဓိပက္ခိယ ဓမ္မာနံစ) ဗောဓိပက္ခိယတရား ၃၇-ပါးတို့အားရင်း။ (အနုကူလဉာဏံ) အထက်ဉာဏ် အောက်ဉာဏ်အားလျော်သောဉာဏ်သည်။(အနုလော မဉာဏံနာမ)အနုလောမဉာဏ်မည်၏။(ဝါ)အနုလုံဉာဏ်မည်၏။ ။

(၃) ဤ အနုလောမဉာဏ်သည် အပါယ်စသောဘေးမှရင်း သင်္ခါ ရနိမိတ်မှရင်းထမြောက်ရာမဂ်သို့ သွားတတ်သောကြောင့်။(ဝုဋ္ဌာနဂါမိ နိဝိပဿနာ) ဟု ဆိုအပ်၏။ ဤဉာဏ်နှင့် သင်္ခါရုပေက္ခာ ဉာဏ်သည် ဝိပဿနာ၏ အထွဋ်အထိပ်သို့ရောက်၍ မဂ်သို့သွားရောက်တတ်သော ကြောင့်။ (ဝုဋ္ဌာနဂါမိနိဝိပဿနာ) ဟုမှတ်အပ်၏ဟူလို။ ။

(ထမြောက်အောင်ရှုပွါးကြပါ)။

(၄) ဤသို့သော ဉာဏ်စဉ်အားဖြင့် မဂ်ရောက်အောင် ပြုပြင်တတ် သောစိတ်, မဂ်၏ အနီးအနားစိတ်, မဂ်အားလျော်စွာ ကိလေသာတွေ ကိုဖောက်ခွဲတတ်သောစိတ်, ပုထုဇ္ဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ် ကို ပွါးစေတတ်သောစိတ်, နိဗ္ဗာန်လမ်းစိတ်,လမ်း၏ အကျိုးစိတ်, ဟူ သော စိတ်ခရီးလမ်း အစိအစဉ်များ ဖြစ်ပွါးသော်။ (သောတာပန်) ဟု ခေါ်ဆိုရလေ၏။ ။

(၅) ဤသို့ ပြခဲ့သောနည်းများအားလျော်စွာ သင်္ခါရုပေက္ခာ ဉာဏ် အစစ်အမှန်ဖြစ်၍ မဂ်,ဖိုလ်သို့ရောက်ခဲ့ပါလျှင် စိတ်အစဉ်ဖြစ်ရပုံမှာ။ ။ (ဘဝင်-ဘဝင်-န-ဒ-မ-ပ-ဥ-နု-ဂေါ-မဂ်-ဖိုလ်-ဖိုလ်-ဘဝင်-ဘဝင်)။ ဟု စိတ်ခရီးစဉ်ဖြစ်ပေါ်လာ၏။ ။

## (မှတ်ချက်)။

(ဘဝင်) ဆိုသည်မှာ မနော ဝိညာဉ် စသည်တို့၏ ဖြစ်ကြောင်း ကောင်းစွာ ထင်ထင်မသိမမြင်သောစိတ်တည်း။ ။(န)မှာ ဘဝင်္ဂစလန ဘဝင်လှုပ်မှုစိတ်တည်း။ ။(ဒ) မှာ ဘဝင်္ဂုပစ္ဆေဒ ဘဝင်ပြတ်မှု စိတ် တည်း။ ။(မ)မှာ မနောဒွါရာဝဇ္ဇန်း စိတ်တံခါး၌ ရောက်သောအာရုံကို

ဆင်ခြင်မှုတည်း။ ။(ပ) မှာ ပရိကံ မဂ်ရောက်အောင် ပြုပြင် ပေးမှု လက္ခဏာရေး ၃-ပါးကို ပွါးမှုစိတ်တည်း။ ။(ဥ) မှာ ဥပစာ မဂ်၏အနီး အနား စိတ်တည်း။ ။(နု) မှာ အနုလုံ အောက်ဉာဏ်နှင့် မဂ်အား လျော်သော စိတ်တည်း။ ။(ဂေါ)မှာ ဂေါတြဘူ ပုထုဇ္ဇဉ် အနွယ်ကို သတ်ဖြတ်နှိပ်နင်း၍ အရိယာအနွယ်သို့ သက်ဝင်သောစိတ်တည်း။ ။(မဂ်) မှာ မဂ္ဂနိဗ္ဗာန်သွား လမ်းအမှန် စိတ်တည်း။ ။(ဖိုလ်) မှာ ဖလမဂ်စိတ်၏အကျိုးစိတ်တည်း။ ။

(၆) ထိုမှတပါး မဂ်,ဖိုလ်, နိဗ္ဗာန်, ပယ်, မပယ် ကိလေသာများကို ဆင်ခြင်တတ်သော (ပစ္စဝေက္ခဏာဉာဏ်) နှင့်တကွ ဉာဏ်စဉ် ၁၆-ပါး အကျဉ်းအမြွက်သာတည်း။ ။

ဤတွင်အနုလောမဉာဏ်ပြီး၏။

# သစ္စာတို့ကိုပြဆိုခဏ်း။

(က) ဤသို့သောစကားအစီအစဉ်ဖြင့် (အနုလောမ) ဉာဏ်စသည်တို့ကို ရေးပြပြီး၍ ယခုအခါ၌ သစ္စာများကို အကျဉ်း အားဖြင့် ရေးပြပေအံ့။ ။

(၁) သစ္စာ ဟူသည် သမုတိသစ္စာ,ပရမတ္ထသစ္စာ အားဖြင့် ၂-ပါး ပြား၏။ ။ထို ၂-ပါးတို့တွင် ဤလောက၌ ယောက်ျား,မိန်းမ,အဆင်း, အသံစသဖြင့် ခေါ်ဝေါ်သမုတ် အပ်သော ပညတ် များကား (သမုတိသစ္စာ)တို့တည်း။ ။

(၂) ထို သမုတိသစ္စာတို့မှာ(မုသာဝါဒ)မဆိုရသော်လည်း ဟုတ်မှန်သော ရုပ်,နာမ်တို့၏ သဘောတရားတို့ကို မသိမမြင်ကြသော လူ့အန္ဓ, လူ့ဗာလတို့ကား ထင်ရှားရှိသော အနေအားဖြင့်လည်း ခေါ်ဝေါ်ကြကုန်၏။ခေါ်ဝေါ် ကြတိုင်းလည်း အမှန်ယူကာ ဝန်ခံကာ ထင်မှားနေကြကုန်၏။ ။

(၃) ဟုတ်မှန်သော ရုပ်, နာမ်သဘော နိဗ္ဗာန် သဘော များကား ထင်ရှားကေန် အဟုတ်အမှန်ရှိကြသောကြောင့် (ပရမတ္ထသစ္စာ) မည်ကုန်၏။ ။(သဘောမှန်မြင် ပရမတ်ဉာဏ်ပင်)။ ။

(၄) ထို သမုတိ သစ္စာသည် ပရမတ္ထသစ္စာ နယ်သို့ ရောက်လျှင် သစ္စာမဟုတ်တော့ပြီ (ဝါ) အမှန်မဟုတ်ဘဲ အမှားစွဲသာတည်း။ ။

(၅) ထိုပရမတ္ထ သစ္စာသည်လည်း သဘာဝသစ္စာ, အရိယသစ္စာ အားဖြင့် ၂-ပါးပြားပြန်၏။ ။ထို ၂-ပါးတို့တွင် အဘိဓမ္မာ ၇-ကျမ်းတို့၌ ခွဲဝေ ပြအပ်သော ကုသိုလ်, အကုသိုလ်စသော သဘော တရားများကား (သဘာဝသစ္စာ)မည်ကုန်၏။ ။(သစ္စာမှန်)။ ။

(၆) ထိုသဘာဝ သစ္စာသည်လည်း အရိယသစ္စာနယ်သို့ ရောက်လျှင် သုခဝေဒနာစသောတရားများကား သစ္စာမဟုတ်တော့ပြီ။ ။

(၇) ထိုသစ္စာ ၄-ပါး တို့တွင် သက္ကာယဒိဋ္ဌိ၌ အကျုံးဝင်ကုန်သော ရုပ်,နာမ်ဓမ္မအစုအပုံတရားများကား (ဒုက္ခအရိယသစ္စာ)မည်ကုန်၏။ ။

(သက္ကာယဒိဋ္ဌိကိုရှုပါ)။

(၈) ထိုတွင် နှိပ်စက်မှု, ပြုပြင်မှု,ပူပန်မှု,ဖောက်ပြန်ပျက်စီးမှု ဒုက္ခ အနက်ရ ၄-ခုတို့ကိုလည်း ရအပ်ကုန်၏။ ။

(၉) ထိုမှ ပြန်လှန်သော အားဖြင့် အပြင်ပ အဝိညာဏက တရားများနှင့် မဂ္ဂင် ၈-ပါးကို ကြဉ်ဖယ်ထား၍ မဂ် ၄-ပါး, ဖိုလ် ၄-ပါးတို့လည်း ဖြစ်,ပျက်နှိပ်စက်မှုများ မကင်းကြသောကြောင့် (ဒုက္ခသစ္စာ) တို့ဟုဆိုအပ်ကုန်၏။ ။(ဆင်းရဲမြင်ပါ)။ ။

(၁) ထိုမှတပါး ဖြစ်, ပျက်ကြောင်း ဆင်းရဲကြောင်း ဖြစ်ကြသော ထိုထိုဝတ္ထု အာရုံတို့ကို တပ်မက်တွယ်တာ ငြိကပ်တတ်သော လောဘ ကား(သမုဒယအရိယသစ္စာ)မည်၏။ ။

(ဆင်းရဲကြောင်းအမှန်မြင်ပါစေ)။

(၂) ထိုလောဘမှ ကြွင်းကျန်သော အာသဝေါနှင့်တကွ ဖြစ်ကုန်သော ကုသိုလ်,အကုသိုလ်များကား (သမုဒယသစ္စာ)မည်ကုန်၏။ ။

(၃) ထိုကုသိုလ်, အကုသိုလ်, စေတနာကံက ကြီးမှူးသောသင်္ခါရတို့ကား ဇာတိ,ဇရာ,ဗျာဓိ, မရဏ, ဒုက္ခစသော ဘေးရန်တို့မှ မလွတ်ဖြစ်စေတတ်သောကြောင့် ဆင်းရဲဖြစ်ကြောင်းမှန်ပေ၏။ ။

(၄) ထိုတွင် ရှာဖွေအားထုတ်မှု, ဆောင်ယူမှု, ယှဉ်တွဲမှု, နှောင့်

ယှက်မှု ၍အနက် ၄–ခုတို့ကိုလည်း (သမုဒယအရိယသစ္စာ) တို့ဟုဆို အပ်ကုန်၏။ ။(လောဘကိုချွါပါ)။ ။

---

(၁) ထိုမှတပါး ငြိမ်းေးမှု သန္တိလက္ခဏာရှိသော နိဗ္ဗာန်ကား (နိရောဓအရိယသစ္စာ) မည်၏။ ။(ချုပ်ေးမှုသဘောရှုပါ)။ ။

(၂) ထိုနိဗ္ဗာန်ကား ရုပ်,နာမ်တို့၏နောင်တဖန်အသစ်မဖြစ်ရတော့ဘဲ တခါထဲ ချုပ်စဲငြိမ်းေးမြဲမှု ပုံသဏ္ဌာန်အထည်ဒြပ်မရှိမှု ဥပါ,ဌီ,ဘင်မရှိမှု ဂုဏ်ရောင်ပဝင်း ထိန်လင်းကြည်ေးမှု,သမုဒြာ ဆိပ်ကမ်းနှင့်တူမှု ချုပ်ဆုံး ေးမြဲမှု သဘောပင်တည်း။ ။(နိဗ္ဗာန်ကိုမြင်ပါစေ)။ ။

(၃) ထိုမှတပါး ခပ်သိမ်းသော ကိလေသာတို့၏ တဒင်္ဂ,ဝိက္ခမ္ဘန ချုပ်ငြိမ်းမှုကား (နိရောဓသစ္စာ) မည်၏။ ။

(၄) ထိုတွင် လွှတ်မြောက်မှု, ကင်းကွာမှု, မပြုပြင်ဘဲ ေးငြိမ်းမှု, တည်မြဲမှု, ၍အနက် ၄–ခုတို့ ကိုလည်း (နိရောဓအရိယသစ္စာ) ဟုဆို အပ်ကုန်၏။ ။(ဉာဏ်ဖြန့်ပါ)။ ။

---

(၁) ထိုမှတပါးလောကုတ္တရာမဂ်ဝိတ် ၄-ပါးထဲ၌ပါရှိသော(သမ္မာဒိဋ္ဌိ) စသော မဂ္ဂင်လိုရင်းအစစ် ၈–ပါးကား (မဂ္ဂအရိယ သစ္စာ) မည်၏။ ။(မဂ်စစ်စစ်ကိုယူပါ)။ ။

(၂) ထိုမှတပါး လောကီကုသိုလ်ဝိတ် စင်ကြယ်မှု ဝိသုဒ္ဓိ ၆–ခုတို့၌ ပါရှိသော မဂ္ဂင်အင်္ဂါ တရားကိုယ် ၈–ဖြာတို့မှာ (မဂ္ဂသစ္စာ) မည်ကုန်၏။ ။(လောကီမဂ္ဂင်)။ ။

(၃) ထိုတွင် ထွက်မြောက်မှု, နိဗ္ဗာန် ရောက်ကြောင်း နီးကပ်မှု, နိဗ္ဗာန်ကိုမြင်မှု, အကြီးအမှူးဖြစ်မှု ၍ ၄–ခုအနက်ရှ သည်လည်း (မဂ္ဂအရိယသစ္စာ)တို့ပင်တည်း။ ။

---

(၁) ထိုမှတပါး မြင်ဆဲခဏ စသည်တို့၌ ဖြစ်ကြသော ရုပ်,နာမ်ဓမ္မ သင်္ခါရတို့၏ ဆင်းရဲအစစ်ကိုအမှန်မြင်မှု ပိုင်းခြား၍သိမှုသည်။(ဝါ) မောဟ အဝိဇ္ဇာကို ပယ်စွန့်လိုက်ခြင်းသည် (ဒုက္ခသစ္စာ)ကိုပိုင်းခြား၍ သိသည်မည်၏။ ။

(ရုပ်,နာမ် တို့၏ ဆင်းရဲမှန်ကို မြင်ပါစေ)။

(၂) ထိုမှတပါး မြင်ဆဲခဏစသည်တို့၌ ဖြစ်သော(တဏှာအနုသယ လောဘ)ကိုအောက်မဂ် ၃-ခုက တစိတ် အားဖြင့်၎င်း၊ အထက် အရဟတ္တမဂ် ၁-ခုက အကြွင်းမရှိအားဖြင့်၎င်း၊ နောင်တဖန် မဖြစ်ပေါ် လာအောင် ပယ်လိုက်ခြင်း သည်ပင် (သမုဒယသစ္စာ) ကိုပယ်သည် မည်၏။ ။

(၃) ထိုမှတပါး မြင်ဆဲခဏ စသည်တို့၌ဖြစ်သော ကိလေသဝဋ် ၏၎င်း, နောင် ဖြစ်လတ္တံ့သော ဝိပါက ဝဋ်၏၎င်း, နောင်မဖြစ်ပေါ်လာ သော သဘော၏အစွမ်းဖြင့် ချုပ်ငြိမ်း ဧးမြဲမှုကို မြင်ခြင်းသည်ပင်လျှင် (နိရောဓသစ္စာ)ကို မျက်မှောက်ပြုသည် မည်၏။ ။

(ဒုက္ခသမုဒယ ၂-ခုတို့၏ ချုပ်မှုသဘောကို မြင်ပါစေ)။

---

(၁) ဤသို့ မဂ် ၄-ပါးတို့က နိရောဓသစ္စာ တပါးကိုသာ သိမြင် ကြပါသော်လည်း သိမှု ကိစ္စစသည်တို့ မှာကား တပြိုင်နက် တချက် ထည်း ကိစ္စပြီးစီးကြကုန်၏။ ။

(၂) ဤ၌ ၄-ကိစ္စ ပြီးစီးပုံဥပမာကား ဆီမီး ညှိထွန်းလိုက်သည် နှင့်တပြိုင်နက် မီးဇာကို လောင်ကျွမ်းစေမှု,အမိုက်မှောင်ကိုပယ်ဖျောက် စေမှု, အလင်းရောင်ကို ဖြစ်ပေါ်လာ စေမှု, ဆီကို ကုန်ခမ်းစေမှု ဤကိစ္စ ၄-ခု တို့သည် တပြိုင်နက် တချက်ထည်း ပြီးစီးကုန်သကဲ့သို့၊ထို့ အတူ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်သည်နှင့် တပြိုင်နက် ဒုက္ခသစ္စာကို ပိုင်း ခြားသိမှု, သမုဒယသစ္စာကို ပယ်မှု, မဂ္ဂသစ္စာကို ပွါးမှု ဤကိစ္စ ၄-ခု တို့သည် ပြီးစီးကုန်၏။ ။(တန္ခယ်ငင်တစဉ်ပါ)။

(၃) ထိုမှတပါး ဖွေသဘော်ာတို့ကို ထွက်ခွါလိုက်သည့်နှင့် တပြိုင် နက် ဤမှာ ဘက်ကမ်းကို ဝေးမှု, ရေအယဉ်ကို ဖြတ်ခွဲမှု, လှူဥစ္စာကို ဆောင်ယူမှု, ထိုမှာဘက်ကမ်း နီးမှု ဤကိစ္စ ၄-ခုတို့ သည်လည်း တ ချက်တည်း ပြီးစီးသကဲ့သို့ ပြီးစီးကုန်၏ ဟုစသဖြင့် မှတ်ကြပါကုန်။ ။

(၄) ဤမဂ်စိတ် ၄-ခု ဖိုလ်စိတ် ၄-ခုတို့က နိဗ္ဗာန်ကိုသာ မြဲခွဲစွာ အာရုံ ပြုကြပုံမှာ ကိလေသဝဋ်, ဝိပါကဝဋ်ဆင်းရဲတို့၏ လွတ်ငြိမ်းမှု နိဗ္ဗာန်သဘောတို့ကို မဂ်ဖိုလ်ဉာဏ်ဖြင့် သိမြင်ပေ၏ဟုမှတ်။ ။

(မှန်းဆမြင်ပါ)။

---

(၅) ထိုမဂ်စိတ် ၄-ပါး တို့တွင် သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ် ၃-ပါးတို့က ဝဋ်ဒုက္ခတို့၏တစိပ်တဒေသ ချုပ်ငြိမ်းမှုသဘောတို့ကို အာရုံပြု၍ သိမြင်ကုန်၏။ ။

(နိဗ္ဗာန်မှန်ကိုသာ အာရုံပြုကာ မြင်လာ၏)။

(၆) အရဟတ္တ မဂ်စိတ်က ထိုဝဋ် ၃-ပါးလုံး တို့၏ အကြွင်းမရှိ ချုပ်ငြိမ်းမှုသဘောတို့ကို အာရုံပြု၍ သိမြင်ပေ၏။ ။

(၇) ထိုတွင်သောတာပတ္တိမဂ်စိတ်ကသက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ဟူသော (ကိလေသဝဋ်) စသည့်တို့၏ ချုပ်ငြိမ်းမှုသဘောကို အာရုံပြု၍ သိမြင်ပေ၏။ ။အထက်မဂ် ၃-ခုတို့၏ မျက်မှောက်ပြုပုံကိုလည်း ဤနည်းလိုပင် သိကြပါလေ သူတော်ကောင်းတွေတို့။ ။

(၈) တနည်း။ ကိလေသဝဋ် စသည့် တို့ကား ပြုပြင် အပ်သော သင်္ခတ တရား။ထိုဝဋ်တို့ချုပ်ငြိမ်းမှု သဘောကား မပြုပြင် အပ်သော အသင်္ခတတရား(ဝါ)နိရောဓသစ္စာ။(ဝါ)နိဗ္ဗာန်တရားဟုဆိုလိုသည်။ ။

(၉) ထိုမှတပါး ဖိုလ်ဝင်စားလိုသော အရိယာများမှာ ရှေးကရပြီး သော မဂ်စိတ်နည်းအတိုင်း ဝိပဿနာ ကို အားထုတ်မှု ဟူသော ပရိကံ ကိုပြု၍ ချုပ်ပြီးသော မဂ်စိတ်ကြောင့် မိမိရပြီးသောဖိုလ်ကိုဘဝင်စိတ် အလျဉ်ကဲ့သို့ အဖန်ဖန်ဝင်စားပြန်၏။ ။မဂ်ကားအကြောင်း။ဖိုလ်ကား အကျိုးဖြစ်၍ ဝင်စားလိုတိုင်း ဝင်စားနိုင်ပေ၏။ ။

(၁၀) ဤသို့ မဂ်,ဖိုလ်ကို ရပြီးသော အရိယာ ပုဂ္ဂိုလ်သည် မိမိရပြီး သော မဂ်ကိုဆင်ခြင်မှု,ဖိုလ်ကိုဆင်ခြင်မှု, ပယ်ပြီး ကိလေသာကို ဆင်ခြင်မှု,ကြွင်းသေးသော ကိလေသာကို ဆင်ခြင်မှု, နိဗ္ဗာန်ကို ဆင်ခြင်မှု ၅-ခုသော ပစ္စဝေက္ခဏာ ဝီထိ ဖြစ်နိုင် သောကြောင့် သောတာပတ္တိ မဂ်၌ ၅-ပါး,သကဒါဂါမိမဂ်၌ ၅-ပါး,အနာဂါမိမဂ်၌ ၅-ပါး,အရဟတ္တ မဂ်၌ ၄-ပါး,အားဖြင့် ပေါင်း ၁၉-ပါးပြား၏။သို့ရာတွင်မပြည့်မစုံဆင်ခြင်မှုလည်းရှိသေး၏။ ။

(အထူးမှာထားချက်)

ဤအရာ၌ မဂ်,ဖိုလ် စိတ်စဉ်ကို နည်းမှီး၍ ပစ္စဝေက္ခဏာစိတ်စဉ်ကို လည်းသိကြပါလေ သူတော်တွေတို့။ ။

56-36

(၁၁) ထိုတွင် အရိယာတို့မှာ မျက်မှောက် (ပစ္စက္ခသိဒ္ဓိ) အားဖြင့် ဆင်ခြင်နိုင်၏။ ပုထုဇဉ်တို့မှာ နိဗ္ဗာန်ကို (အနုမာနသိဒ္ဓိ) မှန်းဆ၍ ဆင်ခြင်နိုင်၏။ ။

(အထူးမေတ္တာရပ်ခံချက်) ဤကျမ်းနှ်ဝိဿဇ္ဇနာမှုပုံတွင်ကိုပါ ပြဆိုသင့်သော်လည်းကျမ်းကြီးလေးမှာစိုး၍ လျှော့ ချလိုက်ရပါတော့သည်။

## အထူးအားတက်စရာ ဩဝါဒကထာ။

(၁) ဤဝိပဿနာ ဉာဏ်ဖြင့် ဒုက္ခသစ္စာကို သိမြင်လျှင် (သက္ကာယဒိဋ္ဌိ)မှကင်းစင်၏။ ။

(၂) သမုဒယသစ္စာကိုသိမြင်လျှင် (ဥစ္ဆေဒဒိဋ္ဌိ)မှ အလိုလို ကင်းစင်၏။ ။

(၃) နိရောဓသစ္စာကို သိမြင်လျှင် (သဿတဒိဋ္ဌိ)မှ အလိုလို ကင်းစင်၏။ ။

(၄) လောကီ မဂ္ဂသစ္စာကို သိမြင်လျှင် (အကြိယဒိဋ္ဌိ) မှ အလိုလို ကင်းစင်၏။ ။

ထို့ကြောင့် မြင်ဆဲ,ကြားဆဲခဏစသည်တို့၌ သစ္စာအားဖြင့်လည်း ရှုပွါးကြပါကုန်။ ။

(ပစ္စယပရိဂ္ဂဟဉာဏ်သိပါ)။

## ရုပ် နာမ် ဓမ္မ၌ အဖြစ်သက်သက် ရှုပွါးရကျိုး။

(က) ယခုမြင်ဆဲခဏ, ကြားဆဲခဏ စသည်တို့၌ဖြစ်ကြသောရုပ်, နာမ်ဓမ္မ သင်္ခါရတို့၏ အသစ်, အသစ် ဖြစ်၍, ဖြစ်၍ နေပါတကားဟု အဖြစ်၌ ဉာဏ်ဖြင့် မြင်အောင် ရှုပွါးနိုင်သူ ယောဂီဖြူအား အဘယ်မျှသောအကျိုးထူးများကို ရရှိနိုင်ပါသနည်း။ ။ (မေး)

(ဖ) ယခုမြင်ဆဲ,ကြားဆဲခဏ စသည်တို့၌ အဆင်းစသော အာရုံရုပ်သဘော, စက္ခုပသာဒ စသော အကြည်ရုပ်သဘော, စက္ခုဝိညာဉ် စသော ညွှတ်မှုနာမ် သဘောတရားတို့၏ အသစ်,အသစ် ဖြစ်,ဖြစ်နေသည်ကို ဟုတ်တိုင်း မှန်ရာ ဉာဏ် မြင်ပါလျှင် အဝိုင်, အခဲ, အလုံး,အပြား တခုတည်းအားဖြင့် ထင်မှားနေကြသော (ဃန) ဖုံးလွှမ်းမှုတို့မှ

လွှန်မြောက်ရခြင်းအကျိုး။ ။ဝိပဿနာ ရှုပွါးရာ၌ တည်ကြည်လွယ်ခြင်းအကျိုး။ ။နာမ်ကမိုင်းစေ၍ ရုပ်က လုပ်ရသည်-ရုပ်က ပြောဆိုကူညီရသည် ဟူသော အမှတ်မှားများကို လွှန်မြောက်ရခြင်း။ ။အခိုးအလျှံနှင့် တူသော ရုပ်,နာမ် တို့သည် တဖွားဖွား ဖြစ်ပျက်နေ၏ဟု မှတ်မှားခြင်းတို့မှ လွှန်မြောက်ရခြင်း။ ။ဤသို ရုပ်,နာမ်တို့၏ ဖြစ်ပြီးလျှင် ခဏချင်းပျက်ခြင်းသည်ကို ဉာဏ်မြင်သည် ရှိသော် မြင်သိပျက်, ကြားသိပျက်, နံသိပျက်, စားသိပျက်, တွေ့သိပျက်, ကြံသိပျက်, သွားသိပျက် စသဖြင့်-မှတ်မှားမှု များမှ ကင်းပျောက်ရခြင်း။ ။ရုပ်, နာမ်ဖြစ်,ပျက်အထပ်ထပ်နှိပ်စက်နေသည်ကိုမြင်လျှင်(ဒုက္ခလက္ခဏာ)၌ထင်လွယ်ရခြင်း။ ။ရုပ်,နာမ် တို့၏ နောက်ထပ် အသစ် မဖြစ်လို သော်လည်း တားမြစ်၍မရသည်ကို သိမြင်သဖြင့် (အနတ္တလက္ခဏာ)၌ထင်မြင်လွယ်ရခြင်း။စသောအကျိုးများစွာရှိပါသည်။ ။ (ဖြေ)

---

(က) ထိုတွင် အပေါင်းအစည်းဟူသော (ဃန) ၄-ပါးတို့၏ ဖြိုခွဲနည်းကို ခွဲပြပါ။ ။ (မေး)

(ခ) စက္ခုန္ဒြိယ စသော ၆-န္ဒြိယတို့၌ အဆင်းအာရုံစသော အာရုံ ၆-ပါး စက္ခုဝိညာဉ် စသော ဝိညာဉ် ၆-ပါးတို့ အသီးသီး ပေါင်းဆုံ၍ ဖြစ်ကြသော အခိုက်အတန့်တို့၌ မျက်စိ အကြည်သဘော,အဆင်းသဘော, စိတ်သဘော ၃-ပါးစုံ ဖြစ်၏ဟု ရှုပွါးရာ မျက်စိ အကြည်သဘော စသော ပသာဒရုပ် တခုတခု၌ ရအပ်သော ရုပ် ၁၀-ခု အပေါင်းတို့တွင် လွှန်ကဲရာဖြစ်သော အကြည်သဘော တခုတခုကိုရင်း။ အဆင်းအာရုံ စသော အာရုံတခုတခု၌လည်း ရသင့် ရထိုက်သောရုပ်ကလာပ် ၈-ခုတို့တွင် လွှန်ကဲရာ အဆင်းအာရုံ စသော ရုပ်တခုတခုကိုရင်း၊ ဝိညာဉ်တခုတခု၌ ရသင့် ရထိုက်သော ဖဿ စသောနာမ်တရား အပေါင်းတွင် လွှန်ကဲရာ ဝိညာဉ်စိတ် တခုတခု ကိုရင်း ဤသို့စသဖြင့် ပစ္စုပ္ပန် ရုပ်,နာမ် ၂-ပါး၌ပိုင်းခြားကာ အာရုံပြု၍ ရှုပွါးတတ်သော ယောဂီမြတ်အား အပေါင်းအစည်း ဟူသော (သမူဟဃန) ကို ဖြိုခွဲဖျက်ဆီးခြင်း မည်ပါသည်။ ။ (ဖြေ)

(လွှန်ကဲရာကိုသာ ရှုပွါးပါ)။

(ဂ) ယခု မြင်ဆဲခဏ စသည်တို့၌ ဖြစ်ကြသော အကြည်သဘော ရုပ်,အာရုံသဘောရုပ်, ဝိညာဉ်သဘော နာမ် တရားမျှသာ အသစ်,အသစ် ဖြစ်,ဖြစ်နေပါတကားဟု ရှုပွါးရာတွင် ဤဖြစ်ဆဲရုပ်,နာမ်တို့မှာ အတိတ်, အနာဂတ်,ကာလ၌ဖြစ်ကြသော ရုပ်,နာမ်တို့နှင့် မယှဉ်မစပ်ဟု ဉာဏ်အမြင် စင်ကြယ်လတ်သော် ထိုဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ သော ရုပ်,နာမ်တို့မှာ တလုံးတစည်း တအာရုံတည်းဟု ထင်မှတ် စွဲမှားနေကြသော (အာရမ္မဏ ဃန) တို့ကိုလည်း ဖြိုခွဲ ဖျက်ဆီးခြင်း မည်ပါသည်။ (ရှုလျှင်လွယ်၏)။ ။ (မြေ)

(ဃ) ယခုမြင်ဆဲခဏ စသည်တို့၌ဖြစ်ကြသော အာရုံ,ဒွါရ,ဝိညာဉ် ဟူသော ရုပ်,နာမ် ကိစ္စတို့ကို အာရုံပြုကာ အသစ်,အသစ် ဖြစ်,ဖြစ်နေ ပါတကားဟု ရှုပွါးလတ်သော် ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတ္တံ့သော ရုပ်,နာမ် ကိစ္စတို့ကား မကွဲမပြားဘဲ တသားထဲ,တလုံးထဲ, တစည်းထဲအားဖြင့် မှတ်ထင်ယူမှားနေကြသော (ကိစ္စဃန) တို့ကိုလည်း ဖြိုခွဲ ဖျက်ဆည်းသည် မည်ပါသည်။ ။(သိလျှင်လွယ်၏)။ ။ (မြေ)

(င) ယခုမြင်ဆဲခဏ စသည်တို့၌ ဖြစ်ကြသောအာရုံ,ဒွါရ,ဝိညာဉ် ဟူသော ရုပ်,နာမ်တို့ကို အသစ်,အသစ် ဖြစ်,ဖြစ် နေပါတကားဟု အ ဖန်ဖန် အထပ်ထပ် ရှုပွါးလတ်သော် ထိုဖြစ်ပြီး, ဖြစ်ဆဲ,ဖြစ်လတ္တံ့ သော ရုပ်,နာမ်တို့နှင့် မရောမစပ် ပစ္စုပ္ပန် ဆတ်ဆတ်ကိုသာရှုမြင်လတ်သော် ထိုကာလ ၃-ပါးတို့၌ ဖြစ်ကြသော ရုပ်,နာမ်အစဉ်သည် တခုတည်း ဟု ထင်မှတ်စွဲယူ အမှားထုံထူနေကြသော (သန္တတိဃန) တို့ကိုလည်း ဖြိုခွဲဖျက်ဆီးခြင်းမည်ပါသည်။ ။ (မြေ)

(နည်းမှန်ရက လွယ်ကူလှ၏)။

(အမှာ) ကြားဆဲခဏ စသည် တို့၌လည်း ဤနည်းအတိုင်း ဃန ၄-ပါး ဖျက်ပုံ ကိုသိကြပါလေ သူတော်တွေတို့။ ။

## ပဋိစ္စသမုပ္ပါဒ် လည်ပုံပြဘ်ပုံ။

(၁) မြင်ဆဲ,ကြားဆဲ,တွေ့ဆဲ,ကြံဆဲ,ရှုရှိုက်ဆဲခဏစသည်တို့၌ဖြစ် သော ရုပ်,နာမ် ၂-ပါး သင်္ခါရ တရားများကို မမြဲ,ဆင်းရဲ,အစိုးမရပါ တကားဟု မရှုပွါး မထင်မြင်သော အန္ဓဗာလပုထုဇ္ဇဉ်သည် မသိမမြင်

အပ်သော ယောက်ျား, မိန်းမ စသည်တို့ကား အဟုတ်ရှိ အမှန်ရှိ၍ တကားဟု အမှားတို့ကို သိမြင်ခြင်းသည် အဝိဇ္ဇာမည်၏။ ။(ဝါ)အဟုတ်အမှန်ရှိကြသော ရုပ်,နာမ် သင်္ခါရတို့၏ ဖြစ်မှု,ပျက်မှု,ဆင်းရဲမှု, အစိုးမရမှုတို့ကို မသိမမြင်ခြင်းသည်လည်း (အဝိဇ္ဇာ)ပင်တည်း။ ။

ထို့ကြောင့်။

(က) အဝိန္ဒိယံဝိန္ဒတီတိအဝိဇ္ဇာ။ ။ဝိန္ဒိယံနဝိန္ဒတီတိအဝိဇ္ဇာ။ ။ ဟုမိန့်ဆိုအပ်၏။ ။

(က) (အဝိန္ဒိယံ)မသိမမြင်အပ်သော ယောက်ျား,မိန်းမ စသည်ကို။ (ဝိန္ဒတိ) ရစေသိစေတတ်၏။(ဣတဿ) ထို့ကြောင့်။(အဝိဇ္ဇာ)အဝိဇ္ဇာမည်၏။ (ဝါ) ဖုံးကားမှုမည်၏။ (ဝိန္ဒိယံ) ရအပ် သိအပ်သော ရုပ်,နာမ် သင်္ခါရတို့၏ ဖြစ်မှုပျက်မှုကို။ (နဝိန္ဒတိ) မရစေ မသိစေတတ်။ (ဣတိတဿ)ထို့ကြောင့်။ (အဝိဇ္ဇာ) အဝိဇ္ဇာမည်၏။ ။(ဝါ) ဖုံးကွယ်ဆည်းတားမှုမည်၏။ ။

---

(၂) ထိုမောဟဟူသော (အဝိဇ္ဇာ) ကြောင့် ကာမရူပကုသိုလ် စေတနာကာဟူသော (ပုညာဘိသင်္ခါရ) အကုသိုလ် စေတနာကာ ဟူသော (အပုညာဘိသင်္ခါရ) အရူပကုသိုလ်စေတနာကာဟူသော (အာနေဉ္ဇာဘိသင်္ခါရ)တို့သည်ဖြစ်ကုန်၏။ ။

(က) ၍ဌ ကုသိုလ်,အကုသိုလ်စေတနာကာဖြစ်ရခြင်းသည်။(ဘဝ)တပန် ဖြစ်လိုပြန်သော လောဘတဏှာ မကင်းသောကြောင့် (သင်္ခါရ) တို့ဖြစ်ကုန်၏ဟု အထူးသတိမူကြပါလေ။ ။

(၃) ထိုသင်္ခါရကြောင့်နောင်တပန် သုဂတိ,ဒုဂ္ဂတိပဋိသန္ဓေဝိညာဉ်စိတ်သည် ဖြစ်ပေါ်လာ၏။ ။

(၄) ထိုပဋိသန္ဓေ ဝိညာဉ်စိတ်ကြောင့် ၎င်းစိတ်နှင့် ယှဉ်သော စေတသိက် နာမ်, ပဋိသန္ဓေ ကမ္မဇရုပ်, ဟူသော နာမ်,ရုပ်သည် ဖြစ်ပေါ်လာ၏။ ။

(၅) ထိုနာမ်, ရုပ်ကြောင့်ကာယပသာဒဟူသော ကာယာယတန, အပူ အအေးစသော,ဖောဋ္ဌဗ္ဗာယတနကာယဝိညာဉ်ဟူသော မနာယတန

ပုင်းမနာယတနနှင့် ယှဉ်သောဝေဒနာ စေတသိက်စသော ဓမ္မာယတန တို့သည် ဖြစ်ပေါ်လာကုန်၏။ ။

(၆) ထိုအာယတနကြောင့် အာရုံ,ဒွါရ,ဝိညာဉ် ၃-ပါးရုံ ပေါင်းဆုံမှုဟူသော ဖဿသည် ဖြစ်ပေါ်လာ၏။ ။

(၇) ထိုဖဿကြောင့် ခံသာ,မခံသာစသော ဝေဒနာသည် ဖြစ်ပေါ်လာ၏။ ။

(၈) ထိုဝေဒနာကြောင့် တပ်မက်မှု တဏှာ ဖြစ်ပေါ်လာ၏။ ။

(၉) ထိုတဏှာကြောင့် မခွါရက်ဘဲ စွဲလမ်းမှု ဥပါဒါန် ဖြစ်ပေါ်လာ၏။ ။

(၁၀) ထိုဥပါဒါန်ကြောင့် ကောင်းမှု, မကောင်းမှုကို အားထုတ်ပြုလုပ်တတ်သော စေတနာကမ္မဘဝသည် ဖြစ်ပေါ်လာ၏။ ။

(၁၁) ထိုစေတနာကြောင့် သုဂတိဒုဂ္ဂတိသို့လားရဖြစ်ရခြင်း ဇာတိသည် ဖြစ်ပေါ်လာ၏။ ။

(၁၂) ထိုဇာတိကြောင့် အိုမင်းရင့်ရော်မှုဇရာ ရတိ ပြတ်ကျေသေလွန်မှု မရဏ တို့သည် ဖြစ်ပေါ် လာကုန်၏။ ထိုမရဏကြောင့် စိုးရိမ်မှုသောက, ငိုကြွေးမှုပရိဒေဝ, ဆင်းရဲမှုဒုက္ခ, နှလုံးမသာမှု ဒေါမနဿ, ပြင်းစွာ ပင်ပန်းမှု ဥပါယာသ,ဟူသော အကျိုးဆက်,အကျိုးပွားဆင်းရဲပုများစွာတို့သည် ဖြစ်ပေါ်လာကုန်၏။ ။

---

(၁) ထို့နောက်တဖန် (သောကာဒိဟိ အဝိဇ္ဇာ သိဒ္ဓါဟောတိ) ဟူသည်နှင့် အညီသောကစသည် တို့ကြောင့် (အဝိဇ္ဇာသဝ) ဖြစ်ပေါ်လာပြန်၏။ ။

(၂) (ပုန အဝိဇ္ဇာပစ္စယာ သင်္ခါရာ) ဟူသည်နှင့် အညီ ထိုအဝိဇ္ဇာကြောင့်တဖန် သင်္ခါရတို့သည် ဖြစ်ပေါ်လာပြန်ကုန်၏။ ။

(၃) ထို သင်္ခါရ ကြောင့် ပဋိသန္ဓေ ဝိညာဉ်။ ပဋိသန္ဓေ ဝိညာဉ်ကြောင့် နာမ်,ရုပ်စသော တရားတို့သည် အစဉ်မပြတ် မရပ်မနား ရဟတ်ခြားကဲ့သို့ ဆက်စပ်ကာဖြစ်ပွါး လာပြန်ကုန်၏။ ။

(က) ဤလိုချည်းသာ ပဋိစ္စသမုပ္ပါဒ်မပြတ်လည်နေပါလျှင် ရုပ်,နာမ် ခန္ဓာ သံသာရာစက် ဝဲဩရက်ကြီးမှ အဘယ်မှာလျှင် လွှဲထွက်ကင်း ပြတ်နိုင်ပါချေတော့အံ့နည်းဟူမူ။ ။

(ခ) ကင်းပြတ်ပုံကို ဤဆိုလတ္တံ့သောနည်းဖြင့် သိအပ်၏။ ။

(၁) ဝိပဿနာ ဉာဏ်ပညာရှိသူ ယောဂီပုဂ္ဂိုလ်တို့သည် မြင်ဆဲ,ကြား ဆဲ,နံဆဲ,တွေ့ဆဲ, ရှုရှိုက်ဆဲ, ကွေးဆန့်ဆဲ, ကြံစည်ဆဲခဏ စသည်တို့ ၌ ဖြစ်ကုန်သော ရုပ်,နာမ်သင်္ခါရတို့၏မမြဲ,ဆင်းရဲ, အစိုးမရဟု ကြာမြင့် စွာ ရှုပွါး၍ဉာဏ်အမြင် သန်လာပါလျှင် ထိုထင်ရှားရှိသော ရုပ်, နာမ် တရားတို့ကို မသိမမြင်အောင် ဖုံးလွှမ်းပိတ်ဆို့ တတ်သော မောဟ ဟူ သော အဝိဇ္ဇာသည် အလိုလိုပင် ကင်းစင်ချုပ်ကင်းရာ၏။ ။

(၂) ထိုအဝိဇ္ဇာ ကင်းချုပ်ခြင်းကြောင့် ပုညာဘိသင်္ခါရ, အပုညာ ဘိသင်္ခါရ,အာနေဥ္စာဘိသင်္ခါရတို့သည် ကင်းချုပ်ကုန်၏။ ။

(၃) သင်္ခါရတို့ ချုပ်ကင်း ခြင်းကြောင့် တဖန် ပဋိသန္ဓေ ဝိညာဉ် စိတ်သည်ကင်းချုပ်၏။ဝိညာဉ်စိတ် ချုပ်ခြင်းကြောင့် နာမ်,ရုပ် ချုပ်၏။ နာမ်,ရုပ် ချုပ်ခြင်းကြောင့် အာယတန ချုပ်၏။ အာယတန ချုပ်ခြင်း ကြောင့် ဖဿ ချုပ်၏။ ဖဿချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏။ ဝေဒနာ ချုပ်ခြင်းကြောင့် တဏှာချုပ်၏။ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ် ၏။ ဥပဒါန် ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ ဘဝချုပ်ခြင်းကြောင့် ဇာတိ ချုပ်၏။ဇာတိချုပ်ခြင်းကြောင့်ဇရာမရဏ စသည်တို့သည်လည်း ချုပ် ငြိမ်းကြကုန်၏။ ။

(က) ဤကဲ့သို့ အစဉ်အတိုင်း ချုပ်ကင်းသော် ပဋိစ္စ သမုပ္ပါဒ် ရုပ်, နာမ်အစဉ် ဖြစ်စက်ကြီးသည် တဖန်လည်ခြင်းမှ ကင်းပြတ်၍ရပ်၏ဟု မှတ်လေ။ အနုပ္ပန္န အကြောင်း ချုပ်ခြင်းကြောင့် အနုပ္ပန္န အကျိုးချုပ် ပြတ်စဲ၏။ (ဝါ) မဖြစ်သေးသော အကြောင်းချုပ်၍မဖြစ်ပေါ်သေးသော အကျိုးတရားတို့ ချုပ်ပြတ်စဲသည်ကို ရုပ်,နာမ်အစဉ် ဖြစ်ခြင်းဟူသော သံသာရာစက်ရဟတ်ကြီး ရပ်ဗြိဟုဆိုလိုပေ၏။ ။

(စဉ်းစားဉာဏ်အထူးရှိကြစေ)။

## ခန္ဓာစသည့်ဖွဲ့နည်းကို ပြခဏ်း။

(က) ဤသို့ ပြဆိုခဲ့ပြီးသော ရုပ်,နာမ်သင်္ခါရတို့ကို ခန္ဓာ,အာယတ, ဓာတ်, သစ္စာ အားဖြင့်လည်း ရှုမှတ်ပွါးများရာ၏။ ထို့ကြောင့် ခန္ဓာ စသည် ခွဲနည်းကိုပြပေအံ့။ ။

(ခ) မြင်ဆဲခဏ ဖြစ်သော မျက်စိ အကြည်သဘော, အဆင်းသဘောကား ရူပက္ခန္ဓာ။ ဖြစ်သော အဆင်း အာရုံ သဘောကို ကြည့်၍ ကောင်းမှု,မကောင်းမှု, ကောင်းမကောင်းမှု ခံစားခြင်းသဘောကားဝေဒနက္ခန္ဓာ။ဖြစ်သော အဆင်းအာရုံသဘောကို မှတ်သော သဘောကား သညာက္ခန္ဓာ။ ဖြစ်သောအဆင်းအာရုံသဘောကို အာရုံပြုမှု နှလုံးသွင်းမှုတို့ကား သင်္ခါရက္ခန္ဓာ။ ဖြစ်သော အဆင်း အာရုံသဘောကို သိမှုသဘောကား ဝိညာဏက္ခန္ဓာမည်၏။ ။

(မှတ်ချက်) ဤမှကြွင်းသော အာရုံ,ဒွါရ,ဝိညာဉ်တို့ကိုလည်း ဤနည်းကို မှီး၍ ခန္ဓာ ဖွဲ့လေလှေ့ယ်ပြီ။ ။

(က) အာယတန အားဖြင့်ကား မြင်ဆဲခဏ၌ ဖြစ်သော မျက်စိအကြည်သဘောကား စက္ခာယတန။ အဆင်းသဘောကား ရူပါယတန။ အဆင်းသဘောကို သိသော စိတ်သဘောကား မနာယတန။ဤစက္ခုဝိညာဉ် စိတ်နှင့်ယှဉ်သော ဖဿ, ဝေဒနာ, သညာစသော စေတသိက်သဘောတို့ကား ဓမ္မာယတနမည်ကုန်၏။ ။

(ခ) ကြားဆဲခဏဖြစ်သော နားအကြည် သဘောကား သောတာယတန။ အသံသဘောကား သဒ္ဒါယတန။ အသံသဘောကို သိသော စိတ်သဘောကားမနာယတန။ ဖဿ,ဝေဒနာစသော သဘောတို့ကား ဓမ္မာယတနမည်ကုန်၏။ ။

(ဂ) နံဆဲခဏ ဖြစ်သော နှာခေါင်းအကြည် သဘောကား ဃာနာယတန။အနံ့သဘောကား ဂန္ဓာယတန။ အနံ့သဘောကိုသိသော စိတ်သဘောကား မနာယတန။ ဖဿ, ဝေဒနာ စသော သဘော တို့ကား ဓမ္မာယတန မည်ကုန်၏။ ။

(ဃ) စားဆဲခဏဖြစ်သော လျှာအကြည် သဘောကား ဇိဝှါယတန။အရသာသဘောကား ရသာယတန။ အရသာသဘောကို သိသော

စိတ် သဘောကား မနာယတန။ ဖဿ, ဝေဒနာ စသော သဘောတို့ကား ဓမ္မာယတန မည်ကုန်၏။ ။

(င) တွေ့ထိဆဲ ခဏ ဖြစ်သော ကိုယ် အကြည် သဘောကား ကာယာယတန။ အတွေ့ သဘောကား ဖောဋ္ဌဗ္ဗာယတန။ အတွေ့ သိသော စိတ်သဘောကား မနာယတန။ ဖဿ,ဝေဒနာ စသောသဘောတို့ကား ဓမ္မာယတန မည်ကုန်၏။ ။

(စ) ကြံစည်တွေးတောဆဲ ခဏ ဖြစ်သော မနောဝိညာဉ် တို့ကား မနာယတန။ (ဟဒယဝတ္ထု)ရုပ်နှင့်တကွ သုခုမရုပ်, စေတသိက်,နိဗ္ဗာန် တို့ကား ဓမ္မာယတန မည်ကုန်၏။ ။

(၃) ဓာတ် အားဖြင့်ကား မြင်ဆဲ ခဏ၌ ဖြစ်သော စက္ခာယတန သည် စက္ခုဓာတ်။ ရူပါယတနသည် ရူပဓာတ်။ အဆင်းသဘောကိုသိသော စိတ်သဘောသည် စက္ခုဝိညာဏဓာတ်။ ဓမ္မာယတနသည် ဓမ္မဓာတ်မည်၏။ ။

(က) ဤဓာတ်ဖွဲ့ရာ၌လည်း အာယတနနှင့် မထူးလှပြီဖြစ်၍ နည်းမှီးကာ ဖွဲ့ကြပါလေ။ ။

(၄) သစ္စာအားဖြင့်ကား မြင်ဆဲခဏ၌ ဖြစ်သော ရုပ်,နာမ်တို့သည် အကျိုးမပြီး အချီးနှီး သက်သက် ဆင်းရဲ ပင်ပန်းခြင်း အစစ် အမှန်ဖြစ်သောကြောင့် (ဒုက္ခသစ္စာ)မည်၏။ ။

(က) မြင်ဆဲခဏ၌ ယခုကဲ့သို့ ဆင်းရဲအစစ်အမှန်ကို ဖြစ်စေတတ်သော ရှေးအတိတ်ကဖြစ်သောတဏှာလောဘသည် (သမုဒယသစ္စာ) မည်၏။ ။

(ခ) မြင်ဆဲခဏ၌ဖြစ်သော ရုပ်,နာမ်တို့၏ ဆင်းရဲအမှန်ကို သိသဖြင့် နောက်နောင် ကာလ၌ ရုပ်,နာမ် တို့၏ မဖြစ်လို၍ နောင်ဒုက္ခဖြစ်ကြောင်း အနုသယကိလေသာတို့မှ ချုပ်ငြိမ်းခြင်းကြောင့် နောင်အကျိုး ဒုက္ခသစ္စာ မဖြစ်ပေါ်လာခြင်း ဟူသော ဒုက္ခသမုဒ ၂-ခုတို့၏ချုပ်ငြိမ်းရာ မှန်ပြည်နိဗ္ဗာန်သည် (နိရောဓသစ္စာ) မည်၏။ ။

(ဂ) ယခုမြင်ဆဲခဏ၌ဖြစ်သောရုပ်,နာမ်သင်္ခါရတို့အား မမြဲ,ဆင်းရဲ, အစိုးမရဟု အဖန်တလဲလဲ ရှုပွါးခြင်းသည် ဒုက္ခသမုဒယတို့၏ချုပ်

ငြိမ်းရာမှန် ပြည့်နိဗ္ဗာန်သို့ ရောက်ကြောင်း အစစ်အမှန် ဖြစ်ခြင်းကြောင့် (မဂ္ဂသစ္စာ)မည်၏။ ။

(အထူးမှာထားချက်) ကြားဆဲ တွေ့ဆဲ ရှုရှိုက်ဆဲခဏ စသည်တို့၌လည်း ဤနည်းကို မှီး၍ သစ္စာ့ဖွဲ့ကြပါလေ။

---

# သတိပဋ္ဌာန်လေးပါးအကျဉ်းရှုပွါးနည်း။

(၁) သတိပဋ္ဌာန် ၄-ပါးဟူသော်ကား။ ကာယာနုပဿနာ သတိပဋ္ဌာန်။ ။ဝေဒနာနုပဿနာ သတိပဋ္ဌာန်။ ။စိတ္တာနုပဿနာ သတိပဋ္ဌာန်။ ။ဓမ္မာနုပဿနာသတိပဋ္ဌာန် အားဖြင့် ၄-ပါးအပြားရှိ၏။ ။

(က) ထို ၄-ပါး တို့တွင်။ ။ကုစ္ဆိတာနံ သာသဝဓမ္မာနံ အာယော ဥပ္ပတ္တိဋ္ဌာနန္တိ ကာယော။ ။ဟူသည်နှင့်အညီ မြင်ဆဲခဏ၌ဖြစ်သော မျက်စိအကြည်သဘော,အဆင်းသဘောသည် (ကာယ)မည်၏။ ။

(ခ) အနုအနုပဿနာ အနုပဿနာ။ ။ဟူသည်နှင့် အညီ မြင်တိုင်း မြင်တိုင်း မျက်စိအကြည်သဘော အဆင်းသဘော တို့ကို မမြဲ,ဆင်းရဲ အစိုးမရ ပါတကားဟု အဖန် တလဲလဲ ရှုပွါးမှုသည် (အနုပဿနာ) မည်၏။ ။

(ဂ) သတိယာပဋ္ဌာနံ သတိပဋ္ဌာနံ။ ။ဟူသည်နှင့်အညီထိုမမြဲ,ဆင်းရဲ,အစိုးမရ ဟုရှုပွါးရာ၌ သတိ ထင်မှုသည် (သတိပဋ္ဌာန်)မည်၏။ ။

(ဃ) ပေါင်းသော် မျက်စိအကြည်သဘော,အဆင်းသဘောတို့ကို မမြဲ,ဆင်းရဲ,အစိုးမရဟု အဖန်တလဲလဲရှုပွါးရာ၌ အောက်မေ့ခြင်း သတိ စေတသိက်နှင့်ယှဉ်သော ပညာကို (ကာယာနုပဿနာသတိပဋ္ဌာန်) ဟုမှတ်ရမည်။ ။

---

(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန် အကျဉ်း ရှုပွါးနည်းကား။ ။ အာရမ္မဏရသံ ဝေဒယတိတိ ဝေဒနာ။ ။ဟူသည်နှင့်အညီ။ ။မြင်ဆဲခဏဖြစ်သော အဆင်းအာရုံ သဘောတို့ကို ကြည့်၍ ကောင်းမှု,မကောင်းမှု, ကောင်း မကောင်းမှု ဟူသော သဘောသည် (ဝေဒနာ) မည်၏။ ။

(က) ထိုအဆင်းအာရုံကို ခံစားမှု ဝေဒနာသဘော၌ မမြဲ,ဆင်းရဲ, အစိုးမရဟု အဖန်တလဲလဲ ရှုပွါးခြင်းသည် (အနုပဿနာ)မည်၏။ ။

(ခ) ထိုဝေဒနာကို မမြဲ,ဆင်းရဲ,အစိုးမရဟု ရှုပွါးရာ၌အောက်မေ့ခြင်း သတိစေတသိက်သည် (သတိပဋ္ဌာန်)မည်၏။ ။

(ဂ) ပေါင်းသော် မြင်ဆဲခဏ၌ ဖြစ်သော အဆင်း အာရုံတို့ကို ခံစားမှုဝေဒနာ သဘော၌ မမြဲ,ဆင်းရဲ, အစိုးမရဟု အဖန်တလဲလဲ ရှုပွါးရာ၌အောက်မေ့ခြင်း သတိစေတသိက်နှင့် ယှဉ်သော ပညာကို(ဝေဒနာနုပဿနာသတိပဋ္ဌာန်)ဟုမှတ်ရမည်။ ။

---

(၃) စိတ္တာနုပဿနာသတိပဋ္ဌာန်အကျဉ်းရှုပွါးနည်းကား။ ။စိတ္တေ နမတ္တံစိတ္တံ။ ။ဟူသည်နှင့်အညီ မြင်ဆဲခဏ၌ဖြစ်သောအဆင်းအာရုံတို့ကိုသိတတ်သောစိတ်သဘော၌မမြဲ,ဆင်းရဲ,အစိုးမရဟု အဖန်တလဲလဲ ရှုပွါးရာ၌အောက်မေ့ခြင်း သတိ စေတသိက်နှင့် ယှဉ်သော ပညာ ကို (စိတ္တာနုပဿနာ သတိပဋ္ဌာန်)ဟုမှတ်ရမည်။ ။

---

(၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန် အကျဉ်း ရှုပွါးနည်းကား။ ။ သညာ,သင်္ခါရနံ ဘိန္န လက္ခဏမေဝ အနုပဿနာ ဓမ္မာနုပဿနာ။ ။ ဟူသည်နှင့်အညီ။ မြင်ဆဲခဏ၌ ဖြစ်သော အဆင်း အာရုံတို့ကို မှတ်သားသော သညာသဘော, ထိုအဆင်း အာရုံတို့ကို အာရုံပြုလို့မှ စေတနာ စသော သင်္ခါရသဘော ဟူသော ဓမ္မကိုမမြဲ, ဆင်းရဲ, အစိုးမရဟု အဖန်ဖန် အထပ်ထပ် မပြတ်ရှုပွါးရာ၌ အောက်မေ့ခြင်း သတိစေတသိက်နှင့် ယှဉ်သော ပညာကို (ဓမ္မာနုပဿနာ သတိပဋ္ဌာန်) ဟု မှတ်ရမည်။ ။

(က) တနည်း မြင်ဆဲခဏ၌ဖြစ်သော မျက်စိအကြည်သဘော အဆင်းသဘော ဟူသော ရုပ်,နာမ်ဓမ္မကို မမြဲ, ဆင်းရဲ, အစိုးမရ ဟုအဖန်တလဲလဲ ရှုပွါးရာ၌အောက်မေ့ခြင်း သတိစေတသိက်နှင့် ယှဉ်သော ပညာစေတသိက်ကို (ဓမ္မာ နုပဿနာ သတိပဋ္ဌာန်) ဟူ၍လည်း မှတ်ရာ၏။ ။

(အထူးသတိပေး တိုက်တွန်းချက်)။

ဤမှတပါး ကြွားဆဲ,နံဆဲ,စားဆဲ,တွေ့ဆဲ, သွား,ရပ်,ထိုင်, လျောင်းဆဲ, ကွေးဆန့်ဆဲ, ရှုရှိုက်ဆဲ, ပြောဆိုဆဲ,ကြံစည်ဆဲခဏ စသည်တို့၌လည်း ဤနည်းအတူ သတိပဋ္ဌာန်တရား ၄-ပါးတို့ကို ဟုတ်မှန်စွာ ရှုပွါးနိုင်အောင် အထူးဂရုပြုကြပါကုန်။ ။

(၁) ဤ သတိပဋ္ဌာန်တရား ၄-ပါး တို့တွင် တပါးပါးသော သတိပဋ္ဌာန်ကိုမျှ မပွါးများသောသူကား ဘာဝနာတရား ကင်းကွာသောသူ မည်၏။ ။

ထို့ကြောင့်။

(က) တသ္မာပန ကာယဝေဒနာ စိတ္တဓမ္မေသု ယံကိဉ္စိဓမ္မံ အမနသိကတွာ ဘာဝနာနာမ နတ္ထိ။ ။ဟုမိန့်အပ်၏။ ။

(က) (ပန) ငါတို့ဆိုသော စကားသည် စင်စစ်ကေန် မှန်ပါပေ၏။ (ကာယဝေဒနာ စိတ္တဓမ္မေသု) ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့တွင်။ (ယံကိဉ္စိဓမ္မံ)တပါးပါးသော သတိပဋ္ဌာန်ကို။ (အမနသိကတွာ) နှလုံးမသွင်းသည် ရှိသော်။ (ဘာဝနာနာမ) ဘာဝနာ မည်သည်။ (ယသ္မာ)အကြင့်ကြောင့်။(နတ္ထိ)မရှိ။(တသ္မာ)ထို့ကြောင့်။(ကိဉ္စိဓမ္မံ) တပါးပါးသော သတိပဋ္ဌာန်ကို။ (မနသိကာတဗ္ဗံ) နှလုံးသွင်းအပ်ပွါးအပ်၏။ ။

(ခ) ထိုသတိပဋ္ဌာန် ၄-ပါးတို့တွင် တပါးပါးသောသတိပဋ္ဌာန်ကို မပွါးများဘဲ ဘာဝနာ ကင်းသူအား နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်းတရားမှ ကင်းစင်၍ ဘုရားရှင်၏ အဆုံးအမ ဩဝါဒဟူသော သာသနာတော်ကြီး ကွယ်ပျက်ဆိုးသူ မည်၏။ ။

ထို့ကြောင့်။

(ဂ) ယော ဟိဗုဒ္ဓေသု ဓရန္တေသုပိ စတ္တာရော သတိပဋ္ဌာနေ နဘာဝေတိ။တဿ သဒ္ဓမ္မော အန္တရဟိတောနာမ ဟောတိဒေဝဒတ္တာဒိနံ ဝိ

ယ ဉာတိဉာမသ္မိံ သုတ္တေ တသာ ပုဂ္ဂလသောဝ ဓမ္မန္တရာ ယဓာနံ ကထိတံ။ ။ ဟုမိန့်အပ်၏။ ။

(ဂ) (ပဟိသတ္တံ)မှန်၏။(ယော)ရဟန်းရှင်လူမည်သူမဆိုအကြင်ပုဂ္ဂိုလ်သည်။(ဗုဒ္ဓေသု)မြတ်စွာဘုရားတို့သည်။(ဓရေ န္တေသုပိ)ထင်ရှားရှိပါကုန်လျက်လည်း။(စတ္တာရောသတိပဋ္ဌာနေ) သတိပဋ္ဌာန်၄-ပါးတို့ကို။( နဘာဝေတိ)မပွါးများ။(တသပုဂ္ဂလသာ)ထိုသတိပဋ္ဌာန်လေးပါးတို့တွင် တပါးပါးကိုမျှမပွါးများသောပုဂ္ဂိုလ်အား။(သဗ္ဗမ္ပော)နိဗ္ဗာန်ရောက်ကြောင်းသူတော်ကောင်းတရားသည်။ (အန္တရဟိတောနာမ) ကွယ်သည်မည်သည်။ (ဟောတိ) ဖြစ်၏။ (ဒေဝဒတ္တာဒိနံဝိယ) ဘုရား အဆုံးအမဩဝါဒကိုဖျက်ဆီးတတ်သောဒေဝဒတ်ကြီးအစရှိသည် တို့ကဲ့သို့။ (ဉာတိဉာမသ္မိံသုတ္တေ) ဤသတိပဋ္ဌာနသံယုတ်ပါဠိတော်၌။(တသပုဂ္ဂလသောဝ) ထိုပုဂ္ဂိုလ်မျိုးကိုသာလျှင်။ (ဓမ္မန္တရာယဓာနံ) ဘုရားအဆုံးမဟူသောသာသနာတော်၏ ကွယ်လွန်ခြင်းကို။ (ဘဂဝတာ) ဘုရားရှင်သည်။ (ကထိတံ) ဟောတော်မူအပ်၏။ ။

## (အထူးဝန်ခံချက်)

ဤကျမ်း၌သဘောမကျကြသေးပါလျှင် ငါတို့ထံမေးမြန်းလျှောက်ထားကြပါက သဘောကျရန်အထူးဝန်ခံကာဖြေပြပါမည်။ ။

## ဝိပဿနာ ရှုပွါးခိုက် ဗောဓိပက္ခိယတရား ၃၇-ပါး ပြီးစီးနည်း။

(က) ဤသတိပဋ္ဌာန်တရား ၄-ပါးတို့တွင် ဝေဒနာနုပဿနာသတိပဋ္ဌာန် တရား၌ ပွါးများအားထုတ်ဆဲအခိုက် အနိစ္စစသော လက္ခဏာရေး ၃-ပါးကိုရှုပွါးနေသော လောကီမဂ်ခဏ၌ ၃၇-ပါးသော (ဗောဓိပက္ခိယ) တရားတို့ တပြိုင်နက် တချက်ထည်း ပါဝင်ပြီးစီးနည်းကို ဝိပဿနာ အလုပ်ဖြင့် အကျဉ်းအမြွက်မျှ ပြပေအံ့။ ။

(၁) သတိပဋ္ဌာန် ၄-ပါးကား။ ။ယခုလက်, ခြေစသည်တို့ဖြင့် အပူ,အအေးစသော အတွေ့ဖောဋ္ဌဗ္ဗာရုံ သဘောကို တွေ့ထိဆဲခဏ၌ ဖြစ်

ပေါ်လာသော ခံစားမှု ဝေဒနာ သဘောကို မမြဲ,ဆင်းရဲ, အစိုးမရဟု ရှုပွါး ဆဲခဏ ကိုယ်အကြည်သဘော, အတွေ့သဘောဟူသော ရူပကာယ။ ။ထိုအတွေ့သဘောကို မှတ်သားတတ်သော သညာသဘောနှင့် အာရုံပြုမှုမနသိကာရ ဟူသောဓမ္မ။ ။ထိုအတွေ့ သဘောကို သိတတ်သော စိတ်သဘောတို့၏ မမြဲ, ဆင်းရဲ, အစိုးမရဟူသော လက္ခဏာရေး ၃-ပါးကို တပြိုင်နက် ရှုပွါးသည့် မည်သောကြောင့် သတိပဋ္ဌာန် ၄-ပါးတပြိုင်နက်ပြီးစီးပါဝင်၏ဟု သိအပ်၏။ ။

(၂) သမ္မပဓာန် ၄-ပါးကား။ ။တွေ့ဆဲခဏ၌ ဖြစ်သော ခံစားမှု ဝေဒနာသဘောကို မမြဲ, ဆင်းရဲ, အစိုးမရဟု သစ္စာ ၄-ပါးကို သိမြင်အောင်အားထုတ်ဆဲခဏ၌ ဖြစ်ပြီးသောအကုသိုလ်တို့ကိုပယ်ခြင်း။ ။မဖြစ်သေးသော အကုသိုလ်တို့ကိုလည်း နောင်မဖြစ်အောင် အားထုတ်ခြင်း။ ။မဖြစ် ဘူးကုန်သေးသော မဂ်ကုသိုလ်ကို ဖြစ်ပေါ်လာအောင် အားထုတ်ခြင်း။ ။ရရှိပြီးသော ဝိပဿနာဉာဏ်ကုသိုလ်ကို မဆုတ် မယုတ် တိုးပွါးအောင် အထပ်ထပ် အားထုတ်ခြင်း အားဖြင့် သမ္မပဓာန်တရား ၄-ပါးတပြိုင်နက်ပြီးစီးပါဝင်မှုကိုလည်းသိအပ်၏။ ။

(၃) ဣဒ္ဓိပါဒ် ၄-ပါးကား။ ။တွေ့ဆဲခဏ၌ဖြစ်သော ခံစားမှုဝေဒနာသဘောကို မမြဲ,ဆင်းရဲ အစိုးမရ ဟု ရှုပွါးဆဲခဏ အနိစ္စ စသော လက္ခဏာရေး ၃-ပါးကိုရှုပွါးလိုသစ္စာ ၄-ပါးကိုသိလိုသော ဆန္ဒ။ ။ရှုပွါးအားထုတ်ခြင်း ဝီရိယ။ ။ဝိပဿနာဉာဏ်နှင့်ယှဉ်သော ကုသိုလ်စိတ်။ ။ဤဝေဒနာ သဘော၌ မမြဲဆင်းရဲ အစိုးမရ ဟု သိမြင်ခြင်း ပညာ။ ။ဤတရား ၄-ပါးတို့သည်သစ္စာ ၄-ပါး မဂ်တရားကို ပြီးစီးပြည့်စုံခြင်း၏ အခြေပါဒ ဖြစ်သောကြောင့် ဣဒ္ဓိပါဒ်တို့မည်ကုန်၏။ ။ထိုဣဒ္ဓိပါဒ် ၄-ပါးတပြိုင်နက်ပြီးစီးပါဝင်မှုကိုသည်းသိအပ်၏။ ။

(၄) ဣန္ဒြေ ၅-ပါးကား။ ။တွေ့ဆဲခဏ၌ဖြစ်သော ခံစားမှု ဝေဒနာ သဘောကို မမြဲ, ဆင်းရဲ, အစိုးမရဟု ရှုပွါးဆဲခဏ အနိစ္စ စသော လက္ခဏာရေး ၃-ပါးကို ယုံကြည်ခြင်းသဒ္ဓါ။ ။အနိစ္စ စသောလက္ခဏာရေး ၃-ပါးကို အားထုတ်ခြင်းဝီရိယ။ ။လက္ခဏာရေး ၃-ပါးကို အောက်မေ့ခြင်းသတိ။ ။လက္ခဏာရေး ၃-ပါး၌တည်ကြည်ခြင်း သမာဓိ။ ။လက္ခဏာရေး ၃-ပါးကို ဟုတ်မှန်တိုင်း အပြားအားဖြင့် သိမြင်ခြင်းပညာ။ ။ဤ ၅-ပါးတို့ကား မိမိနှင့် သမ္ပယုတ္တဓမ္မဖြစ်သော

တရားတို့၏ ဦးစီးနာယကအဖိုးရသောကြောင့် ဣန္ဒြေတို့မည်ကုန်၏။ ။ ထိုဣန္ဒြေ ၅-ပါးတပြိုင်နက်ပြီးစီးပါဝင်မှုကိုလည်းသိအပ်၏။ ။

(၅) ဗိုလ် ၅-ပါးကား။ ။တွေ့ဆဲခဏဖြစ်သောခံစားမှုဝေဒနာ သဘောကို မမြဲ,ဆင်းရဲအဖိုးမရဟုရှုပွါးဆဲခဏ အနိစ္စစသောလက္ခဏာရေး ၃-ပါးကိုယုံကြည်ခြင်းမရှိသော အသဒ္ဓိယ တရားကို တွန်းလှန်ပယ်ဖျက်ခြင်းသဒ္ဓါ။ ။လက္ခဏာရေး ၃-ပါးကို မရှုပွါးလို အပျင်းပိုသော ကောသဇ္ဇကိုတွန်းလှန်ပယ်ဖျက်၍ အားထုတ်ခြင်းဝိရိယ။ ။လက္ခဏာရေး ၃-ပါး၌ မအောက်မေ့နိုင်သော ပမာဒကို တွန်းလှန်ပယ်ဖျက်၍ ထင်ခြင်းသတိ။ ။လက္ခဏာရေး ၃-ပါး၌ တည်ကြည်ခြင်းမရှိ ပျံ့လွင့်သော ဥဒ္ဓစ္စကိုတွန်းလှန်ပယ်ဖျက်၍ တည်ကြည်ခြင်းသမာဓိ။ ။ လက္ခဏာရေး ၃-ပါးကိုမသိမမြင်နိုင်သော မောဟကို တွန်းလှန် ပယ်ဖျက်၍ ဟုတ်မှန်စွာ သိခြင်းပညာ။ ။ဤ ၅-ဖြာတို့သည် မိမိနှင့် ဆန့်ကြင်ဘက်ဖြစ်သော အသဒ္ဓိယ စသော အကုသိုလ် တရားတို့ကို တွန်းလှန်ပယ်ဖျက်နှိပ်စက်တတ်သောကြောင့် ဗိုလ်မည်ကုန်၏။ ။ဤဗိုလ် ၅-ပါးတို့တပြိုင်နက်ပြီးစီးပါဝင်မှုကိုလည်း သိအပ်၏။ ။

(၆) ဗောဇ္ဈင် ၇-ပါးကား။ ။တွေ့ဆဲခဏ၌ ဖြစ်သော ခံစားမှု ဝေဒနာသဘောကို မမြဲ,ဆင်းရဲ, အဖိုးမရဟု ရှုပွါးဆဲခဏ ထင်ခြင်းသတိ။ ။လက္ခဏာရေး ၃-ပါးကို သိမြင်ခြင်း ပညာ။ ။လက္ခဏာရေး ၃-ပါးကို အားထုတ်ခြင်းဝိရိယ။ ။လက္ခဏာရေး ၃-ပါးကိုသိမြင်၍ နှစ်သက်ခြင်းပီတိ။ ။လက္ခဏာရေး ၃-ပါးကို သိမြင်၍ မိမိနှင့် မစပ်မှုကို ထင်သဖြင့် ငြိမ်းအေးခြင်း ပဿဒ္ဓိ။ ။လက္ခဏာရေး ၃-ပါးကို ရှုပွါးဆဲခဏ တည်ကြည်ခြင်းသမာဓိ။ ။လက္ခဏာရေး ၃-ပါးကိုရှုပွါးဆဲခဏသောမနဿ, ဒေါမနဿစသည်မဖြစ် လျစ်လျူရှုခြင်းဥပေက္ခာ။ ။ဤတရားတို့ကား သစ္စာ ၄-ပါး မဂ်တရားတို့ကို သိမြင်ခြင်း၏ အကြောင်းရင်း မူလ ဖြစ်သောကြောင့် ဗောဇ္ဈင် တရား ၇-ပါးတို့ မည်ကုန်၏။ ။ထိုဗောဇ္ဈင် ၇-ပါးလည်း တပြိုင်နက်ပြီးစီး ပါဝင်မှုကိုသိအပ်၏။ ။

(၇) မဂ္ဂင် ၈-ပါးကား။ ။တွေ့ဆဲခဏ၌ ဖြစ်သော ခံစားမှု ဝေဒနာ သဘောကို မမြဲ,ဆင်းရဲ, အဖိုးမရဟု ရှုပွါးဆဲခဏ ဟုတ်မှန်သော လက္ခဏာရေး ၃-ပါးကို ကောင်းစွာသိမြင်ခြင်းသမ္မာဒိဋ္ဌိ။ ။လက္ခဏာ

ရေး ၃-ပါးကို ကြံစည်ဆင်ခြင်ခြင်း သမ္မာသင်္ကပ္ပ၊ ။လက္ခဏာရေး ၃-ပါးကို ရှုပွါးဆဲခဏ မုသာဝါဒစသောဝစီဒုစရိုက် ၄-ပါးမှကောင်းစွာရှောင်ကြဉ်ခြင်း သမ္မာဝါစာ၊ ။လက္ခဏာရေး ၃-ပါးကို ရှုပွါးဆဲခဏ ပါဏာတိပါတ စသော ကာယဒုစရိုက် ၃-ပါးမှ ကောင်းစွာရှောင်ကြဉ်ခြင်း သမ္မာကမ္မန္တ။ ။လက္ခဏာရေး ၃-ပါးကို ရှုပွါးဆဲခဏ ထိုဝစီ ဒုစရိုက် ကာယဒုစရိုက် ၇-ပါးတို့ကို ကောင်းစွာ ရှောင်ကြဉ်ခြင်းသမ္မာအာဇီဝ။ ။ဝေဒနာသဘောကို မမြဲ,ဆင်းရဲ,အစိုးမရဟု ကောင်းစွာ ရှုပွါး အားထုတ်ခြင်း သမ္မာဝါယမ။ ။လက္ခဏာရေး ၃-ပါး၌ ကောင်းစွာ အောက်မေ့ထင်ခြင်း သမ္မာသတိ။ ။လက္ခဏာရေး ၃-ပါးကိုရှုပွါးဆဲခဏ၌ ကောင်းစွာတည်ကြည်ခြင်း သမ္မာသမာဓိ။ ။ဤဘရား ၈-ပါးတို့ကား သစ္စာ ၄-ပါး မဂ်ဘရားကိုရကြောင်း ခရီးလမ်းမှန် အစစ်ဖြစ်သောကြောင့် မဂ္ဂင်တို့မည်ကုန်၏။ ။ထိုမဂ္ဂင် ၈-ပါးလည်းတပြိုင်နက်တချက်ထည်းပြီးစီးပါဝင်ဟန်ကို ဉာဏ်ဖြင့် သိအပ်၏။ ။

(အထူးမှာထား ညွှန်ကြားချက်)။

(က) ဤဝေဒနာနုပဿနာသတိပဋ္ဌာန်ကို ရှုပွါးဆဲခဏ ဗောဓိပက္ခိယတရား ၃၇-ပါးတို့တပြိုင်နက်တချက်ထည်းပြီးစီးပါဝင်ကုန်သကဲ့သို့ ထို့အတူကာယာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာ,သတိပဋ္ဌာန်တို့ကို ရှုပွါးအားထုတ်ဆဲ ခဏတို့၌လည်း ဤနည်းတို့ကိုမှီး၍ ၃၇-ပါးသော ဗောဓိပက္ခိယ တရားတို့ တပြိုင်နက် တချက်ထည်း ပြီးစီး ပါဝင်ပုံကိုလည်းသိအပ်၏။ ။

(ခ) ဤကား လောကီမဂ်ကို ရည်ရွယ်၍ ပြဆိုလိုက်သည်။ ။ လောကုတ္တရာမဂ်ခဏ၌ ဖြစ်ပေါ်လာသည်ကား လွန်စွာ ထင်ရှားလှသဖြင့် အထူးပြဆိုဘွယ်မလိုတော့ပြီ။ ။

(ဂ) ဤမျှဖြင့် မသိကြသေး ပါလျှင် ငါတို့အား မေးမြန်း လျှောက်ထားကြပါလေ သူတော်တွေတို့။ ။

ရှုပွါးဆဲခဏ အာသဝေစသည်တို့ကင်းကွာပုံ။

(က) ဤသို့ဝိပဿနာကို ရှုပွါးဆဲခဏ အာသဝေစသောအကုသိုလ်များကင်းကွာပုံကို အကျဉ်းအမြွက်မျှရေးသားပြဆိုပေအံ့။ ။

(၁) အာသဝ ၄-ပါးကား။ ။မြင်ဆဲခဏစသည်တို့၌ ဖြစ်သော အာရုံ,ဒွါရ,ဝိညာဉ် ဟူသော ရုပ်,နာမ်, သင်္ခါရ တို့ကို မမြဲ,ဆင်းရဲ,အစိုးမရဟု ရှုပွါးဆဲခဏ၌ အဆင်းအာရုံစသော အာရုံ,ဒွါရ, ဝိညာဉ်တို့ကို သာယာနှစ်သက် တပ်မက်တတ်သော လောဘ ဟူသော (ကာမာသဝ)။ ။ထိုထိုဘုံဘဝတို့၌ ဖြစ်လို,ရလိုခြင်းလောဘ ဟူသော (ဘဝါသဝ)။ ။ထိုထိုအဆင်းအာရုံစသောအာရုံ,ဒွါရ,ဝိညာဉ်တို့ကို အထင်အမြင်မှားခြင်း ဒိဋ္ဌိဟူသော (ဒိဋ္ဌာသဝ)။ ။ထိုထိုအဆင်းအာရုံဒွါရ ဝိညာဉ်စသည့်တို့၏မမြဲ, ဆင်းရဲ,အစိုးမရ သည့်တို့ကို မသိမမြင် နိုင်အောင်ဖုံးလွှမ်းပိတ်ပင် တတ်သော မောဟဟူသော(အဝိဇ္ဇာသဝ)။ ။ ဤယိုစီးမှုအစဉ်ဖြစ်မှုတရား ၄-ပါးတို့သည် တပြိုင်နက် (တဒင်္ဂ)အားဖြင့်ကင်းကွာကုန်၏ဟုမှတ်အပ်၏။ ။

(အထူးမှတ်သားချက်)။

သြဃ,ယောဂတို့၌ တရားကိုယ်မထူးတော့ပြီ။ အစဉ်မပြတ် ဖြစ်မှု ယိုစီးမှုကို အာသဝ။ ။အစဉ်မပြတ် ဖြစ်မှု,လည်မှုကို သြဃ။ ။အစဉ်မပြတ် ဆင်းရဲအပေါင်းနှင့်ယှဉ်မှုကို ယောဂ။ ။ဟုဆိုလိုသည်။ ။ (ဖြစ်မှုကို ယိုစီးခြင်း,လည်ခြင်း,ယှဉ်ခြင်းဟူလို)။ ။

(၂) ဂန္ထ ၄-ပါးကား။ ။မြင်ဆဲခဏစသည့်တို့၌ ဖြစ်သော အာရုံ,ဒွါရ,ဝိညာဉ်ဟူသောရုပ်,နာမ်သင်္ခါရတို့ကို မမြဲ,ဆင်းရဲ,အစိုးမရဟု ရှုပွါးဆဲ ခဏ၌ သူတပါးတို့ ရရှိသော အဆင်း အာရုံ, ဒွါရ, ဝိညာဉ် စသော တရားတို့ကို မိမိလည်းရလိုခြင်း လောဘတဏှာဟူသော (အဘိဇ္ဈာကာယဂန္ထ)။ ။အဆင်းအာရုံ စသည့်တို့ကို တွေ့ရှိတိုင်း အမျက်ထွက်ခြင်း(ဗျာပါဒကာယဂန္ထ)။ ။နွား,သိုး,ဆိတ်,ခွေး တို့ကဲ့သို့ ကျင့်သောအကျင့်သည် နိဗ္ဗာန်သို့ ရောက်၏ဟု အယူမှား၍ ကျင့်ခြင်း (သီလဗ္ဗတ ပရာမာသ ကာယဂန္ထ)။ ။မှားသော အကျင့်ရှိသောသူသည်ဤငါ၏အကျင့်သည်သာ ကိလေသာစင်ကြယ်ကြောင်း အကျင့်မှန်ဟု အယူသီးခြင်း (ဣဒံသစ္စာဘိနိဝေသကာယဂန္ထ)။ ။ဤ ၄-ပါးတို့သည်သံသရာဝဋ်မှမလွတ်ထွက်မြောက်နိုင်အောင် ရုပ်ကာယ,နာမ်ကာယတို့၌ ထုံးဖွဲ့ တုပ်နှောင်ရှုတ် ပွေ လိမ်ပတ်တတ် သောကြောင့်

(ဂန္ထ) မည်ကုန်၏။ ။ထိုဂန္ထ ၄-ပါးတို့သည် တဒဂ်အားဖြင့်တဖြိုင်နက်ကင်းကွာ ကုန်၏ဟုမှတ်အပ်၏။ ။

(၃) ဥပါဒါန် ၄-ပါးကား။ ။မြင်ဆဲခဏစသည်တို့၌ဖြစ်သောအာရုံ,ဒွါရ,ဝိညာဉ် ဟူသော ရုပ်,နာမ်,သင်္ခါရတို့ကို မမြဲ,ဆင်းရဲ,အစိုးမရ ဟုရှုပွါးဆဲခဏ၌အဆင်း အာရုံ, ဒွါရ,ဝိညာဉ် စသည်တို့ကို သံသရာဝဋ်မှ မကျွတ်လွတ်နိုင်အောင် ခင်မင် စွဲလမ်းခြင်း ဟူသော (ကာမုပါဒါန်)။ ။အမှားကိုစွဲလမ်းခြင်း (ဒိဋ္ဌုပါဒါန်)။ ။ချေး,နွား စသည်တို့၏ အကျင့်များကိုအကျင့်မှန်ဟု စွဲလမ်းကျင့်ခြင်း(သီလဗ္ဗတုပါဒါန်)။ ။အဆင်း,အာရုံ, ဒွါရ,ဝိညာဉ် စသည်တို့ကို ငါ,သူတပါး, ယောကျ်ား, မိန်းမ ဟု စွဲလမ်းခြင်း (အတ္တဝါဒုပါဒါန်)။ ။ဤ ၄-ပါးတို့သည် တဖြိုင်နက် တဒဂ် ကင်းကွာကုန်၏ဟု မှတ်အပ်၏။ ။

(၄) နီဝရဏ ၆-ပါးကား။ ။မြင်ဆဲခဏ စသည်တို့၌ဖြစ်သော အာရုံ,ဒွါရ,ဝိညာဉ် ဟူသော ရုပ်,နာမ်,သင်္ခါရတို့ကို မမြဲ,ဆင်းရဲ,အစိုးမရ ဟု ရှုပွါးဆဲခဏ၌ သံသရာဝဋ်မှ မထွက်မြောက်နိုင်အောင် ဝိတ်ပင် တားမြစ်တတ်သော အဆင်းအာရုံ,ဒွါရ,ဝိညာဉ်စသည်တို့၌ ခင်မင်တွယ်တာ သာယာနှစ်သက်ခြင်း လောဘ ဟူသော (ကာမစ္ဆန္ဒနီဝရဏ)။ ။အမျက်ဒေါသ ဟူသော (ဗျာပါဒနီဝရဏ)။ ။စိတ်,စေတသိက်တို့၏ မခံ့ခြင်း ငိုက်မြည်းခြင်း ဟူသော (ထိနမိဒ္ဓနီဝရဏ)။ ။အာရုံတပါးသို့ ပျံ့လွင့်ခြင်း ပြုအပ်ပြီးသော ကုသိုလ် မပြုလိုက်မိသေးသော အကုသိုလ်တို့၌ အလိုလို ဖြစ်ခြင်း, စိုးရိမ်ခြင်း ဟူသော (ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ)။ ။မိမိထင်မြင်သော အနိစ္စ စသည်၌ ဟုတ်မှ ဟုတ်ပါ၏လောစသဖြင့် ယုံမှားခြင်းဟူသော (ဝိစိကိစ္ဆာ နီဝရဏ)။ ။အနိစ္စ စသည်တို့ကို မသိမမြင်အောင် ဖုံးလွှမ်းခြင်း မောဟ ဟူသော (အဝိဇ္ဇာနီဝရဏ)။ ။ဤ ၆-ပါး တို့သည် တဖြိုင်နက် တဒဂ်ကင်း ပျောက်ကုန်၏ဟု မှတ်အပ်၏။ ။

(၅) သံယောဇဉ် ၁၀-ပါးကား။ ။မြင်ဆဲခဏ စသည်တို့၌ ဖြစ်သော အာရုံ,ဒွါရ, ဝိညာဉ် ဟူသော ရုပ်,နာမ်,သင်္ခါရတို့ကို မမြဲ,ဆင်းရဲ,အစိုးမရဟု ရှုပွါးဆဲခဏ၌ အဆင်းအာရုံ, ဒွါရ, ဝိညာဉ် စသည်တို့ကိုသာယာ နှစ်သက်ခြင်းလောဘဟူသော(ကာမရာဂသံယောဇဉ်)။ ။ရူပဘဝ၌ လိုခြင်တောင့်တခြင်း ဟူသော(ရူပရာဂ သံယောဇဉ်)။ ။

အရူပဘဝ၌လိုချင်တောင့်တခြင်းဟူသော(အရူပရာဂသံယောဇဉ်)။ ။အမျက်ဒေါသထွက်ခြင်းဟူသော (ပဋိဃသံယောဇဉ်)။ ။ငါသာသိ၏,မြတ်၏ စသဖြင့် ထောင်လွှားခြင်းဟူသော (မာနသံယောဇဉ်)၊ ။အယူမှားကိုယူခြင်း ဟူသော (ဒိဋ္ဌိသံယောဇဉ်)။ ။ခွေးစသည်တို့၏အကျင့်များကို အကျင့်မှန်ဟု ကျင့်ခြင်းဟူသော(သီလဗ္ဗတပရာမာသသံယောဇဉ်)။ ။မိမိထင်မြင်သော အနိစ္စစသောလက္ခဏာရေး ၃-ပါးကို နိဗ္ဗာန်ရောက်ကြောင်း အကျင့် ဟုတ်မှဟုတ်ပါ၏လော စသဖြင့်ယုံမှားခြင်းဟူသော (ဝိစိကိစ္ဆာသံယောဇဉ်)။ ။အာရုံတပါး၌ ပျံ့လွင့်ခြင်းဟူသော (ဥဒ္ဓစ္စ သံယောဇဉ်)။ ။အနိစ္စ စသော လက္ခဏာရေး ၃-ပါးတို့ကို မသိမမြင်အောင် ဖုံးလွှမ်းခြင်းဟူသော (အဝိဇ္ဇာသံယောဇဉ်)။ ။အားဖြင့်၁၀-ပါးသော တရားတို့သည် သံသရာဝဋ်မှ မကျွတ်လွတ် မထွက်မြောက် နိုင်အောင် တုပ်နှောင်, ချည်ထားတတ် သောကြောင့် သံယောဇဉ်မည်ကုန်၏။ ။ထိုသံယောဇဉ် ၁၀-ပါးတို့သည် တပြိုင်နက် တဒင်္ဂ ကင်းပျောက်ကုန်၏ဟု မှတ်အပ်၏။ ။

(၆) ကိလေသာ ၁၀-ပါးကား။ ။မြင်ဆဲခဏ စသည်တို့၌ ဖြစ်သော အာရုံ,ဒွါရ,ဝိညာဉ် ဟူသော ရုပ်,နာမ် သင်္ခါရတို့ကို မမြဲ,ဆင်းရဲ, အစိုးမရ ဟု ရှုပွါးဆဲ ခဏ၌ အာရုံ ၅-ပါးတို့ကို တပ်မက် နှစ်သက်တတ်သော (လောဘကိလေသာ)။ ။အမျက်ထွက်ခြင်း (ဒေါသ ကိလေသာ)။ ။အနိစ္စ စသည်တို့ကို မသိ မမြင်အောင် ဖုံးလွှမ်းခြင်း (မောဟကိလေသာ)။ ။ငါသာ တတ်၏, မြတ်၏ စသဖြင့် ထောင်လွှားခြင်း (မာနကိလေသာ)။ ။အမှားကို မြင်ခြင်း, ယူခြင်း (ဒိဋ္ဌိကိလေသာ)။ ။မိမိ ထင်မြင်သော အနိစ္စ စသည်တို့ကို မဂ်ရကြောင်း ဟုတ်မှဟုတ်ပါ၏လော စသဖြင့်ယုံမှားခြင်း(ဝိစိကိစ္ဆာကိလေသာ)။ ။စိတ်၏မခန့်ခြင်း,ငိုက်မြည်းခြင်း (ထိနကိလေသာ)။ ။အာရုံတပါးသို့ ပျံ့လွင့်ခြင်း (ဥဒ္ဓစ္စ ကိလေသာ)။ ။အမှားကို အမှန်ထင်သဖြင့် ရှက်မှုမကင်းခြင်း (အဟိရိကကိလေသာ)။ ။သံသရာဘေး,လာမည့်ရေးကို ကြောက်သွေးတုန်လန့်မှုမကင်းခြင်း(အနောတ္တပ္ပကိလေသာ)။ ။ဤ ၁၀-ပါးတို့သည် စိတ်အစဉ်၌ ညစ်နွမ်းစေတတ်သောကြောင့် ကိလေသာတို့ မည်ကုန်၏။ ။ထိုကိလေသာ ၁၀-ပါးတို့သည် တပြိုင်နက် တဒင်္ဂကင်းပျောက်ကုန်၏ဟု မှတ်အပ်၏။

(၇) အနုသယ ၇-ပါးကား။ ။မြင်ဆဲခဏစသည့်တို့၌ဖြစ်သော အာရုံ,ဒွါရ,ဝိညာဉ်ဟူသောရုပ်,နာမ်သင်္ခါရတို့ကို မမြဲ,ဆင်းရဲ,အစိုးမရ ဟုရှုပွါးဆဲခဏ၌ အာရုံ ၅-ပါးတို့ကို သာယာနှစ်သက်တတ်သောပရိ ယုဋ္ဌာနကိလေသာကာယ,ဝစီတို့ဖြင့် လွန်ကျူးခြင်းဝီတိက္ကမကိလေသာ တို့၏ဖြစ်ရာဖြစ်ကြောင်း မျိုးစေ့သဖွယ်ဟူသော(ကာမရာဂါနုသယ)။ ။ ထိုထိုဘုံဘဝ၌ လိုချင်တတ်သော ပရိယုဋ္ဌာန, ဝီတိက္ကမ ကိလေသာတို့ ၏ဖြစ်ရာဖြစ်ကြောင်းမျိုးစေ့သဖွယ်ဟူသော (ဘဝရာဂါနုသယ)။ ။အ မျက်ဒေါသထွက်ခြင်း ပရိယုဋ္ဌာန,ပြစ်မှားခြင်း ဝီတိက္ကမ ကိလေသာတို့ ၏ မျိုးစေ့သဖွယ်ဖြစ်သော(ပဋိဃာနုသယ)။ ။ထောင်လွှားခြင်းပရိယုဋ္ဌာ န, ငါသာတတ်၏မြတ်၏ စသဖြင့် နှုတ်မြွက်ခြင်း ဝီတိက္ကမ, ကိလေသာ တို့၏ဖြစ်ရာဖြစ်ကြောင်းမျိုးစေ့သဖွယ်ဖြစ်သော (မာနာနုသယ)။ ။အ ယူမှားကိုယူခြင်းပရိယုဋ္ဌာန, ကာယ,ဝစီတို့ဖြင့် လွန်ကျူးခြင်းဝီတိက္ကမ ကိလေသာတို့၏ ဖြစ်ရာဖြစ်ကြောင်း မျိုးစေ့သဖွယ်ဖြစ်သော (ဒိဋ္ဌာနုသ ယ)။ ။အနိစ္စစသည့်တို့၌ယုံမှားခြင်း ပရိယုဋ္ဌာန,နှုတ်မြွက်ခြင်းဝီတိက္က မ, ကိလေသာတို့၏ ဖြစ်ရာ ဖြစ်ကြောင်း မျိုးစေ့သဖွယ် ဖြစ်သော (ဝိစိ ကိစ္ဆာနုသယ)။ ။အနိစ္စစသည့်တို့ကို မသိမမြင်အောင်ဖုံးလွှမ်းခြင်း ပရိယုဋ္ဌာန,ကာယ,ဝစီတို့ဖြင့် လွန်ကျူးခြင်း ဝီတိက္ကမ,ကိလေသာတို့၏ ဖြစ်ရာ ဖြစ်ကြောင်း မျိုးစေ့သဖွယ် ဖြစ်သော (အဝိဇ္ဇာနုသယ)။ ။ဤ ၇-ပါးတို့သည်။ ။အနုအနု သန္တာနေသေန္တီတိ, အနုသယာ။ ။ဟူ သည်နှင့်အညီပုထုဇ္ဇဉ်တို့၏စိတ်အစဉ်၌ဥပါဒ်အားဖြင့် မဖြစ်သေးဘဲအ စဉ်စွဲကပ်။ ဂုတ်ကိန်းဝပ်နေသော မျိုးဓာတ်သဘောဖြစ်သောကြောင့်။ (အနုသယ) ဟုခေါ်၏။ ။မြင်ဆဲခဏစသည့်တို့၌ ဖြစ်သောရုပ်, နာမ် တို့ကို အနိစ္စစသဖြင့် ရှုပွါးနေပါလျှင် ထိုဂုတ်ကိန်းဝပ်နေသောမျိုးဓာတ် တို့ကို (တဒင်္ဂ)ဖျက်ဆီးနေသည်ဟုမှတ် ကြရမည်။ (ဥပမာကား) မျိုး စေ့တင်းလင်း မရှိသေးသော မှော်ဖြစ်လတံ့သော ရေကို မီးဖြင့် မပြတ် ကျိုချက်နေက မှော်ပင်မဖြစ်နိုင်သလိုမှတ်ကြပါလေ။ ။

---

နိဂုံးချုပ်ဒေသနာ သြဝါဒကထာ။

(၁) သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊သေ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။

(၁) (သဗ္ဗေ) ခပ်သိမ်းကုန်သော။(သင်္ခါရာ) ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့သည် ပြုပြင် စီရင်အပ်ကုန်သော ရုပ်,နာမ်သင်္ခါရတို့သည်။(အနိစ္စာ) ဖြစ်ပြီးလျှင်ခဏခြင်း ပျက်ခြင်းကြောင့် မမြဲကုန်။(ယဒါ) အကြင်အခါ၌။(ပညာယ)ဝိပဿနာ ဉာဏ်ပညာဖြင့်။ (ပဿတိ) ကြားဆဲ,မြင်ဆဲခဏစသည်တို့၌ ဖြစ်ကုန်သော ရုပ်,နာမ် (သင်္ခါရ)တို့၏ ပျက်၍နေသည်ကို သိမြင်လေ၏။ (အထ) ထိုသို့ကြားဆဲ,မြင်ဆဲခဏစသည်တို့၌ ဖြစ်သောရုပ်,နာမ်တို့၏ အစဉ်မပြတ် ပျက်၍ပျက်၍နေသည်ကိုသိမြင်သည်ရှိသော်။ (ဒုက္ခေ) နား အကြည့်, အသံ, စိတ် သဘောစသော ရုပ်,နာမ်တို့၏ အသစ်, အသစ်, အစဉ်မပြတ် ဖြစ်ပေါ်လာခြင်းဟူသော သံသရာ ဝဋ်ဒုက္ခ၌။ (နိဗ္ဗိန္ဒတိ) ပျင်းမုန်းငြီးငွေ့ မပျော်မွေ့ဘဲစက်ဆုပ် ရွံရှာ၍သာနေပေတော့၏။ (ဧသော) ဤသို့ကြားဆဲ, မြင်ဆဲခဏစသည်တို့၌ ဖြစ်ပေါ်လာကုန်သော ရုပ်,နာမ်တို့ကိုပျင်းမုန်းငြီးငွေ့ မပျော်မွေ့ဘဲ စက်ဆုပ်ရွံရှာ၍သာနေခြင်းသည်။(ဝိသုဒ္ဓိယာ) လောဘ,ဒေါသ, မောဟစသော ကိလေသာတို့၏ ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့။(မဂ္ဂေါ) ရောက်ရာ ရောက်ကြောင်း အကျင့်ကောင်းပေတည်း။ ။

(၂) သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။

(၂) (သဗ္ဗေ) ခပ်သိမ်းကုန်သော။ (သင်္ခါရာ) ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့သည် ပြုပြင်စီရင်အပ်ကုန်သော ရုပ်,နာမ်သင်္ခါရတို့သည်။ (ဒုက္ခာ) ထပ်တလဲလဲ မပြတ် မစဲ မမြဲခြင်းကြောင့် ဆင်းရဲကုန်၏။ (ယဒါ) အကြင်အခါ၌။ (ပညာယ) ဝိပဿနာ ဉာဏ်ပညာဖြင့်။ (ပဿတိ) ရုပ်,နာမ်တို့သည် ဖြစ်ပျက်ခြင်းဖြင့် မပြတ်နှိပ်စက် ညှင်းဆဲသည်ဟု သိမြင်လေ၏။ (အထ) ထိုသို့ ရုပ်, နာမ်ဖြစ်ပျက် ဆင်းရဲ နှိပ်စက်မှုကို ဆင်းရဲ၏ ဟု သိမြင်သည်ရှိသော်။ (ဒုက္ခေ)ရုပ်,နာမ် ၂-ရပ် အသစ်,အသစ်,အစဉ်မပြတ်ဖြစ်ခြင်းဟူသော သံသရာဝဋ်ဒုက္ခ၌။(နိဗ္ဗိန္ဒတိ) ပျင်းမုန်းငြီးငွေ့ မပျော်မွေ့ဘဲ စက်ဆုပ်ရွံရှာ၍သာ နေပေတော့၏။ (ဧသော) ဤသို့ မြင်ဆဲ, ကြားဆဲခဏစသည်တို့၌ ဖြစ်ပေါ်လာကုန်သော ရုပ်,နာမ်တို့ကို ပျင်းမုန်းငြီးငွေ့ မပျော်

မွေ့ဘဲ စက်ဆုပ်ရွံရှာ၍သာ နေခြင်းသည်။ (ဝိသုဒ္ဓိယာ) လောဘ, ဒေါသ, မောဟစသော ကိလေသာတို့၏ ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့။ (မဂ္ဂေါ) ရောက်ရာ ရောက်ကြောင်းအကျင့်ကောင်းပေတည်း။ ။

(ရုပ်,နာမ်အသစ်မဖြစ်မှုနိဗ္ဗာန်ယူ)။

(၃) သဗ္ဗေ *ဓမ္မာ အနတ္တာ၊ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။

(၃) (သဗ္ဗေ) ခပ်သိမ်းကုန်သော။ (ဓမ္မာ) ကံ,စိတ်,ဥတု, အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့သည် ပြုပြင် စီရင်အပ်ကုန်သော ရုပ်,နာမ် သင်္ခါရတို့သည်။ (အနတ္တာ) ဖြစ်, ပျက်, သစ်သစ်တားမြစ်၍မရသောကြောင့် အစိုးမရ အလိုသို့မလိုက်ကုန်။ (ယဒါ) အကြင်အခါ၌ (ပညာယ) ဝိပဿနာ ဉာဏ်ပညာဖြင့်။(ပဿတိ)ဖြစ်,ပျက်သစ်သစ် တားမြစ်၍ မရပါတကားဟု ဟုတ်မှန်တိုင်း သိမြင်လေ၏။ (အထ)ထိုသို့ ဖြစ်,ပျက်,သစ်သစ် တားမြစ်၍ မရသော ရုပ်,နာမ်သင်္ခါရတို့၏ အစိုးမရ အလိုသို့မလိုက်သည်၏ အဖြစ်ကို သိမြင်သည်ရှိသော် (ဒုက္ခေ) ရုပ်,နာမ် ၂-ပါး သင်္ခါရတရားတို့၏ အစဉ်မပြတ် မရပ်မနားအသစ်အသစ် ဖြစ်ပွါးပေါ်ပေါက်လာခြင်းဟူသောသံသရာ ဝဋ်ဒုက္ခ၌။ (နိဗ္ဗိန္ဒတိ)ပျင်းမုန်းငြီးငွေ့ မပျော်မွေ့ဘဲ စက်ဆုပ်ရွံရှာ၍သာနေတော့၏။ (ဧသဧသော) ဤသို့မြင်ဆဲ, ကြားဆဲ,နံဆဲ, စားဆဲ, တွေ့ဆဲ,ရှုဆဲ, ရှိက်ဆဲ,ကွေးဆဲ, ဆန့်ဆဲ, သွားဆဲ, ရပ်ဆဲ, ပြောဆိုဆဲ, ကြံစည်ဆဲ ခဏ စသည်တို့၌ ဖြစ်ပေါ်လာကုန်သောရုပ်, နာမ်ဓမ္မသင်္ခါရတို့ကို ပျင်းမုန်းငြီးငွေ့ မပျော်မွေ့ဘဲ စက်ဆုပ် ရွံရှာ၍သာ နေခြင်းသည်။ (ဝိသုဒ္ဓိယာ) လောဘ, ဒေါသ, မောဟ စသော ကိလေသာတို့၏ ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့။ (မဂ္ဂေါ) ရောက်ရာ ရောက်ကြောင်း အကျင့်ကောင်း ပေတည်း။ ။

(မှတ်ချက်) * သဗ္ဗေဓမ္မာတိ ပဉ္စက္ခန္ဓာဧဝ အဓိပ္ပေတာ။ ။ဟုအဋ္ဌကထာလာသည်ကိုထောက်ဆ၍အနက်ပေးလိုက်သည်။ ။

### (အသုံးမှတ်သား မှာထားချက်)။

(က) ဤ(ဝိသုဒ္ဓိယာ) ဟူသောပုဒ်၌ ကိလေသာတို့၏ ချုပ်ငြိမ်းရာမှန် နိဗ္ဗာန်ဟူသည် ဖြစ်ပေါ်လာတိုင်းသော ရုပ်,နာမ်တို့၏ အပြစ်ကိုမြင်သည့်ရှိသော် နောင်တဖန် ရုပ်, နာမ် အသစ် ဖြစ်လိုသော ပရိယုဋ္ဌာန, ဝီတိက္ကမကိလေသာတို့၏ ဖြစ်ကြောင်း။ (အနုသယ) ကိလေသာကို မဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖြတ်သတ်ခြင်းသည်။ (နိဗ္ဗာန်) မည်၏ဟု မှတ်ကြပါလေ။ ။

(ခ) တနည်း။ ။အနုသယကိလေသာတို့ကိုမဂ်ဉာဏ်ဖြင့်အကြွင်းမဲ့ပယ်ဖြတ် သတ်အပ်ပြီး၍ နောင်တဖန် အသစ် မဖြစ်ပေါ်လာသည်ကို နိဗ္ဗာန်ဟုမှတ်ကြပါလေ သူတော်,ပဏ္ဍိတ်တွေတို့။ ။

ဤတွင်၍ ဘာဝနာ နည်းပြကျမ်းပြီးပြီ။

---

## ကျမ်းပြီးနိဂုံး။

(၁) ဘဒ္ဒန္တ ပညာဝဇ္ဇေရော၊ ကမ္မဋ္ဌာနာ နုယုဉ္ဇကော။
အညာယ ကမ္မဋ္ဌာနဿ၊ ပရေ သဉ္ဇာ နုသာသကော။ ။

(၂) ဉာဏ္ဏသင်္ကြောတိ နာမေန၊ တဿ သိဿေန ဓီမတာ။
သကေ အာစေရကေ သမ္မာ၊ ကုသလေန ဟိတေသိနာ။ ။

(၃) သင်္ခိတ္တာ အာစရိယဿ၊ သုလဒ္ဓံ ဘာဝနာနယံ။
ဒီပယန္တီ ကတာ ယေသာ၊ ဘာဝနာနယဒီပနီ။ ။

(၄) နိဋ္ဌိတေသာ သက္ကရာဇေ၊ ဒွိသုည တြိယေကကေ။ ။
ပုဏ္ဏမေ အာသဠှိယမှိ၊ စန္ဒာဟေ နိရုပဒ္ဒဝေ။ ။

(၅) ယံ လဒ္ဓံ ကုသလံ တေန၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သိဝံ သိဝံဝ သိဇ္ဈန္တု၊ သင်္ကပ္ပါ သဗ္ဗမင်္ဂလာ။ ။

(၆) မဟာသိဿာ မမာစေရာ၊ ရာဇာစ သဗ္ဗပါဏိနော။
နိရောဂါ နိဗ္ဘယာ ဟောန္တု၊ ဒေဝေါ ရက္ခန္တု တေ သဒါ။ ။

(၇) ဓနာစ သုခိတာ ဟောနှင့်၊ သမင်္ဂါ ဟိတကာရကာ။ ။
ယထိန္ဒိတာနိ သိဇ္ဈန္တု၊ တေ ပဂ္ဂဏှန္တု သာသနံ။ ။

(၈) စန္ဒိမာစ သူရိယောစ၊ ဓောတယန္တု တပဟိံ တပဟိံ။
တထာ ဓောတေတွယံဂန္တော၊ စိရံ ဝဍ္ဎတု သာသနံ။ ။

(၁) (ဘဒ္ဒန္တပဏ္ဍုဝဏ္ဏရော) ဝရဖိန်ပမာ၊ ဉာဏ်ပညာဖြင့်၊ ဘာဝနာနည်းပြ၊အရှင်ပဏ္ဍဝ မထေရ်မြတ်သည်။ (ကမ္မဋ္ဌာနာနုယုဉ္ဇကော) သွား,သွေး, ချောက်စေ၊ ရိုး,ကျော,ရေမျှ၊ ကြွင်းစေ ဝိရိယ၊ လုံ့လကြိုးကုတ်၊အားထုတ် ရှုပွါးတော်မူပေ၏။ (ကမ္မဋ္ဌာနဿ) သမထ, ဝိပဿနာ၊နှစ်ဖြာရေပြွမ်း၊ဘာဝနာကမ္မဋ္ဌာန်း၏။ (အတ္ထာယ)ရှုနည်း,ပွါးနည်း၊ နိဿယည်းကို၊ သိပ်သည်းလှလှ၊ ရကြစေခြင်း အကျိုးငှါ။ (ဝါ) မဂ်,ဖိုလ်,နိဗ္ဗာန်၊သုံးတန်သုခ၊ရကြစေခြင်းအကျိုးငှါ။ (ပရေသဥ္စ) သံသရာစက်၊ဝဲဃရက်မှ၊ လွှဲထွက်သွားလို၊ ပုဂ္ဂိုလ်အများ၊ သူတပါး တို့အားလည်း။ (အနုသာသကော) လက်တွေ့ဒိဋ္ဌ၊ ကိုယ်တိုင်ပြလျက်၊ ဆုံးမတော်မူပေ၏။(ဝါ)ကလျာဏ မိတ္တအင်္ဂါ၊ခုနစ်ဖြာနှင့်၊ကောင်းစွာပြည့်ပုံ၊ ဂုဏ်ပေါင်းခြုံလျက်၊ ယုံကြည်အပ်စွာ၊ ဒါယကာအများ၊ တပည့်သားလည်း၊ တရားရေး၊အမြိုက်ဆေးကို၊တိုက်ကျွေးတော်မူပေ၏။ ။

(၂) (တဿ) ထိုဘာဝနာ နည်းပြ။အရှင်ပဏ္ဍဝ မထေရ်မြတ်၏။ (သိဿန) ကမ္မဋ္ဌာနန္တေဝါသိက တပည့်ဖြစ်သော။(ဓိမတာ) ကိုယ်တိုင်ရှုပွါး၊ သူတို့အားလည်း၊ဟောကြားဖန်ဖန်၊ဘာဝနာဉာဏ်ရှိသော။ (သကေအာစေရကေ) ဝန်ဖြစ်ကုန်ခန်း၊ နိဗ္ဗာန်နန်းသို့၊တက်လှမ်းပါရ၊ မိမိဆရာမြတ်၏ အလုပ်ကိစ္စ၌။ (သမ္မာ) ကောင်းစွာ။ (ကုသလေနဲ) စ, လယ်,အဆုံး၊သုံးပါးလုံဝယ်၊ ယုကျုံးမိမိ။ ကဝိဗြိစွာ, သိလိမ်မာသော၊ (ဟိတေသိနာ) အတ္တ, ပရ၊ နှစ်ဝကုတ်,ကိ၊ အလီလီပွါးစီး၊ အကျိုးပြီးရန်၊ ရှာမှီးလေ့ရှိသော။ (ဣန္ဒသဏ္ဌောတိနာမေန) ဣန္ဒသဏ္ဌ၊ နာမတွင်မှတ်။ကျမ်းပြုမထေရ်လတ်ဖြစ်သော။ (မယာ)ငါသည်။ ။

(၃) (အာစရိယဿ) ဘာဝနာနည်းပြ၊ အရှင်ပဏ္ဍဝ မထေရ်မြတ်၏။ (သန္တိကာ) အထံတော်မှ။(သုလဒ္ဓံ) တပည့်တို့ဝတ်၊ မချွတ်စေရ၊ ကြိုးလုံ့လကြောင့်။ ကောင်းစွာရအပ်သော။ (ဘာဝနာနယံ) ဘာဝနာ

နှစ်ပုံ၊ ရှပ်ပွါး ပုံနှင့်၊ ဟောပုံကျနှ၊ နည်းနယကို။ (ဒိပယန္တိ) တိုတိုကျဉ်းကျဉ်း၊ လိုရင်းကိုသာ။ ဖွင့်ပြပါလျက်။ (ယေသာ-ယာ သောဘာဝနာနယဒိပနီ) ဘာဝနာ နယပကာသနီ၊ ဂုဏ်ထူးချီလျက်၊ သညီခေါ်မှန်း၊ အကြွင်ဘာဝနာ နည်းပြကျမ်းကို။ (ကတာ)အပတ်တကုတ်၊ ကြိုးအားထုတ်၍၊သုတ်သုတ်လျှင်လျှင်။ပြုစီရင်အပ်ပေပြီ။ ။

(၄) (သောဘာဝနာနယဒိပနီ) ဘာဝနာနယပကာသနီ၊ ဂုဏ်ထူးချီလျက်၊ သညီခေါ်မှန်း၊ ထိုဘာဝနာနည်းပြကျမ်းသည်။ (သက္ကရာဇေဒွိသုညတြိယေကကေ) လူတို့ဝေါဟာ၊ ကောဇာ သက္ကရာဇ်၊ ၁၃၀၀-ပြည့်နှစ်၌။ (အာသဠှိယမှိ ပုဏ္ဏမေ) အာသဠှိမှတ်၊ ကြယ် နက္ခတ်ဖြင့်၊ ပညတ်ခေါ်လေ့၊ဝါဆိုလပြည့်နေ့၌။ (စန္ဒာဟေ) ပုဏ္ဏိန္ဒုစန်း၊ ယုဂန်နန်းဝယ်၊ ရောင်ဝန်း ကြွေ့ကြွေ့၊ တနင်းလာနေ့၌။ (နိရုပဒ္ဒဝေ-နိရုပဒ္ဒဝေန) ဥပါဒ်မတွယ်၊အန္တရာယ်မငြိ၊ဘေးမရှိသဖြင့်။(နိဋ္ဌိတာ)စ,လယ်,အဆုံး၊ ကမ္ပတ်ဖုံးကာ၊ပြီးဆုံးခြင်းသို့ ရောက်လတ်ပြီ။ ။

(၅) (ယံကုသလံ)အကြွင်မဲ့ဒါနခေါ်၊မဟာကုသိုလ်တော်ကြီးကို။ (မယာ)ငါသည်။ (လဒ္ဓံ) ရအပ်ပေပြီ။ (တေနကုသလေန) ထိုငါရအပ်သော၊ဓမ္မဒါနခေါ်၊မဟာကုသိုလ်တော်ကြီးကြောင့်။ (ပါဏိနံ) ခပ်သိမ်းများစွာ၊ သတ္တဝါ တို့အား။ (သမ္ဗုဒ္ဓါ) နေ့ရော ညပါ၊ အခါခပ်သိမ်း။ (သက်ပ္ပါစ) ကောင်းမြတ် သောဆန္ဒ၊ အကြံ့အစည် မှန်သမျှတို့ သည်လည်းကောင်း။(သဗ္ဗမင်္ဂလာစ) လုံးရုံများစွာ၊ မင်္ဂလာကြွက်သရေ၊ အထွေထွေတို့သည် လည်းကောင်း။ (သိဇ္ဈံသိဇ္ဈံ) လျှင်စွာ လျှင်စွာသာလျှင်။(သိဇ္ဈန္တု)ပြီးပြည့်ပုံကြပါစေကုန်သတည်း။ ။

(၆) (မမ) ငါ၏။ (အာစေရာစ) ကျေးဇူးတော်ရှင်။ ဆရာတော်အရှင်တို့သည် လည်းကောင်း။ (မဟာသိဿာစ) တပည့်ကြီးငယ်၊ အသွယ်သွယ်တို့သည်လည်းကောင်း။ (ဝါ) တပည့်မြတ်များ၊ အစားစားတို့သည်လည်းကောင်း။ (ရာဇာစ)တိုင်းပြည်စိုးနှင်း၊ တံခိုးလင်းသည့်၊ အမျိုးမျိုးသောမင်းတို့သည် လည်းကောင်း။ (သဗ္ဗပါဏိနောစ) ဘုံသုံးဆဲ့တစ်၊ ဖြစ်ရှိသမျှ၊ သတ္တဝါအနန္တတို့သည်လည်းကောင်း။ (နိရောဂါ) ကိုးဆဲ့ခြောက်ဖြာ၊ အနာရောဂါမှ၊ ကင်းကွာကြကုန်သည်။(ဟောန္တု) ဖြစ်ကြ ပါစေကုန်သတည်း။ (နိဗ္ဘယာ) ဘေး အတန်တန်၊ ရန်အဖုံဖုံ။ ကင်းစင်ကြကုန်သည်။ (ဟောန္တု) ဖြစ်ကြပါစေ ကုန်သတည်း။ (တေ)

ထိုကျေးဇူးတော်ရှင်၊ ဆရာတော်အရှင်မြတ်များ တို့နှင့်တကွ၊ အစားစားသောတပည့် ဒါယကာ ဒါယိကာမ၊မင်းရာဇ ဟူသမျှတို့ကို။ (ဒေဝါ)နတ်,ဗြဟ္မာ,အပေါင်း၊ သူတော်ကောင်း တို့သည်။ (သဒါ) နေ့ရောညပါ၊ဘယ်ခါမပြတ်၊ အထပ်ထပ်သာလျှင်။ (ရက္ခန္တု) ကောင်းစွာနှစ္စ၊ ဘေးမခအောင်၊ ဧးမြ ကြည်သာ၊ စောင်မ ကြည့်ရှုကြ ပါစေကုန်သတည်း၊ ။

(၇) (ဓနာဝစ)တိုင်းသူပြည်သား၊ လူအများတို့သည်လည်းကောင်း။ (ဝါ) ရဟန်း,ရှင်,လူ။ များပြည်သူတို့သည်လည်းကောင်း။ (သမင်္ဂါစ) ညီညွတ်သင်းပင်း၊ မိတ်ဆွေရင်းတို့သည်လည်းကောင်း။ (ဟိတကာရကာစ) သာသနာကျိုး၊ မိဒိကျိုးကို၊ သည်ပိုးဆောင်ရွက်၊ လောကုတ္တရာ စီးပွါးဘက်ကိုသာ၊ ပြုဗုပျိုးထောင်လျက်ရှိကြကုန်သော၊ သူတို့သည်လည်းကောင်း။ (သုခိတာ) ကိုယ်,စိတ် ၂-ဖြာ၊ ချမ်းသာသုခ၊ ရှိကြကုန်သည်။ (ဟောန္တု) စင်စစ်မသွေ၊ ဖြစ်ကြပါစေကုန်သတည်း။ (ယထိစ္ဆိတာနိစ) မိမိတို့ကောင်းစွာလိုလှ၊တောင်းတကြကုန်သော၊ခနလာဘ၊ပြုလုပ်သမျှတို့သည်လည်း။ (သိဇ္ဈန္တု)ပြီးစီးထမြောက်၊အောင်သိဒ္ဓိပေါက်ကြပါစေကုန်သတည်း။ (တေ)ထိုမင်းများ ပြည်သူ၊ ရဟန်းရှင်လူ။အဆူဆူတို့သည်။(သာသနံ)ဗုဒ္ဓမြတ်စွာ၊ ဆုံးမရာသည့်၊ သာသနာတော်မြတ်ကြီးကို။ (ပဂ္ဂဏှန္တု) နေ့,လ ၂-ပါးကဲ့သို့၊ တနေ့တခြား၊ မှန် ကြီးပွါးအောင်။ ရွက်ဆောင် ချီးမြှောက်ကာ ထောက်ပံ့ အားပေးလျက်၊အလေးတမူ၊အရေးယူနိုင်ကြပါစေကုန်သတည်း ။

(၈) (စန္ဒိမာဝစ) ချမ်းဧးကြည်မြ၊ စန်းငွေလသည်ပင်း။ (သူရိယောစ) ပြာဘက်ရာ၊ နေစကြာသည်ပင်း။ (တဟိ°,တဟိ°)။ ကမ္ဘာလောကခတ်။ ထိုထိုအရပ်၌။ (ဓောဘာယန္တိ ယထာ)။ ရိုက်မှောင်ပယ်ခွင်း။ ရောင်ပုံကျင်းကာ။ ထွန်းလင်းတောက်ပကုန်သကဲ့သို့။ (တထာ)ထို့အတူ။(အယံဂန္ထော) ဤဘာဝနာ နည်းပြကျမ်းသည်။ (ဓောတေတု)။ သာသနာရောင်။ ဂုဏ်ပေါင်းဆောင်လျက်။ ငါးတောင်တိုင်ချဉ်း၊ ညစ်မျိုးကင်း၍၊ ထွန်းလင်း တောက်ပပါစေသတည်း။ (သာသနံ)ပရိယတ်,ပဋိပတ်,ပဋိဝေ။သုံးထွေသာသနာ၊စက်အာဏာသည်။ (ဝဍ္ဎတု) တနေ့တခြား၊ ဒိရေလသားသို့။ တိုးပွါးစည်ပင်ပါစေသတည်း။ ။

## (အထူးသတိပေးချက်)။

(က) သစ္စာသစ္စံ ဝိဝိန္တေယျ၊ သစ္စံ ဂယှေယျ ပဏ္ဍိတော။
အသစ္စံ စေ နဂယှေယျ၊မာနဒေါသံ နစာဘဝေ။ ။

(က) (ပဏ္ဍိတော)ရှေးနောက်ကြောင်းကျိုးထောက်မြှော်ကိုးသည့် အကျိုးမြင်သိ ပညာရှိသည်။ (သစ္စာသစ္စံ) ဟုတ်မဟုတ် မှန်မမှန်ကို။ (ဝိဝိန္တေယျ) သုခဒိန် ဉာဏ်ဝမှာ နှိုင်းချိန်ဆကာ အထူးသဖြင့် ကြံကြ ရာ၏။(စေသစ္စံ) အကယ်၍ကား ဟုတ်မှန်ငြားအံ့။(ဂယှေယျ) မှတ်ယူ ကျင့်သုံးရာ၏။ (စေအသစ္စံ) အကယ်၍ကား မဟုတ် မမှန်ငြားအံ့။ (န ဂယှေသျ) စွန့်ပစ်ပယ်ခွါ မမှတ်မယူသင့်ပေရာ။ (မာနဒေါသံ) တက် ကြွထောင်လွှား မာန်ဒေါ်ပွါးမှုများကို။ (နစာဘဝေ)အကွက် မကျ၍ မ တက်မကြွဘဲ မထွက်မပြ မဖြစ်သင့်ကြပေရာသတည်း။ ။

(ခ) ဂုဏီ ဂုဏီ နနိန္ဒာယ၊ပသံသာယ ဂုဏီ ဂုဏီ။
နိန္ဒံ နိန္ဒံ နကုပ္ပေယျ၊နသာဒိယေ ထုတိံ ထုတိံ။ ။

(ဂ) (ဂုဏီဂုဏီ) သီလ, သမာဓိ။ ပညာကစ၊ ဂုဏ်သိမ်တွေရှိနေ သောသူသည်။(နိန္ဒာယ) သူတပါးတို့ စော်ကားရန်စ ရှုံ့ချစကားတင်း ကဲ့ရဲ့ပြစ်တင်ခြင်းကြောင့် (အဂုဏီ) ဒူးရင်းသီးကို ပဒိုင်းသီးဆိုလည်း ဆိုတိုင်းမဖြစ် ဒူးရင်းသီးသာဖြစ်သကဲ့သို့ သီလ,သမာဓိ ဉာဏ်ဂုဏ်မ ရှိသည်။(နဟောတိ) မဖြစ်နိုင်ပေ။ (တသ္မာ) ထို့ကြောင့်။(အနိန္ဒံ) ရှုံ့ချ စောင်းမဲ့ စကားဝိုင်းဖွဲ့ကာ ကဲ့ရဲ့ခြင်း၌ မထိုက်ပါဘဲလျက်။(နိန္ဒံ) ကဲ့ရဲ့ ပိုရိ စကားတင်းဆိုသောသူများကို။(နကုပ္ပေယျ)ဒေါသအမျက်ခြောင်း ခြောင်းထွက်လျက် ရန်ဘက်ရန်ညိုး ဘေးများတိုးဘို့ စိတ်ဆိုးခြင်း အ မှုကို မပြုကြပေရာ။ (အဂုဏီ) သီလ,သမာဓိ,ပညာကစ, ဂုဏ်သိမ်တွေ ဘာတခုမျှမရမရှိသောသူသည်။(ပသံသာယ)ချီးမွမ်းထောမနာ သော သောညာလျှက် ပိုင်းဝန်းကာ ဩဘာပေးကြခြင်းကြောင့်။(ဂုဏီ)ပဒိုင်း သီးကို ဒူးရင်းသီးဟု ပြောဆိုပါသော်လည်း ပြောဆိုသည့် အတိုင်း ဒူး ရင်းသီးမဖြစ် ပဒိုင်းသီးသာ ဖြစ်သကဲ့သို့ သီလ, သမာဓိ, အသိပညာ ဂုဏ်ရှိလာသည်။(နဟောတိ) မဖြစ်နိုင်ပေ။(တသ္မာ) ထို့ကြောင့်။ (အ ထုတိံ) ချီးမွမ်းဘို့ရာ ဂုဏ်မရှိပါဘဲလျက်။ (ထုတိံ) ပိုင်းဝန်းထောမနာ

သောသော ညာလျက် သြဘာပေခြင်း ချီးမွမ်းခြင်းကို၊ (နသ ဒါဒိယေ) စိတ်မာန် အထက် မြင့်ကြွတက်၍ နှစ်သက်သာယာ မရှိကြပေရာ သတည်း။ ။(အမြဲသတိပြုပါ)။ ။

## ကျမ်းပြီးနိဂုံးကဗျာ။

(က) ဤကျမ်းရေးလစ်၊ သက္ကရာဇ်၊ပြီးနှစ်,လ,နေ့ခေါ်။ ။
(ခ) တစ်,သုံး,သုည်၇၊ ဝါဆိုလ၊ပြည့်ထကျော်းနေ့ခေါ်။ ။
(ဂ) ခမ်းသိမ်းသတ္တဝါ၊ဝေနေယျာ၊ချမ်းသာအောင်စေသောင်။ ။

## အလှူးမေတ္တာပတ္တနာကျေးဇူးဆပ်ကဗျာ။

(၁) ဦးဣန္ဒာသက္ကာ၊ဘွဲ့မည်ရ၊ ရေးပြထုတ်၄ဝေ။ ။
(၂) ဘာဝနာနည်းပြ၊ကျမ်းသာရ၊ကျဉ်းမှုရေးပြီးဝေ။ ။
(၃) ဆရာ,မိ,ဘ၊တပည့်စ၊အမျှချားဝေနေ။ ။
(၄) ကျေးဇူးရှင်မြတ်၊ ကျေးဇူးဆပ်၊ ထူးမြတ်ဘိုးနဲ့ဧ။ ။
(၅) ဤကျမ်းလာတိုင်း၊ မဆုပ်ဆိုင်း၊ဟုတ်တိုင်းကျင့်ကြစေ။ ။
(၆) ကျန်းမာ,ချမ်းသာ၊ မဂ်လာ၊တေဇာ ပြိုးကြစေ။ ။

## ကျမ်းဆရာ၏ ဘွားသက္ကရာဇ်ကဗျာ။

(က) တစ်,နှစ်,ခြောက်,နှစ်၊ သက္ကရာဇ်၊ ဘွားလစ်ကျမ်းဆရာ။ ။
(ခ) ပြာသိုဆန်းတက်၊ဆဲ့တရက်၊နေတက်ဂဠုန်မှာ။ ။
(ဂ) ဆဲ့ရှစ်ဝါရ၊ဤကျမ်းလှ၊ရေးပြအောင်ပြီးသာ။ ။

ဤတွင်၍ ဘာဝနာနယပကာသနီ ခေါ်ဘာဝနာနည်းပြကျမ်း
အပြီးအဆုံး နိဂုံးအုပ်ခြင်းသို့ရောက်လတ်ပြီ။

ဘာသာနှင့်ယဉ်ကျေးမှုအတွက် ထည့်ဝင်
လှူဒါန်းကြသော

# သာသနဟိတ ဓမ္မဒါနကုသိုလ်ရှင်များ။

ရန်ကုန်မြို့။

ကုသိုလ်ရှင်အမည်။ အုပ်ရေ။

အရေးပိုင်မင်း–ဦးထွန်းရ။ လယ်ဝန်–ဦးစံရွှေ။ တရားမ အရေးပိုင်–ဦးချစ်ဆွေ။ ဗဟိုအင်္ဂလိပ်ဝန်ထမ်းအဖွဲ့-ရာဇဝတ်ဝန်ကြီး ဦးဘ။ အရေးပိုင်–ဦးဘိုးစိန်။ ဆရာဝန်-ဦးဘိုးဖေ။ဝန်ထောက်-ဦးစိုးဆိုင်။ ဝန်ထောက်–ဦးအောင်လှ။ ဝန်ထောက်–ဦးဘတင်။ ရာဇဝတ် ဝန်ထောက်– ဦးထွန်းစိန်။ သစ်တော ဝန်ထောက်–ဦးရွှေဘော်။ရာဇဝတ်ဝန်ထောက်ဦးသင်A. T. M.။သမဝါယမဝန်ကြီး– ဦးဘိုးထင်။ ဝန်ထောက်– ဦးရွှေစီ။ အင်စပက်တော်–ဦးရွှေရေး။စာရေးကြီး–ဦးသောင်းဖေ။ ယစ်မျိုးဝန်– ဦးဘိုးယုံ။ တိရစ္ဆာန်ကု ဌာန ဝန်ထောက် – ဦးကြီးဖေ။ ပုလိပ် အရာရှိ–ဦးလွန်းဖြေ။ ပညာဝန်ထောက်–ဦးဘိုးစိုး။ ယစ်မျိုးအင်စပက်တော်–ဦးဘိုးလှ။ ဦးဘိုးဟန်။ အင်စပက်တော်–ဦးဟန်။ ဦးသိန်းမောင်။ဦးဘိုးသောင်း။ပညာဝန်-ဦးဖော်ဖေC. I. E.။ ဆရာဝန်–ဦးဘိုးတုတ်။ရာဇဝတ်ဝန်ထောက်–ဦးပေါ်ရှိန်။အင်စပက်တော်–ဦးဘ .... .... .... ၁၀

ဘုံဘေဘားမား သစ်ကုမ္ပဏီ ရုံးကြီး
ကောင်းမှုရှင် စာရေးကြီးများ။

ဦးအောင်သိန်း။ ဦးခုန်းခင်။ဦးခံနီ။ ဦးဘသိန်း။ ဦးအတင်။ ဦးစိုးမောင်။ ဦးဥာဏ်ဝင်း။ ဦးငွေကိုင်။ ဦးမြမောင် B. Sc.

ကုသိုလ်ရှင်အမည် — ခုပ်ရေ။

ဦးထွန်းရင်။ဦးပိန်သွင်။ဦးတင်ပေ။ဦးခင်မောင်လတ်။စောအင်ဗူး။ ဦးအငွန်။ဦးကင်တော်။ ဦးအောင်မြင်။ ဦးဘိုးဒေါင်း။ ဦးဘတင်ညွန့်။ ဦးကိုကိုကြီး။ဦးလှမောင်။ ဦးဘသန်း။ဦးဝဏ္ဏ။ .... ၄၅

ဦးစံဘေ- မြေပိုင်ရှင်-၁၀။ ဦးရွှေချို-၁။ ဦးဘထွန်း-၁။ ဦးကျော်ခင်-၁။ .... .... .... ၁၃

ဓညဝတီ-ဦးသာဇေး။ .... .... .... ၂၅

သုဓမ္မဝတီ စာပုံနှိပ်တိုက် ပါဠိဆရာ- ဆရာဥာဏ်။ ပဌမကျော်-ဦးကြီးပေ။ ဆရာ-ဦးတင်ဦး။ စာရေးကြီး-ဦးပန်းမောင်။ ကြည့်မြင်တိုင် အငြိမ်းစား စာရေးကြီး - ဦးစံဘ-ဒေါ်ဖွားမြ။ စာရေးကြီးဦးစိုးမောင်။ဦးသိမ်းမောင်။ဒေါ်ဒေါ်နု၊ဦးကောင်းပေ။ ဦးဘဒိုင်။ဦးလှထွန်း .... .... .... ၁၄

ရန်ကုန်မြို့-အကျိုးတော်ဆောင်-ဘုံဘေဘားမား သစ်ကုမ္ပဏီ-ရုံးကြီးစာရေး-ဦးအောင်သူ။ .... .... .... ၄၀၀

## ဖြတ်မြို့တလိုင်းခုရပ်။

ခေတ်မီးစက်နှင့် သတ္တုတွင်းပိုင်ရှင်-ကုန်သည်ကြီး-ဦးယော်-ဒေါ်ဆေိုင် .... .... .... ၂၀

ကုန်သည် ဦးဘန်ချမ်-၅။ ဦးစစ်ဂေ-ဒေါ်ကြို-၅။ .... ၁၀

ကျောင်းဆရာ-ဦးရွှေဟုန်-၅။ ကျောင်းဆရာ-ဦးသာဦးခင်-၃။ စက်ဆရာ-ဦးဘခွေး-၃။ .... .... .... ၁၁

ကုန်သည်ဒေါ်မြိုင်-ဒေါ်ခင်ထား-ဒေါ်ဇေ .... .... ၆

ကုန်သည် ဒေါ်သေင်-ဒေါ်ရှင်းကွာ-ဒေါ်သန်းရီ-ဒေါ်မြရီ .... ၆

## ဖြတ်မြို့ ဆိပ်ငယ်ရပ်။

ကုန်သည် ဒေါ်စိန်မြူးနှင့်-ညီမများ .... .... ၁၀

အမိန့်တော်ရ-တန်ဇကြင်-ဒေါ်ငွေဇင်-၅။စာရေးကြီးဦးကြီဝမ်-ဒေါ်သင်းဆွေ-၅။ .... .... .... ၁၀

| ကုသိုလ်ရှင်အမည် | အုပ်ရေ။ |
|---|---|
| စာရေးကြီး ဦးအံနီ-ဒေါ်ရှု-၅။ စာရေးကြီး-ဦးဘွန်တစ်-၅။ | ၁၀ |
| စာရေးကြီး ဦးရှိန်စွမ်-၄။ ကုန်သည်-ဒေါ်ကြင်မြ-၃။ .... | ၇ |
| ကုန်သည် ဦးရွှေဝက်-ဒေါ်အောင်ညွှန်း။ ဦးရွှေ-ဒေါ်ငွေနု။ ဒေါ်ငွေသင် .... .... .... | ၆ |
| ကုန်သည် ဒေါ်ကြင်လှိုင်-ဒေါ်ညာမေ-ဒေါ်ဖွားမေ .... | ၆ |
| ကုန်သည် ဒေါ်ခင်ဆွေ-ဒေါ်လှရီ။ဦးထွေ-ဒေါ်ကြင်မြိုင် .... | ၆ |
| ကုန်သည်ဦးဟုန်ရှိန်-၃။ဒေါ်ညွှန်းမယ်။ဒေါ်တင်ကြီး။ဦးဘိုးတိုင်။ ဦးကြာရွှေ။ဦးရန်ကား .... .... .... | ၈ |
| ကုန်သည် ဒေါ်အင်ကွိုင်-ဒေါ်ကြာထူး-ဖွားမင်းသိုင်း-ဒေါ်ဗိန်စိ-ဒေါ်ကြင်ရွှေ .... .... .... | ၅ |

## မြိတ်မြို့-ကန်ကြီးကွက်သစ်။

| | |
|---|---|
| ဆေးဆရာကြီး ဦးစိန်တိုင်-ဒေါ်ရှင်-၃။ သီလရှင်-ဖွားဇေသီ-ဒေါ်ကုမ္ဘာရီ-၄။ .... .... .... | ၇ |
| သီလရှင် ဖွားပုဏ္ဏမိ-ဒေါ်သုခ-ဒေါ်မာလာရီ။ .... .... | ၃ |
| ရွာသူကြီး ဦးသာပျော။အပ်ချုပ်-ဦးဘသင်။ဦးအောင်ဖူး .... | ၃ |

## မြိတ်မြို့-ထားဝယ်စုရပ်။

| | |
|---|---|
| ဘာနုရာဇာဆေးဆိုင်ရှင်-ဦးပါရှား .... .... | ၂၀ |
| ခတ်မီးစက် စာရေးကြီး ဦးရေ်ထျမ်ဟွပ်-၁၀။ ကုန်သည် ဦးမဲငယ်-ဒေါ်ပုလုံး-၁၀။ .... .... .... | ၂၀ |
| စာရေးကြီး ဦးရှင်ဟို-၆။ဘိလစ်ကြီးဦးသာယွန်း-ဒေါ်သာမြ-၅ | ၁၁ |
| ဆရာဝန် ဦးစံရို-ဒေါ်ပြော-၅။ တိုင်းရင်းသားကျောင်း ဆရာကြီး ဦးခင်-၅။ .... .... .... | ၁၀ |
| ကုန်သည်ကြီး-ဦးချစ်ဆွေ-ညီမပျား-ဒေါ်ကြည်မေ။ ဒေါ်ဇိန်။ ဒေါ်သိး။ .... .... .... | ၂၀ |
| ကုန်သည်ကြီး-ဦးမြတ်ထွား-ဒေါ်မြင်။အောင်ရာ-ဒေါ်ဆန်း။ သွီး-ဒေါ်ကြင်မကြီး။ ဦးစိန်လင်။ .... .... | ၂၀ |

# မြိတ်မြို့ထားဝယ်ရပ်အဆက်။


ကုသိုလ်ရှင်အမည် — အုပ်ရေ။

စက်ဆရာ - ဦးစောလှိုင်။ ဆင်ဂါး ကိုယ်စလည်- ဦးကြွင်လှိုင်-ဒေါ်တင်။ .... .... .... ၁၀

စာရေးကြီး ဦးသာကြွင်လှိုင်-ဒေါ်ထိုး-၅။ကိုယ်စလည်-ဦးဘိုနီ-ဒေါ်အင်ကြီ-၄။ .... .... .... ၉

ကုန်သည်-ဦးပိုးဥ။တန်စင်းကြှပ်-ဒေါ်ဖြေ။ ဦးဘိုးသွင်-ဒေါ်ကြီး ရင်။ဒေါ်အိပ္ပာ။ဒေါ်နီ။ .... .... .... ၁၀

ကုန်သည်တန်အစ်ဘီး-ဒေါ်ငွေသိန်း။ဦးအင်ကြီ။ဦးလွှာ-ဒေါ်စိစိ ၁၂

ကုန်သည်ဒေါ်ရွှေထူး။ဦးအင်ရွှေ-ဒေါ်ကြွင်လှိုင်။ ကျောင်းဆရာ ဦးရွှေမြ။ .... .... .... ၉

ကုန်သည်-ဦးကြည်ဟို-ဒေါ်မြခင် .... .... .... ၅

စက်ဆရာ-ဦးဆင်လှိုင်။ ပန်းတိမ် ဦးအှူးပေ- ဒေါ် ရှုကြည်။ ကွန်တရစ်ကြီး-ဦးကြောမြိုင်။ .... .... .... ၆

ကုန်သည်-ဖွားစိန်ပွင့်။ဒေါ်ကြီအင်။ ဒေါ်ယှူခင်။ ဦးစိန်ချုံ-ဒေါ်ပုတ်။ဦးလှိုင်ဟွပ်-ဒေါ်ရင်မေ .... .... ၅

ကုန်သည်ဖွါးနီ။ဒေါ်ချို။ ဦးရွှေရင်။ဒေါ် ကြည်။နာရီပြင်ဆရာ-ဦးရန်လုံ .... .... .... ၅

စာရေး-ဦးဘဆိုင်။ ဦးဘင်လှိုင်။ ရှေ့နေဦးဘိုးသိန်း။ ဆရာ-ဦးဘခင်။ဆရာ-ဦးလှတင် .... .... .... ၅


## မြိတ်မြို့-သန်ဖိုရပ်။


ဆေးဆရာကြီး ဦးလှခင်-ဒေါ်သေင်-၂။ပိသုကာဦးနေကြည်-ဒေါ်ကြွာရိန်း။ ရာဇဝတ်အုပ်- ဦးရင်ဖုံ။ သဃ်ာတော်-ဦးဝိမလ .... .... .... ၆


## မြိတ်မြို့-မြို့မရပ်။


အငြိမ်းစား စာသင်ဆရာ-ဦးစံလှိုင်-ဒေါ်ဖေမုံး .... .... ၄၅

ဆေးဆရာ ဦးဥာဏ်သိန်း။ကုန်သည်-ဦးဘဆိုင် .... ၆

ကုသိုလ်ရှင်အမည် — အုပ်ရေ။

အခွန်စာရေး ဦးရေချမ်း။ကိုယ်စားလည် ဦးကျော်ထွန်း။ လက်ထောက်ရေဝန် ဦးမြဖိန် .... .... .... ၁၅
မြူနီစီပါယ် စာရေး ဦးဘိုးချစ်။ ဒေါ်စိန်မြအင်။ ကုန်သည်-ဦးစိန်ပြို။ဦးကျော်ငွေ .... .... .... ၉

## မြိတ်မြို့-အလယ်ကျွန်းရပ်။

ခဲတွင်း ကုမ္ပဏီ-ကိုယ်စားလည်-ဦးဘသိန်း-ဒေါ်ရွှေနု .... ၁၅
စာတိုက်စာရေးကြီး-ဦးစံရွှေ-ဒေါ်ငွေသင် .... .... ၁၀
အငြိမ်းစား ရာဇဝတ်အုပ်ဦးဘိုးသိ-ဒေါ်မြမေ။ လွှထောင်ဦးအုံ-ဒေါ်ငွေလုံး .... .... .... ၁၀
အငြိမ်းစား ရာဇဝတ်အုပ် ဦးထွန်းလှလင်း-ဒေါ်ခေင် .... ၆
ကုန်သည်-ဒေါ်တင်မယ်။ဦးမဲပို။ယစ်မျိုး-ဦးထင်ရွှေ။ဆေးရုံ-ဦးအောင်ကျော်ဒင် .... .... .... ၁၂
မြူနီစီပါယ်ရုံးစာရေးကြီး-ဦးဘိုးချို .... .... .... ၄
ကုန်သည်-ဒေါ်မြသိ။ ဦးအောင်မြစ်။ ဆရာ-ဦးပိုးမြင့်။လူကြီး-ဦးဘိုးသွင်-ဒေါ်စိန်မြ .... .... .... ၈
ဆေးဆရာကြီး-ဦးဘိုးမြင်။ဈေးခေါင်း-ဦးဘိုးအောင်။လွှတောင်ဦးဘညွန့်။ဆရာဝန်အမေ-ဒေါ်လုံး .... .... ၄
ကုန်သည်-ဦးညွန့်။ ဦးထူးအုန်။ဦးအောင်မျိုးသွင်။ဒေါ်ခင်ညွန့်။ဆရာမ-ဒေါ်မေတင် .... .... .... ၅
မြေတိုင်း-ဦးသိန်းတင်။ ဘီလစ်ရုံး-ဦးငွေဖေ။ အမှုတွဲ ထိန်း-ဦးကြွင်မြင် .... .... .... ၃
အမိန့်တော်ရ -ဦးဘထွန်း။ အပ်ချုပ်-ဦးဘိုးမြိုင်။ ပွဲနင်းကြီး-ဦးထင် .... .... .... ၃
ဗိသုကာကြီး-ဦးဘချွေး-ဒေါ်သင်းကြူ .... .... ၂

## မြိတ်မြို့-ဈေးတန်းရပ်။

အမိန့်တော်ရ-ဦးထွန်းတင်-ဒေါ်ချစ်မြ .... .... ၁၀
ဆရာဝန်-ဦးဘိုးသာ-ဒေါ်ခင်ရီ .... .... .... ၁၀

## မြိတ်မြို့ဈေးတန်းရပ်အဆက်။

ကုသိုလ်ရှင်အမည် ဒုပ်ရေ။

ကုမ္ပဏီစာရေးကြီး-ဦးကြီးဖေ-ဒေါ်မြေင်- .... .... ၇
ကုန်သည်-ဒေါ်မြဆင်၊ဒေါ်ခွာ-၅။ ကုန်သည် ဦးလှပေါ်-၅။
စာရေးကြီး-ဦးပျံအုန်-၅ .... .... .... ၁၅
ကုန်သည်ဒေါ်ရှုးရှု။ ဆရာ-ဦးဘတင်။ ဦးဖေမောင်။ ခဲရုံးစာရေး
ကြီး-ဦးကြွင်၈ .... .... .... ၁၂
မြေအင်စပက်တော်-ဦးထုံးလှိုင် – ဒေါ်တင်။ စာရေးကြီး-ဦးဖေ
သော်-ဒေါ်ချူးမေ။ဒေါ်ငွေရင် .... .... .... ၆
ကုန်သည်-ဦးဘချစ်။ဒေါ်သန်း။ဒေါ်ငွေခိုင်။ ဒေါ်ချစ်လုံး။တန်ငွမ်
ရှိန်-ဒေါ်ကိုင်း .... .... .... ၅
ဆရာကြီး-ဦးဘိုးသန့်၊ ပန်းတိန်ဆရာ-ဦးသောင်း။ ရွှေနေ စာ
ရေးကြီး-ဦးညိုခင် .... .... .... ၃

## မြိတ်မြို့-နေခက်လယ်ရပ်။

ပန်းတိမ်ဆရာကြီး-ဦးပျံသိန်းမောင်-ဒေါ်ထွန်းခင် .... ၁၀
အမိန့်တော်ရရှေ့နေ-ဦးဘိုးစိန် .... .... .... ၅
ဆရာဝန်-ဦးလူကလေး။လွှတောင်-ဦးရွှေသင်-ဒေါ်ရွှေဖူး။ ပွဲစား
ကြီး-ဒေါ်စိန်သွေး .... .... .... ၆
ကုန်သည်-ဦးကောင်ဟွပ်- ဒေါ်ညို။ အပ်ချုပ် ဆရာကြီး-ဦး
ကြီးညို .... .... .... ၄
ကုန်သည်-ဦးလူထွန်း။ ဒေါ်မြသွေး။ ဗိသုကာ-ဦးရ။ စာရေး
ကြီး-ဦးသန်ကြူး .... .... .... ၄
မြေတိုင်း-ဦးစိန်ပွါး။ပန်းဘဲ-ဦးအောင်ထူး။မဲတောသူကြီးဦးစံရွှေ ၃

## မြိတ်မြို့-ကန်ဖျားရပ်။

ဘီအိုင် ကုမ္ပဏီ-ကုန်ဘက်ဆိုင်ရာ စာရေးကြီး-ဦးဘွန်စိန်.... ၇
ကုန်သည် ဦးရွှေသင်-ဒေါ်ကျိပ်-၅။ မြူနီစီပါယ် စာရေးကြီး-
ဦးဘချစ်-၄ .... .... .... ၉
ကုန်သည်ဦးသာလှိုင်။ဦး သန်လုံ။ဦးမြူး။ ဦးပု။ဦးရှင်ကြီး။ဦးစိန်ဖေ။
ဒေါ်အုန်းမေ .... .... .... ၇

ကုသိုလ်ရှင်အမည် ... ခုဝ်ရေ။

## မြိတ်မြို့-မြစ်ငယ်ရပ်။


ကော်ပတ်ပွဲစားကြီး-ဦးကြွင်းသိုင် .... .... .... ၃
ပန်းရံဆရာကြီး-ဦးရိုး။ဈေးခေါင်း-ဦးဘသစ်။ဦးဘူး .... ၆
ကုန်သည်-ဦးဟိန်ရှိ။ဦးဘန်း။ဖွါးပု။ဒေါ်ဖေ။ဦးတိုးသိန်း .... ၅
စာရေးကြီး-ဦးဖေမောင်။လယ်ဝန်ရုံး-ဦးဘဦး။ဆရာဦးတိုးကြီ ၃


## မြိတ်မြို့-ဒီခကြိတ်။


ဘုတ်ပြင်းမြို့ ကုန်သည်- ဦးငွမ်ရွှေ-၅။ ကျောင်း ဆရာကြီး-
ဦးတိုးစိန်-၁ .... .... .... ၆
ပုလောမြို့ ကုန်သည်-ဒေါ်ကြွင်မြိုင် ... .... ၃
တနင်္သာရီမြို့ မြေစာရင်းအင်စပက်တော်-ဦးတိုးလွန် .... ၁
စန္ဒဝပ်ရွာ-အရပ်လူကြီး-ဦးဖေရင်-ဒေါ်ရင် .... .... ၂
ဂဟာန်းရွာ လယ်သူကြီး-ဦးသိန်းအုန် .... .... ၁
အောက်ရေပုန်းရပ် ဥယျာဉ်ဈေးသည်-ဒေါ်ရှုတင် .... ၁


## သဲတောမြို့။


ဦးတိုးမောင်-ကုန်သည်-၁၀။ ဦးစံရ-ကုန်သည်-၅။ ဦးရွှေမြန်
ကုန်သည်-၃။ဦးပြန့်-ကုန်သည်-၂။ .... .... ၂၀


## မိုးကုတ်မြို့-မြို့မရပ်။


အစ်မဒေါ်သင် - ကျောင်း တကာ - ကျောက် ကုန်သည်ကြီး-
ဦးလှိုင်-ဒေါ်ရှင်-သား-ဦးထွန်းဦး။ဦးအုန်းဖေ။ သမီး-ဒေါ်အုန်းရင်။
ဒေါ်အုန်းတင်။ မြေး-သန်းသန်း။ သိန်းသိန်း။ မမ။ မောင်
သက်တင်။မောင်စိန်ဝင်း .... .... .... ၁၅၀
ကျောက်ကုန်သည်ကြီး ဦးကျော။သား-ဦးဘဖေ။ဦးဘသိန်း။သမီး-
ဒေါ်သိန်းညွန့်။ ဒေါ်စောရင်။ ဒေါ်ငွေစိန်။ ဒေါ်မြသိန်း။
ဒေါ်ညွန့်မိန် .... .... .... ၅၀

## (၈) မိုးကုတ်မြို့ မြို့မရပ်အဆက်။

ကုသိုလ်ရှင်အမည် ... ခုပ်ရေ။

သိမ်တကာ - ကျောက်ကုန်သည်ကြီး ဦးကြာညွန့်-ဒေါ်သန်း။
 သား-ဦးဖေမောင်။ဦးမြမောင်။သမီးဒေါ်ခင်မြင့် .... .... ၅၀

ကျောင်း အမ ကျောက်ကုန်သည်- ဒေါ် အုံ။ ဒေါ်ဖုံ။ ဒေါ်လွှ။
ဒေါ်ချင့်။သား-ဦးမြင့်။ဦးကံညွန့်။သမီးဒေါ်စိန်။ဒေါ်ဖေ။ဒေါ်လှရင် ၃၀

ဦးဘိုးသွယ်-ဒေါ်စော။သားသမီးတရ- ၁၀။ ဦးဆင်ကင်-ဒေါ်ဖွား
 သားသမီးတရ-၁၀ .... .... .... ၂၀

ဆရာစော။ ဒေါ်တင့်။ ဒေါ်ပွင့် သားသမီးတရ-၁၀။ သီလရင်-
 ဒေါ်ကြီးလေး-၁၀။ ဒေါ်သွယ်-၁၀ .... .... ၃၀

ဦးကြွယ်-ဒေါ်သိန်းတင် သားသမီးတရ-၅။ဦးကံဆိုင်-ဒေါ်စိန်နု
 သားသမီးတရ-၅ .... ... .... ၁၀

ဦးဘသိ-ဒေါ်စိန်နု-၅။ဦးဘသိန်း-၃။အိုက်ဆီ-၁ .... ၉

ဒေါ်လှိုင်။ဒေါ်သု။ဒေါ်ငွေခင်။ဒေါ်ကျော့ .... .... ၄

**ပိတ်ခွယ်ရွာ**-ဦးဘခင်-ဒေါ်အိမ်-၁၀။ဦးဝါရိန္ဒ-၅ .... ၁၅

**ပန္နရွာ** ကိုနွယ် .... .... .... ၅

### မိုးကုတ်မြို့-ရှမ်းတောရပ်။

ကျောင်းအမ ဒေါ်စော်-သားသမီးတရ .... .... ၅၀

ကျောက်ကုန်သည် သိမ်တကာ ဦးအိ-ဒေါ်ထွေး။ သားဦးဝင်း ၅၀

ကျောက်ကုန်သည်-ဦးမြ-၁၀။ဦးချိန်-ဒေါ်ညွန့်သားသမီးတရ၁၀။ ၂၀

ဦးကန်-ဒေါ်မိ။ သား သမီး တရ-၁၀။ သူဌေးကတော်-ဒေါ်
 စောခင်-၁၀။ .... .... .... ၂၀

ဦးထွန်းလှိုင်-၁၀။မြို့အုပ်မင်းဦးကျော်-ဒေါ်နန်း-သားသမီးတရ-၅ ၁၅

ဦးညွန့်-၅။ ဦးကွယ်-၅။ ဦးတီး-ဒေါ်လှရင်-၃။ ဦးထွား-
ဒေါ်ကြီး-၂ .... .... ၁၅

ဦးပု-၂။ဒေါ်စဲနု-၂။ဆရာထွန်း-၂။ဒေါ်ပွဲ-၂ .... .... ၈

ဆရာဝ-၂။ဦးဆောင်-၂ .... .... .... ၄

သီလရှင် ဒေါ်သုမမွှာ-၂။ ဒေါ်နန်းစာ-၂။ ဦးထွန်း-ဒေါ်ကူ-၂။
 ဦးအုန်းဖေ-၂။ .... .... .... ၈

| ကုသိုလ်ရှင်အမည် | အုပ်ရေ။ |
|---|---|
| ဦးသာ။ဒေါ်ကျေန်။ကျောင်းအမဒေါ်စံ။ ဒေါ်ဦးဆာ။ဒေါ်နှန်းဖိမ်။ ဒေါ်ညွန့်။ ဒေါ်ကြီး။ ဒေါ်မမကြီး။ ဒေါ်မြ။ ဦးမောင်ကြီး။ ဒေါ်နှန်းမှတ် .... .... .... | ၁၁ |
| ဒေါ်သိန်း-၅။ဒေါ်ချိန်။ဒေါ်ပြူ။ ဦးလောချို .... .... | ၈ |

## ရိုးကုတ်မြို့-အရှေ့ရွာ။

| | |
|---|---|
| ဦးပိုး-ဒေါ်မြူသားသမီးတရ-၁၀။ ဖွားသီလဒေါ်ကုမာရီ-၁၀ .... | ၂၀ |
| အစ်မဒေါ်ဝင်း။ ဦးဘသိန်း။ ဒေါ်လှရှင်-၁၀။ ဦးသိး-ဒေါ်ပိန်-၁၀ | ၂၀ |
| ဦးလောဖူးသားသမီးတရ-၁၀။ဒေါ်ခင်။ဒေါ်နှင်း။ဒေါ်သုမနစာရီ-၈ | ၁၈ |
| ဦးချိန်-၅။ ဦးစော-၅။ အစ်မ-ဒေါ်သော်။ဦးဆင့်-၅ .... | ၁၅ |
| ဒေါ်မယ်။ ဦးစံပေ။ ဒေါ်ဆယ်-၅။ ဦးဘ-ဒေါ်ချစ်မေ-၅ .... | ၁၀ |
| ဒေါ်တုပ်-ဦးလေး-၃။ဒေါ်မြှိုင်။ ဒေါ်သုမာလာ-၃။ ဒေါ်မေယ်။ ဦးထူး။ဦးကြူး-၃ .... .... .... | ၉ |
| ဒေါ်သင်။ ဒေါ်သိန်း။ ဒေါ်သန်း-၃။ဒေါ်နီ။ဒေါ်သန့်။ဒေါ်ခန့်ကြီး။ ဒေါ်ဓခင်-၃ .... .... .... | ၆ |
| ဒေါ်ကွယ်။ဒေါ်နှန်းထွန်း-၃။ဒေါ်သိုက်။ဒေါ်ခင်ညွန့်-၃။ ဒေါ်စော ဒေါ်အုန်းကြည်-၃ .... .... .... | ၉ |
| အဖွားမုံး။ ဦးဆောင်။ ဒေါ်နှန်းအုန်-၃။ ဦးစံရော- ဒေါ်မှင်-၃။ ဦးလှမောင်-ဒေါ်ချိန်-၃ .... .... .... | ၉ |
| ဦးပိုးပိုင်။ ဒေါ်တုပ်-၃။ဦးစိန်-၃။ ဦးပိုး-ဒေါ်မြူ။ သမီးသီလရှင် မစန္ဒဝတီ-၃ .... .... .... | ၉ |
| ဦးထိုက်။ဒေါ်စိ-၃။ဦးပွင့်။ဦးအောင်ဘ။ ညီမလေး-၂။ဦးဘော်-ဒေါ်အုံ-၂ .... .... .... | ၇ |
| ဦးရင်မောင်-၂။ ဦးစ-ဒေါ်ဓေ-၂။ ဒေါ်မြူ-ဦးဘရှိန်-၁။ ဦးစိတုပ် ဦးတင်မောင်-၁။ ဒေါ်ပေ်။ ဒေါ်ချစ်မေ-၁။ ဦးစံမြင့်။ ဒေါ်အုန်းခင်-၁။ဦးစန္ဒ-၁။ ဦးပိုးပိုင်-၂။ဦးမြစ်-၃ .... | ၁၄ |

## ရိုးကုတ်မြို့-ဈေးဟောင်းရပ်။

| | |
|---|---|
| ဒေါ်မြေင့်- သားသမီးတရ-၅။ ဦးအင်း-ဒေါ်စောတင်-သားသမီး တရ-၅ .... .... .... | ၁၀ |

## မိုးကုတ်မြို့ဈေးဟောင်းရပ်အဆက်။

ကုသိုလ်ရှင်အမည် .... အုပ်ရေ။

ဒေါ်စက်ညွန့်–သားမောင်ကျော်လှ–၃။ ဦးသာဗျော–ဒေါ်အုံ–၁
  ပန်းတိမ်ဆရာ–ဦးထွန်းမြတ်–၁ .... .... ၅

### မိုးကုတ်မြို့ဒွာပွဲကုန်းရပ်။

ဖွားညွှင်း သားသမီး တရ–၁၁။ ဖွားဥ–၃။ ဦးလှမောင် – ၃။
  ဦးဟတ်–၃ .... .... .... ၂၀
ဦးထွန်းပေါ်-၃။ဦးသာဖံ–၃။ဒေါ်အိုင်-၁။ ဒေါ်လုံ–၁ .... ၈
ဦးဘိုကြီး-၃။ ဦးနွယ်–၂ .... .... .... ၅

### မိုးကုတ်မြို့–ကျော့တောင်ရပ်။

ဦးကျော်-၁၀။ဦးတင်–၃။ဦးလွန်းမောင်–၁ .... .... ၁၄

### မိုးကုတ်မြို့–ဈေးသစ်ရပ်။

ဦးကောင်းသားသမီးတရ–၅။ဦးခန့်–၂။ ဦးဘခင်-၂။ ဦးဘမြှင်-၁ ၁၀
ဦးသိုက်-၁။ ဦးလှမောင်-၃။ဦးသာဒွန်း-၂ .... .... ၆

### မိုးမိတ်မြို့။

အမတ်ကြီး–ဦးကျွန် .... .... .... ၁၀

### မန္တလေးမြို့။

ဒေါ်ဖြိ .... .... .... ၂

### တောင်ကြီးမြို့။

အငြိမ်းစား နယ်ခြား ဝန်ထမ်း– ဝန်ထောက်မင်း ဦးကြီးညို–
  ဒေါ်ဒေါ်မှုန်နှင့် သား သမီးတရ .... .... .... ၁၅
ဆီဆိုင်သထုံမြို့စားမင်း သခင်မကြီးနှင့်သားတော်သမီးတော်များ ၁၅
စာရေးကြီး ဦးထွန်းလှ–ဒေါ်စောမြနှင့်သားသမီးတရ .... ၄၅
အရပ်လူကြီး ဦးရုံ-ဒေါ်ညိုနှင့်သားသမီးတရ .... .... ၂၅
ကံအောက်ရပ် ဦးသာလှ .... .... .... ၃၀
ကံအောက်ရပ် ဦးဘကြည် .... .... .... ၃
ကျောက်ကုန်သည် ဒေါ်ရွှေသားသမီးတရ .... .... ၁၀

ကုသိုလ်ရှင်အမည် ............ အစုဝ်ရေ။

ဆရာဝန် ဦးသိန်းမောင် .... .... .... ၁၅
ဘုရားတကာအုံး–၇။မိုင်းနောင်မယ်တော်စောနန်းမြိန်း-၇ ၁၄
ဒေါ်ဖွားချစ်–ဒေါ်ဖွားနှစ်-၆။ ဆင်ဝင်တကာဆိုင်-၆။ ပန်းတိမ်
ဦးကြာညို-၆ .... .... .... ၁၈
မင်းကတော်ကြီး ဒေါ်ဒေါ်မြ-၅။ ပင်စင်စား ဦးလောပု-
ဒေါ်တင်-၅ .... .... .... ၁၀
ဘိုကြီးကတော်ဒေါ်ရိပ်-၅။သံတော်ဆင့်ကတော်ကြီးနှင့်သို့း-၅ ၁၀
ဆရာတင်ကြီး – ဒေါ်သင်– ၅။ လက် ထောက် ဆရာဝန်-
ဦးဘဝင်း-၅ .... .... .... ၁၀
စာရေးကြီးဦးနီ-ဒေါ်ဘင်ရိသားသို့းတရ-၅။စာရေးကြီးဦးဘရီ
ဒေါ်ကြွေယ်သားသို့းတရ–၅ .... .... .... ၁၀
ပင်စင်စား ဦးချုံနှင့် သားသို့းတရ–၄။ လဲချားဟော်–ဒေါ်ညိုနှင့်
သားသို့းတရ–၄ .... .... .... ၈
ဘုရားတကာထွန်း-ဦးချစ်ဖေနှင့် ဦးစံဘ .... .... ၅
ရွာရှည်ခင်လေး-ဒေါ်ခင်မိ-၃။အမတ်ကြီးကတော် ဒေါ်ရွှေ–၃။
စောခင်ပွါး–၃ .... .... .... ၉
ဘုရားတကာကျော် - ဒေါ်ဝိုက်-၃။ ကျောင်းတကာဆိုင်– ၃။
ဆေးဆရာကြီး ဦးဖြူ–၃ .... .... .... ၉
ဆေးဆရာကြီး ဦးပွါး–၃။ ကုန်သည် ဦးမိန်– ဒေါ်အုပ်– ၃။
ဦးမောင်မောင်-ဒေါ်သိန်းကြည်–၃ .... .... ၉
ဦးပေါ် – ဒေါ်သိန်းမေ - ၃။ ဒေါ်သိ – သား – ဦးဘိုးထွန်းနှင့်
သို့းများ-၃။ဦးမောင်ကြီး–၃ .... .... .... ၉
ဒေါ်ပွင့်–၁။ ဒေါ်မှုန်-၂။ ဦးအဝေငြိမ်း–ဒေါ်မကြီး–၃ .... ၆
သိန်တောင်တိုက် သီလရှင်များ-၃။ သီလညွှန့်။ဦးဖြူ။ ဦးချစ်။
ဒေါ်ပန်း–၃ .... .... .... ၆
ပင်စင်စား တောအုပ်ကြီး ဦးဘိုးမင်း – ၂။ ဝန်ထောက်မင်း
ဦးမံစိ–မင်းကတော်ဒေါ်မြမေ–၂ .... .... ၄
ဟိန်ခမ်းဦးနှင့် ဘုရားတကာသွယ်- ၂။ ဓာရပ်အမ ဒေါ်ငြေ–၂
ရှမ်းစာရေးကြီးဦးဘိုးတင်–၂ .... .... .... ၆

| ကုသိုလ်ရှင်အမည် | အုပ်ရေ။ |
|---|---|
| စာရေးကြီးဦးဘလွန်း ၂။ ဦးပေါကြွယ်-ဒေါ်ခင်ကြည်-၂ .... | ၄ |
| ဦးချစ်တီး–ဒေါ်ခင်လပ်- ၂။ဦးပေါင်ညို- ၂။ပန်းတိမ်–ဦးဘစိန်- ၂။ ဒေါ်နန်းကြာ-၂ .... .... .... | ၈ |
| ဒေါ်ဓင်-ဒေါ်ဇေရင်- ၂။ဟော်ကုန်းဒေါ်ညို- ၂။ရသေ့မဒေါ်ရေး-၂ | ၆ |
| လက်သွားချစ်ကလေး- ၂။ကျောက်ထပ်ဘုန်းကြီးနှင့် ဦးလှ- ၂။ ဒေါ်နန်းခမ်း–၂ .... .... .... | ၆ |
| ဆရာလွယ်- ဒေါ်ငြိမ်း- ၂။ စာရေးကြီးကတော်- ဒေါ်စော–၂ ဦးငွေး–၂ .... .... .... | ၆ |
| ရသေ့မဒေါ်ရေး။သီလရင်-ဒေါ်စာရီ။ဒေါ်ပညာရီ။ဒေါ်ဓမ္မနန္ဒီ | ၂ |
| ဦးနု။ ဆရာတင်။ ဦးစံဝ။ ဦးဘခင်။ လက်သွားချစ်။ ဒေါ်စာ။ ဒေါ်ဓင်။ တိုက်တာကာရီ။ ဒေါ်နု။ သီလဆန်း။ ဦးစံထွန်း။ ဒေါ်ပေါ .... .... .... .... | ၁၂ |
| ဒေါ်ညွှာ။ဒေါ်ဥ။ဒေါ်ဇေရင်။ဒေါ်အုန်းမေ .... .... | ၄ |
| ဒေါ်လေးနု။ဆရာလှ။ ဦထွန်းအောင်။ ဦးဘိုးနု။ဒေါ်ညွန့်။ ဘုရားတကာမြ။ ဦးထိုက်။ ဦးခမ်းလှိုင်။ ဒေါ်ညို။ သခင်စောစိန်။ စောခွန်ပိုက်။ဆရာကွယ်။ ဦးမွေး။ဦးချစ်။ဒေါ်အောင် | ၁၅ |
| ဟော်ကုန်းရပ်-ဦးရှံ .... .... .... | ၂ |
| ဦးဘတင်။ ဦးထွန်းတင်။ ဆရာဦးဘဇေ။ ဦးစံတုတ်။ ဦးဘမြင့်။ ဒေါ်မြဖန်။ဒေါ်ဖူး။ပေါင်ချို။ ဦးညွှာ။ဦးမြိုင်။ ဦးချစ်။ ဒေါ်နန်း။ ဦးဖြေ။ဒေါ်ကြွယ်။ကျောင်းဝိဇ္ဇာ။ဒေါ်ညွန့်။ဦးနန္ဒ .... | ၁၃ |
| ကံအရှေ့ရပ်–စာရေးကြီး ဦးလှတင် .... .... | ၇ |
| လွယ်လုံနယ်။ပင်လောင်းမြို့–သခင်စောဖုန်းနှင့်ဒေါ်ကြွယ် .... | ၁၅ |
| မိုင်းနောင်နယ်။ မိုင်းနောင်စော်ဘွား- ၂၅။ မိုင်းနောင်သခင်မ-ဒေါ်ပိန်ချယ်- ၇။ မိုင်းနောင်အမတ်ကြီး-ဦးဘိုးမျှင်- ၂ .... | ၃၀ |
| လဲခြားနယ်။စော်ဘွားကြီး။မဟာဒေဝီနှင့်သခင်မများ .... | ၂၅ |
| မိုင်းပန်နယ်။ စော်ဘွားကြီးနှင့် မဟာဒေဝီ။ သားတော်–သမီးတော်များ .... .... .... | ၁၅ |
| မိုင်းပွန်နယ်။စော်ဘွားကြီးနှင့်စော်ဘွားသခင်မကြီး .... | ၂၆ |

| ကုသိုလ်ရှင်အမည် | ခုပ်ရေ။ |
|---|---|
| **လှော်ယင်လင်မြို့။** ရသေ့မ-ဒေါ်ဖွား ၄။ ရှမ်းစာရေးကြီး-ဦးရွှေမောင် ၁။ ရှမ်းစာရေး-ဦးပေါနိုင်-ဒေါ်ထယ် ၃ | ၈ |
| **ညောင်ရွှေနယ်။** ဒေါ်ညို့နှင့် သားသမီးတစု ၅။ ညောင်ရွှေမြို့၊ ပိုးကုန်သည်ကြီး-ဦးဘိုးခေါင် ၂ .... .... | ၇ |
| **ပန်ပုန်းနယ်။** မြို့စားမင်း၊သခင်မများ၊ သားတော်-သမီးတော် ၁၂။ အမတ်ကြီး – ဦးထွန်းညို ၅။ အမတ်ကြီး – ဦးစံမြ ၅။ အမတ်ကြီး – ဦးဘခင် ၅။ ကျောင်းပဍ္ဍိ ၁ .... | ၂၈ |
| **သမခန်းနယ်။** မြို့စားမင်း၏ ညီမတော်–သိပ္ပံပညာတော်သင်-စောခင်ဝိန် .... .... .... .... | ၁၀ |
| **အောင်ဘန်းမြို့။** ပဉ္စင်းဘ၊ပွဲစားကြီး-ဦးလှဘော်၊ပွဲကတော်ကြီး နှင့် သားသမီးတစု .... .... .... .... | ၂၅ |
| ကျောင်းတကာ-သွက် နှင့် သားသမီးတစု .... .... | ၇ |
| ပွဲစားကြီးများ၊ ဦးထွန်းမောင် ၆။ ဦးလွယ် ၅။ ဦးချစ်ဟန် ၂ | ၁၃ |
| စာရေးကြီး-ဦးဘရင်နှင့်သားသမီးတစု ၅။ဦးဘိုးကာ-ဒေါ်သန်း (ပွဲစား)နှင့် သားသမီးတစု ၅။ ရာဇဝတ်အုပ်မင်း–ဦးမှုားနှင့် သားသမီးတစု ၅ .... .... .... .... | ၁၅ |
| **မှေးလှမြို့။** ပွေးလှနယ်၊ မြို့စားမင်း–သခင်မကြီးနှင့်သားတော်-သမီးတော်များ .... .... .... .... | ၁၀ |
| အမတ်ကြီး–ဦးသိန်းမောင် ၁။ အမတ်ကြီး–ဦးလွန်းတင် ၁ | ၂ |
| **ပင်းတသနယ်။** ပင်းတယမင်း-သခင်မကြီးနှင့် သားတော်-သမီးတော်များ .... .... .... .... | ၁၂ |
| အမတ်ကြီး–ဦးလှထွန်း ၂။ ဦးထွန်းဘော် ၁ .... | ၃ |
| **လွယ်လင်ဆမ္ဗနိဝိစံနယ်။** လမ်းဘိုကြီး-သခင်စောထွန်းရင်-ဒေါ်ခင်စန်းရီ .... .... .... .... | ၃ |
| **မိတ္ထီသာနယ်။** အမိန့်တော်ရမင်း ဦးအုံးကြိုင်-ဒေါ်သုံသားသမီးတစု | ၅ |

56-41

# အရပ်ရပ်ကုသိုလ်ရှင်များ။

| ကုသိုလ်ရှင်အမည် | အုပ်ရေ။ |
| --- | --- |
| **ကလေးမြို့။** ကျောင်းတကာ-ညဏ်နှင့် သား-မောင်ထွန်းဖေ | ၁၀ |
| ဘိုးလတ်စာရေးကြီး-ဦးဘလွင်-ဒေါ်ဇန်ပွင့် .... .... | ၁၀ |
| ကျောင်းအမ-ဒေါ်ဖွား ၅။ ဆရာကတော်-ဒေါ်တုတ် နှင့် သားသမီးတစု ၅ .... .... .... | ၁၀ |
| အလွန်-မဟင်နု ၅။ ကျောင်းဆရာ-ကိုတင့်-မထားခင် ၃ ... | ၈ |
| ကုန်သည်-ဒေါ်ကောင်း ၃။စာရေးကြီးကတော်-ဒေါ်သုမယ် ၃ | ၆ |
| မောင်သန်း-မစောရင် ၂။ ပဉ္စင်းမယ်တော်-ဒေါ်ညွှာ ၁။ ဒေါ်နှန်း ၁ .... .... .... .... | ၄ |
| အထည်သည်-ဒေါ်အုပ် ၁။ ဒေါ်ဖြေလုံ ၁ .... .... | ၂ |
| ဝန်ထောက်မင်း ရုံးစာရေးကြီး – ဦးကျော်ဇံ – ဒေါ်စာ သားသမီးတစု .... .... ... .... | ၃ |
| သစ်ကုန်သည်ကြီး – ကျောင်းတကာ သံ – ဒေါ်စောခင် သားသမီးတစု .... .... .... .... | ၁၀ |
| ကုန်သည်-ဦးဝေ ၅။ ကုန်သည်-ဦးစိန် ၅ .... .... | ၁၀ |
| **မော်လမြိုင်မြို့။** ပိန်ကုန်သည်–ဦးသာအောင် .... .... | ၂၀ |
| **စစ်ကိုင်းခရိုင်။** ရွာသစ်ကြီးရွာ၊ ဦးညို ၅။ ဖိုးတောရွာ၊ ဒေါ်ဖွားရှိ၊ဦးဘိုးသိန်း၊ဦးဖိုး၊ဦးသောင်းဉာဏ် ၄။လုံးခင်းရွာ၊ ကျောင်းဆရာတော် ၂။ လုံးခင်းရွာ၊ တောင်ကျောင်း ဘုန်းတော်ကြီး ၃ .... .... .... | ၁၄ |
| မင်းကွန်း သီလရှင်များ ၁၆။ ထားဝယ်မြို့၊ အငြိမ်းစားတရားမ ဝန်ထော်-ဦးဖေ ၁။ ရွှေဘောင်မြို့၊ ရွှေပန်းထိမ်-ဦးညီလေး ၁။ ထားဝယ်မြို့၊ သွားစိုက်ဆရာ-ဦးဘညွှာ ၃။ ရွှေတောင်မြို့၊ မြေပိုင်ရှင်–ဒေါ်ဒေါ်ဆိဘ် ၁ .... .... .... | ၂၂ |
| **သထုံခရိုင်။** ရင်းညွန့်မြို့၊ ဆရာမ – ဒေါ်ပန်းရင် ၃။ ဆရာမ-ဒေါ်ငွေနု ၁။ဆရာမ-ဒေါ်နှင်းပင် ၁။ ဆရာဖေ ၁ | ၆ |